
# ဗုဒ္ဓဝါဒ
# ဗုဒ္ဓသာသနာ



ဦးကောင်းထွန်း

အသက်ရှင်နေစဉ်မှာလဲ - ကိုယ်စိတ်ချမ်းသာ၊ သေလွန်တဲ့အခါလဲ - အပါယ်

လူ့ဘဝမှာ အသက်ရှင်နေစဉ်

အသက်ရှင်နေစဉ်မှာလဲ စား ဝတ်နေ ရေးအတွက် ကြိုးပမ်းရတဲ့

| ဗုဒ္ဓဝါဒ |
|---|
| ကောင်းမြတ်စင်ကြယ်သော ဉာဏ်အမြင်၊ ကောင်းမြတ်စင်ကြယ်သော အကြံအစည်၊ ကောင်းမြတ်စင်ကြယ်သော ပြောဆိုမှု၊ ကောင်းမြတ်စင်ကြယ်သော ပြုလုပ်မှု၊ ကောင်းမြတ်စင်ကြယ်သော အသက်မွေးမှု၊ ကောင်းမြတ်စင်ကြယ်သော လုံ့လဝီရိယ၊ ကောင်းမြတ်စင်ကြယ်သော မမေ့မလျော့မှု၊ ကောင်းမြတ်စင်ကြယ်သော စိတ်တည်ကြည်မှု။ |

အသက်ရှင်နေစဉ်မှာလဲ၊ အကိုယ်

သေသွားတဲ့ အခါမှာလဲ၊ မကောင်း

မကျရောက်ရလေအောင်၊ နောက်ဆုံး

( နိဗ္ဗာန် ) သို့ ဆိုက်

ဘယ်လို လုပ်ရမလဲ၊ ဘယ်လို နေရက်

# ဗုဒ္ဓဝါဒ — ဗုဒ္ဓ

## ဦး ကေ

အနန္တ ကျေးဇူး တော်ရှင် ဗုဒ္ဓ မြတ်စွာဘုရား ရဲ့ ဝါဒ လမ်းစဉ် သာသနာ အဆုံးအမနဲ့ ညီညွတ်အောင်နေနိုင်ယင် ဗုဒ္ဓဝါဒ-ဗုဒ္ဓသာသနာတော် အတိုင်း ကျင့်ကြံအားထုတ်သွားယင်၊ အသက်ရှင်နေစဉ်မှာလဲ အကုသိုလ် ကင်းအောင် နေတတ်မယ်၊ သေလွန်သွားတဲ့အခါ အပါယ်လေးပါး ကျရောက်မှာလဲ မကြောက်ရတော့ဘူး။ လောကမှာလဲ စိတ်အေးချမ်းသာ နေနိုင်တယ်၊ ဘဝအဆက်ဆက်မှာလဲ ချမ်းသာသုခ ရနိုင်တယ်။ ယခုဘဝမှာဘဲ သောတာပန် ဖြစ်ချင်ယင် ဖြစ်နိုင်သေးတယ်။

| ‘ မိလိန္ဒအမေး - အဖြေ ’ |
|---|
| ပြုစုခဲ့ သူ - ဦး |
| သုံးအုပ်မြောက် |

ဗုဒ္ဓဝါဒ-ဗုဒ္ဓသာသနာတော်အကြောင်း၊ လောကသဘာဝ-လူ့သဘာဝနှင့်ပ

**မကြောက်ရ၊ နောက်ဆုံး နိဗ္ဗာန် ရောက်ကြောင်း နည်းလမ်းကောင်း။**

နေရတာ လွယ်ပါသလား။

သေသွားတဲ့အခါလဲ အပါယ်ကျမှာ ကြောက်ရသေးတယ်။

( အပြစ် ) ကင်းစင်လေအောင်

တဲ့ နေရာ (အပါယ်လေးပါး)ကို

င်းရဲခပ်သိမ်း ချုပ်ငြိမ်းကင်းပြတ်ရာ

ရောက်ရလေအောင်

ဘယ်လို ကျင့်ကြံအားထုတ်ရမလဲ။

**ဗုဒ္ဓသာသနာ**

မကောင်းမှုကို မပြုခြင်း၊ ကောင်းမှု နှင့် ပြည့်စုံစေခြင်း၊ စိတ်ကို စင်ကြယ်စွာ ထားအပ်ခြင်း။

ဤ သုံးပါးတို့သည် ကား

မြတ်စွာဘုရားရှင် တို့၏
အစဉ်အလာဖြစ်သော အဆုံးအမ
( သာသနာတော် )ပေတည်း။

# သာသနာ ထွန်း

မျက်မှောက် လောကမှာလဲ ချမ်းသာ၊ သံသရာမှာ လဲ ကောင်းမြတ်၊ နောက်ဆုံး ဆင်းရဲကင်းရာ ဘုံ ချမ်းသာ (နိဗ္ဗာန်) ရောက်နိုင်ကြောင်း 'ဗုဒ္ဓဝါဒ-ဗုဒ္ဓသာသနာ'ကို များရာစု ပရိသတ် လွယ်ကူရှင်းလင်းစွာ သိနားလည်နိုင်အောင် ကြောင်း ကျိုး ဆက်စပ်မှုများနှင့် တကွ၊ ယုတ္တိသဘာဝ - ကျနသေချာ ထုတ်ဖော်ဆိုညွှန်းထားသည်။ ဗုဒ္ဓဘာသာတိုင်း သိထိုက်သော အကြောင်းအရာ၊ ဗုဒ္ဓဝါဒ၏ အခြေခံ သဘော၊ ဗုဒ္ဓသာသနာတော်၏ ရင်းမြစ် မူလ၊ စည်ပင်ပြန့်ပွားလာခဲ့ခြင်းသမိုင်းကြောင်း။

ဒ္ဓခေတ်ပြဿနာများ'
ာင်းထွန်းပေါ်
ပမ်းခြင်း။

ပက်၍ ဆိုးကောင်းမှားမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်းသောပညာပေးစာပေမွန်

၁၅၇၃၂

# ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ

ဦးကောင်းထွန်း

စန်းမြင့်ထွန်း - စာပေ

သိန်း -

၁/၃၁

မိလိန္ဒ - အမေး - အဖြေ
ဗုဒ္ဓခေတ် - ပြဿနာများ
ရေးသားပြုစုသူ
ဦးကောင်းထွန်း
၏

# ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ

စာမူကြိုတင်ခွင့်ပြုချက်အမှတ် ၆၁၅၊
၄၅၇ - မျက်နှာဖုံးခွင့်ပြုချက်အမှတ်။

ပထမအကြိမ်၊
၁၃၄၄ - ခု၊ ကဆုန်လဆန်း။
၁၉၈၂ - ခု၊ မေလ၊
အုပ်ရေ - ၂၀၀၀၊
တန်ဖိုး ၂၀/-

မျက်နှာဖုံး - ပန်းချီ - သုခုမ ဦးအုန်းခင် ( ရွှေတံဆိပ် ဂ-ရ )
မျက်နှာဖုံး - ဘလောက် - 'စိုးသိဟ'
မျက်နှာဖုံးရိုက် - 'ဒေါင်း'

- ပုံနှိပ်သူ - ဦးခင်မောင် ( မြ-၀၂၆၁၀ )
ဒေါင်း-စာပုံနှိပ်တိုက်၊ အမှတ် ၁၅၂/ဘီ၊
မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မြို့။
- ထုတ်ဝေသူ - ဦးသန်းရှိန် ( မြ-၀၁၈၇၇ )
မင်းမွန်စာပေတိုက်၊ အမှတ် ၂၃၄ - ဥက္ကာလမ်း
သွယ် ( ၈ )၊ ဂငယ်ရပ်ကွက်၊ မြောက်ဥက္ကလာ။
- ဖြန့်ချိရေး - စန်းမြင့်ထွန်းစာပေ။

စာစီ/စာအုပ် ဖြစ်မြောက်ရေးတာဝန်ခံ
တင်သိန်း ( စာစီဌာန )

ဗုဒ္ဓေါလောကေ သမုပ္ပန္နော
ဟိတာယ သဗ္ဗ ပါဏိနံ။

ဓမ္မောလောကေ သမုပ္ပန္နော
သုခါယ သဗ္ဗ ပါဏိနံ။

သံဃောလောကေ သမုပ္ပန္နော
ပုညာယ သဗ္ဗ ပါဏိနံ။

၂၉၄.၃
ကထ
၁၅၇၃၂

ဤစာဆိုမှ၊ ငါ့ကိုလူများ၊ ကြည်ညိုပွားအံ့
ပျို့ထွားအရွယ်၊ သင့်ရုံငယ်မှ၊ ဆန်းကြွယ်အထူး၊
ဂုဏ်ကျေးဇူးကို၊ ထိမ်မြှုးမနေ့၊ ဖော်ထုတ်ပေမှ၊
ညာကြေလွှမ့်ကြွား၊ ကျော်ထင်ရှားအံ့၊ နှစ်ပါး
ဤသို့၊ မကြုံမျို့တည့်။ ယခုဘဝ၊ ဤကာလ၌၊
သုခစည်းပွား၊ မဖြစ်ငြားလည်း၊ ငါ့အားတီမှာ၊
သံသရာဝယ်၊ ယုတ်ပ၊ အံ့နည်း၊ ကြံသိုင်းတီး၍၊
အရည်းရှင်မူ၊ နှလုံးဖြူ၏။ လူတို့နားတွင်း၊
မိုက်မှလင်းကို၊ ဝင်းဝင်းထွန်းငြီး၊ ဥာဏ်ဆီမီးဖြင့်
မှောင်ကြီးကင်းပျောက်၊ ငါ့စာရောက်က၊ ငါ့
အောက်ပညာ၊ နုသေးစွာသား၊ သမ္ဘာမပြန့်၊
လူအဝှန့်အား၊ စိတ်ပြားပညာ၊ ပွားပါစိမ့်မည်၊
သည်သို့ရည်၍....

ရှင်မဟာရဋ္ဌသာရ
ဘူရိဒတ်ဇာတ်ပေါင်းပျို့ - နိဂုံး။

# ကျေးဇူးရှင်များ

ကလေးအရွယ်ငယ်စဉ်ကတည်းကပင် စာပေနှင့်ဘာသာရေး ယဉ်ကျေးမှု ( ရတနာသုံးပါး - ဂုဏ်ကျေးဇူး )ကိုအလေးအနက် သွန်သင်ညွှန်ပြ - ဆိုဆုံးမခဲ့ပေသော မိခင်ကြီး - ဒေါ်အိမ်ကြွယ် ( ကျုံမငဲ့ ) နှင့် တက္က-အစ်ကိုပင် ဖြစ်လင့်ကစား၊ဖခင်နှင့် မခြား သော စေတနာမေတ္တာဖြင့်၊ စာပေ - လူမှုရေး - ဗဟုသုတ အဖြာ ဖြာကို အစဉ်တစိုက် သင်ကြား အားပေးခဲ့ပေသော အစ်ကိုကြီး ဦးဘခင် ( ကျုံမငဲ့ ) ဆရာခင် ( ဖျာပုံ ) ကိုလည်း ကောင်း၊ စာပေအနုပညာ ( ရေးသားဖန်တီးမှု အတတ်ပညာပိုင်း ) အရာ တွင်၊ အစဦးစွာ - ငယ်ဆရာရင်းဖြစ်ပေသော ဦးနန်းကျော် (ဦးအေးကျော် – ကျုံမငဲ့)တောင် - ဥက္ကာသာကိုလည်းကောင်း၊ ထိုထိုတင်ရှိခဲ့ပေသော ဂုဏ်ကျေးဇူးများအတွက်၊ ဤစာအုပ် ' ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ 'အားဖြင့်၊ အနူးအညွတ် ပျပ်ဝပ် ရှိသေစွာ ရှိခိုးကန်တော့ ( ပူဇော် ) အပ်ပါ၏။ ။

**အထူးကျေးဇူးတင်ပါသည် —**

ဤစာအုပ် ' ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ 'အတွက် ပထမဦးစွာ လက်နှိပ်စက်မူအဖြစ် ကူညီသူ - ဦးချစ်လွင်၊ သို့အပ်သော အကိုး အထောက်စာအုပ်များ ရှာဖွေကူညီပေးသူ – သခင်ပန်းမြိုင် ( မော်ကွန်းဝင် – ပထမဆင့်၊ နိုင်ငံဂုဏ်ရည် – ဒုတိယဆင့် )၊ စာ အုပ်အစအဆုံးပြီးမြောက်သည် အထိကြပ်မတ်စာစီ - ပုံနှိပ်ပေးသူ ဦးတင်သိန်း – တင်သိန်းစာစီဌာနတို့အား၊ ထိုထိုကူညီအားပေးမှု စေတနာမေတ္တာအတွက် အထူးကျေးဇူးတင်ရှိပါသည်။ ။

# ဤစာအုပ် - ပုံနှိပ်မှု

ဤစာအုပ်တွင် အကြောင်းအမျိုးမျိုးအရ စာအမှား မကင်းနိုင် ဖြစ်ခဲ့ရပါသည်။

စာမျက်နှာ ၂၀၂ - 'စာဖတ်သူတို့အား ဆဲ့ခေါ်သော' တွင် ' တဖက်သူတို့အား ဆဲ့ခေါ်သော ' ဟူ၍ လည်းကောင်း၊ စာမျက်နှာ ၂၀၃ - ' ဘုရားက,ပင် - မပညတ်ခဲ့သည့်တိုင်အောင် ' တွင် ဘုရားက,ပင် - ပညတ်ခဲ့သည့်တိုင်အောင် ' ဟူ၍ လည်းကောင်း ဖြစ်နေပါသည်။

စာမျက်နှာ ၂၅၃ - စာကြောင်းရေ ၁၅ - ကြောင်းတွင် ' ယူဆယုံကြည်မှုနှင့် ' ဆိုသည်မှာ စာများ၊ အထက် - အောက် ပြောင်းပြန်ဖြစ်နေပါသည်။ ၎င်းစာပိုဒ်မှာ ' မိမိ၏ ' နောက်တွင် ဆိုသည်၌ ဆက်စပ်ပါရှိရမည် ဖြစ်ပါသည်။

ထိုထိုအမှားမျိုးများကို ယခုစာအုပ်တွင် အပြည့်အစုံ ပြင်ဆင်ပြီး မဖော်ပြနိုင်ခြင်း အတွက် သည်းခံခွင့်လွှတ်ကြစေလို ပါသည်။ ထပ်မံပုံနှိပ်သည့်အခါ အပြည့်အစုံ ပြင်ဆင် ဖော်ပြ ပါမည်။ စာရေးသူထံမေးမြန်းပါက ဝမ်းမြောက်ကျေးဇူး တင်စွာ ပြန်လည်ဖြေကြားရန် ဖြစ်ပါသည်။ ပညာရှင်များက ကူညီဖြေရှင်းပေးကြလျှင်လည်း လှိုက်လှဲဝမ်းသာ ကျေးဇူးတင် ရှိလှပါကြောင်း။ ။

စာဖတ်သူနှင့် ပညာရှင်များအား လေးစားခြင်းဖြင့်

**ထုတ်ဝေသူ။**

## ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အကြောင်းပြ စကား ညွှန်း | |
| ၂ | ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာအညွှန်း | ၂၄ |
| (က) | စာပေနယ်အတွေ့အကြုံ | ၃၆ |
| (ခ) | ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ နှင့် တရားသဘာဝ | ၄၄ |
| (ဂ) | ဗုဒ္ဓဝါဒ - အခြေခံ ( မဂ္ဂင်ရှစ်ပါးအညွှန်း ) | ၆၁ |
| ၃ | [ ၁ ] သမ္မာဒိဋ္ဌိမဂ္ဂင်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ကောင်းမြတ်စွာသော ဉာဏ်အမြင် | ၁၀၀ |
| | [ က ] ဒသဝတ္ထုက သမ္မာဒိဋ္ဌိ ( ဆယ်မျိုးသော အမြင်မှန် ) | ၁၆၀ |
| | [ ခ ] အဘိညာဉ်ဟူသည် | ၁၆၀ |
| | [ ဂ ] စတုသစ္စသမ္မာဒိဋ္ဌိ ( သစ္စာလေးပါး ) | ၂၂၇ |
| ၄ | [ ၂ ] သမ္မာသင်္ကပ္ပ ကောင်းမြတ်စွာသော အကြံအစည် | ၂၃၉ |

# ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅ | [၃] **သမ္မာဝါစာမဂ္ဂင်** | |
| | ကောင်းမြတ်စွာသော ပြောဆိုမှု | ၂၆၆ |
| ၆ | [၄] **သမ္မာကမ္မန္တမဂ္ဂင်** | |
| | ကောင်းမြတ်စွာသော အပြုအမူ | ၂၈၉ |
| ၇ | [၅] **သမ္မာအာဇီဝမဂ္ဂင်** | |
| | ကောင်းမြတ်စွာသော အသက်မွေးမှု | ၃၀၁ |
| ၈ | [၆] **သမ္မာဝါယာမမဂ္ဂင်** | |
| | ကောင်းမြတ်စွာသော လုံ့လဝီရိယအမှု | ၃၁၆ |
| ၉ | [၇] **သမ္မာသတိမဂ္ဂင်** | |
| | ကောင်းမြတ်စွာသောစောင့်ထိန်းမှု | ၃၃၇ |
| ၁၀ | [၈] **သမ္မာသမာဓိမဂ္ဂင်** | |
| | ကောင် မြတ်စွာသောစိတ်တည်ကြည်မှု | ၃၆၆ |
| ၁၁ | ဗုဒ္ဓမြတ်စွာ၏ ဩဝါဒတော်များ | |
| | ပုဗ္ဗေနိဝါသဩဝါဒတော်မှသည်၊ | |
| | အာဝေဏိကဂုဏ်တော် ၁၈ - ပါးအထိ | ၄၀၆ |
| ၁၂ | ဗုဒ္ဓသာသနာတော်အညွန်း | ၄၂၅ |
| | (က) ဗုဒ္ဓသာသနာတော်နှင့် သင်္ဂါယနာ | |
| | (ခ) မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာတော် | ၄၅၅ |
| | (ဂ) ပိဋကတ်တော် မြန်မာပြန်နိဒါန်း | ၄၇၅ |
| ၁၃ | ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ | |
| | နိဂုံးချုပ် နှုတ်ခွန်းဆက် | ၄၇၇ |

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ

### အကြောင်းပြ - စကားညွှန်း

လူ့ဘဝသက်တမ်း ခြောက်ဆယ်ကျော် - ခုနစ်ဆယ်ဆိုသည်မှာ၊ လူမှုကိစ္စများအားဖြင့်သော်၊ ရှည်လျား ကြာမြင့်စွာသော အချိန်ကာလဟု မဆိုသာပေ။

အသက် ငါးနှစ် အရွယ်မှသည်၊ အသက် နှစ်ဆယ့်ငါးနှစ် အတွင်း၌၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာ သင်ကြားဆည်းပူးရခြင်းဖြင့် အချိန်ကုန်သည်။ နှစ်ဆယ့်ငါးနှစ် နောက်ပိုင်း၌၊ အိမ်ထောင့်တာဝန်၊ ဆွေမျိုးသားချင်း၊ ရပ်ရေး - ရွာမှုတာဝန်စသည်ဖြင့်အချိန်ကုန်မှန်းမသိ ကုန်ကာ အသက်ငါးဆယ်ကျော် - ခြောက်ဆယ်တွင်းကာလထည်းသို့ တခဏချင်းဆိုသလို ပင် ချင်းနင်းဝင်ရောက်လာခဲ့သည်။

ထို - အသက်ခြောက်ဆယ်နီးပါး နှစ်ကာလ၊ မိမိဖြတ်သန်းလာခဲ့ရသော ဘဝခရီးမှာလည်း၊ လောကကြောင်း ဆိုရမည့် ( စား ဝတ် နေရေး - ကျန်းမာရေး ) ကြီးပွား ချမ်းသာမှု၌၊ ကျေနပ် အားရ လောက်အောင် ဖြစ်ကောင်းမှ ဖြစ်ခဲ့မည်။ အများအားဖြင့်ကား၊ ဟိုနေ့ဟန်ကျလိမ့်နိုး - သည်နေ့ချမ်းသာလိမ့်နိုး၊ မျှော်ကိုး တောင့်တယင်းဖြင့်သာ၊ တနေ့ထက် တနေ့ အသက်အရွယ်ကြီးရင့် အိုမင်းလာရတတ်ချေသည်။

ကောင်းပြီ....၊ လောကကြောင်းတွင်၊ သို့လျှင် – မရေရာ မကျေနပ်လောက်၍၊ ဓမ္မကြောင်းဆိုရမည့် အယူမှန်-အကျင့်မှန် ကုသိုလ်ကောင်းမှုဘက်၌၊ အလေးအနက် ကျင့်ကြံ အားထုတ်နိုင်ခဲ့ပါသလောဆိုလျှင်လည်း၊ မိမိကိုယ်မိမိတကယ်တမ်းယုံကြည် စိတ်ချရလောက်သော အခြေအနေမျိုး ဟုတ်ကောင်းမှ ဟုတ်ချိမ့်မည်။

နောင် တမလွန်ဘဝ၊ သံသရာခရီးလမ်း အားဖြင့်ကား၊ ကုသိုလ်ကောင်းမှု အယူမှန် - အကျင့်မှန်ဖြင့် မပြည့်စုံ ခဲ့လျှင် နိဗ္ဗာန်ချမ်းသာကြီးဆိုသည်ကို အသာထားဦး၍၊ အပါယ်လေးပါးနှင့် လွတ်ကင်းရန်ကိုပင် စိတ်မချနိုင်။ သို့ - စိတ်မချနိုင်သည့် အတိုင်း၊ ထို - အပါယ်ငရဲဘေးနှင့် တွေ့ကြုံနေဦးမည် ဆိုလျှင်လည်း၊ စုံးစုံးမြုပ်ကာ - မပေါ်လာဆိုသည့်နှယ်ပင်၊ သံသရာ အမိုက်မှောင်ကြီး အတွင်းဝယ်၊ အချိန်ကာလပေါင်းများစွာ၊ အနှစ်မွန်းကြီး - နှစ်မွန်းနေရပေဦးတော့မည်။

အမှန်မှာ၊ အပါယ်ငရဲ၌ ကျရောက် နစ်မွန်း နေရခြင်းသည်လည်း မကောင်း။

တရားသဘာဝကို မသိ၍၊ စား ဝတ် နေရေး မပြည့်စုံ၍၊ လှူဒါန်းပေးကမ်းမှု၊ သီလဆောက်တည်မှု၊ အယူမှန် – အကျင့်မှန်ဖြင့် တရားအားမထုတ်နိုင်မှု စသည်များမှာလည်း၊ လူသားတဦးအနေဖြင့် နည်းနည်းမျှ မကောင်းပေ။

လူ့ဘဝတွင်၊ လူသားတဦးအဖြစ် အသက်ရှင် ရပ်တည်နေစဉ်၌ သမုတိသစ္စာသဘောအားဖြင့် တကယ့်တမ်း တွေ့ဆုံကြုံကြိုက်နေရသော စား ဝတ် နေရေး- သားသမီး၊ ဆွေမျိုး၊ မိတ်ဆွေ အပေါင်း အသင်း တာဝန် ဝတ္တရား စသည် များကို

လည်း၊ လောကကြောင်း အားလျော်စွာ လိုအပ်လျော်ကန်သမျှ ဆောင်ရွက်နိုင်စွမ်းရှိရပေလိမ့်မည်။

နတ်ရွာနိဗ္ဗာန်ရောက်ကြောင်းအတွက်၊ ဒါန သီလ သမထ ဝိပဿနာ ဆိုသည်တို့ကိုလည်း၊ ဓမ္မကြောင်း အားလျော်စွာ ကြိုးကြိုးပမ်းပမ်း - စွမ်းဆောင် အားထုတ်နိုင်ရပေလိမ့်မည်။

ဤနေရာ၌ အာဠာဝကဘီလူးအား ဗုဒ္ဓမြတ်စွာဘုရား ဖြေကြားဆုံးမတော်မူအပ်သည်ကို ဆက်စပ်ဖော်ပြရပေဦးမည်။

"အရှင်ဂေါတမ....၊ အဘယ်သို့သော အကြောင်းအရာဖြင့်၊ သံသရာတည်းဟူသော ဝဲသြဃကို ကူးမြောက်နိုင်ပါအံ့နည်း။ အဘယ်သို့သော အမြားဖြင့် ဝဋ်ဆင်းရဲတည်းဟူသော သမုဒ္ဒရာကို ကောင်းစွာလွန်မြောက်နိုင်ပါအံ့နည်း။ အဘယ်သို့သော အကြောင်းဖြင့် ဆင်းရဲအပေါင်းမှ ကောင်းစွာ လွန်မြောက်နိုင်ပါအံ့နည်း။ အဘယ်ရေအေးဖြင့် ကိလေသာ တည်းဟူသော အညစ်အကြေးကို ဆေးကြော သုတ်သင်၍ စင်ကြယ်နိုင်ပါမည်နည်း"

အာဠာဝကဘီလူးက ဗုဒ္ဓမြတ်စွာဘုရားအား ထိုသို့မေးလျှောက်အပ်သည့်အခါ၊ မြတ်စွာဘုရားသခင်က —

"အို - အာဠာဝကဘီလူး ..၊ သဒ္ဓါတရားအားဖြင့် သံသရာတည်းဟူသော သြဃကို ကူးမြောက်နိုင်၏။ ကုသိုလ်ပြုပြု၊ ကောင်းမှုပျော်မွေ့၊ မမေ့မလျော့ခြင်းဖြင့် သမုဒ္ဒရာ၊ ပမာဘက်ကဲ၊ ဝဋ်ဆင်းရဲကို၊ လွန်မြောက်နိုင်၏။ ပါရမီဆယ်ပါး၊ တရားဝီရိယ၊ မြတ်ဓမ္မ၌၊ နိစ္စကြိုးကုတ်၊ အားထုတ်ခြင်းဖြင့် ဇာတိ ဇရာ ဗျာဓိ မရဏ စသည်သောင်းသောင်း၊ ဆင်းရဲအပေါင်းကို၊ လွန်စေနိုင်၏။ ဝိပဿနာ၊ ပညာဆယ်

ပါး၊ ဉာဏ်တရားဖြင့်၊ ကိလေသာမြူမှေး၊ အညစ်အကြေး မှု၊ ကင်းဝေးစင်ကြယ်၏ '' ဟူ၍ မြန်လည် ဖြေကြားတော် မူခဲ့သည်။

ထိုအခါ - အာဠာဝကဘီလူးက —

" မြတ်စွာဘုရား....၊ အဘယ်သို့သော အကြောင်းဖြင့် ထူးပြားသော ပညာကို ရရပါသနည်း။ အဘယ်အရေးဖြင့် အသက်မွေးကြောင်း ဥစ္စာကို ရရပါသနည်း။ အဘယ် သဘောဖြင့် ကောင်းသောသတင်း ကျော်စောခြင်းသို့ ရောက်ရပါသနည်း။ မိတ်ဆွေကောင်းတို့ကို အဘယ်သို့ ပြုအပ်ပါသနည်း။ မျက်မှောက်ဘဝ၊ ဤလောကမှ တမ လွန်ဘဝ သွားရသောအခါဝယ်၊ အဘယ်အမှုမျိုးဖြင့် စိုးရိမ်ခြင်းကင်းရပါသနည်း '' ဟူ၍ တဖန်ထပ်မံ လျှောက် ထားအပ်ပြန်သည်။

ထိုအခါ၊ ဗုဒ္ဓမြတ်စွာဘုရားက -

" ချစ်သား - အာဠာဝက....၊ ပူဇော်ထိုက်သော ဘုရား ပစ္စေက ဗုဒ္ဓါ သာဝကတို့သည် ဟောပြအပ်သော နိဗ္ဗာန် ရောက်ကြောင်း၊ ကောင်းမြတ်သော တရားကို ယုံမှားမရှိ။ အတိပသန္နသဒ္ဓါဖြင့် လွန်စွာ ယုံကြည်သည်ဖြစ်၍ နှစ်နှစ် သက်သက် စုံမက်မြတ်နိုးစွာ၊ မှတ်နာ ကျင့်ဆောင်လေ့ ရှိခြင်း သည်လည်းကောင်း၊ မခမ့်မလျော့၊ မပေါ့သော သတိ ရှိခြင်းသည်လည်းကောင်း၊ စုံစမ်းတိုင်းထွာ၊ စာနာကြံစည် လေ့ရှိခြင်းသည်လည်းကောင်း၊ ဤ အကြောင်းသုံးပါးဖြင့် ထူးပြားသော ပညာကို ရရာသိသတည်း ''

" သင့်တင့်ကောင်းမြတ်သောအခါ၌၊ ကောင်းမြတ်စွာသော မိတ်ဆွေနှင့် ပေါင်းလျက်၊ ကောင်းမြတ်သောအမှုကိုဂရုကထ၊ လုံ့လပြုလေ့ရှိသော သူသည် လောကီဥစ္စာ-လောကုတ္တရာဥစ္စာ၊ ဤနှစ်ဖြာကိုရရာသော အကြောင်းဖြစ်၏။ ရှေးဆိုနောက်ပျက်-ယှင်းကွက်မရှိ။ ပကတိ ဟုတ်မှန်သော သစ္စာစကားကို ဆိုခြင်းသည်၊ ကျေးဇူးသတင်း၊ ကျော်စောခြင်းသို့ရောက်၏။ မိမိစီးပွား-သူ့ စီးပွား၌လိုလားမျှတ၊ ဝေငှပေးကမ်းခြင်းသည် မိုတင်းကိုးစားရာဖြစ်သော အဆွေခင်ပွန်းကောင်းကို ရကြောင်း ကေန်အမှန်ဖြစ်၏။

" အကြင်သူအား ဖြောင့်သားဟုတ်မှန်စွာသော သစ္စာတရား၊ အပါယ်လားမှု၊ ဒုစရိုက်မှ၊ ရှောင်ကြဉ် လှ လျက်၊ နိစ္စကြိုးကုတ်၊ အားထုတ်အပ်သော ပညာကိုရိယာ၊ ဓမ္မာဆယ်ပါး၊ စီးပွားနှစ်ဖြာ၊ ထိုအရာ၌၊ လွန်စွာဆည်းပူးအပ်သောဓိတိတရား၊ သူ့အားစွန့်ကြဲ၊ ဝေခွဲပေးကမ်းခြင်း ဟူသောစာဂတရား၊ ဤလေးပါးကို၊ ပွားများစေသည်ဖြစ်အံ့၊ ထိုသူအား၊ လူ၏ဘောင်တွင်၊ အိမ်ထောင်ရာထား၊ သားမယားနှင့်၊ ပျော်ပါး၍နေသည်ပင် ဖြစ်သော်လည်း၊ စင်စစ်တမလွန်ရွာ၌၊ စိုးရိမ်ရာ မရှိလေပြီ....။ ယုတ်ညံ့သောဂတိ (မကောင်းသော ဘဝ )မှ လွတ်ကွာ၍၊ လူ့ရွာနတ်ထံ၌ကေန်ဖြစ်လတ္တံ့သည်သာတည်း.... " ဟူ၍ အချုပ်သဘောဟောကြားဆုံးမတော်မူခဲ့သည်။

အာဠာဝကဘီလူးအား ဗုဒ္ဓမြတ်စွာဘုရား ဤသို့ ဖြေကြားဆုံးမတော်မူအပ်သည်အရဆိုလျှင် လူ့ ဘဝတွင် လူသားတဦး

အဖြစ် ရပ်တည်ကြုံကြိုက်နေယင်းမှလည်း ဗုဒ္ဓဝါဒ-ဗုဒ္ဓသာသနာ့ တော်နှင့်အညီ ကျင့်ကြံအားထုတ်နိုင်ကြောင်း၊ ကျင့်ကြံ ထိုက် ကြောင်း ကောင်းစွာပင် သိသာထင်ရှားနေပေသည်။

စင်စစ်သော် လောကကြောင်း - ဓမ္မကြောင်း ကောင်းမြတ် ဖြောင့်မှန်စွာ ကျင့်ကြံအားထုတ်နိုင်ရန် အနန္တကျေးဇူး ခတော်ရှင် ဗုဒ္ဓမြတ်စွာဘုရား၏ ' မင်္ဂလာရှစ်ပါး - တရားလမ်းစဉ် ' ၌ နောက် ဆုံးအဆင့် ( နိဗ္ဗာန်စခန်း ) သမ္မာသမာဓိမဂ္ဂင် အ ထိ ပ င် လျှ င် ထုတ်ဖော် ညွှန်ပြထားခဲ့ပြီးဖြစ်သည်။

ပထမဦးစွာသော သမ္မာဒိဋ္ဌိမဂ္ဂင်မှသည် နောက်ဆုံး သမ္မာ သမာဓိမဂ္ဂင်သို့တိုင် အစဉ်အားလျော်စွာ ဟောကြားဆုံးမထား တော်မူအပ်သည်မှာ လောကကြောင်း - ဓမ္မကြောင်း ကောင်း ကျိုးချမ်းသာများချည်းသာ ဖြစ်ပေတော့သည်။

ထို့ကြောင့်ပင် လူအများ သိနား လ ည် လွ ယ် စေ သော ' ဗုဒ္ဓဝါဒ ' ဆိုရာ၌ ' မဂ္ဂင်ရှစ်ပါး - တရားလမ်းစဉ် ' ကို လောက ဥပမာ ' အခြေခံသင်ရိုးညွှန်းတမ်း ' သဘော အရင်းခံ ပ ဓာ န ထားပြီး ဆိုညွှန်းတင်ပြရခြင်း ဖြစ်သည်။

ဤသို့ ဆိုညွှန်းရာတွင်လည်း အဘက်ဘက်မှ ကြောင်းကျိုး အခြေခံ ဖြောင့်မှန်တိကျစေရေးအတွက် ကျေးဇူးရှင်ဆရာတော် ကြီးနှစ်ပါး၏ အဆိုအမိန့်ကို ဦးထိပ်ပန်ရွက်ပြီး အလေးအနက် ဆက်စပ်ဆိုညွှန်းရခြင်း ဖြစ်ပေသည်။

ထို့မှတပါး ခေတ်လူငယ်များ - သို့မဟုတ် များရာစုပရိသတ် များ သိလွယ်စိမ့်သောငှာ၊ မှတ်လွယ်စိမ့်သောငှာ၊ လော က ဥပမာ အနီးစပ်ဆုံးသော အကြောင်းအချက် - အ ထော က်

အထား အနုပညာတန်ဆာဆင်မှုအားဖြင့် ကြိုးပမ်းစွမ်းဆောင်ထားသည်များလည်း ပါရှိပေသည်။

'ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ' ဆိုရာ၌ စာရေးသူ၏ ရှေးရှုရည်ရွယ်ရင်းမှာ 'ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာတော်'၏ ရင်းမြစ်မူလ အခြေခံသဘောကို အမြန်ဆုံးနည်းဖြင့် သိသာ ရှင်းသင်းစေကာ သဒ္ဓါတရားထက်သန် ခိုင်ကျည်ကြစေလိုရင်းပင် ဖြစ်ပေသည်။ တနည်းအားဖြင့်မူ လောကကြောင်း - ဓမ္မကြောင်းနှင့် ပတ်သက်၍ မိမိလေ့လာတွေ့ခေါ်မိသမျှကို ဓမ္မလက်ဆောင်သဘော ပြန်လည်ကမ်းလှမ်းရခြင်းလည်း ဖြစ်ပေသည်။

စုံပုံစရာမရှိလောက်အောင် သိမ်မွေ့နက်နဲလှစွာသော ဗုဒ္ဓဝါဒ - ဗုဒ္ဓစာပေအရာ၌ အလေးအနက် ကျွမ်းကျင်နှံ့စပ်၍ ကျမ်းတဆူ - စာတအုပ်ပြုလုပ်ဖန်တီးရခြင်းကား မဟုတ်ပေ။

'မိလိန္ဒ - အမေး - အဖြေ'

'ဗုဒ္ဓခေတ် - ပြဿနာများ'

ထိုစာအုပ်များကို ရေးသားပြုစုစဉ်က၊ ကံ့သို့ပင် အနန္တကျေးဇူးတော်ရှင် ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူး၌ သက်ဝင်ကြည်ညိုလှစွာသော သဒ္ဓါတရား၊ များရာစုစာဖတ်သူတို့အပေါ် ဝင်ယားကျရောက်နေအပ်သော စေတနာအရသာလျှင် မိမိစွမ်းနိုင်သမျှ ကြိုးပမ်းအားထုတ်ရခြင်းဖြစ်ပေသည်။

ထို့ကြောင့်—

ဤစာအုပ် 'ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ' ၌ စာရေးသူ၏အယူအဆ - အတွေးအခေါ်အားဖြင့် အကယ်၍များ တစုံတရာ

တိုမ်းယိမ်းချွတ်ချော်ခဲ့ပါသော် ကျမ်းတတ်စာမြင်-ပညာရှင်များအဖို့ ဤစာရေးသူ၏ သဒ္ဓါတရားကို ထောက်ထားငဲ့ညှာသောအားဖြင့် လျော်ကန်သလို ပြင်ဆင်ညွှန်ပြပေးတော်မူကြပါရန် အနူးအညွတ်ပျပ်ဝပ်ရှိသေစွာ ပန်ကြားအပ်ပါသည်။

ဤစာအုပ်ကိုဖတ်ရခြင်းအားဖြင့် 'ဗုဒ္ဓဝါဒ-ဗုဒ္ဓသာသနာ' တော်၏ ဂုဏ်ကျေးဇူးကို သိမြင်ညွတ်နူးခြင်း၊ အလေးအနက်ထပ်မံသက်ဝင်ကြည်ညိုခြင်းရှိသည်ဆိုပါငြားအံ့၊ မဂ္ဂင်ရှစ်ပါး-တရားလမ်းစဉ်နှင့်အညီ ကျင့်သုံးဆောက်တည်နိုင်ခြင်း ရှိသည်ဆိုပါငြားအံ့၊ စာရေးသူ၏ သဒ္ဓါတရား-ကြိုးပမ်းအားထုတ်မှုအတွက် ကောင်းမြတ်လှစွာသော အကျိုးသက်ရောက်မှု ဟူ၍ဝမ်းမြောက်ခြင်းကြီးစွာပင်ယူဆယုံကြည်ရမည်ဖြစ်ပါသတည်း။

ဗုဒ္ဓကျေးဇူး-ဂုဏ်အထူးကို
ညွတ်နူးကော်ရော်-ရှိ ပူဇော်လျက်။

ဦးကောင်းထွန်း
[ ၁၀၊ ၁၂၊ ၀၁ ]
၁၃၄၃-ခုနှစ်၊ နတ်တော်လဆုတ်(၇)ရက်နေ့။

# ဗုဒ္ဓဝါဒ — ဗုဒ္ဓသာသနာ

ဗုဒ္ဓဘာသာလူမျိုးဟူသည်၊ ဗုဒ္ဓမြတ်စွာဘုရား၏အယူဝါဒကို သက်ဝင်ယုံကြည်၊ လိုက်နာကျင့်သုံးသော လူမျိုးဟူ၍၊ အခြေခံ သတ်မှတ်ချက်သဘောမျိုး သိနားလည်ထားကြသည်။

သို့ရာတွင် ထိုကဲ့သို့ လိုက်နာ ကျင့်သုံး နေခြင်းကြောင့်၊ ဗုဒ္ဓဝါဒဟူသည် အဘယ်နည်း၊ ဗုဒ္ဓသာသနာတော်ဟူသည် အဘယ်သို့ပါနည်း၊ ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ၏ အကြောင်း ခြင်းရာ အနှစ်ချုပ်သဘောကား အဘယ်သို့ ဖြစ်ပါသနည်းဟု၊ ဘာသာခြားတဦးဦးက ဖြင်စေ၊ ပိုင်းပိုင်းခြားခြား မေးမြန်းလာခဲ့လျှင်ကား၊ ဗုဒ္ဓဝါဒ ဟူသည် - ဤသို့ဖြစ်ပါသည်ဟု၊ ရတ်တရက် ချက်ချင်း တိတိ ကျကျ ဖြေဆိုရန်၊ မလွယ်ကူဘဲ ရှိပေလိမ့်မည်။

ဤသို့ဖြစ်ရခြင်းမှာ၊ ဗုဒ္ဓဝါဒ ဗုဒ္ဓသာသနာတော်၏ နက်နဲကျယ်ပြန့်လှခြင်းကို အပထားဦး၍၊ လူ့သဘော-လူ့သဘာဝ လောကစဉ်လာအားလျော်စွာလည်း ဖြစ်လေသည်။

လောကသဘာဝ - လူ့သဘာဝ၌၊ ပြုလုပ်ခြင်းနှင့် သိမြင်သဘောပေါက်ခြင်းသည် တခြားစီဖြစ်၏။ သို့ - တခြားစီဖြစ်ရခြင်းမှာလည်း၊ မည်သည့် အကြောင်း ခြင်း ရာ ၌ပင် ဖြစ် စေ၊ မှန်သည့်အတိုင်း သိသည်။ လိုအပ်ရင်းသဘောကို သိသည် ဆို

ခြင်းမှာ၊ သာမန်နည်းအားဖြင့် မဖြစ်။ ကြောင်းကျိုးဆက်စပ်မှု အားလျော်စွာ၊ လိုအပ်ရင်း အခြေခံသဘောကို အသေးအနက် ရှာကြံစူးစမ်းပါမှ၊ တွေ့မြင်သိရှိနိုင်ခြင်းကြောင့် ဖြစ်၏။

ဥပမာ၊ နေ့စဉ် ဘုရားရှိခိုးခြင်းနှင့် ပတ်သက်၍ တဦး တယောက်အား မေးမြန်းကြည့်သည် ဆိုပါစို့....။

ထိုအခါ၊ အဖြေအမျိုးမျိုး ထွက်လာပေလိမ့်မည်။

"ကျွန်တော်တို့ မိဘစဉ်ဆက် ဒီလိုဘဲ ရှိခိုးလာခဲ့လို့"

"ဘုရားရှိခိုးယင်၊ ကုသိုလ်ရတယ် - အန္တရာယ် ကင်းတယ်၊ ဘုန်းတန်ခိုးကြီးတယ်ဆိုလို့"

"ကျွန်တော့် အမေအဖများက၊ ငယ်ငယ်သဲက - ဒီလိုဘဲ အကျင့်လုပ်ပေးထားလို့"

"ဘုရားဆိုတာ ဒီလိုဘဲ ရှိခိုးထိုက်တယ်ဆိုလို့"

အမှန်အားဖြင့်ကား၊ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်များကိုအလေးအနက်သိနားလည်ဘတ်လေသောအခါ၊ အလေ့ အကျင့်သဘောမျှ မဟုတ်တော့ပဲ လှိုက်လှဲကြည်ညိုစွာ အနှုန်း အညွှတ် အားပြုနိုင်လာလေသည်။

မိဘရိုရာ အစဉ်အလာ သဘောထက်၊ မြတ်စွာဘုရားသခင်၏ ဂုဏ်ကျေးဇူး ထူးမြတ်လှသော အဖြစ်ကို သဒ္ဓါတရားထက်သန် စွာဖြင့် ယုံကြည်မြတ်နိုး လာနိုင်လေသည်။

## အလေးအနက် သိနားလည်ခြင်း

ထို့အတူပင် ဗုဒ္ဓဝါဒ - ဗုဒ္ဓဘာသာ အမည်ခံနေလင့်ကစား၊ သာမန်အမှတ်မထင် အားဖြင့်မူ ဗုဒ္ဓသာသနာ ဆိုသည်ကို ကြောင်းကျိုးလျော်ကန်စွာ တိတိကျကျ သိနားလည်ဘို့ မလွယ်လှပေ။

ဤအဖြစ်မှာ၊ စာရေးသူကိုယ်တိုင်၏အခြေအနေကို အရင်းခံပြုကာ၊ ရိုးသားပွင့်လင်းစွာ ထုတ်ဖော် ဆိုညွှန်းလိုက်ရခြင်းလည်း ဖြစ်ပေသည်။

ဤ - စာရေးသူသည် [ ဗုဒ္ဓခေတ်ပြဿနာများ နိဒါန်းပိုင်းတွင် ဖော်ပြခဲ့ပြီး အတိုင်း ] အမိဖြစ်သူကို အကြောင်းပြု၍၊ ငယ်စဉ်ကတည်းကပင် ဘာသာတရားယဉ်ကျေးမှုနှင့် ကျွမ်းဝင်နီးစပ်လာခဲ့သူ ဖြစ်၏။

ပြည့်စုံအောင် ဆိုရလျှင်၊ စာရေးသူ၏ အမိဖြစ်သူသည်၊ ဘာသာတရားကို အလေးအနက် ရိုသေကိုင်းရှိုင်းသူ ဖြစ်၏။ အနေအထိုင်လည်း ယဉ်ကျေးသိမ်မွေ့လှ၏။

စာဖတ်ခြင်းမှာလည်း၊ အမျိုးသမီးတဦးပင် ဖြစ်စေကာမူ၊ ကျမ်းနှံ့သည်ဆိုရမလောက် စွဲစွဲလမ်းလမ်း ဖတ်ရှုလာခဲ့သူဖြစ်၏။ သူကိုယ်တိုင် ဖတ်ရုံမျှ မဟုတ်သေး။ ဤစာရေးသူကိုလည်း တိုက်တိုက်တွန်းတွန်း နှိုးဆော်အားပေးခဲ့၏။

ဘာသာတရားယဉ်ကျေးမှုနှင့် ပတ်သက်၍လည်း၊ ည-နံနက် ဘုရားရှိခိုးခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်း ကပ်ခြင်း စသည်များကို ဂရုတစိုက်အလေ့အကျင့် လုပ်ပေးခဲ့၏။ ငါးပါးသီလနှင့် စပ်လျဉ်း၍လည်း အထူးသဖြင့်ပင် ကြပ်မတ် သွန်သင်ခဲ့၏။

သို့ဖြင့်ပင် ဤစာရေးသူ ကိုယ်တိုင်မှာလည်း၊ ဘာသာတရားကို အလေ့အကျင့် သဘောမျိုး သက်ဝင်ယုံကြည်မှု ရှိခဲ့၏။ ဗုဒ္ဓဘာသာတဦးပင်ခေါ်သည်ဖြစ်စေ၊ဗုဒ္ဓမြတ်စွာဘုရားကိုယုံကြည်ကိုးကွယ်သူပင်ခေါ်သည်ဖြစ်စေ၊ ဘာသာတရား ယဉ်ကျေးမှုကိုကား၊ အမိဖြစ်သူကဲ့သို့ပင် ရိ ရိ သေ သေ လေး လေး မြတ် မြတ် ရှိခဲ့၏။

ဗုဒ္ဓဝါဒ - ဗုဒ္ဓဘာသာ နှင့် ပတ်သက်သော စာပေများကိုလည်း၊ ထိုက်သလောက် နှံ့စပ်အောင် ဖတ်ရှုခဲ့ဘူး၏။

## အရင်းခံ အနှစ်သာရသဘော

တနေ့တွင်ကား၊ တဦးတယောက်က ရုတ်တရက် သတိပေးနှိုးဆော်လိုက်သလိုပင်၊ ထို - ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ မှတ်မှတ်ရရ ထူးထူးခြားခြား စဉ်းစားတွေးတောခဲ့မိ၏။

" ငါဟာ - ဗုဒ္ဓဘာသာ တယောက်ပဲ၊ ဒီ ပြင် ဘာသာခြားတွေက မေးမြန်းလာရင် ဗုဒ္ဓဘာသာ ကိုးကွယ်သူပါလို့ ဖြေရမှာသူပဲ။ ဗုဒ္ဓဘာသာကိုလဲ တကယ်ယုံကြည်နေတာပဲ။

" ဒါပေမဲ့၊ ဒီ ပြင် ဘာသာခြား တဦး ဦးက၊ ဒါမှ မဟုတ်တယောက်ယောက်က၊ဗုဒ္ဓဘာသာဆိုတာ-ဘာလဲ၊ ဗုဒ္ဓဘာသာရဲ့လိုရင်းအကျဉ်းချုပ် သဘောက - ဘယ်လိုလဲ၊ ဗုဒ္ဓဝါဒ ဆိုတာကကော....၊ ဘယ်လို ထူးခြားမှု - ဘယ်လို အနှစ်သာရသဘောရှိသလဲ၊ လိုရင်းအကျဉ်းချုပ်က-ဘယ်လိုလဲ " လို့ ဆစ်ဆင်ပိုင်းပိုင်းမေးလာခဲ့ယင်၊ ငါ - ဘယ်လိုဖြေရမလဲ။

" ငါ-ကိုယ်တိုင်ကကော....၊ ဗုဒ္ဓဘာသာ အကြောင်းကို ဘယ်လောက်နားလည်သလဲ၊ ဗုဒ္ဓဝါဒ - ဗုဒ္ဓ ဘာ သာ တ ရား ရဲ့ ထူးမြတ်မှု - မှန်ကန်မှုကို၊ တကယ်တမ်း တိတိကျကျ လေးလေး နက်နက် သိနားလည်သလား... ။

" မိရိုးဖလာ ယုံကြည်ကိုးကွယ်မှုမျိုးနဲ့ဘဲ အမှတ်မထင် အချိန် ကုန်ခဲ့တာလား....၊ နောက်ဆုံး ဗုဒ္ဓဘာသာရဲ့ အခြေခံအကြောင်း ရင်းသဘောလောက်ကိုဘဲ ဖြစ်ဖြစ်၊ ငါ - သိနားလည် သဘော ပေါက်ပြီလား.... "

မှန်သည့်အတိုင်း အစီရင်ခံရလျှင်၊ စာရေးသူသည် - ဤသို့ တွေးမိစဉ်၌ သိသိသာသာ စိတ်ချောက်ချားသွားခဲ့သည်။

ကိုယ့်ကိုယ်ကို မိဘရိုးရာကစပြီး ဗု ဒ္ဓ ဘာ သာ ဝင် တ ဦး ဟု ထင်မှတ်လက်ခံလာခဲ့လင့် ကစား၊ တ ကယ် တမ်း စူး စူး စမ်း စမ်း ဝေဖန်ဆန်းစစ်ကြည့်လိုက်သော အခါ၊ ဘာ သာ တ ရား နှင့် ပတ်သက်၍ ကျေနပ်လောက်သည့် အခြေအနေ မဟုတ်ကြောင်း သိနားလည်သွားသည်။

ယုံကြည်မှုက တခြား၊ တကယ်တမ်းသိနားလည်မှုက တခြား၊ စင်စစ် ဘာသာတရား ကိုးကွယ်မှု ဆိုသည်မှာ....

( က ) ဘာ့ကြောင့် ကိုးကွယ်ထိုက်သည်-

( ခ ) ဘယ်လိုထူးခြားသည်-

( ဂ ) ဘယ်လိုဖြောင့်မတ်မှန်ကန်သည် ဆိုသည်များကို အတိအကျ သိနားလည်ရပေလိမ့်မည်။ လိုရင်းအကျဉ်း ချုပ် အနှစ်သာရ သဘောကို သေသေချာချာ သိနား လည်ထားရပေလိမ့်မည်။

## သူတပါးကိုလည်း စွမ်းဆောင်နိုင်ခြင်း

အထူးသဖြင့် ပို၍အရေးကြီးသည်မှာ၊ မိမိလက်ခံထားသော အကြောင်းခြင်းရာ အယူဝါဒကို၊ မိမိကိုယ်တိုင် ကြောင်းကျိုး ချောကျော်ကန် ဖြောင့်မှန်တိကျစွာ သိနားလည်ထားသည်နှင့်အမျှ၊ သူတပါးက မေးလာလျှင်လည်း ရေရေရာရာ ကျကျနန ပြောပြနိုင်ဘို့ ဖြစ်သည်။

မည်သည့်အကြောင်းခြင်းရာပင်ဖြစ်စေ၊ မိမိသာ သိနားလည်ပြီး သူတပါးကို ကွဲပြားနားလည်အောင် မစွမ်းဆောင်နိုင်လျှင်လည်း၊ ထိုအခြေအနေသည် ကောင်းသော အခြေအနေ မဟုတ်ပေ။

သို့သော် - ထိုကဲ့သို့ သူတပါးသဘောပေါက်အောင် စွမ်းဆောင်ဘို့ဆိုသည်မှာ၊ လွယ်ကူသော အရာကား မဟုတ်၊ အကြောင်းသုံးရပ်ဖြင့် အလေးအနက် ဆက်စပ် ပတ်သက်လျက် ရှိသည်။

[ ၁ ] မိမိ သိနားလည်ထား သလို၊ သူတပါးကိုလည်း သိနားလည်စေလိုခြင်း

[ ၂ ] မိမိ သိနားလည်နေသည့် အတိုင်း မဟုတ်ပဲ၊ သူတပါး သိနားလည်စေနိုင်မည့် နည်းလမ်းမျိုးကို၊ အပင်ပန်းခံပြီး ရှာဖွေကြံဆခြင်း-

[ ၃ ] ထို - ရှာဖွေတွေ့ရှိသည့် နည်းလမ်းဖြင့်၊ သူတပါးအား ကောင်းစွာ ပြန်လည်တင်ပြခြင်း။

ဤ - အကြောင်းသုံးမျိုးနှင့် ပြည့်စုံညီညွတ်ပါမှသာ၊ သူတပါး သဘောပေါက် - သိနားလည်အောင်၊ စွမ်းဆောင် ဆိုညွှန်းနိုင်လေသည်။

ထို အကြောင်း သုံးမျိုးတွင်လည်း၊ မိမိ သိ နား လည် သ လို သူတပါး သိနားလည်စေလိုသော စေတနာ ရှေ့ရှုချက် သည်၊ အရေးကြီးဆုံး လိုအပ်ရင်း ဖြစ်လေသည်။

## ဗုဒ္ဓဝါဒ-ဗုဒ္ဓသာသနာ

ဤ - စာရေးသူသည်၊ အထက် ဆိုခဲ့ပြီးအတိုင်း တွေးမိချိန်မှစ၍၊ များရာစုပရိသတ် လွယ်လင့်တကူ သိ နား လည် နိုးစပ်နိုင်မည့်၊ ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ လိုရင်းသဘောချုပ်ကို၊ အချိန်နှင့်အမျှ ရှာဖွေကြံဆခဲ့သည်။ စူးစမ်းတွေးခေါ် ကြည့်ခဲ့သည်။

စင်စစ် - ထိုကဲ့သို့ နက်နက်ရှိုင်းရှိုင်း တွေးခေါ် စူးစမ်းရသည်မှာလည်း၊ အလွန် ခိုင်လုံသော အကြောင်းအချက်များ ရှိနေခြင်းကြောင့် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်များ - အနည်းနှင့် အများ သိထားကြပြီးဖြစ်သည့်အတိုင်း၊ ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာဆိုသည်မှာ၊ အတိုင်းထက်အလွန် ကျယ်ပြန့်နက်နဲလှစွာသော အကြောင်းခြင်းရာကြီးဖြစ်နေသည်။

ထို့ပြင် - ဗုဒ္ဓမြတ်စွာ ဘုရားသခင်၏ တရားဒေသနာတော်အဖြစ် လူသိများပြီး၊ ကျော်စောထင်ရှားပြီး သုတ်တော်များကလည်း ရှိနေသေးသည်။

ထို့ကြောင့်ပင်လျှင် လိုရင်းအချုပ် ဗုဒ္ဓဝါဒအဖြစ် များရာစု ပရိသတ်၊ သို့မဟုတ် အခြား ဘာသာဝင်တို့အား၊ ဝေဖန် ပိုင်းခြား ပြရမည်မှာ မတတ်စွမ်းသာသော အကြောင်းတရပ် ပမာပင် ဖြစ်နေပြန်သည်။

ပဋ္ဌဝဂ္ဂိ ငါးဦးတို့အား - ဟောကြားအပ်သော ဓမ္မစကြာ တရားသည်ပင်လျှင်၊ ဗုဒ္ဓဝါဒလား၊ တာဝတိံသာ နတ်ပြည် တွင် ဟောအပ်သော အဘိဓမ္မာ တရားသည်ပင်လျှင်၊ ဗုဒ္ဓဝါဒ လား....၊ မင်္ဂလာတရားတော်သည်ပင်လျှင် ဗုဒ္ဓဝါဒ လား....၊ ဗောဓိပက္ခိယတရားသည်ပင်လျှင် ဗုဒ္ဓဝါဒလား၊ အနတ္တလက္ခဏ သုတ်သည်ပင်လျှင် ဗုဒ္ဓဝါဒလား....။

ဤကဲ့သို့ - စူးစူးစမ်းစမ်း - လေးလေးနက်နက် တွေးခေါ် စဉ်းစားစရာများက၊ အလွန်ပင် ကျယ်ပြန့်နက်နဲနေပေသည်။

အမှန်စင်စစ် - ခြုံလွှမ်း ဆိုရလျှင်လည်း၊ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သမျှ တရားအားလုံးသည်ပင်လျှင်၊ ဗုဒ္ဓဝါဒအဖြစ် ကောင်းစွာ ထင်ရှားပြီး ဖြစ်နေပေသည်။ သို့ မဟုတ်–နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းသည်ပင်လျှင် ဗုဒ္ဓဝါဒဟု ယူမှတ်ယုံကြည်ရမည်လည်း ဖြစ်ပေသည်။

## အခြေခံ သိမှတ် ကျင့်ကြံမှု

သို့သော် ဤ–စာရေးသူ လိုအပ်ရင်း ဗုဒ္ဓဝါဒမှာကား ဤသို့ မဟုတ်၊ များရာစုပရိသတ်များ သိနားလည်သွယ်သော၊ ပထမ ဦးဆုံး အဆင့်အဖြစ်ဖြင့် လက်ခံလိုက်နာနိုင်သော အခြေခံ သိမှတ်ကျင့်ကြံမှု၊ ဗုဒ္ဓဝါဒ – လိုရင်းအချုပ်သဘော ဖြစ်သည်။

ဗုဒ္ဓဝါဒဆိုတာ သည်လိုပါကလား....ဟူ၍ အခြေခံ သိနားလည်မှုမှတဆင့်၊ မိမိတို့ ပါရမီ ကျင့်ကြံအားထုတ်မှုအားလျော်စွာ တဆင့်ထက်တဆင့် မြင့်တက်သွားနိုင်သော သင်ရိုးညွှန်းတမ်းသဘောမျိုးဖြစ်သည်။

သို့ပါမှလည်း လူငယ်လူရွယ်များ၊ဘာသာတရားနှင့် မရင်းနှီးသေးသူများ၊ ဗုဒ္ဓဝါဒ – ဗုဒ္ဓသာသနာသဘောကို အမြန်နည်းသိချင်သူများအတွက်၊ လက်လှမ်းမှီ – နားလည်ခွင့် လွယ်ကူသွားပေလိမ့်မည်။

သို့ဖြင့်ပင် အလျဉ်းသင့်ရာ ဘာသာရေး ကျမ်းစာများကိုလည်း၊ အလေးအနက် ဖတ်ရှုလေ့လာကြည့်ခဲ့သည်။

**ထိုအချိန်တွင်–**

" ဗုဒ္ဓဝါဒ "အဖြစ် တိုက်ရိုက်ဆိုညွှန်းထားသည့်အကြောင်းတရပ်ကို၊ ကျေးဇူးရှင် ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး၏ " ဇိနတ္ထပကာသနီ " တွင်၊ တိုက်တိုက် ဆိုင်ဆိုင်ပင် ကြုံကြိုက်ဖတ်ရှုခဲ့ရသည်။

များ၊ရာစုပရိသတ်နှင့် အံဝင်ဂွင်ကျလျော်ကန်လှသည်ဟုကားတထစ်ချမဆိုသာ၊ သို့သော် " ဗုဒ္ဓဝါဒ "သဘောကို တိုက်ရိုက်ဆိုညွှန်းထားသော အကြောင်း တရပ် ဖြစ်၍ အတော်ပင် ဝမ်းမြောက်သွားခဲ့သည်။

ထို အကြောင်းရပ်မှာ ဤသို့ဖြစ်လေသည်။

## ပါရမီရင့်သူများအတွက် ဗုဒ္ဓဝါဒ

နောင်အခါ၌ ရှင်သာရိပုတ္တရာကိုယ်တော်ကြီးဖြစ်လာအံ့သော ဥပတိဿပရိဗိုဇ်သည်၊ တနေ့သောအခါ လမ်းခရီးစပ်ကြားတွင် ရဟန္တာရှင်အဿဇိနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံကြုံကြိုက်မိ၏။

ရှင်အဿဇိကား - ပဉ္စဝဂ္ဂီငါးဦးတို့တွင် တ ဦး အပါ အဝင် ဖြစ်သော ပုဂ္ဂိုလ်ထူး ဖြစ်၏။

ဥပတိဿပရိဗိုဇ်သည် ရဟန္တာ ရှင် အ ဿ ဇိ ၏ တည်ကြည် ငြိမ်သက်စွာသော ကိုယ်ဟန်အမူအရာကို တွေ့မြင်ကြည်ညိုမိခြင်း ဖြင့် ဤပုဂ္ဂိုလ်ကား ထူးမြတ်သော ပုဂ္ဂိုလ်ဖြစ်တန်ရာသည်-တွေး မိ၏။ သို့နှင့်အမျှ ဤပုဂ္ဂိုလ်တွင် ဖြောင့်မှန်သော တရားထူးလည်း ရှိတန်ရာသည်၊ ထို တရားထူးကို ညွှန်ကြားပြသပေးသော ဆရာ မြတ်လည်း ရှိတန်ရာသည် တွေးကြံမိပြန်၏။

သို့ဖြင့် ရှင်အဿဇိ ဇရပ်တခုထက်ဝယ် ဆွမ်းစားအပ်သော အခါ ဆရာအဖြစ် အမှတ်ပြုလျက်၊ နေရာခင်းပေးခြင်း၊ လက် ဆေးရေ၊ သောက်ရေ တည်ခင်းခြင်းများကို ရိုသေစွာ ပြုစုလုပ် ကျွေးအပ်ပေ၏။

နောက် - ရှင်အဿဇိဆွမ်းစားပြီးသည့်အခါ၊ ဤသို့ စတင် မေးလျှောက်လေသည်။

" ငါ့ရှင်....၊ ငါ့ရှင်၏ ပြုမူနေထိုင်ပုံသည် အလွန်နှစ်သက်ဖွယ် ရှိပေ၏။ ငါ့ရှင်၏ ဆင်းသွင်သဏ္ဍာန်သည်လည်း အလွန်ပင် သန့် စင် ကြည်လင်လှချေ၏။ ငါ့ရှင်သည် အဘယ်သူကို ရည်မှန်း၍

ရဟန်းပြုအပ်ပါသနည်း။ ငါ့ရှင်၏ ဆရာကား အဘယ်သူပါ နည်း။ ငါ့ရှင်သည် အဘယ်သူ၏ တရား ( အယူဝါဒ ) ကို နှစ်သက်ပါသနည်း၊ ငါ့ရှင်သည် အဘယ်သူ၏ ဩဝါဒ ( သွန်သင်ဆုံးမမှု ) ကို ရရှိအပ်ပါသနည်း ”

ထိုအခါ၌ ရှင်အဿဇိက ဤသို့တုံ့ပြန် ဖြေကြားတော်မူ၏။

“ အို – ငါ့ရှင်....၊ ငါသည်ကား သာကီဝင်မင်းမျိုးမှ ရဟန်းပြု၍ လောကသုံးပါး၏ အထွဋ်အထိပ် ဖြစ်တော် မူပေသော၊ မြတ်စွာဘုရားသခင်ကို ရည်မှန်း၍ ရဟန်းပြုအပ်ပေသည်။ ထိုသာကီဝင် မင်းသား၊ မြတ်စွာဘုရားသခင်သည်ပင်လျှင် ငါ၏ဆရာဘည်း။ ထိုမြတ်စွာဘုရား၏ တရားကို နှစ်သက်ခြင်းဖြင့်လည်း၊ ထိုဘုရားရှင်၏ သွန်သင်ဆုံးမမှုကို ခံယူအပ်ပေသတည်း ”

“ ကောင်းလှပြီ ငါ့ရှင်....၊ သို့ဆိုလျှင်ငါ့ရှင်အား မေးစမ်းပါရစေ၊ ငါ့ရှင်၏ဆရာ မြတ်စွာဘုရားသည် အဘယ်သို့သော အယူဝါဒရှိပါသနည်း၊ အဘယ်သို့သော တရားကို ဟောကြားအပ်ပါသနည်း၊ ငါ့အားပြန်လည်ဟောကြားစမ်းပါလော့.... ”

ဥပတိဿပရိဗိုဇ်၏ ထိုစကားအတွက်၊ ရှင်အဿဇိသည် ဤသို့ဆင်ခြင်မိ၏။

“ ဤပရိဗိုဇ်ရဟန်းတို့သည်ကား၊ မြတ်စွာဘုရားသာသနာတော်၏ အနှောက်အယှက်ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များသာဖြစ်ချေသည်။ ထို့ကြောင့် သူတောင်းပန်အပ်သည့်အတိုင်း မြတ်စွာဘုရားတရားဘော်ကို အဆောဘလျင် ဟောပြရန် မသင့်လေ

သေး၊ ဘုရားရှင့်သာသနာတော်၏ နက်နဲကျယ်ပြန့်လှကြောင်းကိုသာ ပထမဦးစွာ ထုတ်ဖော်အသိပေးသင့်ပေသည်”

သို့ဖြင့် ရှင်အသဇိသည် ဥပတိဿပရိဗိုဇ်အား ဤသို့ဆိုတော်မူ၏။

“ ငါ့ရှင်….၊ ငါသည်ကား မြတ်စွာဘုရားသာသနာတော်၌ ရဟန်းပြုအပ်သည်မှာ ရက် ကာလ မကြာ မြင့်သေး ပါ။ ထို့ကြောင့် လေးပါးသော နက်နဲကျယ်ပြန့်ခြင်းဂုဏ်နှင့် ပြည့်စုံညီညွတ်ပေသော မြတ်စွာဘုရား၏ တရားတော်ကို အကျယ်ဟောပြခြင်းငှာ မစွမ်းနိုင်သေးပါ။ အကျဉ်းချုပ် အခြေခံသဘောမျှသာ ဟောနိုင်ပါသည် ”

ဥပတိဿပရိဗိုဇ်ကား၊ ထိုကဲ့သို့ တစွန်းတစကြားသိရသောစကားမျှဖြင့်ပင်လျှင် နှစ်သက်ဝမ်းမြောက်လှသောအားဖြင့်….

“ အို….၊ ငါ့ရှင်….၊ ငါသည်ကား ဤဇမ္ဗူဒိပ်ကျွန်းတခွင်ဝယ်၊ ပညာအရာ၌ လွန်စွာကျော်စောသူဘယောက်သာတည်း။ ငါ့ရှင် - စွမ်းအားရှိသမျှသာ ဟောကြားပါလော….၊ ငါ့ရှင်ဟောအပ်သမျှကို နည်းပေါင်းရာထောင်တို့ဖြင့် အကျယ်ချဲ့ထွင်၍ သိမြင်သဘောပေါက်ရန်မှာကား၊ ငါ့ တာဝန်သာ ရှိပါစေ…. ” ဆိုပေ၏။

သို့ဖြင့်ပင် ရှင်အသဇိကလည်း ဤသို့လျှင် အကျဉ်း ချုပ်သဘော ထုတ်ဖော် ဟောကြားအပ်ပေ၏။

ယေဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော ဧဝံ၊
ဧဝံ ဝါဒီ မဟာသမဏော။

အကြင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ အစရှိသော ဒုက္ခ သစ္စာတရားတို့သည်၊ (ဝါ) ဒုက္ခ ဒုက္ခ - သင်္ခါရ ဒုက္ခ - ဝိပရိဏာမ ဒုက္ခ အစရှိသော ဒုက္ခသစ္စာတို့သည်၊ တဏှာဟူသောသမုဒယသစ္စာလျှင် အမှန်ရှိကုန်၏။ ထို ဒုက္ခ သမုဒယ သစ္စာနှစ်ပါးတို့၏ ဖြစ်ရာ ဖြစ်ကြောင်း၊ ချုပ်ရာ ချုပ်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို လည်း၊ ငါတို့ဆရာ - မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုအလုံးစုံသော တရားတို့၏ ချုပ်ရာကေန် နိဗ္ဗာန်တရားကိုလည်း ဟောတော်မူ၏။ရဟန်းမြတ်စွာဒို့ (တို့) ဆရာ သည် ဤသို့ အယူရှိတော်မူ၏။ (ဝါ) ဤသို့ဟောတော်မူလေ့ရှိ၏။ ။

ဥပတိဿပရိဗိုဇ်သည် ထို အခါ၌ ရှင်အဿဇိ ဟောနေသဲ ရှေ့ပိုင်းနှစ်ပိုဒ်ကို ကြားနာရကာ မျှ ပင် လျှင် (ပါရမီခံရင့်ပြီးဖြစ်၍) သောတာပန်တည်ခဲ့လေသည်။ အလုံးစုံ ကြားနာရပြီးသည်တွင်ကား၊သစ္စာလေးပါး၏ သဘောသဘာဝကိုကောင်းစွာသိ နာ လည်သွားလေသည်။

သို့ဖြင့်ပင် ရှင်မဟာမောဂ္ဂလာန် အလောင်းဖြစ်သော မိမိ၏သူငယ်ချင်း 'ကောလိတ' ကို တဆင့် ပြန်လည်ဟောပြပြန်သည်။ တရားတော်အဆုံး၌ ကောလိတသည်လည်း သောတာပန်ပုဂ္ဂိုလ်ဖြစ်မြောက်ခဲ့ရလေသည်။

## ဆင်တဲဆရာတော်၏ အနက်မြန်မာပြန်

အထက်ဆိုခဲ့ပြီး ဂါထာကို ဝိနည်း မဟာဝါ ပါဠိတော်၌ ကျေးဇူးရှင် 'ဆင်တဲဆရာတော်' အနက်မြန်မာဘာသာပြန်ဆိုထားသည်မှာကား ဤသို့ဖြစ်လေသည်။

* အကြောင်းခန္ဓာငါးပါး တေဘူမက ဝဋ်တရားတို့သည်၊ အကြောင်းဖြစ်သော ဒုက္ခသစ္စာလျှင် အမှန်ရှိကုန်၏။ ထို ခန္ဓာငါးပါးတေဘူမကဝဋ်တရားတို့၏အကြောင်း ဖြစ်သော သမုဒယသစ္စာကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထို - ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးတို့၏ အကြောင်ချုပ်ရာ ဖြစ်သော နိရောဓသစ္စာ၊ ချုပ်ရာသို့ ရောက်ကြောင်း ဖြစ်သော မဂ္ဂသစ္စာသည် ရှိ၏။ ထို - နိရောဓသစ္စာ - မဂ္ဂသစ္စာ နှစ်ပါ ကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤသို့ဟောတော်မူလေ့ရှိ၏။ ။

## သစ္စာလေးပါး - အစိပ္ပါယ်

ဤနေရာ၌ ဘာသာပြန် နှစ်မျိုးလုံးသည်ပင်လျှင် သစ္စာလေးပါး၏အခြင်းအရာကိုဆိုညွှန်းဖော်ပြထားခြင်းဖြစ်ကြောင်း ကောင်းစွာ ထင်ရှားနေပြီး ဖြစ်ပေသည်။

သို့သော် - ထိုကဲ့သို့ ပါဠိတော်မှ တိုက်ရိုက် မြန်မာပြန်သည့် နည်းမဟုတ်ဘဲ ထို အကြောင်းခြင်းရာ (တရားသဘော) ကိုပင်

---

* ဤဘာသာပြန် နှစ်မျိုးတွင် ဆင်တဲဆရာတော်မ၏ ယခုမှုက၊ အဋ္ဌကထာနည်းနှင့် ညီညွတ်ကြောင်းသိရသည်။

ယနေ့ခေတ် မြန်မာစကားပြေနည်းအားဖြင့် ကြောင်းကျိုး ဆက်စပ်ကြည့်ချင်ပေသေးသည်။

" ဤ-မျက်မြင်ထင်ရှားဖြစ်စေသော ခန္ဓာကိုယ်ကြီးနှင့် စပ်လျဉ်း၍ ငါ့ကိုယ်ဖြစ်သည်။ ငါ-ထိတွေ့ခံစားရသည်။ ငါ-မှတ်သားသည်။ ငါ-ပြုလုပ်သည်။ ငါ-သိမြင်သည် ဟူ၍ စွဲလမ်းထင်မှတ်နေခြင်းသည်ကား....၊ ဘဝများစွာ-သံသရာတလျှောက်လုံး ဆင်းရဲပင်ပန်းစေအပ်သော အကြောင်းပေတည်း "

" ယင်းသို့လျှင် ဤ-ခန္ဓာကိုယ်ကြီးနှင့်စပ်လျဉ်း၍ ငါ့ကိုယ်ဟူ၍ငင်း၊ ငါ၏ထိတွေ့ခံစားရမှုဟူ၍ငင်း၊ ထင်မှတ်စွဲလမ်းနေခြင်းမှာလည်း ထိုထို-ရုပ် ရူပကာယ-ထိတွေ့ခံစားရှိမှုစသည်များကိုစင်စစ်-နှစ်သက်တွယ်တာနေခြင်းကြောင့်သာလျှင် ဖြစ်ပေသည် "

" ထို့ကြောင့်-ထိုဆင်းရဲခြင်းအမှန်ဖြစ်သော ဒုက္ခသစ္စာကိုငင်း၊ ဒုက္ခသစ္စာဖြစ်စေရန်အကြောင်းခံ အကျိုးဆက်နှစ်သက်တွယ်တာခြင်းအမှု ဖြစ်လေသော သမုဒယသစ္စာကိုငင်း၊ မြတ်စွာဘုရားသည် အမှန်အတိုင်း ထုတ်ဖော်ဟောကြားတော်မူအပ်၏ "

" ထိုထိုဒုက္ခသစ္စာ-သမုဒယသစ္စာနှစ်ပါးတို့၏ ချုပ်ငြိမ်းကြောင်းဖြစ်သော နိရောဓသစ္စာ၊ လုံးဝချုပ်ငြိမ်းစေအပ်

သော မဂ္ဂသစ္စာတို့ကိုလည်း မြတ်စွာဘုရားသည် ထုတ်ဖော်ဟောကြားတော်မူအပ်၏။ ယင်းသို့လျှင် သစ္စာလေးပါး မြတ်တရားကို မြတ်စွာဘုရားသည် ဟောကြားတော်မူလေ့ရှိပေ၏"

ဤကား-ခန္ဓာငါးပါး-သစ္စာလေးပါးနှင့်စပ်လျဉ်း၍ မြန်မာစကားပြေ အဖြောင့်နည်းသက်သက် ကြိုးပမ်းကြည့်ခြင်းဖြစ်သည်။

ယခုကဲ့သို့-မြန်မာဘာသာချည်းသက်သက် မဟုတ်သည့်တိုင်အောင် တင်စားသုံးနှုန်းဟန်အားဖြင့် အလွန် သိနားလည်လွယ်သော အဆိုအညွှန်းတရပ်လည်း ရှိပေသေးသည်။

ထိုအဆိုအညွှန်းမှာကား-ဤသို့ ဖြစ်လေသည်။

# ကျေးဇူးရှင် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏
# ခန္ဓာငါးပါးသဘော - အဆိုအညွှန်း

( ယမိုက်အခြေကျမ်း မှ - ထုတ်နှုတ်သည် )

ပဏ္ဏတ္တိဝါရ၌ ခန္ဓာငါးပါးကို ဟောတော်မူသည်။ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ, ဤ ငါးပါးတို့တည်း။ အစုအပုံသဘောကို ခန္ဓာဟု ဆိုသည်။

၁။ ဖောက်ပြန်ခြင်းသဘောရှိသော တရားဟူသမျှတို့ကို တစုတည်းပြု၍ ခန္ဓပညတ်ဖြင့် အမှတ်ပြုအပ်သော တရားစုသည် ရူပက္ခန္ဓာမည်၏။ ရူပက္ခန္ဓာဆိုလျှင် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါး၌ ဖြစ်ဖြစ်သမျှ ရုပ္ပနသဘောရှိသော တရားအလုံးစုံ အကုန်ပါဝင်လေတော့သည်။ ပထဝီ, အာပေါ စသော ရုပ် ၂၈ - ပါးတို့ကို ဆိုလို၏။ ဖောက်ပြန်ခြင်းသဘောကို 'ရုပ္ပန' ဟူ၍ ဆိုသည်။

ရုပ္ပတီတိ ရူပံ။ ရုပ္ပတိ - ဖောက်ပြန်တတ်၏။ ဣတိ တသ္မာ - ထို့ကြောင့်။ ရူပံ၊ ရုပ်မည်၏။ ရူပါနံ ခန္ဓော ရူပက္ခန္ဓော။ ရူပါနံ၊ ဖောက်ပြန်တတ်သော တရားတို့၏။ ခန္ဓော၊ အစုအပုံ တည်း။

ရူပက္ခန္ဓာ၊ ဖောက်ပြန်တတ်သောတရားတို့၏ အစုအပုံ။ ဖောက်ပြန်တတ်သောတရားမျိုးတွေ တစုဆိုလိုသည်။

၂။ ဝေဒနက္ခန္ဓာ စသည်တို့၌လည်း ထိုနည်းတူစွာ မှတ်ယူလေ။ ခံစားတတ်သော တရားမျိုးတစုကိုဝေဒနာက္ခန္ဓာဟု ခေါ်ဆိုသမုတ်၏။

၃။ မှတ်တတ်သော တရားမျိုးတစုကို သညာက္ခန္ဓာခေါ်ဆိုသမုတ်၏။

၄။ ပြုပြင်စီရင်တတ်သော တရားမျိုးတစုကိုသင်္ခါရက္ခန္ဓာဟု ခေါ်ဆိုသမုတ်၏။

၅။ သိတတ်သော တရားမျိုးတစုကို ဝိညာဏက္ခန္ဓာဟုခေါ် ဆိုသမုတ်၏။

ဤကား ခန္ဓာငါးပါး၏ သဘောအဓိပ္ပာယ် ပေတည်း။

## မေးမြန်းဖွယ်

ဤနေရာ၌ မေးဖွယ်ရှိသည်မှာ....

သင်္ခတ တရားတို့ကို ခန္ဓာညာဏ်ဖြင့် အစုခွဲ၍ ဟောတော်မူရာဝယ် မြောက်မြားစွာသော တရားတို့ကို ငါးပါးအစုကိုသာ အဘယ့်ကြောင့် ဟောတော်မူပါသနည်း၊ ထိုသင်္ခတ တရားတို့ကို ခြောက်ပါးစု ခုနစ်ပါးစု စသည်ဖြင့် စုပုံ၍ ခန္ဓာဒေသနာကို ဟောတော်မမူခဲ့သလော၊ ဤသို့မေးဖွယ်ရှိပေသည်။

**အဖြေကိုဆိုအံ့-**

သတ္တဝါအပေါင်းတို့ သံသရာ၌ ပျော်မွေ့၍ နေကြသည်မှာ တဏှာ အဖျော်အဖြေကြီးရှိသောကြောင့်သာလျှင် ပျော်ပါး၍ နေနိုင်ကြသည်။ တဏှာအဖျော်အဖြေ မရှိလျှင် သံသရာထဲမှာ ပျော်နိုင်ကြမည်မဟုတ်ချေ။ ထို့ကြောင့် တဏှာကို သတ္တဝါတို့၏ အဖော်ကြီး မိတ်ဆွေ ရင်း ကြီး ဟူ၍ မြ တ် စွာ ဘုရား ဟောကြားတော်မူပေသည်။

တဏှာ ဒုတိယော ပုရိသော။ ပုရိသော၊ သတ္တ ဝါ သည်။ တဏှာ ဒုတိယော၊ တဏှာသည်ပင် အဖော်သဟဲရှိ၏။ တဏှာ တည်းဟူသော အဖော်က အ ဖြေအ ဖျော် ကောင်း လေ လေ၊ သတ္တဝါတို့ သံသရာတွင်းမှာ ပျော်ရွှင်လေလေဖြစ်၏။ တဏှာကို သံသရာ့မိတ်ဆွေကြီး - ကမ္ဘာ့မိတ်ဆွေကြီး ဟူ၍လည်း ခေါ်ဆို ထိုက်ပေ၏။

## တဏှာ ကျက်စားရာနယ်များ

ထိုတဏှာ၏ ကျက်စားရာနယ်များကို ပိုင်းခြားလိုက်ပါလျှင် ငါးနယ် - ငါးခရိုင်မျှနှင့် ကိစ္စပြီးစီး၏။ ငါးနယ် – ငါးခရိုင်မှ တပါး တိုးတက်၍ ပိုင်းခြားသတ်မှတ်ရန် ခရိုင်ဌာန မရှိတော့ပြီ။ ထို ငါးနယ် - ငါးခရိုင် ဆို သည် မှာ ခန္ဓာငါးပါးတို့ ပင်တည်း။

ရူပ ခရိုင်နယ်၊ ဝေဒနာ ခရိုင်နယ်၊ သညာ ခရိုင်နယ်၊ သင်္ခါရ ခရိုင်နယ်၊ ဝိညာဏ ခရိုင်နယ် ဤ ငါး ခ ရိုင် ဖွဲ့ ၍ တ ဏှာ ၏ ကျက်စားရာဌာနကြီးငါးခုပြုလုပ်ထားသည်။ ထို ငါးခရိုင်သည် တဏှာ၏ ပိုင်ဆိုင်ရာ နယ်ကြီးဖြစ်၍ ထို ငါး ခ ရိုင် အ တွင်း မှာ ပျော်ရွှင်စွာ ကျက်စားသောသည်။

ထိုငါးခရိုင်သည်တဏှာ၏ကျက်စားရာတွင် အရေးအကြီးဆုံး အကျိုးအဆောင်ဆုံး ဖြစ်ကြကုန်၏။

ထို ငါးခရိုင်မှ ထွက်သော အခွန်တော် အသီးသီးတို့မှာ....

၁။ ရူပက္ခန္ဓာခရိုင်နယ်မှ သဏ္ဍာန်ဒြပ်မှစ၍ အထည် ဝတ္ထု အမျိုးမျိုးတွေ၊ အဆင်း - အနံ့ - အရသာ အစရှိသော ဝတ္ထုပစ္စည်းတွေ အမျိုးစုံထွက်၏။ အချုပ်အားဖြင့် ကာမဂုဏ်ငါးပါးခေါ်သော ပစ္စည်းဝတ္ထုမှန်သမျှသည် ရူပက္ခန္ဓာ ခရိုင်နယ်မှ ထွက်၏။ အခြား လေးခရိုင်တို့မှ မထွက်ချေ။

၂။ ခံစားခြင်းဟု ဆိုအပ်သော ဓါတ်သတ္တုတမျိုးသည် ဝေဒနက္ခန္ဓာခရိုင်မှ ထွက်၏။

၃။ မှတ်သားခြင်းဟုဆိုအပ်သော ဓာတ်သတ္တုတမျိုးသည် သညာက္ခန္ဓာခရိုင်မှ ထွက်၏။

၄။ ပြုပြင်စေ့ဆော်ခြင်းတည်းဟူသော ဓာတ်သတ္တုတမျိုး သည် သင်္ခါရက္ခန္ဓာ ခရိုင်မှ ထွက်၏။

၅။ သိခြင်းတည်းဟူသော ဓာတ်သတ္တုတမျိုးသည် ဝိညာဏက္ခန္ဓာခရိုင်မှ ထွက်၏။

ဤ ငါးခရိုင်မှ ထွက်သောပစ္စည်းဓာတ်သတ္တုတို့ကို စုဆောင်း လိုက်သည်ရှိသော် တဏှာ၏ နှစ်ခြိုက်ဖွယ် ကိစ္စပြီးစီး၏၊ ဤ ငါးခရိုင်မှ ထွက်သော ပစ္စည်း ဝတ္ထု ဓာတ် သတ္တု တို့ သည် တဏှာ၏ အသုံးအဆောင်များ ဖြစ်ကြကုန်၏။

ခန္ဓာငါးပါးတို့တွင် -

၁။ ဝေဒနာက္ခန္ဓာသည် သတ္တဝါတို့၏ သုံးဆောင်ခံစားမှု ဆိုင်ရာ အဖွဲ့ကြီးဖြစ်၏။ ထိုဝေဒနာက္ခန္ဓာဖြင့် သုံးဆောင်ခံစားမှု ကိစ္စအမျိုးမျိုးကို ဆောင်ရွက်ကြကုန်၏။

၂။ သညာက္ခန္ဓာသည် မှတ်သားမှုဆိုင်ရာ အဖွဲ့ကြီးဖြစ်၏။ ထိုသညာက္ခန္ဓာဖြင့် လူဖြစ်လျှင် လူနှင့် ဆိုင်ရာ မှတ်သားဖွယ် အမျိုးမျိုး၊ နတ်ဖြစ်လျှင် နတ်နှင့်ဆိုင်ရာ မှတ်သားဖွယ်အမျိုးမျိုး တို့ကို မှတ်သားကြပြီးလျှင် သိကျွမ်းလိမ္မာခြင်းသို့ ရောက်ကြလေ ကုန်၏။

၃။ သင်္ခါရက္ခန္ဓာသည် မိမိတို့သိကျွမ်းလိမ္မာပြီးသောအတိုင်း ကိုယ်မှုကိစ္စ၊ နှုတ်မှုကိစ္စ၊ မနောကိစ္စများကို ပြုလုပ် ဆောင်ရွက် ကြကုန်၏။ ဤသင်္ခါရက္ခန္ဓာ၏ ပြုပြင်လုပ်ကိုင် ဆောင်ရွက်မှု ကြောင့် သံသရာတခွင်မှာ သတ္တဝါတို့၏ ကိစ္စအမျိုးမျိုးတွေ ပြီးစီး၍နေသည်။ ကောင်းမှု-မကောင်းမှုခေါ်သော ကိစ္စများ ကိုလည်း ထိုသင်္ခါရက္ခန္ဓာဖြင့်သာလျှင် ပြုလုပ်၍ နေကြရသည်။

၄။ ဝိညာဏက္ခန္ဓာသည်ကား သတ္တဝါတို့အား အမြဲလမ်း ညွှန်ကြား၍ နေသော လက်ဦးဆရာကြီးကဲ့သို့ အဆင်းကို မြင်ခြင်း၊ အသံကို ကြားခြင်းစသော ကိစ္စတို့ကို ဆောင်ရွက်၍ နေ၏။ နာမ်ခန္ဓာ သုံးပါးတို့၏ ရှေ့သွားခေါင်းဆောင်ကြီး ဖြစ်၏။

ဝိညာဏက္ခန္ဓာ လမ်းညွှန်သော အတိုင်းပင်၊ ဝေဒနာက္ခန္ဓာ စသော နာမ်ခန္ဓာ သုံးပါးတို့သည် လိုက်ပါ၍ နေကြရကုန်၏။

[ ဝိညာဏက္ခန္ဓာကို ရှေ့သွားခေါင်းဆောင်၊ ကြွင်းသော နာမ်ခန္ဓာ သုံးပါးတို့ကို နောက်လိုက် ငယ်သားများ ဟူ၍ မှတ်သားအပ်၏။ ]

၅။ ရူပက္ခန္ဓာကြီးသည်ကား နာမ်ခန္ဓာလေးပါးတို့၏ တည်ရာဌာန ဩကာသကြီးဖြစ်ပေ၏။ ဤသို့ ပြဆိုအပ်ပြီးသော အတိုင်း တဏှာ၏ ကျက်စားရာ ခရိုင်အဖွဲ့ကြီးများကို သတ်မှတ်လိုက်သောအခါ၊ ငါးခရိုင်ဖြင့်သာလျှင် ကိစ္စပြီး စီးလေသောကြောင့် ခန္ဓဒေသနာကို ဟောတော်မူသော မြတ်စွာဘုရားသည် ငါးပါးမျှဖြင့် ပိုင်းခြား၍ဟောတော်မူပေသတည်း။ ခြောက်ပါး ခုနစ်ပါးစသည်ဖြင့် ဟောရန် နည်းလမ်းမရှိချေ။

[ ဤကား ခန္ဓာငါးပါးကို ဟောရခြင်း၏ အကြောင်းကို ပြဆိုသော စကားရပ်ပေတည်း။ ]

## သံသရာမှ ထွက်မြောက်ကြောင်း

ဤမျှဆိုလျှင် ခန္ဓာငါးပါးနှင့် သစ္စာလေးပါး၏ အခြင်းအရာကို ကောင်းစွာ သိသာလောက်ပေပြီ။ အကျဉ်းချုပ်လိုရင်း သဘောအားဖြင့်မူ သတ္တဝါမှန်သမျှ ခန္ဓာငါးပါးနှင့် မကင်း၊ ထိုခန္ဓာငါးပါးကို အကြောင်းပြု၍ပင်၊ ထိုခန္ဓာငါးပါးကို စွဲလမ်းတပ်မက်နေသောကြောင့်ပင်လျှင် သံသရာကြီးထဲတွင် ကျင်လည်မျောပါနေကြရချေသည်။

**သစ္စာလေးပါး** – ဟူသည်ကား၊ ထိုသံသရာကြီးကို ဖြတ်တောက်ပစ်လိုက်သော နည်းလမ်းဖြစ်သည်။

ခန္ဓာငါးပါးကို အကြောင်းပြု၍၊ သို့မဟုတ် ငါ့ကိုယ်ဖြစ်သည်၊ ငါခံစားသည် စသဖြင့် အယူအမှတ်မှား၍ သံသရာကြီးထဲတွင် ကျင်လည်မျောပါနေရသော သတ္တဝါမှန်သမျှ၊ သစ္စာလေးပါးကို အမှန်အတိုင်း သိမြင်မှသာ သံသရာ ဝဋ္ဋဆင်းရဲကြီးထဲမှ ကျွတ်လွတ်ထွက်မြောက်နိုင်သည်။

သစ္စာလေးပါးဟူသည် ဤသို့သော ဂုဏ်ကျေးဇူး ထူးမြတ်လှသော အဖြစ်ကြောင့်ပင်လျှင် ဗုဒ္ဓ မြတ် စွာ ဘုရား ၏ ဝါဒ 'ဗုဒ္ဓဝါဒ' ဟူ၍လည်း အလေးအနက် လက် ခံ ယုံ ကြည် ရ မည် ဖြစ်ပေသည်။

ထို့နောက် - ဗုဒ္ဓသာသနာတော်အဖြစ် တိုက်ရိုက် သိနားလည်ခဲ့ရသော အကြောင်းတရပ်လည်း ရှိပေသေးသည်။

## ဗုဒ္ဓသာသနာ

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။

သ စိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

အလုံးစုံသော အကုသိုလ်ကို မပြုခြင်းသည် လည်းကောင်း၊ ကုသိုလ်ဆယ်ပါး - မြတ်တရားကို ဆည်းပူး ပြည့်စုံ စေခြင်းသည် လည်းကောင်း၊ မိမိစိတ်ကို ဖြောင့်မတ်ဖြူစင်စွာ ထား အပ် ခြင်း သည် လည်းကောင်း၊ မြတ်စွာဘုရားတို့၏ အစဉ်အလာဖြစ်သော အဆုံးအမ (သာသနာ) တော် ပေတည်း။

ဤကား - ဩဝါဒ ပါတိမောက်လာ ဗုဒ္ဓသာသနာတော်၏ အခြင်းအရာ (တစိတ်တဒေသ) ဖြစ်လေသည်။

စင်စစ်အားဖြင့်ကား မြတ်စွာဘုရားသခင်၏ သာသနာတော်ဟူသည် သမုဒ္ဒရာအလယ်တွင် ယုန်သူငယ် ခြေထောက်၍ မမှီနိုင်သည်မျိုးသာ ဖြစ်ပေသည်။ သိမ်မွေ့ ခက်ခဲ နက်နဲ ကျယ်ပြန့်လှစွာသော အခြင်းအရာဖြစ်၍ ယခုကဲ့သို့ တခုတည်း - တမျိုးတည်းသဘောကို ဗုဒ္ဓမြတ်စွာ၏ သာသနာတော် အဖြစ် ထုတ်ဖော်ဆိုညွှန်းရသည်မှာပင် မလျော်ကန်သည့်ပမာ၊ မပြုကောင်းသည့်ပမာမျိုး ဖြစ်နေပေသည်။

သို့သော် - ဤစာရေးသူတွင် မိမိကိုယ် မိမိ ယုံကြည် စိတ်ချနေသော အကြောင်းတရပ် ရှိပေသည်။

ဗုဒ္ဓဘာသာနှင့် စပ်လျဉ်းသော အကြောင်းခြင်းရာ၊ ဘာသာရေးစာပေများကို ယခုကဲ့သို့ ရေးသားပြုစုနေရခြင်းမှာ ဗုဒ္ဓမြတ်စွာဘုရား၌၎င်း၊ သာသနာတော်၌၎င်း အလေးအနက်သက်ဝင်ကြည်ညိုခြင်း၊ သဒ္ဓါတရား ရှိခြင်း ကြောင့် သာလျှင်ဖြစ်ပေသည်။

ပြည့်စုံအောင်ဆိုရလျှင် စာပေနယ်တွင် နှစ်ပေါင်းများစွာကျင်လည်ကြာမြင့်လာခဲ့သည့် အတွေ့အကြုံများအရလည်း ဖြစ်ပေသည်။

# စာပေနယ်အတွေ့အကြုံ

စာရေးသူသည် ယနေ့အထိ စာပေနယ်တွင် ကျင်လည်ကြာမြင့်ခဲ့ရာ၌–

" ငရဲကြီးတယ်ဆိုတာ - တကယ်လား....၊ငရဲပြည်ကို ဘယ်သူရောက်ဖူးသလဲ၊ ဘယ်လမ်းက သွားရသလဲ၊ ငရဲကြီး ရှစ်ထပ်ဆိုတာကော - တကယ်လား ..၊ငရဲပြည်ကို ဘယ်သူ လက်ညှိုးထိုးပြနိုင်သလဲ "

ဤကဲ့သို့ ပြောဆိုမေးမြန်းသူများနှင့်လည်း တွေ့ခဲ့ရဘူးသည်။

" ပရဒါရိကံဆိုတာ တကယ်လား....၊ သူတပါး သားမယားကို ပြစ်မှားတဲ့ လူများဟာ ငရဲမှာ နှစ်ပေါင်းများစွာ ခံရရုံသာမဟုတ်သေးဘူး။ ခွေးဖြစ် - ခွေးရူး၊ လူဖြစ် – လူရူး၊ ပြီးတော့မိန်းမရှာ – ယောကျ်ားရှာတွေ ဖြစ်ရတယ်ဆိုတာ ဟုတ်သလား။

" ဒီလိုသာ ဖြစ်စတမ်းဆိုရင် ဒီနေ့ခေတ်မှာ လူကောင်းသူကောင်း၊ ယောကျ်ားအစစ်၊ မိန်းမအစစ် ဖြစ်စရာ လူတောင်မရှိတော့ဘူး.... "

ဤကဲ့သို့ ပြောသူများနှင့်လည်း တွေ့ခဲ့ရဘူးသည်။

## မကျေနပ်နိုင်သူ

" ကျွန်တော်လောက် ဘုရားရှိခိုးတာ ကျွန်တော်ဘဲရှိတယ်။ သုံးနှစ်ကျော်လာပြီ၊ တနေ့မှ ဝတ်မပျက်ခဲ့ဘူး၊ ဘုရားရှိခိုးပြီး နတ်တွေကို အမျှဝေ၊ တိုင်တည်ပန်ကြားလိုက်တာလဲ နတ်တွေမှာ နားတောင် ပူနေပြီ။

" ဒါပေမယ့် ဘာမှ ထူးထူးခြားခြား အကျိုးမပေးဘူး၊ ဘာ အလုပ်မှလဲ မဖြစ်ဖူး။ ဒီပြင်ဘုရားမရှိခိုးတဲ့လူတွေ၊ လုပ်ချင်ရာ လုပ်နေတဲ့သူတွေကျတော့ အလုပ်တွေ ဖြစ်လိုက်တာကို အမျိုးမျိုးဘဲ၊ ပိုက်ဆံရလိုက်တာလဲ အလွန်ဘဲ "

ဤကဲ့သို့ မကျေနပ်ခြင်း ကြီးစွာ ဖြစ်နေသူမျိုးနှင့်လည်း တွေ့ခဲ့ဘူးသည်။

## လိုအပ်ခြင်း

ဤသို့တွေ့ကြုံရခြင်း၊ ဆန့်ကျင့်ဘက် ဖြစ်ရခြင်းများမှာ သဘောရိုးနှင့် ပြောသည်ဖြစ်စေ၊ အရွဲ့တိုက်ပြီး ပြောသည် ဖြစ်စေ၊ စိတ်မချမ်းသာ–နားမချမ်းသာ ဖြစ်ရသည်ကား အမှန်ပင်။

သို့နှင့်အမျှ မိမိလက်လှမ်းမှီသမျှ ပြန်လည် ရှင်းပြရန်လည်း လိုအပ်နေပေသည်။ သဘောရိုးနှင့် ပြောခြင်းဖြစ်ခဲ့လျှင်လည်း စေတနာကောင်းဖြင့် ပြန်လည်ရှင်းပြထိုက်သည်။ အရွဲ့တိုက်ခြင်း ဖြစ်ခဲ့လျှင်လည်း ထိုက်တန်သလောက် ပြန်လည် ချေပကောင်းသည်သာ ဖြစ်ပေသည်။

## ငရဲကြီးတယ်ဆိုတာ တကယ်လား

တခါကမူ ' ငရဲကြီးတယ်ဆိုတာ တကယ်လား ' ဆိုသူနှင့် သုံးနာရီကြာမျှ ရင်ဆိုင်ဆွေးနွေးခဲ့ရဘူးသည်။

သူကလည်း စာရေးဆရာတဦး၊ သူ့အိမ်တွင် ဘုရားစင်မထား၊ ဘုန်းကြီးကို ရှိမခိုးဟူသော စကားဖြင့် ဂုဏ်ယူဝင့်ကြွားနေသူဖြစ်သည်။ တနေ့သောညတွင်ကား သူကပင် လိုလိုချင်ချင် သူ့အိမ်သို့ ဖိတ်ခေါ်သွားသည်။

" အလုပ်တိုက်မှာဆိုတော့ အေးအေး ဆေးဆေး စကားပြောချိန်မရဘူး၊ ဒါကြောင့် အိမ်ခေါ်လာရတာ၊ ဒီညတော့ မအိပ်တမ်းပေါ့ "

" ကောင်းပါတယ်၊ သဘောချင်း တူတာ - မတူတာအပထား၊ ကိုယ် ယုံကြည်တာ ကိုယ် ပွင့်ပွင့် လင်းလင်း ဆွေးနွေးရတာပေါ့ "

" ဟုတ်တယ် - ကျွန်တော်တွေးမိတာက ဒီလိုလေ၊ ငရဲကြီးတယ်ဆိုတာ ဘယ်သူမှလဲ ကိုယ်တိုင်ကိုယ်ကျတွေ့ဘူးတာ မှတ်ဖူး၊ ငရဲပြည်ဟာ ဟောဒီနေရာမှာ ရှိပါတယ်လို့လဲ လက်ညှိုးထိုး မပြနိုင်ဘူး - မဟုတ်လား "

" မှန်တယ်၊ အဲ့ဒါကို ကျွန်တော် လက်ခံပါတယ်၊ သို့သော် လောကမှာ ယုတ္တိသုံးပါးရှိတယ်၊ အာဂမယုတ္တိ၊ ပသာဒယုတ္တိ၊ သဘာဝယုတ္တိ။ ဒီတော့ ငရဲကြီးရှစ်ထပ်ဆိုတာမှာ၊ အာဂမယုတ္တိကျမ်းဂန်စာဆိုသဘောနဲ့ ပြောမနေတော့ဘဲ၊ သဘာဝ ယုတ္တိနဲ့ ဆွေးနွေးဝေဖန်ကြည့်ရယင် မကောင်းပေဘူးလား "

" ကျွန်တော်ကလဲ အဲ့ဒီလိုဘဲ သိချင်ပါတယ် "

## မကောင်းကျိုး

" ကောင်းပြီ - ဒါဖြင့် ကျွန်တော်တို့ သဘာဝယုတ္တိဆိုတဲ့ ကြောင်းကျိုးဆက်စပ်မှု၊ လျော်ကန်သင့်တင့်မှုနဲ့ဘဲ စူးစမ်းတွေး ခေါ်ကြည့်ကြစို့။ ဥပမာ - ခင်ဗျားက တနေ့ အိမ်ထဲမှာ ထိုင်နေ တယ်ဆိုပါတော့ အဲ့ဒီအခါမှာ တခြားစာရေးဆရာတယောက်က ခင်ဗျားအိမ်ရှေ့ကနေ ဖြတ်လျှောက်သွားတယ်။

" အဲ့ဒီစာရေးဆရာက ခင်ဗျားထက်အဖက်ဖက်ကသာတယ်၊ စာအုပ်ဦးရေမှာလဲ ခင်ဗျားထက် ပိုလွန်ပြီး ရောင်းရတယ်။ ခင်ဗျားထက်လဲ ပိုပြီး ကျော်စောထင်ရှားတယ်။ ဝင်ငွေနဲ့ ဂုဏ် အရှိန်အဝါကလဲ ခင်ဗျားထက် ပိုလွန်ပြီး ပြည့်စုံ မြင့် မားတယ်။

" ဒီတော့ - သူ့ကို တွေ့လိုက်ရတဲ့ အချိန်မှာ ခင်ဗျားက စာရေးဆရာချင်းအတူတူ ဒီကောင်က ငါ့ထက်သာမှ သာရလေ ခြင်းလို့ မနာလိုတဲ့စိတ် ဖြစ်မိတယ်ဆိုပါတော့....၊ အဲ့ဒီအခါမှာ ခင်ဗျားရင်ထဲ ချမ်းသာသလား၊ မချမ်းသာဘူးလား၊ ပြီးတော့ ခင်ဗျားမျက်နှာမလဲ ကြည်လင်သလား၊ မကြည် လင် ဘူးလား၊ သွေးခုန်နှုန်းကကော အမှန်အတိုင်းဘဲ ရှိနေသလား၊ ပိုပြီးတော့ ခုန်လာသလား"

" ကျွန်တော်သိပါပြီ၊ မကောင်းတဲ့စိတ် ဖြစ်ပေါ်နေတဲ့ အခါမှာ မကောင်းတဲ့ အခြေအနေဖြစ်လာတယ်လို့ ပြောချင် တာ မဟုတ်လား"

" အင်းလေ....၊ ခင်ဗျားလဲ စဉ်းစားတတ်တဲ့ လူတယောက်ပဲ၊ ကိုယ့်ဟာကိုယ် အဖြေရှာကြည့်ပေါ့၊ ပြီးတော့ ကျွန်တော်တို့

စာပေနဲ့ နီးစပ်တဲ့ ခင်ဗျားလဲ သိပြီးသား အကြောင်းတခုကိုပဲ ပြောရဦးမယ်။

## ငရဲပြည်

"ရှေး မင်းတွေ လက်ထက်က ဆိုပါတော့ဗျာ၊ ရာဇဝတ်သားတွေကို သုသာန်ထုတ်ဓားခုတ်သတ်စေ ဆိုတာမျိုး၊ တောင်စွယ်နေကွယ်တဲ့အခါ အသက်ဆုံးအောင် စီရင်စေ ဆိုတာမျိုး ခင်ဗျားကြားခဲ့ ဖတ်ခဲ့ဘူးမှာပေါ့"

"ဟုတ်ကဲ့ - ကြားခဲ့ဘူးပါတယ်"

"ဒီခေတ်ကျတော့ အဲ့ဒါမျိုးတွေ ကြားရ တွေ့ရသေးသလားဗျာ"

"ဟာ....၊ ဒီလို အပြစ်ဒဏ်ပေးတာမျိုးတွေက ဒီနေ့ခေတ်မှာ ဘယ်ရှိတော့မလဲ"

"ကောင်းပြီ - ဒါဖြင့် ဒီနေ့ခေတ်မှာ မရှိတော့လို့ ဟိုတုန်းကလဲ ဒါမျိုးတွေ ရှိခဲ့မှာ မဟုတ်ပါဘူးလို့ ခင်ဗျားယုံကြည်သလား"

"ဟာ....၊ ဒီလိုတော့ ဘယ်ဟုတ်မလဲ၊ ဟိုခေတ်ကာလ အခြေအနေက တမျိုးဘဲ"

"အဲ့ဒီအခြေအနေ ဆိုတာကို ခင်ဗျားမျက်စိနဲ့ ခင်ဗျားကိုယ်တိုင် မြင်ရ - တွေ့ရသလား"

"ဟာ....၊ ဒါကတော့ မဖြစ်နိုင်တာဘဲ"

"ဒီလိုဆိုယင် ရှေး င်းတွေ လက်ထက်က ရာဇဝတ်သားတွေကို ဓားနဲ့ ခုတ်ပြီး သတ်ခဲ့တယ်၊ အပြစ်ဒဏ် ပေးခဲ့တယ် ဆိုတာကိုကော ခင်ဗျားမယုံကြည်ဘူးလား"

" ဒါကတော့....၊ ဒါကတော့၊ ဟာ....၊ ယုံကြည်တာပေါ့ဗျာ၊ ဟိုခေတ်က အုပ်ချုပ်ရေးနဲ့ ဟိုခေတ်က အခြေအနေက ဒီနေ့ခေတ်နဲ့မှ မတူတာဘဲ"

" ကိုယ်တိုင်ကိုယ်ကျ မတွေ့ရပေမယ့် အခြေအနေ အကြောင်းအကျိုးအားလျော်စွာ ယုံကြည် လက်ခံထိုက်တယ် ဆိုပါတော့ ဟုတ်လား"

" မှန်သလေ"

" ဒါဖြင့် စောစောက ပြောခဲ့တဲ့ မကောင်းတဲ့စိတ် ဖြစ်ပေါ်လာလို့ မကောင်းတဲ့ အခြေအနေဖြစ်လာရတယ် ဆိုတာဟာ....၊ လက်တွေ့ငရဲကြီးဘာဘဲလို့ လက်မခံနိုင်ပေဘူးလားဗျာ၊ ပြီးတော့ ရှေးရှေးက ရာဇဝတ်သားတွေ ဒီလိုဘဲ အပြစ်ဒဏ်ခံခဲ့ရတယ် ဆိုဘာကို ကိုယ်တွေ့မျက်မြင် မဟုတ်သော်လဲဘဲ ခေတ်ကာလ အခြေအနေအရ ယုံကြည်လက်ခံနိုင်ခြင်းအားဖြင့် ငရဲကြီးဘယ်၊ ငရဲခံရတယ် ဆိုတာကိုလဲ ကိုယ်တွေ့မျက်မြင် မဟုတ်စေကာမူ ကြောင်းကျိုးလျော်ကန်မှု အားလျော်စွာ လက်မခံ ထိုက်ပေဘူးလား"

အိမ်ရှင်ဆွေးနွေးသူသည် မည်သို့မျှ ခွန်းတုံ့ပြန်၊ တခဏတာမျှ နှုတ်ဆိတ်ငြိမ်သက် နေသည်။ စာရေးသူကသာ အားတုံ့အားနာဖြင့် စကားဆက်လိုက်ရသည်။

" အမှန်တော့ ရာဇဝတ်သားတွေ ဆိုတာက စာပေသမိုင်းကြောင်းအားဖြင့် ကျွန်တော်တို့နဲ့ အနီးစပ်ဆုံး ရင်းနှီး ကြားသိပြီးသားမို့သာ ဒီဥပမာကို တင်စားဆိုညွှန်းလိုက်ရတာပါ။ ငရဲပြည်ဟာ ကိုယ်ကိုင်မျက်မြင်မဟုတ်ပေမယ့် စင်စစ်ရှိနေတယ်၊

ရှိကောင်းတယ် ဆိုတာကိုတော့ ဒီ့ပြင် လောကသဘာဝ ကြောင်းကျိုးဆက်စပ်မှုတွေနဲ့ ပြစရာ အများကြီး ရှိနေပါတယ်။

" ဥပမာ – ဒီနေ့မျက်မှောက်ခေတ်မှာလဲအကျဉ်းထောင်တွေ အချုပ်ခန်းတွေ ရှိနေတာဘဲ မဟုတ်လား၊ ဒီ အကျဉ်းထောင်နဲ့ အချုပ်ခန်းတွေမှာ အနေအစား ဘယ်လိုဆင်းရဲတယ်၊ ယုတ်စွာ့ အဆုံး အပြင်မှာလိုတော့ ဘယ်နည်းနဲ့မှ မလွတ်လပ်ဖူးဆိုပါ တော့။

" သို့သော် – ဒါတွေကို ခင်ဗျားတို့ – ကျွန်တော်တို့ မျက်မြင် ကိုယ်တွေ့ သိသလားဆိုတော့၊ သူပြော – လူပြောတဆင့်ကြားဘဲ မဟုတ်လား "

" အဲ့ဒီတော့... "

" အဲ့ဒီတော့ – လိုရင်းဆိုရယင် ဒီ မျက်မှောက်ခေတ် အကျဉ်း ထောင်၊အချုပ်ခန်းတွေကို ကိုယ်တိုင်မျက်မြင်မဟုတ်စေကာမူ"

" တော်ပြီ – တော်ပြီ၊ ခင်ဗျား ဘာပြောချင်တယ် ဆိုတာ ကျွန်တော်သိပြီးပြီ။ ငရဲပြည် ဆိုတာကိုလဲ ဒီ သဘောမျိုးဘဲ လက်ခံထိုက်တယ်ဆိုပါတော့ – ဟုတ်လား "

## နတ်ပြည် – နတ်ရွာ

" အမှန်တော့ ငရဲပြည်တင် မဟုတ်ဖူးဗျာ့၊နတ်ပြည်ဆိုတာလဲ ထိုနည်းရင်းဘဲ။ အဲ့ဒီနတ်ပြည်–နတ်ရွာနဲ့ ပတ်သက်လို့ ကျွန်တော် တင်ပြချင်တာလေးတခုရှိသေးတယ် "

" ခင်ဗျားက ပန်းချီဆရာတွေ စိတ်ကူးယဉ်ထားတဲ့ အချွန်အတက်တွေကို သဘောကျနေပြန်ပြီထင်တယ် "

" ထားပါလေ ...၊ အချွန်အတက်ပဲဖြစ်ဖြစ်၊ အတုံးအတိပဲဖြစ်ဖြစ်၊ သို့သော် အဲ့ဒီနတ်ပြည် - နတ်ရွာ၊ နတ်တို့ရဲ့ စည်းစိမ်ချမ်းသာတွေနဲ့ ပတ်သက်လို့ ကျွန်တော် မေးချင်တာ တခုရှိတယ်.... "

" မေးပါဗျာ - ကြိုက်သလို မေးနိုင်ပါတယ် "

" ကျွန်တော်တို့ တိုင်းပြည်မှာလဲ ရှိတန်သလောက်တော့ ရှိပါတယ်။ သို့သော် သူတို့နဲ့ စာလိုက်ယင် သိပ်ပြီး မပြောပလောက်လို့ သူတို့တိုင်းပြည် သူတို့အဆောက်အဦးတွေနဲ့ဘဲ ခိုင်းနှိုင်း တင်စားပြီး ပြောကြစို့။

" ဥပမာဗျာ....၊ ဝင်ဆာရဲတိုက်ကြီး ဘယ်လောက် ကြီးကျယ်ခမ်းနားတယ်၊ စိန့်ဂျိန်းနန်းတော်ကြီး ဘယ်လို ခမ်းနားသိုက်မြိုက်တယ်၊ ဆိုဗီယက် ရုရှားက ဇာဘုရင်တွေရဲ့ ကရင်မလင်နန်းတော်ကြီး ဘယ်လောက် ကြီးကျယ်ခမ်းနားတယ်၊ မဂိုဘုရင်တွေရဲ့ စံနန်းတော်များဟာ ဘယ်လောက် ထူးခြားဆန်းကျယ်ခဲ့တယ်ဆိုတာတွေကို ခင်ဗျားသိပြီးသား မဟုတ်လား "

" အင်းပေါ့.... "

" ကောင်းပြီ ...၊ အဲ့ဒီလောက် ထူးခြားဆန်းကျယ် ခမ်းနားသိုက်မြိုက်လှတဲ့ အဆောက်အဦကြီးတွေဟာ သူတို့ တိုင်းပြည်အတွင်းမှာဘဲ ရှိနေကြတယ်။ အထင်အရှား - အစစ်အမှန် တည်ရှိနေကြတယ်။

" ဒီ အဆောက်အဦ ဘုံ ဗိမာန်ကြီးတွေထဲမှာ သက် ဆိုင် ရာ ပိုင်ရှင် ရှင်ဘုရင်ဘဲဖြစ်ဖြစ်၊ မြို့စား - နယ်စားတွေဘဲဖြစ်ဖြစ်ပေါ့ဗျာ၊ အဲ့ဒီစည်းစိမ်ရှင်တွေကလဲ အမျိုးမျိုးစံစား နေကြတာဘဲ၊ ကြီးကျယ်နေကြတာဘဲ။

" သို့သော် - အဲ့ဒီစည်းစိမ်ချမ်းသာတွေ၊ အ ဆောက် အ ဦ ဘုံဗိမာန်ကြီးများရဲ့ ထူး ခြား ဆန်း ကျယ် မှု တွေကို သူတို့လက်အောက်ခံ တိုင်းသူပြည်သား ကျေးတော်မျိုး - ကျွန်တော်မျိုး တွေဆိုပါတော့၊ အဲ့ဒီများရာစု ဆင်း ရဲ သား တွေ က သိမြင်တွေ့ကြုံခွင့် ထိတွေ့ခံစားနိုင်ခွင့် ရှိပါ့မလား.... "

" ဒါကတော့ - ဘာဆိုင်လဲဗျာ့၊ အ ထ က် တ န် း စ ာ း က အထက်တန်းစား၊ အောက်တန်းစားက အောက်တန်းစားဘဲ "

" မဟုတ်ဖူး - မဟုတ်ဖူး၊ ကျွန်တော့်ဆိုလိုရင်းက ဒီ လူတန်းစား ကွာခြားမှုကို ဆိုလိုတာ မဟုတ်ဖူး "

" ဒါဖြင့် ခင်ဗျားပြောချင်တာက ဘာလဲ - ဆက်စမ်းပါအုံး.... "

" ဒီလိုဗျာ....၊ အဲ့ဒီဘုံဗိမာန်ကြီးတွေ တည် ရှိ တဲ့ နေရာဟာ သာမန်ဆင်းရဲသားတွေ နေထိုင်ရာနဲ့ တ ပြည် တ ရပ် ခြ ာ း လဲ မဟုတ်ဖူး၊ မိုးကောင်းကင်မှာလဲ မဟုတ်ဖူး၊ ဒီရေ - ဒီ မြေတလွှာထဲမှာဘဲ တည်ရှိနေခဲ့တာ မဟုတ်လား "

" အဲ့ဒီတော့.... "

" အဲ့ဒီတော့ - နတ်ပြည် နတ်ရွာ၊ နတ်တို့နဲ့ စည်းစိမ်ချမ်းသာ ဆိုတာ ရှင်းနေဘီလေ....၊ မိုးကောင်းကင်မှာလဲ မ ဟုတ်၊ မဟာ

သမုဒ္ဒရာထဲမှာလဲ မဟုတ်ဘဲ တမြေတရေထဲ တစပ်တလွှာထဲမှာ ထင်ရှားရှိနေသူတွေနဲ့ ဘုံဗိမာန် စည်းစိမ်ချမ်းသာ ကိုတောင် လူတိုင်းမရွေး သိရှိတွေ့မြင်ခွင့် ထိတွေ့ခံစားခွင့် မရှိနိုင်ဘူး ဆိုခဲ့ယင်...''

အိမ့်ရှင်ဆွေးနွေးသူသည် ဤစာရေးသူ၏မျက်နှာကို စူးစိုက်တွေ့ဝေပြီး ကြည့်နေသည်။ ပြီးမှ အေးဆေးငြင်သာ ဆိုလာသည်။

''အေးဗျာ....၊ ခင်ဗျားနဲ့ ဆွေးနွေးရတာကတော့ ကောင်းပါဘယ်၊ သဘောချင်း တူဘာ - မတူတာ ခင်ဗျားပြော သမျှ လက်ခံနိုင်တာ - လက်မခံနိုင်တာ အပထားပြီး ဆွေးနွေးတင်ပြတဲ့ ပုံစံကိုတော့ ကျွန်တော်သဘောကျပါတယ်။

''ဒီလိုဗျာ....၊ အကြောင်းအရာဘခု ဆွေးနွေး ညှိနှိုင်းတယ် ဆိုဘာ နားလည်ရှင်းလင်းနိုင်လောက်တဲ့ အခြေအနေမျိုး လိုအပ်တယ် မဟုတ်သား....၊ ငရဲကြီး ရှစ်ထပ်ရှိပါတယ်လို့ ပါဠိ နာမည်တွေနဲ့ ရေတွက်ပြတာအစား ကြောင်းကျိုး ဆင်ခြင်တုံ သဘောနဲ့ ပြောပြတာကတော့ သိနားလည်လွယ်တဲ့ အခြေ အနေ ရှိတယ် မဟုတ်လား''

''ဟုတ်တယ် ...၊ ကျွန်တော်ကလဲ အဲ့ဒီလိုဘဲ သိလွယ်အောင် တင်ကြိုးစားပြီး ပြောရတာပါ''

''ဟုတ်ကဲ့-နတ်ပြည်နတ်ရွာဆိုတာကိုလဲ ကျွန်တော်သဘော ကျပါတယ်၊ ကိုယ်နဲ့ဘစပ်ထဲ တလွှာထဲ ဖြစ်တည်နေတဲ့ ဘုံဗိမာန် စည်းစိမ်ချမ်းသာတွေကိုတောင် လူတိုင်း - လူတိုင်း သိမြင်

ထိတွေ့နိုင်ခွင့် မရှိလေတော့ နတ်ပြည် - နတ်ရွာ ဆိုတာ ဟာ လဲ ကိုယ်လက်လှုပ်မမှီနိုင်လို့သာ ထင်ရှားမတွေ့မြင်ရပေမဲ့ စင်စစ် ရှိနေကောင်းတယ်ဆိုတာတော့ အကြောင်း အကျိုး လျော်ကန် ဆက်စပ်ပါတယ်"

"အဲ - ဒီလိုဆိုတော့ ကျွန်တော်က နတ်ပြည် တကယ်ရှိတဲ့ အကြောင်းကို ထပ်ဆင့်ပြီး အထောက်အထားပြရအုံးမယ်....၊ လုပါတယ်ဆို ရေမချိုးရသေးလို့ ဆိုတာမျိုးလို့ပေါ့ဗျာ။ ဒီမှာ ကို.... ....ရဲ့ နတ်ပြည်ဆိုတာ ဟို အဝေးအလှမ်းကို အပထား။ ခု လောလောဆယ်မှာကို ခင်ဗျားနဲ့ ကျွန်တော် နတ်ပြည်ရောက် နေတာဗျ"

"ဟင် - ဘာဖြစ်လို့"

"အို....၊ နတ်ပြည်ကို တကယ်ရောက်နေလို့ ရောက်တဲ့ အကြောင်း ပြောလိုက်ရတာပေါ့"

"ခင်ဗျားစကားက ဆန်းလှချည့်လား ဆိုစမ်းပါအုံး"

## သူ့ သဘော - သူဆောင်

"အို....၊ ဘာဆန်းစရာရှိလဲဗျာ....၊ သူ့ သဘော - သူဆောင်
နေတာ အထင်အရှားကြီးဘဲ။ ခု - ခင်ဗ
တာက အသိပညာ၊ ဘာသာရေး အယူ
မဟုတ်သား....၊ ဒီတော့ ကျွန်တော်တို
ကြောက်ရွံ့စရာ၊ ထိတ်လန့်စရာမရှိဘူး

"ဒီထက် ပြည့်စုံအောင်ပြောရယ
မူတည်ပြီး ကောင်းတဲ့စိတ် ဖြစ်၊ ချမ်

အိပ်ချင်ရမှန်းတောင် မသိဘူး။ တကယ်လို့သာ လူသတ်ဖို့၊ ခေးပြု တိုက်ဖို့၊ ရပ်ကွက်မီးရှို့ဖို့ ပြောနေခဲ့ယင် ခုလိုချမ်းသာကြည်နူးမှု ဖြစ်နိုင်ပါ့မလား... ”

အိမ့်ရှင်ဆွေးနွေးသူသည် ဟက် ဟက် ပက် ပက်ပင် ရယ်မောနေသည်။

ထို့နောက်ပိုင်းတွင်ကား အကြာအရှည် ဆက်လက် မဆွေးနွေးဖြစ်၊ သန်းခေါင်ကျော် သုံးနာရီထိုးနေပြီဖြစ်၍ စကားဖြတ်ကာ အိပ်ကြရတော့သည်။

## ပရဒါရကံဆိုတာ တကယ်လား၊ ဘုရားရှိခိုးလာတာ သုံးနှစ်ကျော်ပြီ

ထိုသူများနှင့် ဆွေးနွေးရခြင်းကိုကား ဤနေရာ၌ ဆက်လက် မဖော်ပြလိုတော့ပေ။ အစဦးစွာ ဆိုညွှန်းခဲ့ရင်း ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ အကြောင်းနှင့် အလှမ်းကွာသွားမည်စိုး၍ ထို စတင်ဆိုခဲ့ရင်း ဖြစ်သည့်အကြောင်းရပ် ( ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ )ကို ပြန်ကောက်ရပေဦးမည်။

## ဗုဒ္ဓဝါဒ – ဗုဒ္ဓသာသနာ

ရှင်အဿဇိက ဥပတိဿပရိဗိုဇ်အား အမြွက်မျှဟောကြားခဲ့သည့် တရားမှာ စင်စစ်အားဖြင့် “ သစ္စာလေးပါး ” ပင် ဖြစ်ကြောင်း အထက်တွင် ဆိုညွှန်းဖော်ပြခဲ့ပြီး ဖြစ်ပေသည်။

နောက် ဩဝါဒ ပါတိမောက်လာ “ သဗ္ဗပါပဿ အက

ရကံ '' ဆိုသည်မှာလည်း ဗုဒ္ဓသာသနာတော်၏ ရင်းမြစ် မူလ ဖြစ်ကြောင်း ကောင်းစွာ သိသာထင်ရှားနေခဲ့ပြီး ဖြစ်သည်။

ဗုဒ္ဓဝါဒ – ဗုဒ္ဓသာသနာဆိုရာ၌ ထို အကြောင်းနှစ်ရပ်ကိုပင် မိမိတတ်စွမ်းနိုင်သမျှ ခွဲထုတ်ဖော်ပြရလျှင် အလွန်ကောင်းမြတ် လှသည်သာ ဖြစ်တော့သည်။ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် ကျမ်းတတ် ပညာရှင်တို့သည်လည်း နှစ်သက် ဝမ်းမြောက်တော်မူချိမ့်မည်။

သို့သော် ဝေဖန်ပိုင်းခြားရန် အကြောင်းတခုရှိနေသည်။

တရားသဘာဝဆိုသည်မှာ ( အမျှားပညာရှင်၊ ဆရာတော် အရှင်သူမြတ်တို့ သိနေကြပြီးအတိုင်း ) တရားနာ ပုဂ္ဂိုလ်၏ အခြေအနေပေါ်တွင်လည်း များစွာ တည်နေလျက်ရှိသည်။

ထုတ်ဖော်ဆိုညွှန်းသူက သဒ္ဓါတရား မည်မျှ ထက်သန်စေ၊ တရားနာသူက အလှမ်းမမှီနိုင်လျှင်လည်း ရည် မှန်း သ လောက် ခရီးမရောက်နိုင် ဖြစ်တတ်ချေသည်။

ဗုဒ္ဓဝါဒ – ဗုဒ္ဓသာသနာဆိုရာ၌ ဤစာရေးသူ၏ ရည်ရွယ်ရင်းမှာ များရာစုပရိသတ် ဘာသာတရားနှင့် အ လှမ်း ဝေး နေ သူ၊ ဗုဒ္ဓအကြောင်းကို အခြေခံ အမြန်နည်း သိချင်သူ၊ မြန်မာစကား ပြေနည်းအားဖြင့် သိ နား လ ည် လွ ယ် ချ င် သူ များ အ တွက် လက်လှမ်းမှီ လျှော်ကန်နိုင်စေမှုလည်း ဖြစ်ပေသည်။

ထိုကဲ့သို့ လိုရင်း အ ကျဉ်း ချုပ် သ ဘော ကို သိရလျှင် မိမိတို့ သဒ္ဓါတရား ပါရမီဓာတ်ခံအားလျော်စွာ ဝိပဿနာစခမ်းသို့တိုင် ဆက်လက် ပေါက်မြောက် သွားချိမ့်မည် ဟူ၍လည်း ယုံကြည် မြော်လင့်ရင်းစွဲ ရှိနေပေသည်။

ဤနေရာ၌ တရားသဘာဝ၏ သိမ်မွေ့နက်နဲမှုတရပ်ကိုလည်း အကြောင်းအားလျော်စွာ ဆက်စပ်ဖော်ပြချင်ပေသေးသည်။

## အညတရ ဥက္ကဏ္ဌိတ ဘိက္ခု ဝတ္ထု (ဓမ္မပဒ)

ဗုဒ္ဓမြတ်စွာဘုရား သာဝတ္ထိမြို့၌ သီတင်းသုံး စံနေတော်မူစဉ် အခါ ဖြစ်သည်။

သူဌေးသားတဦးသည် မိမိအိမ်သို့ ဆွမ်းခံကြွရောက်နေကျ ရဟန်းတပါးအား "အရှင်ဘုရား....၊ တပည့်တော်သည် ဆင်းရဲ ဒုက္ခမှ လွတ်မြောက်လိုပါသည်။ ထို့ကြောင့် ဆင်းရဲဒုက္ခမှ လွတ်မြောက်ရန် နည်းလမ်းကို ဟောကြားတော်မူပါ" ဟု လျှောက်ထား၏။

## ထိုအခါရဟန်းက

"ကောင်းပြီ၊ဒါယကာ သို့ဆိုလျှင် စာရေးတံဆွမ်းကို လှူဒါန်းလော့၊ ဆယ့်ငါးရက်လျှင် တကြိမ်ကျဖြစ်သော ဆွမ်းကို လှူဒါန်းလော့၊ သင်္ကန်းအစရှိသော ပစ္စည်းတို့ကို လှူဒါန်းလော့၊ မိမိ၏ စည်းစိမ်ချမ်းသာကို သုံးစုခွဲ၍ တစုဖြင့် အလုပ်အကိုင်လုပ်၊ တစုဖြင့် သားမယားကို ကျွေးမွေး၊ တစုကိုကား မြတ်စွာဘုရား သာသနာတော်၌ ပေးလှူလော့"ဆို၏။

သူဌေးသားလည်း မထေရ်ဆိုအပ်သည့်အတိုင်းပင် ပြုပေ၏။ နောက် – ဤသို့ မေးလျှောက်၏။

"အရှင်ဘုရား....၊ တပည့်တော်သည် အရှင်ဘုရား ဆိုအပ်သောအတိုင်းပင် အားလုံး ပြုလုပ်ပြီးစီးပါပြီ၊ နောက်ထပ် အဘယ်သို့လျှင် ပိုလွန်ပြီး ပြုရပါဦးမည်နည်း"

ထိုအခါ ရဟန်းတော်က " ဒါယကာ....၊သရဏဂုံသုံးပါးကို ခံယူလော့၊ ငါးပါးသီလကို ခံယူဆောက်တည်လော့ " ဆို၏။

နောက်တကြိမ် မေးလျှောက်ပြန်သောအခါ " ဆယ်ပါး သီလကို စောင့်ထိန်းလော့ " ဆို၏။

သူဌေးသားလည်း ရဟန်းတော် ဆိုအပ်သောအတိုင်းပင် ငါးပါးသီလမှသည် ဆယ်ပါးသီလသို့တိုင် တိုးတက် ဆင့်ကဲပြီး ဆောက်တည်ကျင့်သုံးအပ်ပေ၏။

ကုသိုလ်ကောင်းမှုဘိုကို ဤသို့လျှင် တဆင့်ထက်တဆင့် တိုးမြှင့်ကာ အစဉ်အတိုင်း ပြုလာအပ်သောကြောင့်ပင် ထိုသူဌေးသား၏ အမည်မှာလည်း " အနုပုဗ္ဗသူဌေးသား " ဟူ၍ မည်တွင် ထင်ရှားခဲ့၏။

ထို့နောက်သော်ကား အနုပုဗ္ဗသူဌေးသားသည် ရဟန်း ဖြစ်သူ ထပ်မံညွှန်ကြားအပ်သည့် အတိုင်းပင် မိမိ၏ အိုးအိမ် ထောင်ကို စွန့်ပစ်ကာ ရဟန်းပြုခဲ့လေသည်။

ထိုရဟန်းဘဝ၌ အနုပုဗ္ဗသူဌေးသား၏ ဆရာ ဖြစ်သူများ ကား၊ အဘိဓမ္မာဒေသနာတော်ကို သင်ကြား ပြသအပ်သော ဆရာတဦး၊ ဝိနည်းဒေသနာတော်ကို သင်ကြားပြသအပ်သော ဆရာတဦး ပေါင်း ဆရာနှစ်ဦးဖြစ်၏။

ထိုဆရာနှစ်ဦးတို့သည် မိမိတို့ တတ်သိကျွမ်းကျင်မှု အားလျော်စွာ အဘိဓမ္မာဆောင် ပုဂ္ဂိုလ်ကလည်း အဘိဓမ္မာ ဒေသနာတော်လာ လိုက်နာကျင့်ကြံသင့်သည်များကို အနုပုဗ္ဗ သူဌေးသားရဟန်းအား သင်ကြားပြသပေး၏။

ဝိနည်းဆောင်ပုဂ္ဂိုလ်ကလည်း ဝိ နည်း ဒေ သ နာ တော်လာ လိုက်နာကျင့်ကြံရသည်များကို အနုပုဗ္ဗသူဌေးသားရဟန်းအား သင်ကြားပြသ ဆိုဆုံးမခြင်း ပြုအပ်၏။

ထိုအခါ၌ အနုပုဗ္ဗသူဌေးသား ရဟန်းသည် ထိုထို ခက်ခဲ များပြားစွာသော ကျင့်ကြံလိုက်နာရမှုများနှင့် ပတ်သက်၍ ဤသို့တွေးကြံမိခဲ့လေသည်။

" အော်....၊ ငါသည်ကား လူ့ လောက သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းလိုသောအားဖြင့် သာသနာတွင်းသို့ဝင်ကာရှင်ရဟန်း ပြုခဲ့ပါသည်။ သို့သော် ဤ သာ သ နာ တော် ၌ ရှင်ရဟန်း အဖြစ်ဖြင့် လိုက်နာကျင့်သုံးရသည်များတို့ကား အလွန်လျှင် ဝန်လေးပေစွာတကား....။

" လက်ဆန့်တန်းရာ အရပ်ကိုမျှပင် မမြင်သာအောင် ( လက်မလှုပ်သာအောင် )ကျဉ်းကျပ်လှချေတကား ...၊သိမ်မွေ့ နက်နဲ ခက်ခဲပင်ပန်းလှစွာတကား....။

" ဤရွေ့ - ဤမျှဆိုပါမူ သာသနာတွင်း၌ နေရန် မစွမ်း သာပြီ။ ငါ့အိမ်၌ ပြန်၍နေကာ လူ့အဖြစ်ဖြင့်ပင်လျှင် သံသရာ ဝဋ်မှ ကျွတ်လွတ်ရန် အားထုတ်ပေတော့အံ့.... "

အနုပုဗ္ဗသူဌေးသား ရဟန်းသည် ယင်းသို့ ကြံစည်မိသည်နှင့် အမျှ သာသနာတော်၌ ငြီးငွေ့ပျင်းရိသောအားဖြင့် ကမ္မဋ္ဌာန်း တရားကိုလည်း အားမထုတ်၊ မည်သည့်စာကိုမျှလည်း သင်ကြား ရွတ်ဆိုခြင်း မပြုလုပ်ဘဲ ပိန်းချုံးညှိုးနွမ်းကာ အကြောပြိုင်းပြိုင်း ပေါ်နေချေ၏။

ထိုအခါ သာမဏေငယ်တို့က အနုရုဒ္ဓသူငွေးသားရဟန်းအား ဘာ့ကြောင့် ဤသို့ဖြစ်နေရကြောင်း ဝိုင်းဝန်း မေးမြန်းကြကုန်၏။ သူငွေးသားရဟန်းကလည်း အဖြစ်မှန်အတိုင်းပင် ပြန်ဖြေလိုက်၏။

သို့ဖြင့် ထို သာမဏေငယ်များမှတဆင့် ဥပဇ္ဈာယ်ဆရာ ရဟန်းနှစ်ပါးသို့ရောက်ကာ အနုရုဒ္ဓရဟန်းအား မြတ်စွာဘုရား ထံမှောက် ခေါ်ဆောင်သွားကြကုန်၏။ ထိုရဟန်းနှစ်ပါး၏လျှောက်ထားမှု ပြီးဆုံးသောအခါ မြတ်စွာဘုရားသခင်က အနုရုဒ္ဓရဟန်းအား....

"အသင်ရဟန်း၊ ဤအတိုင်းမှန်သလော" မေးတော်မူ၏။ အနုရုဒ္ဓရဟန်းကလည်း ဟုတ်မှန်သည့် အတိုင်းပင် ပြန်လည်လျှောက်ထားပေ၏။ မြတ်စွာဘုရားက "အဘယ့်ကြောင့် သာသနာတော်၌ ဤသို့ မပျော်ပိုက်ခြင်း ဖြစ်ရသနည်း" ထပ်ဆင့်မေးတော်မူ၏။

အနုရုဒ္ဓသူငွေးသား ရဟန်းက အမှန်အတိုင်း လျှောက်ထားပြန်၏။

"အရှင်မြတ်စွာဘုရား ...၊ တပည့်တော်သည် သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်လိုသောအားဖြင့် ရဟန်းပြုကာ သာသနာတော်တွင်းသို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ဥပဇ္ဈာယ်ဆရာနှစ်ပါး၏ သင်ကြားဆုံးမမှုများကို နာခံမှတ်သားရသောအခါ လိုက်နာကျင့်ကြံခြင်းငှာ မစွမ်းသာအောင်ပင် စိတ်နှလုံး ကျဉ်းမြောင်းကျပ်တည်းခြင်း ဖြစ်ရပါသည်။

"ဆရာဖြစ်သူများ၏ သင်ကြားဆုံးမမှုအားဖြင့်သော် ဤသာသနာအတွင်း၌ လက်ဆန့်တန်းရာ အရပ်ကိုမျှ မထင်မြင်သာ

လောကသည့်တိုင် လွတ်လပ်ချောင်ချိခြင်း မရှိ ဖြစ်ရပါသည်။ ထို့ကြောင့်ပင် လူ့အဖြစ်သို့ ပြောင်းကာ အိမ်၌နေရင်းပင်လျှင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် အားထုတ်တော့မည် ကြံစည်မိပါသည် ဘုရား...”

ထိုအခါ မြတ်စွာဘုရားက ဤသို့ဆိုတော်မူ၏။

“သင်ရဟန်း...၊ ဤသို့ဆိုလျှင် မစိုးရိမ်လင့်၊ သင်သည် တခုသော အခြင်းအရာကို ဆောက်တည်နိုင်လျှင် အခြားမည် သည်ကိုမျှ ဆောက်တည်ရန် မလိုတော့ပြီ....”

“မှန်လှပါ....၊ တပည့်တော် မည်သည်ကို ဆောက်တည်ရ ပါမည်နည်းဘုရား....”

“သင် ဆောက်တည်ရမည်ကား သင်၏စိတ်ကို စောင့်ရှောက် ဆောက်တည်ရန်ပင် ဖြစ်ပေသည်။ အသင်ရဟန်း ဆောက် တည်နိုင်ပါမည်လော....”

“မှန်လှပါ....၊ စိတ်တခုတည်းဆိုလျှင် ဆောက်တည်နိုင် စွမ်းပါသည်ဘုရား....”

“ကောင်းလှပြီ ...၊ သို့ဆိုလျှင် ယခုအချိန်မှစ၍ သင်ရဟန်း သည် မိမိ၏စိတ်ကို မိမိစောင့်ရှောက်ဆောက်တည်လေလော့... ဆင်းရဲဒုက္ခမှ လွတ်မြောက်ပေလတ္တံ့ ...”

မြတ်စွာဘုရားသခင်သည် အနုပုဗ္ဗရဟန်းအား သို့လျှင် မိန့်မြွက်တော်မူပြီးနောက် ဤဂါထာကို ဆက်လက် ဟောကြား တော်မူပေ၏။

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထ ကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

" အလွန့်အလွန်မြင်နိုင်ခဲသော အလွန့်အလွန်သိမ်မွေ့သော အလိုရှိရာ အာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏ "

အနုပုဗ္ဗသူဌေးသားရဟန်းသည် ဤဂါထာ၏ အဆုံး၌ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ခဲ့လေသည်။ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားရလေသည်။

## လိုအပ်ရင်း အခြေခံ

ဤ အနုပုဗ္ဗ သူဌေး သား ရဟန်း သော တာ ပန် ပုဂ္ဂိုလ် ဖြစ်မြောက်သွားရခြင်း သို့မဟုတ် သာသနာတော်၌ စိတ်နှလုံး ကျဉ်းကျပ်နေခြင်းများ အဖြစ်တွင် တရားသဘာဝ၏ နက်နဲ သိမ်မွေ့မှုကို ကောင်းစွာ တွေ့မြင်ဆင်ခြင်နိုင်လေသည်။

သူဌေးသားရဟန်းအား ဥပဇ္ဈာယ်ဆရာနှစ်ဦးက မိမိတို့ တတ်သိမှုအားလျော်စွာ အမျိုးမျိုးသင်ကြား ညွှန်ပြကြသည်၊ ပဲ့ပြင်ဆုံးမကြသည်၊ လိုအပ်ရင်းမှာ ရဟန်းအဖြစ်နှင့် ညီညွတ်စေရန် တရားသဘောကို သိမြင်နိုင်စေရန်ပင် ဖြစ်ပေသည်။

သို့သော် တရားသဘော၏ လိုအပ်ရင်း အချက်အခြာကို ခြုံလွှမ်းပြီး မစွမ်းဆောင်နိုင်ခြင်းဖြင့် သူဌေးသား ရဟန်းတွင် ခက်ခဲပင်ပန်း၊ ဝန်လေးခြင်း ဖြစ်သွားရချေသည်။

မြတ်စွာဘုရားသခင်က လိုအပ်ရင်းအခြေခံကို ညွှန်ကြားပြ လိုက်သောအခါ တိုတောင်းလှစွာသော အချိန်ပိုင်းအတွင်း၌ပင် လျှင် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သည်အထိ ခရီးပေါက် သွားရပေသည်။

ထို့ကြောင့်....

ဗုဒ္ဓဝါဒ – ဗုဒ္ဓသာသနာဆိုရာတွင်လည်း ပါရမီရှင် အလေ့ အကျင့် အထုံအခံ ကြီးမား ပြည့်စုံနေသူများထက် များရာစု သာမန်ပုဂ္ဂိုလ်များ သိနားလည်လွယ်သော ဗုဒ္ဓဝါဒအခြေခံ လိုရင်းချုပ်ကို ထုတ်ဖော်တင်ပြလိုခြင်း ဖြစ်ပေသည်။

ထိုဗုဒ္ဓဝါဒအခြေခံဆိုသည်မှာ အခြား ဘာသာ ကွဲတို့က မေးမြန်းလာလျှင်ပင်ဖြစ်စေ၊တခဏချင်းအတွင်း၌ “ ဟောသည် အယူအဆ ကျင့်စဉ်-လမ်းစဉ်ဟာဖြင့်ကျုပ်တို့ရဲ့ ဗုဒ္ဓဝါဒအခြေခံ၊ ဗုဒ္ဓမြတ်စွာဘုရား၏ ညွှန်ကြားဆုံးမမှုပါဘဲ ” ဟု တိတိကျကျ ခိုင်ခိုင်ကျည်ကျည် ပြန်လည်ပြောပြနိုင်ရပေလိမ့်မည်။

# ဗုဒ္ဓဝါဒအခြေခံ

စာရေးသူသည် ဤစွဲလမ်းမှုဖြင့် ဗုဒ္ဓဝါဒ အခြေခံ သဘော (ပထမဦးစွာ ကျင့်ကြံအားထုတ်မှုမှအစ နိဗ္ဗာန်သို့ရောက်စေနိုင်သည့်တိုင် ဖြစ်သော)ကို အပြင်းအထန်အနေမျိုး စူးစမ်းရှာဖွေခဲ့သည်။ တနေ့တွင်ကား ကံအားလျော်စွာပင် တိုက်တိုက် ဆိုင်ဆိုင် ကြုံကြိုက်သိမြင်လိုက်ရပေသည်။

"အော်....၊ စင်စစ်တော့ ငါ့ကိုယ်တိုင်အတွက်ရော၊ သူများတွေအတွက်ပါ သိချင် နားလည်ချင်နေတဲ့ ဗုဒ္ဓဝါဒ – ဗုဒ္ဓလမ်းစဉ် ဆိုတာ သည်လိုပါကလား...." ဟူ၍လည်း ပမာမပြုတတ်လောက်အောင်ပင် ဝမ်းမြောက်ကြည်နူးသွားခဲ့ရသည်။

ဟုတ်မှန်သမျှ ပွင့်လင်းစွာ အစီရင်ခံရလျှင် ဗုဒ္ဓဝါဒ – ဗုဒ္ဓလမ်းစဉ်အဖြစ် ထုတ်ဖော်ဆိုညွှန်းထားသော ဗုဒ္ဓဝါဒ အဖြစ် သိနားလည်ခွင့် ရအပ်သော ကျမ်းစာအုပ်ကိုပင် ရှိသေလိုက်လဲ ကန်တော့မိသည်အထိ ဖြစ်ခဲ့ရပေသည်။

ကောင်းပြီ၊ ဤရွေ့ – ဤမျှ ထူးခြားလျော်ကန်လှသည်ဆိုချေသော် ထို ဝါဒ - ထို လမ်းစဉ်မှာ မည်သို့ဖြစ်ပါသနည်း။ ဗုဒ္ဓဝါဒ ဗုဒ္ဓလမ်းစဉ်ဟူ၍ အဘယ့်ကြောင့် ဤရွေ့ – ဤမျှအခိုင်အကျည်

ဆိုနိုင်ပေသနည်း။ အဘယ်ပုဂ္ဂိုလ်က ဆိုညွှန်းသတ်မှတ်ထားအပ်ပေသနည်း။

ဗုဒ္ဓဘာသာများ၊ ကျမ်းဂန်ကျွမ်းကျင်ပညာရှင်များ အဖို့ ဤသို့တွေးကောင်းတွေးမိမည်။ ရတ်တရက်ချက်ချင်းသိကောင်း သိချင်ပေခါမိမည်။

အခြားမဟုတ်ပေ။ ထိုဝါဒ – ထိုလမ်းစဉ်မှာ ဗုဒ္ဓဘာသာ များ၊ ကျမ်းနှံ့စာတတ် ဆရာတော်အရှင်သူမြတ်များ ဟောကြား ညွှန်ပြတော်မူခဲ့ပြီး၊ ကြားနာသိရှိခဲ့ကြပြီး '' မဂ္ဂင်ရှစ်ပါး - တရား လမ်းစဉ်'' ပင် ဖြစ်ပေတော့သည်။

မဂ္ဂင်ရှစ်ပါး - တရားလမ်းစဉ်၊ သို့မဟုတ် ဗုဒ္ဓဝါဒ....။

ဤ မဂ္ဂင်ရှစ်ပါး-တရားလမ်းစဉ်ကို ဗုဒ္ဓဝါဒအဖြစ် ယခုကဲ့သို့ သတ်မှတ်ဆိုညွှန်းခဲ့ရာ၌....

မဇ္ဈိမပဋိပဒါတရား။
ဟေမဝတသုတ်။
အနတ္တလက္ခဏသုတ်။
အဘိဓမ္မာဒေသနာတော်။
မင်္ဂလာတရားတော်။
ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါး။
ပဋိစ္စသမုပ္ပါဒ်တရား။
သတိပဋ္ဌာန်တရား။

ဤသို့ဆိုလျှင် အရေအတွက်များစွာ ကျော်စောထင်ရှားစွာ သော တရားတော်ပေါင်း အမြောက်အများ ရှိနေပါလျက် '' မဂ္ဂင်ရှစ်ပါး ''ကိုမှ အဘယ့်ကြောင့် သီးခြားရွေးချယ်

ကောက်နုတ်၍ ဗုဒ္ဓဝါဒ - ဗုဒ္ဓလမ်းစဉ်အဖြစ် သတ်မှတ်ဆိုညွှန်းရပေသနည်းဟု မေးမြန်းဆန်းစစ်ဖွယ်ရှိ၏။ စင်စစ် မေးမြန်းချင်စရာလည်း ဖြစ်၏။

အခြားသူများကို အပထားဦး၍ ဤစာရေးသူကိုယ်တိုင်ပင်လျှင် ဤသို့သီးခြားသတ်မှတ်၍ ဖြစ်နိုင်ပါမည်လား။ ပိုင်းခြားသတ်မှတ်ကောင်းပါမည်လား။ တွေးမိ – စဉ်းစားမိခဲ့သည်လည်း အမှန်ပင် ဖြစ်၏။

နောက်တကြောင်း ဝေဖန်စရာလည်း ရှိသေး၏။

ဤ " မဂ္ဂင်ရှစ်ပါး " ဟူသည် သီး ခြား ဖြစ် တည် နေ သော တရားမဟုတ်၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးထဲတွင် ပါဝင်ရောနှောနေသော တရားစုဖြစ်၏။

သတိပဋ္ဌာန် လေးပါး။
သမ္မပ္ပဓာန် လေးပါး။
ဣဒ္ဓိပါဒ် လေးပါး။
ဣန္ဒြေ ငါးပါး။
ဗိုလ် ငါးပါး။
ဗောဇ္ဈင် ခုနစ်ပါး။
မဂ္ဂင် ရှစ်ပါး – အားလုံးပေါင်း ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓဝါဒအဖြစ် ဆိုညွှန်းရာ၌ အစဉ်စွာသော သတိပဋ္ဌာန်တရားလေးပါးမှ သည် မဂ္ဂင်ရှစ်ပါးသို့တိုင် ဗောဓိပက္ခိယ

တရားအားလုံးကိုပင် ဆိုညွှန်းထိုက်သော အခြေအနေလည်း ရှိ၏။

**သို့သော်....**

မဂ္ဂင်ရှစ်ပါးဟူသည် သိမှတ်ဆင်ခြင်မှုအဖြစ် အသိအသာ ထူးခြားနေသော သဘောရှိ၏။ အခြေခံလိုက်နာမှုအဖြစ် လူတိုင်းနှင့် နီးစပ်လျော်ကန်လှသည့် အခြေအနေမျိုးဖြစ်၏။

၁။ သမ္မာဒိဋ္ဌိ - ကောင်းသောမြင်ခြင်း။

၂။ သမ္မာသင်္ကပ္ပ - ကောင်းသောကြံစည်ခြင်း။

၃။ သမ္မာဝါစာ - ကောင်းသောပြောဆိုခြင်း။

ဤသို့ အစရှိသော တရားသဘာဝမှာ များရာစု လူသာမန် တို့တွင် သိမြင်နားလည်လွယ်သော ဂုဏ်ကျေးဇူးရှိနေပေသည်။

ထို့ထက် တိုးတက်မြင့်မားစွာ သိနားလည်သဘောပေါက်ဖို့ မှာကား ကြိုးစားအားထုတ်မှု ပါရမီခံ ရှိမှုများအားလျော်စွာ ဖြစ်ပေသည်။

ပါရမီခံ ဆိုရာ၌လည်း အလွန်ပင် ထူးခြားဆန်းကျယ်လှပေ သည်။

အစဦးစွာ ကြိုတင်ဖော်ပြခဲ့ပြီး အတိုင်း ရှင်သာရိပုတ္တရာ ကိုယ် တော်ကြီးအလောင်းအလျာ ဥပတိဿပရိဗိုဇ်သည် ရှင်အဿဇိ အမြွက်မျှ ဟောပြအပ်သော တရားသဘောပျံ့ဖြင့်ပင်လျှင် အဆ ရာထောင်ခွဲ၍ထွင်သိနားလည်ကာ တခဏချင်းအတွင်း သောတာ ပတ္တိဖိုလ်သို့ ဆိုက်ရောက်ခဲ့ရချေသည်။

ဤကား – ပါရမီခံ ရင့်သန်ကြီးမားမှုသဘော ဖြစ်ပေသည်။

ပါရမီခံ ရှိခြင်း - မရှိခြင်းကို အပထား၍ တရားသဘာဝ သို့မဟုတ် တရားပြသူ၏ စွမ်းဆောင်နိုင်မှုအားလျော်စွာ ရုတ်တရက်ချင်း သိမြင်သဘောပေါက်အပ်သည်မျိုးလည်း ရှိလေသေးသည်။

ထိုသည်မှာကား အခြားမဟုတ်၊ ရှေ့ပိုင်းတွင် ထုတ်ဖော်တင်ပြခဲ့ပြီး အနုပုဗ္ဗသူဌေးသားရဟန်း၏ သဘောသဘာဝပင် ဖြစ်ပေသည်။

အနုပုဗ္ဗရဟန်း၏ ဥပဇ္ဈာယ်ဆရာနှစ်ဦးတို့သည် အနုပုဗ္ဗရဟန်းအား အဘိဓမ္မာဒေသနာတော် ဝိနည်း ဒေ သ နာ တော် များ သင်ကြားပို့ချ ဆုံးမသွန်သင်ကြခြင်းများမှာ ရဟန်းအဖြစ်နှင့် ညီညွတ်စေရန် တရားသဘော သိနားလည်စေရန်ပင် ဖြစ်သည်။

သို့သော် သင်ကြားဆုံးမမှု လိုအပ်နေခြင်းကို အကြောင်းပြု၍ အနုပုဗ္ဗရဟန်း တရားမရနိုင် ရှိခဲ့သည်။ မြတ်စွာဘုရားသခင်က အဖက်ဖက်မှကြောင်းကျိုးသဘာဝကိုသိနားလည်သောအားဖြင့် "စိတ်တခုတည်းကိုပင် စောင့်ရှောက် ဆောက်တည်လေလော့" ဆိုတော်မူအပ်သောအခါ ထို့နောက် လိုအပ်ရင်းတရားသဘာဝကို ဟောကြားညွှန်ပြတော်မူအပ်သောအခါ အနုပုဗ္ဗရဟန်းသည် တခဏချင်း၌ပင်လျှင် သောတာပတ္တိဖိုလ်သို့တိုင် ဆိုက်ရောက်သွားခဲ့ရသည်။

ဤသည်နှင့် စပ်းလျဉ်း၍ အင်္ဂုတ္တိုရ်တတိယတွဲ မြန် မာပြန် ကျမ်းဦးမှတ်ဖွယ်အခဏ်း၌ပင်လျှင် ယခုကဲ့သို့ ဖော်ပြထား ပေသည်။

သိန်း 4.

ဤဂါထာ၏အဆုံး၌ ထိုသူဌေးသားရဟန်းသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

ဤ၌ စိတ်တခုကိုသာ စောင့်ရှောက်ရမည်ဟု သုတ္တန်နည်းအားဖြင့် မြတ်စွာဘုရားဟောတော်မူသည်မှာ အဘိဓမ္မာ၌လာသော အကုသိုလ်တရားတို့ကို စောင့်ရှောက်ရခြင်း၊ ဝိနည်းသိက္ခာပုဒ်များကို လုံခြုံအောင် ထိန်းသိမ်းရခြင်းပင်ဖြစ်၍ စင်စစ်အားဖြင့် ဥပဇ္ဈာယ်ဆရာ၊ နိဿယည်းဆရာရဟန်းများ၏ ဟောပြောချက်အားလုံး အကျုံးဝင်၍သွားသည်ပင်ဖြစ်၏။ သို့သော် သုတ္တန်ဒေသနာနည်းအားဖြင့်မူ နာကြားသူအဖို့ အလိုအကြိုက်နှင့် ကိုက်ညီသွားသဖြင့် လွယ်လွယ်ဖြင့်ပင် လိုက်နာနိုင်သွားပေတော့သည်။

## တရား ရစေမှု

ဤသဘောကို ထောက်ထားလျှင် တရားသဘော သိနားလည်မှု (တရားရစေမှု)မှာ တရားပြခြင်းခေါ်သည်ပင်ဖြစ်စေ၊ သဘောသဘာဝတင်စား ဆိုညွှန်းမှုခေါ်သည်ဖြစ်စေ၊ အခြေအနေ အကြောင်းအကျိုးပေါ်တွင်လည်းဆက်စပ်တည်နေလျက်ရှိကြောင်း သိနားလည်နိုင်ပေသည်။

ဤနေရာ၌ သုတ္တန်ဒေသနာတော်နည်းကိုလည်း အကြောင်းဆက်စပ်မှုအားလျော်စွာ အထောက်အထားအဖြစ် တင်ပြလိုပေသေးသည်။

## ကောင်းစွာ ဟောရာ-သုတ္တန်ဒေသနာ

ကောင်းစွာ ဟောကြားခြင်း ဟူသည်မှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သတ္တဝါတို့၏ အလိုအကြိုက်ကို လိုက်၍ ဟောကြားထားခြင်းကိုပင်ဆိုလိုပေသည်။ မြတ်စွာဘုရားသည် သတ္တဝါတို့၏ အလိုအကြိုက်အားလျော်စွာ တိုတို ဟော၍ အကျွတ်တရားရမည့် ပုဂ္ဂိုလ်အား တိုတိုနှင့် လိုရင်းမျှကို ဟောကာ၊ အကျယ်ချဲ့ထွင်ဟောမှ တရားသိမည့်ပုဂ္ဂိုလ်ဖြစ်လျှင် အကျယ်ချဲ့ထွင်၍ သိုင်းသိုင်းဝိုင်းဝိုင်းပင် ဟောကြား၏။ တရားနာသူ နားလည်မည့် အခြေအနေကို လိုက်လျောကာ 'အနာနှင့်ဆေး ကိုက်အောင်ပေး' သကဲ့သို့ ပုဂ္ဂိုလ်နှင့် တရားတော်ကို သင့်လျော်အောင် ဟောကြား၏၊ ထို့ကြောင့် ဤသုတ္တန်တရားများကို ကောင်းစွာဟောကြားသော တရားဟူသောဂုဏ်ထူးဖြင့် ချီးကျူးထားရလေသည်။

(အင်္ဂုတ္တိုရ်ဘာတိယတွဲ၊ ကျမ်းဦးမှတ်ဖွယ်အခဏ်း)

## မဂ္ဂင်ရှစ်ပါး-တရားလမ်းစဉ်

မဂ္ဂင်ရှစ်ပါး-တရားလမ်းစဉ်ဟူသည် ဤသုတ္တန်ဒေသနာတော် နည်းနှင့် တူမျှသော သဘောရှိလေသည်။ သိမှတ်ကျင့်ကြံမှုကို ဖော်ပြရာ၌ အခြေခံ လိုရင်းကို ခြုံငုံ၍ ဆိုညွှန်းထားခြင်းကြောင့် ဖြစ်သည်။

သမ္မာဒိဋ္ဌိ – ကောင်းသောမြင်ခြင်း (ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ဉာဏ်အမြင်) ဆိုရာ၌ လိုအပ်ရင်း သဘောအဓိပ္ပာယ်မှာ–

"သတ္တဝါတို့အားမိမိတို့ပြုကြသော ကောင်းမှု - မကောင်းမှု နှစ်ပါးသည်သာလျှင် ဘဝများစွာ၊ ကမ္ဘာများစွာ သွားလေရာရာ မိမိတို့ သန္တာန်မှာ အစဉ်ပါသော ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်ဟု သိမြင်သော သမ္မာဒိဋ္ဌိ" ဟူ၍ ဆိုလိုရင်းဖြစ်သည်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဖြစ်သည်။

ဤကား - ကျေးဇူးရှင်လယ်တီဆရာတော်ဘုရား၏ မဂ္ဂင်ဒီပနီမှ အဆိုအမိန့်ဖြစ်လေသည်။ ဆရာတော်သည် မဂ္ဂင်ရှစ်ပါး အခိပ္ပာယ်ကို ဤသို့လျှင် တပါးပြီးတပါးအစဉ်အတိုင်း ရှင်းလင်းဆိုညွှန်းသွားတော်မူသည်။

နောက်ဆုံး၌နိဗ္ဗာန်စခမ်းရောက်သည့်တိုင် သိနားလည်ရသည်မှာလည်း အလွန်ပင် နှစ်လိုဝမ်းမြောက်ဖွယ်သာ ဖြစ်ရလေသည်။ မဂ္ဂင်ရှစ်ပါး - တရားလမ်းစဉ်ကို သိနားလည်သည်နှင့်အမျှ ကျင့်ကြံ အားထုတ်ရခြင်း၏ အကျိုးသက်ရောက်မှု ဖြစ်ပေသည်။

"ဤသို့လျှင် တကိုယ်လုံး၌ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟူသော ပညာက္ခန္ဓာ မဂ္ဂင်ကြီး နှစ်ပါးတည်ရှိသောအခါ၌ အပါယ်သံသရာကြီး၏ ဆိုင်ရာဖြစ်သော ဝဋ္ဋသုံးပါးသည် အကြွင်းမဲ့ ချုပ်ငြိမ်း၏။ ထိုသူသည် ထိုခဏမှစ၍ အပါယ် သံသရာ၏ ဆိုင်ရာဖြစ်သောဝဋ္ဋဒုက္ခအပြီးကျွတ်လွတ်၏။ သဉပါဒိသေသ ပထမနိဗ္ဗာန်သို့ ရောက်လေ၏။ ပထမနိဗ္ဗာန်ဘုံသူ - ပထမ နိဗ္ဗာန်ဘုံသားအဖြစ်၌ တည်၏။ ဒုက္ခလက္ခဏာဉာဏ်အမြင် ကျန်ရှိသေးသောကြောင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ကို သာယာသော တဏှာမာနတို့လည်း

ကျန်ရှိကုန်သေး၏။ ဘုံစဉ်စံအဖြစ်၌ တည်၍ ထိုချမ်းသာ သုံးပါးတို့ကို ခံစား - စံစားလျက် ရှိသေး၏''

ဤမျှဆိုလျှင် မင်္ဂလရှစ်ပါး - တရားလမ်းစဉ်ဟူသည် ပထမ ဦးစွာ အယူမှန် ဝါဒမှန်၍ (ကံ - ကံ၏အကျိုး) တည်စေပြီး နောက် ကောင်းမြတ်သော အကြံအစည်၊ ကောင်း မြတ် သော ပြောဆိုခြင်းများကို ထုတ်ဖော်ညွှန်ပြထားသော တရားလမ်းစဉ် ဖြစ်ကြောင်းကိုလည်းကောင်း၊ နိဗ္ဗာန်သို့တိုင် ရောက်စေနိုင်ခြင်း ကိုလည်းကောင်း ကောင်းစွာသိသာနေပေပြီ။

ဤသဘောသည် ယခုစာရေးသူ၏ ယုံကြည်မှုမျှ မဟုတ်။ မဂ္ဂင်ဒီပနီ၏ နိဒါန်းကျမ်းဦးအဆိုအညွှန်း၌ပင်လျှင်အထင်အရှား ဖော်ပြထားခဲ့ပြီးလည်း ဖြစ်ပေသည်။

အထူးမှာ ဤမဂ္ဂင်ရှစ်ပါး - တရားလမ်းစဉ်ကို နိုင်ငံ ခြား သား (အင်္ဂလိပ်လူမျိုး-ဗုဒ္ဓဘာသာ)များကပင်လျှင် ဗုဒ္ဓမြတ်စွာ ဘုရား၏ ရင်းမြစ်မူလ အနှစ်သာရကြီးအဖြစ်ဖြင့် လက်ခံယုံကြည် ထားကြကြောင်း သိနားလည်ရခြင်း ဖြစ်ပေသည်။

## ဒေသနာရေအေး - တိုက်ကျွေးမှုရာ

ကျေးဇူးရှင် မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး သည် အသီးသီးသော မြို့ရွာနိုင်ငံအရပ်ရပ်သို့ လှည့်လည်ဒေသစာ ကြွချီ ကာဖြင့် ဒေသနာရေအေး - တိုက်ကျွေး ဟောပြောတော်မူရာ 'အပ္ပသန္နာနံ ဝါ ပသာဒါယ၊ ပသန္နာနံ ဝါ ဘိယျောဘာဝါယ' ပါဠိတော်ပြသည့်အတိုင်း မြတ်စွာဘုရား သာသနာတော်ကို မကြည်ညိုသေးသော သူတို့ ကြည်ညိုသက်ဝင်လာစေခြင်း၊

ကြည်ညိုပြီးသောသူတို့ပို၍ ကြည်ညိုသက်ဝင်ကာသမထဝိပဿနာ အရာတို့၌ကောင်းစွာ ဆတ်ဆတ်ပရမတ်အစုဓာတ်တရားအနှံ့တို့ကို ကြည့်ရှုဆင်ခြင် ထင်မြင်အောင် ပွား များ နိုင်စေ ခြင်း စ သော အကျိုး တိုးတက်ကြီးပွားလာသည် ဖြစ်ကြောင်း။

## လူမျိုးခြားများ တောင်းပန်ငြား၍

ဤသို့လျှင် အညတရပုဂ္ဂလသာမန်တို့သည် ကြံဖန်ရှက်ဆောင် ခြင်းငှာ၊ အဇ္ဈာန အနဝ ကာသ ( အရာဌာနမဟုတ် • အခွင့် အရေးမဟုတ် ) ဖြစ်သော တလောကလုံး၏ အစီးအပွားကို များစွာ သည်ပိုးရှက်ဆောင်၊ စွမ်းဆောင်နိုင်သော သတ္တိဂုဏ်ထူး ကို သိရှိကြကုန်သော ဘုရားသာသနာတော်ဝင် ရှင်ရဟန်း ပြုလုပ်ကြသူ အင်္ဂလိပ်လူမျိုး ( လူမျိုးခြား ) တို့က မြတ်စွာဘုရား သာသနာတော်၏ အရင်းအမြစ် အနှစ်သာရကြီး ဖြစ်သော မဂ္ဂင်ရှစ်ပါးတရားတော်ကို ထင်ပေါ်သိလွယ်နိုင်စေရန် အကျယ် ရေးသားစီရင်တော်မူပါမည့် အကြောင်း တောင်းပန်လျှောက် ထားချက်အရ....

ဤ မဂ္ဂင်ဒီပနီကျမ်းဦး နိဒါန်းလာ အဆိုအညွှန်းအရလည်း မဂ္ဂင်ရှစ်ပါး – တရားလမ်းစဉ်၏ ဂုဏ်ကျေးဇူး – ထူးမြတ်လှသော အဖြစ်ကို တမျိုးတနည်း သိနားလည်နိုင်ပေသေးသည်။

## မဂ်–ဟူ၍ မည်တွင်ခြင်း

ဤနေရာ၌ ဘာ့ကြောင့် မဂ်ဟူ၍ မည်တွင်ရခြင်း အကြောင်းကို ရှင်းလင်းဖော်ပြဘို့ လိုချိမ့်မည်။

မဂ်ဟူသည် -

ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆန္တိ ဧတေနာတိ မဂ္ဂေါ

ဤတရားအစုဖြင့် သက္ကာယဒိဋ္ဌိ အစရှိသော ကိလေသာ အညစ်တို့ကို ပယ်သတ်ကုန်လျက် အပါယ်ဒုက္ခ ဝဋ္ဋဒုက္ခ၏ အေးငြိမ်းခြင်းသို့ ရောက်ကြရကုန်၏။ ထို့ကြောင့် 'မဂ်' မည်၏။

ကိလေသာတို့ကို ပယ်သတ်ကြောင်း နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော တရားစုကို 'မဂ်' ဆိုသည်ဟူလို။

ဤမျှဆိုလျှင် မဂ္ဂင်ရှစ်ပါး၏ အခြင်းအရာကို အခြေခံ အစပျိုးအဖြစ် သိတန်သမျှ သိရပေပြီ။ ထို့ကြောင့် မဂ္ဂင်ရှစ်ပါးကို အစဉ်အတိုင်း ဆက်လက်ဖော်ပြရပေဦးမည်။

မဂ္ဂင်ရှစ်ပါးဟူသည်-

၁။ သမ္မာဒိဋ္ဌိ - ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ဉာဏ်အမြင်။

၂။ သမ္မာသင်္ကပ္ပ - ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော အကြံအစည်။

၃။ သမ္မာဝါစာ - ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော စကား။

၄။ သမ္မာကမ္မန္တ - ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော အပြုအမူ။

၅။ သမ္မာအာဇီဝ - ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော အသက်မွေးမှု။

၆။ သမ္မာဝါယာမ - ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ပြုလုပ် အားထုတ်ခြင်း- (လုံ့လဝီရိယ)

၇။ သမ္မာသတိ - ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော မမေ့မလျော့မှု -(နှိုးကြား တက်ကြွခြင်း)။

၈။ သမ္မာသမာဓိ - ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော စိတ်တည်ကြည်မှု (စိတ်ဓာတ် ကြံ့ခိုင်တည်ငြိမ်ခြင်း) ဟူ၍ ကွဲပြားခြားနားမှု (အခြင်းအရာ) ရှစ်မျိုးဖြစ်ပေသည်။

## ကွဲပြားခြင်း - သုံးမျိုး

ဤတွင် သမ္မာဒိဋ္ဌိ -ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ဥာဏ်အမြင်ဆိုသည်မှာသည်း အခြင်းအရာ အားဖြင့် သုံးမျိုး - သုံးစားကွဲပြားသွားသည်။

၁။ ကမ္မဿကတာသမ္မာဒိဋ္ဌိသတ္တဝါတို့အားမိမိတို့ပြုကြသော ကောင်းမှု- မကောင်းမှု[ကံ] နှစ်ပါး သည် သာလျှင် ဘဝများစွာ သံသရာတလျှောက်လုံး၌ မိမိ တို့ သန္တာန်မှာ အစဉ်ပါသော ကိုယ်ပိုင်ဥစ္စာ ဖြစ်သည်။ ကိုယ်ပိုင်

ဥစ္စာရှိကြကုန်သည်ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိ တပေါး။

၂။ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ-ဉာဏ်၏ သက်ဝင်ရာ အခြင်းအရာ ဆယ်မျိုးဖြစ်သော သမ္မာဒိဋ္ဌိတပါး။

၃။ စတုသစ္စသမ္မာဒိဋ္ဌိ ဉာဏ်၏ သက်ဝင်ရာ အဟုတ်ကြီးလေးပါး - အမှန်ကြီးလေးပါးရှိသော သမ္မာဒိဋ္ဌိတပါး ဟူ၍ ကွဲပြားခြားနားမှု သုံးမျိုးဖြစ်ပေသည်။

## ကံ - ကံ၏အကျိုး

ထိုကမ္မဿကတာ သမ္မာဒိဋ္ဌိ၏ အနက်အဓိပ္ပာယ်ရင်း မှာ ဤသို့ဖြစ်သည်။

၁။ အလုံးစုံကုန်သော သတ္တဝါတို့သည် မိမိတို့ ပြုကြသော ကောင်းမှု - မကောင်းမှု [ ကံ ] နှစ်ပါးသည် သာလျှင် ဘဝများစွာ - ကမ္ဘာများစွာ သွားလေရာရာ မိမိတို့ သန္တာန်မှာ အစဉ်ပါသော ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။

၂။ မိမိတို့ပြုကြသော ကောင်းမှု - မကောင်းမှု [ ကံ ] နှစ်ပါးသည်သာလျှင် ဘဝများစွာ - ကမ္ဘာများစွာ သွားလေရာရာ မိမိတို့သန္တာန်မှာ အစဉ်ပါသော အမွေဥစ္စာ ရှိကြကုန်၏။

၃။ မိမိတို့ ပြုကြသော ကောင်းမှု - မကောင်းမှု နှစ်ပါး [ကံ] သည်သာလျှင် ဘဝများစွာ - ကမ္ဘာများစွာသွားလေရာရာ မိမိတို့ သန္တာန်မှာ အစဉ်ပါသော ပဓာန အကြောင်းရင်း ရှိကြကုန်၏။

၃။ မိမိတို့ပြုကြသော ကောင်းမှု - မကောင်းမှု [ ကံ ] နှစ်ပါးသည်သာလျှင် ဘဝများစွာ - ကမ္ဘာများစွာ သွားလေရာရာ အစဉ်ပါသော ဆွေမျိုးမိတ်စစ် ရှိကြကုန်၏။

၅။ မိမိတို့ပြုကြသော ကောင်းမှု - မကောင်းမှု [ ကံ ] နှစ်ပါးသည်သာလျှင် ဘဝများစွာ ကမ္ဘာများစွာ သွားလေရာရာ အစဉ်ပါသော ကိုးကွယ်လဲလျောင်းရာ ( အားထားရာ ) ရှိကြကုန်၏။

၆။ ကောင်းသည်လည်းဖြစ်ထသော မကောင်းသည်လည်းဖြစ်ထသော အကြင် ကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှုကို ပြုကြကုန်သည်ဖြစ်အံ့၊ မိမိတို့ပြုကြသော ကောင်းမှု - မကောင်းမှု[ ကံ ]နှစ်ပါး၏ ကောင်းကျိုး - မကောင်းကျိုးဟု ဆိုအပ်သော ကောင်းမွေမျိုး - ဆိုးမွေမျိုးကို ဘဝအဆက်ဆက် - ကမ္ဘာအဆက်ဆက် ခံစံကြရကုန်သည် ဖြစ်ကြကုန်လတ္တံ့။

ဤကား သတ္တဝါမှန်သမျှတို့၌ ကံ၏အကျိုးတရား၊ ကံ၏ စွမ်းဆောင်ဖန်တီးမှုနှင့် အလေးအနက်ဆက်စပ်ပတ်သက်နေခြင်းကို ပထမဦးစွာ သိသာထင်ရှားစေအပ်သော ' ကမ္မဿကတာ သမ္မာဒိဋ္ဌိ ' အဖွင့် ဖြစ်ပေသည်။

## ဒသဝတ္ထုက သမ္မာဒိဋ္ဌိ

၁။ ပေးကမ်းလှူဒါန်းမှုဟူသော ဒါနကုသိုလ်မျိုး၏ အကျိုးရင်း - အကျိုးဆက်သည် အမှန်ရှိ၏။

၃။ * ယာဇ်ခေါ်သော ပူဇော်မှုကြီးမျိုး၏ အကျိုးရှင်း အကျိုးဆက်သည် အမှန်ရှိ၏။

၄။ * ဟုန်းခေါ်သော ပူဇော်မှုငယ် မျိုး၏ အကျိုးရှင်၊ အကျိုးဆက်သည် အမှန်ရှိ၏။

၅။ ကောင်းစွာပြုအပ် - မကောင်းသဖြင့် ပြုအပ်ကုန်သော သုစရိုက်ကံ - ဒုစရိုက်ကံတို့၏ အကျိုးဆက်ဘည်လည်း ကောင်း၊ အကျိုးရှင်းသည်လည်းကောင်း အမှန်ရှိ၏။

၅။ အမိ၌ ကောင်းစွာပြုမှု - မကောင်းစွာ ပြုမှု၏ အကျိုး ရှင်း - အကျိုးဆက်သည် အမှန်ရှိ၏။

၆။ အဖ၌ကောင်းစွာပြုမှု-မကောင်းစွာပြုမှု၏အကျိုးရှင်း အကျိုးဆက်သည် အမှန်ရှိ၏။

၇။ လူတို့သည် မမြင်အပ်ကုန်သော ငရဲ၊ ပြိတ္တာ၊ နတ်၊ သိကြား၊ ဗြဟ္မာ ဟူကုန်သော ဥပပတ် သတ္တဝါမျိုးတို့ သည် အမှန်ရှိကုန်၏။

၈။ မျက်မြင်ဒိဋ္ဌ ဤလောကသည် အမှန်ရှိ၏။

၉။ သေသည့်နောက်မှာရောက်ကြရသော လောကတပါး၊ ဘုံတပါးသည် အမှန်ရှိ၏။

တနည်းကား။ ။ ဤ လူ့လောကသည် အမှန်ရှိ၏။ အပါယ်လေးရပ်၊ ခြောက်ထပ်နတ် ရွာ၊ ဗြဟ္မာနှစ်ဆယ်ဟူသော တပါး

* ပါဠိကျမ်းဂန်များ၌ အလှူကြီးမျိုးကို ‘ ယဇ် ’ ဟူ၍ရင်း၊ အလှူငယ်မျိုးကို ‘ ဟုန်း ’ ဟူ၍ရင်းခေါ်သည်။

သော လောကသည်လည်း အမှန်ရှိ၏။

နောက်တနည်း။ ။လူ့ဘုံနှင့်တကွ အပါယ်လေးရပ်၊ ခြောက်ထပ်နတ်ရွာ၊ ဗြဟ္မာနှစ်ဆယ်ဟူသော ဤစကြဝဠာ လောကဓာတ်သည် အမှန်ရှိ၏။ ရှစ်မျက်နှာ အားလုံး၌ အဆုံးမရှိသော တပါးသော လောကဓာတ်သည် အမှန်ရှိ၏။

၁၀။ လူ့ဘုံ၊ လူ့ဘဝ၊ လူ့လောက၌ စိတ်ငြိမ်သက်ခြင်းသို့ ရောက်ကြကုန်သော ကောင်းစွာ ကျင့်ကြပေကုန်သော 'သဗ္ဗညု' ဘုရားအစရှိကုန်သောရဟန်းပုဏ္ဏားတို့သည် အမှန်ရှိကြကုန်၏။ အကြင် ရဟန်းပုဏ္ဏားတို့သည် ဤလောကကိုရင်း၊ တပါးသော လောကကိုရင်း မိမိတို့ ကိုယ်တိုင် အထူးသိမြင်ကြကုန်၍၊ မျက်မှောက်ပြုကြကုန်၍ လူအများကို ဟောကြားဖော်ပြကြကုန်၏။

ဤတွင်ကား ကံ-ကံ၏ အကျိုးတရား သက်ရောက်ဖြစ်ခြောက်မှုအပိုင်းမှ တဆင့်ထက် ကျော်လွန်ကာ လှူဒါန်း ပေးကမ်းမှု (ဒါန) ၏ အကျိုးတရား၊ အမိ-အဖတို့၌ ရှိသေမှု၊ မျက်မြင်လူ့လောကမှ တပါးသောလောက၊ လူမှတပါး နတ်၊ သိကြား၊ ဗြဟ္မာဟူ၍စင်စစ်ရှိနေခြင်းစသည်များကို သိနားလည်လာရသည်။

ဤသည်ပင်လျှင် မဂ္ဂင်ရှစ်ပါး - တရားလမ်းစဉ်၏ ထူးခြားမှု ဖြစ်ပေသည်။

ဤလူ့လောကတွင် လူသားတဦးအဖြစ်ဖြင့် အသက်ရှင် ရပ်တည်နေရာ၌ ( လူ ဟူ၍ ဖြစ်လာခဲ့ရာ၌ ) အသက်ရှင်ရပ်တည် နေဆဲတွင်လည်း အမှန်အတိုင်း သိမှတ်ကျင့်ကြံရသော တရား၊ နောင်ဘဝအဆက်ဆက်တွင်လည်း အမှန်အတိုင်းသာလျှင် သိမြင် လိုက်နာနိုင်မှု၊ နောက်ဆုံး နိဗ္ဗာန်သို့ ရောက်စေနိုင်ကြောင်း နည်းလမ်းကောင်းများတို့ကို တဆင့်ပြီး တဆင့် သိနားလည် သွားရပေသည်။

# ကမ္မဿကတာ သမ္မာဒိဋ္ဌိ

**ကံ - ကံ၏** အကျိုးတရားကို သက်ဝင်ယုံကြည်ခြင်း **ဆိုရာ၌** ထိုသို့**သက်ဝင်**ယုံကြည်သည်နှင့် အမျှ သိမှတ်လိုက်နာဖွယ်များ**က**လည်း **ကျယ်**ပြန့် လေးနက်လှသည်သာ ဖြစ်လေသည်။

ဤ**လောက**၌ ပစ္စည်း ဉစ္စာ ရတနာ ရွှေ ငွေ စသည်တို့သည်လည်း**ကောင်း**၊ သား**မ**ယား ကျေးကျွန် ချွေရံ သင်းပင်း စသည်တို့သည်လည်းကောင်း၊ ဤလူ့လောက တဘဝတာ၌သာ ပိုင်ဆိုင်ခွင့် ရနိုင်ကြသည်များ ဖြစ်ပေသည်။

ထိုထို ပစ္စည်း ဉစ္စာ ရတနာ ရွှေ ငွေ စသည်တို့ကို မည်မျှစုံမက်မြတ်နိုးသည် မှန်စေ၊ မည်မျှများပြား ကြွယ်ဝလှသည်မှန်စေ၊ ဘဝတပါးသို့ ယူဆောင်သွားနိုင်သည် မဟုတ်ပေ။

ကံတရားမှာကား ထိုသို့မဟုတ်၊ ကောင်းမြတ်သော ကံအမှုပင်ဖြစ်စေ၊ ယုတ်ညံ့သော ကံအမှုပင်ဖြစ်စေ၊ သတ္တဝါတို့နှင့် ထပ်ချပ်မကွာ လိုက်ပါသွား၏။ တဘဝလည်းမဟုတ်၊ နှစ်ဘဝလည်းမဟုတ်၊ ဘဝအဆက်ဆက် သံသရာတလျှောက်လုံးမှာပင် ပြုလုပ်သူနှင့် မကွဲမကွာ အမြဲပါသွား၏။

ထို့ကြောင့်ပင် မြတ်စွာဘုရားက 'သဗ္ဗေသတ္တာ ကမ္မဿကာ' ဟူ၍ ဟောတော်မူခြင်း ဖြစ်သည်။ **ကံ အမှု ဆိုရာတွင် လည်း** ကိုယ်ဖြင့် ပြုအပ်သော ကံ အမှု၊ **နှုတ်ဖြင့် ပြုအပ်သော** ကံ အမှု၊ **စိတ်**ဖြင့် ပြုအပ်သော ကံ အမှုဟူ၍ **အရာဌာန အား** လျော်စွာ ကွဲပြားခြားနားသွားသည်။

ကိုယ်ဖြင့် ပြုအပ်သော ကံ **အမှုက အကျိုးပေးတမျိုး**၊ နှုတ်ဖြင့် ပြုအပ်သော ကံ အမှုက **အကျိုးပေးတမျိုး**၊ **စိတ်**ဖြင့်ပြုအပ်သော ကံ အမှုက အကျိုးပေးတမျိုးဖြစ်သည်။

ဤနေရာ၌ ကံတရား၏ **အကျိုးပေးကိုလည်း** သိမြင်စေ၊ မြတ်စွာဘုရားသခင်၏ ဂုဏ်ကျေးဇူးကိုလည်း ကြည်ညိုနိုင်စေရန် အတွက် အလောင်းတော်ဘဝက ပြုလုပ်ခဲ့သော ကံတရားများ အကြောင်းကို ဆက်စပ်ဖော်ပြပါဦးမည်။

## အလောင်းတော်ဘဝမှ ကံပါရမီများ

မြတ်စွာဘုရားသည် ရှေးရှေးသော အလောင်းတော်ဘဝ ကုသိုလ်ကောင်းမှုတို့ကို ပြုသောအခါ၌ သဒ္ဓါတရားကြီးစွာ စိတ်နှလုံးကြံ့ခိုင်စွာ ပြုအပ်၏။ ရဟန်း၊ ပုဏ္ဏား၊ နတ်စသည် တစုံတယောက်သောသူမျှ ထို ကောင်းမှုကို တားမြစ်ဖျက်ဆီး၍ မရ၊ ပျက်ပြယ်ချတ်ယွင်းခဲ့သည်မရှိပေ။

ထို့ကြောင့်ပင် ထိုထိုကုသိုလ်ကောင်းမှုတို့ကို ပြုရာ၌ စိတ် နှလုံးခိုင်ကျည်မြဲမြံခြင်းဟူသော သဘောအားလျော်စွာ ပကတိ ညီညာပြံ့ပြူးသော ခြေဖဝါးတော်အပြင်ရှိ၏။ ထိုလက္ခဏာနှင့် တူမျှစွာ မည်သည့်ရန်သူ တစုံတယောက်မျှ မြတ်စွာဘုရားကို

ထိပါးနှောက်ယှက်ခြင်း မပြုနိုင်သော သဘောလည်း ရှိအပ်ပေ၏။

မြတ်စွာဘုရားသည်ရှေးရှေးသောအလောင်းတော်၏အဖြစ်၌ များစွာသော သူတို့၏ ချမ်းသာကို ရှက်ဆောင်တော်မူခဲ့၏။ ထိတ်လန့်ကြောက်ရွံ့နေသူတို့ကိုလည်း ကောင်းစွာစောင့်ရှောက်ပေးမခဲ့၏။ အခြံအရံနှင့်တကွသော အလှူကိုလည်း ပေးလှူခဲ့၏။ ထို့ကြောင့်ဘုရားဖြစ်ရအံ့သောဘဝ၌ခြေဖဝါးအပြင်၌တရာ့ရှစ်ကွက်သော စက်လက္ခဏာတော်တို့ ဖြစ်ထွန်းလာ၏။ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပသကာ၊ ဥပသိကာ စသော အခြံအရံများစွာတို့သည်လည်း ဖြစ်ထွန်းပေါ်ပေါက်လာပေ၏။

မြတ်စွာဘုရားသည် ရှေးရှေးဘဝများစွာတို့၌ သူ့အသက်သတ်ခြင်းကို ရှောင်ကြဉ်ခဲ့၏။ သူခပ်သိမ်းတို့အားလည်း အစဉ်သနားကြင်နာတတ်၏။

ထို့ကြောင့် ရှည်သောဖနှောင့်၊ ရှည်သော ခြေချောင်း-လက်ချောင်း၊ ပြဟ္မာမင်းကဲ့သို့ ဖြောင့်မတ်သောကိုယ်တော်ရှိ၏။ အသက်တော် ရှည်သည်လည်းဖြစ်၏။ အဆုံးစွန်သော အသက်အပိုင်းအခြားသို့ မရောက်မီအတွင်း၌ မြတ်စွာဘုရား၏ အသက်တော်ကို မည်သူ တဦးတယောက်မျှ မဖျက်ဆီးနိုင်ကုန်။

မြတ်စွာဘုရားအလောင်းတော်သည် ရှေးရှေးသော ဘဝတို့၌ မွန်မြတ်စွာသော ခဲဘွယ်ဘောဇဉ် ( အစာအာဟာရ )တို့ကို လှူဒါန်းပေးကမ်းခဲ့၏။

ထို့ကြောင့် ဘုရားဖြစ်လာအပ်သောအခါ၌ ခြေဖမိုး၊ လက်ဖမိုး၊ လည်ဂုတ်၊ ပခုံးစသည် ခုနစ်နေရာတို့၌ ပြည့်ဖြိုးသော

အသားရှိ၏။ မွန်မြတ်သော ဘောဇဉ်လာဘ်သပ္ပကာတို့ကိုလည်း ရသည်ဖြစ်ပေ၏။

မြတ်စွာဘုရားသည် ရှေး ရှေး အလောင်းတော်ဘဝ၌ သူတပါးတို့အား ပေးကမ်းခြင်း၊ ချစ်ဖွယ်သော စကားကို ဆိုခြင်း၊ သူတပါးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း၊ မိမိနှင့် ထပ်တူညီမျှ ပြုကျင့်ခြင်းဟူသော သင်္ဂဟတရားလေးပါးတို့ကို ကျင့်သုံးပြုလုပ်တော်မူခဲ့၏။

ထို့ကြောင့်ပင် ရှည်လျားသွယ်ပျောင်း နူးညံ့သိမ်မွေ့စွာသော လက်ချောင်း - ခြေချောင်းတို့ ရှိကုန်၏။ ပျပ်ဝပ်ရိုသေစွာ ဆည်း ကပ် လုပ် ကျွေး တတ် သော အလုပ်အကျွေး ရှိတော်မူ သည်လည်း ဖြစ်ပေ၏။

မြတ်စွာဘုရားသည်ရှေးရှေးသောဘဝတို့၌လူခပ်သိမ်းတို့အား အကျိုးစီးပွားနှင့် စပ်သော ( အကျိုးရှိစေသော ) စကားကို ဆိုတော်မူခဲ့၏။ လူခပ်သိမ်းတို့၏ အကျိုးစီးပွားကိုလည်း ကောင်းစွာ ဆောင်ရွက်ခဲ့၏။

ထို့ကြောင့် ခြေဖမိုးအပြင်မှသည် အထက်သို့ လက်လေးသစ်ခန့်မြင့်တက်သော ဖမျက်ရိုးသည်လည်းကောင်း၊ မျက်မှောင်တော် နှစ်ဖက်အကြားတွင် လဲဝါဂွမ်းအဆင်းနှင့်တူစွာသော မွေးရှင်တော်သည်လည်းကောင်း ရှိတော်မူ၏။

( ဗုဒ္ဓခေတ်ပြဿနာများ၊ )

သိန်း 5.

## ကံတရား၏ အကျိုးပေး

ကံတရား၏ အကျိုးပေးပုံကို ဤနည်းဖြင့်လည်း ကောင်းစွာ သိသာနိုင်ပေသည်။ အကုသိုလ်မှုဟု ဆိုရမည့် မကောင်းသော ကံအမှုများအတွက် အကျိုးပေးပုံ၊ အကျိုးတရားသက်ရောက် ဖြစ်ပေါ်ပုံမှာလည်း ထိုနည်းအတူသာ ဖြစ်ပေသည်။

ဤနေရာ၌ အကုသိုလ်မှု၏ မကောင်းကျိုး အကြောင်းကို အာဂမယုတ္တိဟုဆိုရမည့် ကျမ်းဂန်စာညွှန်းအတိုင်း ဖော်ပြရချေသော် အရေအတွက်ပေါင်း မြောက်များစွာ ထွက်ပေါ်လာပေလိမ့်မည်။

မည်သူသည် သူတပါးအသက်ကို သတ်ဖြတ်ခြင်း မကောင်းမှုကြောင့် ငရဲ၌ မည်သို့ခံခဲ့ရသည်၊ ငရဲမှ ကျွတ်လွတ်လာသည် တွင်လည်း၊ ထိုမကောင်းမှု အငွေ့အသက် (အရှိန်) ကြောင့် အသက်တိုသည်၊ အဆင်းမလှဖြစ်ရသည်ဟူသော အကြောင်းချက်နှင့် အကျိုးဆက်များကိုကား ဇာတ်နိပါတ်အားလျော်စွာ ထုတ်ဖော် ဆိုညွှန်းရပေလိမ့်မည်။

## မြောင့်မှန်သော အမြင်

မကောင်းမှုဆိုသည်မှာ ထိုထိုကျမ်းဂန်စာညွှန်းများကို အပထား၍၊ ယနေ့မျက်မှောက်လောက မျက်မြင်ထင်ရှား ဖြစ်ရပ်များအရပင်လျှင် နောက်ဆုံး၌ မနှစ်သက်အပ်သော အကျိုးတရားကိုသာ ဖြစ်မြောက်နိုင် ပေးနွှမ်နိုင်ကြောင်း၊ ကောင်းစွာ သိသာ ထင်ရှားနေပေသည်။

ထို့ကြောင့်လည်း အကုသိုလ်ကံ 'မကောင်းမှု'၏ စက်ဆုပ်ကြောက်ရွံဖွယ်အဖြစ်ကို မြတ်စွာဘုရားက အလေးအနက် အကျယ်တဝင့် ထုတ်ဖော် ဟောကြားတော်မူခဲ့ခြင်း ဖြစ်သည်။

ထိုဟောကြားတော်မူသည့်အတိုင်း ကောင်းစွာ သက်ဝင်ယုံကြည်ခြင်းသည်ပင်လျှင် 'သမ္မာဒိဋ္ဌိ' ဟူသော ဉာဏ်အမြင်၊ သို့မဟုတ် အမှန်တရားကို ထိုးထွင်းသိနားလည်ခြင်းဖြစ်ပေသည်။

အကြောင်းမှာကား ကံတရားသဘောကို တကယ်တန်း နားလည်ယုံကြည်လာသော အခါ ကောင်းသော ကံတရားကို အားထုတ်သလို မကောင်းသောကံတရားကို ထိတ်လန့်ကြောက်ရွံ့သွားသည်။ တတ်နိုင်သလောက် ရှောင်ကြဉ်ပယ်စွန့်သည်။

ဤသည်ပင်လျှင် ပကတိဖြောင့်မတ်မှန်ကန်သော လမ်းစဉ်အယူဝါဒဖြစ်ပေသည်။

## ဘာ့ကြောင့်ကောင်းကျိုးမပေးသလဲ

ဤနေရာ၌ ကံတရား၏အကျိုးပေး သက်ရောက်ဖြစ်မြောက်မှုနှင့် စပ်လျဉ်း၍ တနေရာတွင် ဆိုညွှန်းခဲ့ပြီး ဆွေးနွေးမှုတရပ်ကို ကြားညှပ်ဖော်ပြရပေဦးမည်။

ဤစာရေးသူတွင် တူတယောက်ရှိ၏။ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာတဦးဖြစ်၏။ သူကား နံနက်မိုးလင်းသည်နှင့် တပြိုင်နက် ဘုရားရှိခိုး၊ နတ်များကို အမျှဝေ၊ အိမ်တွင်း-မင်းမဟာဂီရိကိုယ်တော်ကြီးကို ယပ်သွင်း (ယပ်ခတ်ပေးကာ တိုင်တည်ခြင်း) သူ ဖြစ်မြောက်အောင်မြင်ချင်သမျှ အကြောင်းခြင်းရာ

များကို ဘုရားထံတွင် ဆုတောင်းခြင်း၊ တိုင်တည်ခြင်းပြုလုပ်နေသူ ဖြစ်၏။

ဤအတွင်းမှာပင် အလုပ်အကိုင် မချောမော – မအောင်မြင်သည်နှင့် ပတ်သက်၍ ဝေဖန်ဆွေးနွေးသည့် သဘောမျိုးဖြင့် ဤစာရေးသူကို မကြာမကြာထုတ်ဖော်ပြောတတ်၏။

" ကျွန်တော် ဘုရားရှိခိုးလာလိုက်တာ သုံးနှစ်ကျော်ပြီ၊ တနေ့မှ ဝတ်မပျက်ခဲ့ဘူး၊ အိမ်တွင်းနတ်ကို တိုင်တည်တာ၊ နတ်တွေကို အမျဝေတာလဲ နတ်တွေမှာ နားတောင်ပူလောက်နေပြီ၊ ဒါပေမဲ့ အလုပ်အကိုင် ဟန်ကျ – ပန်ကျကို မဖြစ်ဖူး၊ သူများတွေကျတော့လဲ နေချင်သလိုနေ၊ လုပ်ချင်သလိုလုပ်၊ အဲဒီကြားထဲကဘဲ အလုပ်တွေဖြစ်၊ ငွေတွေ ရနေကြတာဘဲ "

## ကံတရားကို မယုံကြည်မှု

သူ့စကားအဓိပ္ပာယ်ရင်းမှာ ကံတရားကို မယုံကြည်လေရာ ( ကုသိုလ်ကောင်းမှုတွေ ပြုနေသော်လည်း ဘာမှ အကြောင်းမထူးသည့်သဘော ) ရောက်နေသည်။ သို့နှင့်အမျှ မကောင်းမှုကို ပြုခြင်းသည်ပင်လျှင် မကောင်းကျိုး မသက်ရောက်နိုင်ရာလည်း ဖြစ်နေသည်။

ကျွန်တော်က အာဂမယုတ္တိသဘောဖြင့် ဦးစွာ စကားစလိုက်ရသည်။

" အဲဒါနဲ့ပတ်သက်လို့ အင်မတန် တိုက်ဆိုင် ညီညွတ်နေတဲ့ အကြောင်းတခုတော့ ရှိပါတယ်၊ မင်းတို့ခေတ်လူတွေ လက်ခံ

ချင်မဲ့ အခြေအနေတော့ မဟုတ်ဖူးပေါ့လေ၊ မင်းတို့က ကျမ်းဂန် စာဆိုသဘောကို လက်မခံချင်ဘူး မဟုတ်လား ''

'' ဟုတ်တယ်၊ စာထဲက အကြောင်းအရာတွေက တော့ နားလည်ဘို့လဲ မလွယ်ဘူး၊ တကယ်တန်းလဲ သိမြင် ထိတွေ့ရတာ မဟုတ်ဖူး - မှုတ်လား ''

'' အေး - မင်းပြောတာမှန်တယ်၊ ဘာသာရေးစာပေတွေထဲမှာ ကတော့ တဆင့်သိရတာလောက်ပဲရှိတယ်၊ လက်တွေ့လဲ မဟုတ် ဖူး - မျက်မြင်လဲ့ မဟုတ်ဖူး၊ သို့သော် မင်းစောဒကတက်ချင်ယင် စကားဆုံးတော့ တက်ပေါ့၊ အကြောင်းအရာ ( ဇာတ်တော် ) သဘောကိုတော့ အာဂမယုတ္တိအဖြစ် ပထမဦးစွာ ပြောပြအုံး မယ်။

'' အဲ့ဒီ - အာဂမယုတ္တိပြီးတော့ သဘာဝယုတ္တိ( သဘောတရား ) ကိုလဲ ထပ်ဆင့်ပြီး ပြောပြပါအုံးမယ်၊ မင်း အကြေအညက် လက်ခံနိုင် - လက်မခံနိုင်တာကတော့ တပိုင်း တကဏ္ဍပေါ့၊ မင်းဖာသာမင်း ဆုံးဖြတ်ပေါ့ ''

'' အင်းပါလေ....၊ အဲ့ဒီဇာတ်တော်ဆိုတာကိုဘဲ အရင်ပြော ပြပါအုံး ''

'' အေး - ဟုတ်ပြီ၊ ဇာတ်တော်ကို အရင်ပြောပြမယ်၊အမှန် ကတော့ အဲ့ဒီဇာတ်တော်ကို နားထောင်လိုက်ရယင်တောင် ကံ- ကံ၏ အကျိုးပေးမှုနဲ့ ကံတရားရဲ့ သဘောသဘာဝကို သဘော ပေါက် နားလည်နိုင်လောက်ပါတယ်။

## အဂ်တိဘုရင်

"ဒီလိုကွာ....၊ ရှေးက အဂ်တိမင်းကြီးဆိုတာ ရှိတယ်။ မိထိလာပြည့်ရှင် ဘုရင်မင်းမြတ်ဆိုပါတော့။ အဲဒီ အဂ်တိဘုရင်ဟာ တန်ဆောင်မုန်းလပြည့်နေ့ည လ အင်မတန်သာပြီး စိတ်နှလုံး ကြည်နူးချမ်းမြေ့ဘွယ် ကောင်းနေတဲ့အခါမှာ သူ့ရဲ့ မှူးမတ် ပုဏ္ဏားများကို မေးတယ်။

"မင်းကြီးများ....၊ ဒီညဟာ အင်မတန် စိတ်နှလုံးချမ်းမြေ့ ကြည်နူးဘွယ် ကောင်းတယ်၊ ဒီတော့ ဒီလိုအချိန်အခါမျိုးမှာ ဘာ လုပ်ရယင်ကောင်းမလဲ၊ တစုံတရာ ထူးထူးခြားခြားအမှုကိစ္စ ဘာများလုပ်ရယင် ကောင်းမလဲ" လို့ မေးတယ်။

အမတ်တွေက အမျိုးမျိုးအဖြေပေးကြတယ်၊ စားကောင်း သောက်ဖွယ်တွေ စားသောက်ဖို့ပြောတဲ့ အမတ်က တမျိုး၊ သတို့ သမီးငယ်များစွာနဲ့ ကာမဂုဏ်စည်းစိမ်ခံစားဘို့ပြောတဲ့အမတ်က တမျိုး၊ အမတ်ပေါင်းများစွာ – အဖြေပေါင်း များစွာပေါ့....။

ဒီထဲမှာတယောက်ကတော့ တိတ္ထိတက္ကတွန်းဆရာကြီးတဦးဆီ တရားသွားနာဘို့ပြောတယ်၊ ဒီ ဆရာကြီးဟာဖြင့် အဝတ်လဲ မဝတ်ဖူး၊ အစားအသောက်ကိုလဲ ဖြစ်သလိုစားတယ်၊ အင်မတန် အကျင့်ထူးခြားတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်ပေါ့။

လိုရင်း ရောက်လွယ်အောင် ပြောရယင် အဂ်တိဘုရင်ကြီး ဟာ အဲ့ဒီတိတ္ထိတက္ကတွန်းကြီးဆီ ရောက်သွားတယ်။ ဒီတော့ တက္ကတွန်းဆရာကြီးက ဘယ်လိုတရားဟောသလဲဆိုယင်–

# တိတ္ထိ ဆရာကြီးတရား

မင်းကြီး....၊ ကောင်းမှုပြုတာဘဲဖြစ်ဖြစ်၊ မကောင်းမှုပြုတာဘဲဖြစ်ဖြစ် ဘာမှအကြောင်းမထူးဘူး၊ ဒီဘဝမှာ ကောင်းတာလုပ်ပေမဲ့ ဟိုဘဝကျတော့ မကောင်းတာ ဖြစ်ချင် ဖြစ်တာဘဲ။ ဒီဘဝမှာ မကောင်းတာတွေ လုပ်နေပေမဲ့လဲ ဟိုဘဝကျတော့ ကောင်းတာတွေ ဖြစ်ချင်ဖြစ်တာဘဲ။

သတ္တဝါမှန်သမျှဟာ အန္တရကပ် (ခြောက်ဆယ့်လေးကပ်) ပြည့်သွားယင် ပြီးသွားတာဘဲ။ နောက်ထပ် ဘာမှ မဖြစ်တော့ဘူး။ အဲ့ဒီအန္တရကပ် - ခြောက်ဆယ့်လေးကပ်မပြည့်ခင် အတွင်းမှာတော့ ကောင်းတာ - ဆိုးတာတွေ အမျိုးမျိုး ဖြစ်ချင်သလို ဖြစ်နေတာဘဲ။

ကောင်းတာလုပ်ရက်နဲ့လဲ မကောင်းတာတွေ ဖြစ်ချင်ဖြစ်၊ မကောင်းတာတွေလုပ်ရက်နဲ့လဲ ကောင်းတာတွေ ဖြစ်ချင်ဖြစ် အမျိုးမျိုးဖြစ်နေတာဘဲ။

ဒီတော့ အခုဘဝမှာ လူသတ္တဝါတွေ အားလုံးကို အဖျော်ယမကာ ယာဂုခဲဘွယ်စတဲ့ စားသောက်ဖွယ်တွေ ပေးလှူနေတာဟာလဲ - အလကားဘဲ။ အဝတ်ပုဆိုး အိပ်ရာနေရာစတဲ့ အသုံးအဆောင် ပစ္စည်းဝတ္ထုတွေပေးလှူနေဘာဟာလဲ - အလကားဘဲ။

ဒီလိုပေးလှူနေခြင်းအားဖြင့် ကိုယ့်မှာ ပစ္စည်း - ဥစ္စာကုန်ခန်းတာကလွဲလို့ ဘာမှကောင်းကျိုးမရှိဘူး၊ ဘယ်လိုဘဲကောင်းမှုတွေပြုပြု - မကောင်းမှုတွေပြုပြု အန္တရကပ် - ခြောက်ဆယ့်လေးကပ်မပြည့်ခင်အတွင်းမှာဖြစ်ချင်တာတွေ ဖြစ်နေပြီးတော့ နောက်ဆုံး

ကပ်ပေါင်း ( ခြောက်ဆယ့်လေးကပ် ) စေ့သွားရော သတ္တဝါတွေဟာလဲ အစတုံးသွားရတော့တာဘဲ၊ နောက်ထပ်ဘာမှမဖြစ်လာတော့ဘူး။

## ဗိဇကလုလင်

တိတ္ထိတက္ကတွန်းဆရာကြီးက အင်္ဂုတ္တိဘုရင်ကြီးကို အဲ့ဒီအတိုင်း တရားဟောလိုက်တော့ သူတို့အနားမှာ ရှိနေတဲ့ 'ဗိဇက' ဆိုတဲ့ ကျွန်မရဲ့သားက ပထမဦးစွာ မချိတင်ကဲ ငိုတယ်။ ဒုတိယ အားရဝမ်းသာ ရီတယ်။

ဒီတော့ - အင်္ဂုတ္တိဘုရင်ကြီးက 'ဗိဇက' ကို မေးတယ်။ " သင့်ရဲ့အပြုအမူဟာ အင်မတန် ထူးဆန်းတယ်၊ ဘာ့ကြောင့် ဒီလိုဖြစ်ရသလဲ " ပေါ့။ ဒီတော့ ဗိဇက က ပြန်ဖြေတယ်။

" မင်းကြီး....၊ အကျွန်ုပ်ငိုကြွေးခြင်းဟာ နောက်နောက်က ဒီလိုတရားစစ် - တရားမှန်ကို မသိခဲ့ရတာအတွက် ဝမ်းနည်းပြီး ငိုကြွေးရခြင်း ဖြစ်ပါတယ်။ ရီတာကတော့ ခုမှတရားစစ် - တရားမှန်၊ ဆရာစစ် - ဆရာမှန်ကို တွေ့ရတဲ့ အတွက် ဝမ်းသာလွန်းလို့ ရီရခြင်း ဖြစ်ပါတယ်လို့ပြန်ပြီးပြောပြတယ်။

" သူက ဘာလို့ အဲ့ဒီလိုပြောနိုင်ရတာလဲ "

တူ ဖြစ်သူက မေးခွန်းထုတ်လာသည်။

" အော် အဲ့ဒါကတော့ ဒီကျွန်မရဲ့သားက သူ့ရဲ့ ကျင့်ကြံအားထုတ်မှု အားလျော်စွာ လွန်ခဲ့ပြီး ခုနစ်ဘဝကို ပြန်ပြီး မြင်နိုင်စွမ်းရှိတယ်လေ....၊ ဒီတော့ တက္ကတွန်း ဆရာကြီးပြောပြ

သလိုဘဲ သူဟာ ရှေ့ပန်းတိမ်သည်ရဲ့သားဖြစ်တဲ့ဘဝမှာ ကုသိုလ်ကောင်းမှုတွေ အမျိုးမျိုးလုပ်ခဲ့ပေမဲ့ အဲ့ဒီဘဝက လွန်မြောက်သွားတော့ ' ဝက်သတ်သမား 'ဖြစ်ခဲ့ရတယ်။

သို့ပေမဲ့ ဒီ ဝက်သတ်သမားဘဝက စုတေသွားရပြန်တော့လဲ နတ်ပြည်မှာ နတ်သားဘဉီးအဖြစ်နဲ့ စည်းစိမ်ချမ်းသာတွေ ခံစားနေရပြန်တယ်၊ အဲ့ဒီလို ကမောက်ကမတွေ ဖြစ်နေရတာကို သွားပြီး မြင်မိတာကိုး....''

'' အဲ့ဒါ - ဟုတ်သားဘဲ ''

'' နေပါအုံးလေ....၊ စကားဆုံးတော့ မင်း ထောက်ချင်ရာ ထောက်ပြပေါ့။ ဒီလိုနဲ့ ဗီဇက က ခုနစ်ဘဝ စေ့အောင် ပြန်ပြောပြပြီး၊ အတိုချုပ်ပြောရယင် တိတ္ထိတက္ကတွန်း ဆ ရာ ကြီး ရဲ့ တရားသဘောကို အကြွင်းမဲ့ ထောက်ခံတယ်ဆိုပါတော့ကွာ....''

## ဖောက်ပြန်မှုအမျိုးစုံ

'' ဒီတော့ - အင်္ဂတိမင်းကြီးကလဲ နန်းတော်ပြန်ရောက်တာနဲ့ တပြိုင်နက် လမ်းဆုံ - လမ်းခွမှာ တင်ထားတဲ့သောက်ရေအိုးတွေ ရိုက်ခွဲ၊ သောက်ရေအိုးအစား သေအရက်အိုးတွေထား၊ လင်စုံမယားဖက်တွေခေါ်၊ ယောကျ်ားက အရပ်မြင့်တယ်၊ မိန်းမက အရပ်ပုတယ်ဆိုယင် သူတို့ချင်းခွဲပစ်ပြီး ပုတဲ့ယောကျ်ားနဲ့ ပုတဲ့ မိန်းမနဲ့တွဲပေး၊ မြင့်တဲ့ယောကျ်ားနဲ့ မြင့်တဲ့မိန်းမနဲ့တွဲပေး။

'' ပြီးတော့ - သမီးတော်ဖြစ်သူရဲ့ အလှူပေး နေ့ ကျ ဖြစ် တဲ့ မဏ္ဍပ်တွေလဲ ဖျက်ဆီးပစ်၊ အဲ့ဒီလို လုပ်ချင်ရာတွေကို လျှောက်လုပ်တော့တာကိုး ''

"ဒါ - စာထဲမှာ ဖတ်ရတဲ့ အတိုင်းပေါ့ - နော်"

"အေးလေ....၊ ပြီးတော့ မင်း ထောက်ချင်ရာ ထောက်ပါ၊ ခုတော့ ငါ့စကားကို ဆုံးအောင် နားထောင်အုံးပေါ့"

"အင်းပါလေ....၊ ပြောပါ....၊ ပြောပါ...."

"ဒီတော့ - တိုင်းသူပြည်သားတွေကလဲ သူတို့ အားကိုးစရာ သမီးတော်တပါးဘဲ ရှိတော့တယ်"

"အင်္ဂတိမင်းကြီးရဲ့ သမီးတော်လား...."

"ဟုတ်တယ် - ဟုတ်တယ်၊ သူကတော့ အဖေလို မဟုတ်ဖူး၊ ပညာရှိတယ်၊ ဝေဖန်ပိုင်းခြားတတ်တယ်၊ ခုနစ်ရက်တပတ်ကို တခါ အလှူပေးနေကျလဲ ဖြစ်တယ်။ ဒီတော့ တိုင်းသူ ပြည်သား တွေက အဲ့ဒီသမီးတော်ရဲ့နန်းတော်ရှေ့သွားပြီး(ဟစ်တိုင်သဘော မျိုးပေါ့လေ) အော်ကြတာကိုး။

"ဒီတော့ သမီးတော်က အကြောင်းစုံ သိ၊ ဖခမည်းတော်ဆီ ရောက်၊ သို့သော် သူက ဘာမှမပြောရသေးခင် သူ့ ဖခမည်း တော်က သူ့ကို ကြိုတင်ပြီး တရားဟော၊ သမီးတော် အလှူပေး တာတွေဟာ ဘာမှအကျိုးမရှိဘူးပေါ့။

"ဒီတော့ - နောက်ဆုံးမှာ သမီးတော်ဖြစ်သူက သူ့ ဖခမည်း တော်ရဲ့ လွဲမှားတဲ့ အယူကို ချွတ်လွှဲပယ်ဖျောက်ပေးနိုင်ဘို့အတွက် အရပ်လေးမျက်နှာကို လှည့်ပြီး တိုင်တည်လိုက်တာ ဘယ်ကမှ မပေါ်ပေါက်လာဘူး။

"နောက်ဆုံး အထက်ကောင်းကင်မှာ ရှိခိုးပြီး တိုင်တည်

လိုက်တော့မှ ' နာရဒ ' ဆိုတဲ့ ဖြဟ္မာကြီးက အကြောင်းကိုသိ၊ အင်္ဂတိမင်းကြီးနှင့်တကွ အားလုံး ပြည်သူတွေပါ အထင်အရှား မြင်တွေ့နိုင်အောင် ကိုယ်ထင်ပြပြီး အင်္ဂတိမင်းကြီးကို တရားဟောတယ် ''

## နာရဒ ဗြဟ္မာကြီး

'' ဗြဟ္မာကြီးဟောပြတာကတော့ ဒီလိုပေါ့လေ၊ လောကမှာ ကောင်းမှု - မကောင်းမှု ဆိုတာတွေဟာ အလကား မဖြစ်ဖူး၊ ပျောက်ကွယ်မသွားဘူး၊ ကောင်းတဲ့အကျိုးဘဲဖြစ်ဖြစ်၊ မကောင်းတဲ့ အကျိုးဘဲဖြစ်ဖြစ်၊ အကျိုးသက်ရောက် ဖြစ်မြောက်မှုကတော့ အစဉ်အမြဲတည်ရှိနေတာဘဲ။

'' ပေါက်ရွက်ထဲမှာ မြတ်လေးပန်းကို ထုပ်လိုက်တော့ မွှေးကြိုင်တဲ့အနံ့ စွဲကျန်ရစ်နေသလို၊ အဲ့ဒီ ပေါက်ရွက်ကိုဘဲ ငါးပိသားငါးစတာတွေ ထုပ်လိုက်တော့လဲ ညှီစော်ပုပ်ဟောင်တဲ့ အနံ့ဆိုး နံပြန်တာဘဲ၊ ကျန်ရစ်နေခဲ့တာဘဲ။

'' ကောင်းမှု - မကောင်းမှုဆိုတာလဲ ဒီအတိုင်းဘဲ၊ ပြုလုပ်သူနဲ့ မကွဲမကွာ တည်နေတာဘဲ။ သို့သော် ကောင်းတာလုပ်ပြီး မကောင်းတာဖြစ်တယ်၊ မကောင်းတာလုပ်ပြီး ကောင်းတာဖြစ်တယ်ဆိုတာကတော့ ဖြစ်ချင်ရာ ဖြစ်တာမဟုတ်ဖူး။

'' ကုသိုလ်အကျိုးပေးချင်ပေမဲ့ အကုသိုလ်က အားကြီးနေတဲ့အခါ အကုသိုလ်က ဝင်ရောက်အကျိုးပေးတယ်။ အကုသိုလ်အကျိုးပေးချင်ပေမဲ့လဲ ကုသိုလ်က အားကြီးနေတဲ့အခါ ကုသိုလ်ကဘဲ အကျိုးပေးသွားတယ်။

" ဒါ့ကြောင့်သာ ကောင်းတာလုပ်ပေမဲ့ - မကောင်းတာဖြစ်၊ မကောင်းတာလုပ်ပေမဲ့ ကောင်းတာဖြစ်ဆိုတာမျိုးလို မညီမညွတ်ရှိနေရခြင်းဖြစ်တယ်။ ကုသိုလ်က ကောင်းကျိုးကို မပေးလို့ အကုသိုလ်က မကောင်းကျိုးကို မပေးလို့ မဟုတ်ဖူးလို့ ဥပမာသဘောတရားတွေ့ ကြောင်းကျိုးဆက်စပ်မှုတွေနဲ့ ဟောပြောရှင်းလင်းပြတယ် "

" အဲ့ဒီတော့.... "

" အဲ့ဒီတော့ - အဂ္ဂိတ်မင်းကြီး အမြင်မှန် ရသွားတာပေါ့။ ကုသိုလ် - အကုသိုလ်ရဲ့ အကျိုးပေးကြောင်း ကံသဘောကိုလဲ သဘောပေါက်ယုံကြည်သွားတာပေါ့ "

" ဒါဖြင့် - အကိုပြောချင်တာ ပြီးပြီဆိုပါတော့ "

" အေး - ဇာတ်တော်ကတော့ ပြီးပါပြီ၊ သို့သော် မင်းပြောချင်တာရှိယင် ပြောပါလေ.... "

## ကြိုးစားရကျိုး - မနပ်ဘူးပေါ့

" ပြောချင်တာဆိုတော့ ဒီလိုသာ ကုသိုလ် - အကုသိုလ်က သင့်သလို အကျိုးပေးတယ်ဆိုယင် ကျွန်တော့်လို နေ့စဉ်ဘုရားရှိခိုးနေတာလဲ အကုသိုလ်ပေးနိုင်သေးယင် ဘာမှအကြောင်းမထူးဘူးပေါ့ "

" အမှန်တော့ အကျိုးပေးတာ - မပေးတာက တကဏ္ဍ၊ ဘုရားရှိခိုးတာက တကဏ္ဍဘဲကွာ "

" ဒီလို လုံးမပြောပါနဲ့၊ ဘုရားရှိခိုးလို့ ကုံသိုလ်ရတယ်ဆိုယင် ကျွန်တော်သုံးနှစ်တောင် ကျော်လာပြီ။ နေ့စဉ်တင်နေ့မှ မပျက်ခဲ့ဘူး။ အဲဒါတွေဟာ နဲနဲမှ အကျိုးမပေးတော့ဘူးလား၊ အကျိုးမပေးနိုင်တော့ဘူးလား "

" သောက ဥပမာနဲ့ပြောရယင်လဲ အကို့ကို လူငယ်ကလေးတယောက်က ဆရာသမားအနေနဲ့ဘဲဖြစ်ဖြစ်၊ လူကြီးတယောက်အနေနဲ့ဘဲဖြစ်ဖြစ် အမြဲတန်း ရိုသေလေးစားနေတယ်၊ အကူအညီပေးနေတယ်ဆိုပါတော့။

အကို့အနေနဲ့ အဲ့ဒီလူငယ်ကလေးကို တစုံတရာအကျိုးရှိအောင် တုံ့ပြန်ဆောင်ရွက်ပေးထိုက်တယ် – မဟုတ်လား "

## ကံ တ ရား သ ဘော

" အေး – မင်း ပြောတာမှန်တယ်၊ အဲဒါနဲ့ ပတ်သက်လို့ ငါ့အတွေ့အကြုံတခုပြောပြရအုံးမယ်။ မောင်ဖြူ - မောင် မဲ ဆိုတဲ့ မိတ်ဆွေနှစ်ယောက် ဆိုကြပါစို့ကွာ။ အဲ့ ဒီ မိတ် ဆွေ နှစ် ယောက် အနက်မှာ လေးငါးခြောက်ခါ ကြုံကြိုက် တိုက် ဆိုင် သွား တော့ ငါ စဉ်းစားမိ – သတိသွားမိလာတာ တခုရှိတယ်။

အဲဒါ တခြားမဟုတ်ဖူး၊ မောင်မဲနဲ့တွေ့ရတဲ့အခါ ငါ့မှာ ပိုက်ဆံဆိုက်သလောက်ရှိတာနဲ့ချည်း ကြုံကြိုက်တယ်။ သူ့ကို လက်ဖက်ရေတိုက်နိုင်တယ်၊ ခရီးစရိတ် တကျပ်တပြားပေးလိုက်နိုင်တယ် "

"ကျွန်တော်နားလည်ပါပြီ၊ အကိုပြောချင်တာက မောင်မြို့ကျတော့ ကံမကောင်းလို့ ပိုက်ဆံမရှိတုန်းနဲ့ချည်း ကြုံကြိုက်မိတယ် ဆိုပါတော့"

"အေးလေ - ဖြစ်ကော မဖြစ်နိုင်ပေဘူးလား"

"ကျွန်တော်နားလည်နေတာကတော့ ကောင်းတာလုပ်ယင်ကောင်း တဲ့ အ ကျိုး ဖြစ် လာ ရ မယ်၊ မကောင်းတာလုပ်ယင်မကောင်းတဲ့အကျိုး ဖြစ်လာရမယ်"

"ကဲ - ကဲ၊ ဒါဖြင့် တခုထပ်ပြီး စဉ်းစားကြအုံးစို့။ မင်းက ရုပ်ရှင်သမားဆိုတော့ ရုပ်ရှင်နဲ့ ပတ်သက်တာဘဲ ပြောရအုံးမယ်၊ 'စပယ်' ဆိုတဲ့ ရုပ်ရှင်မင်းသမီးဟာ ရုပ်ကလေးကလဲ မဆိုးဘူး၊ အမူအရာကလဲ ကောင်းတယ်၊ ဆက်ဆံရေးလဲ ကောင်းတယ်လို့ မင်းဘဲစကားစပ်မိတိုင်း ပြောဘူးတယ် မဟုတ်လား"

"အကိုက ဒီလိုဖြစ်ရက်နဲ့ စပယ် သိပ်ပြီး ကျော်ကျော်ကြားကြား ဖြစ်မလာတာဟာကံမကောင်းလို့ လို့ ပြောချင်တယ်ဆိုပါတော့...."

"နို့ - ပြောလဲ မပြောသင့်ပေဘူးသားကွာ"

တူဖြစ်သူသည် တခဏမျှ ငိုင်သွားသည်။ နောက် မကျေနပ်လေဟန်ဆိုလာသည်။

"အကိုတို့ဗုဒ္ဓဘာသာ အယူအဆတွေမှာ ကျွန်တော်လဲ အဲဒါကို အားမရဘာဘဲ၊ အကြောင်းအရာတခုပြောလိုက်ယင် အတိအကျသဘောမရှိဘူး၊ ဟိုဟာကျတော့ ဟိုလိုဖြစ်လို့ - ဒီဟာကျတော့ ဒီလိုဖြစ်လို့နဲ့ သိပ်ပြီး ဝေ့တာဝိုက်တာဘဲ။

" ကုသိုလ်ကောင်းမှုလုပ်ယင် ကောင်းတဲ့အကျိုးဂဲပေးတယ် ဆိုသေးရဲ့၊ ကျွန်တော့်လို သုံးနှစ်ကျော်အောင် နေ့စဉ်ဘုရားရှိခိုး၊ နတ်တွေ အမျှအတန်းပေးလာတဲ့ လူကျတော့ ဘာမှ ထူးထူး ခြားခြားမှုဖြစ်လာဘူး။

တရားလွန်သောက် - တရားလွန် အပျော်အပါးတွေလိုက်စား နေတဲ့လူတွေကျတော့လဲ ဖြစ်လိုက်တဲ့ အလုပ်၊ ရလိုက်တဲ့ ပိုက်ဆံ သောက်သောက် လဲနေတာဘဲ။ ဒီတော့ ကျွန်တော်တို့က ဘာကို တထစ်ချ ယုံကြည်ရမလဲ "

## အမှန်တရား

" အဲဒါက မင်းမှာ လောလောဆယ် အလုပ် မဖြစ်သေးလို့ ထင်မိထင်ရာထင်နေတာပါ။ တကယ်တော့ အ ကု သိုလ် အ လုပ် တွေ့ လုပ်နေကြတဲ့ လူတိုင်းလဲ ချမ်းသာကြွယ်ဝကြတာ မဟုတ် ပါဘူး။

ကဲ ငါးပိငါးခြောက်အလုပ်၊ ပုစွန်ခြောက်အလုပ်၊ ကြက်၊ ဘဲ၊ သား၊ ငါးမွေးတဲ့အလုပ်တွေ ပိုက်ဆံအရလွယ်တယ်၊ အမြတ် အစွန်းကြီးတယ်ဆိုလို့ လုပ်ကြတဲ့ လူတိုင်း ချမ်းသာကြသလား ကွ။ တချို့မှာ ကြက်တွေတခြံလုံးပြုတ်အောင် သေ၊ ပုစွန်ဖောင် ပျက်လို့ ငွေရင်းဆုံး၊ ငါးမွေးသလောက် အရေအတွက်မဖြစ် လာလို့ ဆုံးရှုံးနစ်နာကြသူတွေကော မရှိပေဘူးလား။

" အမှန်ကတော့ အကုသိုလ်တွေ လုပ်နေရက်နဲ့ ချမ်းသာ တယ် - ကောင်းစားတယ်ဆိုတာက ခု ဘဝလုပ်နေတဲ့အကျိုးပေး

အကြောင်းကံ မဟုတ်ဖူးကွာ။ နောက်နောက်က ကုသိုလ်ကောင်းမှုရဲ့အကျိုးပေး အကြောင်းကို တိုက်ဆိုင် ကြုံကြိုက်နေတာ။

ကုသိုလ်ကောင်းမှုလုပ်ပါရက်နဲ့ ကောင်းကျိုးချမ်းသာ မခံစားရဘူးဆိုတာလဲ ဒီ အတိုင်းဘဲ။ ပြီးတော့ အဲ့ဒီ ကုသိုလ်ကောင်းမှု – မကောင်းမှုဆိုတာမှာကို တကယ်တန်း သေသေချာချာ လိုက်ပြီး ဆန်းစစ်လိုက်တော့ ရည်ရွယ် မှန်းထားရင်းဖြစ်တဲ့ စေတနာသဘော၊ ယုံကြည်ရှေ့ရှုချက်သဘောတွေ ကွဲပြားလာသေးတယ်။

မင်းက ဘုရားရှိခိုးလာခဲ့တာ သုံးနှစ်ကျော်ပြီ၊ တနေ့မှ ဝတ်မပျက်ခဲ့ဖူးလို့ ပြောခဲ့တယ် - နေ့ဘ်၊ သို့သော် မင်း ရှိခိုးတာက ဘာကြောင့် ရှိခိုးတာလဲ၊ ဘုရားရဲ့ ဂုဏ်တော် – ကျေးဇူးတော်တွေကို တကယ်တန်း အလေးအနက် အာရုံပြုပြီး သဒ္ဓါကြည်ညိုမှုနဲ့ ရှိခိုးတာလား။

သို့မဟုတ် - ဘုရားရှိခိုးယင် အလုပ်အကိုင် ချောမောတယ်၊ စီးပွားရေးကောင်းတယ်၊ ဩဇာတိက္ကမကြီးတယ်လို့ လောဘဇော ကပ်ပြီး ရှိခိုးတာလား။ ဒီလိုလဲ ကွဲပြားခြားနားမှု ရှိသေးတယ်။

## စေတနာ သန့်စင်မှု

အလှူအတန်းမှာလဲ ဒီလိုဘဲ၊ အလုပ်သဘောအားဖြင့်တော့ ကောင်းမှုဘဲ။ ကုသိုလ်ရကြောင်းလို့ ဆိုနိုင်တာဘဲ။ သို့သော် လှူပုံ - လှူနည်းက ဘယ်လိုလဲ၊ကျုပ်တော့ဖြင့် ဒီရွှေ-ဒီမျှလောက်တောင် ချမ်းသာနေပြီ၊ ငွေတွေ - ကြေးတွေ စုဆောင်းမိနေပြီလို့

အများပရိသတ် ငယ်ပေါင်းကြီးဖော်တွေကို ခေါ်ပြီး ကြွားတာလား။ ကိုထင်ပေါ် လုပ်ချင်တာလား....။

ငါ အလှူအိမ် တအိမ် ကို နှစ်ခါရောက်ဖူးတယ် ဆိုတာက နှစ်ကြိမ်အဖိတ်ခံရလို့ နှစ်ခါရောက်ဖူးတာကို ဆိုလိုတာပါ။

အဲ့ဒါ မင်း စဉ်းစားကြည့်စမ်း၊ အလှူအမလုပ်သူက ငါ့ကို ဘာမှ ခရီးဦးကြို ဖော်ဖော်ရွေရွေမရှိဘူး၊ မျက်နှာထား ခပ်တင်းတင်းဘဲ။ ဒီပြင်လူ တွေ ကို လဲ ဒီအတိုင်းဘဲ၊ နောက်တခါ ကျတော့လဲ ဒီလိုဘဲ၊ ဒီတော့မှ ငါ သူ့ သဘောထားကို သေသေချာချာ စဉ်းစားမိသွားတယ်။

သူအလှူလုပ်တယ်ဆိုတာက 'သဒ္ဓါ'တရားကြောင့်ဘဲဖြစ်ဖြစ်၊ 'မင် - ဖိုလ် - နိဗ္ဗာန် 'အကျိုးဘဲဖြစ်ဖြစ်၊ ဒါတွေ အဓိက မဟုတ်ဖူး။ နဂိုတုန်းက စားနိုင် - ရုံလောက် အခြေအနေမျိုးမှာ ခုတော့ ပတ်ဝန်းကျင် အချိန်အခါအားလျော်စွာ တိုက်တည်ကားစီးနိုင်လောက်အောင်ကို ချမ်းသာလာတာ အကြောင်းပြုပြီး လူတွေကို ခေါ်ကြွားတာပဲ။

သူ ဖိတ်လို့ လာရတဲ့သူတွေကိုလဲ အလှူခံပုဂ္ဂိုလ် အဖြစ်နဲ့ မမြင်ပဲ ငါကျွေးတာကို လာစားကြတာပဲလို့ အမြင် တမျိုး မြင်နေမိလို့ပဲ၊ အဲဒီအလှူမျိုးကျတော့ အကျိုး ပေး ရာ မှာ လဲ ဘယ်လိုဖြစ်မယ်ဆိုတာ မင်း စဉ်းစားမိမှာပေါ့"

## အရင်းခံစေတနာ

"ဒါဖြင့် - မကောင်းမှုလုပ်တဲ့ လူတွေကျတော့ကော"

"အေး - အဲဒီလိုမေးတာကောင်းတယ်၊ ငါကလဲ ပြောပြချင်နေတာနဲ့ အတော်ကျသွားတာပဲ။ ဒီ လို ကွာ....၊ အဲ့ ဒါနဲ့

ပတ်သက်လို ငါ့သဘော - ငါ့ အတွေး အခေါ် သက်သက် မဟုတ်ပဲ သူတပါး အတွေးအခေါ် အဆို အမိန့် အနေနဲ့ကို ပြောပြပါအုံးမယ်။ သက်သေခံ အထောက်အထားလို့ဂဲ ပြော နိုင်တာပေါ့....။

လွန်ခဲ့တဲ့ အင်္ဂလိပ်ခေတ် – လွတ်လပ်ရေး မရသေးမီက 'တိုးတက်ရေး' မဂ္ဂဇင်းထဲမှာ 'အာလံ'မြို့ (အောင်လံမြို့)က ရှေ့နေ 'အောင်လှိုင်' ဆိုသူက အတွေး အခေါ် (အမေး ပြဿနာ) ဆောင်းပါးတခုရေးလိုက်တယ်။

သူ့ ဆောင်းပါးလိုရင်းချုပ်က ဒီလိုကွ။

"ဗုဒ္ဓဘာသာကျမ်းဂန်များထဲမှာ လူ့ဘဝ ဆိုတာ အင်မတန် ရနိုင် - ဖြစ်နိုင်ခဲတယ်လို့ဆိုတယ်။ သို့သော် ဗုဒ္ဓဘာသာများက 'မိစ္ဆာဒိဋ္ဌိတွေပဲ' လို့ ယူမှတ် ယုံကြည် နေကြတဲ့ အနောက်နိုင်ငံ တိုင်းတပါး သားတွေမှာ တနှစ် ထက် တနှစ် ဘာ့ကြောင့် လူဦးရေတိုးပွားနေရသလဲ။

ပြီးတော့ 'ကံ'ငါးပါးကို မထိန်းသိမ်းပဲ နည်းအမျိုး မျိုးနဲ့ ကျူးလွန်နေကြသူတွေ ဖြစ်ပါလျက် ဘာ့ကြောင့် စည်းစိမ်ချမ်းသာ ရာထူး ဂုဏ်ထူး အဆောင်အယောင် အခမ်းအနားကြီးတွေနဲ့ပြည့်စုံဖြစ်မြောက်နေကြရသလဲ–တဲ့။ အဲ့ဒီလို မေးခွန်းထုတ်ထားတယ်။

လူဦးရေ တိုးပွားမှု ဆိုတဲ့ နေရာမှာ ဆောင်းပါးရှင်က ဘယ့်လောက် သေချာ တိကျသလဲ ဆိုရယင် ဘယ်တိုင်းပြည်မှာ ၁၉၃၀ – ခုနှစ်က လူဦးရေ ဘယ်လောက်သာရှိခဲ့တယ်၊ သို့သော်

၁၉၃၆-ခုနှစ်ကျတော့ လူဦးရေ ဘယ်လောက် ဖြစ်လာတယ် စသည်ဖြင့် တိုးတက်များပြားလာမှုကို စာရင်းဇယားနဲ့ တကွ ပြည့်ပြည့်စုံစုံတင်ပြထားတယ်"

"အတော်ဟုတ်တဲ့ လူပဲနော်၊ ဖြေနိုင်တဲ့ လူကော-ရှိရဲ့ လား"

"ဟာ-ရှိတာပေါ့၊ ဖြေတဲ့လူကလဲ တကယ်လေးစား ကျေနပ်လောက်တဲ့ပုဂ္ဂိုလ်ပဲ။ ကျေနပ်လောက်တယ် ဆိုတာက ဒီလိုလေ၊ သူ့ဖြေပုံက ကျမ်းဂန် စာညွှန်း သဘောနဲ့ ချည်း (အာဂမယုတ္တိ-ဆိုပါတော့) တဖက်မြင် တနည်းသိသက်သက် ဖြေတာမဟုတ်ဖူး၊ လောကမျက်မြင် လက်တွေ့သဘောနဲ့ပါ ကြောင်းကျိုးဆက်စပ်ပြီး ဖြေသွားတာကိုး"

"ဟုတ်လား-ပြောပြပါအုံးလေ"

"အေး-ဖြေတဲ့ပုဂ္ဂိုလ်ကြီးအမည်က ဦးဖေတဲ့၊ 'သီရိစတု ရင်္ဂဗလ'ဘွဲ့ခံ မြန်မာပညာရှိကြီးပေါ့၊အဲ့ဒီပုဂ္ဂိုလ်ကြီးက ဘယ်လို ဖြေသလဲဆိုတော့–

"ကောင်းမှုကုသိုလ်ဆိုတာ များရာစုဗုဒ္ဓဘာသာတွေ အမှတ် သဘောမျိုး သိနေကြတဲ့ လှူဒါန်းပေးကမ်းမှုသာလျှင် ကုသိုလ် ကောင်းမှုမဟုတ်ဖူး၊ သီတင်း သီလလောက်ဘည်မှု ဆိုခြင်းသည် သာလျှင် ကုသိုလ်ကောင်းမှု မဟုတ်ဖူး။

စင်ကြဲယ်မှန်မြတ်စွာသော စေတနာ အရင်းခံ (ရှေ့ရှုဦး တည်မှု) ဖြင့် လူသတ္တဝါတို့၏ ကောင်းကျိုးဘရားကို ဆောင် ရွက်ခြင်းမှန်သမျှဟာလဲ ကုသိုလ်ကောင်းမှုဘဲ ဖြစ်တယ် တဲ့။

ဗုဒ္ဓဘာသာတွေကသာ 'မိစ္ဆာဒိဋ္ဌိ' တွေဘဲလို့ တမျိုးမြင်ထားကြပေမဲ့ အဲ့ဒီသူမျိုးတွေမှာ လောကဂုဏ်ပကာသနမဖက်၊ ပကတိသက်သက် မှန်မြတ်စွာသော စေတနာ ရှေ့ရှုချက်ဖြင့် အမည်မဖော်လိုသူက မည်သည့်ဆေးရုံသို့ ငွေတသောင်းလှူဒါန်းပါသည်၊ စာသင်ကျောင်း ဖြစ်မြောက်ရေးတွင် ငွေမည်မျှပါဝင်လှူဒါန်းပါသည် အစရှိတာတွေဟာ ဗုဒ္ဓဘာသာများ နားလည်နေတဲ့ 'ဒါန' ဟူသော ဝေါဟာရ သတ်မှတ်ချက်ပင် အတပ်မခံရစေကာမူ၊ မူလရှေ့ရှုရည်မှန်းချက်ကတော့ အင်မတန် မြင့်မြတ်စင်ကြယ်သောကောင်းမှုများပင် ဖြစ်ပေတယ် တဲ့"

"သူ ပြောပုံက မျှမျှတတရှိတယ်နော်"

"အေးလေ - ပညာရှိလှဲ့ဖြစ်မယ်၊သူတော်ကောင်းလဲဖြစ်မယ် ဆိုယင် စကားပြောတဲ့ နေရာမှာ ဒီလိုချည်းဘဲပေါ့၊ မာန်မာန မရှိဘူး၊ ငါ့ဝါဒမှ ငါ့ဝါဒလို့ တရားသေ တထစ်ချ စွဲလမ်း မထားဘူး။ ကြောင်းကျိုး လျော်ကန် မှန်ကန် ဖြောင့်မတ်တဲ့ သဘောဆိုယင် လူမျိုးစွဲ - ပုဂ္ဂိုလ်စွဲ မရှိဘူးဆိုပါတော့"

"ကျွန်တော်က အဲ့ဒီလို တဖက်သား နားလည်မှုကို ဦးစား ပေးတဲ့ လူမျိုးမှ သဘောကျတယ်"

"ဟုတ်တာပေါ့-ဒီလိုနားလည်အောင်ပြောမှလဲတဖက်သား မှာ ဆိုးကောင်း - မှားမှန် ဝေဖန်ပိုင်းခြားနိုင်မှာပေါ့၊ ကဲ-အဲ့ဒါ အသာထား၊ ခုန ဆရာကြီး ဦးဖေရဲ့ အဖြေကို ပြန်ဆက်ကြ အုံးစို့....။

## ယုယုယယ - ကြင်ကြင်နာနာ

ဒီတုန်းက ဆေးရုံတွေအခြေအနေကလဲ ခုခေတ်နဲ့ မတူသေးဘူးကိုးကွဲ့၊ ဒီတော့ ဆရာကြီးက ဘာသာခြားတွေမှာ (ဗုဒ္ဓဘာသာမှာလို ကုသိုလ်ကောင်းမှု ဝေါဟာရတွေပင် မရှိလင့်ကစား) သူတို့ရဲ့ ပင်ကိုယ်သန့်စင်မွန်မြတ်မှု အပြုအမူတွေနဲ့ ကုသိုလ်ကောင်းမှုရဲ့ သဘောကို ကြောင်းကျိုးဆက်စပ်ပြီး တင်ပြသွားတယ်"

"ဆေးရုံတွေ အခြေအနေဆိုတာက ဘာကို ပြောတာလဲ-ဟင်"

" အော် - အဲ့ဒါက ဒီလိုကွဲ့၊ ဟိုတုန်းခေတ်ကာလက ဆေးရုံမှာ သူနာပြုဆရာမဆိုတာ မြန်မာလူမျိုးထဲက လုံးဝမရှိသလောက် ၊ကရင်အမျိုးသမီး၊ ကပြားအမျိုးသမီးတွေလောက်သာအများဆုံး ရှိခဲ့ကြတယ်"

" အဲ့ဒီတော့...."

" အဲဒီတော့ - ကရင်အမျိုးသမီး သူနာပြုဆရာမလေးတွေ၊ အိန္ဒိယသူနာပြုဆရာမလေးတွေ၊အင်္ဂလိပ် - အိန္ဒိယကပြားသူနာပြုဆရာမလေးတွေဟာ ဗုဒ္ဓဘာသာပင်မဟုတ်လင့်ကစား လူနာတွေအပေါ် တကယ်တန်း ကြင်ကြင်နာနာ - ယဉ်ယဉ်ကျေးကျေး ဆက်ဆံပြုစုကြတာကို ဆရာကြီးက သက်သေအထောက်အထား အဖြစ် တင်ပြတယ်လေ။

သူ့ကိုယ်တွေ့အဖြစ်တရပ်အနေနဲ့လဲ အတိအကျ ထုတ်ဖော်တင်ပြတာ တခုရှိသေးတယ်။ တခါတုန်းက ရန်ကုန်ဆေးရုံကြီးမှာ ဂေါရင်ဂျီကုလား လူနာတယောက်ဟာ ရောဂါဝေဒနာအားလျော်စွာ ရုတ်တရက် အန်လိုက်တော့ အနားမှာ ထွေးခံကလဲ အသင့်မရှိတာနဲ့ ကရင်အမျိုးသမီးသူနာပြုဆရာမလေးက အဲ့ဒီအန်ဖတ်ကို သူ့လက်နှစ်ဖက်နဲ့ ခံထားလိုက်သတဲ့။

အဲ့ဒီအလုပ်မျိုးကို ယဉ်ကျေးသိမ်မွေ့လှပါတယ်ဆိုတဲ့ ဗမာလူမျိုးတွေ လုပ်နိုင်ကြပါ့မလား....တဲ့"

"ဆရာကြီးပြောတာ မှန်တယ် – နော်"

## သဘောဟုတ်မှ – လောကုတ္တရာ

"အေးလေ - အဲ့ဒီတော့ သဘောဟုတ်မှ - လောကုတ္တရာဆိုတာမျိုးလိုဘဲ၊ ပါးစပ်က ဘာတွေဘဲပြောနေနေ၊ ကိုယ်အမူအရာက ဘယ်လောက်ဘဲ ယဉ်ကျေး သိမ်မွေ့လှပါတယ် ဆိုဆို၊ တကယ်တန်း အစစ် အမှန်ကတော့ စိတ်နေ သဘောထား၊ အနေအထိုင်ပေါ်မှာ အခြေခံနေတာဘဲ။

သူတော်ကောင်း ဟန်ပန် မူရာ ရှိတိုင်းလဲ တကယ့်သူတော်ကောင်းအစစ်ဟုတ်ချင်မှဟုတ်တာ၊သူတော်ကောင်းစကားတွေ၊ ဘာသာတရား - ယဉ်ကျေးမှုအကြောင်းတွေ ထုတ်ဖော် တင်ပြမနေပေမဲ့လဲ ပင်ကိုယ်စင်ကြယ်မြင့်မြတ်တဲ့ နှလုံးသား ရှိချင်ရှိနေတတ်တာပဲ - မဟုတ်လား...."

"အင်း – အင်း၊ ကျွန်တော်နားလည်ပါပြီ"

တူဖြစ်သူသည် တခဏမျှ တွေဝေငြိမ်သက်နေပြန်သည်။

အခွင့်ကောင်းရခိုက် ဤ စာရေးသူက စကား ဆက် လိုက်ရသည်။

" အဲဒီတော့ - မင်းလဲ ကိုယ့်စိတ်ကိုယ်သေသေချာချာဝေဖန်စစ်ဆေးကြည့်ပေါ့ကွာ၊ ငါဘုရားရှိခိုးတာဟာ တကယ်တန်းဘုရားကို ကြည်ညိုလို့ ယုံကြည်လို့ ရှိခိုးတာလား၊ လောဘဇောကပ်ပြီး ရှိခိုးတာလား။

ကောင်းမှု အစစ် - အမှန် ဆိုတာ ကကော ဘယ်လိုလဲ၊ ကောင်းမှု ဆိုတာကကော ဘယ်လိုလဲ၊ တိုင်းတပါးသားတွေချမ်းသာကြီးပွားနေကြတာ ကျော်စောထင်ရှားနေကြတာဟာ လောကအကြောင်းသက်သက် ချမ်း သာ ကျော် စော အောင် လုပ်တတ်လို့လား၊ သို့မဟုတ် သူတို့အသိနဲ့သူတို့ တ က ယ် တ န် း မြင့်မြတ်ဖြောင့်မှန်တဲ့ စိတ်ထားစေတနာတွေရဲ့ အကျိုး ပေး ကြောင့်လား....။

အဲဒီလို ဟိုဘက် - သည်ဘက်၊ အပြန်ပြန် - အလှန်လှန်ဝေဖန်တွေးခေါ်ကြည့်ယင် မင်းလိုချင်တဲ့ အဖြေမှန် ပေါ်လာပါလိမ့်မယ်....။

## ယုံကြည်တာ - ကုသိုလ်ဘဲ

ဘုရားရှိခိုးတယ် ဆိုတာကလဲ မင်း စဉ်း စား တတ် အောင်၊ ဝေဖန်တတ်အောင်သာ အကြောင်းအကျိုး ဆက်စပ်ပြတာပါ။ မကောင်းဖူး - မှားနေတယ်လို့ ဆိုလိုတာ မဟုတ်ပါဖူး၊ ဘာ့ကြောင့် ရှိခိုးတာဘဲဖြစ်ဖြစ် ကုသိုလ်ကတော့ ရပါတယ်။

လောကဝတ်အားလျော်စွာ နေရာထိုင်ခင်းပေးတာ၊ ခရီးဦးကြိုဆိုတာမျိုးမှာတောင် ကုသိုလ်ရသေးတယ်ဆိုယင် မင်း ဝတ် မပျက်တန်း ဘုရားရှိခိုးလာခဲ့တာဟာလဲ မုချကုသိုလ်ရပါတယ်။ ယုံကြည်မှုဆိုတာကိုက ကုသိုလ်ထဲမှာ အကျုံးဝင်နေပါပြီ။

လူသတ်တဲ့လူ၊ မကောင်းမှုတွေ လုပ်လာခဲ့တဲ့ လူများဟာ လောလောဆယ် အစိုးရ အပြစ်ဒဏ် မခံရဘူးထား၊ ပုန်းကွယ်ရှောင်ရှားနေနိုင်တယ်ထား၊ နောက်ဆုံး တနေ့ကျတော့ ကိုယ့်စိတ်ကကိုယ့်ကိုပြန်ချောက်လှန့်ပြီးစိတ်ဆင်းရဲ -- ကိုယ်ဆင်းရဲဖြစ်ရသလို ကုသိုလ်ကောင်းမှုဆိုတာလဲ တနေ့မှာအကျိုးပေးခွင့်ကြုံတာတော့ အမှန်ပါဘဲ။

ဒါကြောင့်လဲ ဘုရားက သတ္တဝါများမှာ ကံ – ကံ၏ အကျိုးတရားသည်သာ ကိုယ်ပိုင်ဥစ္စာ ဖြစ်တယ်လို့ ဟောခဲ့တာဘဲ။ သို့သော် ဒီကံတရားသဘောမှာ သံသရာတလျှောက်လုံး က ပါလာခဲ့တဲ့ အတိတ်ကံ၊ ယခု လောလောဆယ် ကြုံကြိုက်ရပ်တည်နေဆဲဘဝ ( ပစ္စုပ္ပန် ) မှာ ပြုလုပ်တဲ့ ကံတရားရယ်လို့ နှစ်မျိုးကွဲသေးတယ်။

အဲ့ဒါကိုတော့ မပြောတော့ပါဘူး၊ မင်းလဲ ဒီလောက် အကြာကြီး နားထောင်ရတာ ငြီးငွေ့သွားရောပေါ့ – မဟုတ်ဘူးလား ”

“ အင်း - ကြာတာကတော့ အရေးမကြီးပါဘူး၊နောက်ဆုံးကျွန်တော်သိချင်တာ တခုရှိသေးတယ်၊ တွေးမိလို့လဲ ပြောနိုင်တာပေါ့လေ....။ အဲ့ဒါက ဒီလိုပါ။

## အမြန်နှင့် - အနှေး

လူ့ဘ၀မှာ မကောင်းမှုကျတော့ အကျိုးပေးမြန်တယ်၊ ကုသိုလ် ကောင်းမှု ( ကောင်းတာလုပ်တဲ့ အကျိုးဆိုပါတော့ ) ကျတော့ အကျိုးပေးနှောင့်နှေးတယ်၊ အထင်အရှား သိသာလောက် အောင် အကျိုးပေးမမြန်ဘူးဆိုပါတော့၊ အဲ့ဒါကကော ”

“ အေး - အဲ့ဒါတော့ မင်းကို စာနဲ့ဘဲ ဖြေတော့မယ်၊ အကြောင်းကလဲ တထပ်ထဲ တိုက်ဆိုင်နေလို့ပါ။

ကျည့်ကန်ကိုရင်ကြီးက ကျိုးသဲလေးထပ်ဆရာတော် ဘုရားကြီးကို ( စွယ်စုံကျော်ထင် ကျမ်းဘဲမှာ ) မေးထားတာ ရှိတယ်။

“ အကုသိုလ် ကံ - ကုသိုလ် ကံ၊ ဘယ်ကံ အားကြီး ကြသနည်း.... ”တဲ့။

ဆရာတော်ကြီးဖြေတာကတော့ ကုသိုလ်ကံ အားကြီးသတဲ့၊ ဒီနေရာမှာ စောဒကတက်စရာတခုရှိတယ်။ ကုသိုလ်ကံက အား ကြီးတာ မှန်ရက်နဲ့ မကောင်းမှုပြုတာကျတော့ ချက်ချင်းလော လောဆယ် အပြစ်ဒဏ် ကျခံရပြီး၊ ကောင်းတာကျတော့ ဘာ့ ကြောင့်ဖင့်နွှဲနေရသလဲ - ပေါ့။

အဲ့ဒါနဲ့ ပတ်သက်လို့ ဆရာတော်ပြတဲ့ဥပမာကတော့ ဒီလိုကွဲ့။

လောကမှာ ကောက်ပဲသီးနှံစတဲ့ အပင်ငယ် ကလေးတွေ ကျတော့ အချိန် အကြာကြီးမစောင့်ရဘူး၊ ချက်ချင်းရှင်သန် ဖြစ်ထွန်းပြီး ချက်ချင်းစားသုံးရတာဘဲ၊ သို့သော် ကြာရှည်

လေးမြင့် မတည်မြဲဘူး။ ဖြစ်လွယ် - ပျက်လွယ်ဘဲ။ အဲ့ဒါက အကုသိုလ်ရဲ့ အကျိုးပေး အကြောင်း ကံ သဘောပေါ့။

ကုသိုလ်ရဲ့ အကျိုးပေးကျတော့ ဒီလိုမဟုတ်ဘူး ၊ အုန်းပင် - ထန်းပင်များ စိုက်ရသလိုဘဲ၊ စားသုံးဘို့ကိုလဲ အချိန်ကြာကြာ စောင့်ရတယ်၊ စားသုံးရပြန်တော့လဲ အချိန်ကာလ ရှည်လျား ကြာမြင့်စွာ စားသုံးရတယ်။

နောက်တခုကလဲ အကုသိုလ် အကျိုးဆိုတာ တကမ္ဘာဘဲ သက်တမ်းရှိပြီးတော့ ကုသိုလ်အကျိုးကျတော့ ကမ္ဘာပေါင်း များစွာ ခံ - စံ ရသတဲ့။

" ဗုဒ္ဓဘာသာမှာ အယူအဆ အကြောင်းအကျိုးတွေက သိပ်ခက်ခဲ ကျယ်ပြန့်တာဘဲ -- နော် "

## ကိုယ် ကိုယ် တိုင် ဝေဖန်ကြည့်

" အေးလေ – အဲ့ဒီလိုပြောချင်လဲပြောပေါ့။ သို့သော် မင်း ဖာသာ သီးခြားအတွေးအခေါ် သဘောဘဲဖြစ်ဖြစ်၊ ခု ပြောခဲ့ပြီး တာတွေကိုဘဲ ဖြစ်ဖြစ် အချိန်ယူပြီး လေးလေးနက်နက် ပြန်စဉ်းစားကြည့်ယင်တော့ မင်း လက်လှမ်းမှီနိုင်သလောက် အဖြေပေါ်လာပါလိမ့်မယ်။

မူလရင်း ဦးလှိုင် မေးမြန်းလာတဲ့ပြဿနာ၊ ဆရာကြီးဦးဖေ ဖြေကြားတဲ့ သဘောတရား ကြောင်းကျိုးဆက်စပ်မှုတွေကိုဘဲ အပြန် - အလှန် ဝေဖန်စူးစမ်းကြည့်ယင် အခြေခံချင်း တူညီ နေတာ တွေ့ – သိလာရမှာပေါ့။

မင်း ပြောခဲ့ရင်း ဖြစ်တဲ့ ကုသိုလ် - အကုသိုလ် အကျိုးပေး ဆိုတာလဲ ဒီ အတိုင်းဘဲ။

ရည်ရွယ်ရှေ့ရှုရင်း စေတနာဦးတည်ချက် အရေးကြီးတယ်။ အကောင်းဟန်ဆောင်ထားပေမဲ့ ရည်ရွယ်ရင်း စေတနာက တကယ်တန်း မသန့်စင်ခဲ့ယင်လဲ ရာခိုင်နှုန်းပြည့် ကောင်းကျိုး မဖြစ်ထွန်းနိုင်ဘူး။

အပြင်ဗန်း အမြင်မကောင်းသော်လဲ အရင်းခံ စေတနာက သန့်စင်မှန်မြတ်နေခဲ့ရိုးမှန်ယင် အဲ့ဒီအပြုအမူဟာ မကောင်းကျိုး မပြစ်နိုင်ဘူး၊ အဲ့ဒီတော့ ကိုယ့်ဟာကိုယ်လဲ ဝေဖန်ပိုင်းခြားကြည့် ပေါ့ကွာ။ မြတ်စွာဘုရားဟောထားတဲ့ 'ကာလာမ' သုတ်ထဲက လိုဘဲ။ ခုငါပြောတာတွေနဲ့ ချည်းလဲ မှန်တယ် - ဟုတ်တယ် တတစ်ချ ဆုံးဖြတ်စရာမလိုဘူး။

မင်း အသိဉာဏ်၊ မင်း အတွေးအခေါ်နဲ့ လက်လှမ်းမှီနိုင် သလောက် စူးစူးစမ်းစမ်းဝေဖန်စဉ်းစားကြည့်ပေါ့။

## အကြောင်းတရားနှင့် - အကျိုးတရား

ကံ - ကံ ၏ အကျိုးတရားကို သက်ဝင်ယုံကြည်မှု ဆိုသည်မှာ စင်စစ်အားဖြင့်ကား၊ 'ဗုဒ္ဓဝါဒ' ၏ အကြောင်းနှင့် အကျိုး တရားဆိုထိုက်နေလေသည်။

ကောင်းသော ကံ အမှုပင်ဖြစ်စေ၊ မကောင်းသော ကံအမှုပင် ဖြစ်စေ၊ ကံတရား၏ အကျိုးပေး သက်ရောက်မှုကို အလေး အနက်ယုံကြည်လက်ခံနိုင်ပါမှ မကောင်းသော ကံ အမှုများကို

ချောင်ကြဉ်ပယ်စွန့်မည်။ ထိုသို့ပယ်စွန့်ပါမှလဲအသိအမြင်ဖြောင့်မှန်သည်နှင့်အမျှ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာစခန်း များသို့ တက်လှမ်းရောက်ရှိနိုင်ပေလိမ့်မည်။

ဤသည်နှင့် ပတ်သက်၍ ကျေး ဇူး ရှင် - အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ ဟော ကြား ညွှန်ပြ မှုကို အထောက်အထား အဖြစ်ဖြင့် ဓမ္မစကြာ တရား တော်ကြီး မှ ကောက်နုတ်ဖော်ပြပါဦးမည်။

## ကံ - ကံ၏ အကျိုး တရား

အဲ့ဒီလေးမျိုးထဲက ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတာ ကံ နှင့် ကံ ၏ အကျိုး ရှိတယ်လို့ ယုံကြည်ပြီး သိမြင်သဘောကျတဲ့ အယူ အဆပါပဲ။ ပြုလုပ်တဲ့အမှုကို ( ကမ္မ ) ကံ လို့ ခေါ်တယ်။ အဲ့ဒီ အမှု ကံ က ကောင်းကျိုး - ဆိုးကျိုးကို ရစေတတ်တယ်။

ပုံစံထုတ်ပြရယင် မသင့်တော်တဲ့ အမှုကို ပြုမိတဲ့ သူတွေမှာ မကောင်းကျိုး - ဆိုးကျိုးတွေကို ခံစားရတတ်တယ်။ ရာဇဝတ် ပြစ်မှုကို ကျူးလွန်မိတဲ့သူတွေမှာ ရာဇဝတ်ပြစ်ဒဏ် မကောင်း ကျိုးကို ခံကြရတယ်။ မသင့်တော်တာကိုပြုယင် အောက်ထစ်ဆုံး အကဲ့ရဲ့ခံကြရတတ်တယ်။

သူတပါးကို ဆဲဆိုယင် အဲ့ဒီလူ၏ အဆဲအဆိုကို ပြန် လည် ခံရတတ်တယ်။ မလိုမုန်းထားတဲ့အနေနဲ့ မျက်စောင်းထိုး ကြည့် မိယင် အဲ့ဒီလူ၏ ပြန်လည် မျက်စောင်းထိုး ကြည့်တာကို ခံရ တတ်တယ်။ ပြုံးရွှင်တဲ့ မျက်နှာနဲ့ ကြည့်ယင်တော့ အဲ့ဒီလူကလဲ ပြုံးရွှင်တဲ့ မျက်နှာနဲ့ပဲ ပြန်ကြည့်ပါလိမ့်မယ်။

ချိုသာစွာ နှုတ်ဆက်မိယင် အဲဒီလူကလဲ ချိုသာစွာပင် ပြန်၍ နှုတ်ဆက်ပါလိမ့်မယ်။ ငယ်ရွယ်စဉ်က လိမ္မာစွာနေခဲ့ပြီး ပညာကို ကောင်းကောင်းသင်လာခဲ့ယင် အရွယ်ကြီးတဲ့ အခါ ကြီးပွား ချမ်းသာတတ်တယ်။ စီးပွားဥစ္စာဖြစ်မည့် အလုပ်ကို လုပ်ယင်၊ စီးပွားဥစ္စာ ပေါများပြည့်စုံတတ်တယ်။ စီးပွားပျက်ကြောင်း လောင်းကစားမှု စသည်ကို လုပ်ယင် စီးပွားဥစ္စာ ပျက်စီး တတ်တယ်။

အဲဒါတွေဟာ ယခုမျက်မှောက်မှာပင်တွေ့မြင်ရတဲ့ကောင်းမှု မကောင်းမှုများရဲ့ ကောင်းကျိုး - ဆိုးကျိုးတွေပဲ။

သံသရာဘဝတွေမှာလဲ ထို့အတူပင်၊ ကောင်းမှု - မကောင်း မှုကံက ကောင်းကျိုး - ဆိုးကျိုးကို ပေးတတ်တယ်။ ရှေးရှေး ဘဝတွေက မကောင်းမှုကံပြုလာခဲ့တဲ့ သူတွေဟာ ယခုဘဝမှာ မကောင်းကျိုးတွေကို ခံကြရတယ်။

အသက်တိုခြင်း၊ အနာများခြင်း၊ ရုပ်အဆင်း မလှခြင်း၊ ပစ္စည်းဥစ္စာရှားပါးခြင်း၊အဆွေအရံနည်းပါးခြင်းစတဲ့မကောင်း ကျိုးတွေကို ခံစားနေကြရတယ်။

ယခုဘဝမှာ သတ်ခြင်း၊ ညှဉ်းဆဲခြင်း၊ လူယက်ခိုးယူခြင်း၊ လိမ်ညာခြင်း အစရှိသော မကောင်းမှုကံ ပြုတဲ့သူတွေဟာ နောက်နောက်ဘဝတွေမှာ ယုတ်ညံ့တဲ့ ဘုံဘဝတွေ ရောက်ပြီး အလားတူပင် ကောင်းကျိုးတွေကို ခံစားသွားရှာကြရမယ်။

ရှေးရှေးဘဝက ကောင်းမှုကံပြုလာခဲ့တဲ့ သူတွေဟာ ယခု ဘဝမှာ ကောင်းကျိုးတွေကို ရနေကြတယ်။ အသက်ရှည်ခြင်း၊

အနာကင်းခြင်း၊ ရုပ်အဆင်းလှပခြင်း၊ ပစ္စည်းဥစ္စာပေါများခြင်း၊ အခြွေအရံများခြင်းစသော ကောင်းကျိုးတွေကိုရပြီး ချမ်းသာနေကြတယ်။

ယခုဘဝ၌ သတ်မှု၊ ညှဉ်းဆဲမှု၊ ခိုးမှု၊ လိမ်မှု စသည်မှ ရှောင်ကြဉ်ခြင်း၊ ပေးလှူခြင်း၊ စောင့်ရှောက်ကူညီခြင်း စသော ကောင်းမှုကံပြုတဲ့ သူတွေဟာ နောက်နောက် ဘဝတွေမှာ မြင့်မြတ်တဲ့ ဘုံဘဝတွေရောက်ပြီးတော့ အလားတူပင် ကောင်းကျိုးတွေရပြီး ချမ်းသာသွားကြမယ်။

အဲ့ဒီကောင်းမှုကံ - မကောင်းမှုကံ တို့၏ ကောင်းကျိုး - ဆိုးကျိုးဟာ တကယ်ကိုရှိနေတာဘဲ။အဲ့ဒီရှိနေတဲ့အတိုင်းယုံကြည်ပြီး အမှန်အတိုင်းသိမြင်ယူဆတာဟာ 'ကမ္မဿကတာသမ္မာဒိဋ္ဌိ'ဘဲ။

"ကမ္မ — ကံ သာလျှင် + သက -- ကိုယ်ပိုင် ဥစ္စာရှိသည်၏ + တာ — အဖြစ်ကို + သမ္မာ – မှန်စွာ + ဒိဋ္ဌိ – သိမြင်ခြင်း၊ မှတ်ယူခြင်း = ကမ္မဿကတာသမ္မာဒိဋ္ဌိ - ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိသည်၏ အဖြစ်ကို မှန်စွာ သိမြင် မှတ်ယူခြင်း - "တဲ့။

ဒါပေမဲ့ - ဒီ အသိအမြင်ကတော့ ဝိပဿနာဉာဏ်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်တာတော့ မဟုတ်ဘူး။ သဒ္ဓါမူလိကာ- ယုံကြည်တဲ့ သဒ္ဓါလျှင် အရင်းခံရှိတယ်လို့ ဆိုတဲ့ နည်း အတိုင်း ဆရာမိဘတို့၏စကား၊ ကျမ်းဂန်စကား များနှင့် အသင့်ယုတ္တိများကို နှိုင်းချိန်ပြီးတော့ ယုံကြည်ပြီး မှန်စွာ သိမြင်သဘောကျယူဆခြင်းပါဘဲ။

အဲဒါဟာ သုစရိုက် ( ၁၀ ) ဆယ်ပါးထဲမှာ ပါဝင်နေတဲ့ အတွက် 'သုစရိုက်သမ္မာဒိဋ္ဌိ' လို့လဲ ခေါ်ရတယ်။ ကံနှင့် ကံ၏ အကျိုးရှိနေပါလျက် မရှိဘူးလို့ မှားယွင်းစွာ ထင်မြင်ယူဆ တာကိုတော့ 'မိစ္ဆာဒိဋ္ဌိ' ခေါ်တယ်။ အဲ့ဒါဟာ ဒုစရိုက် ( ၁၀ ) ဆယ်ပါးထဲ ပါဝင်နေတဲ့အတွက်'ဒုစရိုက်မိစ္ဆာဒိဋ္ဌိ' လို့ လဲ ခေါ်ရတယ်။

ဒီ ဒုစရိုက်မိစ္ဆာဒိဋ္ဌိ အကြောင်းကို အကျယ်သိချင်ယင်တော့ 'သလ္လေခ' သုတ်တရားတော်စာအုပ် - ဒုတိယတွဲမှာ ကြည့်ပါ။ ယခုဒီမှာတော့ ဆောင်ပုဒ်လောက်ဘဲ ဆိုကြရမယ်။

( ၁ - က ) ကံ နှင့် ကံ၏ အကျိုးမရှိဟု အယူမှားတာက 'ဒုစရိုက်မိစ္ဆာဒိဋ္ဌိ'။

( ၁ - ခ ) ကံ နှင့် ကံ၏ အကျိုးရှိသည်ဟု အယူမှန်တာက 'သုစရိုက်သမ္မာဒိဋ္ဌိ'။

'သုစရိုက်သမ္မာဒိဋ္ဌိ' လို့လဲ ခေါ်ရတဲ့ ဒီ ကမ္မဿကတာသမ္မာ ဒိဋ္ဌိက ကုသိုလ်အားလုံးတို့၏ အခြေခံအရင်းအမြစ် ဖြစ်တယ်။ ဒီ သမ္မာဒိဋ္ဌိရှိပါမှ အကုသိုလ်ကိုလဲ ရှောင်ကြဉ်တယ်။ ဒါန၊ သီလ စသော သာမန်ကုသိုလ်တွေကိုလဲ ပြုနိုင်တယ်။ သမထ ဝိပဿနာ ဆိုတဲ့ ဘာဝနာကုသိုလ်တွေကိုလဲ ပွားစေနိုင်တယ်။

ဒါကြောင့် ဒီ သမ္မာဒိဋ္ဌိနဲ့ သီလကို သမာဓိပညာ ကုသိုလ်တို့၏ အစပိုင်းအဖြစ်ဖြင့် ဒီလိုဟောထားပါတယ်။

" ဘိက္ခု - ရဟန်း၊ တသ္မာ - တပါးတည်း ကမ္မဋ္ဌာန်းတရား အားထုတ်လိုပါသည်။ အကျဉ်းအားဖြင့် ဟောတော်မူ ပါဟု သင်က တောင်းပန်သော ထို အကြောင်းကြောင့်၊

တုံ့ - သင်သည်၊ ကုသလေသု ဓမ္မေသု - ကုသိုလ်တရား တို့၌၊ ဝါ-ကုသိုလ် တရားတို့တွင်၊ အာဒိမေဝ - အစ ပိုင်းကိုသာလျှင်၊ ဝိသောဓေဟိ - သုတ်သင် စင်ကြယ်ပါ စေဦးလော့။

"ကုသလာနံ ဓမ္မာနံ - သမာဓိ ပညာ တရား တို့၏၊ အာဒိ – အစပိုင်းသည်၊ ကော စ အဘယ် ပါနည်း၊ သုဝိသုဒ္ဓံ – ကောင်းစွာ စင်ကြယ်သော၊ သီလဥ္စ - သီလ သည်လည်းကောင်း၊ ဥဇုကာ - ဖြောင့်မတ်သော၊ ဒိဋ္ဌိစ – အယူအမြင်သည် လည်းကောင်း၊ အာဒိ - သမာဓိပညာ ကုသိုလ်တရားတို့၏ အစပိုင်းပေတည်း။

ယတော ခေါ တေ ဘိက္ခု သီလဥ္စ သုဝိသုဒ္ဓံ ဒိဋ္ဌိ စ ဥဇုကာ၊ တတော တွံ ဘိက္ခု။

"ရဟန်း....၊ သင်၏သီလကောင်းစွာ စင်ကြယ်၍ အယူ ဖြောင့်မတ်သော အခါ၌ သင်သည် (သီလံ နိဿာယ သီလေ ပတိဋ္ဌာယ) သီလကိုမှီ၍ သီလ၌တည်၍ (စတ္တာရော သတိ ပဋ္ဌာနေ )သတိပဋ္ဌာန်လေးပါးတို့ကို (တိဝိဓေန ဘာဝေယျာသိ) အဇ္ဈတ္တ၌ ရှုခြင်း၊ ဗဟိဒ္ဓ၌ ရှုခြင်း၊ အဇ္ဈတ္တ ဗဟိဒ္ဓ၌ ရှုခြင်းဟူသော သုံးပါးအပြားဖြင့် ပွားလေလော့။

( မဟာဝဂ္ဂသံယုတ်ပါဠိ၊ စာမျက်နှာ - ၁၂၄ )

ဒီ ဘုရားစကားတော်ဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် သီလ မဂ္ဂင်တွေဟာ ဘာဝနာကုသိုလ်ကို မပွားများမီကပင် ပြည့်စုံစေ ရမည့် အခြေခံ အစပိုင်းဖြစ်ကြောင်း အလွန်ပင် ထင်ရှားနေပါ တယ်....။

နောက်ပြီးတော့ ဝိပဿနာ - ဘာဝနာအတွက်ဆိုယင် စိတ္တဝိသုဒ္ဓိဆိုင်ရာ ဈာန် သမာဓိနှင့် ဥပစာရ သမာဓိတွေဟာလဲ အခြေခံအစပိုင်းဖြစ်ကြောင်း ထင်ရှားပါတယ်။ နောက်ပြီးတော့ အရိယာမဂ္ဂင်ကို ဖြစ်စေလိုလျှင် ပုဗ္ဗဘာဂမဂ်ဆိုတဲ့ ဝိပဿနာမဂ္ဂင်ကိုးပွားစေရမယ်ဆိုတာလဲ ထင်ရှားပါတယ်။

ဒါကြောင့် ဘုန်းကြီးက ပွားစေရမည့် မဂ္ဂင်တွေကို —

( ၁ ) မူလအခြေခံမဂ္ဂင်။

( ၂ ) ပုဗ္ဗဘာဂ ဝိပဿနာ မဂ္ဂင်။

( ၃ ) အရိယာမဂ္ဂင် – လို့ သုံးဆင့်ခွဲခြားထားပါတယ်။

အဲဒါကို ' မူလပုဗ္ဗ၊အရိယ၊ သုံးဝမဂ္ဂင်မြတ်။ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ခေတ် ' လို့ ဆောင်ပုဒ် စီ ထား တယ်။ အဲဒါကို ဆိုကြရမယ်။

' မူလပုဗ္ဗ၊ အရိယ၊ သုံးဝ မဂ္ဂင်မြတ် '
' ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင် နိဗ္ဗာန်ခေတ် '

## ပ ထ မ သုံး အ ဆ င့်

ဤမျှဆိုလျှင်ကမ္မဿကတာသမ္မာဒိဋ္ဌိ( ကံ-ကံ ၏အကျိုးတရား၌ သက်ဝင်ယုံကြည်ခြင်း ) ဟူသည် မဂ္ဂင်ရှစ်ပါး – တရားလမ်းစဉ်တွင် ပထမဦးစွာ အချက်အခြာ တရားသဘော ( လမ်းစဉ် ) ဖြစ်ကြောင်း ကောင်းစွာ ထင်ရှားနေပေပြီ။

" သုစရိုက် သမ္မာဒိဋ္ဌိလို့လဲ ခေါ်ရတဲ့ ဒီကမ္မဿကတာ သမ္မာဒိဋ္ဌိဟာ ကုသိုလ်အားလုံးတို့၏အခြေခံအရင်းအမြစ် ဖြစ်တယ်။ ဒီသမ္မာဒိဋ္ဌိရှိပါမှ အကုသိုလ်ကိုလဲ ရှောင်ကြဉ်တယ်။ ဒါန၊ သီလ စသော သာမန် ကုသိုလ်တွေကိုလဲ ပြုနိုင်တယ်။ သမထဝိပဿနာဆိုတဲ့ ကုသိုလ်တွေကိုလဲ ပွားစေနိုင်တယ် "

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ဤအဆိုအမိန့် ( ဟောကြားညွှန်ပြမှု ) သည် အထက်ဖော်ပြပါ အကြောင်းအချက်ကို ကောင်းစွာ သိသာထင်ရှားစေပြီး ဖြစ်နေပေသည်။

## ကွဲပြားခြားနားမှု - သုံးမျိုး

ဤ ကမ္မဿကတာ သမ္မာဒိဋ္ဌိတွင် ဦးစွာဆိုညွှန်းခဲ့ပြီး အတိုင်း ကွဲပြားခြားနားမှုသုံးမျိုးရှိသည်။အတိအကျဆိုရလျှင် ကံ - ကံ၏ အကျိုးတရားဆိုရာ၌ ကံ တရား၏ ကောင်းကျိုး – ဆိုး ကျိုး ပြစ် ချည်းသာ မဟုတ်၊ ' သဗ္ဗေသတ္တာ ကမ္မဒါယာဒါ ' ဟူသော ပါဠိ အရ သတ္တဝါမှန်သမျှတို့၌ ကံ အမှုသည်သာလျှင် ကံအမှုကြောင့် ဖြစ်ထွန်းပေါ်ပေါက်လာရသော အမွေ ဥစ္စာ သည် သာလျှင် သတ္တဝါတို့၏ ကိုယ်ပိုင်ဥစ္စာ၊ ကိုယ်ပိုင်ပစ္စည်း ဖြစ်ကြောင်း ထုတ်ဖော်ဟောကြားထားသည်သည်း ရှိသေးသည်။

ဤ ကမ္မဒါယာဒါ သဘောကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ' မဂ္ဂင်္ဂဒီပနီ ' တွင် ဤသို့ဖော်ပြထားသောသည်။

'သဗ္ဗေသတ္တာ ကမ္မဒါယာဒါ' ဟူသော ပါဠိ၌ လောက၌ မိမိတို့၏ အမွေဥစ္စာတို့ မည်သည် ရှိကြကုန်၏။ ထိုအမွေဥစ္စာတို့ကို ခံယူကြရကုန်သော အမွေခံ သားသမီးတို့ မည်သည် ရှိကုန်၏။

ထို ဥစ္စာတို့သည် မသေမီ ကာလ၌သာ မိမိတို့ ဥစ္စာဟု ဆိုရကုန်၏။ သေကြသောအခါ ထို ဥစ္စာတို့ကို စွန့်ပစ်၍ သွားကြရကုန်၏။ ထို ဥစ္စာ တို့သည် ဘဝတပါးသို့ မလိုက်ကုန်။ မသေမီကာလ၌လည်း မီးဘေး၊ ရေဘေး၊ ခိုးသူ-ခါးပြဘေးတို့ကြောင့် ပျက်ဆုံးတတ်ကုန်၏။ စား၍သော်လည်း ကုန်ဆုံးကုန်၏။

သတ္တဝါတို့ ပြုကြသော ဒါန၊ သီလ အစရှိသော ကံ သုံးပါးတို့သည်မူကား သေသည်မှ နောက်ဘဝသို့လည်း အစဉ်လိုက်ကုန်၏။ မီးဘေးစသည်တို့ကြောင့်လည်း ပျက်ဆုံးခြင်း မရှိကုန်။

ထို့ကြောင့် ထိုကံ တည်းဟူသော အမွေဥစ္စာတို့သည် သာလျှင် သတ္တဝါတို့၏အမွေဥစ္စာအစစ်မည်ကုန်၏။ ကံကို ပြုကြသော သတ္တဝါတို့သည် နောက်နောက်ဘဝတို့၌ ထိုကံ၏ အကျိုးကို ကေန္တ ခံ-စံကြရကုန်၏။

## ဒါနကျိုးစသည်

ခွေး၊ ဝက်၊ ကြက်၊ ငှက်တို့အား ကြည်ဖြူသော စိတ်ဖြင့် တကြိမ်ကျွေးမွေးသော ဒါနကုသိုလ်ကံ သည် နောင်ဘဝ တရာ လောက် သုဂတိဘဝကို ပေးနိုင်၏။ သီလရှိသော ရဟန်းသံဃာ

တို့၌ တကြိမ်ကျွေးမွေးသော ဒါနကုသိုလ်ကံ သည် နောင် ဘ ဝ အသချေလောက် လူ့အဖြစ် – နတ်အဖြစ်ကို ပေးနိုင်၏။

ယခုဘဝ၌ တမတ်တန်မျှ လှူဒါန်းမှုသည် နောက်နောက်ဘဝ၌ တထောင်တန်မျှမက သော အကျိုးကို ပေးနိုင်၏။

သား၊ ငါး၊ ကြက်၊ ဝက် စသော တိရစ္ဆာန် တကောင်ကို သတ်မိသည်ရှိသော် နောင် အ ထောင် မ က သော ဘ ဝ တို့ ၌ အသတ်ခံရခြင်းတည်းဟူသော အကျိုးကို ခံရ၏။

## ညောင်စေ့ငယ်က – ညောင်ပင်ကြီး

လောက၌ ညောင်မျိုးစေ့ငယ်တခုကို စိုက်ပျိုးလျှင် ညောင်ပင်ကြီးဖြစ်၍အနှစ်အထောင်မက အသီးပေါင်းအနန္တဖြစ်ပွား၏။ ထို့အတူ သရက်မျိုးစေ့တခု၊ ပိန္နဲမျိုးစေ့တခုကို စိုက်ပျိုးလျှင် သရက်ပင်ကြီး၊ ပိန္နဲပင်ကြီးဖြစ်၍ အနှစ်များစွာ အသီးပေါင်း အသောင်းမက ဖြစ်ပွား၏။

ဤသို့လျှင် သစ်ပင်တို့၌ အနည်းငယ်မျှဖြစ်သော တခုတခုသော မျိုးစေ့သည် အဆ အသောင်း အသိန်း မကသော အသီးအရွက် အခက် အညွန့်တို့ကို ဖြစ်ပွားစေနိုင်၏။

ထို့အတူ တခုသော ဒါန ကုသိုလ်၊ တခုသော သီလ ကုသိုလ်၊ တခုသော ဘာဝနာကုသိုလ်ဟူသော ကံမျိုးစေ့သည် နောက်ဘဝအဆက်ဆက်တို့၌ အသောင်း အသိန်း မကသော ကောင်းကျိုး ချမ်းသာကို ပေးနိုင်၏။

တခုသော တိရစ္ဆာန်ကို သတ်မှုအစရှိသော အကုသိုလ်ကံသည်လည်း နောက်ဘဝ အဆက်ဆက်တို့၌ များစွာသော မကောင်း

ကျိုးဒုက္ခကိုပေးနိုင်၏။ ညောင်မျိုးစေ့၊ သရက်မျိုးစေ့၊ ပိန္နဲမျိုးစေ့ အစရှိသော မျိုးစေ့ငယ်တို့နှင့် ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော ကံမျိုးစေ့တို့သည် တခုသော မျိုးစေ့ငယ်မှ များစွာ ဖြစ်ပွားသော အသီး အရွက် အခက် အညွန့်တို့နှင့် ယခုဘဝပြု ကြသော တခုသော ကံမျိုးစေ့မှ နောက်နောက်ဘဝတို့၌ များစွာ ဖြစ်ပွားသော အကျိုးရင်း ၊ အကျိုးဆက်တို့သည် တူကုန်၏။

## ကံတရား၏ အမွေဥစ္စာ

ကံတခုကို ပြုမိသောသူအား ထိုကံသည် ထိုသူ၏စိတ် သန္တာန်မှာ ဘဝများစွာ၊ ကမ္ဘာများစွာ အစဉ်ပါရှိ၍ ထိုသူ အား အကြောင်း အခွင့် သင့်လျော်ရာကာလ၌ ကောင်းသော အကျိုး–မကောင်းသော အကျိုးကို ပေးကာ လိုက်ပါ၍ နေ ကုန်၏။

ထိုကံကို စွန့်ပစ်ခြင်းငှာ မတတ်ကောင်း။ ထိုကံ၏အကျိုးကို နောက်နောက်ဘဝတို့၌ အလျဉ်းသင့်ရာ ခံ–စံကြရမြဲ ဓမ္မတာ ဖြစ်ကုန်၏။

( ထို့ကြောင့် 'သဗ္ဗေသတ္တာ ကမ္မဒါယာဒါ' ဟူ၍ ဟော တော်မူသည်။ )

ဤကား ကံတရားနှင့် ပတ်သက်၍ အမွေဥစ္စာသဘော ဆက် နွယ်နေခြင်းကို သိသာထင်ရှားစေခြင်း ဖြစ်သည်။

ကံ တရားဖြစ်မြောက်စေမှု– ကံ တရား ဖြစ်မြောက်စေသော အကြောင်း အချက်နှင့် ပတ်သက်၍ 'ကမ္မယောနိ' ဟူသော

အခြင်းအရာတရပ်လည်း ရှိသေးသည်။ ထို 'ကမ္မယောနိ' သဘောကို ဖော်ပြထားသည်မှာလည်း ဤသို့ဖြစ်ပေသည်။

'သဗ္ဗေသတ္တာ ကမ္မယောနိ' ဟူသောပါဠိ၌ ညောင်ပင်တခု ဖြစ်ပွားရာအကြောင်းစုသည် အများရှိ၏။

ညောင်မျိုးစေ့သည်လည်း – အကြောင်းတပါး။
မြေသည်လည်း – အကြောင်းတပါး။
ရေသည်လည်း – အကြောင်းတပါး။

ထို အကြောင်းစုတွင် ညောင်မျိုးစေ့သည် အကြောင်း ရင်း ဖြစ်၏။ မြေရေသည် အခြံအရံအကြောင်းများ ဖြစ်ကြ၏။ ထို့ အတူ ကူလီလုပ်မှုကြောင့် ကြေးငွေကို ရရာ၌ ကူလီလုပ်မှုဟူသော ပစ္စုပ္ပန်ကံသည် အကြောင်းရင်း ဖြစ်၏။

ကူလီလုပ်ရာဌာန၊ ကူလီလုပ်ရန် ပေါက်တူး၊ ခြင်းတောင်း၊ အခပေးသူ - သူဌေး သူကြွယ်များသည် အခြံအရံအကြောင်းများ ဖြစ်၏။

နောက်ဘဝမှာအမိဝမ်း၌ 'လူ့ 'အဖြစ်ကို ပေးသောကံမျိုး၊ အမိဝမ်း၌ 'ခွေး' အဖြစ်၊ 'ဝက်'အဖြစ်၊ 'ကြက်' 'ငှက်' အဖြစ်ကို ပေးသော ကံ မျိုးတို့မှာ ရှေးဘဝက ပြုခဲ့ကြသော ဒါန သီလ စသော ကောင်းသော ကံမျိုး၊ သူ့ အသက်ကို သတ်ခြင်း စသော မကောင်းသော ကံမျိုးသည် အကြောင်းရင်း ဖြစ်၏။ ညောင်မျိုးစေ့နှင့်တူ၏။

အမိ – အဖ ဟူသော အကြောင်းသည် အခြံ အရံ အကြောင်း များဖြစ်ကြ၏။ ညောင်ပင်ပေါက်ရာ၌မြေအဖို့ မိုးရေ - မိုးပေါက် အဖို့နှင့်တူ၏။

ဤသို့လျှင် ပစ္စုပ္ပန် ကံ ဆိုင်ရာကောင်းကျိုး - မကောင်းကျိုး တို့၌လည်း မိမိတို့ပြုကြသော လိမ္မာမှု - မလိမ္မာမှု သည်သာလျှင် အကြောင်းရင်းဖြစ်၏။ အတိတ် ကံ ၏ ဆိုင်ရာ ကောင်းကျိုး မကောင်းကျိုးတို့၌လည်း ရှေးဘ၀တို့၌ မိမိတို့ ပြု ခဲ့ ကြ သော ဒါန - သီလစသော လိမ္မာမှု၊ 'ပါဏာတိပါတ' စသော မလိမ္မာမှုသည်သာလျှင် အကြောင်းရင်း ဖြစ်၏။

အမိ - အဖသည် အကြောင်းရင်းမဟုတ်၊ ထာ၀ရ ဘုရား နှင့် မူကား - သက်သက်မဆိုင်။

( ထို့ကြောင့် 'သဗ္ဗေသတ္တာ ကမ္မယောနိ' ဟူ၍ ဟောတော်မူသည်။ )

ဤ ကမ္မ ယော နိ ( ကံ ၏ အကြောင်းရင်း - အကျိုးဆက် ) ပြီးသည့်နောက်၊ တခုကျန်ရှိသေးသည်မှာကား- 'ကမ္မဗန္ဓု' ဖြစ်သည်။ ထို ကမ္မဗန္ဓု၏ သဘောမှာ ဤသို့ ဖြစ်သည်။

## တည်မှီရာ ကံတရား

'သဗ္ဗေသတ္တာ ကမ္မဗန္ဓု' ဟူသော ပါဠိအရ လောက၌ လူတို့သည် အလွန်ချစ်ခင် မြတ်နိုး အားကိုး အားထား ပြုကြရသော အမိ - အဖ၊ အစ်ကို - ညီ သား အစရှိသော ဆွေမျိုး ဉာတိ ဆရာသမား အစရှိသော မိတ်သဟာယများသည် ရှိ၏။

ထို ဉာတိ မိတ်သဟာယများသည် မသေမီကာလ တခဏ၌သာ ချစ်ခင် မြတ်နိုး အားကိုး အားထား ပြုရာဖြစ်၏။

မိမိတို့ပြုကြသော ကာယကံမှု၊ ၀စီကံမှု၊ မနောကံမှုသည်သာလျှင် နောက်နောက်ဘ၀သို့ ပြောင်းသွားကြရာ မိမိတို့

သန္တာန်မှာ မကွေးကွာ အတူပါ၍ ကောင်းကျိုး ချမ်းသာကို ပေးနိုင်၏။

ထို့ကြောင့် ဒါန - သီလ အစရှိသော ကံသည်သာလျှင် (သတ္တဝါများအဖို့)အလွန် ချစ်ခင် မြတ်နိုး အားကိုး အားထား ပြုထိုက်သော ဆွေစစ် - မျိုးစစ် သဟာယအစစ် ဖြစ်၏။

( ထို့ကြောင့် 'သဗ္ဗေသတ္တာ ကမ္မဗန္ဓု 'ဟူ၍ ဟောတော်မူသည်။ )

ကံသည်သာလျှင်၊ ကံ ၏အကျိုးပေးသည်သာလျှင် သတ္တဝါများအဖို့ ဆွေမျိုး မိတ်ဆွေ ဖြစ်ကြောင်း ( သဗ္ဗေသတ္တာ ကမ္မဗန္ဓု ) ပြီးသည့်နောက်၊ 'ကမ္မပ္ပဋိသရဏာ 'ဟူသောအကြောင်း တရပ် ရှိသေးသည်။

ထို အကြောင်းခြင်းရာမှာ - ဤသို့ ဖြစ်သည်။

## ကမ္မပ္ပဋိသရဏာ

'သဗ္ဗေသတ္တာ ကမ္မပ္ပဋိသရဏာ 'ဟူသော ပါဠိ၌ ကိုးကွယ်မှုဆိုသည်ကား အားကိုး အားထား ပြုမှု၊ ဒုက္ခဘေးတို့မှ ကွယ်ကာ ပုန်းအောင်းရာပြုမှုကို ဆိုလိုသည်။

လောက၌ အသက်ရှည်ခြင်းကို အလိုရှိကြကုန်သော လူတို့သည် ထမင်းရေစာကို အားကိုး အားထား ပြုကြရကုန်၏။ ထမင်းရေစာသည် လူတို့ကိုငတ်မွတ်ခြင်းဘေးမှ ကွယ်ကာနိုင်၏။

ငတ်မွတ်ခြင်းဘေးကို မတွေ့လိုသော သူတို့သည် ထမင်းရေ

စာကို လက်ရှိပြုကြရကုန်၏။ ထမင်းရေစာ ပြည့်စုံစွာရှိသော သူတို့၌ ဝတ်မှတ်ခြင်းဘေး မလာနိုင်။

ထို့ကြောင့် သတ္တဝါတို့သည် ဝတ်မွတ်ခြင်း ဘေးအတွက် ထမင်းရေစာကို ကိုးကွယ်ကြရကုန်သည်။

ထို့ အတူ အနာရောဂါအတွက် ဆေးဝါးကို ကိုးကွယ်ကြ ရကုန်၏။ ဆေးဆရာကို ကိုးကွယ်ကြရကုန်၏။ ရန်သူအတွက် လက်နက်ကို ကိုးကွယ်ကြရကုန်၏။

( ဤနည်းအတူ လောက၌ ကိုးကွယ်ရာ ခပ်သိမ်းတို့ကို အကုန်မျှော်လေ )

## ကိုးကွယ်မှု

ကိုးကွယ်မှုဆိုသည်ကား ရှိခိုးပူဇော်မှုကိုသာ ဆိုသည်မဟုတ်၊ အားကိုး အားထား ပြုမှု ကွယ်ရာကာရာ ပြုမှု အလုံးစုံသည် ကိုးကွယ်ရာမှုချည်းပင်တည်း။

ဘုရား တရား သံဃာ ဆရာသမားစသော မိမိထက်မြတ်သော သူတို့ကိုမူကား ရှိခိုးပူဇော်၍ပင် ကိုးကွယ်ကြရကုန်၏။

ယခုဘဝ၌ ပစ္စည်း ဥစ္စာမရှိခဲ့လျှင် ခဏချင်း ဒုက္ခရောက်တတ်၏။ ထို ဒုက္ခမှ ကြောက်ကြကုန်သဖြင့် ပစ္စည်း ဥစ္စာတို့ကို ရစေနိုင်သော လုပ်မှု - ဆောင်မှု အသိအလိမ္မာဉာဏ်ပညာဟူသော ကံကို အားကိုးကြရကုန်၏။

ဒါန သီလ စသော ကုသိုလ် ကံ မျိုး မရှိခဲ့လျှင် နောက်ဘဝ၌

အပါယ်သို့ကျ၍ ဒုက္ခကြီးစွာရောက်တတ်၏။ ထိုဒုက္ခမှ ကြောက်ကြကုန်သဖြင့် နောက်ဘဝ၌ လူ့အဖြစ်၊ နတ်အဖြစ်ကို ပေးနိုင်သော ဒါန သီလ အစရှိသော ကုသိုလ်ကံကို အားထုတ်ကြရကုန်၏။

## ပစ္စုပ္ပန်ကံအမှု

လုပ်မှု - ဆောင်မှု အသိ အလိမ္မာ ဉာဏ်ပညာ ဟူသော ပစ္စုပ္ပန်ကံမှုသည် ပစ္စုပ္ပန်ဒုက္ခမှ ကယ်တင်နိုင်၏။ ဒါန သီလ အစရှိသော ပစ္စုပ္ပန်ကံမှုသည် နောက်ဘဝ၌ အပါယ်ကျခြင်း ဒုက္ခမှ ကယ်တင်နိုင်၏။

ယခုဘဝဒုက္ခမရောက်ရန်အတွက် ပစ္စုပ္ပန်ကံအမှုကို အားကိုးကြရကုန်၏။ နောက်ဘဝ အပါယ်ဒုက္ခအတွက် ဒါန သီလ အစရှိသော ကုသိုလ်ကံအမှုကို အားကိုးကြရကုန်၏။ အားထုတ်၍ လုပ်ဆောင်ကြရကုန်၏။

( ထို့ကြောင့် 'သဗ္ဗေသတ္တာ ကမ္မပ္ပဋိသရဏာ' ဟူ၍ ဟောတော်မူသည်။ )

## ကိုးကွယ်ရာလေးမျိုး

ဤအရာ၌ ကိုးကွယ်ရာ အမျိုးမျိုးတို့ကို ပေါင်းစု၍ စစ်ဆေးရာ၏။ ဗုဒ္ဓဘာသာ၌ နောက်ဘဝအတွက် ကိုးကွယ်ရာလေးပါး ရှိ၏။

၁။ ဘုရားသည် ကိုးကွယ်ရာ တပါး။

၂။ တရားသည် ကိုးကွယ်ရာ တပါး။

၃။ သံဃာသည် ကိုးကွယ်ရာ တပါး။

၄။ ဒါန သီလ အစရှိသော မိမိတို့ပြုကြသော ကုသိုလ်ကံ သည် ကိုးကွယ်ရာ တပါး။

ဥပမာကား-လောက၌အနာရောဂါရှိသူတို့အား ကိုးကွယ်ရာ လေးပါးရှိ၏။

၁။ ဆရာဝန်ကြီးသည် ကိုးကွယ်ရာ တပါး။

၂။ ဆေးကောင်း - ဝါးကောင်း များသည် ကိုးကွယ်ရာ တပါး။

၃။ လက်ထောက်ဆရာဝန်များသည် ကိုးကွယ်ရာ တပါး။

၄။ ထိုသုံးပါးကို ယုံကြည်၍ အနာရောဂါ ပျောက်ငြိမ်းရန် စနစ်တကျ အားထုတ်သော မိမိတို့ အလိမ္မာ မှုသည် ကိုးကွယ်ရာ တပါး။

ထို လေးပါးတို့တွင် ဆရာဝန်ကြီးသည်လည်းကောင်း၊ လက်ထောက် ဆရာဝန်များသည် လည်းကောင်း၊ ဆေးနှင့် အနာရောဂါကို နေ့ရာမှန်ကန်စွာ သိ၍ ဆေးကောင်း - ဝါးကောင်း ကို ပေးသည့်အတွက် သူနာတို့၏ ကိုးကွယ်ရာ မည်ကုန်၏။

ဆေးကောင်း - ဝါးကောင်းများသည် အနာရောဂါကို ပျောက်ငြိမ်း စေတတ်သည့်အတွက် သူနာတို့၏ ကိုးကွယ်ရာ မည်၏။ မိမိတို့၏ အလိမ္မာမှုသည်လည်း အနာရောဂါ ပျောက်ငြိမ်းရန် ကျေးဇူးပြုမှု ဖြစ်၍ ကိုးကွယ်ရာမည်၏။

ထို အလိမ္မာမှု မရှိခဲ့လျှင် ကြွင်းသော ကိုးကွယ်ရာ ( ၃ )သုံးပါးတို့သည် ထို သူနာ၏ အနာရောဂါကို ပျောက်ငြိမ်းအောင် မတတ်နိုင်ကြကုန်။ ထို့ကြောင့် ထို လေးပါး စု သည် အနာရောဂါပျောက်ငြိမ်းခြင်းငှာ သူနာတို့၏ ကိုးကွယ်ရာချည်း အမှန်ဖြစ်၏။

## သူ နာ ဆ ရာ ဝ န် ဆေး

ကိလေသာ ဒုစရိုက် အမိုက်နာ ရှိကြကုန်သော သတ္တဝါတို့သည် အနာရောဂါရှိကြကုန်သော သူ နာ တို့ နှင့် တူကုန်၏၊ မြတ်စွာဘုရားသည် ဆေးဝါးအရာ၊ အနာ ရောဂါ အရာ တို့၌ အလွန်လိမ္မာသော ဆရာဝန်ကြီးနှင့် တူ၏။

သံဃာတော်များသည် လက်ထောက်ဆရာဝန်များနှင့် တူ၏။ တရားတော်များသည် ဆေးကောင်း - ဝါး ကောင်း များ နှင့် တူ၏။ ဒါန သီလအစရှိသော မိမိတို့ပြုကြသော ကာယကံ- ဝစီကံ၊ မနောကံများသည် အနာရောဂါပျောက်ငြိမ်းရန် အားထုတ်ကြသော သူနာတို့၏ အလိမ္မာနှင့် တူ၏။

( ဤသို့လျှင် ဗုဒ္ဓဘာသာ၌ ကိုးကွယ်ရာ လေးပါးဆိုရိုးရှိကြ၏။ )

## ကံ - ကံ၏ အကျိုးတရား၌ သက်ဝင်ယုံကြည်ခြင်း

ဤမျှဆိုလျှင် မဂ္ဂင်ရှစ်ပါး၌ ပထမဦးဆုံးဖြစ်သော သမ္မာဒိဋ္ဌိ ( ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်သော ဉာဏ်အမြင် ) ဖြစ်မြောက်နိုင်မှုအတွက် ကံ - ကံ၏ အကျိုးတရား၌ သက်ဝင်

ယုံကြည်ခြင်းသည် မည်ရွေ့-မည်မျှ အရေးကြီး လိုအပ်နေကြောင်း ကောင်းစွာ သိသာ ထင်ရှားနေပေပြီ။

ထို့ကြောင့်ပင် ကျေးဇူးရှင် – မဟာစည် ဆရာတော် ဘုရားကလည်း....

" ဒီကမ္မဿကတာ သမ္မာဒိဋ္ဌိဟာ ကုသိုလ် အားလုံးတို့၏ အခြေခံအရင်းအမြစ်ဖြစ်တယ်။ ဒီသမ္မာဒိဋ္ဌိရှိပါမှအကုသိုလ်ကိုလဲ ရှောင်ကြဉ်တယ်" စသည်ဖြင့် ဟောကြားဆုံးမတော်မူခဲ့ခြင်း ဖြစ်သည်။

ကျေးဇူးရှင် ဆရာတော် နှစ်ပါး၏ ဟောကြား ဆုံးမမှုကို အလေးအနက် အာရုံပြုလျှင် မဂ္ဂင်ရှစ်ပါး-တရားလမ်းစဉ်တွင် ကမ္မဿကတာသမ္မာဒိဋ္ဌိ၏ အရေးကြီးခရီးရောက်မှုကို ကောင်းစွာ ဆင်ခြင်တွေးခေါ်နိုင်ပေလိမ့်မည်။

## ဆယ်မျိုးသော အမြင်မှန်

ကမ္မဿကတာသမ္မာဒိဋ္ဌိပြီးသည့်နောက် 'ဒသဝတ္ထုက သမ္မာဒိဋ္ဌိ' (ဆယ်မျိုးသော အမြင်မှန်) အပိုင်းသို့ ရောက်လာသည်။ ဤအမြင်မှန်ဆယ်မျိုးတွင် ဒါန၏ အကျိုးတရားကို အမှန်အတိုင်း သက်ဝင်ယုံကြည်ရန်မှာ ပထမဦးစွာသော အခြင်းအရာတခုပ်ဖြစ်သည်။

ပေးကမ်းလှူဒါန်းမှု ဟူသော ဒါနကုသိုလ်မျိုး၏ အကျိုးရင်း အကျိုးဆက်သည် အမှန်ရှိ၏။

ဗုဒ္ဓဝါဒကို လက်ခံလိုက်နာသူသည် ဤဒါနမှု၏ အကျိုးတရားကို ကောင်းစွာ ယုံကြည်ရပေလိမ့်မည်။

ဒသဝတ္ထုက သမ္မာဒိဋ္ဌိအတွက် ကျေးဇူးရှင် - လယ်တီဆရာတော် ဘုရား ဖွင့်ဆိုတော်မူအပ်သော အနက်အဓိပ္ပာယ်မှာ ဤသို့ဖြစ်သည်။

## ၁။ ပထမ - သမ္မာဒိဋ္ဌိ။

ဒသဝတ္ထုက သမ္မာဒိဋ္ဌိ ဆယ်ပါး တို့၌ 'အတ္ထိဒိန္နံ' ဆိုသည်ကား - ရှေးရှေးဘဝတို့၌ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ လူ၊ ရဟန်း အစရှိသော တပါးသော သတ္တဝါတို့အား ကြည်ဖြူသော စေတနာဖြင့် စွန့်ကြဲ ပေးကမ်း လှူဒါန်း ကျွေးမွေးခြင်းကို ပြုသည်ရှိသော် နောက်နောက်သော ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ပေးနိုင်သော ဒါနမည်သော ကုသိုလ်မျိုးသည် လောက၌ ကောန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

## ၂။ ဒုတိယ -သမ္မာဒိဋ္ဌိ

'အတ္ထိယိဋ္ဌံ' ဆိုသည်ကား - ရှေးရှေးသော ဘဝတို့၌ ကံကိုလည်းကောင်း၊ အလှူခံပုဂ္ဂိုလ်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကိုလည်းကောင်း၊ ယုံကြည်သောသဒ္ဓါဖြင့် ပူဇော်လှူဒါန်းခြင်းကို ပြုကြသည်ရှိသော်၊ နောက်နောက်သော ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ပေးခြင်းငှာ စွမ်းနိုင်သော ယဇ်မည်သော ကုသိုလ်မျိုးသည် လောက၌ ကောန်ရှိ၏ဟုသိမြင် ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

## ၃။ တတိယ – သမ္မာဒိဋ္ဌိ

'အတ္ထိဟုတံ' ဆိုသည်ကား – ရှေးရှေးသော ဘဝ တို့၌ ကြည်ဖြူသော စိတ်စေ တ နာ ဖြင့် ပဏ္ဏာလက်ဆောင်ကိစ္စနှင့် ပေးကမ်းခြင်းကို ပြုကြသည်ရှိသော် နောက်နောက် ဘဝ တို့၌ ကောင်းကျိုး ချမ်းသာကို ပေးခြင်းငှာ စွမ်းနိုင်သော 'အာဟုနံ ပါဟုနံ'မည်သော ကုသိုလ်မျိုးသည် လောက၌ ကေန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

## ၄။ စတုတ္ထ – သမ္မာဒိဋ္ဌိ

'အတ္ထိ သုကတဒုက္ကဋ္ဌာနံ ကမ္မာနံ ဖလံ ဝိပါကော'ဆိုသည် ကား – ရှေးရှေးသောဘဝ၌အသက်ရှိသည့် လူသတ္တဝါတိရစ္ဆာန် သတ္တဝါတို့ကို သတ်ပုတ်ညှဥ်းဆဲခြင်း အစရှိသော ဒုစရိုက်မှု၊ သတ်ပုတ်ညှဥ်းဆဲခြင်းမှ ကြဥ်ရှောင်ခြင်း အစရှိသော သုစရိုက်မှု တို့ကို ပြုကြသည်ရှိသော်နောက်နောက်သောဘဝတို့၌ မကောင်း သော အကျိုးရင်း - အကျိုးဆက်၊ ကောင်းသော အကျိုးရင်း – အကျိုးဆက်မည်သည် လောက၌ ကေန်ရှိ၏ဟု သိမြင် ယုံကြည် သော သမ္မာဒိဋ္ဌိတည်း။

## ၅။ ပဉ္စမ – သမ္မာဒိဋ္ဌိ

'အတ္ထိ မာတာ'ဆိုသည်ကား - အမိ၌ ကောင်းစွာ ပြုခဲ့သည် ရှိသော်လည်းကောင်း၊မကောင်းစွာပြစ်မှားခဲ့သည်ရှိသော်လည်း ကောင်း၊ နောက်နောက် ဘဝတို့၌ ကောင်းသော အကျိုး - မကောင်းသော အကျိုးကိုပေးခြင်းငှာ စွမ်းနိုင်သော 'ကံ'မည်

သည် လောက၌ ကေန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိ တည်း။

## ၆။ ဆဋ္ဌမ - သမ္မာဒိဋ္ဌိ

'အတ္ထိ ပိတာ 'ဆိုသည်ကား - အဖ၌ ကောင်းစွာ ပြုခဲ့သည် ရှိသော်လည်းကောင်း၊ မကောင်းစွာ ပြစ်မှားခဲ့သည် ရှိသော် လည်းကောင်း၊ နောက်နောက်ဘဝတို့၌ ကောင်းသောအကျိုး - မကောင်းသော အကျိုးပေးခြင်းငှာ စွမ်းနိုင်သော' ကံ 'မည်သည် လောက၌ ကေန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

## ၇။ သတ္တမ - သမ္မာဒိဋ္ဌိ

'အတ္ထိ သတ္တာ ဩပပါတိကာ 'ဆိုသည်ကား - လူတို့၏ ပကတိ မျက်စိဖြင့် မမြင်ကောင်းသော ဥပပါတ် သတ္တဝါတို့သည် လောက၌ ကေန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

ဥပပါတ် သတ္တဝါမျိုးဆိုသည်ကား၊ အမိဝမ်း၌ ပဋိသန္ဓေယူ ရသော သတ္တဝါမျိုးမဟုတ်ကုန်။ ကိုယ်အင်္ဂါ၊ ဦးခေါင်းအင်္ဂါ၊ လက်အင်္ဂါ၊ ခြေအင်္ဂါ အလုံးစုံတို့နှင့် ပြည့်စုံသည်ဖြစ်၍ နောက်၌ တဖန်ကြီးပွားရန် မရှိဘဲ ရှေးဘဝတို့၌ ပြုခဲ့ကြသော ကံ၏ အစွမ်းဖြင့် တခါတည်း အပြီးအစီး ဖြစ်ပေါ်ကြကုန်သော သတ္တဝါတို့ပေတည်း။

အောက် မြေကြီးအတွင်း မြေဥမင်ကြီးအသီးသီးတို့၌ အဆင့် ဆင့် တည်ရှိကုန်သော ငရဲကြီး ရှစ်ပြည်ထောင်နှင့်တကွ အလုံးစုံ သော ငရဲသတ္တဝါမျိုးတို့သည် ဥပပါတ် သတ္တဝါမျိုးတို့ပေ တည်း။

မြေအပြင်ရှိ တောအဖို့၊ တောင်အဖို့၊ သမုဒ္ဒရာအလယ်ကျွန်းငယ်အဖို့တို့၌ တည်ရှိကြကုန်သော အချို့သော ဗြိတ္တာမျိုး၊ အသုရကာယ်မျိုးတို့သည်လည်း ဥပပါတ် သတ္တဝါမျိုးတို့ပေတည်း။

မြေအပြင်၌ မြို့ ရွာ တောတောင်ရှိ အချို့သော ဘုမ္မစိုး ငံ နတ်မျိုး၊ သမုဒ္ဒရာအလယ်ကျွန်းငယ်တို့၌ ရှိနေသော အချို့သော ဘီလူးမျိုး၊ သူရဲ - သဘက်မျိုး၊ ထိုထို မြို့အနီး - ရွာ အ နီး တို့ ၌ ရှိကြကုန်သော အချို့အချို့သော ဘီလူးမျိုး၊ သူရဲ – သဘက်မျိုး၊ အချို့သောနဂါးမျိုး၊ ဂဠုန်မျိုးတို့သည်လည်း ဥပပါတ်သတ္တဝါမျိုးတို့ပေတည်း။

အထက် နေ – လ နက္ခတ် တာရာ ကြယ် အပေါင်းတို့၏ တည်နေရာ ကောင်းကင်အရပ်မှစ၍ အထက်သို့ အဆင့်ဆင့် တည်ရှိကြကုန်သော စတုမဟာရာဇ်ဘုံ၊ တာဝတိံသာဘုံ၊ ယာမာဘုံ အစရှိသော နတ်ပြည်ခြောက်ထပ်၊ နတ် - သိကြား တို့ သည် လည်း ဥပပါတ် သတ္တဝါမျိုးတို့သာတည်း။

နတ်ပြည် ခြောက်ထပ်မှ အထက်ကောင်းကင်အရပ်၌ အဆင့်ဆင့် တည်ရှိကြကုန်သော ပထမစျာန်သုံးဘုံ၊ ဒုတိယစျာန်သုံးဘုံ၊ တတိယစျာန်သုံးဘုံ၊ စတုတ္ထစျာန်လေးဘုံ၊ အရူပလေးဘုံ၊ ဤနှစ်ဆယ်အရေအတွက်ရှိသော ဗြဟ္မာ့ဘုံတို့၌ ဗြဟ္မာတို့သည်လည်း ဥပပါတ် သတ္တဝါမျိုးတို့ပေတည်း။

သိန်း 8.

## ဘာသာခြားတို့ - မသိကြ

ထိုနှစ်ဆယ်တို့တွင် အောက်ဆုံးဖြစ်သော ပထမစျာန် သုံးဘုံတို့၌ ဘုန်းတန်ခိုးကြီးသော ဗြဟ္မာမင်းကြီးသည် ရှိ၏။ ထိုဗြဟ္မာမင်းကြီးကို ဘာသာတပါးတို့၌ ထာဝရဘုရားဟူ၍ ထင်မှတ် ကိုးကွယ်ကြကုန်၏။

ထိုထိုမှ အထက်၌ အဆင့်ဆင့်တည်ရှိကြကုန်သော ကောင်းကင်ဘုံတို့ကိုမူကား ဘာသာတပါးတို့၌ မသိကြကုန်ပြီ။ ကောင်းကင်၌ နေ - လ နက္ခတ်တာရာ ကြယ် အပေါင်းတို့သည် နတ်တို့၏ နေရာ ကောင်းကင်ဘုံဗိမာန်တို့ပေတည်း။

ထိုကောင်းကင်ဘုံဗိမာန်တို့ကို သိမြင်ကြကုန်သဖြင့် အထက်-အထက်ဖြစ်သော ကောင်းကင်ဘုံ ဗိမာန် တို့ ကို လည်း ကောင်း၊ အထက် - အ ထက် ဖြ စ် သော နတ် သိကြား ဗြဟ္မာ ဥပပါတ် သတ္တဝါတို့ကိုလည်းကောင်း ယုံကြည်ထိုက်ကုန်၏။

## ဖန်ဆင်းပြမှ - မြင်နိုင်ကြ

ဥပပါတ်သတ္တဝါမျိုးတို့သည်မူကား လူသတ္တဝါတို့မှာ ကိုယ်ခန္ဓာ၌ ပူးကပ်တွယ်မှီ၍ နေကြကုန်သော်လည်း လူတို့၏ ပကတိမျက်စိဖြင့် မမြင်ကောင်းကြကုန်။ လူတို့ မြင်နိုင်လောက်သော အဆင်းသဏ္ဌာန်ကို ဖန်ဆင်း၍ ဖော်ပြကြကုန်သောအခါ၌မူကား လူတို့မြင်ကြကုန်၏။

ဘာသာတပါးတို့၌ ထာဝရဘုရားဆိုသော ဗြဟ္မာကြီးနှင့် ကောင်းကင်တမန် အမျိုးမျိုး၊ နတ်ဆိုး–နတ်ဝါးတို့ကဲ့သို့လူတို့၏

ပကတိမျက်စိဖြင့် မမြင်ကောင်းကုန်သော သတ္တဝါမျိုးတို့ပေတည်း။

ဤကဲ့သို့သော ဥပပါတ် သတ္တဝါမျိုးသည် လောက၌ ကေန်ရှိကြကုန်၏ဟု သိမြင်ယုံကြည်ခြင်းသည် သမ္မာဒိဋ္ဌိကြီး တပါးဖြစ်၏ ဟူလိုသည်။

## ၈ - ၉။ အဋ္ဌမ - နဝမသမ္မာဒိဋ္ဌိ

'အတ္ထိ အယံ လောကော၊ အတ္ထိ ပရော လောကော' ဟူသော ပါဠ်၌ လူ့ဘုံသည် ဤလောကမည်၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့သည် ပရလောက မည်၏။

ဤ လောကနှစ်ပါးရှိသည်ကို သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိနှစ်ပါးဖြစ်၏။ ဘာသာတပါးတို့၌ ငရဲဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံတို့ကိုလည်း နေရာတကျ သိကြကုန်ပြီ။

အထက်နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့ကိုလည်း နေရာတကျ မသိကြကုန်ပြီ။

တနည်းကား ဤစကြာဝဠာတွင် ရှိနေကြသော လူ့ဘုံ၊ အပါယ်လေးဘုံ၊ နတ် သိကြား ဗြဟ္မာတို့ နေရာကောင်းကင်ဘုံတို့သည် ဤ လောကမည်၏။ ဤ လောကမှ အရှေ့အရပ် မျက်နှာတို့၌ ဤစကြာဝဠာကဲ့သို့ အပါယ်လေးရပ် လူ နတ် ဗြဟ္မာတို့နေရာ စကြာဝဠာပေါင်း အဆုံးမရှိ - အသင်္ချေယျ အနန္တရှိကြကုန်၏။

ထို့အတူ ဤလောကမှ တောင်အရပ် မျက်နှာတို့၌လည်း စကြာဝဠာပေါင်းအဆုံးမရှိ။ မြောက်အရပ် မျက်နှာတို့၌လည်း စကြာဝဠာပေါင်းအဆုံးမရှိ။ အနောက်အရပ်မျက်နှာတို့၌လည်း စကြာဝဠာပေါင်းအဆုံးမရှိ။

ဤသို့လျှင် ဤစကြာဝဠာမှ တပါးကုန်သော အဆုံးမရှိသော စကြာဝဠာအနန္တ၊ လောကဓာတ် အနန္တတို့သည် ပရလောကမည်၏။

(ဘာသာတပါးတို့၌ ဤလောကဓာတ် အနန္တ ဟူသော ပရလောကဓာတ်ကို မသိကြကုန်ပြီ။

## ၁၀။ ဒသမ သမ္မာဒိဋ္ဌိ

'အတ္ထိ လောကေ သမဏ ဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ' ဟူသော ပါဠိ၌ အဘိညာခေါ်သော ဉာဏ်ပညာကြီးမျိုးသည် ရှိ၏။ 'သဗ္ဗညုတ' ဉာဏ်ခေါ်သော ဉာဏ်ပညာကြီးမျိုးသည် ရှိ၏။

ဤလူ့ပြည်၌ ပါရမီအလုပ်၊ သမထဘာဝနာအလုပ်၊ ဝိပဿနာဘာဝနာအလုပ်တို့ကို လွန်စွာကြိုးစားအားထုတ်နိုင်ကြကုန်သော ရဟန်း - ပုဏ္ဏားတို့သည် ထိုထို ဉာဏ်ပညာကြီးမျိုးကို ရနိုင်ကြကုန်၏။

ထိုထို ဉာဏ်ပညာကြီးမျိုးတို့ကို ပေါက်ရောက် ထမြောက်အောင် လုပ်ကြံနိုင်ကြကုန်သော သူတို့သည် ဤလူ့လောက၌ ရံဖန် - ရံခါ ပေါ် ပေါက်ကြကုန်၏။

ထိုနှစ်မျိုးတို့တွင် —

အချို့သောသူတို့သည် အဘိညာဉ်ခေါ်သော ဉာဏ်ပညာကြီးတမျိုးကိုသာ ပေါက်ရောက်နိုင်ကြကုန်၏။ ထိုသူတို့သည် အပါယ် လေးတို့နှင့် တကွ နတ်ပြည်ခြောက်ထပ်တို့ကိုလည်းကောင်း၊ အချို့သော ဗြဟ္မာ့ပြည်တို့ကိုလည်းကောင်း ပကတိမျက်စိဖြင့် မြင်ကြကုန်သကဲ့သို့ ဉာဏ်ပညာမျက်စိတို့ဖြင့် သိမြင်ကြကုန်၏။

အချို့သော သူတို့သည် အဘိညာဉ်ခေါ်သော ဉာဏ်ပညာကြီးမျိုးတို့နှင့်တကွ 'သဗ္ဗညုတ' ဉာဏ်ခေါ်သော ဉာဏ်ပညာကြီးမျိုးတိုင်အောင် ပေါက်ရောက်နိုင်ကြကုန်၏။ ထိုသူတို့သည် အလုံးစုံသော သတ္တဝါအနန္တ၊ စကြဝဠာအနန္တ၊ လောကဓာတ်အနန္တတို့ကို အကုန် - အစင် သိမြင်နိုင်ကြကုန်၏။

(ဤအကုန် - အစင် သိမြင်နိုင်သော သူတို့ကိုသာလျှင် ဗုဒ္ဓဘာသာ၌ 'ဘုရား' ဟူ၍ ခေါ်၏။

## ယုံကြည်ခြင်း - သုံးပါး

ဤပုဂ္ဂိုလ်နှစ်မျိုးတို့သည်သူ့လောက၌ ရံဖန် - ရံခါဖြစ်ပေါ်ကြကုန်၍ မိမိ မိမိတို့ သိမြင်ကြကုန်သည့် အတိုင်း သတ္တဝါအပေါင်းတို့အား ဤလောကကိုလည်း ထုတ်ဖော် ပြောဟောကုန်၏။ အပါယ်လေးဘုံ၊ နတ်ပြည်ခြောက်ထပ်၊ နတ်ဘုံ - ဗြဟ္မာ့ဘုံဟု ဆိုအပ်သော ပရလောကကိုလည်း ထုတ်ဖော်ပြောဟောကြကုန်၏။

'သဗ္ဗညု' ဘုရားတို့သည် မူကား အနမတဂ္ဂ - သံသရာရှိကြောင်း၊ ကမ္ဘာအနန္တရှိကြောင်း၊ စကြာဝဠာအနန္တရှိကြောင်းကို ထုတ်ဖော်ပြောဟောကြကုန်၏။

ဤကဲ့သို့သော အဘိညာ ပုဂ္ဂိုလ်၊ သဗ္ဗညု ပုဂ္ဂိုလ်တို့သည် လူ့ပြည်၌ ရံဖန်ရံခါ ဖြစ်ပေါ်ကြကုန်၏ - ဟု သိမြင်ယုံကြည်ခြင်း၊ ထိုပုဂ္ဂိုလ်တို့ကို သိမြင်ယုံကြည်ကြသဖြင့် ထိုပုဂ္ဂိုလ်တို့ ထုတ်ဖော်ပြောဟောသော တရားစကားကို သိမြင်ယုံကြည်ခြင်း၊ ထိုပုဂ္ဂိုလ်တို့ ထုတ်ဖော် ပြောဟောသော တရားစကားကို ယုံကြည်သဖြင့် ပြဆိုခဲ့ပြီးသော ပရလောကဟူသမျှတို့ကို သိမြင်ယုံကြည်ခြင်း၊ ဤယုံကြည်ခြင်း သုံးပါးသည် သမ္မာဒိဋ္ဌိကြီးတပါးဖြစ်၏။ ဤသမ္မာဒိဋ္ဌိကြီးရှိသော သူတို့မှသာလျှင်—

> အထက်ကောင်းကင်ဘုံတို့မှာ နတ် သိကြား ဗြဟ္မာတို့သာရှိကြကုန်၏။ 'သဗ္ဗညု'ဘုရားဟူ၍ မရှိကြကုန်၊ လူ့ပြည်၌သာ 'သဗ္ဗညု'ဘုရားဟူ၍ရှိကြကုန်သည်ဟု ယုံကြည်နိုင်ကြကုန်၏။

## အစွမ်းအမျိုးစီ

ဤသမ္မာဒိဋ္ဌိမရှိကြသော ဘာသာတပါးတို့၌မူကား အလုံးစုံကို အကုန်သိမြင်နိုင်သော 'သဗ္ဗညု'ဘုရားတို့မည်သည် အောက်ကျသော လူ့ဘုံ၌ မဖြစ်နိုင်ကုန်ရာ၊ အထက်ဆုံး - အမြတ်ဆုံးဖြစ်သော ကောင်းကင်ဘုံကြီး၌သာ ဖြစ်နိုင်ရာ၏ဟု ကြံဆ၍ ယူကြကုန်၏။

ကံ ၏ အစွမ်းကား တမျိုး၊

ဉာဏ်၏အစွမ်းကား တမျိုး၊

ထို နှစ်မျိုးတို့တွင် ကံ ၏ အစွမ်း၌ ဘာဝနာစျာန် ကံ ၏အစွမ်းသည် အလွန်ထက်သန်၏။ အထက်ဆုံးဖြစ်သော ကောင်းကင်ဘုံကြီး၌ အလွန်အသက်ရှည်သော ဗြဟ္မာကြီး အဖြစ် တိုင်အောင်ပေးနိုင်၏။ 'သဗ္ဗညု' ဘုရားအဖြစ်ကိုမူကား မပေးနိုင်။

ထို ဗြဟ္မာကြီးမှာ အလုံးစုံကို အကုန်အစင် သိမြင်နိုင်သောဉာဏ်မရှိ။ အဘယ့်ကြောင့်နည်းဆိုသော် ထို ဗြဟ္မာကြီးတို့၏အဖြစ်သည် ဉာဏ်မျိုးမဟုတ်သောကြောင့်တည်း။

လူ့ပြည်၌သာလျှင် 'သဗ္ဗညုတ' ဉာဏ် အလုပ်မျိုး ရှိ၏။ 'သဗ္ဗညုတ' ဉာဏ်အလုပ်ကို ထမြောက် ပေါက်ရောက် အောင်လုပ်ဆောင်နိုင်သော သူသည်သာလျှင် အလုံးစုံ အကုန်အစင်သိမြင်နိုင်သော သဗ္ဗညုတဉာဏ်ကို ရနိုင်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာ၌ သာလျှင် အလွန်တရာ နက်နဲဆန်းကြယ် အံ့သြဘွယ်သော တရားမျိုးရှိ၏။ အဘယ့်ကြောင့်နည်းဆိုသော် ဉာဏ်လမ်းမျိုးဖြစ်သောကြောင့်ပေတည်း။

## တလမ်းစီ

လောက၌ ပစ္စည်း ဥစ္စာပေါများ၍ သူဌေးကြီး ဖြစ်အောင်လုပ်ကြံမှုမျိုးကားတလမ်း၊ ရသေ့-ရဟန်းအလုပ်နှင့် အသိအမြင်ပေါက်ရောက်၍ လူ အများတို့၏ ဆရာကြီးဖြစ်အောင် လုပ်ကြံမှုမျိုးကား တလမ်း။

ဗြဟ္မာကြီးလမ်းသည် သူဌေးကြီးလမ်းနှင့် တူ၏။
ရသေ့ - ရဟန်းတို့လမ်းသည် ဆရာကြီးလမ်းနှင့် တူ၏။

**ဥပမာတနည်းကား -**

ကျေး၊ ငှက်၊ ကြီး၊ လင်းတ - တို့သည် အတောင်ရှိကြကုန်၍ မြင့်စွာသော ကောင်းကင်၌ ပျံတက် သွား လာ နိုင် ကြ ကုန်၏။ လူတို့ကဲ့သို့ အသိ အလိမ္မာ ဉာဏ်ပညာကား မရှိကြကုန်။

လူတို့သည် အသိအလိမ္မာ ဉာဏ်ပညာကား ရှိ ကြ ကု န် ၏။ အတောင်မရှိကြကုန်၍ ကောင်းကင်သို့ ပျံတက်သွားလာခြင်းငှာ မစွမ်းနိုင်ကြကုန်။ ဤကား - ဥပမာတည်း။

ဗြဟ္မာကြီး၏ဘာဝနာစျာန်ကုသိုလ်ကံသည်ကျေး၊ငှက်၊ကြီး၊ လင်းတတို့၏ အတောင်နှင့်တူ၏။ ရသေ့ - ရဟန်းတို့၏ အဘိညာဉာဏ်၊ သဗ္ဗညုတဉာဏ်များသည် လူတို့၏ အသိ အလိမ္မာ ဉာဏ်ပညာနှင့် တူ၏။

နေ၊ လ၊ တာရာ၊ ကြယ် အပေါင်းဟူသော ကောင်းကင်ဘုံ၌ နေကြကုန်သော နတ်သမီး - နတ်သားတို့၏ ကုသိုလ်ကံများသည် ကျေးငှက်၊ ကြီး၊ လင်းတတို့၏ အတောင်များနှင့်တူ၏။

ရသေ့ - ရဟန်းတို့၏ အဘိညာဉာဏ်၊ သဗ္ဗညုတဉာဏ်များသည် လူတို့၏ အသိ အလိမ္မာ ဉာဏ်ပညာနှင့် တူ၏။

## ဘုရားမှန်က - လူ့ဘုံမှာသာ

အထက် - အထက် ဖြစ်ကုန်သော နတ်ပြည် ခြောက်ထပ်၊ ဗြဟ္မာ့ပြည်အထပ်ထပ်ဟူသော ကောင်းကင်ဘုံတို့၌ ရှိနေကြကုန်

သော နတ် သိကြား ဗြဟ္မာတို့၏ ကုသိုလ်ကံ များသည် ကျေး ဇူးကျ၊ ကျိုး၊ လင်းတတို့၏ အတောင်နှင့် တူ၏။

ရသော့ - ရဟန်းတို့၏ အဘိညာ ဉာဏ်၊ သဗ္ဗညုတဉာဏ်များ သည် လူတို့၏ အသိ အလိမ္မာဉာဏ်ပညာနှင့် တူ၏။

ထို့ကြောင့် ထိုဗြဟ္မာကြီးသည် ဘာဝနာ ချာန် ကုသိုလ်ကံ ၏ အစွမ်းကြောင့် နေနတ်သား၊ လ နတ်သားတို့ကဲ့သို့ ထို့ထက် အလွန် မြင့် သော အ ထက် ကောင်း ကင် ဘုံကြီး၌ နေရ၏။ တကမ္ဘာပတ်လုံး အသက်ရှည်ရ၏။ ဘုန်းတန်ခိုးကြီး၏။ အဘိညာ ဉာဏ်၊ သဗ္ဗညုတဉာဏ် မရှိသည့်အတွက်ကြောင့် နက်နဲသော တရားမျိုးတို့ကိုမူကားမသိနိုင်။ မိမိ၏ကိုယ်တွေ့ဒိဋ္ဌမျိုး၌သာအသိ ဉာဏ်ဖြစ်နိုင်၏။

ဤသို့လျှင် အလုံးစုံကို အကုန်သိမြင်နိုင်သော ဘုရားမည်သည် ကောင်းကင်ဘုံတို့မှာ ဖြစ်နိုင်သည်မဟုတ်၊ လူ့ဘုံမှာသာ ဖြစ်နိုင် သည်ဟု သိမြင်ယုံကြည်ကြရန် တချက်။

## ယုံကြည်ရန် - နှစ်ချက်

ပကတိ လူတို့၏မျက်မြင် ဒိဋ္ဌမဟုတ်ကြသော ကမ္ဘာ့ အခြင်း အရာ၊ လောကဓာတ်အခြင်းအရာ၊ သတ္တဝါတို့၏ ဘဝ အဆက် ဆက် ကျင်လည်ပုံ အခြင်းအရာ၊ ကုသိုလ်ကံ - အကုသိုလ်ကံတို့၏ အကျိုးပေးပုံ အခြင်းအရာများကို–

အဘိညာဉာဏ်၊ သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံကြကုန်သော လူမှဖြစ်သော သမဏ ဗြဟ္မာတို့သည်သာလျှင် ဟုတ်မှန်စွာ သိနိုင် - မြင်နိုင်ကြကုန်သည်ဟု ယုံကြည်ကြရန်တချက်။

ထိုသို့ သိမြင်နိုင်ကုန်သော သမဏ ဗြဟ္မဏ တို့၏ သုတ်-ဝိနည်း-အဘိဓမ္မာ ဒေသနာ စကားတို့ကိုသာလျှင် အဟုတ်အမှန်အားဖြင့် ယုံကြည်ကြရန်တချက်။

ဤအချက်တို့ကို သိမြင်ယုံကြည်နိုင်ကြသော သမ္မာဒိဋ္ဌိဉာဏ်သည် အတ္တိလောကေသမဏဗြဟ္မဏာသမ္မာဒိဋ္ဌိဉာဏ် မည်၏။

## မိစ္ဆာဝါဒကို-ပယ်သည်

အလုံးစုံကို အကုန်အစင် သိမြင်နိုင်သော ဘုရားမည်သည် အောက်ကျသော လူ့ဘုံ၌ မဖြစ်သင့်၊ အထက်ဆုံး-အမြင့်ဆုံးဖြစ်သော ကောင်းကင်ဘုံ၌သာ ဖြစ်သင့်၏။ အမြတ်ဆုံးဖြစ်သော ဘုရားမည်သည် တဆူတည်းသာ ဖြစ်ရာ၏။ အများ မဖြစ်ရာ။ အစဉ်ထာဝရမြဲရာ၏။ အိုသည်၊ နာသည်၊ သေသည်ဟူ၍ မရှိရာ အစရှိသည်ဖြင့် ကြံဆ၍ယူကြသော မိစ္ဆာဝါဒများကိုပယ် ရှားတော်မူသည်။

## အကြောင်းနှင့်-အကျိုး

ဤကား ဒသဝတ္ထုက သမ္မာဒိဋ္ဌိ (ဆယ်မျိုးသော အယူမှန်) အတွက် ကျေးဇူးရှင်-လယ်တီဆရာတော်ဘုရား၏ အကျယ်ဖွင့်ပြချက်ဖြစ်လေသည်။ လေ့လာဖတ်ရှုသူများအဖို့ ဆရာတော်၏ ဟောကြားဆုံးမမှုကို အရင်းတိုင်း (မူရင်းအတိုင်း) သိနိုင်ရန် အတွက် တစုံတရာပြုပြင်ခြင်းမရှိဘဲ နဂိုရေးရင်း မူအတိုင်းဖော်ပြထားသည်။

**ဤဒသဝတ္ထုက သမ္မာဒိဋ္ဌိဆယ်ပါးတွင်....**

၁။ အတ္ထိဒိန္နံ့ဟူသော ပထမဆုံး သမ္မာဒိဋ္ဌိ။
၂။ အတ္ထိ ယိဋ္ဌံ ဟူသော ဒုတိယ သမ္မာဒိဋ္ဌိ။
၃။ အတ္ထိ ဟုတံ ဟူသော တတိယ သမ္မာဒိဋ္ဌိ - သုံးပါးတို့မှာ သဘောချင်းတူမျှသည် – ဆိုနိုင်သည်။ သမ္မာဒိဋ္ဌိသုံးပါးလုံးသည်ပင်လျှင် ပေးကမ်းလှူဒါန်းခြင်းဟူသော ' ဒါန ' မှု၌ အခြေခံတည်နေလျက်ရှိသောကြောင့် ဖြစ်ပေသည်။

ခွေး၊ ဝက်၊ ကြက်၊ ငှက်တို့ကို ကျွေးမွေးစွန့်ကြဲခြင်းဆိုသည်မှာကား၊ ရဟန်း ပုဂ္ဂိုလ်၊ လူ ပုဂ္ဂိုလ် စသည့် မြင့်မြတ်သူတို့နှင့်စာလိုက်လျှင် အဆင့်အတန်းနိမ့်ကျသည်ဟု ဆိုနိုင်သည်။

သာမန်ပုထုဇဉ်တရာကို ကျွေးမွေးရခြင်းထက် သောတာပန်တဦးကို ကျွေးမွေးရခြင်းက ပိုပြီးမြတ်သည်။ သောတာပန် တရာကို ကျွေးမွေးရခြင်းထက် သကဒါဂါမ်တဦးကို ကျွေးမွေးရခြင်းက ပိုပြီးမြတ်သည် – ဆိုသကဲ့သို့ ဖြစ်သည်။

သို့သော် ထို ခွေး၊ ဝက်၊ ကြက်၊ ငှက်တို့အား ကျွေးမွေးစွန့်ကြဲရခြင်းသည်ပင်လျှင် ကောင်းကျိုးချမ်းသာ ဖြစ်မြောက်ကြောင်း ယုံကြည်ရမည် ဆိုထားလေသောအခါ **ထို** ရည်ညွှန်းမှုသည်–

၁။ စေတနာသဒ္ဓါတရား ထက်သန်ဖြစ်မြောက်စေမှု။
၂။ ပြုလုပ်ခြင်း (ကံ တရား) သဘောကို အလေးအနက် ယုံကြည်စေမှုအတွက် အပြန် - အလှန်နည်းမျိုး ညွှန်ကြားဆုံးမထားသည့် ပမာလည်းဖြစ်လေသည်။

အမှန်အားဖြင့်လည်း စေတနာရှေ့ရှုချက်နှင့် ပြုလုပ်ခြင်း (ကံ တရား) သည် အပြန်အလှန် - ကြောင်းကျိုး ဆက်စပ်နေသည်။

ခေ့း၊ ဝက်၊ ကြက်၊ ငှက် စသည်တို့အပေါ် သနားကြင်နာ ဘတ်ခြင်း၊ ချမ်းသာစွာ ဖြစ်စေလိုခြင်း ရှေ့ရှုဦးတည်သောအခါ သတ်ဖြတ်ညှဉ်းဆဲခြင်းဆိုသည်မှာလည်း အလိုလိုပင် ချုပ်ငြိမ်း ကွယ်ပျောက်သွားရလေတော့သည်။

ထိုအခါ -

၁။ သနားကြင်နာမှု၊ ချမ်းသာစွာ ဖြစ်စေလိုမှုကြောင့် ကျွေးမွေးပေးကမ်းခြင်းဟူသော 'ဒါန' ကံ တရား ဖြစ်မြောက် အောင်မြင်ရသလို။

၂။ သတ္တဝါတို့အား မသတ်ဖြတ် မညှဉ်းဆဲ ခြင်း ဟူသော ထိန်းချုပ်မှုကြောင့်လည်း ပါဏာတိပါတ ကံ ကိုရှောင် ကြဉ်ဆောက်တည်ပြီးသား ဖြစ်ရပြန်တော့သည်။

ဤကား - တခုနှင့်တခု အပြန်အလှန် ကြောင်း - ကျိုး ဆက်စပ်မှုအရ ကောင်းကျိုးတရားများ ပေါ်ပေါက် ဖြစ်ထွန်းလာ ရခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် ကံ - ကံ၏ အကျိုးတရားကို သက်ဝင်ယုံကြည် ခြင်း ဆိုသည်မှာ မျက်မှောက်လောက - တမလွန်လောကနှစ်ပါး လုံး၌ပင်လျှင် ကြောင်းကျိုးသဘာဝ လျော်ကန်သော သဘော သည်း ရှိပေသည်။

## ၂။ ဒုတိယ – သမ္မာဒိဋ္ဌိ

'အတ္ထိ ယိဋ္ဌံ - ဆိုသည်ကား ရှေးရှေးသော ဘဝတို့၌ ကံ ကိုလည်းကောင်း၊ အလှူခံပုဂ္ဂိုလ်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကိုလည်းကောင်း၊ ယုံကြည်သော သဒ္ဓါဖြင့် ပူဇော်လှူဒါန်းခြင်းကို ပြုကြသည်ရှိသော် နောက်နောက်သော ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ပေးခြင်းငှာ စွမ်းနိုင်သော ဒါနမည်သော ကုသိုလ်မျိုးသည် လောက၌ ကေန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

ဤတွင်လည်း ကြောင်း - ကျိုး ဆက်စပ်မှုကို တွေ့သိရပြန်သည်။

'ကံ'ကို လည်းကောင်း၊ အလှူခံပုဂ္ဂိုလ်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကိုလည်းကောင်း ယုံကြည်သော သဒ္ဓါဖြင့် ပူဇော်လှူဒါန်းခြင်းကို ပြုကြသည်ရှိသော် ဆိုသည်မှာ....

၁။ ကံ တရား (ပြုလုပ်မှု) ၏ အကျိုး သက်ရောက်မှု ကို ယုံကြည်ခြင်း။

၂။ မြင့်မြတ်သူတို့၏ ဂုဏ်ကျေးဇူးကို အမှန်အတိုင်း သိနားလည်တတ်ခြင်း ဟူသော အကြောင်း – အကျိုးနှစ်ပါး ကွဲပြားထွက်ပေါ်လာသည်။

### 'ကံ' တရားကို ယုံကြည်ခြင်း

ကံ တရားကို ယုံကြည်ခြင်းဆိုသည်မှာ အထက်တွင် စပ်လျဉ်း ဖော်ပြခဲ့ပြီးအတိုင်း ကောင်းဆိုး မှား – မှန် ဝေဖန်ပိုင်းခြားနိုင်

စွမ်းရှိနေသည်။ ကောင်းသော ကံ အမှုကြောင့် ကောင်းကျိုး ချမ်းသာ ဖြစ်ထွန်းရသည်။ မကောင်းသော ကံအမှုကြောင့် မကောင်းကျိုး ဆင်းရဲကို တွေ့ကြုံခံစားရသည်ဟူ၍ သိမြင်နားလည်သောအခါ အကောင်းကို ပြုလုပ်၍ မကောင်းကို ရှောင်ကြဉ်ပယ်စွန့်နိုင်သည်။

ဤကား ကံတရားကို သက်ဝင်ယုံကြည်ခြင်း အားဖြင့် ဖြစ်ထွန်းရရှိလာသော အကျိုးတရားဖြစ်ပေသည်။

## သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် ဆိုသည်မှာကား ဂါရဝတရားနှင့် ပတ်သက်နေသည်။ ပုဂ္ဂိုလ်တဦးတယောက်အား ရိုသေသည်။ လေးစားသည် ဆိုခြင်းမှာ ထိုပုဂ္ဂိုလ်၏ သီလ၊ သမာဓိ၊ ပညာ၊ သို့မဟုတ် ထူးခြားသော ဂုဏ်ဒြပ်ကို အမှန်အတိုင်း သိတတ်ပါမှ ရိုသေလေးမြတ်မှု ဖြစ်နိုင်သည်။ ရိုသေရကောင်းမှန်း သိသည်။

ပုဂ္ဂိုလ်က မည်မျှ မြင့်မြတ်ပါစေ၊ မိမိက ထူးခြား မြင့်မြတ်မှန်းမသိတတ်လျှင်လည်း ထိုသူ၏ဂုဏ်ကျေးဇူးကို နားမလည်တတ်သလို မိမိကိုယ်တိုင်မှာလည်း နှိမ်ချရန်၊ လက်ခံကျင့်သုံးရန် မဖြစ်နိုင် ရှိတတ်သည်။

အကယ်၍ ထူးခြား မြင့်မြတ်သူ တဦး၏ ဂုဏ်ကျေးဇူးကို အလေးအနက် သိတတ်လာသောအခါ ထိုသူကို ရိုသေခြင်း ဂါရဝတရား၊ မိမိကိုယ်ကို နှိမ်ချခြင်း နိဝါတတရားများ ပေါ်ပေါက် ဖြစ်ထွန်းလာရသည်။

အပြန်အလှန်နည်းအားဖြင့်သော် ရှိသေတတ်ခြင်း ဂါရဝတရားကြောင့် မိမိကိုယ်မိမိ နှိမ့်ချခြင်း နိဝါတ တရားဖြစ်မြောက်လာရသည်။ နိဝါတ တရားရှိသောကြောင့်လည်း ဂါရဝတရားဖြစ်မြောက်လာရသည်။

ထိုအခါ ကံ – ကံ၏ အကျိုးတရား၌ ယုံကြည်သက်ဝင်ခြင်းကို အပထားဦး၍ ရှိသေထိုက်သူကို ရှိသေခြင်းအတွက် ကောင်းမြတ်သော အပြုအမူ၊ မိမိကိုယ်မိမိ နှိမ့်ချခြင်း ယဉ်ကျေးသိမ်မွေ့မှုကြောင့် ကောင်းမြတ်သော အပြုအမူများ ပထမဦးစွာ သက်ရောက် ဖြစ်ထွန်းလာရသည်။

ထို အသိ အမြင် အားလျော်စွာ ဆက်လက်ကျင့်သုံးအပ်သော ကံ အမူမှာကား အသိနှင့် ယှဉ်စပ်နေသည့် အလျောက် ကောင်းကျိုးချမ်းသာကိုသာ ပေးစွမ်းဖြစ်မြောက်စေဖွယ်ဖြစ်တော့သည်။

## ၃။ တတိယ - သမ္မာဒိဋ္ဌိ

'အတ္ထိဟုတံ' ဆိုသည်ကား ရှေးရှေးသော ဘဝတို့၌ ကြည်ဖြူသော စိတ်စေတနာဖြင့် ပဏ္ဏာလက်ဆောင်ကိစ္စနှင့် ပေးကမ်းခြင်းကို ပြုကြသည်ရှိသော်၊ နောက်နောက်ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော 'အာဟုန - ပါဟုန' မည်သော ကုသိုလ်မျိုးသည် လောက၌ ကေန်ရှိ၏ဟု သိမြင် ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

### ပူဇော်ခြင်းသဘော

ဤ တတိယမြောက် သမ္မာဒိဋ္ဌိတွင် ပူဇော်သက္ကာရ ပြုခြင်းနှင့် စပ်လျဉ်းနေသော ဒါနသဘောကို တွေ့ရသည်။

ပူဇော်သက္ကာရ ပြုခြင်းနှင့် စပ်လျဉ်းနေသည် ဆိုခြင်းမှာ အခြားမဟုတ်ပေ။

လူ တဦးတယောက်၊ သို့မဟုတ် ကြီးကဲ မြင့် မြတ် သူ တို့ ကို ပူဇော်သည်။ အလေးပြုသည်ဆိုခြင်းမှာ၊ ငါးပါးသော ထိခြင်း ( ပဉ္စပတိဋ္ဌိတ ) တို့ဖြင့် လက်အုပ်ချီကာ ကာ ယ ကံ မြောက် ရှိခိုး ပူဇော်မှ ပူဇော်ရာရောက်သည်၊ ပူဇော်မှု ဖြစ်မြောက်ခြင်းမျိုး မဟုတ်ပေ။

အဝေးမှနေ၍ ချီးမွမ်းစကားပြောဆိုခြင်း၊ ကိုယ်အမူအရာ အားဖြင့် နှိမ်ချပျပ်ဝပ်ခြင်း၊ အသုံးအ ဆောင် ပစ္စည်း တစုံ တရာ ကမ်းလှမ်းခြင်းတို့သည်လည်း ပူဇော်မှုထည်းတွင် သ က် ရော က် အကျုံးဝင်နေသည်သာ ဖြစ်သည်။

ထို့ကြောင့် ပဏ္ဏာလက်ဆောင် ပေးကမ်းခြင်း ဆိုသည်မှာ ဒါနမှုသက်သက်ချည်းမဟုတ်၊ အရိုအသေ အလေးအမြတ်ပြုခြင်း သဘောသက်ရောက် ပါဝင်နေသည်။

လက်ဆောင်အပေးခံရသူအနေဖြင့်ဆိုလျှင် အလေး အ မြ တ် အပြုခံသည့်သဘော၊ လက်ဆောင်ပေးကမ်းသူအနေဖြင့်ဆိုလျှင် အရိုအသေပြုအပ်သည့်သဘောဖြစ်သည်။

လိုရင်းအချုပ်သဘောမှာကား ဝတ္ထု ပစ္စည်း တစုံတရာဖြင့် အရိုအသေပြုအပ်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ထို ဒါနမှုမျိုးသည်၊ သို့မဟုတ် ဤ သို့ ပြု ခြ င်း ကြောင့် နောက်နောက်ဘဝတို့၌ ကောင်း ကျိုး ချမ်း သ ာ ဖြစ် မြောက် စေသည်ဟု ယုံကြည်ခြင်းသည် စင် စစ် ကောင်း မြတ် စွာ သော အပြုအမူမျိုးသာ ဖြစ်လေသည်။

အပြန်အလှန် နည်း အားဖြင့်သော် ဤသို့လျှင် ကောင်းမြတ်စွာသော အပြုအမူမျိုးဖြစ်သောကြောင့်လည်း သမ္မာဒိဋ္ဌိတပါး အဖြစ်ဖြင့် ဗုဒ္ဓမြတ်စွာဘုရားက ထည့်သွင်း ဟောကြားခဲ့ခြင်းဟု ဆိုနိုင်လေသည်။

## ၄။ စတုတ္ထ - သမ္မာဒိဋ္ဌိ

'အတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော' ဆိုသည်ကား ရှေးရှေးသော ဘဝတို့၌ အသက်ရှိသည့် လူ သတ္တဝါ၊ တိရစ္ဆာန်သတ္တဝါတို့ကို သတ်ပုတ် ညှဉ်း ဆဲခြင်း အစရှိသော ဒုစရိုက်မှု သတ်ပုတ်ညှဉ်းဆဲခြင်းမှ ကြဉ်ရှောင်ခြင်း အစရှိသော သုစရိုက်မှုတို့ကို ပြုကြသည်ရှိသော် နောက်နောက်သော ဘဝတို့၌ မကောင်းသောအကျိုးရင်း - အကျိုးဆက်၊ ကောင်းသောအကျိုးရင်း – အကျိုးဆက် မည်သည် လောက၌ ကေန်ရှိ၏ဟု သိမြင် ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

ဤသမ္မာဒိဋ္ဌိသဘောမှာကား အထူးဆိုဘွယ်မရှိ၊ ပါဏာတိပါတ - စသော ကံ တရားတို့၏ အကျိုးအပြစ်ကို ဆိုညွှန်းခြင်း ဖြစ်၍ ဦးစွာဆိုခဲ့ပြီး ဖြစ်သော 'သဗ္ဗေသတ္တာ ကမ္မဒါယာဒါ' သဘောထည်းတွင် အကျုံးဝင်နေပြီး ဖြစ်လေသည်။

## ၅။ ပဉ္စမ - သမ္မာဒိဋ္ဌိ

'အတ္ထိ မာတာ' ဆိုသည်ကား အမိ၌ ကောင်းစွာပြုစုခဲ့သည် ရှိသော်လည်းကောင်း၊ မကောင်းစွာ ပြစ်မှားခဲ့သည် ရှိသော်လည်းကောင်း နောက်နောက်သော ဘဝတို့၌ ကောင်းသော

အကျိုး - မကောင်းသောအကျိုးကို ပေးခြင်းငှာ စွမ်းနိုင်သော ကံ မည်သည် လောက၌ ကေန်ရှိ၏ ဟု သိမြင် ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

ဤ သမ္မာဒိဋ္ဌိမှာ အမိဖြစ်သူ၏ဂုဏ်ကျေးဇူးနှင့် အလေးအနက် ဆက်စပ်နေသည်။ 'အမိ' ဟူသည် အနန္တငါးပါးထဲတွင် တပါး အပါအဝင်ဖြစ်နေခြင်းကြောင့် အထူးတလည် ထပ်မံ ရှင်းလင်း နေရန် မလိုအပ်တော့သော အခြေအနေလည်းဖြစ်သည်။

သို့သော် ယနေ့ခေတ်ကာလ များရာစုအခြေအနေ အားဖြင့် ကား အမိတို့၏ ဂုဏ်ကျေးဇူး ထူးမြတ်ကြီးမားသည်၏ အဖြစ်ကို ထိုက်သင့်သမျှထုတ်ဖော် ဆိုညွှန်းရပေဦးမည်။

## ဘဝ၏မီးရှူးတန်ဆောင်

'အမိ' ဟူသည်၊သို့မဟုတ် မိခင်တို့၏မေတ္တာစေတနာဟူသည် မြင့်မိုရ်တောင်မျှမက ကြီးမားသည်၊ သန့်စင်အေးချမ်း လှသည် ဆိုသော တင်စား သုံး နှုန်း ကြ ခြင်း များ မှာ နေ့ စဉ် နှင့် အမျှ အချိန်နှင့်အမျှ ကြားနေရသော စကားများဖြစ်၏။

ပြောသူများကလည်း ဤသို့ - ဤပုံပင် ပြော နေ ကြ ၏။ နားထောင်ရသူကလည်း ဤပုံ - ဤနည်းပင် ကြား သိ နေ ကြ ရ၏။

အမှန်အားဖြင့်ကား အမိ၏ဂုဏ်ကျေးဇူးကို ဆင်ခြင်သုံးသပ် ရာ၌ အနစ်နာခံခြင်း၊အပင်ပန်းခံခြင်း၊ယုယကြင်နာခြင်းဟူသော အပြုအမူများအပြင် လောကကြောင်း၊ဘဝအတွေ့အကြုံများနှင့်

ပတ်သက်၍လည်း အလေးအနက် ထောက် ထားနိုင်း ရှည့် (နှိုင်းယှဉ်) ရပေလိမ့်မည်။

'အမိ' ဟူသည် သားသမီး များနှင့် နှိုင်းစာလိုက်သော် လောကထဲတွင် ပထမဦးစွာ ကြိုတင် ရောက်ရှိခဲ့သူ ဖြစ်၏။ ကျင်လည်ကြွာမြင့်လာခဲ့ရသူဖြစ်၏။ ဘဝ အတွေ့ အကြုံ များကို သား သမီးတို့ထက် အရင် တွေ့ကြုံ သိမြင်လာခဲ့ရသူ ဟူ၍လည်း ဆိုနိုင်၏။

ထို့ကြောင့် လိုရင်းကို ဆိုရလျှင် အမိသည်ဘဝအတွေ့အကြုံ၊ လောကအကြောင်း အခြေအနေများတွင် သား သမီးတို့ထက် ပိုပြီး တတ်သိ ကျွမ်းကျင်၏။ သဘောပေါက် သိ နားလည်၏။

စာပေမတတ်ကျွမ်းသည် မှန်စေ၊ အခြားပညာရပ် များနှင့် မပြည့်စုံသည် မှန်စေ၊ လူ့ သဘော၊ လောကသဘောတွင်ကား အသက်အရွယ် အတွေ့အကြုံ အားလျော်စွာ ကောင်း ဆိုး မှား မှန် များကို တွေ့ သိ ခံ စားလာခဲ့ရသူဖြစ်၏။

## ဘဝ ပေး အသိ ဥ ာဏ်

ထို ထို အတွေ့အကြုံ အသိအမြင်များကြောင့်လည်း သား - သမီးဖြစ်သူများကို နေထိုင် စားသောက် ပေါင်းသင်း ဆက်ဆံမှု စသည်များတွင် သတိပေးခြင်း၊ ညွှန်ပြခြင်း၊ ဆို ဆုံးမခြင်းများ ပြုအပ်၏။

ဤသို့ ဆို ဆုံးမရာ၌ကား 'ဆင်စီး - မြင်းရံ' ဆို သ ည် မျိုး၊ ကောင်းစား - ချမ်းသာစေလိုသော စေတနာ မေတ္တာ သဘော

လည်း ပါဝင်သည်။ ဘဝအတွေ့အကြုံ၊ လောက အတွေ့ အကြုံ အားလျော်စွာ ကောင်း ဆိုး မှား မှန် များကို သိနားလည်သဘောပေါက်နေသောကြောင့်လည်း ဖြစ်ပေသည်။

နောက်ဆုံး သား သမီးတို့၏ ကျေးဇူးအတုံ့အပြန်ကို မခံစားမတွေ့ကြုံရသည့်တိုင်အောင် ရိုင်း ပြစော်ကား ပြုမူသည့်တိုင်အောင် မေတ္တာပျက်ခြင်း၊ ငြိုငြင်ခြင်းမရှိ၊ အသက်နှင့် ကိုယ်မြဲနေသမျှကာလပတ်လုံး မိမိရင်သွေးများ အပေါ် စေတနာမေတ္တာကြီးမား ထက်သန်နေဘတ်သူမျိုးလည်း ဖြစ်၏။

## ထို့ကြောင့်

အမိ၌ ကောင်းစွာပြုခြင်းကြောင့် ကောင်းမြတ်သောအကျိုးကို ခံစားတွေ့ကြုံရသည်။ အမိ၌မကောင်းသဖြင့် ပြုခြင်းကြောင့် မကောင်းကျိုးကို တွေ့ကြုံခံစားရသည်ဆိုခြင်းမှာ ကြောင်း-ကျိုးသဘာဝ ကျနလျော်ကန်လှပေသည်။

ဤကား နဂိုမူရင်းအဓိပ္ပာယ်ပေါ်ပြီးသားကို ထပ်မံ ဖြည့်စွက်ခဲ့ထွင်နေခြင်းမဟုတ်၊ ကံ တရားဖြစ်မြောက်ခြင်း ( ကံ တရားဖြစ်မြောက်စေမှုသဘော ) ကို ယုတ္တိသဘာဝသဘော ဆက်စပ်နှင်းရှည့်ပြနေခြင်း ဖြစ်သည်။

ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ကံ တရားဖြစ်မြောက်ထိုက် - ဖြစ်မြောက်အပ်သော အခြေအနေ အခြင်းအရာကို သိသာထင်ရှားစေနိုင်ရန် ကြောင်း – ကျိုးဆက်စပ်ပြရခြင်းဖြစ်ပေသည်။

## ကံ တရား ၏ အခြင်းအရာ

ကံဘရား၏အခြင်းအရာကိုကြောင်း - ကျိုးသဘာဝအားဖြင့် ထုတ်ဖော်တင်ပြလိုပေသေးသည်။

ဤ လောက၌ ကောင်းသော ကံ၊ ဆိုးသော ကံ၊ ဖြစ်မြောက်စေနိုင်သော အကြောင်းတရားများ ရှိကြ၏။ သိ လွယ် ဆုံး အကြောင်းအချက်ကို ထုတ်ပြရလျှင် သူတပါးအသက်ကို သတ်ခြင်းသည် ကံ ဖြစ်မြောက်၏။ မကောင်းကျိုးကို ပေးစွမ်း၏။

အကယ်၍ သစ်သားတခုကို ခွဲစိပ်လျှင်ဖြစ်စေ၊ ဖြတ်တောက်လျှင်ဖြစ်စေ၊ သို့မဟုတ် ကျောက်ခဲတလုံးကို ထုခွဲလျှင်ဖြစ်စေ၊ ကြိတ်ချေလျှင်ဖြစ်စေ၊ ထိုသို့ပြုခြင်းမှာကား ကံမဖြစ်မြောက်နိုင်။ တစုံတရာသော အကျိုးကို မပေးစွမ်းသည့် သဘော ရှိနေပေသည်။

ထို့အတူပင် သက်ရှိပုဂ္ဂိုလ်ချင်းအတူတူ ဖြစ်စေကာမူ သီလရှိသူ၊ ကျေးဇူးရှိသူ၊ အသက်အရွယ်ကြီးကဲသူကို သတ်ဖြတ်ခြင်း၊ စော်ကားခြင်း၊ ညှဉ်းပန်းခြင်းပြုသည့်အခါ အပြစ် ပို၍ ကြီးလေး၏။ ခွေး၊ ဝက်၊ ကြွက်၊ ငှက်တို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်းထက် အပြစ်ကြီးသော သဘောရှိ၏။

## ဂုဏ်ကျေးဇူးအားလျော်စွာ

ပြုလုပ်သောအမှုချင်းတူညီပါလျက် ယင်းကဲ့သို့အပြစ်ရှိခြင်း၊ မရှိခြင်း၊ ပေါ့လျော့ခြင်း၊ ကြီးလေးခြင်း ကွဲ ပြား သွား ရ သည် မှာကား၊ အပြုခံရသော အရာဝတ္ထု၊ ပုဂ္ဂိုလ်၊ သတ္တဝါ ယုတ်နိမ့်

ခြင်း၊ မြင့်မြတ်ခြင်းများကို အမှီပြု၍ အကြောင်းအားလျော်စွာ ကွဲပြားခြားနားသွားရခြင်းဖြစ်၏။

ထို့ကြောင့် အဖက်ဖက်မှ ဂုဏ်ကျေးဇူးကြီးမားလှပေသော အမိဖြစ်သူကို ကောင်းစွာပြုသဖြင့်၊ အရိုအသေ လုပ်ကျွေး ပြုစုသဖြင့် နောက်နောင်ဘဝတို့၌ ကောင်းကျိုးချမ်းသာကို စံစားတွေ့ကြုံရသည်။ မကောင်းသဖြင့် ဆက်ဆံ ပြုမူခြင်းကြောင့်၊ မလိုလားအပ်သော ဆိုးကျိုးကို ခံစားတွေ့ကြုံရသည် ဆိုခြင်းမှာ အကြေအညက် လက်ခံယုံကြည်ထိုက်သော အခြင်းအရာ ဖြစ်နေပေသည်။

## လျော်ကန်သင့်မြတ်ခြင်း

မင်္ဂလ်ရှစ်ပါး - တရားလမ်းစဉ်တွင် သမ္မာဒိဋ္ဌိ ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ဉာဏ်အမြင်ဆိုရာ၌ အမိဖြစ်သူနှင့် ပတ်သက်၍ ဤကဲ့သို့ ဆက်စပ်ပါဝင်နေခြင်းမှာ စင်စစ် ပါသင့် ပါထိုက် လှသောကြောင့်သာ ပါဝင်နေရခြင်း ဖြစ်ကြောင်း ကောင်းစွာ သိသာ ထင်ရှား နေပေသည်။

ဤသည်ပင်လျှင် မင်္ဂလ်ရှစ်ပါး - တရားလမ်း စဉ်၏ အသိအသာ ထူးခြားမြင့်မြတ်မှုလည်း ဖြစ်နေပေသည်။ ကြောင်းကျိုး သဘာဝ ကျနလျော်ကန်မှုလည်းဖြစ်ပေသည်။

## ၆။ ဆဋ္ဌမ - သမ္မာဒိဋ္ဌိ

'အတ္ထိပိတာ' ဆိုသည်ကား အဖ၌ ကောင်းစွာ ပြုခဲ့သည် ရှိသော်လည်းကောင်း၊ မကောင်းစွာ ပြစ်မှားခဲ့သည် ရှိသော်

လည်းကောင်း၊ နောက်နောက်ဘဝတို့၌ ကောင်းသောအကျိုး၊ မကောင်းသော အကျိုးကို ပေးခြင်းငှာ စွမ်းနိုင်သော ကံ မည်သည် လောက၌ ကေန်ရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိ တည်း။

ဤတွင်လည်း အဖ၏ ဂုဏ်ကျေး ဇူး ဆို သ ည် မှာ အ မိ နှင့် ထပ်တူထပ်မျှ ဖြစ်သည်။ သို့သော် အဖဖြစ်သူက ပိုပြီးထူးခြားသည်။ အ ဖ ဟူ သည် သား သမီးတို့၏ ကိုးကွယ်အားထားရာ ဖြစ်ပေသည်။

'အဖ' ဟူသည် သား သမီးတို့အား ဘေး အ န္တ ရာ ယ် ကို ကာကွယ်တားဆီးပေးရာ သူရဲကောင်းကြီးပမာလည်းဖြစ်သည်။ ဂုဏ်အရှိန်အဝါကိုလည်း သက်ရောက်ပေးစွမ်းနိုင်သည်။ အသက်မွေးမှုအတတ်ပညာ၊ တွေးခေါ်ဝေဖန်မှု အသိပညာ ကိုလည်း ဖြန့်ချီပေးစွမ်းနိုင်သည်။ အားလုံးသော အမျိုးအဆွေအပေါင်းတို့၏ ဂုဏ်သိက္ခာကို စွမ်းဆောင်ထိန်းသိမ်းထားနိုင်သူမျိုးလည်း ဖြစ်သည်။

လောကအတွေ့အကြုံ - ဘဝအတွေ့အကြုံ များနှင့် ပတ်သက်၍လည်း သား သမီးဖြစ်သူများကို တဆင့် ပြန်လည်သင်ပြပေးနိုင်သည်။ တကယ်တန်းအရေးကိစ္စ ( အရေးတကြီး - အခက်အခဲ ) နှင့် ကြုံကြိုက်လာသော အခါ သား သမီးများရှေ့မှ မားမား ရပ်သူလည်းဖြစ်ပေသည်။

အားလုံးခြုံလွှမ်းရ ချေသော် 'အဖ' ဟူသည် သား သမီး အပေါင်းတို့၏ကိုးကွယ်အားထားရာ၊အတတ်ပညာသင်ကြားရာ၊ တိုင်ပင်ဆွေးနွေးရာလည်း ဖြစ်ပေသည်။

ထို့ကြောင့်

'အဇ'ဟူသည် ကံ တရားဖြစ်မြောက်နိုင်စွမ်းသော အရင်းခံ အချက်အခြာ ကျေးဇူးရှင် ပုဂ္ဂိုလ်တဦးဖြစ်နေသည်။ သို့ဖြင့်ပင် လျှင်'အဇ'ကို ရိုသေလေးမြတ်ရှိခဲ့ချေသော် ကောင်းကျိုးတရား၊ စော်ကားရိုင်းပြပြုခဲ့သော် ဆိုးကျိုးတရား ဖြစ်မြောက် စေသည် ဆိုခြင်းမှာ ကြောင်း – ကျိုးလျော်ကန်နေပေသည်။

## ၄။ သတ္တမ – သမ္မာဒိဋ္ဌိ

'အတ္ထိ သတ္တာ ဩပပါတိကာ' ဆိုသည်ကား လူတို့၏ ပကတိ မျက်စိဖြင့် မမြင်ကောင်းသော ဥပပါတ် သတ္တဝါ တို့သည် လောက၌ ကိန်းရှိ၏ဟု သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိတည်း။

ဥပပါတ်သတ္တဝါမျိုးဆိုသည်ကား အမိဝမ်း၌ ပဋိသန္ဓေယူရ သော သတ္တဝါမျိုးမဟုတ်ကုန်။ ကိုယ် အင်္ဂါ၊ ဦးခေါင်းအင်္ဂါ၊ လက်အင်္ဂါ၊ ခြေ အင်္ဂါ အလုံးစုံတို့နှင့် ပြည့်စုံသည် ဖြစ်၍ နောက်၌တဖန် ကြီးပွားရန်မရှိ (တ ဖြေး ဖြေး တိုး တက် ဖြစ် မြောက်ရန် မလိုအပ်တော့) ရှေးဘဝတို့၌ ပြုခဲ့ကြသော ကံ၏ အစွမ်းဖြင့် တခါတည်း အ ပြီး အ စီး ဖြစ် ပေါ် ကြ ကုန် သော သတ္တဝါတို့ပေတည်း။

အောက်မြေကြီးအတွင်း မြေဥမင်ကြီး အသီးသီးတို့၌ အဆင့် ဆင့် တည်ရှိကုန်သော ငရဲကြီးရှစ်ပြည်ထောင်နှင့်တကွ အလုံးစုံ သော ငရဲသတ္တဝါမျိုးတို့သည်ဥပပါတ်သတ္တဝါမျိုးတို့ပေတည်း။

မြေအပြင်၌ မြို့ရွာတောတောင်ရှိအချို့သောဘုမ္မစိုးနတ်မျိုး၊ သမုဒ္ဒရာအလယ် ကျွန်းငယ်တို့၌ရှိနေသော အချို့သော ဘီလူး

မျိုး၊ သူရဲ သဘက်မျိုး၊ ထိုထိုမြို့အနီး၊ ရွာအနီးတို့၌ ရှိကြကုန်သော အချို့ - အချို့သော ဘီလူးမျိုး၊ သူရဲ သဘက်မျိုး၊ အချို့သော နဂါးမျိုး၊ ဂဠုန်မျိုးတို့သည်လည်း ဥပပါတ်သတ္တဝါမျိုးတို့ပေတည်း။

အထက် နေ၊ လ၊ နက္ခတ်၊ တာရာ၊ ကြယ် အ ပေါင်း တို့ ၏ တည်နေရာ ကောင်းကင်အရပ်မှစ၍ အထက်သို့ အဆင့်ဆင့်တည်ရှိကြကုန်သော စတုမဟာရာဇ်ဘုံ၊ တာဝတိံသာဘုံ၊ ယာမာဘုံ အစရှိသော နတ်ပြည်ခြောက်ထပ် နတ် သိကြားတို့ သည်လည်း ဥပပါတ် သတ္တဝါမျိုးတို့သာတည်း။

နတ်ပြည်ခြောက်ထပ်မှ အထက်ကောင်းကင်အရပ်၌ အဆင့်ဆင့်တည်ရှိကြကုန်သော ပထမစျာန် သုံးဘုံ၊ ဒုတိယစျာန် သုံးဘုံ၊ တတိယစျာန် သုံးဘုံ၊ စတုတ္ထစျာန် ခုနစ်ဘုံ၊ အရူပ လေးဘုံ၊ ဤ နှစ်ဆယ်အရေအတွက်ရှိသော ဗြဟ္မာ့ဘုံရှိ ဗြဟ္မာတို့ သည်လည်း ဥပပါတ်သတ္တဝါမျိုးတို့ပေတည်း။

ဤ ခုနစ်ခုမြောက် သမ္မာဒိဋ္ဌိမှာ တွေးခေါ်ဝေဖန်ချင်သူတို့ အဖို့ တွေးကွက် - ထောက်ကွက်များ ရှိနေသည်။

နတ်၊ သိကြား၊ ဗြဟ္မာ၊ နဂါး၊ ဂဠုန်စသည့် ဥပပါတ်ပဋိသန္ဓေ သတ္တဝါတို့မှာ လူတို့၏ မျက်စိဖြင့် တကြိမ်တခါမျှလည်း မတွေ့ရဘူးပါဘဲလျက် ကောန်စင်စစ်ရှိနေသည်ဟု အ ဘယ့် ကြော င့် သက်ခံယုံကြည်ရပါမည်နည်းဟူသော တွေးကွက် - ထောက်ကွက် မျိုးပင် ဖြစ်သည်။

ဤသည်နှင့် ပတ်သက်၍ အာဂမယုတ္တိ ဆိုရမည့် ကျမ်းဂန် အထောက်အထား၊ ဇာတ် ဝတ္ထုကြောင်းများမှာကား၊ ဦးရေ ပေါင်း မြောက်များစွာရှိသည်။ သဘာဝယုတ္တိ အားဖြင့်လည်း ရှေ့ပိုင်းတွင် ဆိုညွှန်းခဲ့ပြီး ဖြစ်သည်။

သို့သော် ယနေ့ခေတ်ကာလ၊ သို့မဟုတ်သိပ္ပံနည်းသဘောမျိုး လက်တွေ့မျက်မြင်ကိုမှ နှစ်သက်လက်ခံချင်သူများ အဖို့ အခြား အခြားသော ယုတ္တိသာဓကများကို အပ ထားဦး၍၊ ယနေ့ မျက်မှောက်ခေတ်တွင်ပင် လက်ငင်းကြုံကြိုက်နေရသော အထောက်အထားတခုကို စပ်လျဉ်းတင်ပြရပေဦးမည်။

## အသက်ဇီဝ - ဖြစ်ထွန်းရာ

စကြဝဠာအနန္တရှိကြောင်းကို နက္ခတ္တဗေဒပညာရှင်အား လုံးက လက်ခံအတည်ပြုခဲ့ကြ၏။ ထို့ကြောင့် အသက်ဇီဝ ဖြစ်ထွန်းရာသည်လည်းကောင်း၊၊ သတ္တလောကသည်လည်း ကောင်း၊ ကျွန်ုပ်တို့ နေစကြဝဠာ အတွင်းရှိ ဤ ကမ္ဘာကြီး တခုတည်းတွင်သာ ရှိသည်ဟု လက်မခံနိုင်ချေ။

ဇီဝဗေဒပညာရှင်၊ နက္ခတ္တဗေဒပညာရှင်၊ ဓာတုဗေဒ ပညာရှင်များက အသက်ဇီဝ ဖြစ်ထွန်းနိုင်ဘွယ်ရာ များကို လေ့လာခဲ့ကြပြီး အခြားသော နေစကြဝဠာ များထဲတွင် လည်း အသက်ဇီဝဖြစ်ထွန်းနိုင်ဘွယ်ရာ ရှိသည်ကို တွေးဆ ပြောဆိုခဲ့ကြသည်။

ဤ ကမ္ဘာကြီးသည်လည်းကောင်း၊ နေ စကြ ဝဠာကြီး သည်လည်းကောင်း ဖြစ်ထွန်းကာစအချိန့်တွင် အလွန်တရာ

ပူပြင်းသော ခေတ်ငွေ့လုံးကြီးဖြစ်သည်။ နှစ်-သန်းပေါင်း များစွာကြာမှသာ အေးခဲလာသည်။

ဇီဝဓာတုဗေဒ ( Bio - chemistry ) ပညာ၏ အဆင့်မြင့်မားလာမှုကြောင့် ဤကမ္ဘာသည် သက်ရှိများ ပေါက်ပွားရာ ဒေသတခုတည်း မဟုတ်နိုင်ကြောင်း ပညာရှင်များက လက်ခံအတည်ပြုကြသည့် အချက်ကို ကျွန်ုပ်တို့ကလည်း မည်သို့မျှ ငြင်းဆိုလိမ့်မည်မဟုတ်ပေ။

## ပန်းကန်ပြားပျံပြဿနာ

သိပ္ပံပညာရှင်များအဖို့ ' ပန်းကန်ပြားပျံ ' တကယ်ရှိသလော ဆိုသည့်ပြဿနာနှင့် ရင်ဆိုင်ဖြေရှင်း နေရသည်မှာ ကြာပြီဖြစ်သည်။ ကျွန်ုပ်တို့ ကမ္ဘာ့လေထုထဲသို့ အကြိမ်ပေါင်း များစွာ အမျိုးအမည်မသိသော မိုးပျံဝတ္ထုများ ( U.F.O )လာရောက်ကြရာမှ ' ပန်းကန်ပြားပျံ 'ပြဿနာမှာ ရှုပ်ထွေးလာ၏။

' ပန်း ကန် ပြား ပျံ ' တကယ်ရှိသည် - မရှိသည် စသည်ဖြင့် နက္ခတ္တဗေဒပညာရှင်များ၊ အာကာသသိပ္ပံပညာရှင်များ အငြင်းပွားကြရသည်။

ဤကဲ့သို့ အငြင်းပွားနေသည့်ကြားမှ နောက်ဆုံး ရောက်ရှိလာသော ' ပန်းကန်ပြားပျံ 'သတင်းကို အနည်းငယ် ဖော်ပြလိုပါသည်။ ၁၉၆၉ - ခု၊ ဖေဖော်ဝါရီလအတွင်း၌ ဆလိုပေါလိုမြို့မြောက်ဖက် ၁၈၇ - မိုင်ဝေးသော ပရပ်ဆုနန်ဂါမြို့အနီးတွင် ' ပန်းကန်ပြားပျံ 'တစင်း ဆင်းသက်ခဲ့သည်။

အစိမ်းရောင် လူကလေး - လေးယောက် (ဂြိုဟ်သား – လေး ယောက်) ထွက်လာကြ၏။ အရပ်အမောင်းမှာ သုံးပေကျော် သာသာရှိသည်ဟု သတင်းစာများကတရားဝင်ကျေညာခဲ့သည်။

အမေရိကန်လေတပ်မှ ငွေကြေးထောက်ပံ့ထားသော စူးစမ်း လေ့လာရေးအဖွဲ့က ဤကမ္ဘာမြေ၏ပြင်ပတွင် အသိဉာဏ်ရှိသည့် သတ္တဝါများ ရှိနိုင်ပုံကို စောဒက တက်လိမ့်မည် မဟုတ်ဟု ကျေညာခဲ့သည်။

အဆိုပါ သတင်းများကို ဝေဖန် ဆန်းစစ် ကြည့်မည်ဆိုလျှင် ဤစကြဝဠာကြီးထဲ၌ အသက်ရှိသော သတ္တဝါများ ရှိရုံသာ မက၊ ကျွန်ုပ်တို့လူသားများထက် ပညာအရာ၌ ပိုမိုသာလွန်သော သက်ရှိ သတ္တဝါအမျိုးအစားများလည်း ရှိကြောင်းကို သိနိုင်ပေ သည်။

## စကြဝဠာအတွင်းမှ အချက်ပေးသံ

ရေဒီယိုအင်ဂျင်နီယာ 'ကားဂျင်စကီ' ဆိုသူသည် ကြယ် များမှ အသံလှိုင်းများ မြေကမ္ဘာသို့ ရောက်နိုင်ပုံကို တွေ့ရှိသည့် အချိန်မှစ၍ ရေဒီယိုမှန်ပြောင်း (Radio - Telescope) များကို တီထွင်လာခဲ့ကြသည်။

သောကြာဂြိုဟ်၏ အလွန်တရာပူပြင်းသည့် ရေဒီရေးရှင်း (Radiation)ကြောင့် ရေဒီယိုလှိုင်းများသည်လည်းကောင်း၊ ကြာသပတေးဂြိုဟ်မှ ဖြစ်ပေါ်လာသော ရေဒီယိုလှိုင်းများသည် လည်းကောင်း မြေကမ္ဘာသို့ ရောက်ရှိနိုင်သည်။

နက္ခတ္တဗေဒပညာရှင်များသည် ကြယ်များမှလာသော ရေဒီယိုအသံလှိုင်းများ၊ ဂြိုဟ်များမှလာသော ရေဒီယိုအသံလှိုင်းများအကြောင်း သေချာစွာ လေ့လာသိရှိထားကြသည်။

၁၉၆၇ - ခုနှစ်အတွင်း အင်္ဂလန်ပြည်၌ နက္ခတ္တဗေဒပညာကို လေ့လာနေသော 'အိုင်ယာလန်' လူမျိုး အမျိုးသမီး တဦးက စည်းမှန် - ဝါးမှန်ဖြင့် ထုတ်လွှင့်နေသော ရေဒီယိုအသံလှိုင်းများကို သတိပြုမိခဲ့သည်။ (နက္ခတ္တဗေဒပညာရှင်များ သိထားကြသော ဂြိုဟ်နှင့် ကြယ်တို့မှလာသော အသံလှိုင်းနှင့် မတူကြောင်း သတိပြုခဲ့ကြခြင်းဖြစ်သည်)။

ထိုအချိန်မှစ၍ အမေရိကန်နှင့် ရုရှားပြည်တို့မှ နက္ခတ္တဗေဒပညာရှင်များက အပတ်တကုတ်လေ့လာခဲ့ကြကုန်၏။

၁၉၆၈ - ခုနှစ်၊ ဒီဇင်ဘာလအတွင်းတွင် ဆိုဗီယက်နက္ခတ်ပညာရှင်တဦးဖြစ်သူ၊ ချီလီပြည် လေ့လာရေးစခန်း၌ အလုပ်လုပ်နေသည့် ရုရှားသိပ္ပံပညာမစ်ရှင် အဖွဲ့ခေါင်းဆောင် ပါမောက္ခ 'မီထရိုဗန်ဇမာရိဗ်' က အောက်ပါအတိုင်းပြောဆိုခဲ့သည်။

"ဤစကြဝဠာတနေရာတွင် လူ့ကမ္ဘာထက် ထူးကဲသာလွန်သည့် ယဉ်ကျေးမှုတရပ် ရှိနေကြောင်း အာကာသမှ အချိန်မှန်မှန်ပေါ်ပေါက်နေသော 'ရေဒီယိုအီလက်ထရစ်' အချက်ပေးသံများဖြင့် သိသာပါသည်။"

ဤကား ၁၉၇၂ - ခုနှစ်၊ စက်တင်ဘာလထုတ်၊ 'ရန်ကုန်စက်မှုတက္ကသိုလ် - နှစ်လည်မဂ္ဂဇင်း၊ အမှတ် (၄) တွင်ပါရှိသော

'စကြဝဠာအတွင်းမှအသက်' အမည်ရှိ သိပ္ပံဆောင်းပါးမှ ကောက်နုတ်ဖော်ပြချက် ဖြစ်သည်။

ဆောင်းပါးရှင် - စာရေးဆရာမှာ 'ကျော်သန်း–ချည်ထည်' ဖြစ်သည်။

## ဗုဒ္ဓစာပေများနှင့် ညီညွတ်မှု

ဤဆောင်းပါးတွင် အခြားအကြောင်း အချက်၊ ယုံကြည်ယူဆမှုများကို အပထားဦး၍၊ ပထမဦးဆုံး ဗုဒ္ဓဝါဒ (ဗုဒ္ဓဘာသာကျမ်းဂန်များ အဆို) နှင့် တထပ်တည်း တူညီနေသော အကြောင်းတရပ်ရှိသည်။

အနောက်တိုင်း နက္ခတ္တဗေဒ ပညာရှင် အားလုံး ကပင် စကြဝဠာအနန္တရှိနေကြောင်း ယုံကြည်ယူဆကြသည်ဆိုခြင်းပင် ဖြစ်ပေသည်။

စကြဝဠာနှင့် ပတ်သက်၍ ဗုဒ္ဓဝါဒ၌လည်း ထိုအတိုင်းပင် ဆိုထားသည်။ ယခုမိုးပြမ်းပြုထားသည့်၊ ကျေးဇူးရှင် - လယ်တီ ဆရာတော်ဘုရား၏ 'မဂ္ဂင်ဒီပနီ' ၌ပင်လျှင် စကြဝဠာအကြောင်း ကို ဤသို့ ဆိုညွှန်းထားပေသည်။

## စကြဝဠာအနန္တ

ဤစကြဝဠာတွင် ရှိနေကြသော လူ့ဘုံ၊ အပါယ်လေး ဘုံ၊ နတ် သိကြား ဗြဟ္မာတို့ နေကြရာ ကောင်းကင်ဘုံတို့သည် ဤ လောကမည်၏။ ဤလောကမှ အရှေ့မျက်မှာ အရပ်တို့၌ ဤစကြဝဠာကဲ့သို့ အပါယ်လေးရပ် လူ နတ် ဗြဟ္မာတို့နေရာ

စကြာဝဠာပေါင်း အဆုံးမရှိ အသင်္ချေယျအနန္တ ရှိကြကုန်၏။ ထို့ အတူ ဘောင်အရပ် မျက်နှာတို့၌လည်း၊ မြောက်မျက်နှာ အရပ်တို့၌လည်း၊ ဤသို့လျှင် ဤစကြာဝဠာမှတပါး ကုန်သော အဆုံးမရှိသော စကြာဝဠာအနန္တ၊ လောကဓာတ် အနန္တတို့သည် ပရလောကမည်၏။

'သဗ္ဗညုဘုရား'တို့သည်မူကား အနမတဂ္ဂသံသရာရှိကြောင်း၊ ကမ္ဘာအနန္တရှိကြောင်း၊စကြာဝဠာအနန္တရှိကြောင်းကို ထုတ်ဖော် ပြောဟောကြကုန်၏။

ဤမျှဆိုလျှင် စကြာဝဠာအနန္တရှိသည်ဆိုခြင်းနှင့် ပတ်သက်၍ အထက်ပါ ဆောင်းပါးမှ အယူအဆကို အထူးထပ်မံ ဖော်ပြနေ ရန် မလိုတော့ပြီ။

ပန်းကန်ပြားပျံများပြဿနာ၊ နက္ခတ္တဗေဒ ပညာ ရှင်များ၊ ကြားသိနေကြ မဟုတ်သည့် ထူးဆန်းသော အသံများ ( ရှေ့ရှား ပါမောက္ခစကားအတိုင်း )နှင့် ပတ်သက်၍ကား၊ ဆက်စပ် နှိုင်း ယှဉ်စရာများပေါ်ပေါက်လာသည်။

အနောက်တိုင်း သိပ္ပံပညာရှင်များ စူးစမ်း တွေ့သိရသည့် ထို ထို အကြောင်းအချက်များ အရဆိုခဲ့လျှင် ဗုဒ္ဓဝါဒတွင် ဆို- ညွှန်းထားအပ်သည့် နတ် သိကြား ဗြဟ္မာ စသည့် အထက် ဆို- ညွှန်းခဲ့ပြီး ဥပပါတ်ပုဂ္ဂိုလ်တို့သည်လည်း ဤကဲ့သို့ပင် မဖြစ်နိုင် ကောင်းပါသလော၊ စင်စစ် မရှိကောင်းပါသလော ဟူ၍ စပ် လျဉ်းတွေးတောဖွယ် ဖြစ်နေပေသည်။

နောက်ဆုံး လူတိုင်း - လူတိုင်း လွယ်လင့်တကူ သိနားလည်

နိုင်သည့် အထောက်အထား ( နှိုင်းယှဉ်ချက် ) တခုလည်းရှိသေးသည်။

လူသည် ( မည်သူမဆို ) မိမိဖခင်၏ အဖေဖြစ်သူ ( အဘ ) ထို့ထက်ဆိုလျှင် အဘ၏အဖေ ( အဖိုး ) မှလွဲ၍ အခြားမျိုး ရိုးစဉ်ဆက်ကို မသိမမှီနိုင်သူချည်းသာ ဖြစ်ကြသည်။ တပ်အပ် ထင်ထင် မမြင်ဘူး - မတွေ့ဘူးကြသူချည်းသာဖြစ်သည်။

သို့သော် ထိုသို့မိမိကိုယ်တိုင် မတွေ့မကြုံဘူးသဖြင့် ထိုသို့ အဘဖြစ်သူ၊ အဖိုးဖြစ်သူ၊ အဘေးဖြစ်သူ၊ အဘိုးဖြစ်သူတို့ စင်စစ်မရှိခဲ့ပါဟူ၍ကား မည်သို့မျှ မယူဆ - မပြောဆိုနိုင်၊ ကြောင်း-ကျိုးဆက်စပ်မှုအားလျော်စွာ အဖိုး ဖြစ်သူ၊ အဘေး - အဘိုးဖြစ်သူများရှိခဲ့ကြောင်း ယုံမှတ်လက်ခံရသည်သာ ဖြစ်ပေသည်။

## ယုံကြည်ထိုက်သောအခြေအနေ

ပရလောကဆိုအပ်သော နတ် သိကြားပြဟ္မာစသည့်ဥပပါတ်ပုဂ္ဂိုလ် သတ္တဝါများကိုလည်း ဤကဲ့သို့ပင် ဆက်စပ်သိမြင်ရပေလိမ့်မည်။

ပရလောကနှင့် ပတ်သက်၍ ဤရှေ့ - ဤမျှ ကြောင်းကျိုးဆက်စပ်နေရခြင်းမှာ အခြားကြောင့် မဟုတ်ပေ။ လက်တွေ့မျက်မြင် အထင်အရှားဖြစ်သော ရုပ် ဝတ္ထုကိုမှ အမှန်တရားအဖြစ် သိပ္ပံနည်းကျအဖြစ် ဦးစား ပေးနေသည့် အခါ၊ စိတ်သဘာဝ တကယ်တန်းကျင့်ကြံဆောက်တည်ပါမှ ရရှိ သိမြင် နိုင်သော အသိပညာ ( ပညာသိ ) သဘောလျော့ပါးပျက်ပြယ်လာသောကြောင့် ဖြစ်သည်။

စင်စစ် လူ့လောက ငြိမ်းချမ်းသာယာရေး ဆိုသည်မှာ ရုပ်ဝတ္ထုတိုးတက်ဆန်းကြယ်မှုကို အခြေခံသော အတတ်ပညာ (သိပ္ပံနည်း)ဖြင့်ချည်း မဖြစ်၊ စိတ်သဘာဝကို ထိန်းချုပ်သန့်စင်စေသော အသိပညာ (ကျင့်ကြံဆောက်တည်မှု) နှင့်မှ ဖြစ်မြောက်နိုင်သည်။

စိတ်သဘာဝကို ထိန်းချုပ်နိုင်မှ တောင့်တမှု၊ ခံစားမှု လျော့ပါးမည်။ ခံစားမှု လျော့ပါးမှ တပ်မက်မှု ကြံစည်မှုကို ကလနား သတ်နိုင်မည်။

ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာတော်၌ စိတ်သဘာဝကို အဓိက ထား၍ ထိန်းချုပ်ဆောက်တည်စေခြင်းမှာ သို့လျှင် လိုက်၍ မဆုံးနိုင်သော တပ်မက်၍ ကြံစည်၍ မကုန်နိုင်သော လောက၏ အခြင်းအရာ (ကာမဂုဏ်မှု၏ အပြစ်)ကို အမှန်အတိုင်း သိမြင်ထားသောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့်ပင် စိတ်သဘာဝကို ထိန်းချုပ် ဆောက်တည်ခြင်းနှင့်တကွ၊ ပေးကမ်းလှူဒါန်းခြင်း၊ သီလစောင့်ထိန်းခြင်း စသော ကုသိုလ်ကောင်းမှုများအရ နတ် သိကြား ဗြဟ္မာဖြစ်ရသည်။ စိတ်သဘာဝကို မထိန်းချုပ်ပဲ မကောင်းမှု အသီးသီး ပြုလုပ်လွန်ကျူးခြင်းကြောင့် အပါယ်လေးပါးသို့ ကျရောက်ရသည်။

ထိုထို နတ် သိကြား ဗြဟ္မာ ရေသား စသည်တို့ မှာလည်း လူတို့မျက်စိဖြင့် မမြင်စကောင်းသော ဥပပါတ် ပုဂ္ဂိုလ် သတ္တဝါများဖြစ်သည့်တိုင်အောင် ကေန်စင်စစ်ရှိကြောင်း ယုံကြည်ထိုက်

သည့်ဆိုခြင်းမှာ တစုံတရာစောဒကမတက်သင့်သော အခြေအနေ ပင် ဖြစ်ပေသည်။

## သမ္မာဒိဋ္ဌိဖြစ်နိုင်ရန်

အမှန်အားဖြင့်ကား ဗုဒ္ဓမြတ်စွာဘုရားဟောကြားညွှန်ပြအပ်သည့်အတိုင်း သမ္မာဒိဋ္ဌိဖြစ်နိုင်ရန်မှာ ဤသို့ယုံကြည်ပါမှလည်း ဖြစ်မြောက်နိုင်မည်။ အဘယ့်ကြောင့်ဆိုသော် ဥပပါတ်ပုဂ္ဂိုလ်များကို မိမိမမြင်မတွေ့ရသဖြင့် မယုံကြည်နိုင်ခဲ့လျှင် ထိုပုဂ္ဂိုလ်သတ္တဝါများ ဖြစ်မြောက်စေကြောင်း အကျင့်အကြံကိုလည်း လိုက်နာခြင်း၊ ရှောင်ကြဉ်ခြင်း ပြုမည် မဟုတ်သောကြောင့် ဖြစ်သည်။

### ၈ - ၉ အဋ္ဌမ - နဝမ သမ္မာဒိဋ္ဌိ

'အတ္ထိ အယံလောကော၊ အတ္ထိ ပရော လောကော'ဟူသော ပါဠိ၌ လူ့ဘုံသည် ဤလောကမည်၏။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟူသော အပါယ်လေးဘုံ၊ နတ်ဘုံ ဗြဟ္မာ့ဘုံတို့သည် ပရလောကမည်၏။

ဤသို့လောကနှစ်ပါးရှိသည်ကို သိမြင်ယုံကြည်သော သမ္မာဒိဋ္ဌိ ၂-ပါးဖြစ်၏။

တနည်းကား - ဤ စကြဝဠာတွင် ရှိနေကြသော လူ့ဘုံ၊ အပါယ်လေးဘုံ၊ နတ် သိကြား ဗြဟ္မာတို့၏နေရာ ကောင်းကင်ဘုံတို့သည် ဤ လောကမည်၏။

ဤ လောကမှ အရှေ့အရပ်မျက်နှာတို့၌ ဤ စကြဝဠာကဲ့သို့ အပါယ်လေးရပ် လူ နတ် ဗြဟ္မာတို့နေရာ စကြဝဠာပေါင်း အဆုံးမရှိ အသင်္ချေယျအနန္တရှိကြကုန်၏။ ထို့ အတူ ဤ လောကမှ တောင်အရပ် မျက်နှာတို့၌လည်း၊ မြောက်အရပ် မျက်နှာတို့၌ လည်း။

ဤသို့လျှင် ဤ စကြဝဠာမှ တပါးကုန်သော အဆုံးမရှိသော စကြဝဠာအနန္တ၊ လောကဓာတ် အနန္တတို့သည် ပရလောက မည်၏။

ဤ သမ္မာဒိဋ္ဌိနှစ်ပါးမှာ အခိပ္ပာယ်အထူးဆိုဖွယ်မရှိ၊ ခုနစ်ခု မြောက် သမ္မာဒိဋ္ဌိနှင့် သဘောချင်းတူမျှသည်ဖြစ်၍ ပရလောက အကြောင်း သိမှတ်ယုံကြည်ရန်သာ ဖြစ်သည်။

## ၁၀။ ဒသမ – သမ္မာဒိဋ္ဌိ

‘ အတ္ထိ လောကေ သမဏ ဗြာဟ္မဏာ သမဂ္ဂတာ သမ္မာ ပဋိ- ပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စလောကံ သယံ အဘိညာ သစ္ဆိ ကတွာ ပဝေဒေန္တိ ’ဟူသော ပါဠ်၌ အဘိညာခေါ်သော ဉာဏ် ပညာရှိကြီးမျိုးသည်ရှိ၏။

ဤ လူ့ပြည်၌ ပါရမီအလုပ်၊ သမထ ဘာဝနာ အ လုပ်၊ ဝိပဿနာ ဘာဝနာအလုပ်တို့ကို လွန်စွာ ကြိုးစား အားထုတ်နိုင် ကြကုန်သော ရဟန်း ပုဏ္ဏားတို့သည် ထို ထို ဉာဏ်ပညာကြီး မျိုးကို ရနိုင်ကြကုန်၏။

ထို ထို ဉာဏ်ပညာကြီးမျိုးတို့ကို ပေါက်ရောက် ထမြောက်

အောင် လုပ်ကြံနိုင်ကြကုန်သော သူတို့သည် ဤလူ့လောက၌ ရံဖန် - ရံခါ ပေါ် ပေါက်ကြကုန်၏။

ထို ၂ - မျိုးတို့တွင် -

အချို့သော သူတို့သည် အဘိညာခေါ်သော ဉာဏ်ပညာကြီး တမျိုးကိုသာ ပေါက်ရောက်နိုင်ကြကုန်၏။ ထိုသူတို့သည် အပါယ် လေးဘုံနှင့်တကွ နတ်ပြည်ဗြဟ္မာပြည် တို့ကို လည်း ကောင်း၊ အချို့သော ဗြဟ္မာပြည်တို့ကိုလည်းကောင်း ပကတိ မျက်စိဖြင့် မြင်ကြကုန်သကဲ့သို့ ဉာဏ်ပညာမျက်စိတို့ဖြင့် သိမြင်ကြကုန်၏။

အချို့သော သူတို့သည် အဘိညာခေါ်သော ဉာဏ်ပညာကြီး မျိုးတို့နှင့်တကွ 'သဗ္ဗညုတ' ဉာဏ်ခေါ်သော ဉာဏ်ပညာကြီးမျိုး တိုင်အောင် ပေါက်ရောက်နိုင်ကြကုန်၏။ ထိုသူတို့သည် အလုံးစုံ သော သတ္တဝါအနန္တ၊ ကမ္ဘာအနန္တ၊ စကြဝဠာအနန္တ၊ လောက ဓာတ်အနန္တတို့ကို အကုန်အစင် သိမြင်နိုင်ကြကုန်၏။

( ဤသို့ အကုန်အစင်သိမြင်နိုင်သော သူ တို့ ကို သာလျှင် ဗုဒ္ဓဘာသာ၌ ဘုရားဟူ၍ ခေါ်၏။ )

## ယုံ ကြ ည် ခြ င်း သုံး ပ ါး

ဤ ပုဂ္ဂိုလ် ၂ - မျိုးတို့သည် လူ့လောက၌ ရံဖန် - ရံခါ ဖြစ် ပေါ်ကြကုန်၏။ မိမိတို့ - မိမိတို့ သိမြင်ကြကုန်သည့် အတိုင်း သတ္တဝါအပေါင်းတို့အား ဤ လောကကိုလည်း ထုတ်ဖော် ပြောဟောကုန်၏။

အပါယ်လေးဘုံ၊ နတ်ပြည်ခြောက်ထပ်၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံဟု ဆိုအပ်သော ပရလောကကိုလည်း ထုတ်ဖော်ပြောဟောကြကုန်၏။ 'သဗ္ဗညု - ဘုရား' တို့သည်မူကား၊ အနမတဂ္ဂ သံသရာရှိကြောင်း၊ ကမ္ဘာအနန္တရှိကြောင်း၊ စကြဝဠာအနန္တရှိကြောင်းကို ထုတ်ဖော်ပြောဟောကြကုန်၏။

## အတိညာဏပုဂ္ဂိုလ် - သဗ္ဗညုပုဂ္ဂိုလ်

၁။ ဤကဲ့သို့သော အတိညာဏပုဂ္ဂိုလ်၊ သဗ္ဗညုပုဂ္ဂိုလ်တို့သည် လူ့ပြည်၌ ရံဖန် - ရံခါဖြစ်ပေါ်ကြကုန်၏ ဟု သိမြင်ယုံကြည်ခြင်း။

၂။ ထိုပုဂ္ဂိုလ်တို့ကို သိမြင်ယုံကြည်ကြသဖြင့် ထိုပုဂ္ဂိုလ်တို့ ထုတ်ဖော်ပြောဟောသော တရားစကားကို သိမြင်ယုံကြည်ခြင်း။

၃။ ထိုပုဂ္ဂိုလ်တို့ ထုတ်ဖော်ပြောဟောသော တရားစကားကို ယုံကြည်သဖြင့် ပြဆိုခဲ့ပြီးသော ပရလောကကို သိမြင်ယုံကြည်ခြင်း။

ဤယုံကြည်ခြင်းသုံးပါးသည် သမ္မာဒိဋ္ဌိကြီးတပါး ဖြစ်၏။ ၂၅ သမ္မာဒိဋ္ဌိကြီးရှိသော သူတို့မှသာလျှင် —

အထက်ကောင်းကင်ဘုံတို့မှာ နတ် သိကြား ဗြဟ္မာ တို့သာ ရှိကြကုန်၏။ သဗ္ဗညုဘုရားဟူ၍ မရှိကြကုန်။ လူ့ပြည်၌သာ သဗ္ဗညုဘုရားဟူ၍ ရှိကြကုန်သည်ဟု ယုံကြည်နိုင်ကြကုန်၏။

## ထူးခြားချက်သုံးမျိုး

ဤဆယ်ခုမြောက် နောက်ဆုံးသမ္မာဒိဋ္ဌိတွင် အသိတရား၏ သို့မဟုတ် စူးစမ်းတွေးခေါ်မှု၏ အချက်အခြာ အကျဆုံး အပိုင်းကဏ္ဍကို တွေ့မြင်ရသည်။

**ထိုကဏ္ဍ၏ ထူးခြားမှုမှာ-**

၁။ ဤလူ့လောကနှင့်တကွ အပါယ်လေးရပ် နတ်ပြည်-နတ်ရွာ - ဗြဟ္မာနှစ်ဆယ်စသည့် အနန္တ စကြဝဠာကို အလုံးစုံခြုံလွှမ်း၍ ပေါက်ရောက် သိမြင်နိုင်စွမ်းသော ဉာဏ်ပညာ-

၂။ ထိုဉာဏ်ပညာကြီးမျိုးကို ရရှိ ပေါက် ရောက် နိုင် စွမ်းသော အလုပ်-

၃။ ထိုဉာဏ်ပညာရှင် ပုဂ္ဂိုလ်မျိုးနှင့် ဟောကြားအပ်သော တရားကို အမှန်စင်စစ် သက်ဝင်ယုံကြည်ခြင်း-

ဤကဲ့သို့ သုံးမျိုး - သုံးစား ထူးခြားဖြစ်တည်နေရာ၌ ဉာဏ်ပညာ၏ သဘောမှာ ပထမဆုံး သုံးသပ်ဝေဖန်ပြရမည့် အခြေအနေမျိုး ဖြစ်နေပေသည်။

အကြောင်းမှာကား ဉာဏ်ပညာဟူသည် သီးခြားတည်နေမှုဖြစ်သည်။ လူချင်းတူသော်လည်း၊ ဉာဏ်ချင်း တူညီနိုင်သည် မဟုတ်။

ပါရမီပင် ခေါ်သည်ဖြစ်စေ-
စူးစမ်းကြံဆမှုပင် ခေါ်သည်ဖြစ်စေ-
ကြိုးပန်းအားထုတ်မှုပင် ခေါ်သည်ဖြစ်စေ-

ပုဂ္ဂိုလ် တဦးတယောက်က အကြောင်းအားလျော်စွာ ထူးထူး – ခြားခြား နက်နက် – ရှိုင်းရှိုင်း သိထားသော အသိမျိုးကို အခြားသူတဦးက သို့မဟုတ် များရာစုက လိုက်၍ သိနိုင်သည်မဟုတ်။ သူ့အကြောင်းနှင့် – သူ့အသိ သီးခြား ရပ်တည်နေသည်မျိုးသာ ဖြစ်လေသည်။

ဤတွင်လည်း ဉာဏ်ကြီးသူ – ပညာကြီးသူတို့ အကြောင်းကို ကျမ်းဂန်စာဆို သို့မဟုတ် မြန်မာ့သမိုင်းကြောင်းမှ ကောက်နှုတ်ဖော်ပြနိုင်သည်များ ရှိသည်။ အရေအတွက်မနည်းသော အခြေအနေမျိုးလည်း ဖြစ်သည်။

သို့သော် ခေတ် အားလျော်စွာဖြစ်စေ၊ ဗုဒ္ဓဝါဒ – ဗုဒ္ဓဘာသာနှင့် နီးစပ်လှ၍ဖြစ်စေ၊ မြန်မာသိ - ကမ္ဘာသိ ထူးချွန်ထင်ရှားလှသော သိပ္ပံပညာရှင်ကြီး ( Einstein ) အိုင်စတိုင်၏ ဉာဏ်ပညာ ( အသိ ) သဘောတရပ်ကို စပ်လျဉ်း ဖော်ပြလိုပေသည်။

* ဆရာကြီး - ရွှေဥဒေါင်း၏ ဆွေးနွေးခန်းမှ ကောက်နှုတ်ဖော်ပြသည်။

နုပ်။ ။ ‘ အိုင်စတိုင်ရဲ့ ( Theory of Reiativity ) ရဲလေးတစ်ဗစ်တီး - သဘာဝအရမှာ လောကမှာ အသိအမှတ်ပြုထားကြတဲ့ အတိုင်းအထွာတို့ အချိန်ကာလတို့ ဆိုတာတွေဟာ အဟုတ်

တကယ် အတိအကျမှန်ကန်တယ်လို့ မဆိုနိုင်ဘူးတဲ့၊ သူ့နေရာနှင့် သူ ( ယာယီသဘောအားဖြင့်သာ ) မှန်ကန်တယ်လို့အသိအမှတ်ပြုရခြင်းဖြစ်တယ်တဲ့။ ဥပမာ - ပွိုင့် ( အစက် ) တခုမှ တခုသို့ မျဉ်းဆွဲသည့်အခါ၊ မျဉ်းဖြောင့်သည် အနီးဆုံးဖြစ်ရမယ်လို့ ဂျီသြမေထရီက ဆိုတယ် မဟုတ်လား....၊ ဒီအခြင်းအရာဟာ ရှင်းရှင်းကြီး မှန်ကန်လွန်းလို့ ဘယ်သူမှ မငြင်းနိုင်တဲ့ နေရာမျိုးနဲ့ လက်ခံလာခဲ့ကြတယ် မဟုတ်ဖူးလား....'

သိပ်။ ။ 'မှန်ပါတယ် - ဆရာကြီး'

နုပ်။ ။ 'အိုင်စတိုင်ရဲ့ - ရဲလေးတစ်ဗစ်တီး သဘာဝအရက ဘယ်လိုထွက်သလဲ။ ပွိုင့်နှစ်ခုအကြားမှာ မျဉ်းကြောင်းဆွဲလျှင် မျဉ်းကောက် ( Curve ) သည် အနီးဆုံး ဖြစ်တယ်တဲ့။ ဘာ့ကြောင့်လဲဆိုတော့ကမ္ဘာလောကကြီးမှာမျဉ်းဖြောင့်ဆိုဘာ ရှိကို မရှိဘူးတဲ့။ သူသူ - ငါငါမှတ်ထင်နေကြတဲ့ မျဉ်းဖြောင့်ဆိုတာဟာ စင်စစ်အားဖြင့် မျဉ်းကောက်တွေချည်းဘဲတဲ့။ 'မျဉ်းဖြောင့်' ဆိုဘာမျိုးဟာ စကြဝဠာအနန္တ အတွင်းမှာ စင်စစ်အားဖြင့် ရေးဆွဲလို့ကို မဖြစ်နိုင်ပါဘူးတဲ့ - မောင်တို့ရဲ့။ ရေးဆွဲလာသမျှ 'မျဉ်းဖြောင့်' ဆိုတာတွေဟာ အမှန်မှာတော့ 'မျဉ်းကောက်' တွေချည်းပါဘဲတဲ့'

ဝိဇ်॥ ॥ ‘ တဆိတ်ကလေးခင်ဗျာ....၊ ကမ္ဘာလောကကြီးမှာ မျဉ်းဖြောင့်ရယ်လို့ မရှိဘူးဆိုခြင်းဟာ ဘယ်လိုအဓိပ္ပာယ်လဲ ဆရာကြီး ’

နုပ်॥ ॥ ‘ ကမ္ဘာလောကကြီးမှာ အဖြောင့်ရယ်လို့ မရှိဖူးတဲ့။ ဖြောင့်ဖြောင့်ရေးဆွဲပေမင့် ရှည်ရှည်ကြီး ရေးဆွဲလျှင် နောက်ဆုံးမှာ စက်ဝိုင်းဖြစ်ပြီး စတဲ့နေရာကိုပြန်ရောက်တာဘဲတဲ့ ’

ဝိဇ်॥ ॥ ‘ ကမ္ဘာမြေကြီးကတော့ ဟုတ်ပါပြီ - ထားပါတော့၊ စကြဝဠာအနန္တထိအောင် ဆွဲဆန့်လိုက်လျှင် အဖြောင့် မဖြစ်နိုင်ဘူးလား - ခင်ဗျား ’

နုပ်॥ ॥ ‘ ရဲလေးတစ်ဗစ်တီးသဘာဝအရ မဖြစ်နိုင်ဘူးတဲ့။ ဥပမာ လူတယောက်ဟာ အဆုံးမရှိနိုင်တဲ့ မျက်လုံးမျိုးရှိဘယ် ဆိုပါတော့၊ သူက ရှေ့တည့်တည့်ကြီး မြှော်ကြည့်လိုက်လျှင် သူ့နောက်စေ့ကို သူပြန်မြင်ရလိမ့်မယ်တဲ့ ’

ဝိဇ်॥ ॥ ‘ ဘယ့်နှယ်ဟာလဲ – ဆရာကြီးရယ်.... ’

နုပ်॥ ॥ ‘ သူက ကြည့်တော့ ရှေ့ကို တည့်ဘည့်ကြီး ကြည့်တာဘဲ၊ သို့သော် အဆုံးရယ်လို့ သူမတွေ့ရဘဲ သူ့နောက်စေ့မှာ လာပြီး ဆုံးရမယ်တဲ့ ’

ဝိဇ်॥ ॥ ‘ ဘာ့ကြောင့်လဲ - ဆရာကြီးရယ်.... ’

နုပ်॥ ॥ ‘ သတ္တဝါတွေက ဖြောင့်တယ်လို့သာ ထင်ကြရဘယ်၊ စကြဝဠာအနန္တရဲ့ သဘာဝက တည့် တည့် မတ်မတ်

အပြောင့်ရယ်လို့မရှိဘူး၊ နေရာတကာမှာ စက်ဝိုင်းချည့်ဘဲ၊ စတဲ့နေရာ ပြန်ရောက်ရတာချည်းဘဲတဲ့ '

ဝိဇ်။ ။ ' တူးဆန်းလှချေကလား - ဆရာကြီးရယ် '

နုပ်။ ။ ' အဲ့ဒီ သ ဘာ ဝ ကြောင့် သံသရာ အစဆိုတာ ဗုဒ္ဓတောင် ဟောလို့မဖြစ်နိုင်ဘဲ ရှိတာပေါ့ '

ဤကား - စာဖတ်သူများလည်း တိုတို့နှင့်လိုရင်းသိနိုင်စေရန် ဆရာကြီး – ရွှေဥဒေါင်း၏ ဆွေးနွေးခန်း ( စာအုပ် )မှ ဆစ်ပိုင်း ကောက်နှုတ်၍ ဖော်ပြရခြင်း ဖြစ်သည်။

ဤ ရဲ လေး တ စ် ဗစ် တီး ( Theory of Relativity ) သဘောတရားကို ၁၉၃၉ - ခုနှစ်လောက် ကတည်းကပင် စတင် ဖတ်ခဲ့ရဘူးသည်။ ဗုဒ္ဓဝါဒ – ဗုဒ္ဓစာဆိုနှင့် အတော်နီးစပ်သည်။

လောက၌ နီးသည် – ဝေးသည်၊ တိုသည် - ရှည်သည်ဟု သိမှတ်နားလည်ရခြင်းများမှာ နှိုင်းယှဉ်ချက်ဟူသော မှီ ရာ – တည်ရာကို အကြောင်းပြု၍ သိရခြင်း ဖြစ်သည်။ အမှန်စင်စစ် တစုံတခုသော တည်ရာ – မှီရာ ( နှိုင်းယှဉ်ချက် ) မရှိပါမူကား၊ နီးသည် - ဝေးသည်၊ တိုသည် – ရှည်သည်ဟူ၍ မသိနိုင်။

ဤခရီး နီးသည်ဟု သိမှတ်ရခြင်းမှာ ရှည်သော ခရီးကို ( နှိုင်းယှဉ်ချက်အဖြစ်ဖြင့် ) အမှီပြု အကြောင်းခံ၍သာ တိုသည် ဟူသော အသိ၊ အကျိုးတရား ထွက်ပေါ်လာရခြင်း ဖြစ်သည်။ ရှည်သည်ဟု သိ နားလည်ရခြင်းမှာလည်း ထို့ အတူသာဖြစ် သည်။ အားလုံးချုပ်လိုက်သောအခါ ဤ လောက၌ အကြောင်း တရားနှင့် အကျိုးတရားသည်သာလျှင် စင်စစ်တည်ရှိသည်။

အကြောင်းတရားနှင့် ကင်းသော အကျိုးတရားမရှိနိုင်သလို အကျိုးတရားနှင့်ကင်းသော အကြောင်းတရားဟူ၍လည်း မရှိနိုင်။ စင်စစ် ဤစကြဝဠာအနန္တသည် ပင်လျှင် အကြောင်း အကျိုးတရားဖြင့် ဆက်စပ်မှီတွယ်နေခြင်းဖြစ်သည်။ ဤ အနန္တစကြဝဠာသည် အဆုံးမရှိသော အခြင်းအရာဖြစ်သည်နှင့်အမျှ တခုနှင့်တခုသည်လည်း ကြောင်း - ကျိုးဆက်စပ်ခြင်း ဖြင့်သာ မှီတွယ်နေလျက်ရှိသည်။

ဤကား - ရဲလေးတစ်ဗစ်တီး သဘောတရား အကျဉ်းချုပ် ဖြစ်လေသည်။ ဗုဒ္ဓဝါဒ ဗုဒ္ဓစာဆိုနှင့် မည်မျှနီးစပ်သည်။ မည်သို့ နီးစပ်သည်။အထူးသဖြင့် နှိုင်းယှဉ်ချက်ကြောင့် သိရသည်ဆိုရာ၌ ပဋ္ဌာန်းဒေသနာတော်မှ ' အ ည မ ည ပ စ္စ ည်း အချင်းချင်း ပြန်လှန်၍ ကျေးဇူးပြုတတ်သောတရား ' ဆိုသည်နှင့်အဘယ်ပုံ လျော်ကန် ညီညွတ်နေသည်များကို ပညာရှင်များ ဆင်ခြင်သုံးသပ်ကြည့်ရန်ပင် ဖြစ်ပေသည်။

ဤ အကြောင်းကို တင်ပြရာ၌ စာရေးသူ၏ ရည်ရွယ်ရင်းမှာ အိုင်စတိုင်ကဲ့သို့သော ဥာဏ်ကြီးသူများကို ထောက်ထား၍ အဘိညာဉ်ရပုဂ္ဂိုလ်၊ အဘိညာဉ်တန်ခိုးနှင့် ပြည့်စုံတော်မူကြကုန်သော ပါရမီရှင် - ပညာရှင်တို့ စင်စစ်ရှိထိုက် - ဖြစ်ထိုက်ကြောင်း ဆက်စပ်နှိုင်းယှဉ်ပြရခြင်းဖြစ်ပေသည်။

လူမျိုးအားဖြင့် ဗုဒ္ဓဘာသာမဟုတ်သည့်တိုင်အောင် မိမိနည်း မိမိလုံ့လ ဝီရိယ ( ကြံ စည် အား ထုတ် မှု ) ဖြင့် ဤ၍ - ဤမျှ တွေးခေါ်သိမြင်နိုင်သည်ဆိုပါလျှင် မြေကသိုဏ်း - ရေကသိုဏ်း လေကသိုဏ်းစသည့် ကသိုဏ်းဝန်း ဆယ်ပါးတို့ဖြင့် စည်းကမ်း

ဘက်ကျ ကျင့်သုံးအားထုတ်သူများမှာ အဘိညာဉ်ခေါ် ဉာဏ်ထူး အသိထူး တန်ခိုးထူး ရနိုင် မရနိုင်၊ နှိုင်းယှဉ်ဖော်ပြရခြင်းလည်း ဖြစ်ပေသည်။

## အယ်လ်ဗတ် – အိုင်စတိုင်

နာမည်ရင်းအပြည့်အစုံမှာ အဲလဗတ်အိုင်စတိုင် ဖြစ်သည်။ ဂျာမဏီနိုင်ငံ 'ဘမ်း' မြို့၌ မွေးဖွားသည်။ ရေဝတီလူမျိုးဖြစ်သည်။ ၁၈၇၉ - ခု တွင် မွေးဖွား၍ ၁၉၅၅ – ခု တွင် ကွယ်လွန်သည်။ ကွယ်လွန်သောအခါ အမေရိကံလူမျိုး ( အမေရိကံပြည်သား ) အဖြစ်ဖြင့် ကွယ်လွန်ခဲ့ရ၏။

၁၉၃၃ - ခု၌ ဟစ်တလာ၏ နာဇီအစိုးရက သူ့အား ဖမ်းဆီးပေးရန် ဆုငွေထုတ်ခဲ့၏။ အမေရိကံမှတဆင့် နယူးဂျာစီပြည်နယ်၊ ပရင့်စတန်တက္ကသိုလ်၌ ပါမောက္ခပြုလုပ်ကာ ၁၉၄၀ - ခုတွင် အမေရိကံပြည်သားအဖြစ် ခံယူခဲ့ရ၏။

သိပ္ပံပါရဂူဘွဲ့ကို ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်တက္ကသိုလ်မှ ဆွတ်ခူးခဲ့၏။ ဆိုက်ဘေးရီးယား အမျိုးသမီးနှင့် အိမ်ထောင်ကျခဲ့၏။ ၁၉၂၁–ခုတွင် ရူပဗေဒပညာရပ်( Physic )အတွက် နိုဘယ်လ်ဆု ရခဲ့၏။ ကမ္ဘာ့တက္ကသိုလ်များကလည်း ဘွဲ့အမျိုးမျိုး ပေးအပ်ခဲ့ကြ၏။

အသက် ငါးဆယ်ပြည့် သူ၏မွေးနေ့၌ ဂျာမဏီနိုင်ငံရှိ ဂုဏ်ထူးဘွဲ့ထူးမျိုးစုံဖြင့် ပူဇော်ကာ ကိုယ်တပိုင်းရုပ်တု ( မွေးနေ့အထိမ်းအမှတ်ဆု ) ပေးအပ်ခြင်းလည်း ခံယူခဲ့ရ၏။

၁၈၅၂ - ခုတွင် ရေဝတီနိုင်ငံသစ် ဖြစ်သော ဂူသရေလ နိုင်ငံ၏ ပထမဆုံးသမ္မတဒေါက်တာဝိုက်ဇမင်သေဆုံးသောအခါ သူ့အား ထိုသမ္မတရာထူးကိုပင် ပေးအပ်ခဲ့ကြသေး၏။ သို့သော် သူက ထိုရာထူးကို ဝမ်းမြောက် ဝမ်းသာ လက်ခံရမည့် အစား–

'ကျွန်ုပ်သည် ရုပ်လောကကြီးကို စူးစမ်းရခြင်း၌သာနှစ်သက် ပါ၏။ လူ သူ လေးပါးနှင့် ပေါင်းသင်းဆက်ဆံတို့မှုကား နဂိုရ် ကပင် မကျွမ်းကျင်ခဲ့ပါ။ အတွေ့အကြုံ ဗဟုသုတမရှိပါ' ဟူ၍ သက်ဆိုင်ရာ သံ အမတ်ကြီးထံ စာပြန်လိုက်လေသည်။

ဤ တွေးခေါ် သိမြင်ခြင်းနှင့် ထပ်တူ၊ အထူးသဖြင့် လေးစား လက်ခံဖွယ် အကြောင်းတရပ်ကိုလည်း ထပ်မံ ဖော်ပြလိုပေသေး သည်။

## အတ္တဘာဝကို သံသယဖြစ်ဖွယ်

'ကျွန်ုပ်တို့သည် အဘယ်အရာကို ပုဂ္ဂိုလ်သတ္တဝါဟူ၍ ခေါ် ဆိုအပ်ပါသနည်း။ ပုဂ္ဂိုလ်သတ္တဝါမည်သည် တသီးတခြား ပေါက်ဖွား၍ ခန္ဓာကိုယ်ပျက်စီးသည့်အထိ လောက၌ တသီး တခြားထင်ရှားရပ်တည်နေသော သတ္တဝါဖြစ်သည်ဟု လူများ ယူဆကြ၏။

'သို့ရာတွင် ကျွန်ုပ်တို့သည် သတ္တဗေဒနှင့် ယခုခေတ် စိတ္တဗေဒ ပညာများကို လေ့လာသောအခါ ပုဂ္ဂိုလ်သတ္တဝါတို့၏ သီးခြား တည်ရှိမှု ( အတ္တဘာဝ ) ကို သံသယဖြစ်ဖွယ်ရာ အချက်များကို တွေ့ရ၏။

‘ ဥပမာ အပင်များသည် တသီးတခြား ပေါက်ပွားနေကြ ဟန် ရှိသော်လည်း များစွာသော အပင်များ၌ တသီးပုဂ္ဂလ တည်ရှိမှုကို မတွေ့ရချေ။ အပင်တပင်မှ အခြားအပင်များ ပွား လာအောင် ပြုလုပ်နိုင်၏။ မျိုးမတူသော အပင်နှစ်ပင်ကို အကိုင်း ကူးခြင်းဖြင့် အပင်သစ်တခု ဖန်တီးပြုလုပ်နိုင်၏။

‘ အချို့သော ပိုးမွှားတိရစ္ဆာန်များသည် နှစ်ကောင်ပူးပေါင်း ၍ တကောင်တည်း ဖြစ်လာနိုင်၏။ တကောင်မှ နှစ်ကောင်၊ သို့မ ဟုတ် နှစ်ကောင်မက များပြားသော အကောင်များ ပွားလာ နိုင်၏။ တချို့မှာ တကောင်မှ အခြားအကောင်များ ပွားလာ သော်လည်း၊ ထို အကောင်ပွားများနှင့်မကွဲဘဲ ပူးတွဲနေကြ၏။ ကျွဲ၊ နွား၊ ဆင် စသော အဆင့်အတန်းမြင့်သည့် တိရစ္ဆာန်များ ၌ကား ထိုကဲ့သို့ ပူးပေါင်းခြင်း၊ ခွဲထွက်ခြင်း၊ ပွားများခြင်း သဘာဝသတ္တိကို မတွေ့ရချေ။

‘ သို့ရာတွင် - ထိုသို့မတွေ့ရခြင်းသည် ကြီးမားသော တိရစ္ဆာန် လောကအစိတ်အပိုင်း၏ ထူးခြားသော လက္ခဏာအင်္ဂါ ဖြစ်၏။

‘ အမှန်ဆိုသော် ထို သဘာဝခြင်းရာကို သိုး ကြောင် ခွေးနှင့် လူများ၌ပင် တခါတရံတွေ့ရ၏။ ဥပမာ ဦး ခေါင်း နှစ် ခုနှင့် ကိုယ်တခု၊ သို့မဟုတ် ကိုယ်တခုနှင့် ဦးခေါင်းနှစ်ခုရှိသော နို့စို့ ကလေးများကို အချို့သော စာရှုသူတို့ မြင်ဘူးကြပေလိမ့်မည်။ ထို နို့စို့ကလေးကို တသီးပုဂ္ဂလအဖြစ် ကျွန်ုပ်တို့မည်သို့ မှတ်ယူ နိုင်ပါမည်နည်း။

‘ ထို့အပြင် လူသည် မွေးသည်မှစ၍ သေသည်အထိ ဘယ်

အခါမှ ထီးတည်းရပ်တည်နေသည်မဟုတ်ချေ။ လူ၏ကိုယ်ခန္ဓာ သွေးကြောထဲ၌ အလွန်သေးငယ် မှုန်မွှားသော ပိုးတို့သည်၊ အသင်္ချေအနန္တရှိကြ၏။ ယင်းတို့သည် ရောဂါပိုးများကို ဖျက်ဆီးခြင်း၊ အစာကို သယ်ယူခြင်းစသော မြောက်များလှစွာသော အလုပ်ကိစ္စများကို ဆောင်ရွက်ကြ၏။

'မြို့ ရွာ နှင့် နိုင်ငံများသည် ကုဋေ - ကုဋာများပြားလှသော လူ သတ္တဝါတို့ စုပေါင်းထားခြင်း ဖြစ်သည့်နည်းတူ၊ လူသည်လည်း ကုဋေ - ကုဋာများပြားလှသော ထို ပိုးများစုပေါင်းထားခြင်းဖြစ်၏။

'စိတ်ပညာ၌ အတ္တဘာဝကိုမယုံကြည်နိုင်စရာအချက်များကို တွေ့ရ၏။ လူတကိုယ်တည်း၌ စိတ်သည် နှစ်ခြမ်းကွဲ၍ တခြမ်းနှင့် တခြမ်းပဋိပက္ခ ဖြစ်နေတတ်၏။ စာရှုသူတို့သည် စာ ရေး ဆ ရာ အာရ်အယ်စတီဗင်ဆင်ရေးသော 'ဒေါက်တာဂျီကေလနှင့် မစ္စတာ ဟိုက် 'ဝတ္ထုကို အမှတ်ရကြပေလိမ့်မည်။

'ထိုဝတ္ထု၌ဇာတ်ကောင်သည်တခါတရံလူဆိုးဖြစ်၍တခါတရံ လူကောင်းဖြစ်လာ၏။ ထိုသို့စိတ်နှစ်ခြမ်းကွဲမှုကို လူတို့တွင် အိပ်မွေ့ချထားသောအခါ၌သော်၎င်း၊ စိတ္တဇရောဂါစွဲကပ်နေသော အခါ၌သော်၎င်း တွေ့ရ၏။ တစုံတခုသော အကြောင်းကြောင့် အတိတ်ဘဝကိုလုံးဝမေ့သွားသောသူများသည်လည်း လူဘကိုယ်စိတ်နှစ်မျိုးအဖြစ်မျိုးနှင့် ကြုံရတတ်၏'

ဤကား - ကမ္ဘာကျော် စာရေးဆရာကြီး အိပ်(ချ်)ဂျီဝဲ(လ်)၏ တွေးခေါ်ဆင်ခြင် - သိမြင်သဘောပေါက်မှု ဖြစ်လေသည်။

ထိုပုဂ္ဂိုလ်ကြီးသည် တွေးခေါ် ဆင်ခြင်တုံတရား၌ ထိုမျှသာ မဟုတ်သေး။ ဗုဒ္ဓဝါဒ – ဗုဒ္ဓအဘိဓမ္မာနှင့် ထပ်တူညီမျှ ဆိုရ လောက်အောင်ပင် သိမြင်ယူဆထားမှုလည်း ရှိလေသေးသည်။

ထိုအသိအမြင် [ ဉာဏ်ပညာ ] သဘောမှာကား ဤသို့ ဖြစ်သည်။

'ဤအချက်များကြောင့် အိပ် ( ချ် ) ဂျီဝဲ ( လ် ) ဆိုသော ကျွန်ုပ်သည် လူများထင်မြင်သကဲ့သို့ မုချစင်စစ် တသီးတခြား ပုဂ္ဂိုလ်သတ္တဝါအားဖြင့်ရှိပါ၏လော်ဟု ကျွန်ုပ်သံသယဖြစ်မိ၏။ ကျွန်ုပ်၏ အတ္တဘာဝသည် သတ္တဗေဒအမြင်မှားမှုမျှသာ ဖြစ်တန် ရာ၏။

'ကျွန်ုပ်တို့၏ အတ္တစွဲသည် ပဋိသန္ဓေကပါလာသောဉပါဒါန် အစွဲဖြစ်၍ ကျွန်ုပ်တို့သည် အသိဉာဏ် ရင့်သန်လာသောအခါ၌ ထိုအစွဲမှ လွတ်မြောက်ကြပေလိမ့်မည်။ အသိပညာတိုးပွားသည် နှင့်အမျှ ထိုအစွဲကို စွန့်ပယ်နိုင်မည်လည်း အမှန်ဖြစ်၏။

'အဘယ်ကြောင့်ဆိုသော်အသိပညာတိုးပွားလာသောအခါ ကျွန်ုပ်တို့သည် အတ္တဒိဋ္ဌိအရင်းခံသော အလိုဆန္ဒ အားလုံးမှာ နောက်ဆုံး၌ အိုမှုနာမှုသေမှုတွင် အဆုံးသပ်၍ အချည်းနှီး ဖြစ် ရမည်ဖြစ်ကြောင်း ကောင်းစွာသိမြင်လာကြမည် မုချဖြစ်၏'

ဤမျှဆိုလျှင် ဉာဏ်ပညာသဘောဟူသည် လူမျိုးနှင့်ဘာသာ တရားပေါ်၌ မတည်၊ ပါရမီခေတ်ခံ ရင့်သန်ကြီးမားသူမှန်လျှင် အမှန်တရားကို ( မိမိတို့အားလျော်စွာဖြစ်စေ ) ဆင်ခြင် စူးစမ်း နိုင်စွမ်းရှိကြောင်း သိသာထင်ရှားနေသည်။

ထို့ကြောင့် အဘိညာဉ်ရသော ပုဂ္ဂိုလ်၊ သဗ္ဗညုတ ဉာဏ်ရသော ပုဂ္ဂိုလ်ဆိုသည်မှာလည်း ဤလောက၌ အမှန်စင်စစ် ထွန်းကား ပေါ်ပေါက်လာနိုင်ကြောင်း ကောင်းစွာ ယုံကြည်ထိုက်နေပေသည်။

## အဘိညာဉ်ဟူသည်

အဘိညာဉ်ဟူသည် အမျိုးအမည် ငါးပါးရှိသည်။

၁။ ဣဒ္ဓိ ဝိဓ အဘိညာဉ်။

၂။ ဒိဗ္ဗ သောတ အဘိညာဉ်။

၃။ စေတောပရိယ အဘိညာဉ်။

၄။ ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်။

၅။ စုတူပပါတ အဘိညာဉ် (သို့မဟုတ်) ဒိဗ္ဗစက္ခု အဘိညာဉ်ဟူ၍ ပေါင်း ငါးမျိုးဖြစ်သည်။

## ၁။ ဣဒ္ဓိဝိဓအဘိညာဉ်

၁။ ဣဒ္ဓိဝိဓအဘိညာဉ်ဆိုသည်မှာ လူ နတ် သတ္တဝါန် အမျိုးမျိုး ဖန်ဆင်း၍ ပြနိုင်ခြင်း၊ မြေလျှိုးမိုးပျံပြနိုင်ခြင်း၊ လူတယောက်တည်းကို လူပေါင်းများစွာ ရာထောင် ဖြစ်လေအောင်၊ လူပေါင်းရာထောင်ကို တယောက်တည်း ထင်ရလေအောင် ဖြစ်လေအောင် ဖန်ဆင်း၍ ပြနိုင်စွမ်းသော တန်ခိုး သတ္တိ ဖြစ်သည်။

## ၂။ ဒိဗ္ဗသောတအဘိညာဉ်

၂။ ဒိဗ္ဗသောတအဘိညာဉ်ဆိုသည်မှာ မည်သည့်အရပ်ဌာနမှ အသံကိုဖြစ်စေ ကြားသိနိုင်စွမ်းသော တန်ခိုးသတ္တိဖြစ်သည်။

## ၃။ စေတောပရိယအဘိညာဉ်

၃။ စေတောပရိယအဘိညာဉ် ဆိုသည်မှာ သူတပါးတို့၏ စိတ်အကြံကို အမှန်အတိုင်း သိစွမ်းနိုင်သော တန်ခိုးသတ္တိဖြစ်သည်။

## ၄။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်

၄။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဆိုသည်မှာ ရှေးရှေးလွန်ခဲ့ပြီး ဘဝဟောင်း၊ အဖြစ်ဟောင်းများကို ပြန်လည်သိမြင်နိုင်စွမ်းသော တန်ခိုးသတ္တိဖြစ်သည်။

## ၅။ စုတူပပါတဒိဗ္ဗစက္ခု အဘိညာဉ်

၅။ စုတူပပါတဒိဗ္ဗစက္ခု အဘိညာဉ်ဆိုသည်မှာ သေလွန်သွားသော သတ္တဝါတို့၏ ဖြစ်ရာဌာန (လူ့ဘုံ နတ်ဘုံငရဲ တိရစ္ဆာန် စသည်) ကိုရင်း၊ အဆင်းရုပါရုံမှန်သမျှ နီးသည် ဖြစ်စေ - ဝေးသည် ဖြစ်စေကိုရင်း သိမြင်နိုင်စွမ်းသော တန်ခိုးသတ္တိဖြစ်သည်။

### အထောက်အထားများ

ဤ အဘိညာဉ် ငါးမျိုးအားလျော်စွာ ထင်ရှားပေါ်ပေါက်ခဲ့သော အထောက်အထားများမှာကား ဤသို့ဖြစ်သည်။

## ဣဒ္ဓိဝိဓအဘိညာဉ်

ဗုဒ္ဓမြတ်စွာဘုရားသည် တိတ္ထိတို့၏ အမျိုးမျိုးသော စွပ်စွဲပြောဆိုမှုများကို အကြောင်းပြု၍ သာဝတ္ထိပြည်၌ တန်ခိုးပြာဋိဟာပြတော်မူရသည်။ ပထမဦးစွာ ကောင်းကင်၌ ရတနာစင်္ကြံတခုဖန်ဆင်းလိုက်သည်။ နောက် ကိုယ်တော်၏အထက်ပိုင်းကားမီးအလျှံ၊ အောက်ပိုင်းတွင်ကား ရေအလျဉ်၊ ကိုယ်တော်၏ ရှေ့ဘက်တွင် မီးအလျှံ၊ နောက်ဖက်တွင်ကား ရေအလျဉ်စသည်ဖြင့် အမျိုးမျိုးသော အဆန်းတကြယ်များ ဖန်ဆင်းပြတော်မူသည်။

နိမ္မိတ ရုပ်ပွားတော် တခု ဖန်ဆင်းကာ ထို ရုပ်ပွားတော်နှင့် အပြန်အလှန်စကားဆိုတော်မူသည့်အဖြစ်ကိုလည်းပြသေးသည်။ အခြားသော ထူးခြား ဆန်းကြယ်မှုများမှာလည်း အမျိုးမျိုး ဖြစ်သည်။

ဤကဲ့သို့ သဏ္ဌာန်အမျိုးမျိုး ဖန်ဆင်း ဖြစ်မြောက်စေခြင်းမှာ ဣဒ္ဓိဝိဓအဘိညာဉ်သဘောဖြစ်သည်။

## ဒိဗ္ဗသောတအဘိညာဉ်

တိဿအမည်ရှိ ရဟန်းကြီး တပါးသည် ပျံလွန်တော်မူသွားသည့်အခါ မိမိကြိုက်နှစ်သက်လှသော သင်္ကန်းတထည်၌ စိတ်စွဲလမ်းမှုဖြင့် 'သန်း' တိရစ္ဆာန်ဖြစ်သွားရသည်။ ထို အခါ၌ ထို သန်းကြီးမ၏ အော်မြည်သံကို မြတ်စွာဘုရား ကြားသိတော်မူနိုင်ခြင်းသည် ဒိဗ္ဗသောတအဘိညာဉ်သဘောဖြစ်သည်။

## စေတောပရိယအဘိညာဉ်

အာဠာဝကဘီလူးအား ချေချွတ်တော်မူစဉ် အခါ၌ ရဟန်းကြီးဂေါတမသည် ငါဆိုအပ်သည့်အတိုင်း နောက်တကြိမ်ဗိမာန်တွင်းမှ ထွက်လာပါက ခြေနှစ်ချောင်းမှ ကိုင်ဆွဲကာသမုဒ္ဒရာတွင်းသို့ ပစ်ချလိုက်မည်ဟူသော အာဠာဝက ဘီလူး၏အကြံကို သိခြင်းသည် စေတောပရိယ အဘိညာဉ်သဘော ဖြစ်သည်။

## ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်

လေးသင်္ချေနှင့်ကမ္ဘာတသိန်းအထက် ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တော်အခါ သုမေဓာရသေ့ဘဝအစရှိသော လွန်ခဲ့ပြီးဘဝဟောင်းများကို ပြန်ပြောင်းဆင်ခြင် အကြွင်းမဲ့သိမြင်တော်မူနိုင်ခြင်းသည်ကား ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်သဘောဖြစ်သည်။

## စုတူပပါတဒိဗ္ဗစက္ခုအဘိညာဉ်

နတ်ပြည် - နတ်ရွာ ဗြဟ္မာနှစ်ဆယ် အစရှိသော အနန္တစကြဝဠာကြီးကို အကုန်အစင် သိမြင်တော် မူနိုင်ခြင်းသည်ကား ဒိဗ္ဗစက္ခုအဘိညာဉ်သဘော ဖြစ်သည်။

## အဘိညာဉ်ရစေနိုင်သောနည်း

အဘိညာဉ်ရစေနိုင်သောနည်း ဆိုသည်မှာကား - နီဝရဏငါးပါးတို့ကို ထိန်းချုပ်စောင့်စည်းခြင်းသည် ပထမဦးစွာသော

အဆင့်ဖြစ်သည်။ သိလွယ်အောင် ဆိုရလျှင် 'စိတ်'ကို တည်ငြိမ်စေအောင် ကျင့်ကြံဆောက်တည်ခြင်းဖြစ်သည်။

နီဝရဏငါးပါးဆိုရာ၌-

၁။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ အတွေ့ တို့တွင် သာယာနှစ်သက်တပ်မက်စွဲလမ်းနေခြင်းသည် ကာမစ္ဆန္ဒနီဝရဏတပါး-

၂။ သူတပါးတို့ကို မလိုမုန်းထား ဒေါသစိတ် ပွားနေခြင်းသည် ဗျာပါဒနီဝရဏတပါး-

၃။ ကောင်းမှုကုသိုလ်တို့၌လည်းကောင်း၊ တရားဘာဝနာ လေ့ကျက်မှု၊အားထုတ်မှု၊ပွားများမှုတို့၌လည်းကောင်း ပျင်းရိဖင့်နွဲ့ လေးလံ ထိုင်းမှိုင်းနေခြင်းသည် ထိနမိဒ္ဓနီဝရဏတပါး-

၄။ စိတ်အာရုံမတည်ငြိမ်၊ ရောက်မိရောက်ရာ၊ တွေးမိတွေးရာ၊ ပျံ့လွင့်နေခြင်း ပြုခဲ့ပြီးသည်များအတွက် နောင်တတဖန် ပူပန်တွေးဘောနေမိခြင်းများသည် ဥဒ္ဓစ္စ-ကုက္ကုစ္စ နီဝရဏတပါး-

၅။ ဘုရား တရား သံဃာတို့၌ ယုံမှားခြင်း၊ ကုသိုလ် - အကုသိုလ်တို့၌ ယုံမှားခြင်း၊ အကျင့်သီလ၊ သူတော် သူမြတ်တို့၌ ယုံမှားခြင်းများသည် ဝိစိကိစ္ဆာနီဝရဏ ဟူ၍ စိတ်၏ ညစ်ညူးခြင်းတရား ငါးမျိုးဖြစ်သည်။

## ကသိုဏ်းဝန်းဆယ်ပါး

ထိုစိတ်ညစ်ညူးခြင်း ငါးမျိုးနှင့် လွတ်ကင်းကာ ဈာန်အဘိညာဉ်ရစေကြောင်း ဆက်လက်ကျင့်သုံးရသည်များမှာကား ကသိုဏ်းဝန်းဆယ်ပါးဖြစ်သည်။

| | | | |
|---|---|---|---|
| ၁။ ပထဝီ | ကသိုဏ်း | ၆။ ပီတ | ကသိုဏ်း |
| ၂။ အာပေါ | ။ | ၇။ ပလောဟိတ | ။ |
| ၃။ တေဇော | ။ | ၈။ ဩဒါတ | ။ |
| ၄။ ဝါယော | ။ | ၉။ အာလောက | ။ |
| ၅။ နီလ | ။ | ၁၀။ အာကာသ | ။ |

ဤကသိုဏ်းဝန်းဆယ်ပါးထည်းမှ မိမိကြိုက်နှစ်သက်ရာ တပါးပါးကို အာရုံပြု၍ လိုအပ်သလိုပွားများ အားထုတ်သည့်အခါ ဥဂ္ဂဟနိမိတ်၊ ပရိဘာဂနိမိတ်၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိဟူသော ဈာန်သမာဓိအဆင့်ဆင့်သို့ ဖြစ်မြောက်ရောက်ရှိလာသည်။

ဤကား အဘိညာဉ်ရရှိစေမှုအတွက် တဆင့်ပြီးတဆင့် ပွားများအားထုတ်ရသော နည်းလမ်းကို အလွန် အကျဉ်းချုံး၍ ဖော်ပြရခြင်းဖြစ်သည်။ အသေးစိတ်တိကျပြည့်စုံစွာ ဖော်ပြရန်ကား - မူလ ဆိုညွှန်းခဲ့ရင်း ဆယ်ခုမြောက် သမ္မာဒိဋ္ဌိနှင့် အလှမ်းကွာသွားမည်စိုး၍ ထိုဆယ်ခုမြောက် သမ္မာဒိဋ္ဌိသဘောကို ပြန်ကောက်ရပေဦးမည်။

## မကြောင်း-ကျိုးလျှော်ကန်ခြင်း

အထက်ဖော်ပြခဲ့ပြီး ဆယ်ခုမြောက်သမ္မာဒိဋ္ဌိ၌-

[က] အတိညာဏ်ခေါ်သော ဥာဏ်ပညာကြီးမျိုးသည် ရှိ၏။

[ခ] ပါရမီအလုပ်၊ သမထဘာဝနာအလုပ်၊ ဝိပဿနာဘာဝနာအလုပ်တို့ကို လွန်စွာကြိုးစားအားထုတ်နိုင်ကြကုန်သော ရဟန်း ပုဏ္ဏားတို့သည် ထိုထိုဥာဏ်ပညာကြီးမျိုးကို ရနိုင်ကြကုန်၏။

[ဂ] အချို့သော သူတို့သည် အတိညာဏ်ခေါ်သော ဥာဏ်ပညာကြီးတမျိုးကိုသာ ပေါက်ရောက်နိုင်ကြကုန်၏။ ထိုသူတို့သည် အပါယ်လေးဘုံနှင့်တကွ နတ်ပြည် ခြောက်ထပ်တို့ကိုလည်းကောင်း၊ အချို့သော ဗြဟ္မာ့ပြည်တို့ကိုလည်းကောင်း၊ ပကတိမျက်စိဖြင့် မြင်ကြကုန်သကဲ့သို့ ဥာဏ်ပညာမျက်စေ့တို့ဖြင့် သိမြင်ကြကုန်၏။

[ဃ] အချို့သော သူတို့သည် အတိညာဏ်ခေါ်သော ဥာဏ်ပညာကြီးမျိုးတို့နှင့်တကွသဗ္ဗညုတဥာဏ်ခေါ်သော ဥာဏ်ပညာကြီးမျိုး တိုင်အောင် ပေါက်ရောက်နိုင်ကြကုန်၏။ ထိုသူတို့သည် အလုံးစုံသော သတ္တဝါ အနန္တ၊ ကမ္ဘာအနန္တ၊ စကြဝဠာအနန္တ၊ လောကဓာတ်အနန္တတို့ကို အကုန်အစင် သိမြင်နိုင်ကြကုန်၏။

(ဤသို့အကုန်အစင်သိမြင်နိုင်သော သူတို့ကို သာ လျှင် ဗုဒ္ဓဘာသာ၌ ‘ဘုရား’ဟူ၍ ခေါ်၏။)

ဤကဲ့သို့ အဘိညာဉ်ပုဂ္ဂိုလ်၊ သဗ္ဗညုပုဂ္ဂိုလ်ဟူ၍ အလေးအနက် ကွဲပြားခြားနားနေခြင်းမှာ သဗ္ဗညုတဉာဏ်[သို့မဟုတ်] သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓမြတ်စွာဘုရား၏ ထူးခြားမြင့်မြတ်စွာသော အဖြစ်ကို ထင်ရှားဖော်ပြနေခြင်းဖြစ်သည်။

အတိုအကျဆိုရလျှင် အဘိညာဉ်ပုဂ္ဂိုလ်မှန်စေကာမူ သဗ္ဗညုတ ဉာဏ်တော်ကို မရစွမ်းနိုင်၊ ဗုဒ္ဓမြတ်စွာဘုရားသည်သာလျှင် သဗ္ဗညုတ ဉာဏ်ကို ရတော်မူသည်။ သို့လျှင် သဗ္ဗညုတ ဉာဏ်တော်ကို ရနိုင်စွမ်းသည်၏ အဖြစ်ကြောင့်လည်း လောကသုံးပါး၏ အထွတ်အထိပ်၊ အမြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်ဟူ၍ သိမှတ်ယုံကြည်ရကြောင်း ဆိုညွှန်းထားခြင်းပင် ဖြစ်သည်။

ထို့ကြောင့် 'အတ္ထိလောကေ သမဏာ ဗြဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ'ဆိုသည့်အတိုင်း ဤလောက၌ အဘိညာ ခေါ်သော ဉာဏ်ပညာကြီးမျိုးသည် လည်းကောင်း၊ ထိုဉာဏ်ပညာကြီးမျိုးကို ရရှိပေါက်ရောက်နိုင်သော နည်းလမ်းတို့သည် လည်းကောင်း၊ ထိုဉာဏ်ပညာနှင့် ပြည့်စုံသူတို့သည် လည်းကောင်း၊ ကေန်စင်စစ်ရှိချေ၏ ဟူ၍ ယုံကြည်ခြင်းမှာ၊ ကြောင်းကျိုးလျော်ကန် ဖြောင့်မှန် သင့်မြတ်လှသော ယုံကြည်ယူဆမှုပင် ဖြစ်ပေသည်။

## စတုသစ္စ သမ္မာဒိဋ္ဌိ

မဂ္ဂင်ရှစ်ပါး • တရားလမ်းစဉ်၏ ပထမဦးစွာသော သမ္မာဒိဋ္ဌိ (ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ဉာဏ်အမြင်) ၌

(၁) ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ (၂) ဒသဝတ္ထုက သမ္မာဒိဋ္ဌိ ပြီးသည့်နောက် - နောက်ဆုံး သုံးခုမြောက် သမ္မာဒိဋ္ဌိမှာ - 'စတုသစ္စသမ္မာဒိဋ္ဌိ' ဖြစ်သည်။

ထို စတုသစ္စသမ္မာဒိဋ္ဌိဆိုသည်ကား....

၁။ ဒုက္ခအမှန်ကို သိသောဉာဏ်တပါး၊

၂။ ဒုက္ခ၏ ပွားစီးကြောင်းအမှန်ကို သိသောဉာဏ်တပါး၊

၃။ ဒုက္ခ၏ ငြိမ်းမှုအမှန်ကို သိသောဉာဏ်တပါး၊

၄။ ဒုက္ခ၏ ငြိမ်းခြင်းသို့ ပေါက်ရောက်ကြောင်း ဖြစ်သော ပဋိပတ်လမ်းမှန်ကို သိသောဉာဏ်တပါးဟူ၍ အရေအတွက် လေးမျိုး - လေးပါးဖြစ်သည်။

## သစ္စာလေးပါး - အခြင်းအရာ

ဤ သစ္စာလေးပါး၏ အခြင်းအရာကို ဆိုညွှန်းရာ၌ လေ့လာဖတ်ရှုသူများ တိကျသေချာ သိနားလည် လွယ်စေမှု အတွက် ကျေးဇူးရှင် - မဟာစည်ဆရာတော်ဘုရား၏ ဓမ္မစကြာ တရားတော်ကြီးမှ ကောက်နှုတ်ဖော်ပြလိုပေသည်။

## အရိယသစ္စာလေးပါး

လောကမှာ ဘာသာတရားတွေဆိုတာ အမျိုးမျိုး - အထွေထွေရှိကြတယ်၊ သူ့ ဘာသာနဲ့သူ အနှစ်အသား အစစ်အမှန် အနေနဲ့ ဟောထားတာတွေအမျိုးမျိုးဘဲရှိနေကြတယ်။ အဲဒီလို ဟောထားကြတဲ့ အခြားအယူအဆတွေကတော့ ဟောတဲ့

လူတွေလဲ ကိုယ်တိုင်တွေ့ကြတာ မဟုတ်ဖူး၊ နာခံတဲ့ သူတွေလဲ ကိုယ်တိုင်တွေ့ရတာ မဟုတ်ဖူး၊ စိတ်ကူးဉာဏ်ဖြင့် တွေးခေါ်ကြံဆပြီး ဟောကြ - လိုက်နာ ယုံကြည်ကြတာတွေချည်းဘဲ။

ဗုဒ္ဓသာသနာတော်မှ အပြင်ပဖြစ်တဲ့ အဲ့ဒီအယူဝါဒတွေဟာ 'ဗြဟ္မဇာလ' သုတ်မှာ မြတ်စွာဘုရားဟောတဲ့ မိစ္ဆာဒိဋ္ဌိ ၆၂-ပါး ထဲမှာ အပါအဝင်ချည်းပါဘဲ။

ဗုဒ္ဓမြတ်စွာဘုရားကတော့ အဲ့ဒီလို တွေးခေါ်ကြံဆပြီး ဟောတာမဟုတ်ဖူး၊ ကိုယ်တိုင်ဉာဏ်နဲ့တွေ့ပြီးမှ အဲ့ဒီတွေမြင်ပြီး အမှန်တရားတွေကိုသာ ဟောကြားတော်မူပါတယ်၊ ဒါ့ကြောင့် 'မဇ္ဈိမပဋိပဒါ' ခေါ်တဲ့ မဂ္ဂင်ရှစ်ပါး - အကျင့်လမ်းမှန်ဖြင့် ကျင့်သုံး၍ (အဘိညာယ - ထူးသော ဉာဏ်ဖြင့် သိဘို့ဖြစ်တယ်၊ 'သမ္ဗောဓာယ' ထိုးထွင်း၍ သိဘို့ဖြစ်တယ်လို့ပြဆိုခဲ့တဲ့အတိုင်း) ကိုယ်တော်တိုင် ထူးသော ဉာဏ်ဖြင့် ထိုးထွင်းပြီး သိလာခဲ့တဲ့ 'အရိယသစ္စာ' ဆိုတဲ့ အမှန်တရား လေးပါးကို သရုပ်ထုတ်ပြီး ဟောတော်မူပါဘယ်၊ အဲ့ဒါတွေက ဘာတွေလဲဆိုရင်-

[ ၁ ] ဒုက္ခသစ္စာ - ဆင်းရဲအစစ်အမှန်တရား၊

[ ၂ ] သမုဒယသစ္စာ - ဆင်းရဲဖြစ်ကြောင်း အစစ်အမှန်တရား၊

[ ၃ ] နိရောဓသစ္စာ - ဆင်းရဲငြိမ်းရာ ချမ်းသာအစစ်အမှန်တရား၊

[ ၄ ] မဂ္ဂသစ္စာ - ဆင်းရဲငြိမ်းရာရောက်ကြောင်း အကျင့်

လမ်းကောင်း အစစ်အမှန်တရားတဲ့၊ အဲ့ဒီသစ္စာ လေးပါးခေါင်းစဉ်ကို ဆိုကြရမယ်။

( ၁ ) ဒုက္ခသစ္စာ – ဆင်းရဲအစစ်အမှန်တရား၊

( ၂ ) သမုဒယသစ္စာ – ဆင်းရဲဖြစ်ကြောင်း အစစ် အမှန် တရား၊

( ၃ ) နိရောဓသစ္စာ – ဆင်းရဲငြိမ်းရာ ချမ်းသာအစစ်အမှန် တရား၊

( ၄ ) မဂ္ဂသစ္စာ – ဆင်းရဲငြိမ်းရာ ရောက်ကြောင်း အကျင့် လမ်းကောင်း အစစ်အမှန်တရား။

ဒီ အမှန်သစ္စာလေးပါးကို သိဘို့ဟာ အရေးအကြီးဆုံးဘဲ၊ ဘာကြောင့်လဲဆိုရင် ဆင်းရဲအစစ်ကို သိမှ အဲ့ဒီဆင်းရဲကို ရှောင် နိုင်မယ်....၊ ဒါပေမဲ့ အဲ့ဒီဆင်းရဲဖြစ်ကြောင်းကိုလဲ သိမှ အဲ့ဒီ အကြောင်းကို ပယ်ရှားပြီး ရှောင်နိုင်မယ်၊ ဆင်းရဲငြိမ်းရာအစစ် အမှန်ကိုလဲ သိဦးမှ အဲ့ဒီတကယ်ငြိမ်းရာသို့ ရောက်အောင်သွားနိုင် မယ်....။

ဒါပေမဲ့ အဲ့ဒီရောက်အောင်သွားဘို့ အကျင့် နည်းလမ်းကိုလဲ သိဦးမှ၊ အဲ့ဒီငြိမ်းရာသို့ ရောက်အောင်သွားနိုင်မယ်....၊ဒါ့ကြောင့် ဒီ အမှန်တရားသစ္စာလေးပါးကို သိဘို့ရာ လိုရင်းဘဲ။

## အစဉ်အတိုင်း ထုတ်ဖော်ခြင်း

မြတ်စွာဘုရားက အဲ့ဒီလိုရင်းဖြစ်တဲ့ သိစရာသစ္စာလေးပါးကို သိတော်မူလာတဲ့အတွက် အဲ့ဒီသစ္စာလေးပါးကို သရုပ်အားဖြင့်

အစဉ်အတိုင်း ထုတ်ဖော်ပြီးဟောပြတော်မူပါတယ်....၊ အဲ ဒီမှာ ပထမထုတ်ပြတာကဒုက္ခသစ္စာဘဲ၊အဲ့ဒါတွေက ဘာတွေလဲဆိုရင်-

၁။ ဘဝအသစ်ဖြစ်ခြင်း၊ ၂။ အိုခြင်း၊ ၃။ သေခြင်း၊ ၄။ စိုးရိမ်ခြင်း၊ ၅။ ငိုကြွေးခြင်း၊ ၆။ ကိုယ်ဆင်းရဲခြင်း၊ ၇။ စိတ်ဆင်းရဲခြင်း၊ ၈။ ပြင်းစွာပူပန်ခြင်း၊ ၉။ မုန်းစရာတွေနဲ့တွေ့ဆုံခြင်း၊ ၁၀။ ချစ်စရာတွေနဲ့ ကွဲခြင်း၊ ၁၁။ လိုတာမရခြင်း၊ ၁၂။ အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတို့ပင် ဖြစ်ပါတယ်။

အဲ့ဒါတွေကို ဇာတိပိဒုက္ခာစသည်ဖြင့် ဖော်ပြထားတဲ့ စကားတော်ကို ခုနင်က ရွတ်ဆိုပြခဲ့ပါပြီ။ ဘုန်းကြီးက မြန်မာလိုလဲ တိုတိုနဲ့ ဆောင်မှတ်ထားရအောင်၊ ဆောင်ပုဒ်များ စီထားတယ်၊ အဲ့ဒီဆောင်ပုဒ်တွေကို ဆိုကြရမယ်။

### ဒုက္ခသစ္စာဆောင်ပုဒ်များ

( ၁ ) ဖြစ်၊ အို၊ သေရေး၊ စိုးရိမ်ဆွေး၊ ငိုကြွေး ကိုယ်နာကျင်။

( ၂ ) နှလုံးမသာ၊ စိတ်ပြင်းစွာ၊ ပူတာ ဆင်းရဲပင်။

( ၃ ) မုန်းတာနှင့်တွဲ၊ ချစ်တာကွဲ၊ ဆင်းရဲအမှန်ပင်။

( ၄ ) မရတာ လို၊ ဒုက္ခ ဆို၊ တိုတိုပြောရလျှင်။

( ၅ ) စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ သစ္စာဒုက္ခပင်။

## [ ၁ ] ဇာတိဒုက္ခ ဘဝအသစ်ဖြစ်ခြင်း ဆင်းရဲ

ဇာတိ - ဘဝအသစ်ဖြစ်ခြင်းဆိုတာ ဘဝဟောင်းက နောက်ဆုံး ရုပ်ခန္ဓာတွေချုပ်ပျက်ပြီး၊ သေသည်၏ အခြားမဲ့၌ ကံ အားလျော်စွာ ဘဝသစ်မှာ ရုပ် နာမ် ခန္ဓာအသစ် ရှေးဦးစွာ ဖြစ်တာပါဘဲ။ အဲဒီလိုဖြစ်တာဟာ ရှေးဘဝနှင့် အဆက်မပြတ် ဆက်စပ်ဖြစ်တဲ့အတွက် ပဋိသန္ဓေတည်တယ်လို့လဲ ခေါ်ရတယ်၊ အမှန်ကတော့ ရုပ် နာမ်အသစ်စပြီး ဖြစ်ခြင်းသဘောပါဘဲ။

အဲဒီလိုဖြစ်ရာမှာ အမိဝမ်းထဲ၌ ဖြစ်ယင် ဂဗ္ဘသေယျက ပဋိသန္ဓေလို့ခေါ်တယ်၊ အဲဒီမှာလဲ ဥထဲမှာဖြစ်ယင် အဏ္ဍဇပဋိသန္ဓေ ခေါ်တယ်၊ မွေးဖွားသည့်တိုင်အောင် သားအိမ်တွင်းမှာသာ တည်နေရတဲ့ပဋိသန္ဓေကိုတော့ ဇလာဗုဇခေါ်တယ်။

ဒီ ဂဗ္ဘသေယျက ပဋိသန္ဓေကတော့ မိဘနှစ်ပါးတို့၏ ( သုက္ကသောဏိတခေါ်တဲ့ ) သုက်နှင့် သွေးကို မှီပြီး တည် တယ် လို့ ဗုဒ္ဓစာပေတွေက ဆိုပါတယ်၊ အနောက်တိုင်း ဆရာဝန်တွေကတော့ အဖ၏ သုတ်ပိုးနှင့် အမိ၏ သွေးဥတို့ ပေါင်းစပ်ပြီးဖြစ်လာတယ်လို့ဆိုကြတယ်။

အဲဒီအဆိုနှစ်ရပ်ကိုညှိပြီးယူမယ်ဆိုယင် အဖ၏သုက်နှင့် အမိ၏ သွေးတို့ ပေါင်းစပ်တည်နေတဲ့ နှစ်မျိုးစပ် ရုပ် အပေါင်းထဲ၌ အပါယ်ဘုံမှာဆိုယင် အကုသိုလ် ကံကြောင့်၊ လူ့လောကမှာ ဆိုယင် ကုသိုလ် ကံကြောင့် အကျိုး ရုပ် နာမ်အသစ် ဖြစ်ပေါ်လာခြင်းကို ဘဝအသစ်ဖြစ်ခြင်းလို့ မှတ်ရမယ်။

သံသေဒဇ ပဋိသန္ဓေဆိုတာကတော့ ရေညှိစသည်မှာ မှီတွယ်ပြီး ရုပ်နာမ်အသစ်ဖြစ်တယ်၊ အဲဒါကတော့ ပိုးလောက်အချို့စသည်တို့၏ ဘ၀သစ်ဖြစ်ပုံပါဘဲ၊ လူတွေက ပကတိမျက်စေ့ဖြင့် မမြင်နိုင်တဲ့ နတ်တို့ တစ္ဆေတို့ ပြိတ္တာတို့ ငရဲသတ္တ၀ါတို့ကတော့ အသိစိတ် နာမ်နှင့်တကွ ရုပ် ကိုယ် အပြည့်အစုံတပြိုင်နက် အထင်အရှားဖြစ်တယ်၊ အဲဒီလိုဖြစ်တာကိုတော့ ဩပပါတိက ဥပပါတ်ပဋိသန္ဓေလို့ခေါ်တယ်။

## ဒုက္ခ၏အစ

အဲဒီငှဒိသန္ဓေလေးမျိုးမှာ ပထမစပြီးဖြစ်တဲ့ ဥပါဒ်ကို ဇာတိဘ၀အသစ်ဖြစ်ခြင်းလို့ မုချအားဖြင့် ခေါ်တယ်၊ အဲ ဒီ ဥ ပါဒ် အားဖြင့် ရှေးဦးစွာ စဖြစ်ခြင်းသဘောမှာတော့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲရယ်လို့ မရှိပါဘူး။

ဒါပေမဲ့ အဲဒီလိုစပြီးဖြစ်ပေါ်လိုက်တဲ့အတွက်၊ အဲဒီတဘ၀လုံးနှင့်ဆိုင်တဲ့ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတွေကို ခံစားရတယ်....၊ ဒါကြောင့်အဲဒီအစဆုံးဖြစ်ခြင်းကိုဘဲဒုက္ခဆင်းရဲလို့ဆိုရပါတယ်။

ဥပမာအားဖြင့် မပြေလည်မဲ့ကိစ္စအတွက် အာမခံလက်မှတ်ထိုးမိယင်၊ လက်မှတ်ထိုးစဉ်မှာတော့ ဒုက္ခမတွေ့ရသေးပေမဲ့၊ နောင်တချိန်မှာ ဒုက္ခရောက်ရမည့်အမှု ဖြစ်တဲ့ အတွက် အဲဒီလို လက်မှတ်ထိုးရမှာကို ကြောက်စရာကောင်းတယ်လို့ ဒုက္ခအနေနဲ့ အသိအမှတ်ပြုကြရသလိုပါဘဲ။

အဲဒီအနက်သဘောကို ရှင်းလင်းစွာ သိနားလည်အောင် ဒုက္ခ ( ၇ ) မျိုးကို ခွဲခြားပြီးပြောရဦးမယ်။

# ဒုက္ခ ခုနစ်မျိုး

၁။ ဒုက္ခ, ဒုက္ခ

၂။ ဝိပရိဏာမဒုက္ခ

၃။ သင်္ခါရဒုက္ခ တဲ့၊ ဒီ သုံးမျိုးက တစုံဘဲ။

၄။ ပဋိစ္ဆန္နဒုက္ခ

၅။ အပ္ပဋိစ္ဆန္နဒုက္ခ ဒီ နှစ်မျိုးက တစုံဘဲ။

၆။ ပရိယာယဒုက္ခ

၇။ နိပ္ပရိယာယဒုက္ခ ဒီ နှစ်မျိုးက တစုံဘဲ။

အားလုံးပေါင်း ( ၇ ) မျိုးရှိတယ်၊ အဲ့ဒီခုနစ်မျိုးထဲက ကိုယ်ထဲမှာ နာကျင် ကိုက်ခဲခြင်းစသည်ဖြင့် အခံခက်တဲ့ ကိုယ်ဆင်းရဲက တမျိုး၊ စိတ်ထဲမှာ စိတ်ပူခြင်း၊ စိတ်ညစ်ခြင်း၊ နှလုံးမသာခြင်း၊ ဝမ်းနည်းခြင်းစသည်ဖြင့် အခံခက်တဲ့ စိတ်ဆင်းရဲကတမျိုး၊ ဒီ ကိုယ်ဆင်းရဲနဲ့ စိတ်ဆင်းရဲကို ဒုက္ခ ဒုက္ခလို့ ခေါ်တယ်။

သူ့သဘောကလဲ အခံခက်တဲ့ဆင်းရဲဘဲ၊သူ့အမည်ကလဲ ဒုက္ခ ဆင်းရဲဘဲ၊ ဒါကြောင့် ဒုက္ခ ဒုက္ခလို့ခေါ်တယ်၊ ဆင်းရဲသဘော ရှိတဲ့ ဆင်းရဲ၊တကယ့်ကို ဆင်းရဲတဲ့ဆင်းရဲလို့ ဆိုလိုတာပါဘဲ။

အဲဒီ ဒုက္ခဒုက္ခခေါ်တဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ကိုတော့ လူတိုင်း လူတိုင်းက ကြောက်ကြတယ်။ သတ္တဝါတိုင်း သတ္တဝါတိုင်းက ကြောက်ကြတယ်။ ဒုက္ခဆင်းရဲဘဲဆိုတာ အလွန်ထင်ရှားပါတယ်။ ကဲ အဲ့ဒီဆင်းရဲအကြောင်းကို လိုက်ဆိုကြရမယ်။

( ၁ ) ကိုယ်ထဲ စိတ်ထဲ၌မခံသာတဲ့ ဆင်းရဲကို ဒုက္ခ ဒုက္ခဟု ခေါ်သည်။

## ဝိပရိဏာမ – ဒုက္ခ

အတွေ့ကောင်းတွေနဲ့ တွေ့ထိပြီး ကိုယ်ထဲမှာ ချမ်းသာနေတဲ့ ( ကာယိကသုခ ) ကိုယ်ချမ်းသာက တမျိုး၊ ဝမ်းသာစရာတွေကို အာရုံပြုပြီး စိတ်ထဲမှာ ရွှင်လန်းဝမ်းသာနေတဲ့ (စေတသိကသုခ) စိတ်ချမ်းသာက တမျိုး၊ ဒီ ချမ်းသာနှစ်မျိုး ကိုတော့ လူတိုင်း လူတိုင်းက ကြိုက်ကြတယ်။ သတ္တဝါတိုင်းက ကြိုက်ကြတယ်။ ဒီ ချမ်းသာနှစ်မျိုး ရအောင်လို့ နေ့ ညဉ့် မအား ရှာနေကြတယ်။ အသက်ကိုတောင် စွန့်ပြီး ရှာနေကြတယ်။ အလိုရှိတိုင်း ရပြီး ဒီ ချမ်းသာတွေကို ခံစားနေကြရတဲ့အခါလဲ အလွန်ပင်ဝမ်းမြောက် နေကြတယ်။

ဒါပေမဲ့ အဲ့ဒီလို ပျော်ရွှင်ဝမ်းမြောက်နေရာက, ချမ်းသာ ကြောင်း အာရုံဝတ္ထုတွေ ပျက်စီးဆုံးပါးသွားယင် မနေတတ် မထိုင်တတ်ဖြစ်ပြီး အလွန်ပင် ဆင်းရဲဒုက္ခရောက်တတ်ကြပါတယ်၊ စုဆောင်းထားတဲ့ ရွှေ ငွေ စသော အသုံးအဆောင် ပစ္စည်းတွေ အကြောင်းအမျိုးမျိုးကြောင့် မမြော်လင့်ဘဲ ပျက် စီး ဆုံး ရှုံး သွားယင် အလွန်ချစ်မြတ်နိုးတဲ့ အိမ်သူ အိမ်သား သားချစ် သမီးချစ်ကလေးများ သေဆုံးကွဲကွာသွားယင် မနေသာ မထိုင် သာဖြစ်ပြီး အလွန်ဆင်းရဲတတ်တယ်၊ ရူးနှောက်ခြင်း စသော စိတ်ရောဂါလဲ ရတတ်တယ်၊ ရုတ်တရက်လဲ သေသွားတတ်တယ်။

ဒါကြောင့် အဲ့ဒီ ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ဝိပရိဏာမ ဒုက္ခလို့ခေါ်တယ်၊ အဲ့ဒီချမ်းသာတွေ ရှိနေတုန်းမှာ ကောင်းပေမယ်လို့ သူတို့ဖောက်ပြန် ပျက်စီးသွားတဲ့ အခါ မရှိတဲ့အခါကျတော့ ယူကြုံးမရဖြစ်ပြီး ဆင်းရဲစေတတ်တဲ့ ဒုက္ခလို့ ဆိုလိုပါတယ်။ အဲ့ဒီဆင်းရဲအကြောင်းကို လိုက်ဆိုကြရမယ်။

( ၂ ) ကိုယ်ထဲစိတ်ထဲ၌ ကောင်းစားချမ်းသာတဲ့ သုခကို ဝိပရိဏာမဒုက္ခခေါ်သည်။

## ဥ ပေ က္ခာ ဝေ ဒ နာ

မြင်နေကျ-ကြားနေကျ၊ တွေ့ကြုံနေကျ မကောင်းမဆိုး ရိုးရိုးအာရုံဝတ္ထုတွေနဲ့ တွေ့ဆုံခံစားနေရတဲ့ အခါမှာ မကောင်းတာ ဆင်းရဲတာလဲမဟုတ်ဖူး၊ ကောင်းတာ ချမ်းသာတာလဲမဟုတ်ဖူး၊ မကောင်း-မဆိုး ရိုးရိုးအနေပဲရှိနေတယ်၊ အဲ့ဒီလို မကောင်းမဆိုး ရိုးရိုး အလယ်အလတ် သဘောကို ဥပေက္ခာဝေဒနာခေါ်တယ်။

အဲ့ဒီဥပေက္ခာကိုတော့ သူ့သဘောအရအားဖြင့် ဆင်းရဲတယ်လို့လဲမဆိုနိုင်ဘူး၊ ချမ်းသာတယ်လို့လဲ မဆိုနိုင်ဘူး၊ ဒါပေမဲ့ အဲ့ဒီဥပေက္ခာက မြဲတည်နေတာတော့လဲ မဟုတ်ဖူး၊ မမြဲတဲ့အတွက် အဲ့ဒီအလယ်အလတ် အခြေအနေအတိုင်း ဖြစ်နေစေချင်ယင် သူ့ဆိုင်ရာအကြောင်းတွေဖြင့် မပြတ်ပြုပြင်ပေးနေရတယ်။

ပြုပြင်ပေးနေရတော့ တာဝန်လေးတာ ဆင်းရဲတာပေါ့၊ ဒါကြောင့် မကောင်း-မဆိုး အလယ်အလတ် ခံစားမှုဥပေက္ခာ

ဝေဒနာကို သင်္ခါရဒုက္ခလို့ခေါ်တယ်။ နောက်ပြီးတော့ ဝေဒနာမှ အခြားတပါးသော လောကီ ရုပ်နာမ်တရားတွေကိုလဲ အမြဲမပြတ် ပြုပြင်ပေးနေရသောကြောင့် သင်္ခါရဒုက္ခလို့ပဲ ခေါ်ရတယ်။

တည်မြဲတည်အောင်အမြဲမပြတ် ပြုပြင်ပေးနေရသဖြင့် တာဝန် လေး၍ ပင်ပန်းစေတဲ့ ဆင်းရဲလို့ ဆိုလိုပါတယ်။ အဲဒီသင်္ခါရဒုက္ခ အကြောင်းကို လိုက်ဆိုကြရမယ်။

( ၃ ) မကောင်း - မဆိုး အလယ်အလတ်ခံစားမှုဥပေက္ခာ ဝေဒနာနှင့် လောကီ ရုပ်နာမ်တရား အပေါင်းကို သင်္ခါရဒုက္ခခေါ်သည်။

## သုခဝေဒနာ

သုခဝေဒနာကိုလဲ တည်မြဲတည်အောင်အမြဲမပြတ်ကြောင့်ကြ စိုက်ပြီး ပြုပြင်ပေးနေကြရတာဘဲ၊ ဒါကြောင့် သုခဝေဒနာလဲ ဒီ သင်္ခါရဒုက္ခထဲပါဝင်သင့်ပါတယ်။ ဒါပေမဲ့ ဝိပရိဏာမဒုက္ခလို့ သီးခြားအမည်ပေးထားပြီးဖြစ်တဲ့ အတွက် အဲဒီ သုခ ဝေနာကို အဋ္ဌကထာဆရာများက ဒီ သင်္ခါရဒုက္ခထဲမှာ ထည့်ပြီးမပြကြတာ ပါဘဲ။

သူ့အတွက် ပြုပြင်မှု တာဝန်လေးနေတာ အလွန်ထင်ရှား နေသောကြောင့် သင်္ခါရဒုက္ခထဲထည့်သွင်းပြီးလဲ ယူသင့်ပါတယ်။

ယခုပြောခဲ့တဲ့ ဒုက္ခသုံးမျိုးကို သိမှတ်ထားရန် အရေးကြီးပါ တယ်။ ဒီဒုက္ခသုံးမျိုးကို ကောင်းကောင်း သဘောပေါက်ထား

ယင်၊ ဒုက္ခသစ္စာအကြောင်းကို အလွယ်တကူနဲ့ သိနားလည်နိုင်ပါတယ်။

## ပဋိစ္ဆန္နဒုက္ခ

( ၄ ) နားကိုက်ခြင်း၊ သွားနာခြင်း၊ ခေါင်းကိုက်ခြင်း၊ လေအောင့်ခြင်း၊ လိုချင်တပ်စွဲမှုနှိပ်စက်၍ ပူလောင်ခြင်း၊ စိတ်ညစ်ခြင်း၊စိတ်ပူခြင်း အစရှိတဲ့ ကိုယ်ထဲက စိတ်ထဲက အခံရခက်နေသော ဆင်းရဲဟာ ခံစားနေရတဲ့ သူမှာသာ ထင်ရှားတယ်။ အခြား ပုဂ္ဂိုလ်တွေမှာ မထင်ရှားဘူး၊ မေးကြည့်လို့ အဲဒီခံစားနေရတဲ့ သူက ပြောပြမှသာလျှင် သိရတယ်။

အဲဒီလို ဆင်းရဲဟာ ဖုံးကွယ်ထားသလိုပင် မြုပ်ကွယ်နေတဲ့ အတွက် ပဋိစ္ဆန္နဒုက္ခခေါ်တယ်၊ မထင်ရှားတဲ့ ဆင်းရဲဒုက္ခ ဖြစ်တဲ့ အတွက် အပါကဋဒုက္ခလို့လဲခေါ်တယ်။

## အပ္ပဋိစ္ဆန္နဒုက္ခ

( ၅ ) ဓားခုတ်ခံရခြင်း၊ လှံထိုးခံရခြင်း၊ သေနတ်မှန်ခြင်း စသည်ကြောင့် ဖြစ်တဲ့ အနာဆင်းရဲကတော့ ကွယ်ဝှက်ခြင်းမရှိဘဲ ထင်ရှားပေါ်နေတဲ့ အတွက် အပ္ပဋိစ္ဆန္နဒုက္ခခေါ်တယ်၊ ပါကဋဒုက္ခလို့လဲ ခေါ်တယ်။

## ပရိယာယဒုက္ခ

( ၆ ) ကိုယ်ဆင်းရဲ - စိတ်ဆင်းရဲကို ဖြစ်စေနိုင်တဲ့ ချပ် နာမ် သဘောတရားဟူသမျှတွေဟာ သူ့ ပင် ကိုယ် က မဆင်းရဲသော်လဲ ဆင်းရဲ၏ အကြောင်း ဝတ္ထု ဖြစ်သောကြောင့် ပရိယာယဒုက္ခခေါ်တယ်၊ ဖြစ်ပေါ်လာမည့် အကျိုးအာနိသင် ဆင်းရဲနှင့် ဆက်သွယ်ကြည့်လျှင် ကြောက်ဖွယ်ကောင်းတဲ့ ဆင်းရဲလို့ ဆိုလိုပါတယ်။

ဥပမာအားဖြင့် ရှေ့နားက ပြောခဲ့တဲ့အတိုင်း နောင်အခါကျလျှင် မိမိက စိုက်ပြီး လျှော်ရ ပေးဆပ်ရ အပြစ်ခံရမဲ့ အမှုကိစ္စကို အာ မ ခံ လက် မှတ် ထိုး မိတာလိုပင် ကြောက်စရာ ကောင်းတဲ့ ဆင်းရဲပါဘဲ။

## နိပ္ပရိယာယဒုက္ခ

( ၇ ) ဒုက္ခ - ဒုက္ခခေါ်တဲ့ ကိုယ်ဆင်းရဲ - စိတ်ဆင်းရဲကို တော့ နိပ္ပရိယာယဒုက္ခခေါ်တယ်။ နည်းပရိယာယ် သွယ်ဝိုက်ခြင်းမရှိဘဲ မုချဆင်းရဲလို့ ဆိုလိုပါတယ်။

## ဇာတိဒုက္ခ

အဲ့ဒီ ဆင်းရဲ ဒုက္ခ ( ၇ ) မျိုးထဲက ပရိယာယဒုက္ခ ဖြစ်သောကြောင့် ဘဝအသစ်ဖြစ်ခြင်းဆိုတဲ့ဇာတိကို၊ ဒုက္ခဆင်းရဲလို့ဟောတော်မူပါတယ်။ ဘယ်လိုလဲဆိုလျှင် အကုသိုလ်ကံကြောင့် ငရဲ၌

ဖြစ်ပြီး နှစ်ပေါင်းသိန်းသန်းများစွာ ငရဲမီးအလောင်ခံရခြင်း၊ ငရဲထိန်းတို့၏ အမျိုးမျိုးအနှိပ်စက်ကို ခံရခြင်းအစရှိတဲ့ ငရဲဆင်းရဲဟူသမျှဟာ ငရဲ၌ဖြစ်မှုဇာတိကြောင့်ပါဘဲ။

အကုသိုလ်ကံကြောင့် ပြိတ္တာဘုံ၌ဖြစ်ပြီး ငတ်မွတ်ဆာလောင်ခြင်း၊ မီးလောင်ခံရခြင်းအစရှိသော နှစ်ပေါင်း သိန်းသန်းများစွာ ခံရသော ပြိတ္တာဆင်းရဲဟာလဲ အဲဒီဘဝ၌ ဖြစ်မိသော ဇာတိကြောင့်ပါဘဲ။

## တိရစ္ဆာန်လောက

ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ ဆိတ်၊ ပိုးမျိုး များစွာ တိရစ္ဆာန် သတ္တဝါတွေ ဆင်းရဲနေကြရတာလဲ အဲဒီတိရစ္ဆာန်ဘဝ၌ ဖြစ်မိတဲ့ ဇာတိကြောင့်ပါဘဲ။

## လူ့လောက

လူ့လောကမှာ စား ဝတ် နေရေးမပြည့်စုံလို့ လူ့တဘဝလုံး ဆင်းရဲနေကြရတာလဲ လူ့ဘဝ၌ ဖြစ်ရတဲ့ ဇာတိကြောင့်ပါဘဲ။ ချမ်းသာကြွယ်ဝပါတယ်ဆိုတဲ့ လူတွေမှာလဲ မကျန်းမမာရောဂါဝေဒနာကြောင့်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်း၊ အလိုမပြည့်ဝလို့ စိတ်ဆင်းရဲခြင်း၊ လူနိုင်တွေ - ရန်သူတွေကို ကြောက်ရခြင်း၊ အိုရခြင်းအစရှိသော ဆင်းရဲတွေဟူသမျှဟာလဲ လူ့ဘဝ၌ ဖြစ်ခြင်းဇာတိကြောင့်ဘဲ။

အဲဒီလို တဘာဝလုံးနှင့်ဆိုင်တဲ့ ဆင်းရဲဟူသမျှ၏ အကြောင်းရင်း ဝဋ္ဋဖြစ်သောကြောင့် ထိုထိုဘဝ၌ ဖြစ်ခြင်းဇာတိကို ဒုက္ခဆင်းရဲလို့ ဆိုရတယ်။

## အမိဝမ်းတွင်း၌ ဆင်းရဲပုံ

အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေရတယ်ဆိုယင် မိခင်၏ အစာသစ်အိမ်၊ ကျင်ကြီး – ကျင်ငယ်အိမ်တို့၏ အကြား စက်ဆုပ်ဖွယ်ကောင်းတဲ့ သားအိမ်ထဲမှာ မိဘတို့၏ သုက်သွေးဆိုတဲ့ အညစ်အကြေးကိုပင် အထည်ကိုယ်အဖြစ်နဲ့ မှီကပ်ပြီး ဖြစ်ရတယ်၊ ရွံစရာပါဘဲ။

ယခုအနေမှာ အဲဒီသုက်သွေးအညစ်အကြေးမှာ ဝင်နေရမယ်ဆိုယင်၊ ရွံစရာ – ကြောက်စရာ မကောင်းပေဘူးလား၊ အဲဒီလို အမိဝမ်းတွင်းရောက်နေတဲ့ အခါမှာ လူ့ဝမ်းထဲ ရောက်နေသလား၊ နွားဝမ်းထဲရောက်နေသလား၊ ခွေးဝမ်းထဲ ရောက်နေသလားစသည်ဖြင့်လဲ မသိနိုင်ဘူး။

## အမိပြုသမျှခံရခြင်း

နောက်ပြီးတော့ အမိဝမ်းထဲ၌ ကိုးလ - ဆယ်လ တည်နေရတဲ့ အခါမှာလဲ ဆင်းရဲဒုက္ခတွေ ခံစားနေရတယ်၊ မိခင်ဖြစ်သူက ရှဘ်တရက် ထ,ခြင်း၊ ထိုင်ခြင်း၊ လှုပ်ရှားခြင်းများကို ပြုတဲ့အခါ အရက်မူးပြီး မေ့ရမ်းနေတဲ့ လူမိုက်၏လက်ထဲက သိုးငယ်ကလေးလိုပင် ဆင်းရဲရပါသတဲ့။ အလမ္ပာယ်ဆရာ၏လက်ထဲကမြွေကလေးလိုလဲ ဆင်းရဲရပါသတဲ့။

ယခုကာလ အားကစားလေ့ကျင့်တဲ့အမျိုးသမီး၏ ဝမ်းဗိုက်ထဲက သူငယ်ဆိုယင် သာပြီးဆင်းရဲဘွယ် ရှိပါတယ်။ နောက်ပြီးတော့ မိခင်က အအေး အပူ အငံ့ပ်များကို စားသောက်မိတဲ့အခါ သူငယ်မှာ အလွန် အေး ပူ စပ်ပြီး ဆင်းရဲရပါတယ်တဲ့။

## ဖွားမြင်သည့်အခါ ဆင်းရဲရပုံ

နောက်ပြီးတော့ ဖွားမြင်တဲ့အခါမှာ မိခင်ဖြစ်သူဟာ သေလုနီးပါး ဆင်းရဲတယ်လို့ ဆိုကြပါတယ်။ အဲ့ဒီမိခင်လိုပင် ဖွားမြင်တဲ့ သူငယ်ဟာလဲ သေလုနီးပါးဆင်းရဲရမှာပါဘဲ။ နောက်ပြီးတော့ မွေးပြီးခါစ သူငယ်၏ အလွန်နုနယ်သော ကိုယ်ကို၊ ကြမ်းတမ်းသော လက်တို့ဖြင့် အဝတ်တို့ဖြင့် ကိုင်တွယ်သုတ်သင်တဲ့ အခါမှာလဲ အနာက အသားနုကို ထိပါးသကဲ့သို့ပင် နာကျင် ဆင်းရဲရတယ်လို့ ဆိုပါတယ်။

ယခုပြောခဲ့တဲ့ ဆင်းရဲတွေကတော့ ပဋိသန္ဓေ တည်ပြီးသည့်နောက် မွေးပြီးခါစတိုင်အောင် တွေ့ကြုံခံစားရတဲ့ ဆင်းရဲတွေပါဘဲ။

## တဘဝလုံးဆင်းရဲပုံ

အဲ့ဒီကနောက် မလှုပ်နိုင်၊ မရွေ့နိုင်၊ မထိုင်နိုင်၊ မထနိုင်သေးတဲ့ သူငယ်ဘဝမှာ ကိုယ့်ဟာကိုယ် မပြုပြင်နိုင်လို့ ညောင်းခြင်း၊ ပူခြင်း၊ အေးခြင်း၊ ယားခြင်း၊ နာကျင်ခြင်းစသော အခံခက်တဲ့ ဆင်းရဲတွေကို ခံစားနေရတာတွေလဲ များစွာပင် ရှိပါလိမ့်မယ်။

အဲ့ဒီကနောက် ကြီးလာတဲ့အခါ စားဝတ် နေရေး အတွက်

ရှာဖွေရခြင်း၊ သူတပါးက နှိပ်စက်ခြင်း၊ ရောဂါဘယ်ကျော် နှိပ်စက်ခြင်းစသည်ကြောင့်ဖြစ်တဲ့ ကိုယ်ဆင်းရဲ - စိတ်ဆင်းရဲတွေ လဲ မရေတွက် မပြောပြနိုင်အောင် များစွာပင် ရှိပါတယ်။

အဲ့ဒီဆင်းရဲတွေဟူသမျှဟာ ဘဝအသစ် ဖြစ်မိခြင်းကြောင့် တွေ့ကြုံခံစားရတဲ့ ဆင်းရဲတွေဘဲ၊ အဲ့ဒီတဘဝလုံးနှင့် ဆိုင်တဲ့ ဆင်းရဲဟူသမျှ၏ တည်ရာ မူလအကြောင်းရင်းဖြစ်သောကြောင့် ဘဝအသစ်ဖြစ်ခြင်း 'ဇာတိ' ကို ဒုက္ခဆင်းရဲလို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်တဲ့။

## သေသေချာချာစဉ်းစားကြည့်ယင်

အဲ့ဒါသေသေချာချာစဉ်းစားကြည့်ယင် တကယ်ဟုတ်ဘာပဲ၊ ဒုက္ခရောက်မည့် အာမခံစာချုပ်ကို လက်မှတ်ထိုးမိတာ တကယ် ကြောက်စရာ ကောင်းသလို တကယ့်ကို ကြောက်စရာကောင်း တာဘဲ၊ ကြောက်စရာကောင်းလို့ဘဲ ဒုက္ခဆင်းရဲလို့ ဆိုပါတယ်။

ဒီနေရာမှာအတိုချုပ်မှတ်စရာကတော့ ဘဝတိုင်း - ဘဝတိုင်း တွေ့ကြုံခံစားနေရတဲ့ ကိုယ်ဆင်းရဲ - စိတ်ဆင်းရဲဟူသမျှဟာ၊ဘဝ အသစ်စပြီး ဖြစ်မိလို့ဘဲ။ ဘဝအသစ်ဖြစ်ခြင်း ကင်းယင်တော့ အဲဒီဆင်းရဲတွေ အကုန်ကင်းမယ်။ ဒါကြောင့် ဘဝအသစ်စ၍ ဖြစ်ခြင်းသဘောမျိုးကိုပင် မြတ်စွာဘုရားက ဒုက္ခဆင်းရဲလို့ဟော တော်မူတာပါဘဲ။ အဲ့ဒီအနက်သဘောကို တိုတိုနဲ့ မှတ်ထားကြရ အောင် ဆောင်ပုဒ်များကို လိုက်ဆိုကြရမယ်။

( ၁ ) ဘဝဘိုင်းဘဝ၊ တွေ့ကြုံရ၊ ဒုက္ခဆင်းရဲဟာ

( ၂ ) ဇာတိကင်းက၊ ယင်းဒုက္ခ၊ လုံးဝမရှိရာ

( ၃ ) ယှဉ်ကြောင့်အစ၊ ဖြစ်ခြင်းမျှ၊ ဒုက္ခဟောမိန့်ပါ။

## ဒုက္ခသစ္စာ၏ အခြင်းအရာ

ဒုက္ခသစ္စာ၏ အခြင်းအရာ နှင့် ပတ်သက်၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြား မိန့်မြွက်တော်မူအပ် သည်မှာ သိမှတ်ဆင်ခြင်စရာ မှန်သမျှကို အစဉ်အတိုင်း စေ့ငှ ပြည့်စုံစွာ ဟောကြားထားတော်မူခြင်းဖြစ်လေသည်။

ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခ စသည်ဖြင့် ဒုက္ခသစ္စာ၏ အခြင်းအရာ မှန်သမျှကို တမျိုးပြီးတမျိုး အစဉ်အားလျော်စွာ ဝေဖန်ပိုင်းခြားပြတော်မူသည်။ ကြားနာရသူမှန်သမျှတွင်ပြည့်စုံ တိုကျငုံ့မျှမဟုတ်သေး။ ရှင်းလင်းသေချာကွဲပြားခြားနားစွာပင် သိ နားလည်ရပေသည်။

ဤ 'ဗုဒ္ဓဝါဒ-ဗုဒ္ဓသာသနာ' စာအုပ်တွင် စာမျက်နှာ အခြေအနေအရ ဆိုလျှင် ဆရာတော်ကြီး ဟောကြား သမျှကို အစအဆုံးပြည့်စုံစွာ ထည့်သွင်းဖော်ပြရန်မစွမ်းသာ၊ ထို့ကြောင့် အချို့နေရာများတွင် အကျဉ်းချုပ် သဘောမျိုး ဖော်ပြရသည် များလည်း ရှိပေလိမ့်မည်။

ယခု ဆက်လက် ဖော်ပြရမည်မှာကား ဇရာ ဒုက္ခ-အိုရခြင်း ဆင်းရဲ၏ အကြောင်းခြင်းရာပင်ဖြစ်ပေသည်။

## ( ၂ ) ဇရာဒုက္ခ–အိုခြင်းဆင်းရဲ

ဇရာ – အိုခြင်းဆိုတာ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်ခြင်း၊ ခါးကိုင်းခြင်း၊ နားထိုင်းခြင်း၊ မျက်စေ့မှုန်ခြင်း စသည်ဖြင့် ထင်ရှားတွေ့မြင်နေရတဲ့ တဘာဝအတွင်းရှိ ရုပ်နာမ် ခန္ဓာတို့၏ ရင့်ရော်ခြင်းသဘောပါတဲ့။ ဒါပေမဲ့ စိတ် နာမ် ရင့်ရော်ပုံကိုတော့ ထင်ရှားမတွေ့ရဖူး။ အလွန်ကြီးရင့်တဲ့အခါမှာ သတိမေ့တတ်ခြင်း၊ သူငယ်ပြန်ခြင်းစသည်လောက်သာ၊ အနီးအပါးရှိသူတို့က သိရတယ်၊ ရုပ် ရင့်ရော်တာကတော့ အလွန်ပင် ထင်ရှားပါတယ်။

အဲဒီ အိုခြင်းဟာလဲ ရုပ် နာမ်တို့၏ ဌီခဏ အဆင့်ဆင့်မျှသာ ဖြစ်သောကြောင့် သူ့သက်သက်နဲ့တော့ အခံခက်ခြင်း၊ ဆင်းရဲခြင်း မရှိပါဖူး။ ဒါပေမဲ့ အိုခြင်းကြောင့် ကိုယ်အင်္ဂါကြီး ငယ်တွေ အားလျော့သွားတယ်။ မျက်စိမှုန်တယ်၊ နားထိုင်းတယ်၊ နှာခေါင်းနှင့် လျှာတို့ဟာလဲ အားနည်းသွားဘယ်၊ တကိုယ်လုံးလဲ အားလျော့သွားတယ်၊

ရုပ်ရည်အဆင်းလဲ ပျက်စီးသွားတယ်၊ ပျိုရွယ်တဲ့အခြေအနေလဲ ပျက်သွားတယ်၊ သတိဉာဏ်တွေလဲ ထိုင်းသွားတယ်၊ လူငယ်သူငယ်တွေက သက်ကျားအိုကြီး၊ အဖိုးကြီး - အဖွားကြီးစသည်ဖြင့် မရိုမသေ ပြောဆိုခြင်းကိုလဲ ခံရတယ်။ လူရာမဝင်တဲ့ အခြေအနေသို့လဲ ရောက်ရတယ်။

အဲဒီလို အစစ - အရာရာ ချွတ်ယွင်းတာတွေ အကြောင်းပြုပြီးတော့၊ ကိုယ် စိတ် ဆင်းရဲတွေကို ခံစားရတယ်။ အဲဒီကိုယ်ဆင်းရဲ စိတ် ဆင်းရဲတို့၏တည်ရာအကြောင်းဖြစ်သောကြောင့်၊ ဇရာဆိုတဲ့

အိုခြင်းသဘောကို ဒုက္ခ ကြောက်စရာဆင်းရဲလို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။

ဒီ ဇရာ - အိုခြင်းဆိုတာကိုတော့ လူတွေက ကြောက် ကြပါတယ်။ မအိုရအောင်လို့ အမြဲတမ်း ရှာကြံပြုစုနေတာဘဲ။ ဒါပေမဲ့ နောက်ဆုံးကျတော့ ဆံဖြူခြင်း၊ သွားကျိုးခြင်းစသည်ဖြင့် မရှုမလှ အိုခြင်းသဘောသို့ ရောက်ကြရတာချည်းဘဲ။

ဒါ့ကြောင့် ဒီ အိုခြင်းကို ကြောက်စရာကောင်းလို့ ဒုက္ခဆင်းရဲ မည်ကြောင်းကို ချဲ့ပြောဘို့ မလိုပါဖူး။ ဒါလောက်နဲ့ဘဲ ထင်ရှား နေပါပြီ။

## ( ၃ ) မရဏဒုက္ခ – သေခြင်းဆင်းရဲ

မရဏ - သေခြင်းဆိုတာ တခုသော ဘဝ၌ တခုသော ကံကြောင့် ပဋိသန္ဓေမှစ၍ မပြတ်ဖြစ်နေသော အသက်ခေါ် ဇီဝိတရုပ် နာမ် ၏ ပြတ်စဲသွားတဲ့သဘောပါဘဲ။ အဲ့ဒါကို ရည်ပြီးတော့ (သဗ္ဗေ ဘာယန္တိ မစ္စုနော) သတ္တဝါအားလုံး သေခြင်းမှ ကြောက်ကြသည်ဟု ဟောထားပါတယ်။

ဇာတိလျှင် အကြောင်းရှိသော သေခြင်း

သေအောင် လုပ်၍ သေခြင်း

သူ့ အလိုလိုသေခြင်း

အသက်တမ်းကုန်၍ သေခြင်း၊ ကောင်းမှုကံ ကုန်၍ သေခြင်း ဆိုတာတွေလဲ ဒီ ဇီဝိတ ရုပ် နာမ် ပြတ်စဲခြင်းများ၏ အမည်များ ချည်းပါဘဲ။

ဒီ သေခြင်းဆိုတာလဲ ဇီဝိတရုပ်နာမ်၏ပျက်ခြင်း ဘင် သဘော
မျှသာဖြစ်၍ အခံခက်တဲ့ ဆင်းရဲတော့ မဟုတ်ဖူး။ ဒါပေမဲ့
သေယင် လက်ရှိခန္ဓာကိုယ်နှင့်တကွ ချစ်ခင်သူတွေ အဲ့ချေအရံ ဆွေ
ဆွေမျိုးသားချင်းတွေ့ အသုံးအဆောင်ပစ္စည်းတွေ ဒါတွေကို
အကုန် စွန့်လွှတ်သွားရမယ်။ ယခုမျက်မြင်လောကကို စွန့်သွား
ရမယ်ဆိုတာကို ကြံတွေးပြီးတော့ သေရမှာကို သတ္တဝါတိုင်းပင်
အလွန်ကြောက်ကြပါတယ်။

အဲ့ဒီလိုကြောက်ကြလို့ ကြောက်စရာ ကောင်းတဲ့ အတွက်
(ဒုက္ခ ဘယဋ္ဌေန - ကြောက်ဖွယ်သဘောကြောင့် ဒုက္ခမည်ဘယ်
ဆိုတဲ့ စကားနှင့် အညီ) မရဏဆိုတဲ့ သေခြင်းကို၊ ဒုက္ခ - ဆင်းရဲလို့
မြတ်စွာဘုရားက ဟောတော်မူပါတယ်။

## ကိုယ်စိတ်နှစ်ပါး - ဆင်းရဲစေရာ

အင်္ဂုတ္တရမှာ ပြထားပုံကတော့ မကောင်းမှု အကုသိုလ် ကံ
ရှိသူမှာ သေခါနီး၌ သူပြုထားတဲ့ အကုသိုလ် ကံ၊ ယင်းကံကို
ပြုစဉ်က အာရုံနိမိတ် ဖြစ်ရမည့်အပါယ်ဘုံက အာရုံနိမိတ်များကို
မြင်ရတဲ့အတွက် စိတ်ဆင်းရဲဖြစ်ရတယ်။ ကောင်းမှု ရှိသူမှာလဲ
ချစ်တဲ့ပုဂ္ဂိုလ်၊ ဝတ္ထုပစ္စည်းတို့နှင့် ခွဲခွာရတော့မည်ကို စဉ်းစား၍
စိတ်ဆင်းရဲဖြစ်ရတယ်။

သတ္တဝါအားလုံးမှာပင် သေခါနီး၌ ရောဂါဝေဒနာအပြင်း
အထန် နှိပ်စက်သောကြောင့်၊ သည်းမခံနိုင် လောက်အောင်
ပြင်းထန်သော ကိုယ် ဆင်းရဲဖြစ်လာတယ်။ အဲ့ဒီ ကိုယ် ဆင်းရဲ
စိတ်ဆင်းရဲတွေဟာ သေခြင်းကို စွဲမှီပြီး ဖြစ်လာကြတာဘဲ။

ဒီလိုကြောက်စရာကောင်းတဲ့ ကိုယ်ဆင်းရဲ-စိတ်ဆင်းရဲတို့၏ အကြောင်းဖြစ်သောကြောင့် မရဏဆိုတဲ့သေခြင်းကို ဒုက္ခဆင်းရဲလို့ ဟောတော်မူပါတယ်-တဲ့။

## ( ၄ ) သောက ဒုက္ခ – စိုးရိမ်ပူဆွေးခြင်းဆင်းရဲ

သောက-ဆိုတာ ဆွေမျိုးတို့၏ သေကြေပျက်စီးခြင်း ( ဉာတိဗျသန ) စသည်ကို အကြောင်းပြု၍ စိုးရိမ် ပူဆွေးခြင်း ပါတဲ့။

၁။ သူခိုး၊ ခားပြ၊ သူပုန်ဘေး၊ ရောဂါဘေး၊ မီးဘေး၊ ရေဘေး၊ လေဘေးစသည်တို့ကြောင့် ဆွေမျိုး ဉာတိတို့၏ သေကြေပျက်စီးခြင်းကို ဉာတိဗျသန ခေါ်တယ်။

၂။ မင်းဘေး၊ ခိုးသူဘေး၊ မီးဘေး စသည်တို့ကြောင့် စီးပွားဥစ္စာတို့၏ ပျက်စီးဆုံးရှုံးခြင်းကို ဘောဂဗျသန ခေါ်တယ်။

၃။ အသက်ရှည်ခြင်း၊ ကျန်းမာခြင်းကို ပျက်စေတတ်တဲ့ ရောဂါဆိုး စွဲကပ်နှိပ်စက်ခြင်းကို ရောဂဗျသနခေါ်တယ်။

၄။ သီလပျက်စီးခြင်းကို သီလဗျသနခေါ်တယ်။

၅။ အယူမှန်ရှိနေရာမှ အယူမှားသို့ လိုက်သွားမိခြင်းကို ဒိဋ္ဌိဗျသနခေါ်တယ်။

အထူးအားဖြင့်တော့ လင်မယား၊ သားသမီး၊ ညီအစ်ကို၊ အစ်မ ညီမ စသည်တို့ သေကြေပျက်စီးသွားခြင်း၊ စီးပွားဥစ္စာ

များ အကြီးအကျယ် ပျက်စီးသွားခြင်းကို အကြောင်းပြုပြီး စိုးရိမ်ပူဆွေးမှုဖြစ်တတ်တယ်။ စီးပွားဥစ္စာပျက်စီးမည့် အရေးကို မြော်တွေးပြီးတော့လဲ စိုးရိမ်ပူပန်မှု ဖြစ်တတ်တယ်။

အဲ့ဒီစိုးရိမ်ပူဆွေးခြင်းကတော့ တရားကိုယ် အား ဖြင့် စိတ်ဆင်းရဲ ဒေါမနဿဝေဒနာပင် ဖြစ်သောကြောင့် ဒုက္ခ - ဒုက္ခခေါ်တဲ့ ဆင်းရဲအစစ်ပါဘဲ။ နောက်ပြီးတော့ စိုးရိမ်ပူဆွေးခြင်းကြောင့် နှလုံးကိုလဲ ပူလောင်ပြီး ရောဂါဆိုးလဲ စွဲကပ်တတ်တယ်။ မကြာမီပင် အိုမင်းခြင်းသို့လဲ ရောက်သွားတတ်ဘယ်။ သေခြင်းသို့လဲ ရောက်သွားတတ်တယ်။

ဒီလိုအခြားကိုယ်ဆင်းရဲတွေ၏ အကြောင်းဖြစ်တဲ့ အတွက်လဲ ကြောက်စရာကောင်းတယ်၊ ဒါကြောင့် ဒီ သောကဆိုတဲ့ စိုးရိမ်ပူဆွေးမှုကို ဒုက္ခ - ဆင်းရဲလို့ မြတ်စွာဘုရားက ဟောတော်မူတာပါဘဲ။

## ( ၅ ) ပရိဒေဝဒုက္ခ - ငိုကြွေးရခြင်းဆင်းရဲ

ပရိဒေဝ - ဆိုတာ ဆွေမျိုးပျက်စီးခြင်းစသည်ကိုအကြောင်းပြုပြီး ငိုကြွေးမြည်တမ်းတဲ့ အသံရုပ်ပါပဲ။ သေ လေ သေ ာ သူ၊ ပျက်စီးလေသော ဥစ္စာတို့၏ ဂုဏ်ကို ဖော်ပြပြီးတော့လဲ ယောင်ရမ်းပြောဆိုတယ်။ တရားကိုယ်အားဖြင့် ယောင်ရမ်းပြောဆိုတဲ့ အသံရုပ်မျှသာဖြစ်သောကြောင့် ဆင်းရဲသဘောတော့မဟုတ်ဖူး၊ ဒါပေမဲ့ အဲ့ဒီလို ငိုကြွေးမြည်တမ်း ယောင်ရမ်း ပြောဆိုနေတဲ့ အတွက် ကိုယ်ပင်ပန်းတဲ့ ဆင်းရဲကို ခံစားရတယ်။ ဒါကြောင့်

ဒီ ပရိဒေဝဆိုတဲ့ငိုကြွေးခြင်းကိုလဲ မြတ်စွာဘုရားက ဒုက္ခဆင်းရဲလို့ ဟောတော်မူပါတယ်။

လောကအနေအားဖြင့်လဲ ငိုနေရတာ မကောင်းဘူးလို့ဘဲ သိမြင်နေကြပါတယ်။ အဲ့ဒီမကောင်းတာကို ပါဠိဘာသာဖြင့် ဒုက္ခလို့ ခေါ်တာဘဲ။

## ( ၆ ) ဒုက္ခဆိုတဲ့ - ကိုယ်ဆင်းရဲ

ကိုယ်ထဲ၌ ညောင်းခြင်း၊ ပူခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ မေ့ပန်းခြင်း၊ ယားယံခြင်း အစရှိသော မခံသာတဲ့ အခံရခက်တဲ့ ဆင်းရဲဟူသမျှကို ဒုက္ခလို့ခေါ်တယ်။ ဒီ ကိုယ်ဆင်းရဲဒုက္ခကတော့ ဒုက္ခ - ဒုက္ခ ခေါ်တဲ့ ဆင်းရဲအစစ်ပါပဲ။ လူတိုင်း - လူတိုင်း၊ သတ္တဝါတိုင်းက အဲ့ဒါကို ဆင်းရဲလို့ သိနေကြပါတယ်....။ အဲ့ဒီ ကိုယ်ဆင်းရဲကို အလွန်ကြောက်ကြပါတယ်။

အထူးသိဘို့ကတော့ ဗျာဓိ နာခြင်းဆိုတာလဲ အဲ့ဒီကိုယ်ဆင်းရဲထဲမှာ ပါဝင်တယ်။ နောက်ပြီးတော့ ကိုယ်ဆင်းရဲ ဖြစ်ယင် အများအားဖြင့် စိတ်ဆင်းရဲလဲ ဖြစ်တော့တာဘဲ။ အဲ့ ဒီ လို စိတ်ဆင်းရဲဖြစ်ပွားခြင်း၏ အကြောင်း ဖြစ်သောကြောင့်လဲ ဒုက္ခ - မကောင်းတဲ့ တရား၊ ကြောက်ဖွယ် ဆင်းရဲတဲ့တရားလို့ ဆိုရပြန်တယ်....။

## ( ၇ ) ဒေါမနဿ ဆိုတဲ့ - စိတ်ဆင်းရဲ

စိတ်နှလုံးမသာခြင်း - စိတ်ပူခြင်း၊ စိတ်ညစ်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြောက်ခြင်း အစရှိတဲ့ စိတ်ဆင်းရဲဟူသမျှကို ဒေါမနဿ

ခေါ်တယ်။ ဒီစိတ်ဆင်းရဲ ဒေါမနဿလဲ ဒုက္ခ-ဒုက္ခ ခေါ်တဲ့ ဆင်းရဲအစစ် ပါဘဲ။ လူတိုင်း-လူတိုင်း၊ သတ္တဝါတိုင်းက ဒီ ဒေါမနဿကို ဆင်းရဲလို့ဘဲ သိနေကြပါတယ်။ အလွန်လဲ ကြောက်ကြပါတယ်။

ဒီ ဒေါမနဿက စိတ်ကိုလဲ ပင်ပန်းစေတတ်တယ်။ ကိုယ်ကိုလဲ နှိပ်စက်တတ်တယ်။ စိတ်နှလုံးမသာမှု အားကြီးယင် မအိပ်နိုင်၊ မစားနိုင်ဖြစ်ပြီး ရောဂါဆိုးတမျိုးမျိုးကိုလဲ စွဲကပ်စေတတ်တယ်။ သေလဲ သေစေတတ်တယ်။ အလွန်ကြောက်စရာ ကောင်းတဲ့ ဆင်းရဲပါပဲ။

## ( ဂ ) ဥပါယာသဒုက္ခ-ပြင်းစွာ ပူပန်ခြင်း ဆင်းရဲ

ဥပါယာသဆိုဘာ ဥာတိဗျသနစသည်တို့နှင့် တွေ့ကြုံရသော သူမှာ အလွန်အမင်း စိတ်ဆင်းရဲခြင်းကြောင့် ဖြစ်သော ဒေါသ ပါပဲ၊ ဒီဥပါယာသက ဖြစ်မှုဖြစ်ရလေခြင်းလို့ အဖန်ဖန်ပူပန်ပြီး စိတ်ကိုလဲ ပူလောင်စေတယ်။ ကိုယ်ကိုလဲ ပင်ပန်းစေတယ်။

အဲဒီလိုပူလောင်ပင်ပန်းစေပြီးတော့ အလွန်အမင်း ကိုယ်စိတ် ဆင်းရဲခြင်းကိုလဲ ဖြစ်စေတတ်တယ်။ ဒါကြောင့် ဒီဥပါယာသ ဆိုတဲ့ စိတ်၏ပြင်းစွာ ပူပန်ခြင်းကို ဒုက္ခ-ဆင်းရဲလို့ မြတ်စွာ ဘုရားက ဟောတော်မူပါတယ်။

ဒီနေရာမှာ သောက, ပရိဒေဝ, ဥပါယာသတို့၏ ထူးခြား ကွဲပြားပုံကို အဋ္ဌကထာမှာ ဒီလိုပြထားပါတယ်။ဆီးရေ့တို-ဆီတို့ ကျိုချက်တဲ့အခါ အားနည်းသော မီးဖြင့် အိုးထဲမှာသာ ပွက်ပြီး ကျက်နေတာနဲ့ သောကဖြစ်ပုံတူတယ်။ ပရိဒေဝဖြစ်ပုံကတော့

မီးပြင်းလို့ အိုးအပြင် ဝေကျသွားတာနဲ့တူတယ်။ ဥပါယာ သ ဖြစ်ပုံကတော့ ဝေမကျနိုင်တဲ့ အကြွင်းအကျန်ဟာ ကုန်ခန်း သွားသည်တိုင်အောင် အိုးထဲမှာသာ ကျက်နေတာနဲ့ တူတယ်လို့ ဆိုပါတယ်။

## (၉) မုန်းစရာတွေနဲ့ ယှဉ်တွဲရတဲ့ ဆင်းရဲ

အပ္ပိယသမ္ပယောဂ - မချစ်အပ်သည့် မုန်းစရာတို့နှင့် ယှဉ်တွဲ ရခြင်းဆိုတာ၊ မချစ်ခင်အပ်တဲ့ မုန်းစရာပုဂ္ဂိုလ်များ၊ သင်္ခါရ အာရုံများနှင့် တွေ့ဆုံနေရခြင်းပါပဲ။ မုန်းစရာ ပုဂ္ဂိုလ်တွေ အနိဋ္ဌာရုံတွေနဲ့ တွေ့ဆုံခြင်းဟာအခံရခက်တဲ့ ဒုက္ခဝေဒနာတော့ မဟုတ်ဖူး။

ဒါပေမဲ့ မတွေ့ချင်တဲ့ လူတွေ - သတ္တဝါတွေ-အနိဋ္ဌာရုံတွေနဲ့ တွေ့ရယင် ချက်ခြင်းပဲ စိတ်ဆင်းရဲ - ကိုယ်ဆင်းရဲ ဖြစ်ရတော့ တာပဲ၊ အဲ့ဒီလို စိတ်ဆင်းရဲ – ကိုယ်ဆင်းရဲဖြစ်ရခြင်း၏အကြောင်း ဝတ္ထုဖြစ်သောကြောင့် မုန်းစရာပုဂ္ဂိုလ်တွေ - အနိဋ္ဌာရုံတွေနဲ့ တွေ့ဆုံရခြင်းကို ဒုက္ခကြောက်စရာကောင်းတဲ့ ဆင်းရဲလို့ မြတ်စွာဘုရားက ဟောတော်မူခဲ့ပါတယ်။

ဒီမုန်းစရာတွေနဲ့ တွေ့ဆုံရခြင်းကိုလဲ လောကလူအများက မကောင်းတဲ့ဆင်းရဲအနေနဲ့ပဲ အသိအမှတ် ပြုထားကြပါတယ်။ မုန်းတဲ့သူတွေနဲ့ ဘဝတိုင်း - ဘဝတိုင်း မတွေ့ပါရစေနဲ့၊အနိဋ္ဌာရုံ တွေနဲ့မတွေ့ပါရစေနဲ့တောင် တချို့က ဆုတောင်းကြသေးတယ်။ ဒါပေမဲ့ အကောင်း – အဆိုးနှစ်မျိုးလုံးရှိနေတဲ့ လောကထဲမှာ အခါအခွင့်အားလျော်စွာ နှစ်မျိုးလုံးနဲ့ တွေ့နေကြရမှာပဲ။

အရေးကြီးတာကတော့ အနိဋ္ဌာရုံတွေနဲ့ တွေ့တဲ့အခါသင့် လျော်စွာ နှလုံးသွင်းဆင်ခြင်ဘို့ လိုပါတယ်။ အကောင်းဆုံး ကတော့ သတိပဋ္ဌာန်နည်းအရ မြင်ရုံမျှ ကြားရုံမျှစသည်၌သာ ရပ်တည်နိုင်အောင် မပြတ် ရှု မှတ် နေဘို့ပါပဲ။

## ( ၁၀ ) ချစ်စရာတွေနဲ့ ကွဲကွာရတဲ့ဆင်းရဲ

ပိယဝိပ္ပယောဂ - ချစ်စရာတို့နှင့် ကွဲကွာရခြင်းဆိုတာ၊ ချစ် အပ်တဲ့ပုဂ္ဂိုလ်များ၊ လိုလားအပ်တဲ့ သင်္ခါရအာရုံများနှင့် ကွဲကွာ ရခြင်းပါဘဲ။ အဲဒီကွဲကွာရခြင်းဟာ ဒုက္ခဝေဒနာတော့ မဟုတ် ဖူး၊ ဒါပေမဲ့ ချစ်ခင်တဲ့ လင်မယား သား သမီး စသည်တွေနဲ့ ရှင်ကွဲဖြစ်စေ-သေကွဲဖြစ်စေ ကွဲရယင် ဣဋ္ဌာရုံဖြစ်တဲ့ အသုံး အဆောင် ပစ္စည်း ဥစ္စာတွေနဲ့ ကွဲရယင် ချက်ခြင်းဘဲ စိတ်ဆင်းရဲ ဖြစ်တော့တာဘဲ။

သောက ပရိဒေဝ ဥပါယာသ - ဆိုတာတွေလဲ ဖြစ်တတ်တာ ဘဲ။ နှလုံးမသာတဲ့ ဒေါမနဿကတော့ အပြင်းအထန် ဖြစ်တော့ တာဘဲ။ အဲဒီလို စိတ်ဆင်းရဲအမျိုးမျိုးဖြစ်ခြင်း၏ အကြောင်း ဝတ္ထုတွေဖြစ်သောကြောင့် ချစ်အပ်တဲ့ပုဂ္ဂိုလ်များ၊ အလိုရှိအပ် တဲ့ဣဋ္ဌာရုံများနှင့် ကွဲကွာခြင်းကို ဒုက္ခ ကြောက်စရာကောင်းတဲ့ ဆင်းရဲလို့ မြတ်စွာဘုရားက ဟောတော်မူခဲ့ပါတယ်။

## ( ၁၁ ) ဣစ္ဆိတာလာဘ - လိုတာမရတဲ့ဆင်းရဲ

လိုချင်ပါလျက် မရခြင်း၊ ဝါ - မရနိုင်တာကို လိုချင်ခြင်း*

* ဤအရာ၌ အဆုံးအဖြတ်ကို ဝိသုဒ္ဓိမဂ် မြန်မာပြန် တတိယတွဲ စာမျက်နှာ ၄၁၃ - မှတ်ချက်၌ ကြည့်ပါ။

ဆိုတာ၊ မဂ္ဂင်ရှစ်ပါးတရားကိုမကျင့်သုံး - မပွားများပါဘဲလျက် ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းသော တောင့်တမှု၊ သောကစသည် ကင်းလိုသော တောင့်တမှုဟာ၊ တောင့်တသည့်အတိုင်း မရသဖြင့်စိတ်၏ပင်ပန်းဆင်းရဲခြင်းကိုဖြစ်စေတတ်တယ်၊ ဒါ့ကြောင့် အဲ့ဒီလိုတောင့်တခြင်းကို ဒုက္ခကြောက်စရာဆင်းရဲလို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။

## ( ၁၂ ) ဉပါဒါနက္ခန္ဓာငါးပါးဆင်းရဲ

ဇာတိဒုက္ခမှ - ဣစ္ဆိတာလာဘဒုက္ခအထိ ဆင်းရဲ ( ၁၁ ) ပါးဟာ၊ ဉပါဒါနက္ခန္ဓာငါးပါးရှိနေလို့ ဉပါဒါနက္ခန္ဓာငါးပါးကို မှီပြီးဖြစ်ရတာတွေဘဲ၊ ဒါ့ကြောင့် အကျဉ်း အား ဖြင့် ဆိုယင် ဒုက္ခသစ္စာဟာ - ဉပါဒါနက္ခန္ဓာငါးပါးပင် ဖြစ်ပါတယ်။

ဉပါဒါနက္ခန္ဓာဆိုတာ စွဲလမ်းတတ်တဲ့ ဉပါဒါန်တို့၏ အာရုံဖြစ်တဲ့ ရုပ် နာမ်အဖို့ အစုတရားတွေပါဘဲ၊ ဉပါဒါန်တို့၏ အာရုံဆိုတော့ ဉပါဒါန်တွေက စွဲလမ်းနိုင်တဲ့ ရုပ် နာမ်တရားတွေပါပဲ။

အဲ့ဒါတွေက....

၁။ ရုပ် ဉပါဒါနက္ခန္ဓာ

၂။ ဝေဒနာ ။

၃။ သညာ ။

၄။ သင်္ခါရ ။

၅။ ဝိညာဏ် ။ ဆိုတဲ့ ဒီ ခန္ဓာငါးပါးပါဘဲ။

သတ္တဝါတွေဟာ ဒီ ဉပါဒါနက္ခန္ဓာငါးပါးကိုဘဲ အထည်ကိုယ်လုပ်ပြီး နေကြရတယ်၊ ရုပ် အပေါင်းအစုဖြစ်တဲ့ ရုပ် ကိုယ်

ကြီးကိုလဲ ငါတဲ - ငါ့ကိုယ်တဲ၊ မြဲတယ် - စသည်ဖြင့် စွဲလမ်းနေကြတယ်၊ ဒါ့ကြောင့် ရုပ် အပေါင်းအစု၊ ရုပ် ကိုယ်ကြီးကို ဥပါဒါနက္ခန္ဓာလို့ခေါ်ရတယ်။

အသိစိတ် စေတသိက် ရုပ် နာမ် တရားတွေကိုလဲ ငါတဲ - ငါ့ စိတ်ပဲ၊ ငါကြံတာတဲ၊ ဒီစိတ်ဟာ အမြဲတည်နေတယ်စသည်ဖြင့် စွဲလမ်းနေကြတယ်၊ ဒါကြောင့် စိတ်စေတသိက် နာမ်တရားတွေကိုလဲ ဥပါဒါနက္ခန္ဓာလို့ခေါ်ရတယ်။ ဒါက ရုပ်နာမ် ခန္ဓာတွေကို အပေါင်းလိုက်အားဖြင့် စွဲလမ်းပုံတဲ။

ဤကား-ဒုက္ခသစ္စာနှင့် ပတ်သက်၍ ' ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရား၏ဟောကြားဆုံးမတော်မူအပ်ပုံ ဖြစ်လေသည်။

ဆရာတော်ဟောကြားအပ်သည်မှာ တရားနာ ပရိသတ်များ တိကျသေချာ နားလည်နိုင်လေအောင် ပြည့်ပြည့်စုံစုံထုတ်ဖော် ညွှန်ပြထားခြင်းဖြစ်သည်။ ကြားနာဖတ်ရှုရသူများအဖို့ တထိုင်တည်း - တချိန်တည်းမှာပင် တရားသဘာဝကို ကွဲပြားရှင်းလင်းစွာ သိ နားလည်ကြရပေသည်။

ဤ စာအုပ်တွင်ကား ဆရာတော်၏ ဟောကြားညွှန်ပြမှုများမှာ မပြည့်မစုံနေရာမရနိုင်ဖြစ်နေခဲ့ပေသည်။ ထို့ကြောင့် ' သစ္စာလေးပါး ' မှ ပထမဦးစွာသော ' ဒုက္ခသစ္စာ ' အခြင်းအ ရာ ကို ဤမျှဖြင့် တပိုင်းတကဏ္ဍရပ်ဆိုင်းကာ ကျန် ' သမုဒယသစ္စာ အကြောင်းကို ဆက်လက်ဖော်ပြလိုပေသည်။

## သမုဒယသစ္စာ-သမ္မာဒိဋ္ဌိ

အကြင်မျှလောက်သော သံသရာကာလပတ်လုံး၊ စက္ခုကို "ငါ၏ဥစ္စာ (ငါ့မြင်၏) ဟု တွယ်တာစွဲလမ်း၏။ ငါဟူ၍ တွယ်တာစွဲလမ်း၏။ ငါ၏ အတ္တဟူ၍ တွယ်တာစွဲလမ်း၏။

ထိုမျှလောက်သော သံသရာကာလပတ်လုံး စက္ခုသည် ဘဝအစဉ် ပွားစီး၍သာနေ၏။ စက္ခု၏ ဒဏ်ချက်တို့ (မြင်သိမှုကို အကြောင်းပြု၍ဖြစ်သော တွယ်တာစွဲလမ်းမှု) သည်၊ ဘဝအစဉ် ပွားစီး၍သာ နေကုန်၏။

ထို့ကြောင့် စက္ခု၌ တွယ်တာစွဲလမ်းသော တဏှာလောဘသည် ဒုက္ခ၏ ပွားစီးကြောင်းအမှန်ဖြစ်၏။

ဤသို့မြင်သောဉာဏ်သည် ဒုက္ခ၏ ပွားစီးကြောင်း အမှန်ကို မြင်သော 'သမ္မာဒိဋ္ဌိဉာဏ်' မည်၏။

ဤကား 'ကျေးဇူးရှင်-လယ်တီဆရာတော်ဘုရား၏အကျဉ်း ချုပ်ညွှန်ပြမှု ဖြစ်လေသည်။ ဤအခြင်းအရာကိုပင် 'ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား' ဟောကြား ညွှန်ပြတော်မူအပ်သည် မှာကား ဤသို့ဖြစ်လေသည်။

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ သမုဒယော * အရိယ သစ္စံ၊
ယာယံ တဏှာ ပေါနောဗ္ဘဝိကာ ** နန္ဒီ ရာဂ သဟ
ဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျထိဒံ၊ကာမတဏှာ
ဘဝ တဏှာ ဝိဘဝ တဏှာ။

---

* စာမူအများတို့၌ ဒုက္ခသမုဒယံ - ဟု နပုလ္လိင်နှင့် ရှိ၏။ 'ဒုက္ခသမုဒယော ဒုက္ခနိရောဓော ဟု (မူရင်းပုလ္လိင်နှင့်ပင်) ဆိုသင့်ရာ၌ ဒုက္ခသမုဒယံ ဒုက္ခ

ရဟန်းတို့....၊ ဤဆိုလတ္တံ့သော တရားသည်ကား၊ ဆင်းရဲဖြစ်ပွားကြောင်းဖြစ်သောအရိယသစ္စာပေတည်း၊ ဝါ-အရိယာတို့ သိအပ်သော အမှန်တရားပေတည်း၊ အကြင် ဆာလောင်မှုတဏှာသည် တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏၊ နှစ်သက်တပ်စွဲခြင်းနှင့်တကွဖြစ်၏၊ နှစ်သက်တပ်စွဲသော သဘောဖြစ်၏၊ ထိုထိုရောက်ရာဘဝ၊ရာအာရုံ၌ နှစ်သက်ပျော်မွေ့လေ့ရှိ၏။ထိုတဏှာကား-အဘယ်နည်းဟူမူ လိုချင်စရာ ကာမဂုဏ်၌ ဖြစ်သော

---

နိရောမံ ဟု ( နပုလ္လိင်ဖြင့် ) လိင်ပြန်ခြင်းကို ယူထားပေသည် ’ဟု ဖွင့်ပြသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ( ပ – ၅၀ ) နှင့် ညီပေ၏။

သို့သော် ဝိသုဒ္ဓိမဂ် မဟာဋီကာ ( ဒု – ၄၄၉ )၌ကား ‘ နှစ်ပုဒ်တို့၏ တည်ရာ ဟူသည်၏ အဖြစ် ရှိငြားသော်လည်း၊ ဒုက္ခသမုဒယော အရိယသစ္စံ ဟူသော ပါဠိကဲ့သို့ ( ဥဘယ ဒေါဘယံ ဟု ) လိင် ကွဲခြင်းကို ယူထားပေသည် ’ဟု ရှေ့ပုဒ် ပုလ္လိင်နှင့် နောက်ပုဒ် နပုလ္လိင် ကွဲပြားလျက်ရှိကြောင်း ပြဆိုထား၏။

ယင်း ဋီကာအဆိုသည် မဂ္ဂသစ္စာအရာ၌ ပြဆိုလတ္တံ့သော‘ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ ’ ဟူသော ပါဠိ နှင့် ညီ၍ ယုတ္တိတရ ဖြစ်ပေသည်။ ထို့ပြင် ရှေးအဋ္ဌကထာတို့၌လည်း ဤအရာတွင် နပုလ္လိင် ပြန်ထားကြောင်း ပြဆိုထားချက် မရှိပေ။

ထို့ကြောင့် ယိုးဒယားမူ၌လည်း ဒုက္ခသမုဒယောဟူ၍ပင် မူရင်း ပုလ္လိင်နှင့် ၎င်းသော ပါဠိကို ဤ၌ မူလပေါစဉ်ကပင် ရွတ်ဆိုဟောကြားခဲ့သည်။

* * ပါဠိ၌ ပုနပုဒ်သည် သက္ကတ၌ ပုနရ် ဟု ရကာရန်နှင့် ရှိ၏။ ယင်းပုဒ်ကို ဘဝနှင့်သမာသ်စပ်သောအခါ၊ ထို ‘ ရ် ’ အတွက် ပုနဗ္ဘဝ၌ ဒွေဘာဝဖြစ်ရသည်။ ပုနရ်မှ အရ်ကို ‘ ဩ ’ပြု၍ နော, ပေါနောဟု ပုဒ်ပြီးသောအခါ၌မူ ဒွေဘာဝမရှိသင့်ပြီ။

သို့ဖြစ်၍ ပေါနောဘဝိကာဟု ဒွေဘာဝမရှိသော သီဟိုဠ်ပါဠိက ယုတ္တိတရဖြစ်သောကြောင့် ယင်းပါဠိအတိုင်း ဤ၌ မူလပေါစဉ်ကပင် ရွတ်ဆိုဟောကြားခဲ့သည်။

ဆာလောင်မှုတဏှာကတပါး၊ အမြဲရှိနေသည်ဟုထင်လျက် ဆာလောင်မှုတဏှာကတပါး၊ သေပြီးလျှင်မရှိတော့ဟုထင်လျက် ဆာလောင်မှုတဏှာကတပါး၊ ဤတဏှာ သုံးပါးသည် ဆင်းရဲ ဖြစ်ကြောင်း သမုဒယသစ္စာပေတည်း။

## ဒုက္ခ သမုဒယ အရိယသစ္စာ

ဆင်းရဲဖြစ်ပွားကြောင်း ဒုက္ခ သမုဒယ အရိယသစ္စာ ဆိုတာ၊ ဖော်ပြခဲ့ပြီးဖြစ်တဲ့ ဘဝအသစ်ဖြစ်ခြင်းအစ ဥပါဒါနက္ခန္ဓာအဆုံး ရှိတဲ့ ဆင်းရဲအစစ်တွေကို ဖြစ်စေတတ် - ပွားစေတတ်တဲ့တရားဘဲ၊ ဆင်းရဲကင်းချင်ယင် အဲ့ ဒီ ဆင်းရဲ အစစ်ဖြစ်ကြောင်းတရား သိဘို့ ရာက အရေးကြီးပါတယ်၊ ရောဂါပျောက်စေချင်ယင် ရောဂါဖြစ် ကြောင်းကို သိပြီးပယ်ဖျက်ရဘာလိုပါဘဲ။

အဲဒီလိုသိဘို့အရေးကြီးတဲ့ဆင်းရဲပွားကြောင်းသမုဒယသစ္စာ ကိုလဲ မြတ်စွာဘုရားက သိပြီးတော့ ပယ်ရှင်းပြီးပြီလို့ ဆိုလိုပါ တယ်။ အဲ့ဒီသမုဒယသစ္စာက ဘာလဲဆိုယင် တဏှာပါဘဲ၊ တဏှာ ဆိုတာ ဆာတဲ့သဘောဘဲ၊ ထမင်းဆာတာ၊ ရေဆာတာလို သူက အာရုံတွေဆာတဲ့သဘောပါဘဲ။

## ဘဝသစ်ဖြစ်စေခြင်း

အဲ့ဒီအာရုံဆာတဲ့တဏှာက ပေါနောဘဝိကာ တဖန်ဘဝသစ် ကိုလဲ ဖြစ်စေတတ်တယ် - တဲ့၊ အဲ့ဒီတဏှာ မကင်းသမျှကာလပတ် လုံး ဘဝအသစ်တွေ ထပ်ခါ - ထပ်ခါ ဖြစ်ဖြစ် နေရမယ်၊အဲ့ဒီလို ဘဝအသစ်ဖြစ်စေပုံကိုတော့ နောက်မှပြောရမယ်။

နောက်ပြီးတော့ ဒီတကျာက နန္ဒီရာဂ သဟဂတာ နှစ်သက်၊ နှစ်သက်ပြီး တပ်စွဲနေတယ်တဲ့၊ ကောင်းတယ်ထင်ရတဲ့ အာရုံ ဝတ္ထုတွေကို သူက နှင်သက်တယ်၊ နှစ်သက်ပြီးတော့ ဆိတ္တိဆိုး ရေတို့ဟာ ထိရာထိရာမှာ စွဲစွဲကျန်နေသလို၊ အဲ့ဒီနှစ်သက်တဲ့ အာရုံမှာ စွဲငြိနေတယ်၊ နောက်ပြီးတော့ ဒီတကျာက ရောက်ရာ ရောက်ရာဘဝမှာ ပျော်မွေ့နေတာဘဲ၊ ပျင်းတယ်လို့ မရှိဘူး၊ ကောင်းတယ်ထင်ရတဲ့ အာရုံတွေမှာလဲ ရရာ ရရာမှာ နှစ်သက် ပျော်မွေ့နေတာဘဲ။

## ရောက်ရာဘဝမှာ ပျော်မွေ့နေတတ်ခြင်း

လူ့လောကတွင်ဘဲ ဆင်ခြင်ကြည့်ယင် အောက်တန်းစား လူတွေရဲ့ အခြေအနေဟာ အထက်တန်းကျတဲ့ လူတွေအနေနဲ့ နှစ်သက်စရာ - ပျော်စရာမကောင်းဘူး၊ ဒါပေမဲ့ အကြောင်းမညီ ညွတ်လို့ အဲ့ဒီအခြေအနေရောက်သွားယင်တော့ အဲ့ဒီရောက်ရာ ဘဝမှာ ပျော်နေတာဘဲ။

လူတွေအနေနဲ့တိရစ္ဆာန်ဘဝတွေကိုကြည့်ယင်ပျော်စရာဘာမှ မရှိဘူး။ ရွံစရာ - ကြောက်စရာ အနေနဲ့သာ ထင်ရတယ်၊ မြွေရဲ့ ကိုယ်ထဲမှာ ပိုးကောင်ရဲ့ ကိုယ်ထဲမှာ ဝင်နေရမယ်ဆိုယင် သိပ် ရွံစရာ - ကြောက်စရာကောင်းတာပဲ၊ ဒါပေမဲ့ ကံအားလျော်စွာ အဲဒီဘဝမျိုးရောက်သွားယင်တော့ သူ့ကိုယ်နဲ့သူ သာယာစရာ ဖြစ်ပြီး ပျော်မွေ့သွားတာပဲ။

အဲ့ဒါဟာတကျာဆိုတဲ့တရားက ရောက်ရာဘဝ - ရရာအာရုံမှာ နှစ်သက်ပျော်မွေ့တတ်တဲ့ သဘောရှိနေလို့ပါပဲ။

ဒါကြောင့် မြတ်စွာဘုရားက ဒီတဏှာကို တစ်ဘဝ တစ်ဘဝ ဘိန်းစွဲနီ - ထိုထိုရောက်ရာဘဝ၊ ရရာအာရုံ၌ နှစ်သက်ပျော်မွေ့လေ့ရှိတယ်လို့ ပြဆိုတော်မူတာပါပဲ။ အဲဒါကို 'စမွေယျ-နဂါးမင်း' ဝတ္ထု၊ ဥပရိမိဖုရားဝတ္ထုတို့ဖြင့် ထင်ရှားစေနိုင်ပါတယ်။

စမွေယျ - နဂါးမင်းဝတ္ထု....

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် သမုဒယသစ္စာနှင့်ပတ်သက်၍ 'စမွေယျနဂါးမင်းနှင့် ဥပရိမိဖုရားကြီး' ဝတ္ထုများကို ထည့်သွင်းဟောကြားထားသည်။

စမွေယျနဂါးမင်းဆိုသည်မှာမြတ်စွာဘုရားအလောင်းတော်ကိုယ်တိုင်ကြုံခဲ့ရဘူးသော ဘဝ ဖြစ်သည်။ နဂါးမင်းဘဝရောက်ရသည့်အခါ ပထမ၌ မိမိကိုယ်မိမိ မနှစ်သက်မလိုလားနိုင်ခြင်းဖြင့် နဂါးဘဝကို ရွံရှာစက်ဆုပ်ခဲ့သည်။

သို့သော် နဂါးမများက နတ်သမီးအသွင် ဖန်ဆင်းကာ ဖျော်ဖြေ - ဖြားယောင်းကြသည့်အခါ၊ စမွေယျနဂါးမင်း ကိုယ်တိုင်မှာလည်း နတ်သားအသွင်ပြောင်းကာ မိမိ၏ ဖြစ်ဆဲဘဝ၌ ပျော်ပိုက်သာယာနေပုံကို အထောက်အထားအဖြစ် ထုတ် ဖော် ထားခြင်းဖြစ်သည်။

## ဥပရိမိဖုရားခေါင်ကြီး

ဥပရိမိဖုရားကြီးဝတ္ထုမှာလည်း ဤသို့အတူပင် ဖြစ်သည်။

ကာသိတိုင်းရှင် 'အဿက' ဘုရင်ကြီးတွင် 'ဥပရိ' အမည်

ရှိသော အဂ္ဂမဟာသိမိဖုရားခေါင်ကြီး တပါးရှိသည်။ ရုပ်ဆင်း သဏ္ဍာန်ကြန်အင်လက္ခဏာချောမောပြေပြစ်လှသဖြင့် ‘အဿက’ ဘုရင်ကြီးက အလွန်တရာစုံမက်မြတ်နိုးတော်မူသည်။

ထိုဥပရိမိဖုရားခေါင်ကြီး ရုတ်တရက် ကွယ်လွန် သွား သည့် အခါ အဿက ဘုရင်ကြီး မှာ အလောင်း ကို ပင် လျှင် (ထုံးစံအတိုင်း) မစွန့်ပစ် - မသင်္ဂြိုဟ်ရက်နိုင်၊ မှန်ခေါင်းထဲတွင် ဆီစိမ်ထားကာ နေ့စဉ်နှင့်အမျှ ပူဆွေး ငိုကြွေးနေရှာသည်။

မြတ်စွာဘုရားအလောင်းတော် စျာန်အဘိညာဉ်ရ ရသေ့ ကြီးက မိမိ၏ အဘိညာဉ်ဘန်ခိုးဖြင့် ထိုအကြောင်းကို သိမြင် တော်မူသည်။ အဿကဘုရင်ကြီး၏ဒုက္ခကို မိမိမှတပါး မည်သူမျှ မကယ်တင် - မငြိမ်းချမ်းစေနိုင်သည့်အဖြစ်ကိုလည်း သိ နားလည် တော်မူသည်။

သို့ဖြင့် မိမိနေထိုင်ရာ ဟိမဝန္တာတောမှသည် အဿက ဘုရင်ကြီး စံရာ ပါဋလိပုတ်မြို့ရှိ အဿကဘုရင်ကြီး၏ ဥယျာဉ်တော် သို့ ကြွရောက်လာခဲ့သည်။

ထိုအခါ၌ ပုဏ္ဏားလုလင်တဦး ရသေ့ကြီးထံ ချဉ်းကပ်ခစား လာသည်။

ရသေ့ကြီးက သိပြီး ဖြစ်လျက်ပင် ထိုလုလင်အား အဿက ဘုရင်ကြီးအကြောင်း မေးမြန်းသည်။ လုလင်ကလည်း အဿက ဘုရင်ကြီးအကြောင်းကို အမှန်အတိုင်း ပြန်လည်ဖြေကြားကာ ရသေ့ကြီးအား ထိုအဿက ဘုရင်ကြီးကို တရားဟောပြော ကယ်ဘင်ဖြောင့်ဖျပေးပါရန် ပန်ကြားသည်။

ရသေ့ကြီးက အဿကဘုရင်ကြီးကိုယ်တိုင် သူ့ထံလာရောက် မေးမြန်းပါက ဥပရိမိဖုရားကြီး၏ လားရာဂတိ (နောင်ဘဝ သစ်အကြောင်း) ကို ပြန်လည်ပြောပြနိုင်ကြောင်း၊ စကားစ တို့ပြန်လိုက်သည်။

ပုဏ္ဏားလုလင်က အဿကဘုရင်ကြီးအား ထိုအကြောင်းကို အသိပေးပြီး ဘုရင်ကြီးသည် ရသေ့ကြီးထံသွားကာ ဥပရိမိဖုရား ကြီး၏ လားရာဂတိကို မေးမြန်းလျှောက်ထားသည်။

အဘိညာဉ်ရ ရသေ့ကြီးက ဤသို့ပြန်လည်ဖြေကြားသည်။

" မင်းကြီး....၊ သင်၏ မိဖုရားကြီးဥပရိဟာ မိမိ၏ရုပ်အဆင်း ကိုသာ နှစ်သက်သာယာပြီး မာန်ယစ် နေခဲ့တယ်။ ရုပ် အဆင်း လှပဖို့သာ တသသနှင့် ပြုပြင်နေခဲ့တယ်၊ ဒါန သီလ ကုသိုလ် ကောင်းမှုပြုဖို့ရာတော့ မေ့လျော့နေခဲ့တယ်၊ အဲ့ဒီလို မေ့လျော့ ပြီး မာန်ယစ်နေခဲ့တဲ့အတွက် ဥပရိဟာ သေသွားတဲ့အခါ ယုတ်ညံ့ တဲ့ ဘဝ ရောက်သွားရရှာတယ်၊ ဒီ ဥယျာဉ်ထဲမှာ ပင် နွားချေး ပိုးမ ဖြစ်နေရရှာတယ်.... "

အဿက ဘုရင်ကြီးသည် မယုံကြည်နိုင်ဖြစ်ရသည်။ ရသေ့ကြီး က လက်တွေ့မျက်မြင် ပြနိုင်ကြောင်း ပြောသည်။ ဘုရင်ကြီးက ပြခိုင်းသည်။

ရသေ့ကြီးက နွားချေးပိုးဖိုနှင့် ပိုးမတို့ကို အဿက ဘုရင်ကြီး ထင်ရှားမြင်သာလေအောင် အဘိညာဉ်တန်ခိုးဖြင့် ဖန်တီးလိုက် သည်။ အဿက ဘုရင်ကြီးအား " ယခုနွားချေးပိုးဖို၏နောက်မှ တရွေ့ရွေ့ လိုက်ပါလာသော ပိုးမသည်ကား ယခင်က သင်၏

မိဖုရားခေါင်ကြီး ဖြစ်ခဲ့ဘူးသော ဥပရိမိဖုရားကြီးပင် ဖြစ်တော့သည်'' ဟူ၍ ပြောပြသည်။

ဘုရင်ကြီးက–

''အရှင်ဘုရား....၊ အင်မတန် လိမ္မာရေးခြားရှိနေတဲ့ ဥပရိမိဖုရားစစ်စစ်က ဒီ နွားချေးပိုးမဖြစ်ရတယ်ဆိုတာ ကျွန်ုပ် မယုံကြည်နိုင်ပါဘူး'' ဟု အကြောက်အကန်ငြင်းဆိုသည်။

ဤ နေရာ၌ ကျေးဇူးရှင်မဟာစည်ဆရာတော်ကြီးက ထိုအသကဘုရင်ကြီးစကား (အပြစ်) နှင့် စပ်လျဉ်း၍ ကံ ကံ ၏ အကျိုးဘရားအကြောင်းကို ကြားညှပ်ဟောကြားထားသည်မှာ အထူးသဖြင့် လေးစားမှတ်သားဘွယ် ကောင်းလှပေသည်။

''ဟုတ်တယ်၊ ကံ – ကံ ၏အကျိုးပေးပုံကို ကောင်းကောင်း မယုံကြည်တဲ့သူပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်စပ်ဖြစ်ပုံကို သဘောမပေါက်တဲ့သူ၊ ဒီလိုပုဂ္ဂိုလ်တွေအဖို့မှာ ဆိုယင် လူစင်စစ်က ဒီလိုပိုးကောင်ဖြစ်သွားရတယ်ဆိုတာ ယုံကြည်ဘို့ ခက်ပေလိမ့်မယ်။

''ဗုဒ္ဓတရားတော်တွေ အင်မတန်ထင်ရှားနေတဲ့ ယခုခေတ်ထဲမှာတောင် 'လူသေယင် – လူထက်ယုတ်ညံ့တဲ့ဘဝမဖြစ်နိုင်တော့ဘူး' လို့ ယုံကြည်ယူဆတဲ့ သူတွေ ရှိနေကြသေးတာပဲ၊ ဘုရားတရားတော်ကို မကြားမနာရတဲ့ အဲဒီ သာသနာ 'ပ' အခါကာလမှာဆိုတော့ မယုံကြည်နိုင်ဘူးဆိုတာကို အပြစ်တင်ဘွယ်မရှိပါဘူး။

## အပါယ်လေးပါးနှင့် မလွတ်

" ဒါပေမဲ့ - ဗုဒ္ဓမြတ်စွာဘုရားဟောထားတဲ့ တရားတော် အရဆိုယင်တော့ အရိယာအဖြစ် မရောက်သေးတဲ့သူဟာ လူ့ ဘဝမှာလဲ အပါယ်လေးဘုံကို ရောက်နိုင်တာဘဲ၊ အကုသိုလ်ကံနှင့် သေခါနီးနှလုံးသွင်းမှုအားလျော်စွာ ယုတ်ညံ့တဲ့အပါယ်သတ္တဝါ မျိုးထဲမှာ ဖြစ်သွားနိုင်တာဘဲ။

" ကုသိုလ်နှင့် သေခါနီး နှလုံးသွင်း ကောင်းယင်တော့ ဘယ်လိုယုတ်ညံ့တဲ့ဘဝကပေမဲ့ မြင့်မြတ်တဲ့ လူ့ဘဝ နတ်ဘဝ တွေကို ရောက်လာနိုင်တာဘဲ။ ဒီနေရာမှာ အရှင်တိဿဆိုတဲ့ ရဟန်းတော်ဟာ သေခါနီး၌ သင်္ကန်းကို စွဲလမ်းပြီး သေသွားလို့ အဲဒီသင်္ကန်းမှာပဲ ' သန်း ' ဖြစ်ရတယ်၊ ဖားတကောင်ဟာ မြတ်စွာ ဘုရား၏ တရားတော်ကိုနာနေရင်း သေသွားတဲ့အခါ တာဝတိံ သာနတ်ပြည်မှာ နတ်သားဖြစ်ရတယ်ဆိုတာတွေဟာ သက်သေ သာဓကတွေပါဘဲ။

" ဒါပေမဲ့ - အဲဒီ အဿကမင်းကြီးကတော့ ဒီတရားတွေကို ကြားနာရဘူးတာမဟုတ်တဲ့အတွက် သူ့မိဖုရားက နွားချေးပိုးမ ဖြစ်သွားတယ်ဆိုတာကို မယုံနိုင်ဘဲရှိနေလို့ မယုံနိုင်ဘူးလို့ ငြင်း နေတာပါဘဲ "

## နွားချေးပိုးမ စကား

ဤသို့ဖြင့် အဿကဘုရင်ကြီး မယုံကြည် လက်မခံနိုင်ရှိနေ သောအခါ၊ အလောင်းတော်ရသေ့ကြီးကပိုးမပြန်ဖြေအပ်သော စကားကို ဘုရင်ကြီးနှင့် တကွ အားလုံးသော ပရိသတ် များပါ

ကြားသိနိုင်စေရန် အဘိညာဉ်တန်ခိုးဖြင့် ဖန်တီးအဓိဋ္ဌာန်ပြုကာ ဥပရိမိဖုရားကြီးဖြစ်ခဲ့ဘူးသည့် ပိုးမအား မေးမြန်းလိုက်သည်။

" ဟဲ့ – ပိုးမ၊ နင်ဟာ ရှေးဘဝတုန်းက ဘယ်သူဖြစ်ခဲ့သလဲ "

" မှန်ပါ့-အဿကမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ဥပရိ ဖြစ်ခဲ့ပါသည် – ဘုရား "

" ဘယ့်နှယ်လဲ – ပိုးမ၊ နင်ဟာ ယခု အဿကမင်းကြီးကိုဘဲ ချစ်သလား၊ သို့မဟုတ် နွားချေးပိုးဖိုကိုဘဲ ချစ်သလား "

" မှန်ပါ့ - ဟို အဿကမင်းဆိုတာကတော့ ရှေးဘဝတုန်းက တပည့်တော်မ၏ ခင်ပွန်းလင် ဖြစ်ခဲ့ပါတယ်၊ အဲ့ဒီအခါတုန်းက ဒီ ဥယျာဉ်တော်ထဲမှာ အဿကမင်းနှင့် တူနှစ်ကိုယ် ယှဉ်တွဲပြီး တပည့်တော်မဟာ အဆင်း၊ အသံ၊ အနံ့၊ အရသာ အတွေ့ဆိုတဲ့ ကာမဂုဏ်ငါးပါး အာရုံများကို ခံစားကာ လှည့်လည်ခဲ့ဘူးလှပါပြီ။

" သို့ပေမဲ့-ယခုအခါမှာတော့ ဘဝသစ်ရောက်နေတဲ့ အတွက် အဲ့ဒီအဿကမင်းဟာ တပည့်တော်မနှင့် ဘာမျှ မစပ်မဆိုင်တော့ပါဘူး "

ဥပရိမိဖုရားတဖြစ်လဲ ပိုးမသည် ဤစကားမျှသာ မဟုတ်၊ နောက် စကားတမျိုးကိုလည်း ထပ်မံပြောဆိုခဲ့သေးသည်။

" အရှင်ရသေ့ကြီးဘုရား....၊ ဤ ဥယျာဉ်တော်အရပ်ဒေသကို အဿကမင်းကို ချစ်မြတ်နိုးသော တပည့်တော်မသည်၊ တပည့်တော်မကို ချစ်မြတ်နိုးသော၊ ထိုစဉ်အခါက ချစ်လင်ဖြစ်သော

အသဃကမင်းနှင့်အတူတကွ အကြိမ်များစွာ လှည့်လည်ကာဖြင့် ခရီးမကွဲ တုနှစ်ကိုယ်ယှဉ်တွဲလျက် ပျော်ပွဲခံခဲ့ဘူးလှပါပြီ။

" အသစ်ဖြစ်သော ချမ်းသာနှင့် ဆင်းရဲက ဘဝဟောင်းကို (ဝါ) ချမ်းသာ ဆင်းရဲအဟောင်းကို ပိတ်အပ် - ဖုံးကွယ်အပ်ပါသည် - ဘုရား။ ထိုသို့ ချမ်းသာ ဆင်းရဲအသစ်က ချမ်းသာ ဆင်းရဲအဟောင်းကို ဖုံးကွယ်သွားသောကြောင့် လက်ရှိလင်ဖြစ်သော ပိုးဖိုကိုသာလျှင် အသဃကမင်းထက် တပည့်တော်မသည် သာ၍ ချစ်အပ်ပါတော့သည် - ဘုရား.... "

နောက်ဆုံး၌ကား၊ အသဃကဘုရင်ကြီးသည် ယခုလောလောဆယ်ဖြစ်ရာဘဝ၌ ပျော်နေသော ဥပရိမိဖုရားကြီးအကြောင်းကို ကောင်းစွာ သိနားလည်သွားသည်။ သို့ဖြင့်လည်း မိဖုရားကြီးအတွက် ထိခိုက်ပူဆွေးရမှု သက်သာလျော့ပါးသွားခဲ့သည်။

ဤဝတ္ထု၌ဆရာတော်ကြီး၏ပြလိုရင်းကား သတ္တဝါဟူသည် ဖြစ်ရာဘဝ၊ ကြုံကြိုက်ရာ အာရုံ၌ ဝင်စား တပ်မက် နှစ်သက်သာယာနေတတ်ပုံပင် ဖြစ်ပေသည်။

ထို့ကြောင့်ပင် ထို ဥပရိမိဖုရားကြီး၏ ဝတ္ထု ကြောင်းနှင့် စပ်လျဉ်းကာ ဤသို့လည်း ထုတ်ဖော် ဟောကြားတော်မူအပ်ပေသေးသည်။

## ရရာ အာရုံ၌ နှစ်သက်ခြင်း

ဒီ ဝတ္ထုထဲမှာ ပြောလိုရင်းကတော့ ဥပရိမိဖုရားဟာ လူ့ဘဝတုန်းကဆိုယင် အဲ့ဒီလူ့ဘဝ မိဖုရားအဖြစ်ကိုပဲ သာယာ

နှစ်သက်နေခဲ့တယ်။ နွားချေးပိုးမ ကိုယ်ထဲမှာ ဝင်ဖြစ်ဖို့ဆိုတာ ကတော့ စိတ်ကူးလို့တောင် ရမှာမဟုတ်ဖူး၊ ဒါပေမဲ့ သူ့ကံ အားလျော်စွာ နွားချေးပိုးဘဝရောက်သွားတဲ့ အခါကျတော့ အဲ့ဒီဘဝနဲ့ အဲ့ဒီပိုးမကိုယ်ကို နှစ်သက်သာယာနေတယ်။

နွားချေးပိုးဖို့ရဲ့ ကိုယ်ကိုလဲ အသကမင်းကြီးရဲ့ကိုယ်ထက် အဆပေါင်း ရာထောင်မကတောင် ပိုပြီးအထင်ကြီးနေတယ်၊ ချစ်မြတ်နိုးနေတယ်ဆိုတာကို ပြောလိုရင်းပါဘဲ။

အဲ့ဒီလိုအလွန်ယုတ်ညံ့တဲ့ နွားချေးပိုးဘဝမှာတောင် အပျော်ကြီးပျော်နေတာဟာ ရောက်ရာ–ရရာကို နှစ်သက် တပ်စွဲတဲ့ တဏှာကြောင့်ပါဘဲ။ ဒါကြောင့် မြတ်စွာဘုရားက ဒီ တဏှာကို 'တတြတတြာဘိ နန္ဒိနီ ထိုထို ရောက်ရာဘဝ - ရရာအာရုံ၌ နှစ်သက် ပျော်မွေ့လေ့ ရှိသည်' လို့ ဟောတော်မူတာပါဘဲ။

## ကြုံကြိုက်ရာတွင် ပျော်မွေ့မှု

ခွေးဖြစ်သွားယင် ခွေးဘဝမှာပျော်တယ်၊ ဝက်ဖြစ်ယင် ဝက်ဘဝမှာပျော်တယ်၊ ကြက်ဖြစ်ယင် ကြက်ဘဝမှာ ပျော်တယ်၊ ပိုးမွှားဖြစ်ယင် အဲ့ဒီဖြစ်ရာဘဝမှာ ပျော်တယ်၊ လူ့ ဘဝထဲမှာတောင် တချို့မှာ အထက်တန်းကျတဲ့ လူ ချမ်းသာရဲ့ သားသမီး ဖြစ်နေရာက အကြောင်းအားလျော်စွာ အောက်တန်းစားဆင်းရဲသား အခြေအနေမျိုး ရောက်နေတာ ရှိတယ်။

အဲဒီလို လူကလဲ သူ ရောက်နေရာ ဘဝ အခြေအနေနဲ့ ပျော်နေတာပဲ၊ တချို့များ မိဘတွေက ပြန်ခေါ်လို့တောင် မရဘူး၊ သူ့ ဘဝနဲ့သူ ပျော်နေတော့တာပဲ။ အဲဒီလို ဖြစ်နေတာတွေဟာ

ရောက်ရာဘဝ – ရရာအာရုံနဲ့ ပျော်မွေ့တယ်ဆိုတဲ့ ဒီတဏှာကြောင့်ပါဘဲ။

ယခုအစက မပြောခဲ့သေးဘဲ ချန်ထားခဲ့တဲ့ (ပေါနောဘဝိကာ) တဖန်ဘဝသစ်ကို ဖြစ်စေတတ်တယ်ဆိုတဲ့ အကြောင်းကို အကျယ်ပြောရမယ်။

## တဖန် ဘဝသစ်ဖြစ်ပေါ်ပုံ

ဒီတဏှာက နှစ်သက်တပ်စွဲခြင်းသဘောရှိတဲ့အတွက် ရောက်ရာဘဝမှာ၊ ကိုယ့်ဘဝနှင့်ကိုယ် နှစ်သက်သာယာပြီး ပျော်မွေ့နေတယ်၊ ရရာအာရုံနဲ့လဲ နှစ်သက်သာယာပြီး ပျော်မွေ့နေတယ်....။

ဒီလိုနှစ်သက်သာယာပြီး ပျော်မွေ့နေတဲ့အတွက်၊ မိမိဘဝမိမိကိုယ်ကို ရှိမြဲရှိနေစေချင်တယ်၊ တည်မြဲတည်နေစေချင်တယ်၊ ကောင်းတယ်ထင်တဲ့ အာရုံများကိုလဲ ရှိမြဲရှိနေစေချင်တယ်၊ တည်မြဲတည်နေစေချင်တယ်။

အဲ့ဒီလိုရှိမြဲရှိနေအောင် တည်မြဲတည်နေအောင် ကြောင့်ကြစိုက်ထုတ်ပြုလုပ်ရတဲ့အတွက်၊ဘဝသစ်ကိုဖြစ်စေနိုင်တဲ့ အကုသိုလ်ကံ – ကုသိုလ်ကံများ ထိုက်သည့်အားလျော်စွာ ဖြစ်တယ်။

ဒါ့ကြောင့် သေခါနီးမှာ တပါးပါးသော ကံ ဖြစ်စေ၊ ထိုကံပြုစဉ်က အခြေအနေ အာရုံကမ္မနိမိတ်ဖြစ်စေ၊ ထိုကံကြောင့် ဖြစ်ရမည့်ဘဝက အခြေအနေ ဂတိနိမိတ်ဖြစ်စေ ထင်ပေါ်လာတယ်....။

အဲ့ဒီထင်ပေါ်လာတဲ့ ကံ ကမ္မနိမိတ် - ဂတိနိမိတ် အာရုံ ကို တဏှာရှိတဲ့အတွက် စိတ်ထဲက စွဲနေတယ်၊ ဖျောက်ပစ်လို့ကို မရနိုင်ဘူး၊ ညနေချမ်းမှာ တောင်ရိပ်ကြီးများက မြေပြင်ပေါ်၌ ဖြန့်ပြီး ဖုံးလွှမ်းလာသလိုဘဲ၊ အဲ့ဒီ ကံ ကမ္မနိမိတ် - ဂတိနိမိတ် အာရုံဟာ စိတ်ထဲမှာ လွှမ်းမိုးပြီး ထင်ပေါ်နေတယ်။

အဲ့ဒီလိုထင်ပေါ်နေတဲ့အာရုံကို(အဘိသင်္ခါရဝိညာဏ်ခေါ်တဲ့) မရဏာသန္နဇောစိတ်က ဆုပ်ကိုင်ထားသလိုပင် စွဲလျက် အာရုံပြုလျက်ရှိနေတယ်။ * အဲ့ဒီအခါမှာ နောက်ဆုံးဖြစ်တဲ့ စုတိ ရုပ်နာမ် ခန္ဓာ ချုပ်သည်နှင့် တပြိုင်နက် ယင်း ကံ ကမ္မနိမိတ် - ဂတိနိမိတ်ကိုပင်လျှင် စွဲမှီ အာရုံ ပြု လျက် ဌာနသစ် - ဘဝသစ်မှာ တည်မှီရာ ရုပ်နှင့်တကွ ပဋိသန္ဓေစိတ် ဖြစ်ပေါ်တယ်။

စိတ်ဖြစ်ယင် သူ့ ယှဉ်ဘက် စေတသိက်နာမ်တွေလဲ ပါတော့တာပေါ့၊ အဲ့ဒီပဋိသန္ဓေစိတ်နောက်မှာလဲ ကံ စွမ်းရှိသလောက်

---

* အင်္ဂုတ္တရပါဠိ တိက နိပါတ် ( စာမျက်နှာ ၂၂၄ ) ၌ ကမ္မံခေတ္တံ ဝိညာဏံ ဗီဇံ၊ တဏှာသိနေဟော — ဟု ဟောတော်မူ သ ည် နှင့်အညီ၊ ဘဝသစ်ဖြစ်ရာ၌ ကုသိုလ်ကံ — အကုသိုလ်ကံသည် ပေါက်ပွားရာ လယ်မြေသဖွယ်ဖြစ်သည်။ အဘိသင်္ခါရ ဝိညာဏ်သည် ပဋိသန္ဓေဝိညာဏ်ဖြစ်ပေါ်ရန် မျိုးစေ့သဖွယ်ဖြစ်သည်။

ရောဂ်ရာဘဝ - ရရာအာရုံ၌ နှစ်သက်ပျော်မွေ့သော တဏှာသည်၊ ရေခဲတဲ့ အစိုဓာတ် သဖွယ်ဖြစ်သည်။ ထိုတွင် အဘိသင်္ခါရ ( ဘဝသစ်ကို ပြုတတ်သော ) ဝိညာဏ်ဟူသည်မှာ စေတနာ ကံ နှင့် ဘက်တွဖြစ်သော စိတ်ဝိညာဏ်ဖြစ်ကြောင်း အဋ္ဌကထာ၌ ဖွင့်ပြ၏။

မူလ ကံ ဖြစ်စဉ်က ထို ကံ နှင့် တကွ ဖြစ်သကဲ့သို့ နောက်နောင်၌လည်း စေတနာနှင့်တကွဖြစ်သောကြောင့် နောက်နောက် စိတ်ကိုလည်း အဘိသင်္ခါရဝိညာဏ်ဟူ၍ပင် ခေါ်သင့်၏။

ဘဝင်စိတ်တွေ တဘဝလုံးအဆက်မပြတ် ဖြစ်သွားတယ်၊ အဲ့ဒီလို ဘဝအသစ်ဖြစ်တာဟာ ဘာ့ကြောင့်လဲဆိုယင် ကံနှင့်တဏှာ ဆိုတဲ့အကြောင်းနှစ်ပါးကြောင့် ဖြစ်တာဘဲ။

ဒါပေမဲ့ တဏှာမရှိယင် ကံသက်သက်က ဘဝကို မဖြစ်စေနိုင်ဘူး၊ ဒါကြောင့် ဘဝသစ်ဖြစ်ရာမှာ တဏှာက အရင်းခံအကြောင်းဘဲ။ အဲ့ဒီလိုအရင်းခံအကြောင်းအဖြစ်ဖြင့် ဘဝသစ်ကို ဖြစ်စေတတ်သောကြောင့် ပေါနောဘဝိကာ တဖန်ဘဝသစ်ကို ဖြစ်စေတတ်တယ်လို့ ဟောတော်မူတာပါဘဲ။

ဤကား - သမုဒယသစ္စာ တွယ်တာ နှောင် ဖွဲ့တတ်ခြင်းနှင့် ပတ်သက်၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရား ၏ ဟောကြားညွှန်ပြမှုဖြစ်လေသည်။ ဆရာတော်သည် ထိုသမုဒယသစ္စာသဘောတွင်၊ သက်ဆိုင်ရာ အထောက် အထား အဖြစ် ဝတ္ထု ကြောင်း အဖြစ်အပျက်များကိုလည်း ကြားညှပ် ဖော်ပြ ထား သေးသည်။

---

အထူးအားဖြင့်မူကား သေခါနီး၌ ကံ ကမ္မနိမိတ် ဂတိနိမိတ်ကို စွဲမှီလျက် အာရုံပြုလျက်ဖြစ်နေသော မရဏာသန္နဇော စိတ်ကို အဘိသင်္ခါရ ဝိညာဏ်ဟု ဆိုသင့်လှပေ၏။

အဘယ့်ကြောင့်ဆိုသော် ထို မရဏာသန္နဇောစိတ်မှပဋိသန္ဓေစိတ် ဝိညာဏ်ဖြစ်ပေါ်ရသောကြောင့် ပေတည်း။ ထို့ပြင် မျိုးစေ့သည် ရေဓာတ် အစိုဓာတ်နှင့် ထိခတ္တရှုမှသာလျှင် အပင်အညှောက်ပေါက်နိုင်သကဲ့သို့ ဝိညာဏ်မျိုးစေ့သည်လည်းယင်းနှင့်ယှဉ်တွဲလျက်ဖြစ်စေ ရွေးအဖို့အနီး၌ဖြစ်စေ ဖြစ်လျက်၊ တဏှာက သူ၏ အရှိန် အဟုန်ကို ရရှိစေလျက် အားပေးခြင်းကြောင့် ကံ ကမ္မနိမိတ် ဂတိနိမိတ်အာရုံကို စွဲမြဲစွာ အာရုံပြုသောအားဖြင့် ယင်းအာရုံကို စွဲမှီအာရုံပြုလျက် ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေနိုင်ပေသည်။

" ပြဟ္မာဖြစ်လို့တဝင်းဝင်း-ဝက်စားကျင်းမှာတမြုံ့မြုံ့ " ဟူသော စာခေါင်းစီးဖြင့် ဖော်ပြထားသည့်၊ ဝက်မကလေး ဝတ္ထုကြောင်းမှာကား၊ အဖြစ်အပျက် ( သံသရာကျင်လည်ရပုံ) အားဖြင့်လည်း ထူးခြားသည်။ ထို ဝက်မကလေးကိုအကြောင်း ပြု၍ ဗုဒ္ဓမြတ်စွာဘုရားထုတ်ဖော်မိန့်မြွက်တော်မူအပ်သောတရား ဒေသနာတော်မှာလည်း သဘောအဓိပ္ပာယ် သိသာထင်ရှားလှ ပေသည်။

## ပြဟ္မာဖြစ်လို့တဝင်းဝင်း - ဝက်စားကျင်းမှာ တမြုံ့မြုံ့

တခါက မြတ်စွာဘုရားဟာ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင် တော်မူတယ်။ အဲဒီအခါ ဝက်မကလေးတကောင်ကို မြင်တော် မူပြီး ပြုံးတော်မူပါသတဲ့-ပြုံးတဲ့အခါ သွားတော်များမှ ဖြူသော ရောင်ခြည်တော်များ ထွက်လာတာကို မြင်ရလို့ ပြုံးတော်မူ ကြောင်း သိရတဲ့အတွက်၊ အရှင်အာနန္ဒာက ဘာကြောင့် ပြုံးတော်မူပါသလဲလို့ မေးလျှောက်တယ်။ မြတ်စွာဘုရားက " အာနန္ဒာ - ဟိုမှာကြည့်စမ်း၊ ဝက်မကလေးကို မြင်ရဲ့လား "

" မြင်ပါတယ် - ဘုရား "

" အဲဒီဝက်မကလေးဟာ ကကုသန် မြတ်စွာဘုရား၏ သာသနာတော်တည်ထွန်းစက လူ့ဘဝ အမျိုးသမီး အဖြစ်မှ သေပြီး ဆွမ်းစားကျောင်းတခုအနီးမှာ ကြက်မဖြစ်ခဲ့တယ်၊ အဲဒီ ကြက်မဟာ သိန်းငှက်က ဖမ်းသုတ်ပြီး စားလို့သေရရှာတယ်။

" ဒါပေမဲ့ စောစောပိုင်းက ယောဂီ - ရဟန်း တပါး၏ ကမ္မဋ္ဌာန်းတရားရွတ်ဆိုနေတဲ့ တရားသံကို ကြားပြီး ကုသိုလ်

ဖြစ်သွားခဲ့လို၊ အဲ့ဒီကုသိုလ်၏ အစွမ်းကြောင့် လူ့လောကမှာ မင်း၏အိမ်၌ ဥပ္ပရိမည်သော မင်းသမီးဖြစ်ခဲ့တယ်။

"အဲ့ဒီမင်းသမီးဟာ နောက်ကာလမှာ ပရိဗိုဇ်ကျောင်း၌ ပရိဗိုဇ် ပြုနေယင်း အိမ်သာထဲက ပိုးလောက်တွေကို ကြည့်ပြီး ပုဠုဝကသညာ (ဩဒါတသညာ)ကို ဖြစ်စေလျက် ပထမစျာန်ကို ရခဲ့တယ်။ အဲ့ဒီပရိဗိုဇ်ဘဝကသေတဲ့အခါ ပထမစျာန် ဗြဟ္မာ့ဘုံမှာ ဗြဟ္မာဖြစ်ခဲ့တယ်။

"ဗြဟ္မာဘဝက စုတေတဲ့အခါ လူ့လောက၌ သူဌေးသမီး ဖြစ်ခဲ့တယ်၊အဲ့ဒီသူဌေးသမီးဘဝကသေတဲ့အခါ ဒီဝက်မကလေး ဖြစ်နေရရှာတာလဲ၊ အဲ့ဒီ အကြောင်းအရာတွေကို မြင်လို့ ငါပြုံးတယ်" လို့ မိန့်တော်မူပါတယ်။

အဲ့ဒီအကြောင်းအရာကို ကြားရတော့ ရှင်အာနန္ဒာနှင့်တကွ ရဟန်းတော်များမှာ ကြီးစွာသော သံဝေဂရကြပါသတဲ့။ အဲ့ဒီအခါ မြတ်စွာဘုရားက ဆွမ်းခံကြွနေယင်း လမ်းမှာဘဲ ရပ်တော်မူလျက် တရားဂါထာ (၆) ပုဒ်ကို ဟောတော်မူပါတယ်။ ယခု အဲ့ဒီ (၆) ပုဒ်ထဲက ပထမတပုဒ်ကို ထုတ်ပြမယ်။

ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊
ဆိန္နောပိ ရုက္ခော ပုနရေဝ ရူဟတိ။
ဧဝမ္ပိ တဏှာနုသယေ အနူဟတေ၊
နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ။ ။

အမြစ်အရင်းသည် ဘေးရန်မရှိဘဲ ခိုင်မြဲနေလတ်သော်၊ အထက်ပိုင်းဘက် အကိုင်းအခက်ကို ခုတ်ဖြတ်ထား ငြားသော်လည်း၊ သစ်ပင်သည်၊ တဖန်ပြန်၍သာလျှင် အညွန့်အတက်ပေါ်

ထွက် စည်ပင်ပြန်သကဲ့သို့၊ ဤအတူပင်လျှင် သန္တာန်၌ ဖြစ်ထိုက်သော အနုသယတဏှာကို အရိယမဂ်ဖြင့် မပယ်အပ်သေးသည်ရှိသော် ဘဝအသစ်ဖြစ်ခြင်းစသော ဤ ဆင်းရဲသည် အဖန်ဖန်အထပ်ထပ်ဖြစ်လေတော့၏။

## တဏှာမကင်းသေးသမျှ

အဲ့ဒီဂါထာဖြင့် ဖော်ပြလိုရင်းကတော့ ဥပရိမင်းသမီးဘဝတုန်းက ပရိဗိုဇ်ရသေ့ပြုပြီး တရားနှလုံးသွင်းလို့ ပထမစျာန်ကို ရခဲ့တယ်။ ဒါပေမဲ့ အဲ့ဒီစျာန်က စိတ်ကူးအဖြစ်နဲ့ ဖြစ်ပေါ်တဲ့ ကာမရာဂပရိယုဋ္ဌာနတဏှာကိုသာ ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်နိုင်တယ်၊ အခိုက်အတန့် အတော်ကြာအောင် ဝေးကွာစေတာပါဘဲ၊ ဒါကြောင့် အဲ့ဒီပဋ္ဌမစျာန်ရတဲ့ ဘဝတုန်းကနဲ့ ဗြဟ္မာဘဝတုန်းက ကာမရာဂတဏှာမဖြစ်ပေါ်ဘဲ ကင်းနေခဲ့တယ်။

ဒါပေမဲ့ အရိယာမဂ်ဖြင့် အမြစ်ပြတ်ပယ်တာ မဟုတ်သောကြောင့် လူ့ဘဝသေဋ္ဌေးသမီးဖြစ်တဲ့အခါကျတော့ အဲဒီကာမတဏှာဟာ ဖြစ်မြဲပြန်ဖြစ်တာဘဲ၊ ဘဝတဏှာကတော့ စျာန်ရနေတုန်းကလဲ ဖြစ်နေခဲ့တာပါပဲ။

အဲဒီလိုအနုသယတဏှာအမြစ်မပြတ်တဲ့အတွက် ဗြဟ္မာဖြစ်ပြီးတဲ့နောက် လူ့ဘဝမှတဆင့် ဝက် ဘ ဝ လဲ ရောက်ရပြန်တယ်။ တဏှာမကင်းသေးသမျှကာလပတ်လုံး ဒီပုံ - ဒီနည်းဖြင့် ကုံအားလျော်စွာ ဘဝအမျိုးမျိုးတွေ ဖြစ်ဖြစ်သွားရမယ်လို့ ဆိုလိုပါတယ်။

## ဘာဝနာကုသိုလ်၏အစွမ်း

အဲ့ဒီမှာ ဗြဟ္မာဖြစ်ပြီးတဲ့နောက် ဝက် ဖြစ်ရပြန်တာကို အကြောင်းပြုပြီးတော့ ရှေးဆရာတော်ကြီးများက ဗြဟ္မာဖြစ်လို့ တဝင်းဝင်း - ဝက်စားကျင်းမှာ တမြုံ့မြုံ့လို့ ဆိုတော်မူခဲ့ကြပါတယ်။

ဒါပေမဲ့ ဗြဟ္မာဘဝမှ စုတေပြီးလျှင်ပြီးချင်း ဝက်တော့မဖြစ်နိုင်ဘူး၊ အခြားတိရစ္ဆာန်၊ ပြိတ္တာ ငရဲသားဆိုတာတွေလဲ မဖြစ်နိုင်ပါဘူး။ စျာန်ရတဲ့ဘဝက စျာန်၏ အနီးဖြစ်တဲ့ ဥပစာရ ဘာဝနာကုသိုလ်၏အစွမ်းကြောင့် လူ့လောက၊ နတ်လောက၌သာ ဖြစ်နိုင်ပါတယ်။

ယခုပြောနေတဲ့ ဝက်မကလေးဟာလဲ လူ့လောက သေဋ္ဌေးသမီးဘဝမှတဆင့် ဝက်ဘဝကို ရောက်ရတာပဲ၊ အဲ့ဒါဟာလဲ သေဋ္ဌေးသမီးဘဝတုန်းက မာန်ယစ်ပြီး ရိုသေထိုက်တဲ့ ပုဂ္ဂိုလ်ကို မရိုမသေပြစ်မှားခဲ့တဲ့ အကုသိုလ်ကံကြောင့် ဖြစ်ဖွယ်ရှိပါတယ်။

ဤမျှဆိုလျှင် သမုဒယသစ္စာ၏အခြင်းရာသဘောသဘာဝကို ထိုက်သင့်သမျှ သိသာထင်မြင်နိုင်လောက်ပေပြီ။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားဟောကြား (ဖွင့်ပြ) တော်မူသမျှကို အပြည့်အစုံဖော်ပြရန်မှာကား ဤစာအုပ်ဖြင့် မလုံလောက်နိုင်ရှိနေပေသည်။

ထို့ကြောင့်သမုဒယသစ္စာသဘောကို ဤမျှဖြင့် ပိုင်းဖြတ်ကာ တတိယမြောက် သစ္စာတပါး ဖြစ်သော ‘နိရောဓသစ္စာ’ ကို ဆက်လက်တင်ပြရပေဦးမည်။

## နိရောဓသစ္စာ သမ္မာဒိဋ္ဌိ

အကြောင်းဘဝ၌ စက္ခု၌ တွယ်တာသော တဏှာ လောဘသည် အပြီးချုပ်ငြိမ်း၏။ ထိုဘဝမှ နောက်၌ စက္ခုသည် တဖန်ဖြစ်ပေါ်ခြင်းမရှိချုပ်ငြိမ်း၏။ စက္ခု၏ ဒုက္ခချက်တို့သည် တဖန် ဖြစ်ပေါ်ခြင်းမရှိ ချုပ်ငြိမ်း၏။

[ သောတ ဃာန ဇိဝှာ ကာယ မနောတို့၌လည်း ထို့အတူ မြင်လေ။ ]

ဤသို့သိမြင်သောဉာဏ်သည် ဒုက္ခငြိမ်းမှုအမှန်ကို မြင်သော ‘ သမ္မာဒိဋ္ဌိ ’ ဉာဏ်မည်၏။

ဤကား - ကျေးဇူးရှင် လယ်တီဆရာတော် ဘုရား၏ ( အကျဉ်းချုပ် ) ဖွင့်ဆိုမှုဖြစ်သည်။ ထိုနိရောဓသစ္စာကိုပင်လျှင် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရား ဖွင့်ပြထားသည်မှာကား ဤသို့ဖြစ်ပေသည်။

## နိရောဓသစ္စာ

ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓော အရိယ သစ္စံ၊
ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ
နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိအနာလယော။

ရဟန်းတို့....၊ ဤ ဆိုလတ္တံ့သောတရားသည်ကား၊ ဆင်းရဲ ချုပ်ငြိမ်းရာ ချုပ်ငြိမ်းခြင်းသဘော ဖြစ်သော အရိယ သစ္စာ ပေတည်း။ ဝါ - အရိယာတို့သိအပ်သောအမှန်တရားပေတည်း။ ထို - ဆာလောင်မှုတဏှာ၏ပင်လျှင် အကြွင်း အကြွင်းမဲ့ပျက်ပြယ်

ခြင်း၊ ချုပ်ခြင်းသည်၊ ထိုတဏှာကိုပင် အကြွင်းစွန့်ခြင်းသည်၊ အကြွင်းမဲ့စွာ စွန့်ခြင်းသည်၊ အကြွင်း ဆုပ်ကိုင်မထားဘဲ လွှတ်လိုက်ခြင်းသည်၊ အကြွင်းတွယ်တာမှု ကင်းခြင်းသည် ရှိ၏။ ဤ သဘောသည် ဒုက္ခ နိရောဓ အရိယသစ္စာပေတည်း။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပါဠိတော်ကို ဆရာတော်က ဤ အတိုင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုတော်မူသည်။

လိုရင်း အချုပ်အားဖြင့်ကား၊ ဒုက္ခနိရောဓ အရိယသစ္စာ ဟူသည် လိုချင် နှစ်သက် တပ်မက်တွယ်တာမှုဟူသော တဏှာ ချုပ်ငြိမ်းကင်းပျောက်ခြင်းကို ဆိုလိုခြင်းပင် ဖြစ်ပေသည်။

သို့သော် ချုပ်ငြိမ်းခြင်းမှာမူ အကြောင်း အားလျော်စွာ ယုတ် မြတ် နိမ့် မြင့် ကွဲပြား ကွာခြားမှု ရှိသည်။

ဝိပဿနာဉာဏ်အားလျော်စွာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု အမှန်အတိုင်း သိမြင် ပိုင်းခြားနိုင်ခြင်းအားဖြင့် တဒင်္ဂ တခဏ တာ ချုပ်ငြိမ်းခြင်း၊ သောတာပတ္တိမဂ်အားဖြင့် ချုပ်ငြိမ်းခြင်း၊ သကဒါဂါမိမဂ် အားဖြင့် ချုပ်ငြိမ်းခြင်း၊ အနာဂါမိမဂ် အားဖြင့် ချုပ်ငြိမ်းခြင်းဟူ၍ အဆင့်အတန်း၊ အမျိုးအစား ကွဲပြားကွာခြားသွားသည်။

အရဟတ္တမဂ်ဉာဏ်ဖြင့် ချုပ်ငြိမ်း ကင်းပျောက် သွားခြင်းမှာကား အမြင့်မြတ်ဆုံးသော ချုပ်ငြိမ်းမှုဖြစ်သည်နှင့်အမျှ နောင် တဖန်လည်း ရုပ် နာမ် ခန္ဓာ ဘဝသစ် ဖြစ်ပေါ်လာခြင်း မရှိတော့ပေ။ ဤ တဘဝတည်း၌ပင်လျှင် နိဗ္ဗာန်ကို ဆိုက်ရောက်သွား ခြင်း ဖြစ်သည်။

ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည် ကျင့်ကြံအားထုတ်သူများအဖို့မူ၊ သောတာပတ္တိမဂ်သို့ ဆိုက်ရောက်ရခြင်းသည်ပင်လျှင် ( အနိမ့်ဆုံးအဆင့်ဖြစ်စေကာမူ ) နှစ် သက် အားရဖွယ်ကောင်းလှပြီဟု ဆိုထိုက်နေပေသည်။

အကြောင်းမှာကား သောတာပန် ပုဂ္ဂိုလ်ဟူသည် အပါယ်ဘေးမှ လွတ်ကင်းသွားသည်။ သောတာပတ္တိမဂ်သို့ ဆိုက်ရောက်ပြီးသူသည် ကာမသုဂတိဘုံတွင် ခုနစ်ကြိမ် ကျင်လည်ရသေးသော်လည်း အပါယ် ငရဲဘေးနှင့်မူ လွတ်ကင်းသွားပြီ ဖြစ်သည့်အတွက် သံသရာဝဋ်ဆင်းရဲတွင်းမှ ထွက်မြောက် သွားပြီဆိုနိုင်သောကြောင့် ဖြစ်ပေသည်။

ဤနေရာ၌ မှတ်စရာ ( သိ နားလည်တတ်ဖို့ ) တခုရှိသည်။

သောတာပန်ပုဂ္ဂိုလ်ဖြစ်မြောက်ခဲ့လျှင် အပါယ်ငရဲသို့ မကျရောက်နိုင်၊ ငရဲမခံရတော့ ဆိုခြင်းမှာ သောတာပန်မို့ ငရဲသို့ မကျနိုင် ဆိုလိုခြင်းမဟုတ်၊ သောတာပန်ဖြစ်ပြီး သူသည် အပါယ်ငရဲသို့ ကျရောက်စေမည့် အမှုများကို လုံးဝမပြုလုပ်တော့၊ သို့ မပြုလုပ်တော့သောကြောင့်လည်း အပါယ်ငရဲဘေးနှင့် လုံးဝလွတ်ကင်းသွားရသည်ဟု ဆိုလိုခြင်းဖြစ်လေသည်။

## သောတာပန်၏ဂုဏ်အင်္ဂါ

သောတာပန်ပုဂ္ဂိုလ်ဆိုရာ၌ သကဒါဂါမ် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်များနှင့် နှိုင်းစာလိုက်လျှင်သာ အနိမ့်ဆုံးအဆင့် ဆိုရသော်လည်း စင်စစ်သောတာပန်ပုဂ္ဂိုလ်၏ ထူးခြားမှုမှာလည်း အလေးအနက် သိမှတ်ဖွယ်ဖြစ်သည်။

သောတာပန်ဟူသည် ‘ ဓမ္မာဒါသ ’ တရားလေးပါးနှင့် ပြည့်စုံညီညွတ်ရသည်။ ထို တရားလေးပါးနှင့် ပြည့်စုံညီညွတ်မှသာ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်မြောက်နိုင်သည်။

ထို ဓမ္မာဒါသတရားလေးပါး ဆိုသည်မှာကား ဤသို့ ဖြစ်သည်။

## ဓမ္မာဒါသတရားလေးပါး

၁။ ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူး၌ ပကာတိသော သက်ဝင်ယုံကြည်မှုရှိခြင်း။
၂။ တရားတော်၌ ပကတိသော သက်ဝင်ယုံကြည်မှုရှိခြင်း။
၃။ သံဃာတော်၌ ပကတိသော သက်ဝင်ယုံကြည်မှုရှိခြင်း။
၄။ အရိယာတို့ မြတ်နိုးကျင့်သုံးအပ်သော သီလနှင့်ကောင်းစွာ ပြည့်စုံခြင်း။

သောတာပန်တို့မည်သည် ဤအင်္ဂါလေးပါး နှင့် ပြည့်စုံညီညွတ်သည်။ တည်ကြည်ခိုင်မြဲသည်။ ဤနေရာ၌ ဗုဒ္ဓမြတ်စွာဘုရား၏ဂုဏ်ကျေးဇူးကိုပကတိသက်ဝင်ယုံကြည်ခြင်းဆိုသည်မှာ အလေးအနက် နားလည်သိမှတ်ရမည့်သဘောဖြစ်သည်။

မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးဆိုသည်မှာ ဗုဒ္ဓဘာသာဝင်မှန်က အနည်းနှင့်အများ သိနားလည်ကြပြီး ရှိသေလေးစားကြပြီးမဟုတ်ပါလောဟု သာမန်အားဖြင့် ထင်မှတ်ဖွယ် ရှိ၏။ စောဒကတက်ထိုက်၏။

သောတာပန်ပုဂ္ဂိုလ်တို့ သိနားလည် ယုံကြည်အပ်သော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးဆိုသည်မှာ ဤသို့မဟုတ်ပေ။

သောတာပန်များ မြတ်စွာဘုရားကို ယုံကြည်သက်ဝင်ခြင်းမှာ မြတ်စွာဘုရား၏ဂုဏ်ကျေးဇူး၊ သို့မဟုတ် မြတ်စွာဘုရား၏ သာသနာတော်၌ ချွင်းချက်မရှိ ယုံကြည်သက်ဝင်ခြင်းဖြစ်သည်။ တစုံတရာတွေးတောယုံမှားခြင်းလည်း မရှိ၊ ယိမ်းယိုင်ထွေပြားခြင်းလည်းမရှိ၊ ဗုဒ္ဓမြတ်စွာဘုရားသည်သာလျှင် တဆူတည်း - တဦးတည်းသော ကိုးကွယ်အားထားရာဖြစ်သည်။ အမှန်တရားကို ဟောကြားညွှန်ပြရာ ပုဂ္ဂိုလ်ဖြစ်သည်။

သောတာပန်ပုဂ္ဂိုလ်များ မြတ်စွာဘုရား၌ ယုံကြည်သက်ဝင်ခြင်းမှာ ပုဂ္ဂိုလ်တဦးတယောက် မျက်မြင် ထင်ရှား အဖြစ်ဖြင့်မဟုတ်၊ မြတ်စွာဘုရား၏ တရားသဘာဝကို ကိုယ်တွေ့ ကျင့်ကြံအားထုတ်မှုအားလျော်စွာ ပညာသိ-သိနားလည်ခြင်း ဖြစ်သည်။ ယုံကြည်လက်ခံခြင်း ဖြစ်သည်။

## ဘုရားစစ်-ဘုရားမှန်၊ တရားစစ်-တရားမှန်

ထို့ကြောင့်ပင် သောတာပန် ဖြစ်မြောက်ပြီးပုဂ္ဂိုလ်အဖို့ ဗုဒ္ဓမြတ်စွာဘုရားမှလွဲ၍ အခြားတပါးသော ဘုရားမည်သည် မရှိ။ အခွင့်အရေးဘေးအန္တရာယ်တစုံတရာအတွက် ဗုဒ္ဓမြတ်စွာဘုရားကို ပစ်ပယ်ကာ အခြားအယူဝါဒ၊ အခြားပုဂ္ဂိုလ်ကို - ကိုးကွယ်ယုံကြည်ရန်လည်း လုံးဝမရှိတော့၊ ဗုဒ္ဓမြတ်စွာဘုရားသည်သာလျှင် ဘုရားစစ် - ဘုရားမှန်၊ ဗုဒ္ဓမြတ်စွာဘုရား၏ တရားသဘာဝသည်သာလျှင် တရားစစ်-တရားမှန်ဟူ၍ ချွင်းချက်မရှိ လက်ခံယုံကြည်နေပေတော့သည်။

ထို့ကြောင့်လည်း သောတာပန်ဟူသည် အခြားဘဝများ၌ (ခုနစ်ကြိမ်မျှ) ကျင်လည်ရသေးစေကာမူ ယုံကြည်ယူဆမှု

မပြောင်း၊ အဆင့်အတန်းမနိမ့်ကျ၊ မူလဆိုက်ရောက်ရရှိခဲ့ပြီး သောတာပတ္တိမဂ်အဆင့်ဖြင့် ( ထို့ထက်မြင့်လျှင်သာ မြင့်သည် ) သာလျှင် နောက်ဆုံးဘဝ၌ နိဗ္ဗာန်သို့ ကူးမြောက်သွားရချေသည်။

## ဒုက္ခနိရောဓ - အရိယသစ္စာ

ဤကား - အကြောင်းစပ်လျဉ်းမှု အားလျော်စွာ သောတာပန် ပုဂ္ဂိုလ်တို့၏ ထူးမြတ်သောအဖြစ် နှစ်သက်အားရဖွယ်အခြေအနေကို အကျဉ်းချုပ်တင်ပြရခြင်းဖြစ်သည်။ မူလဆိုညွှန်းခဲ့ရင်းဖြစ်သည့် နိရောဓသစ္စာကို ပြန်ကောက်ရလျှင်ကား ဤသို့ဖြစ်ပေသည်။

> ရဟန်းတို့....၊ ဤသည်ကား ဒုက္ခနိရောဓအရိယသစ္စာဟူ၍ ငါ့အား ရှေးက မကြားဘူးသေးသော တရားတို့၌ ပညာမျက်စိဖြစ်ပေါ်ခဲ့ပြီ....၊ အသိဉာဏ်ဖြစ်ပေါ်ခဲ့ပြီ....၊ အပြားအားဖြင့် သိသောပညာဖြစ်ပေါ်ခဲ့ပြီ....၊ ထိုးထွင်း၍ သိသော ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်ခဲ့ပြီ....၊ အသိဉာဏ်ပညာဟူသော အလင်းရောင်ဖြစ်ပေါ်ခဲ့ပြီ။

နိရောဓသစ္စာကို သိမှုနှင့် ပတ်သက်၍ ဗုဒ္ဓမြတ်စွာဘုရားက ပဉ္စဝဂ္ဂီငါးဦးတို့အား ဤကဲ့သို့ထုတ်ဖော်မိန့်မြွက်တော်မူခဲ့သည်။

လိုရင်းအဓိပ္ပာယ်မှာကား၊ တဏှာ ချုပ်ငြိမ်းသဖြင့် ရုပ်နာမ်သင်္ခါရ ဆင်းရဲအားလုံးချုပ်ငြိမ်းသည့်သဘော ( နိရောဓသစ္စာ ) ကို တွေ့သိခဲ့ရပြီးဖြစ်ကြောင်း ထုတ်ဖော်သိသာစေခြင်းပင် ဖြစ်ပေသည်။

ရဟန်းတို့....၊ ထိုသို့သော ဤဒုက္ခနိရောဓအရိယသစ္စာကို မျက်မှောက်ပြုအပ်သည့် တရားဟူ၍ ရှေးက မကြားဘူးသေးသော တရားတို့၌ ငါ့အား ပညာမျက်စိဖြစ်ပေါ်ခဲ့ပြီ....၊ အသိဉာဏ်ဖြစ်ပေါ်ခဲ့ပြီ....၊ အပြားအားဖြင့် သိသော ပညာဖြစ်ပေါ်ခဲ့ပြီ ...၊ ထိုးထွင်း၍ သိသော ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်ခဲ့ပြီ....၊ အသိဉာဏ်ပညာဟူသော အလင်းရောင်ဖြစ်ပေါ်ခဲ့ပြီ။

ဤတွင် "မျက်မှောက်ပြုအပ်သည့် တရားဟူ၍ ပညာမျက်စိဖြစ်ပေါ်ခဲ့ပြီ"ဆိုသည်တို့မှာအကျိုးတရားသဘောဟုပင်ဆိုထိုက်နေသည်။

အဘယ်ကြောင့်ဆိုသော် ရှေ့ပိုင်းတွင် "ဤသည်ကား၊ နိရောဓအရိယသစ္စာဟူ၍ ငါ့အား ရှေးက မကြားဘူးသေးသော တရားတို့၌ ပညာမျက်စိဖြစ်ပေါ်ခဲ့ပြီ"ဆိုသည်တို့မှာ အကြောင်းတရားကို သိခြင်းကြောင့်သာလျှင် မျက်မှောက်ပြုအပ်သည့်အဖြစ်ကို ထပ်ဆင့်သိမြင်ရခြင်းမှာကား "အကျိုးတရား"အရာ သက်ရောက်နေခြင်းကြောင့် ဖြစ်သည်။

## ပြီးပြည့်စုံခြင်းသဘော

ရဟန်းတို့....၊ ထိုသို့သော ဤဒုက္ခ နိရောဓ အရိယသစ္စာကို မျက်မှောက်ပြုအပ်ပြီ၊ မျက်မှောက် ပြုသိခြင်းကိစ္စပြီးပြီဟူ၍ ငါ့အား ရှေးက မကြားဘူးသေးသော တရားတို့၌ ပညာမျက်စိဖြစ်ပေါ်ခဲ့ပြီ၊ အသိဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊ အပြားအားဖြင့် သိသောပညာဖြစ်ပေါ်ခဲ့ပြီ၊

ထိုးထွင်း၍သိသော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်ခဲ့ပြီ၊အသိဉာဏ်
ပညာဟူသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီ။

ဤတွင်ကား ပြီးပြည့်စုံခြင်းသဘောဖြစ်သည်။ နိရောဓသစ္စာ ဟူသည် ဤသို့ပါတကား...၊ သို့မဟုတ် ဤသည်ကား နိရောဓ သစ္စာပါတကားဟူ၍ သိခြင်း၊ သိသည့်အလျောက်လည်း မျက် ခမှာက်ပြု ( ယုံကြည်လက်ခံခြင်း ) အပ်ခြင်း၊ ပြည့်စုံနေခြင်း ဟူ၍ သုံးမျိုး - သုံးပါးဖြစ်မြောက်နေပေသည်။

ထို့ကြောင့် နိရောဓသစ္စာဟူသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နှစ်ပါးမှ အကြောင်းခံလာခဲ့သော ' အကျိုးတရားသဘော '' ဟု သိမှတ်ထိုက်သည်။ တနည်းအားဖြင့်သော် ဆင်းရဲပင်ပန်းမှု တွယ်တာတပ်မက်မှုများ၏ မကောင်းခြင်း အကြောင်းတရား ကြောင့် ထိုထို အခြင်းအရာများကို '' စွန့်ပစ်ပြတ်တောက်သွား ခြင်း အကျိုးတရား '' ဟု ဆိုရပေလိမ့်မည်။

## ကိုယ်တွေ့ ဉာဏ်မြင်

သောတာပတ္တိမဂ်သို့ ဆိုက်ရောက်သူ ( သောတာပန် ) သည် ထိုထို အကြောင်းတရား၊ အကျိုးတရားနှစ်ပါးကို - ကိုယ်တွေ့ ဉာဏ်မြင် သိမြင်နားလည်သွားခြင်းပင် ဖြစ်ပေသည်။ တဆင့် ကြား မှတ်သားမှုသဘောမျှမဟုတ်၊ ကိုယ်တိုင်လက်တွေ့ ရှုမှတ် ဆင်ခြင်မှုအဖြစ်ဖြင့် ပညာသိသဘော ဝေဖန်ပိုင်းခြားပြီး သိနား လည်သွားသောအခါ ထိုသဘောတရားကို ထုတ်ဖော်ညွှန်ပြ အပ်သည့် ဗုဒ္ဓမြတ်စွာဘုရားကိုလည်း ချွင်းချက်မရှိ ယုံကြည် မြတ်နိုးသွားသည်။

ထို မြတ်စွာဘုရား၏ တရားတော်ကိုလည်း ချွင်းချက်မရှိ ယုံကြည်မြတ်နိုးသွားသည်။ သံဃာတော်၌လည်း ဤို့အတူ ဖြစ်သည်။ ထို သံဃာတော် အရှင်မြတ် အရိယာပုဂ္ဂိုလ်တို့ ကျင့်သုံးဆောက်တည်အပ်သော လောကုတ္တရာတရား ( ထူးမြတ်စွာသော အကျင့်သီလ ) ၌လည်း သဒ္ဓါတရားထက်သန် ခိုင်မြဲစွာ ယုံကြည်သက်ဝင်သွားသည်။

အင်္ဂုတ္တိုရ်ပါဠိတော် ပထမတွဲ စာမျက်နှာ ၁၇၈-တွင်ကား၊ ယခုသဘောနှင့်တထပ်တည်းဖြစ်နေသော ကြောင်းကျိုးဆက်စပ်မှုကို ဤသို့တွေ့သိရလေသည်။

| အကြောင်းတရား | အကျိုးတရား |
| --- | --- |
| " ရဟန်းတို့....ဒုက္ခနိရောဓ အရိယသစ္စာဟူသည် အဘယ်နည်း.... " | " သမုဒယသစ္စာအရာ၌ ပြခဲ့သော အဝိဇ္ဇာ၏ ပင်လျှင် အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်းကြောင့် သင်္ခါရတို့၏ ချုပ်ခြင်းဂြီးစီးသည် " |
| " သင်္ခါရတို့၏ ချုပ် ခြင်းကြောင့် ဘဝသစ် ဝိပါက် ဝိဉာဏ်ချုပ်ခြင်းပြီးစီးသည် " | " ဝိ ဉာဏ် ချုပ် ခြင်းကြောင့် နာမ် ရုပ် ချုပ် ခြင်း ပြီးစီးသည် " |
| " နာမ် ရုပ် ချုပ် ခြင်းကြောင့် သဠာယတန ချုပ် ခြင်းပြီးစီးသည် " | " သဠာယတန ချုပ်ခြင်းကြောင့် ဖဿချုပ်ခြင်း ပြီးစီးသည် " |

| အကြောင်းတရား | အကျိုးတရား |
|---|---|
| "ဖဿ ချုပ်ခြင်းကြောင့် ဝေဒနာ ချုပ်ခြင်း ပြီးစီးသည်" | "ဝေဒနာ ချုပ်ခြင်းကြောင့် တဏှာချုပ်ခြင်း ပြီးစီးသည်" |
| "တဏှာချုပ်ခြင်းကြောင့် ဥပါဒါန် ချုပ်ခြင်း ပြီးစီးသည်" | "ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝချုပ်ခြင်း ပြီးစီးသည်" |
| "ကမ္မဘဝ ချုပ်ခြင်းကြောင့် ဘဝသစ်ဖြစ်မှု ချုပ်ခြင်း ပြီးစီးသည်" | "ဘဝသစ်ဖြစ်မှုချုပ်ခြင်းကြောင့် အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ပြင်းစွာ စိတ်ပူပန်ခြင်း တို့သည် လည်း ချုပ်ကုန်၏။" |

ဤဆိုခဲ့သည့်အတိုင်း သုခနှင့်လည်းမစပ်၊ အတ္တ ကောင်လဲ မဟုတ်သော ဤ ဆင်းရဲအစုသက်သက်၏ သာလျှင် ချုပ်ခြင်း ဖြစ်သည်။

"ရဟန်းတို့….၊ယခုပြဆိုခဲ့သော ဤ ဆင်းရဲအစုသက်သက်၏ ချုပ်ခြင်းကို ဒုက္ခနိရောဓအရိယသစ္စာ ခေါ်ဆိုအပ်ပေသည်"

ဤကား ဒုက္ခသစ္စာ-သမုဒယသစ္စာတို့နှင့် ကြောင်း ကျိုး ဆက်နွယ်နေသောနိရောဓသစ္စာသဘောသချုပ်ကိုအကျဉ်းချုံးပြီး ထုတ်ဖော်ဆိုညွှန်းရခြင်းဖြစ်သည်။ **ကျမ်းတတ်ဉာဏ်မြင် ပညာ** ရှင်များအဖို့ကား ယခုထက် ပိုမို ချဲ့ထွင်ပြီး သိနားလည်ကြဘို့ ဖြစ်ပေသည်။

## မဂ္ဂသစ္စာ သမ္မာဒိဋ္ဌိ

အကြင်အခါ ကောင်းစွာ ပွားများအားထုတ်သဖြင့် စက္ခု၏ သဘာဝကို ကောင်းစွာမြင်၏။ စက္ခု၏ ဒဏ် ချက်တို့ကို ကောင်းစွာ မြင်၏။ ထိုအခါ၌ စက္ခု၌ တွယ် တာသော တဏှာလောဘသည် ချုပ်ငြိမ်းခြင်းသို့ရောက် ၏။ သေသည်မှနောက်၌ စက္ခုသည် ချုပ် ငြိမ်း ခြင်း သို့ ရောက်၏။ စက္ခု၏ ဒဏ်ချက်တို့သည် ချုပ်ငြိမ်းခြင်းသို့ ရောက်ကုန်၏။

[ သောတ ဃာန ဇိဝှာ ကာယ မနောတို့၌လည်းထို့အတူ မြင်လေ ]

ဤသို့ဒုက္ခငြိမ်းကြောင်း ကောင်းစွာ ပွားများ အားထုတ်ရန် လမ်းမှန်ကို သိမြင် သော ဉာဏ်သည် ဒုက္ခ၏ ငြိမ်းခြင်းသို့ ပေါက်ရောက်ကြောင်းဖြစ်သော ' ပဋိပတ်လမ်းမှန်ကို မြင်သော သမ္မာဒိဋ္ဌိဉာဏ် 'မည်၏။

ဤကား - ကျေးဇူးရှင် - လယ်တီဆရာတော်ဘုရား၏ ' မဂ္ဂင်ဒီပနီ 'မှ အကျဉ်းချုပ် အဆိုအညွှန်းဖြစ်လေသည်။

အကြောင်းရင်း အခြေခံ သဘောအားဖြင့်ကား စက္ခု၏ သဘာဝဆိုသည်မှာ မြင်သိမှုကို အကြောင်းပြု၍ သက်ဆိုင်ရာ အာရုံများ ဆက်နွယ်ဖြစ်ပွားသွားရခြင်း၊ အကုသိုလ်မှုများ တိုး ပွားဘွယ်ဖြစ်ခြင်းတို့ကို ဆိုလိုရင်း ဖြစ်လေသည်။

မြင် သိမှုကို ပညာသိဖြင့် ဝေဖန်ပိုင်းခြားကာ အမှန်အတိုင်း သိတတ်လာသောအခါ အကုသိုလ်မဖြစ်ရရုံမျှ မဟုတ်သေး။ မင်

ဖိုလ် နိဗ္ဗာန် ရောက်ကြောင်း ကောင်းသော မြင်ခြင်း၊ ကောင်းသော သိခြင်း ဖြစ်လာရသည်။ ဤသည်ပင်လျှင် မဂ္ဂသစ္စာမည်သော သမ္မာဒိဋ္ဌိဉာဏ် အမြင် ဖြစ်သည်။

"ရဟန်းတို့....၊ မှန်စွာမြင်ခြင်းဟူသည် အဘယ် ပါနည်း။ ရဟန်းတို့....၊ ဒုက္ခသစ္စာ၌ ဝါ ဆင်းရဲတရား၌ (ဆင်းရဲရခြင်း၌) အကြင် အသိဉာဏ် သည် ရှိ၏၊ သမုဒယသစ္စာ ဝါ ဆင်းရဲ ဖြစ်ပွား ကြောင်း တရား ၌၊ အကြင်အသိဉာဏ်သည်ရှိ၏၊ နိရောဓသစ္စာ၌ ဝါ ဆင်းရဲ ချုပ်ရာ ဆင်းရဲချုပ်ခြင်းသဘော၌၊ အကြင် အသိဉာဏ် သည်ရှိ၏၊ မဂ္ဂသစ္စာ၌ ဝါ ဆင်းရဲချုပ်ရာ ချုပ်ခြင်း သဘောသို့ ဆိုက်ရောက် သိမြင်သော အကျင့်လမ်း၌ အကြင် အသိဉာဏ်သည်ရှိ၏၊ ရှိ၏။ ဤ အသိဉာဏ်ကို မှန်စွာ မြင်ခြင်းဟူ၍ ခေါ်ဆိုအပ်၏"

'မဂ္ဂင်ရှစ်ပါး' ၏ အစဦးစွာသော 'သမ္မာဒိဋ္ဌိမဂ္ဂင်' နှင့် စပ်လျဉ်း၍ ဗုဒ္ဓမြတ်စွာဘုရားက ဤသို့လျှင် အကျယ်ဖွင့် ပြထားတော်မူသည်။ ထို့ကြောင့်လည်း 'သမ္မာဒိဋ္ဌိမဂ္ဂင်' ဟူသည် 'သမ္မာသင်္ကပ္ပမဂ္ဂင်' နှင့် တွဲဖက်၍ 'ပညာက္ခန္ဓမဂ္ဂင်' (ပညာခဏ်းဆိုင်ရာအစု) အရာတွင် ဆိုက်ရောက်တည်နေရခြင်း ဖြစ်သည်။

ကြောင်းကျိုးသဘာဝအားဖြင့်ကား၊ မဂ္ဂင်ရှစ်ပါး တရားလမ်းစဉ်ခရီး၌ သမ္မာဒိဋ္ဌိမဂ္ဂင်ဟူသည် ဦးဆောင်ညွှန်ပြသူ၊ သစ္စာလေးပါးဟူသည် ဆင်ခြင်လေ့လာပွားများ အားထုတ်သူ (အားထုတ်မှု) ဟု ဆိုရမည် ဖြစ်လေသည်။

## (၂) သမ္မာသင်္ကပ္ပ

### ဖြူဝင်ဖြောင့်မတ် - ကောင်းမြတ်စင်ကြယ်သော အကြံ အစည်

သမ္မာသင်္ကပ္ပ — ဖြူဝင်ဖြောင့်မတ် - ကောင်း မြတ် စင် ကြ ယ် သောအကြံအစည်ဆိုရာ၌ သမ္မာဒိဋ္ဌိမှာကဲ့သို့ပင် မူလတရားကိုယ်မှ ဆင့်ပွားကွဲပြားသွားသော အခြင်းအရာသုံးမျိုးသုံးစားရှိသည်။

ထိုကွဲပြားမှုသုံးမျိုးမှာ—

၁။ နေက္ခမ္မသင်္ကပ္ပ၊ လောဘအာရုံ - ကာမဂုဏ်ခန္ဓာ သံသရာညွန့်ဗွက်မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကောင်းမြတ်သော အကြံအစည်—

၂။ အဗျာပါဒသင်္ကပ္ပ — အသက်ရှိ သူ လူ တိရစ္ဆာန် သတ္တဝါမှန်သမျှတို့အား အသက်ခန္ဓာချမ်းသာစေလိုကြောင်း ကောင်းမြတ်သော အကြံအစည်—

၃။ အဝိဟိံသာသင်္ကပ္ပ — အ သ က် ရှိ သူ လူ တိရစ္ဆာန် သတ္တဝါမှန်သမျှတို့အား ကိုယ်စိတ်နှစ်ဖြာချမ်းသာစေလိုကြောင်း ကောင်းမြတ်သော အကြံအစည်တို့ပင် ဖြစ်သည်။

### လောဘအာရုံကိုစွန့်ပယ်ခြင်း

နေက္ခမ္မသင်္ကပ္ပ — သံသရာညွန့်ဗွက်မှ ထွက်မြောက်ကြောင်း ဆိုသည်မှာ စင်စစ်အားဖြင့်ကား လောဘအာရုံကိုစွန့်ပယ်ထိန်းချုပ်ခြင်းသဘောပင် ဖြစ်သည်။ လူသည် နဂိုသဘာဝအားဖြင့်ကား ကောင်းသော အဆင်း ( လှပတင့်တယ် - ထူးခြားဆန်း

ကြယ်ခြင်း ) တွင် သာယာနှစ်သက် တပ်မက် တွယ်တာစမြဲ ဖြစ်၏။

အဆင်းမှတပါး သာယာသောအသံ၊ မွှေးပျံ့သော အနံ့၊ ချိုမြိန်သော အရသာ၊ နူးညံ့သော အထိအတွေ့များတွင်လည်း အနည်းနှင့်အများ နှစ်သက်စွဲလမ်းကြ၏။ အချို့မှာ ထိုထိုအာရုံများကို သူတပါးထက် ပိုလွန်ပြီး နှစ်သက်စွဲလမ်းလွန်းသောကြောင့်ပင်၊ လောကအလျောက်ဖြစ်စေ၊ ဘာသာတရားယဉ်ကျေးမှုအားလျော်စွာဖြစ်စေ၊ ကန့်သတ်ပိုင်းခြားထားသော စည်းကမ်းဥပဒေများကို ချိုးဖျက်ကြ၏။ ကျော်လွန်ကြ၏။

ထိုအခါ နောက်နောက်သံသရာအရေးကို အပထား ဦး၍၊ ယခုလောလော ဆယ်မျက်မှောက်ဘဝ၌ပင် လျှင် ကိုယ်စိတ်နှစ်ပါးဆင်းရဲရခြင်းများနှင့် ကြုံဆုံထိတွေ့ရလေတော့သည်။

## လိုအပ်သည်ထက် ပိုလွန်ခြင်း

ဤကဲ့သို့အာရုံငါးပါးကို လိုအပ်သည်ထက် ပိုလွန်ပြီး စိတ်ဝင်စားကြသဖြင့် ပြဿနာအမျိုးမျိုးဖြစ်ကာ တဦးနှင့် တဦး ခိုက်ရန်ဒေါသဖြစ်ရခြင်း၊ အမှုအခင်းဖြစ်ရခြင်း၊ အစိုးရအပြစ်ဒဏ်ခံရခြင်း၊ နာမည်ပျက် – အရှက်ကွဲဖြစ်ရခြင်း စသည်တို့မှာ နေ့စဉ်မြင်တွေ့ကြားသိနေရသော မျက်မြင် – ကိုယ်တွေ့ အခြင်းအရာများပင် ဖြစ်တော့သည်။

နေကွမ္မသက်ပ္ပ — သံသရာညွန့်ဗွက်မှ ထွက်မြောက်ကြောင်း ကောင်းမြတ်သောအကြံအစည်ဆိုရာ၌ကား၊ ထိုထိုအာရုံများကို တပ်မက်မှု လျော့ပါးသွားသည်။ စွဲလမ်းတွယ်တာမှု ပျက်ပြယ်

သွားသည်။ ပုထုဇဉ်လောကသားဘဦးအနေဖြင့် ထို ထို စွဲလမ်းမှု များကို လုံးဝမစွန့်လွှတ်နိုင်သည့်တိုင် ခေါင်းပါးနိုင်သမျှ ခေါင်းပါးလေအောင် လျော့ပါးနိုင်သမျှ လျော့ပါးလေအောင် ရှေးရှုရည်ရွယ်မိခြင်းမှာကား အမှန်ပင် ကောင်းမြတ် လှသည် သာ ဖြစ်တော့သည်။

ဤကဲ့သို့နေကွမှသက်ပ - လောကီအာရုံကာမဂုဏ်စည်းစိမ်ကို စွန့်ပယ်ရကြောင်း ကောင်းမြတ်စွာသော ကြံစည် တောင့်တမှု မျိုးကို မဟာဇနကဇာတ်တော်တွင် တွေ့သိရသည်။

စာဖတ်သူများ အာရုံပြောင်း ဇာ တ် ကြောင်း သိဖြစ် စိမ့် သောငှာ ထိုက်သင့်သမျှ စပ်လျဉ်းတင်ပြရပေဦးမည်။

**မင်းဘူး - ဦးသြဘာသ၏ ဇာတ်တော်-**

ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် မဟာဇနက မင်းကြီးဖြစ်စဉ်အခါ၊ ထို - ပြည့်ရှင်မင်းအဖြစ် မှ သည် ရဟန်းဘဝကို အလွန်ပင် ရည်သန်တောင့်တတော်မူခဲ့၏။

ကြီးကျယ်ခမ်းနားလှစွာသော မင်း၏ စည်းစိမ်ကို ခံစား - စံစားနေရင်းမှပင်လျှင် ထို မင်း စည်းစိမ်ကို စွန့်ပစ်ကာ ရဟန်းဘဝ ချမ်းသာ - ရဟန်းတို့၏ ဂုဏ်ကျေးဇူး၌ အထူးသဖြင့် အာရုံညွတ်ခဲ့၏။ အဘယ်သောအခါ၌ ထိုရဟန်းဘဝသို့ ရောက်ရပါမည်နည်း။ ရဟန်းတို့၏ အကျင့်သိက္ခာကို စောင့်စည်း ကျင့်သုံးရပါမည်နည်းစသည်ဖြင့် အဖန်တလဲလဲ ကြံစည်တွေးတော နေမိခဲ့၏။

ဤသို့လျှင် နေကွမ္မသက်ပွ – လောဘ အာရုံ ကာမဂုဏ် ညွှန်ဗွက်မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ကောင်းမြတ်စွာသော ကြံစည်ရွေရှုခြင်းနှင့် ပတ်သက်၍ ဘုရားအလောင်းတော် မဟာဇနကမင်းကြီး၏ ရွေရှုကြံစည် ရည်ရွယ်သန်တောင့်တတော်မူပုံကို ကျေးဇူးရှင်-မင်းဘူး ဦးသြဘာသ ဆရာတော်ဘုရားကြီး၏ မဟာဇနကဇာတ်တော်တွင် ကြည်ညိုလေးမြတ်စွာ ဖတ်ရှုရသည့်မှာကား – ဤသို့ ဖြစ်လေသည်။

## မဟာဇနကမင်းကြီး၏အကြံအစည်

ဘုရားလောင်းသည် ရဟန်းအဖြစ်သို့ ညွတ်သော စိတ်အားကြီးတော်မူသည်ဖြစ်၍ ရွှေနန်းစည်းစိမ်ကို လောကန္တရိက်ငရဲကဲ့သို့ ထင်တော်မူလျက်၊ သုံးဘုံသော ဘဝမီးသည် ညီးညီးပြောင်ပြောင် တောက်လောင်တော်မူလျှင် ဘေးမဲ့ရာသို့ လျင်စွာပြေးဝင်လိုသော နှလုံးတော်ရှိသဖြင့် သိကြားမင်းစံရာ တာဝတိံသာနတ်ပြည်ကဲ့သို့ တန်ဆာဆင်အပ်သော ဤမိထိလာပြည်ကို စွန့်ပစ်၍ အဘယ်ကာလရောက်မှ ဟိမဝန္တာ၌ ရဟန်းပြုခွင့်ကို ရပါမည်နည်းဟု ကြံတော်မူလျက်....

"ငါ စံတော်မူရာ ဤမိထိလာရာဇဓာနီပြည်ကြီးသည် ညချမ်းတိုင်း - နံနက်ချမ်းတိုင်း လမ်းမ၊ လမ်းငယ် အသွယ်သွယ်သော ဆိုင်စဉ်ခရီး၌ သွားလာကုန်သော အရွယ်ရှိ မိန်းမ-ယောကျ်ားတို့၏ ဝတ်ဆင်သော အဝတ်တန်ဆာရောင်၊ ဆင်-မြင်း-ရထားစသည်တို့၌ ဆင်အပ်သော တန်ဆာရောင်၊ ဈေးတန်း ဆိုင်စဉ်တို့၌ မပြတ် ခင်းကျင်းကုထားသော အဝတ်တန်ဆာရောင်၊ မင်းပွဲ စိုးပွဲ ထွက်-ဝင်တက်သက်ကြကုန်သော

မှူးမတ် ပြည်သူ ပြည်သား မင်းခယောကျ်ားတို့၏ ဝတ်ဆင်ဆောင်ရွက်သော အဝတ်တန်ဆာ ရောင်စ သည် တို့ ဖြင့် လည်း အခါမလပ် ပွင့်လန်း၏။

" ရှေးဝိဒေဟရာဇတိုင်းကြီးကို အစိုးရသော ငါ၏ ဘေး - လောင်းတော် သောမနဿမင်းကြီးတည်ထားစီမံတော်မူခဲ့သော ဤ မိထိလာပြည်ကြီးသည် နန်းတော်ရံမြို့ငယ်နှင့်တကွ မြို့တံတိုင်း သုံးထပ် ကျုံးသုံးထပ်တို့ဖြင့် အလွန်တင့်တယ်၏။

" မြို့ သုံးထပ်တို့၏ အတွင်း၌လည်း သားတော်၊ ညီတော်၊ ဦးရီးတော်စသော မင်းဆွေ - မင်းမျိုးတို့၏ နေရာ ပြသာဒ် တန်ဆောင်း အိမ်ကောင်း အိမ်ကြီးတို့ဖြင့် ပြည့်၏။ ဤ သို့ စ သော ဂုဏ်တို့ဖြင့် နှလုံးမွေ့လျော်ဘွယ်ရှိသော ရာဇဓာနီ မင်းနေပြည်ကြီး စည်းစိမ်ကို အဘယ်အခါ စွန့်ခွာနိုင်၍ ' ငါ ရဟန်း ပြုဖြစ်ပါအံ့နည်း ' ဟူ၍ ရည်သန်တောင့်တတော်မူမိချေ၏။

**ထိုမှတပါးလည်း —**

" ဤ ငါ၏ နန်းတော်ပြသာဒ်ဆောင်တို့သည် စိန်ဖူး - စိန်ပွင့်၊ စိန်ပျံ - မှန်ကင်း၊ တုရင် – စုလစ်၊ အမွှမ်း – ထုပိကာ တို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍လည်း အလွန်တင့်တယ်၏။ ရွှေတိုက် ငွေတိုက် ကြက်သရေတိုက်စသည်တို့၌ နရပတေ့အင်တေ တို့ဖြင့် အပြေအပြစ်ပြုလျက် ရွှေ ငွေစသော ရတနာတို့ဖြင့် တန်ဆာဆင်အပ်သည် ဖြစ်၍လည်း အလွန်တင့်တယ်၏။

" လက်အမှု၌ တတ်လှစွာသော ဗိသုကာ ဆရာကြီးတို့သည် ကောင်းစွာ တမျဉ်း ခင်းလျက်၊ ဤအရပ်၌ - ဤ အဆောင်

စသည်ဖြင့် သင့်တော်ရာ ချထား စီမံ ဖန်ဆင်းအပ်သည် ဖြစ်၍၊ ဤ ခုနှစ်ရာကျော် အရေအတွက်ရှိကုန်သော နန်းပြသာဒ်ဆောင်တို့သည်လည်း၊ နတ် ဘုံဗိမာန်တစုဘည်းကျသကဲ့သို့ တဆောင်ကအရောင် တဆောင်ကိုကူးခတ်လျက်၊ တလျပ်လျပ်ရောင်နှယ်ယှက်တွယ်ယိုဖိတ်၍ စိတ်နှလုံးမွေ့လျော်ဘွယ်လည်းရှိကုန်၏။

"နန်းတော်ပတ်လည်၌ စင်ကြယ် သန့်ရှင်း မွေးသင်းသော ပန်းရနံ့တို့ဖြင့်၎င်း၊ အကျော်စန္ဒကူးနီစသော အ ထုံ အ ခိုး မွှေးမျိုးနံ့သာပျောင်းတို့၏ ရနံ့ဖြင့်၎င်း၊ နန်း တော် ပြ သာဒ် ဆောင်တိုင်း တသင်းသင်း - တကြိုင်ကြိုင်လှိုင်သည်ဖြစ်၍ နှလုံးမွေ့လျော်ဘွယ်လည်း ရှိကုန်၏။

"ဤသို့စ သော ဂုဏ် တို့ ဖြင့် မခွာရက်နိုင်အောင်သော ဤရွှေနန်းပြသာဒ်စည်းစိမ်ကို အဘယ်အခါမှ ခွာပစ် - စွန့်ပစ်၍ ရဟန်းပြုနိုင်ပါအံ့နည်း... "

## သို့မှတပါးလည်း -

"ဤနန်းမ - နန်းငယ် အသွယ်သွယ်သော အဆောင်တို့၌ ခုနစ်ရာသော ကြက်သရေတိုက်ဝယ် တခုစီခင်းအပ်သော ရတနာ သလွန်တော်၊ ဤနန်းတော်အတွင်း၌ အသီးသီးသင့်ရာ - တော်ရာ ခင်းအပ်သော နေရာတိုင်း အင်းပျဉ် - ရာဇပလ္လင် အပေါင်းတို့သည်၊ အချို့ကား ရွှေဖြင့် ပြီးကုန်၏။ အချို့ကား မျက်ကိုးဒါးဖြင့် ပြီးကုန်၏။

"ထို သလွန် ညောင်စောင်း နေရာထိုင် အင်းပျဉ် ရာဇပလ္လင်တို့၌ သိမ်မွေ့ ကောင်းမြတ် နူးထွတ် ညံ့သက်သော သား

မွေး - ငှက်မွေးတို့ဖြင့် လက်လေးသစ်ကျော်အရှည် အထက်သို့ တက်စေလျက်၊ အထူးအဆန်း ယက်အပ်သော ခင်းနှီးပြောက်တို့ဖြင့် ခင်းအပ်သည်ဖြစ်၍လည်း အလွန်နှလုံးမွေ့လျော်ဘွယ် ရှိကုန်၏။

" ထိုရတနာ ပလ္လင်စသည်တို့ကို အဘယ်အခါမှ စွန့်ခွာနိုင်၍ ရဟန်းပြုဖြစ်ပါအံ့နည်း .... "

မဟာဇနကမင်းကြီးသည် ထီးနန်းစည်းစိမ် ရိပ် ငြိမ် ချမ်းသာကို ခံစား - စံစားနေရင်းမှပင်လျှင် ရှင်ရဟန်း အဖြစ်ကို ဤကဲ့သို့ ရည်သန်တောင့်တဘော်မူခဲ့သည်။

ဤ စိတ် ဆန္ဒ တောင့်တကြံစည်မှုမှာ သာမန်အားဖြင့်သော် ပုဂ္ဂိုလ် တဦး တယောက်၏ အကြောင်းခြင်းရာမျှဟု ထင်မှတ်ဖွယ်ရှိသည်။ ဘုရင်မင်းမြတ်တဦး၏ စိတ်ကူးယဉ် မြှော်မှန်းချက်ဟူ၍လည်း ယူမှတ်ဖွယ်ဖြစ်သည်။

ကာမဂုဏ်မှုနှင့် အမြိုက်တရား ခြားနား ဝေးကွာမှု သဘောအားဖြင့်ကား၊ မဟာဇနကမင်းကြီး၏ စိတ်ကူးကြံစည်ခြင်းမှာ အလေးအနက်ဆင်ခြင်ဖွယ်ဖြစ်လေသည်။ ထီး နန်း စည်း စိမ် ရိပ် ငြိမ် ချမ်းသာဆိုသည်မှာ လောက၏ အထွတ်အထိပ် အမြင့်မားဆုံး ချမ်းသာမှုဖြစ်နေခဲ့လေရာ၊ ဤ စည်းစိမ်ချမ်းသာမျိုးကို စွန့်ပယ်ရှောင်ကွင်းရန်ဆိုသည်မှာ ကြံစည်နိုင်ခဲ - ဖြစ်နိုင်ခဲ့လှသော အခြေအနေမျိုး ဖြစ်နေပေသည်။

ထို့ကြောင့်ပင် နေကွမ္မသက်ပ္ပ - ကာမဂုဏ်ညွန့်ဗွက်မှ ထွက်မြောက်ကြောင်းဖြစ်သော ကြံစည်တောင့်တမှုမှာ ယနေ့ခေတ်လူသားများ အနေဖြင့်လည်း စင်စစ် အတုယူ အား ကျ ဘွယ် ကောင်းလှပေသည်။

နောက်ဆုံး၌ကား – မဟာဇနက မင်းကြီးသည် အစ ဦး စွာ ရည်သန်တောင့်တခဲ့ရင်းဖြစ်သော ရှင် ရဟန်းအဖြစ် - ရှင်ရဟန်း တို့၏ ဂုဏ်ကျေးဇူးကို ချီးကျူး အောက်မေ့၍ ပင်လျှင် ဤသို့ ကြံစည်တောင့်တတော်မူခဲ့ပြန်သည်။

## ရဟန်းဘဝ - ရဟန်းအဖြစ်

"ငါသည် ဦးပြည်းရိတ်သဖြင့် ဖန်ရည်စွန်းသော ဒုကုဋ်သင်္ကန်းကိုရုံ၍ သပိတ်လက်စွဲလျက် အဘယ်အခါမှ ဆွမ်းခံ – ဆွမ်းစားသွားရပါအံ့နည်း။ ခရီးလမ်းမတို့၌ လူတို့ အသုံးမဝင်၍ စွန့်ပစ်လေပြီးသော အဝတ်တို့ကို ပံ့သုကူကောက်ယူသဖြင့် သင်္ကန်းဒုကုဋ်ချုပ်ဆိုး၍ အဘယ်အခါမှ ဝတ်ရုံ ရပါအံ့နည်း။

"ရက်လည်နေ့စပ် မပြတ်ရွာသော မိုးကြီးထဲ၌ သင်္ကန်းစွတ်စိုလျက် အဘယ်အခါ ဆွမ်းခံရပါအံ့နည်း။ ငါသည် ထို ထိုသို့သော အရပ်တို့သို့သွား၍ **တတောမှ လျှင် တတောဝင်လျက်၊ သစ်တပင်နား၊ ဝါး တပင်ရိပ်** စိတ် ကြောင့်ကြမဲ့၊ ငဲ့ကွက်လွတ်ရှင်၊ တကိုယ်ချင်းဖြင့်၊ သီဟင်းဖြူဆွတ်စွာသော ဗြဟ္မစရိယ်ကို၊ အလိုက် အဘယ် အခါမှ ဖြည့်ဆောင်ရပါအံ့နည်း။

"ငါသည်ဟိမဝန္တာတော၌၊ တကုန်းပြောင်းတက်၊ တကုန်းသက်၍ ကြောက်မက်ဖွယ် ရန်၊ ဘေးဒဏ်မမြှော်၊ အဖော်မပါဘဲ၊ အဘယ်အခါမှ သွားရပါအံ့နည်း။ လိမ္မာတတ်ကျွမ်းလှစွာသော စောင်းသမားသည်၊

ကောင်းလှစွာသောစောင်း၌ ခုနစ်ချောင်းညှိကို နှလုံးမွေ့လျော်ဘွယ် အညီအညွတ်ညှိသကဲ့သို့-

" ယခု ငါ၌ကြောင့်ကြဘွယ် အသွယ်သွယ် စနှောင့်ယှက်၍၊စိတ်စက်မသာမအီ၊ မညီမညွတ်ရှိသော နှလုံးကို၊ ဖြုန်းဖြုန်းဖြတ်၍ ညီညွတ်ဖြောင့်မတ်စွာအဘယ်အခါမှ တရည်တည်းကျနိုင်ပါအံ့နည်း။

" ဖိနပ် ခြေနင်းအလိုငှာ သားရေနယ် သမားသည် ထက်လှစွာသော ဆောက်ဝန်းဖြင့်၊ သား ရေ နယ် ကို ညီညွတ်စွာ ပိုင်းပိုင်းဖြတ်လှီး သကဲ့သို့၊ လူ န တ် တို့၏ သန္တာန်၌ တန်တန်ရစ်မြေးဖွဲ့ယှက်ကာနေသော **ကာမ သံယောဇဉ်**ကို၊ လွင့်စင် ကင်းပျောက်အောင် ဉာဏ် ဆောက်ဝန်းဖြင့် ပယ်တွန်းပိုင်း ဖြတ် ၍၊ မြတ်သော နေရာ၌ အဘယ်အခါမှ ငါနေရပါအံ့နည်း...."

ဤကား - မိထိလာပြည်ကြီးရှင်မဟာဇနကဘုရင်မင်းမြတ်၏ နေက္ခမ္မသက်ပွ - အာရုံဖြစ်လေသည်။ လောကသမုတိနတ် - မြင့်မြတ်ကြီးကျယ်လှစွာသော စည်းစိမ်ရှင်မှန်လျက်၊ ဤသို့ - ဤပုံ ကြံစည်တောင့်တတော်မူခဲ့ခြင်းမှာ မင်းကြီး၏ ပါရမီသက်သက် မျှမဟုတ်သေး၊ ရဟန်းဘဝ၏ ချမ်းသာ ( သို့ မ ဟု တ် ) တရားသဘာဝ၏ မြင့်မြတ်ငြိမ်းချမ်းခြင်းကိုလည်း ကောင်းစွာသဘော ပေါက် ဆင်ခြင်နိုင်ဖွယ် ဖြစ်ပေသည်။

## အဗျာပါဒ - သက်ပွ

သမ္မာသက်ပွ - ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော အကြံအစည်ဆိုရာ၌ နေက္ခမ္မသက်ပွ - ပြီး သည့် နောက် ဒုတိယ

မြောက် သမ္မာသက်ပွတပါးမှာကား 'အဗျာပါဒသက်ပ္ပ' ဖြစ်သည်။

'အဗျာပါဒသင်္ကပ္ပဟူသည် အသက်ရှိသူ လူ တို့ ရစ္ဆာန် သတ္တဝါမှန်သမျှတို့အား အသက်ခန္ဓာ ချမ်းသာစေလိုကြောင်း ကောင်းမြတ်သော အကြံအစည်မျိုးဖြစ်သည်။ ဤအကြံအစည် မျိုး ပြုမူကျင့်ကြံပုံမျိုးမှာမြတ်စွာဘုရားအလောင်းတော်အဖြစ်၌ ဘဝအသီးသီးမှာပင် အကြောင်းအားလျော်စွာ အရာဌာန အားလျော်စွာ ပြုတော်မူခဲ့ပေသည်။

မဟောသဓာပညာရှိ သုခမိန်ဖြစ်စဉ်အခါ၌ 'စူဠနီဗြဟ္မဒတ်' မင်းလက်တွင်းတွင် 'ယဒ်' နတ်ပူဇော်ခံရတော့အံ့ဆဲဆဲဖြစ်သော မင်းအများတို့ကိုအသက်ချမ်းသာခွင့်ရစေခဲ့ခြင်း၊ 'မဟာကပိလ' မျောက်မင်းဖြစ်စဉ်အခါ၊ ဘေးအန္တရာယ်နှင့် ကြုံရတော့အံ့ဆဲဆဲ မျောက်အပေါင်းတို့အား၊ ဘေးအန္တရာယ်မှ လွတ်ကင်းစေခဲ့ ခြင်း၊ ဝေဿန္တရာမင်းဖြစ်စဉ်အခါ ပြည်သူအများတို့၏ ငြိမ်းချမ်းသာယာမှုကို အထူးသဖြင့်ရှေ့ရှုအားထုတ်ခဲ့ခြင်းစသည် များသည်၊ အဗျာပါဒသင်္ကပ္ပသဘောပင် ဖြစ်လေသည်။

စင်စစ်အားဖြင့်ကား အဗျာပါဒသင်္ကပ္ပ ဟူသည်၊ ယနေ့ မျက်မှောက်ခေတ်တွင်လည်း ပေါ်ပေါက်ထွန်းကားနေဆဲ အပြု အမူမျိုးဖြစ်လေသည်။ ရဟန်းပုဂ္ဂိုလ် - လူပုဂ္ဂိုလ် မည်သူပင် ဖြစ်စေ၊ သူတော်ကောင်းတရားနှင့် ရင်းနှီးလာသည့်အခါ၊ မေတ္တာတရားနှင့် ပြည့်စုံညီညွတ်သည့် အခါ၊ အသက်ရှိသူ လူ တို့ရစ္ဆာန် သတ္တဝါမှန်သမျှတို့၏ ကောင်းကျိုး ချမ်းသာကို လိုလားအားထုတ်ကြမြဲ ဖြစ်လေသည်။

## မြတ်စွာဘုရား အလိုတော်ကျ

ဗုဒ္ဓမြတ်စွာဘုရား အလိုတော်ကျ မဂ္ဂင်ရှစ်ပါး - တရားလမ်းစဉ်အတိုင်းကျင့်ကြံအားထုတ်ခြင်းမှာကား၊ အသိတရားဦးစီးကာ အလေးအနက် ပြုမူကျင့်ကြံခြင်းဖြစ်သဖြင့် ပိုလွန်ပြီး ထူးမြတ်သော ကျင့်ကြံအားထုတ်မှု ဖြစ်သည်။

ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည် သူသည် ဤအဗျာပါဒသင်္ကပ္ပ - သတ္တဝါအများတို့၏ အသက်ခန္ဓာ ချမ်းသာစေလိုကြောင်း ကောင်းမြတ်သော အကြံအစည်မျိုးကို အလေးအနက်ကြိုးပမ်းအားထုတ်ရပေလိမ့်မည်။

အပြန်အလှန်နည်း အားဖြင့်ကား၊ သတ္တဝါအများတို့အား အသက်နှင့်တကွ သနား ချစ် ကြင် တတ်လာသော အခါ၊ မေတ္တာတရား သီးခံထိန်းချုပ်နိုင်ခြင်း တရားသဘောသည်လည်း ရောနှော အကျိုးဝင်လာခဲ့ပေသည်။ သူတပါး၏အသက်၊ သူတပါး၏ ကိုယ်ခန္ဓာအပေါ်၌ ထောက်ထား ငဲ့ညှာ လေးစား စာနာတတ်မှုသည်လည်းအလေးအနက်ဖြစ်ရှိလာခဲ့ပေသည်။

ထို့ကြောင့်ပင် အဗျာပါဒသင်္ကပ္ပကို လက်ခံယုံကြည်ထားသူသည်၊ မိမိကိုယ်ကျိုးအတွက်ဖြစ်စေ၊ အယူဝါဒသဘောမျိုး ယုံကြည်စွဲလမ်းမှုအရဖြစ်စေ၊ သတ္တဝါအများတို့အား သတ်ဖြတ်ညှဉ်းဆဲရန် ခဲယဉ်းဝန်လေးနေမည်သာ ဖြစ်ပေသည်။

## အဝိဟိံသာသင်္ကပ္ပ

ဤတတိယမြောက် သမ္မာသင်္ကပ္ပတပါးမှာကား၊ သတ္တဝါ မှန်သမျှတို့အား ကိုယ်စိတ်နှစ်ဖြာချမ်းသာစေကြောင်း ကောင်းမြတ်စွာသော ရှေ့ရှုကြံစည်မှုဖြစ်သည်။

ဤ ကြံစည်မှုမျိုးမှာကား၊ သူ တော် ကောင်း တ ရား တွင် အကျုံးဝင်နေသည် ဆိုရပေလိမ့်မည်။ သူ တော် ကော င်း တို့ မည်သည် ပင်ကိုယ်စိတ်သဘောထား သိမ်မွေ့နူးညံ့ပြီးဖြစ်သဖြင့် သူ့ဖြစ်စေ၊ တိရစ္ဆာန်များအပေါ်၌ပင်ဖြစ်စေ၊ သတ္တဝါအားလုံး တို့အပေါ်၌လည်း မေတ္တာသဘော သက်ဝင်ညွတ်နူးပြီး ဖြစ်နေ ပေသည်။

## မြင့်မြတ်သော ကိုယ်ကျင့်တရား

သူတော်ကောင်းတို့မည်သည် မိမိကိုယ်ကျိုးကို စွန့် လွှတ် နိုင် ခြင်း၊ သူတပါးတို့၏ ချွတ်ယွင်းချက် အသိတရား နည်းပါးမှုကို သီးခံခွင့်လွှတ်နိုင်ခြင်း၊ အများကောင်းကျိုး အတွက် ဦးစီး ခေါင်းဆောင်ပြုနိုင်ခြင်း၊ တတ်သိလိမ္မာလေအောင် ဟောပြော ညွှန်ကြားနိုင်ခြင်း စသည်တို့မှာ ထို အဝိဟိံသာ သက်ပွဟူသော ရှေ့ရှုကြံစည်မှုကြောင့်ပင် ဖြစ်ပေသည်။

ထို့ကြောင့် အသက်ရှိသူ လူ တိရစ္ဆာန် သ တ္တ ဝါမှန် သမျှ တို့အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစေလိုကြောင်း ကောင်းမြတ် စွာသော အကြံအစည်ဆိုသည်မှာ မဂ္ဂင်ရှစ်ပါးမှ အင်္ဂါရပ်တပါး အဖြစ်မျှသာ မဟုတ်၊ စင်စစ် မြင့်မြတ် ဖြောင့်မှန် လှ စွာ သော ကိုယ်ကျင့်တရားအနေဖြင့်လည်း အထူးသဖြင့် လေးစားလိုက်နာ ဘွယ်သာ ဖြစ်လေသည်။

## ( ၃ ) သမ္မာဝါစာ

## ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သောဝစီကံမှု

ဤ သမ္မာဝါစာ မဂ္ဂင်တွင်လည်း၊ အခြင်းအရာအားဖြင့် ၎လေးမျိုး – လေးစား ကွဲပြားခြားနားသွားသည်။

၁။ မုသာဝါဒဝိရတီ - မဟုတ်မမှန်သော စကားကိုပြောဆို ခြင်းမှ ကြဉ်ရှောင်ခြင်း-

၂။ ပိသုဏာဝါစာဝိရတီ - နှစ်ဦးသော သူတို့၏ အကြားၕ ဂုန်းတိုက်စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း-

၃။ ဖရုသဝါစာဝိရတီ - သူတပါးတို့၏ စိတ်နှလုံး၌ ခိုက် တိုက်ကျင်နာ မခံသာအောင် ကြမ်းကြုတ်စွာ ထိပါး လျက်၊ ဆယ်ပါးသော ဆဲရေးခြင်းတို့ဖြင့် ဆဲရေးသော အမှုမှ ကြဉ်ရှောင်ခြင်း-

၄။ သမ္ဖပ္ပလာပဝိရတီ - ပစ္စုပ္ပန်သံသရာနှစ်ဖြာသော ကောင်းကျိုးနှင့် မစပ်လျဉ်းဘဲ ပြိန်ဖျင်းလျက် ဆန်း ကြယ်စွာသော ' ရာမ ' ဇာတ်၊ ' အိနောင် ' ဇာတ် အစရှိသော ဒဏ္ဍာရီစကားမျိုး၊ သုံးဆယ့်နှစ်ပါးသော တိရစ္ဆာနကထာ စကားမျိုးတို့မှ ကြဉ်ရှောင်ခြင်းဟူ၍ ကွဲပြားခြားနားပုံလေးမျိုး ဖြစ်သည်။

ဤ အခြင်းအရာလေးမျိုးမှာ အခြေခံအရေအတွက်အားဖြင့် သာ လေးမျိုးမျှ ဖြစ်လင့်ကစား၊ သိမှတ်ဆင်ခြင်ဖွယ် သဘော အားဖြင့်မူ များစွာ လေးနက်ကျယ်ပြန့်လှသည်သာ ဖြစ်ပေ သည်။

## အပြစ်ကြီးလေးခြင်း

မဟုတ်မမှန် ပြောဆိုမှု ဆိုသည်မှာ၊ သာမန်အားဖြင့်ကား သိပါလျက် မသိ၊ ရှိပါလျက် မရှိ၊ ဟုတ်ပါလျက် မဟုတ်၊ မှန် ပါလျက် မမှန်စသည်မျိုး လိမ်ညာပြောဆိုခြင်းမျှဟူ၍ ထင် မှတ်ဖွယ်ဖြစ်သည်၊ သိနားလည်ဘွယ် ဖြစ်သည်။

သဘောအားဖြင့်ကား မဟုတ်မမှန်ပြောဆိုမှုဟူသည် အခြေအနေ အကြောင်းခြင်းရာအားလျော်စွာ အတိုင်းအတာ ကျယ်ပြန့်သည်၊ အကျိုးသက်ရောက်မှု လေးနက်သည်၊ အပြစ်ကြီးလေးသည်။

သာမန်အသေးအဖွဲကိစ္စတွင် လိမ်လည်ပြောဆိုခြင်းသည် အရေးမပါလှသော်လည်း အယူဝါဒသဘော၊ အတတ်ပညာသဘော၊ ကိုးကွယ်ယုံကြည်မှုသဘောတွင် မဟုတ် မမှန် ပြောဆိုခြင်းသည်ကား တာဝန်ကြီးလေးလှပေသည်။

ဤနေရာ၌ မဟုတ်မမှန်ပြောဆိုမှု၊ သို့မဟုတ် လိမ်လည်ပြောဆိုမှုဆိုသည်၏ အခြေခံသဘော သဘာဝကို ရှင်းပြရပေဦးမည်။

မဟုတ်မမှန်ပြောဆိုမှုဆိုသည်မှာ သိပါလျက် မသိ၊ မြင်ပါလျက် မမြင်၊ ရှိပါလျက် မရှိ စသည်မျိုး ပြောဆိုပုံမှုခြင်းမျှ မဟုတ်၊ အကြောင်းအရာ အယူဝါဒတခုသည် စင်စစ် မဟုတ်မမှန် ကောင်းကျိုးမရှိမှန်း သိပါလျက် မိမိကိုယ်ကျိုးအတွက် ကျော်စောထင်ရှားမှုအတွက် အခွင့်အရေးရမှုအတွက် တကယ်တမ်းဟုတ်မှန်လေဟန် ကောင်းကျိုးဖြစ်ထွန်းနိုင်လေဟန် ပြောဆိုကြွေးကြော်ခြင်းများသည်လည်း မဟုတ်မမှန်ပြောဆိုခြင်း၊ လိမ်လည်လှည့်ဖြားခြင်းပင် ဖြစ်၏။

မိမိထက်သာ သွားမည်၊ ကျော်စောထင်ရှား – အခွင့်အရေးရသွားမည်စိုးသဖြင့် တပါးသူ၏အတတ်ပညာ သီလဂုဏ်၊ သမာဓိဂုဏ်ကို လုံးဝတန်ဘိုးမရှိလေအောင် ချွတ်ချော်မှားယွင်းလေအောင် လုပ်ကြံပြောဆိုခြင်းများသည်လည်း မဟုတ်မမှန် ပြောဆိုခြင်းပင် ဖြစ်၏။

ဤကဲ့သို့ လိမ်ညာ ပြောဆိုခြင်းအတွက် မကောင်း ကျိုး ကို အကြီးအကျယ်တွေ့ကြုံခံစားခဲ့ရသော ‘လောသကတိဿမထေရ်’ ကဲ့သို့ ဝတ္ထုဇာတ်ကြောင်းတို့လည်း များစွာပင် ရှိနေခဲ့ပေသည်။

## အရေးပါလှသော အင်္ဂါရပ်တပါး

ထို့ကြောင့် မဟုတ်မမှန် လိမ်လည် ပြောဆိုမှု ဆိုသည်မှာ စင်စစ် ကြောက်မက်ဖွယ်ကောင်းလှချေသည်။ လောကတွင်လည်း ဂုဏ်သိက္ခာမရှိ၊ သံသရာတွင်လည်း အပြစ်ကြီးလျှင်ကြီးသလောက် မကောင်းကျိုးကို တွေ့ကြုံခံစားရဦးမည် ဖြစ်ပေသည်။

ထို့ကြောင့်ပင်လျှင် မဟုတ်မမှန်ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းဆိုသည်မှာ ‘သမ္မာဝါစာမဂ္ဂင်တရား၌ စင်စစ်အရေးပါ အရာရောက်လှသော အင်္ဂါတပါး၊ အရာသက်ရောက် စပ်လျဉ်းနေရခြင်းဖြစ်သည်။ ထို့ထက် ကျယ်ပြန့်လေးနက်လှသည်များကိုလည်း မိမိတို့ အသိဉာဏ်ဖြင့်ပင်လျှင် ဆင်ခြင်သုံးသပ်နိုင်ဘွယ် ဖြစ်ပေသည်။

## နှစ်ဦးသော သူတို့၏ အကြား၌ ဂုန်းတိုက်စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်း

ဤ အင်္ဂါရပ် ( သိက္ခာပုဒ် ) မှာလည်း သမ္မာဝါစာမဂ္ဂင်တရားတွင် အထူးသဖြင့် လေးစားအမှတ်ပြုထိုက်လှသည်သာဖြစ်ပေသည်။ နှစ်ဦးကြားတွင် ဂုန်းတိုက်စကားပြောခြင်း ဆိုသည်မှာ အပြောခံရသူများ၏ နှစ်နာဆုံးရှုံးခြင်းကို အပထားဦး၍၊

မိမိကိုယ်တိုင်၌ပင်လျှင် ပထမဦးစွာ ဆုံးရှုံးနစ်နာရပြီး ဖြစ်နေ ပေသည်။

ဂုန်းတိုက်စကားပြောတတ်သူသည်နှစ်ဦးအကြားတွင် မဟုတ် မမှန်သည်တို့ကို လုပ်ကြံ လည်ဆယ် ပြောရခြင်းအတွက် မိမိ စိတ် ခါတ်ကိုယ်တိုင်မှာပင်လျှင် ကောက်ကျစ်စဉ်းလဲမှုများသာ ဝင် စားဖြစ်ပေါ်နေခဲ့သည်။

ထိုအခါ စိတ်ဓာတ်သည် မျက်နှာတွင် အရိပ်ထင်ဟပ်တတ်မြဲ အတိုင်း မျက်နှာသွင်ပြင်ကအစ မကြည်မလင်-မသန့်ရှင်း၊ တည်ငြိမ်စင်ကြယ်ခြင်း မရှိ ဖြစ်နေရပေသည်။ နောက် မဟုတ် မမှန်သည်တို့ကို ဟဖက်သား ယုံကြည်လက်ခံနိုင်စေဘို့အတွက် မျက်နှာပေး (မျက်နှာအမူအရာ) က စပြီး ခြေဟန် လက်ဟန် ကိုယ်လက်လှုပ်ရှားမှုများ ဖြစ်ပေါ်ရသည်မှာလည်း မကောင်း သော အကြောင်းအရာအားလျော်စွာ မကောင်းသော ပုံပန်း သွင်ပြင်များချည်းသာ ဖြစ်နေခဲ့ပေသည်။

ဤသည်နှင့် ပတ်သက်၍ သိလွယ်ဆုံး ဥပမာတခုရှိသည်။

ဘုရားရှိခိုးခြင်း၊ သံဃာတော်များအားဆွမ်းကပ်ခြင်းစသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်စဉ် မျက်နှာသွင်ပြင် ကိုယ်လက် လှုပ်ရှားမှုနှင့် ရန်ဖြစ်ခြင်း၊ တဦးတယောက်အား ကြိမ်းမောင်း ငေါက်ငန်းခြင်းပြုလုပ်စဉ် မျက်နှာသွင်ပြင်နှင့် ကိုယ်လက်လှုပ်ရှား မှုသည် ဖြောင့်ဖြောင့်ကြီးဆန့်ကျင် ခြားနားနေသကဲ့သို့ ဖြစ်ပေ သည်။

နောက် မိမိက ဂုန်းတိုက်လိုက်ခြင်း (ဂုန်းတိုက်စကားပြော

ခြင်း )ကြောင့် လူနှစ်ဦး ( အချင်းချင်း ) မေတ္တာပျက်ကာ ရှိရှာမနိုးတိုးသွားရခြင်း၊ ခိုက်ရန်ဒေါသဖြစ်ရခြင်း ဆိုသည်များမှာလည်း အခြေအနေ အတွင်းအတာကို လိုက်၍ တာဝန်ကြီး လေးလှပေသည်။

အဇာတသတ်မင်း၏ အတိုင်ပင်ခံ အကြံညာဏ်ပေး ပုဏ္ဏား ‘ ဝဿကာရ ’ သည်၊ ဝေသာလီတိုင်းပြည်၊ ပျက်စီးစိမ့်သောငှာ၊ ငွေပင်းအပေါင်းတို့အား ဂုန်းတိုက်စကားပြောခဲ့၏။ ကောက်ကျစ်စဉ်းလဲမှု အမျိုးမျိုးပြုလုပ်ခဲ့၏။

နှစ်ကာလပေါင်းများစွာ စည်းလုံးညီညွတ်ခဲ့သော ဝေသာလီတိုင်းပြည်သည် ထို ဝဿကာရပုဏ္ဏား၏ ဂုန်းစကား ( ခြေထိုးမှု ) ကြောင့်ပင် အချင်းချင်း အထင် အမြင် လွဲကာ ကောင်းမြတ်သော အကျင့်စာရိတ္တမှအစ ပျက်စီးခဲ့ကြ၏။ ဖောက်ပြန်မှားယွင်းခဲ့ကြ၏။ နောက်ဆုံး တွေးခေါ်ယုံကြည်မှု ယဉ်ကျေးသိမ်မွေ့မှုကအစ ပျက်စီးဆုံးရှုံးခဲ့ကြရ၏။

ဝဿကာရပုဏ္ဏားသည် ထိုမကောင်းမှု၏ အကျိုးပေးကို အဘယ်ရွေ့ - အဘယ်မျှ တွေ့ကြုံခံစားရမည် ဆိုသည်မှာ မစဉ်းစားဝံ့လောက်အောင်ပင် ရှိရချေတော့သည်။

## မကောင်းကျိုး

စင်စစ်ဂုန်းတိုက်ခြင်းကြောင့် ရအပ်သော အခွင့်အရေးဆိုသည်မှာလည်း ကြာရှည်တည်တံ့သည်မဟုတ်၊ တသက်တာ ခိုင်မြဲသည်မဟုတ်၊ ဤသူသည် ဂုန်းတိုက်စကားပြောတတ်သူပါတကား - ဟူ၍ သဘောပေါက် သိနားလည်လာသည့်အခါ လူ

အားလုံးကပင် မယုံကြည် လက်မခံနိုင် တော့ခြင်း အားဖြင့် နောက်ဆုံး၌ အခြေအနေဆိုးနှင့် တွေ့ကြုံရစမြဲသာ ဖြစ်လေတော့သည်။

ဤဖြစ်ရပ်မျိုးသည် ရှေးပဝေဏီ ဝဿကာရပုဏ္ဏားလက်ထက်၌သာမဟုတ်၊ ယနေ့ ယခု ကြုံကြိုက်နေဆဲ ခေတ်ကာလတွင်လည်း ဂုန်းတိုက်တတ်သူ၊ ထိုသို့ဂုန်းတိုက်တတ်သဖြင့် နောက်ဆုံး၌ မကောင်းကျိုးဖြင့်သာ ကြုံကြိုက်ရပုံမျိုးကို အနည်းနှင့်အများ တွေ့မြင်သိရှိနိုင်ကြသည်သာ ဖြစ်ပေသည်။

အကယ်တည့်ယခုမျက်မှောက်လောကတွင်မကောင်းကျိုးနှင့် မတွေ့ရသည့်တိုင်အောင် နောက်နောက်သံသရာခရီး၌ကံတရား၏ အကျိုးပေးအားလျော်စွာ တွေ့ကြုံ ဖြစ် ပျက် ရ မည် မှာလည်း အကြောင်းအကျိုးဆက်စပ်နေပေသည်။

လို့ကြောင့် ဂုန်းတိုက်ခြင်းတို့ရှောင်ကြဉ်မှုသည် သမ္မာဝါစာ မဂ္ဂင်တရား၌ အလေးအနက် အရေးပါလှသော အင်္ဂါတရပ် ဖြစ်ရှိနေရခြင်းမှာ အဖက်ဖက်မှ ကြောင်းကျိုးသဘာဝကျနလျော်ကန်နေပေသည်။

အသိအမြင်ဆင်ခြင်တုံတရားရှိသူများအဖို့ ဂုန်းတိုက်စကားဆိုခြင်း၏ မကောင်းမှု၊ ထိုမကောင်းမှုမှ ရှောင်ကြဉ်ရခြင်း၏ အကျိုးတရားဟူသည်ကို ကောင်းစွာ ဝေဖန်ပိုင်းခြားနိုင်ကြပေလိမ့်မည်။

## ဖရုသဝါစာဝိရတိ

## သူတပါးတို့၏ စိတ်နှလုံး၌ ခိုက်တိုက်ကျင်နာ မခံသာအောင် ကြမ်းကြုတ်စွာ ထိပါးလျက် ဆယ်ပါးသော ဆဲရေးခြင်းတို့ဖြင့် ဆဲရေးသောအမှုမှ ကြဉ်ရှောင်ခြင်း

ဤ၌ တွင်လည်း ဆဲရေးခြင်း၏ မကောင်းမှု၊ ထိုမကောင်းမှုမှ ကြဉ်ရှောင်ရခြင်း၏အကျိုးတရားကိုကောင်းဆိုး မှားမှန် ဝေဖန် ပိုင်းခြားနိုင်လောက်အောင်ပင် သိသာကွဲပြား (ထင်ရှား) နေသည်။

ဆဲရေးခြင်းဟူသည် အဘယ်သို့ ဖြစ်ပါသနည်း....။

ဆဲရေးခြင်းဟူသည် ယုတ်ယုတ်မာမာ တိုင်းတာခိုင်းနှိုင်းပြီး ကြမ်းကြုတ်စွာ ပြောဆိုမှသာ ဆဲရေးခြင်း မည်သည် မဟုတ်၊ အောက်ကြီးဟစ်ကျယ်ရိုင်းပြရင့်သီးပြောဆိုမှသာ ဆဲရေးခြင်း မည်သည် မဟုတ်။

ဘာဖက်သား (တပါးသူ)၏ ဂုဏ်သိက္ခာကို မတရား သဖြင့် ထိပါးလုက်ခတ် ချိုးပွဲ နှိမ်ချပြောဆိုခြင်းမျိုးသည်လည်း ဆဲရေး ခြင်းပင်ဖြစ်၏။ ကိုယ့်ဩဇာ ကိုက်လေအောင် ကိုယ်ကသာလျှင် အမြဲတမ်းအပေါ်စီး (လွှမ်းမိုးနိုင်မှု) ရလေအောင် ခက်ထန် တင်းမာသော မျက်နှာထားနှင့်တကွ အပြစ်တင် ရှုတ်ချပြောဆို ခြင်းမျိုးသည်လည်း ဆဲရေးခြင်းပင် ဖြစ်၏။

"သူတတ်ထားတဲ့ပညာကို ကျုပ်တို့ကတော့ အထင်မကြီး

ဘူးဗျာ၊ ဘာကြောင့်တုန်းဆိုတော့ ကျုပ်တို့က ဒါမျိုးကို ပညာလို့ လက်မခံဘူး၊ တကယ့်ပညာဆိုတာက ဒီလိုမှ မဟုတ်ပဲ"

ဤကဲ့သို့ တမင်သက်သက် ဖျက်လိုဖျက်ဆီး ပြောခြင်းမျိုးသည်လည်း ဆဲရေးခြင်းပင် ဖြစ်၏။

"ခုမှအခြေအနေအရ ကြီးကျယ်နေတာပါ၊ နောက်နောက်က ဆို ကျုပ်တို့အိမ်မှာတောင် ကပ်ရပ်စားနေခဲ့ရတာ၊ သူတို့ ဆွေမျိုးတွေဆိုတာကလဲ သုံးယောက်ပေါင်းလို့မှ လေး တန်း တောင် မတတ်တဲ့ နလပိန်းတုံးတွေချည်းဘဲ"

အောင်မြင်ကျော်စောနေသူတဦးအပေါ် ဤ ကဲ့ သို့ ပြောတတ်ခြင်းမျိုးသည်လည်း ဆဲရေးခြင်းပင် ဖြစ်၏။

ကောင်းပြီ....၊ အယုတ် တမာ မအေ - နှမစသည် တိုင်းတာ ဆဲရေးခြင်းမဟုတ်ပါဘဲလျက် ဤသို့ပြောဆိုခြင်းမျိုးကို အဘယ်ကြောင့် ဆဲရေးခြင်းဖြစ်သည်ဆိုရပါသနည်း။

## စကားဆိုမှုနှင့် စေတနာသဘော

လောက၌ စကားပြောဆိုခြင်းဟူသည် စိတ်သဘောထားနှင့် ဆက်စပ်နေသည်မျိုးဖြစ်၏။ ပြောသမျှတွင် စိတ် သဘော နှင့် ထပ်တူမဆိုသာသော်လည်း စိတ်သဘောအရ ထုတ်ဖော်ပြောဆိုခြင်းမှာမူ စိတ်စေတနာနှင့် တထပ်တည်းတူမျှ ဆက်စပ်နေသည် မျိုးဖြစ်၏။

ထို့ကြောင့် တဖက်သား၏ အောင်မြင်ကြီးပွားမှုကို မလိုလား မရှုစိတ်နိုင်သည့်အခါ၊ နှုတ်မှလည်း မကောင်းသောအကြောင်း

အရာများကို ထုတ်ဖော်ပြောဆိုခြင်းပြု၏။ ဂုဏ်သိက္ခာပျက်ပြယ် ညှိုးနွမ်းစေနိုင်သည်များကို လုပ်ကြံဖန်တီးပြီး ပြောဆိုနှိမ်ချ၏။

အချို့သူများတွင်ကား တဖက်သား၏ ကောင်း မြတ် သော ဂုဏ်သိက္ခာကိုထိပါးပုတ်ခတ်ချိုးဖွဲ့နှိမ်ချပြောရခြင်းသည်ပင်လျှင် အာရုံခံစားမှုတရပ်သဖွယ်ဖြစ်နေခဲ့ချေသည်။ ထိုသူမျိုးများသည် တပါးသူတို့၏ အောင်မြင်ကျော်စောမှု၊ တိုးတက်ကြီးပွားမှုကို အမှန်စင်စစ် မလိုလား - မနှစ်သက်နိုင်သော သဘောသဘာဝ လည်း ရှိနေခဲ့ပေသည်။

ထိုအခါ စိတ်သဘောကြောင့်လည်း နှုတ်မှမကောင်းသဖြင့် ပြောဆိုလွန်ကျူးမိ၏။ သို့ လျှင် လွန် ကျူး မိ ခြင်း ( ဝစီကံ - ဒုစရိုက် ) ကြောင့်လည်း၊ အရင်းခံ စိတ်သဘောနှင့် ထပ်တူညီမျှ ဖြစ်သွားရပြန်၏။ ကိုယ်အမူအရာကလည်း စိတ် နှ င့် နှု တ် အား လျော်စွာ ရုန့်ရင်းကြမ်းတန်းမှု ဖြစ်မြောက်လာရပြန်ချေ၏။

**သုံးပါးလုံးပေါင်းလိုက်သောအခါ -**

> မကောင်းသော စိတ်ကြောင့်၊ မကောင်းသော နှုတ် အမူ ( ပြောဆိုမှု ) ဖြစ်ရသည်။
>
> မကောင်းသော ပြောဆိုမှုကြောင့်၊ မကောင်းသော ကိုယ်အမူအရာဖြစ်မြောက်ပေါ်ပေါက်လာရသည်။ တခု နှင့်တခုအပြန်အလှန်ကြောင်းကျိုးဆက်စပ်နေပေသည်။

ဤအကျိုးသက်ရောက်မှုသည် ကောင်းမြတ်သည့် အခြင်းအရာ တစုံတခုမျှ မပါဝင်ပေ။ စိတ်သဘောပြောဆိုမှု၊ အမူအရာ ပြင်းထန်းလျှင် ပြင်းထန်သည်နှင့်အမျှ သူတပါးအား နစ်နစ်နာ

နာ ထိခိုက်ပျက်စီးစေတတ်ချည်းဖြစ်သည်။ အထင်အမြင်လွဲမှားစေ တတ်ချည်း ဖြစ်သည်။

ထို့ကြောင့်ပင် "နင်ဟယ် ငါဟယ်၊ မအေ - နှမ" စသည့် ညစ်ညမ်းမှုများ မပါဝင်သည့်တိုင်၊ ဆဲရေးခြင်းအရာ၊ ရုန့်ရင်း ကြမ်းတမ်းခြင်းအရာ သက်ရောက်ဝင်ဆန့်သွားရခြင်းဖြစ်သည်။

သို့လျှင် ရုန့်ရင်းကြမ်းတမ်းခြင်းအရာ သက်ရောက်သည့် ဆို ကတည်းကလည်း နူးညံ့သိမ်မွေ့ ဖြူစင် ကောင်းမြတ်မှုနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ဖြစ်ရချေတော့သည်။

သူတပါးအပေါ်၌ သို့မဟုတ် အခြားသူတို့အပေါ်၌ စိတ် စေတနာဖြူစင်သည်နှင့်အမျှ မခံသာအောင် ဆဲရေးတတ်သူ၊ သို့ မဟုတ် ချိုးဖဲ့နှိမ်ချ၍သာ ပြောဆိုတတ်သူ၊ သို့ - ပြောဆိုခြင်း အားဖြင့်လည်း ကိုယ်အမူအရာ ရုန့်ရင်းကြမ်းတမ်းနေသူသည် ဖြူစင်ကောင်းမြတ်လှစွာသော တရားသဘာဝ (ကောင်းမြတ် သော အကြံအစည်) ကို အဘယ်မှာလျှင် တွေ့ထိသိမြင်နိုင် ပါမည်နည်း။

## ဖရုသဝါစာဝိရတိ

### သူတပါးတို့၏ စိတ်နှလုံး၌ ခိုက်တိုက်ကျင်နာ မခံသာအောင် ကြမ်းကြုတ်စွာ ထိပါးလျက် ဆယ်ပါးသော ဆဲရေးခြင်းတို့ဖြင့် ဆဲရေးသော အမှုမှ ကြဉ်ရှောင်ခြင်း

ဗုဒ္ဓမြတ်စွာ၏ မဂ္ဂင်ရှစ်ပါး – တရားလမ်းစဉ်၌ ဤသို့သော ကြဉ်ရှောင်မှုသည် အင်္ဂါရပ်ဘပါးအဖြစ်ဖြင့် ပါဝင်နေရခြင်းမှာ အထက်ဆိုခဲ့ပြီး ကြောင်းကျိုးဆက်စပ်မှု (ကောင်းကျိုးဆိုးမြစ်များ)အရ ဖြစ်ပေသည်။

အချုပ်သဘော အားဖြင့်သော်၊ သူတပါးတို့အား ဆဲရေးခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်းဟူသည် ကောင်းမြတ်သော အပြုအမူ မဟုတ်၊ အမှန်တရားကို သိမြင် ရရှိစေနိုင်ကြောင်း မဟုတ်၊ မမြင့်မြတ် – မဖြူစင်သောစိတ်စေတနာအားလျော်စွာ မကောင်းသော ပြောဆိုမှု၊ မကောင်းသော ကျင့်ကြံပြုမူမှုကိုသာ ပေးစွမ်းသက်ရောက်စေသော အခြင်းအရာဖြစ်သည်။

ထို့ကြောင့် အမှန်တရားကို သိနားလည်သည်နှင့် အမျိုးသံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသူသည် သူတပါးတို့အား ခိုက်တိုက်ကျင်နာ မခံသာအောင် ကြမ်းကြုတ်စွာ ဆဲရေးရှုတ်ချခြင်းမှ ဝေးစွာရှောင်ကြဉ်ရမည် ဖြစ်ပေသည်။

သမ္ဖပ္ပလာပဝိရတိ -

ပစ္စုပ္ပန်သံသရာနှစ်ဖြာသော ကောင်းကျိုးနှင့် မစပ်လျဉ်းဘဲ ပြိန်ဖျင်းလျက် ဆန်းကြယ်စွာ သော 'ရာမဇာတ်'၊ 'အိနောင်ဇာတ်' အစ ရှိသော ဒဏ္ဍာရီစကားမျိုး၊ သုံးဆယ့်နှစ်ပါး သော တိရစ္ဆာနကထာစကားမျိုးတို့မှ ကြဉ် ရှောင်ခြင်း....။

မဂ္ဂင်ရှစ်ပါး - တရားလမ်းစဉ်၌၊ သမ္မာဝါစာ - ဖြူစင်ဖြောင့် မတ် ကောင်းမြတ်စင်ကြယ်သော ဝစီကံမှု ( ပြောဆိုခြင်း ) ဆို သည်တွင် ဤ ပြိန်ဖျင်းသော စကားမှ ကြဉ်ရှောင်ခြင်းသည် လည်း အင်္ဂါရပ်တပါး အပါအဝင်ဖြစ်သည်။

ဤ နေရာ၌ ပြိန်ဖျင်းသောစကားဆိုသည်ကို သင့်တန်သမျှ ရှင်းပြဘို့ လိုပေလိမ့်မည်။

'စကား - စကား ပြောဖန်များ၊ စကားထဲက 'ဇာတိပြ'ဆို သလို 'စကား'ဆိုသည်မှာလည်း ကွဲပြားခြားနားမှု အမျိုးမျိုး ဖြစ်၏။

ကောင်းမှုကုသိုလ်ဖြစ်ထွန်းစေသော စကား။

မကောင်းမှု အကုသိုလ် ဖြစ်မြောက်စေသောစကား။

အသိပညာ ရရှိဖြစ်မြောက်စေသော စကား။

ကိုယ်ကျင့်တရားကောင်းမွန်စေသော စကား။

အချည်းနှီး အကျိုးမဲ့ဖြစ်မြောက်စေသော စကား။

ကြောင်းကျိုးမမှန် မလျော်ကန် မလျောက်ပတ်သောစကားစသည်ဖြင့် စကားအမျိုးမျိုး၊ ကွဲပြားခြားနားမှု အမျိုးမျိုးဖြစ်၏။

## ပြိန်ဖျင်းသော စကား

ပြိန်ဖျင်းသောစကားဆိုရာ၌ကား၊ ကောင်းကျိုးမဖြစ်ထွန်းရှိသော မဟုတ်သေး၊ ကြောင်းကျိုးမမှန်၊ လျော်ကန် လျောက်ပတ်ခြင်း မရှိသော စကားမျိုးကိုသိုလိုရင်းဖြစ်သည်ဟု သိမှတ်ရပေသိမ့်မည်။

ကျေးဇူးရှင် - လယ်တီဆရာတော်ကြီးကမူ ဤ 'ပြိန်ဖျင်းသော စကား' ဆိုသည်နှင့် ပတ်သက်၍ အထက်၌ ဖော်ပြခဲ့ပြီးအတိုင်း 'ရာမဇာတ် - အိနောင်ဇာတ် - ငွေတောင်ဇာတ် - ဘာချဘာဇာတ်' အစရှိကုန်သော ဟူ၍ပင်လျှင် အတိအလင်းဆိုညွှန်းထုတ်ဖော်ထားခဲ့သည်။

ဤ အဆိုအညွှန်းနှင့် ပတ်သက်၍မိတ်ဆွေစာရေးဆရာတဦးက မှတ်မှတ်ရရပင် ထုတ်ဖော်ဆွေးနွေးခဲ့ဘူး၏။

## လောကသဘာဝ လူ့သဘာဝ

"လယ်တီဆရာတော်ဘုရားကြီးတတော့ ပြိန်ဖျင်းသောစကားဆိုတာမှာ ရာမဇာတ်၊ အိနောင်ဇာတ် အစရှိသည်လို့ကိုအတိအကျဆိုထားတာဘဲဗျာ၊ ခင်ဗျားအနေနဲ့ ဘယ်လိုသဘောရသလဲ - ဟင်"

"ဒါကတော့ ရာမဇာတ်၊ အိနောင်ဇာတ် ဆိုတာ တွေဟာ

ဘုရားဟော ဇာတ်နိပါတ်လဲမဟုတ်ဖူး၊ မဂ်တရား - ဖိုလ်တရားရဲ့ အခြေခံအမှန်တရားကို သိရာသိကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း လဲ မဟုတ်ဖူးဆိုတဲ့အသိနဲ့ ပြောလိုက်တာ ဖြစ်မှာပေါ့"

"တကယ်လို့ခေတ်ပေါ်ဝတ္ထုဖြစ်စေ၊ ဇာတ်နိပါတ်တော်ဘဲ ဖြစ်စေ၊ လူ့သဘော - လူ့သဘာဝ၊ လောကသဘော လောက ဖြစ်ပျက်ကို တနည်းနည်းနဲ့ ထင်ဟပ် သိ သာ စေ တယ် ဆိုရင် ကောဗျာ...."

မိတ်ဆွေစာရေးဆရာက သူနှင့် တိုက်ရိုက် ပတ်သက်နေသည် ကို စပ်လျဉ်းဆစ်ပိုင်းမေးလိုက်သည်။ သူ့မေးခွန်းမှာ အဓိပ္ပာယ် ရှိသည်။ သူကား လူ့သဘော - လူ့သဘာဝကို ထင်ဟပ်ဖော်ပြ သည်။ သို့မဟုတ် လောကသဘာဝ - လူ့စရိုက်ကို ထင်ရှားသိသာ စေသည်ဆိုသော ဂန္ထဝင်မြောက်ဝတ္ထုရှည်ကြီးများကို ကြိုးကြိုး ပမ်းပမ်းရေးသားပြုစုနေသူဖြစ်သည်။

ဤစာရေးသူက သူ့မေးခွန်းအတိုင်းအတာကို ကောင်းစွာ သိနားလည်သည်။ မိမိ၏ယုံကြည်ယူဆမှုဆိုလျှင် ဖတ်ရာ၌ စာ ချောသည်။ အသုံးထွက်ပြေပြစ်သည်။ သို့သော် အဓိပ္ပာယ် သဘောအားဖြင့်ကား၊ ယူဆခြင်းနှင့် ယုံကြည်ခြင်းတွင်၊ ယူဆ ခြင်းက ပထမ၊ ယုံကြည်ခြင်းက ဒုတိယဖြစ်သည်။ ယုံကြည်ခြင်း ကြောင့် ယူဆသည် မဟုတ်၊ ယူဆမိ၍ ယူဆနိုင်စွမ်း၍သာ ယုံကြည်ခြင်းဖြစ်သည်။ သူ့သဘောနှင့်သူ ပထမ ဖြစ်သင့်သည်- ဒုတိယဖြစ်သင့်သည်၊ ထင်ရှားစေခြင်းငှာ အသုံးထွက် မပြေပြစ် စာမချောမှန်းသိလျက်၊ အဓိပ္ပာယ်နက်အမှန်ကို ငဲ့သောအားဖြင့် 'ယူဆယုံကြည်မှု' ဟူ၍ တမင်သုံးနှုန်းသည်။ ယူဆယုံကြည်မှုနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးစရာလည်း ရှိနေသည်။

" ဝတ္ထုမှာ အဲ့ဒီလူ့သဘော လောကသဘောဆိုတာနဲ့ ပတ်သက်လို့ ကျွန်တော့် အယူအဆကတော့ တမျိုးဖြစ်နေတယ်....။ ကျွန်တော့်သဘောကဝတ္ထုဆိုတာ လူ့သဘော လောကသဘောသက် ဝတ္ထုဖတ်ရသူရဲ့ကောင်းကျိုးကို သက်ရောက် ပေးစွမ်းနိုင်ဘို့သာ လိုရင်းဖြစ်တယ်လို့ သဘောကျထားတယ် "

" ခင်ဗျားက လူ့အဘာဝသရုပ်မှန် သဘောထက် တရားဟောတာတို့ တိုက်တွန်းလှုံ့ဆော်တာတို့ကို ဦးစားပေးချင်တယ်ဆိုပါတော့ "

" တရားဟောတာရယ်လို့တော့ မဟုတ်ပါဘူး။ သို့သော် ဝတ္ထုမှာ အရေးအကြီးဆုံးက ကိုယ်ကျင့်တရားကောင်းစေတာမျိုး၊ အများအကျိုး ဆောင်စွမ်းချင်စေတာမျိုး၊ လူကောင်းသူကောင်းရဲ့ သဘာဝကို နှစ်သက်စေချင်တာမျိုးဟာ အဓိကအရေးအကြီးဆုံး အလိုအပ်ဆုံးဖြစ်တယ်လို့ ယူဆတယ်။

" ဒီနေရာမှာကျွန်တော့်သဘောထက် ဆရာကြီးရွှေဥဒေါင်းရဲ့ သဘော၊ ယူဆယုံကြည်မှုတရပ်ကို ကြားညှပ် နိုင်းယှဉ်ပြချင်တယ်။ ဆရာကြီးရဲ့ ဆွေးနွေးခန်းစကားအတိုင်း ဆိုရင်တော့ ဒီလိုပေါ့ဗျာ "

ကြားဖြတ်အမှာ။ ။ မိတ်ဆွေ စာရေးဆရာနှင့် ဆွေးနွေးရာ၌ ယခုဆိုခဲ့သည့်အတိုင်း ဆရာကြီးရွှေဥဒေါင်း၏ ဆွေးနွေးခန်းအကြောင်းအရာများကို ဤစာရေးသူက မိတ်ဆွေ စာရေး ဆရာအား အတိုချုံး၍ ပြန်လည်ပြောပြခဲ့သည်။

ဤစာအုပ်တွင်ကား စာဖတ်သူများ ( မဖတ်ရသေး ဖြစ်ခဲ့သျှင် ) သိနားလည်နိုင်စေရန်ငှင်း၊ သိထိုက်လှသောအကြောင်းဘာရပ်ဖြစ်၍ငှင်း နဂို မူရင်းစာအုပ်တွင် ပါရှိဖော်ပြထားသည့် အတိုင်း ထည့်သွင်း ဖော်ပြပါဦးမည်။

---

## ယဉ်ကျေးမှုနှင့် ကိုယ်ကျင့်တရား၊

## အရှေ့နှင့်အနောက်နိုင်းယှဉ်ချက်

## ( ဆရာကြီးရွှေဥဒေါင်း၏ ဆွေးနွေးခန်း )

" ဒါထက် အနောက်တိုင်းသားတွေရဲ့ ကိုယ်ချင်းစာ တရားအကြောင်း ပြောပါအုံး - ဆရာကြီး "

" သူတို့ရဲ့ ကိုယ်ချင်းစာတရားက မကောင်းမှုကို ရှောင်ကြဉ်ဘို့တွင်မကဘူး။ ကောင်းတာလုပ်ဖို့လဲ တပါတည်း တွဲနေတယ်။ သီလဆိုတာကတော့ မခိုးလျှင်၊ မသတ်လျှင်၊ ပြီးသလို ဖြစ်နေတာဘဲ။ လူတွေကြပ်တည်းဆင်းရဲစေဦးတော့၊ အမြတ်ကြီးစားနိုင်ခွင့်ရှိသလိုလိုထင်နေကြတယ်။ သီလမပျက်ဖူးခင်ဗျ "

" လိုင်စင်ရောင်းစားတာကတော့ လိမ်တာဘဲ - ဆရာကြီး "

" ဒါကိုလဲ သူတို့က ဝိသမလောဘ မဟုတ်ဘူးတဲ့ ပြောချင်ကြတယ်။ ကျွန်တော်လုပ်ချင်တာက ကိုယ်ချင်းစာ တရားကို ဖိရေး....၊ ဖိပြော... ၊ ဖိဟောစေချင်တယ်။ သူတို့အထင်က သီလ

ကမှ စသံ၊ ပေသံပါလို့ တန်ဘိုးရှိတယ်။ ကိုယ်ချင်းစာ တရား ဆိုတာကတော့ အရပ်စကားမို့ ပေါ့တော့တော့ ထင်ကြတယ်။

" ကျွန်ဘော်ဖွင့်ပြောရရင်၊ ကိုယ်ချင်းစာ တရား ကပ်တဲ့ မိတ်ဆွေမျိုး၊ အစိုးရမျိုးကို လိုချင်တယ်။ ငါး ပါး သီလ အကြောင်း တွင်တွင်ပြောတဲ့လူဖြစ်ဖြစ်၊ အစိုးရဖြစ်ဖြစ် လူညာဘဲ လို့ အောက်မေ့တယ် "

" နေပါအုံး – ဆရာကြီး၊ သူတို့အင်္ဂလန်မှာ ကိုယ် ချင်း စ ာ တရား ကြပ်ကြပ်ကြီးဟောလို့၊ ကိုယ်ကျင့်တရားကောင်းကုန်ကြ တယ်လို့ ဆိုချင်သလား.... "

" ဒါက ခရစ်တော်ရဲ့ ဩဝါဒကို ပြောနေတာပါ။ သူ့ လူ တွေ တော်ကြတာကခရစ်တော်ကြောင့်ရယ်လို့မဟုတ်လှပါဘူး။ အစဉ်အလာဩဝါဒပေးပုံတွေက သိပ်ပြီးနေရာကျတယ်ခင်ဗျ "

" ဘယ်လိုလဲ - ဆရာကြီး "

" အလယ်အလတ်တန်း မိကောင်းဖခင်ဘွေကဆိုရင် သား သမီးတွေက ကျွန်တော်တို့လို ပေါက်လွှတ်ပဲစားမှုသွားဘူး။ လူမှု ရေး ကိုယ်ကျင့်တရားရေးနဲ့ ပတ်သက်လို့မိဘကိုယ်တိုင်ကဖြစ်စေ၊ ဆရာတယောက်ယောက်ငှားလို့ ဖြစ်စေ သင်ပေးကြတယ်ခင်ဗျ "

" ဘယ်လိုဟာတွေကိုလဲ – ဆရာကြီး "

" မလိမ်ဘို့ – မှန်မှန်ပြောဘို့ သင်ပေးတယ်။ ကောက်ကျစ် စဉ်းလဲခြင်း မရှိဘို့၊ ရိုးသားတည်မတ်ဘို့ တဖွဖွတိုက်တွန်းတယ်။ တကိုယ်ကောင်းမကြံတတ်ဖို့၊ သူရသတ္တိရှိဖို့ သင်ပေးတယ်။ အား ကျတဲ့စိတ် ပေါ်လာအောင် လုပ်ပေးတယ်။

" ကျွန်တော်တို့ဗမာမိဘထဲက ဒါတွေကို သင်ပြပေးရ ကောင်းမှန်းသိတဲ့ မိဘရာခိုင်နှုန်း ဘယ်လောက်များရှိတယ်ထင် သလဲ - ခင်ဗျ "

" ကျွန်တော်တို့မှာလဲ မင်္ဂလာတရားရှိသားဘဲ - ဆရာကြီး "

" မှန်ပါတယ် - ကောင်းလဲ ကောင်းပါတယ်။ နို့ပေမဲ့ မင်္ဂလာတရားဟာ စာအုပ်ထဲမှာရှိတာပါဘဲ။ ဘယ်မိဘ၊ ဘယ် ဆရာကများ သူတို့ဆီမှာလို ဂရုတစိုက် အရိပ် တကြည့် ကြည့်နဲ့ စောင့်ပြီး သင်ပြတဲ့ 'ဆရာမိဘ ဘယ်နှစ်ယောက် များ တွေ့ဘူး သလဲ - ခင်ဗျာ "

" ဒီလိုတော့ ရှားတယ်ပေါ့ - ခင်ဗျာ "

" ကျွန်တော်ဖြင့် တွေ့ကိုမတွေ့ဘူးဘူး။ မိဘတွေထဲမှာ ကျွန်တော့်အဖေဟာ တော်တော်ဂရုစိုက်ပါတယ်။ နို့ပေမဲ့ မကစားဘို့လောက်သာ ဖိပြောတာဘဲ။ ဒီပြင်အရေးကြီးတဲ့ဟာ တွေကို မပြောပါဘူး "

" ပြောရင် လိမ္မာရော....၊ ကိုယ်ကျင့်တရား ကောင်းရောတဲ့ လား - ခင်ဗျာ "

" ဒီလိုတော့ ဘယ်ဟုတ်မလဲ - ခင်ဗျာ။ ခုနင်က ပြောခဲ့တဲ့ တကိုယ်ကောင်းမကြံတတ်ဖို့၊ တည့်မတ်ဖို့၊ ရိုးသားဘို့ဆိုတာတွေ ကို သားသမီးနားဝင်လောက်အောင် သဘောပေါက်လောက် အောင် တတ်နိုင်သမျှ လှည့်ကာ - ပတ်ကာ ပြောကြရတယ်။ မမိုက်ကြနဲ့၊ လိမ္မာကြဆိုတာလောက်နဲ့ မပြီးဘူး - ခင်ဗျ "

" ကျွန်တော်တော့ ဒီအကြောင်းကို ဆရာကြီးက ပြောမှ ကြားဘူးတာဘဲ - ခင်ဗျ။ တယ်လာတဲ့ လူမျိုးပေဘဲ - ဆရာကြီး ရယ်.... "

" သူတို့တိုင်းပြည်မှာ နေရာကျပုံက ငယ်ရွယ်စဉ်မှာတော့ ဆရာမိဘများက ဆုံးမဩဝါဒပေးတယ်။ ကြီးပြင်းလာတော့ စာအုပ်ကောင်းတွေက ညွှန်ပြတယ်။ ဒါ့ကြောင့် တော်ကြတာ ခင်ဗျ "

" ကျွန်တော်တို့ဆီမှာလဲ လောကီစာအုပ်ကောင်းတွေရှိသား ဘဲ - ခင်ဗျ။ လောကနီတိတို့၊ လောကသာရဆုံးမစာတို့၊ ကိုယ်ကျင့်အဘိဓမ္မာတို့ အများကြီးရှိတာဘဲ - ဆရာကြီး "

" မှန်ပါတယ် - ရှိပါတယ်။ ကောင်းရာ ညွှန်ပြတာတွေ အများကြီး ပါပါတယ်။ သို့သော် မကောင်းတာတွေကို ပယ်ချင်လာအောင် လူကောင်း သူကောင်းကြီးတယောက် ဖြစ်ချင်တဲ့ ဆန္ဒမျိုး ပြင်းပြင်းထန်ထန်ကြီး ဖြစ်ပေါ်လာအောင် ညွှန်ပြတတ်တဲ့ စာအုပ်မျိုးကတော့ အလွန်နည်းပါးသေးတယ် ခင်ဗျ "

" ဘယ်လိုစာအုပ်မျိုးတွေလဲ - ဆရာကြီး "

" ခင်ဗျားကို ပြောပြလိုက်ရရင် ရုတ်ဘရက်တော့ ဘယ်နည်းနဲ့မှ လက်ခံချင်မှာ မဟုတ်ဖူး။ ကိုယ်ကျင့်တရားဆိုင်ရာ ကျင့်စဉ်တွေ နီတိတွေ၊ ဆုံးမစာတွေကို မဆိုလိုဘူး၊ ဝတ္ထုကောင်းကြီး တွေကို ဆိုလိုတယ် "

" ခင်ဗျာ....၊ ဘယ်နှယ့်ဟာလဲ - ဆရာကြီးရယ်၊ ဝတ္ထုဆိုတာမျိုးဟာ အပျင်းပြေဖတ်တာမျိုးမဟုတ်ဖူးလား - ခင်ဗျ "

"အဲဒါ ခက်တာဘဲ။ ကျွန်တော်တို့ ဗမာပြည်မှာ ဝတ္ထု ကောင်းများရဲ့ အရေးကြီးပုံကို နားလည်တဲ့လူ အင်မတန်ရှား သေးတယ်။ အခု ဝန်ကြီးလုပ်နေကြတဲ့လူတွေ၊ ခေတ်ပညာတတ် ဆိုတဲ့ အရာရှိကြီးတွေထဲမှာတောင် ခပ် ရှား ရှား ရှိ လိမ့် မယ်ထင် တယ်။ ခေတ်ပညာတတ်မဟုတ်တဲ့ ကုန်သည်ပိုင်း၊ နေရှင်ပိုင်းက ဆိုတော့ ဝေးသေးဗျာ"

" ဘယ်လိုဝတ္ထုမျိုးတုန်း - ဆရာကြီး "

"ကျွန်တော်က အင်္ဂလိပ်ဝတ္ထုကောင်းကြီးတွေကို ပြော တာပါ"

"ခေတ်ပညာတတ်တဲ့လူတွေထဲက အင်္ဂလိပ်ဝတ္ထုဖတ်တဲ့ လူ တွေကိုလဲ ကျွန်တော်မြင်ဘူးပါတယ် - ခင်ဗျ"

"နို့ပေမဲ့ ဝတ္ထုဖတ်ကြပြန်တော့လဲ အပျင်းပြေ သဘော လောက် ဖတ်ကြတဲ့လူတွေကများတယ်။ ဝတ္ထုအကောင်းအဆိုး ကိုတောင် ခွဲခြားပြီး သိတတ်တဲ့လူက ဗမာပြည်မှာ သိပ်မများ သေးဘူး"

"ဆရာကြီးက ဗမာကို တယ် အထင်သေးတာကိုး"

"ကျွန်တော်က သူ့လူမျိုး - ကိုယ့်လူမျိုး ရွေးတဲ့ လူ မဟုတ် ဖူး။ မကောင်းတာတွေရင် နှိပ်ချင်တယ်၊ ကောင်းတာတွေရင် ချီးမြှောက်ချင်တယ်....။ ကျွန်တော်တို့က နည်းယူစရာရှိရင်လဲ နည်းယူကြစေချင်တယ်။ ကိုယ့်ဟာကလေးကို ကိုယ်အဟုတ်ကြီး ထင်ပြီး လက်မထောင်ချင်တတ်တဲ့လူတွေကို မြှောက်မပေးချင် ဘူး...."

" ဒါဖြင့် ဆရာကြီးရယ်၊ ဘယ်လိုဝတ္ထုမျိုးကိုဝတ္ထုကောင်းလို့ခေါ်သလဲ - ခင်ဗျာ "

" ခုလက်ထက်လူတွေက လူ့သဘာဝကို သရုပ်ဖော်တယ်ဆိုတဲ့ ဝတ္ထုမျိုးကို အားကြီးအသားပေးပြီး ပြောကြ - ရေးကြတယ်။ ကျွန်တော်ကတော့ ဒါဟာပထမအချက်လို့ မဆိုချင်ဘူး "

" ဘယ်လိုဟာမျိုးမှလဲ - ဆရာကြီး "

" ကျွန်တော့်အယူအဆကတော့ ဖတ်ကြည့်လိုက်တဲ့အခါမှာ အဆုံးရောက်တော့ ကိုယ့်ဘို့တခုခု ကျန်ရစ်ခဲ့တဲ့ ဝတ္ထုမျိုးကို အကောင်းဆုံးထင်ပါတယ် "

" မှတ်သားထားစရာတခုခုလား - ခင်ဗျာ "

" မဟုတ်ပါဘူး။ အဲ့ဒါမျိုးတွေကတော့ ပေါပါတယ် "

" နို့ ဘာများလဲ - ဆရာကြီး "

" ခုနင်က ကျွန်တော်ပြောခဲ့တယ်မဟုတ်ဖူးလား။ မကောင်းတာကို ရှောင်ချင်တဲ့စိတ်၊ မှန်မှန်ပြောချင်တဲ့စိတ်၊ မညစ်ပတ်ချင်တဲ့စိတ်၊ တည့်မတ်ချင်တဲ့စိတ်၊ တကိုယ်ကောင်း မကြံတော့ဘူးဆိုတဲ့ စိတ်မျိုး အစရှိတဲ့ဆန္ဒကောင်းတွေထဲက တခုတလေဖြစ်စေ ကိုယ့်အထဲမှာ ကျန်နေရစ်တဲ့စာအုပ်မျိုးကိုကျွန်တော်က အသားပေးချင်ပါတယ် "

" ဒါတွေ အားလုံး ပါစေရမယ်လား - ဆရာကြီး "

" အားလုံးမဆိုလိုပါဘူး။ တအုပ်မှာ တခုကျန်ရစ်ရင် တော်ပါပြီ။ ဟိုတအုပ်ကတခု၊ ဒီတအုပ်က တခု စုပေါင်း ယူရတာပေါ့ - ခင်ဗျာ "

"ဒီလိုကျန်နေရစ်တော့ ကိုယ့်အဖို့ ဖြစ်ကရောလား-ဆရာကြီး"

"ဒီလိုတော့လဲ ဘယ်မှာလွယ်ကူမလဲ။ ကျွန်တော်ဖတ်ဖူးခဲ့တဲ့ ဝတ္ထုကောင်းတွေထဲက ကျန်ရစ်သမျှကို ကျွန်တော်အားလုံးရလို့ ရှိရင် ကျွန်တော်ဟာ အကောင်းဆုံး လူတယောက် ဖြစ်နေမှာပေါ့...."

"အားလုံးကုန် မရလို့ရှိရင် ဘယ်လိုများအကျိုး ရှိပါသလဲ ခင်ဗျာ"

"အားလုံးကို အပိုင်မရပေမဲ့ ဟိုကတခု၊ ဒီကတခုတော့ နဲနဲပါးပါးရနိုင်သေးတာကိုး - ခင်ဗျ"

"သည်တော့ ဘယ်လိုထူးပါသလဲ - ဆရာကြီး"

"လူကောင်းဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်ဆန္ဒမျိုး တခါမှ မဖြစ်ပေါ်ဘူးတဲ့ လူတွေထက်တော့ တော်သေးတာပေါ့ ခင်ဗျာ"

"ဆရာကြီးဖတ်တာ ဘယ်လိုဝတ္ထုတွေလဲ - ခင်ဗျာ"

"ဒစ်ကင်းတို့၊ စကော့တို့၊ သက်ကရေးတို့၊ တောလ်စတွိုင်တို့ ဆိုတဲ့ စာရေးဆရာကြီးတွေပေါ့ - ခင်ဗျာ။ အများကြီးရှိတယ်။ သုံးလေးဆယ် မကပါဘူး"

"သူတို့ဝတ္ထုမျိုးဖတ်တော့ ဘာကြောင့် တခုခုကျန်ရစ်ရ ဘာလဲ - ဆရာကြီးရဲ့"

" သူတို့က နှလုံးကိုထိခိုက်အောင် ( စိတ်ကိုဆွဲဆောင်နိုင်မှု ) ရေးတတ်တယ် - ခင်ဗျ။ မမိုက်ကြနဲ့။ အ ပါယ် ကျ လိမ့် မယ်။ ကောင်းကောင်းနေမှ လူ့ စည်းစိမ်၊ နတ် စည်းစိမ်ရနိုင်တယ်လို့ ဆိုတဲ့ ဆုံးမစာမျိုးတွေ မဟုတ်ဖူး - ခင်ဗျ "

" ကျွန်တော်တို့ ဗမာမှာကော ဒါမျိုးမရှိဘူးလား - ဆရာကြီးရယ် "

" ဆုံးမစာမျိုးတွေသာပေါတယ်။ ဝတ္ထုထဲကတော့ သူတို့ အဆင့်အတန်းမှီတာက အင်မတန်ကြီးနည်းလိမ့်မယ်။ ကျွန်တော် တောင် မတွေ့ဘူးသေးဘူး "

" အဆင့်အတန်းကို ဘယ်လိုခွဲသလဲ - ဆရာကြီး "

" ကောင်းတဲ့သဘောထား၊ မြတ်တဲ့သဘောထားတွေ စွဲကျန် ရစ်အောင် ရေးတတ်တဲ့ ဝတ္ထုရေးဆရာဟာ အဆင့်အတန်းမြင့် တယ်လို့ ဆိုရမယ်။ တခုကောင်းဖြစ်စေ၊ ကြုပ်ကြုပ်ကြီး စွဲကျန် ရစ်လေလေ၊ အဆင့်အတန်းမြင့်လေဘဲ - ခင်ဗျ "

" ဝတ္ထုမှဘဲ ဖြစ်နိုင်သလား - ဆရာကြီးရယ် "

" စိတ်ကို ဆွဲဆောင်တဲ့နေရာမှာ ဝတ္ထုလို အ စွမ်း ထက် တဲ့ စာပေမျိုးဟာ ( လောကီနယ်မှာ ) ရှိကို မရှိဘူးလို့ ကျွန်တော် ဆိုလိုပါတယ် - ခင်ဗျာ "

ဤကား ဝတ္ထုနှင့် ပတ်သက်၍ အလေးအနက် သိသင့် မှတ် ထိုက်သော အတွေးအခေါ် အဆိုအညွှန်းတရပ်ကို အကြောင်း အားလျော်စွာ စပ်လျဉ်းတင်ပြလိုက်ရခြင်း ဖြစ်လေသည်။

ဆရာကြီးရွှေဥဒေါင်း၏ ဆွေးနွေးခန်း မူရင်းအတိုင်း ( အပြည့်အစုံ ) ဆိုလျှင် အတန်ငယ် ရှည်လျားနေမည် ဖြစ်၍ သင့်ရာမှ ဆစ်ပိုင်းကာ လိုအပ်ရင်းကိုထုတ်နှုတ်တင်ပြထားခြင်း ဖြစ်သည်။

သို့ တင်ပြရာ၌ စာရေးသူ၏ ရည်ရွယ်ရင်းမှာ 'ဝတ္ထုဟူသည်' မည်သို့ဖြစ်သင့်သည်ကိုရင်း၊ ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ အဆိုအညွှန်းနှင့် ညှိနှိုင်းဝေဖန်ကာ လျော်ကန်ရာကို စပ်လျဉ်း တင်ပြလိုခြင်းကြောင့်ရင်း ဖြစ်ပေသည်။

## ဝတ္ထုကောင်းနှင့်ဓမ္မကြောင်း

ပြိုန်ဖျင်းသောစကားဆိုရာ၌ ဆရာတော်ကြီး၏အဆိုအမိန့်မှာ အထက်တွင် ဖော်ပြခဲ့ပြီးအတိုင်း၊ ရာမဇာတ်၊ အိနောင်ဇာတ် စသည်တို့ကို အတိအလင်း ထည့်သွင်းဆိုညွှန်းထားခဲ့သည်။

ယင်း အဆိုအမိန့်မှာ အပျင်းပြေ ပျော်တော်ဆက် အနှံပညာ သဘော သက်သက်မျှဖြစ်သော ဝတ္ထုဇာတ်လမ်းများနှင့်သော် တိုက်ရိုက်ပင် ဆက်စပ်ပတ်သက်နေပေသည်။

လောကကြောင်း၏ ကောင်းကျိုးစီးပွား၊ လောကုတ္တရာကြောင်း၏ ကောင်းကျိုးစီးပွားကို ရှေးရှုရည်သန်ခြင်း မရှိသည့် မျိုးမှာ ပြိန်ဖျင်းသော စကားထည်းတွင် အကျုံးဝင် သက်ရောက်နေမည်သာ ဖြစ်ပေသည်။

ဆရာကြီးရွှေဥဒေါင်း ယုံကြည်ရည်သန်ရင်း ဖြစ်သည့် ဝတ္ထု မျိုးမှာကား၊ အခြေခံသဘောအားဖြင့် လောကုတ္တရာကြောင်း နှင့် အကျုံးဝင် ဆက်စပ်နေသည်။

လူ့လောက၏ငြိမ်းချမ်းရေး၊ လူသားတို့၏ကိုယ်ကျင့်တရား မြင့်မြတ်ကောင်းမွန်ရေးကို အခြေခံခဲ့ရိုးမှန်လျှင် ဝတ္ထုဟူ၍မင် အမည်တပ်ခံရလင့်ကစား လောကုတ္တရာ ကြောင်းနှင့် ဆန့်ကျင် ခြင်း မရှိ ဆိုရပေလိမ့်မည်။

ဤကား မျက်မှောက်ခေတ် ' ဝတ္ထုဇာတ်လမ်း ' များဘက်မှ ရှေ့နေလိုက်နေခြင်း မဟုတ်။ ဝတ္ထုကောင်းများ၏ သဘာဝနှင့် ဓမ္မကြောင်း၏ သိမ်မွေ့နက်နဲမှုသဘောကို ဆက်စပ်နှိုင်းယှဉ်ပြ ရခြင်းသာ ဖြစ်ပေသည်။

## ပြိန်ဖျင်းခြင်းသဘော

စင်စစ် လိုရင်းမှာကား ဝတ္ထုဇာတ်လမ်း ဖြစ်စေ၊ အခြား အကြောင်းခြင်းရာပင် ဖြစ်စေ၊ ကုသိုလ်ကောင်းမှုနှင့် မစပ်၊ မြင့်မြတ်စင်ကြယ်ခြင်းလည်း မရှိဆိုခဲ့လျှင် ပြိန်ဖျင်းသော စကား အရာ၊ ပြိန်ဖျင်းသော အပြုအမူဆည်းသို့ အကျုံးဝင်သက်ရောက် သွားရသည်သာ ဖြစ်ပေသည်။

အချို့သူများသည် အလုပ်ခွင်သို့အသွား ရထားပေါ်၊ ကား ( ဘတ်စ်ကား ) ပေါ်၌ ရောက် တတ် ရာ ရာ စ က ား မျ ား ကို အကြောင်း စပ်လျဉ်းမိသည့်အတိုင်း စဉ်တိုက်ကြီး ပြောတတ် ကြ၏။ စာဖတ်ခြင်းမှာလည်း သုံးသပ်ဝေဖန်သည့် သဘော အစား၊ စိတ်အာရုံခံစားမှုသဘောမျိုးသာ အမှတ်မထင် ဖတ်ရှု တတ်ကြ၏။

ဤ အပြုအမူများသည်လည်း ပြိန်ဖျင်းသောအရာသို့ သက် ရောက်အကျုံးဝင်နေသည်သာ ဖြစ်ပေသည်။

ဤ သူမျိုးသည် စကားတွင်လည်း သတိမထား၊ ‘ စာ ’ တွင်လည်း သတိမထား၊ အားလပ်သမျှ အချိန်ကလေးများကို အသိတရားကင်းမဲ့စွာ ကုန်ဆုံး လွတ်မြောက် သွားစေသော အခါ၊ ‘ ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သော ဝစီကံမှု ’ ဆိုသည်နှင့် အဘယ်မှာလျှင် ကိုက်ညီပြည့်စုံနိုင်ပါတော့မည်နည်း။

## သက်ရောက်အကျုံးဝင်မှု

အမှန်အားဖြင့်ကား ‘ ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သော ဝစီကံမှု ’ ဟူသည် သတိပဋ္ဌာန်တရား အရာသို့လည်း သဘောအားဖြင့် သက်ရောက် အကျုံးဝင်နေပြီးဖြစ်သည်။

စကားအရာတွင် အလွတ်မဲ့ မဟုတ်မှုဘဲ လိမ်ညာခြင်းနှင့် ကင်းသော စကား၊ ဂုန်းတိုက်ခြင်းနှင့် ကင်းသောစကား၊ ဆဲရေးရှုတ်ချခြင်းနှင့် ကင်းသောစကား၊ ညစ်ညမ်းခြင်းနှင့် ကင်းသောစကားဟူ၍ သတိတရားဖြင့် ဆင်ခြင်ထိန်းချုပ်ထားသောအခါ၊ သီလနှင့် ဘက္ခ ရှုမှတ်ကျင့်ကြံမှုသည်လည်း တပေါင်းတည်းပါဝင်ဖြစ်မြောက်သွားသည်။

ထို့ကြောင့်လည်း ‘ သမ္မာဝါစာ – ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော ဝစီကံမှု ’ ဟူသည် မဂ္ဂင်ရှစ်ပါး – တရားလမ်းစဉ်၌ မရှိမဖြစ်၊ မသိမဖြစ် အင်္ဂါရပ်တပါးအဖြစ် အလေးအနက် ဆက်စပ်ပါဝင်နေရခြင်း ဖြစ်သည်။ ရပ်တည်ထင်ရှားနေရခြင်း ဖြစ်သည်။

ဤသို့ဆိုလျှင် သမ္မာဝါစာမဂ္ဂင်၏ ဂုဏ်ကျေးဇူးမှာ သင့်တန်သမျှ သိသာထင်ရှားလောက်ပေပြီ။ စာအုပ် - စာတန်း ဟူသည်

စာမျက်နှာဦးရေ၊ စာဖတ်သူ၏အချိန်ကာလနှင့်လည်းအကြောင်း ဆက်စပ်နေသောကြောင့် သမ္မာဝါစာအခန်းကို ဤမျှဖြင့် တန့်ရပ်ကာ ကျန် မဂ္ဂင်တပါးဖြစ်သည့် ' သမ္မာကမ္မန္တ ' ကို ထုတ်ဖော်ရပေဦးမည်။

## ( ၄ ) သမ္မာကမ္မန္တ

## ဖြူစင်ပြောင့်မတ်ကောင်းမြတ်ဝင်ကြယ်သောကာယကံမှု

" ရဟန်းတို့....၊ မှန်စွာပြုခြင်းဟူသည် အဘယ်ပါနည်း။ ( အဘယ်သို့ပါနည်း ) သတ္တဝါကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းသည်ရင်း၊ လုယက် ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းသည်ရင်း၊ မပိုင်မဆိုင်သော ကာမဂုဏ် တို့၌ မှားယွင်းကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်းသည်ရင်းရှိ၏၊ ရဟန်းတို့....၊ ပါဏာတိပါတ စသည်မှ ဤ ရှောင်ကြဉ်ခြင်းကို မှန်စွာပြုခြင်းဟူ၍ ခေါ်ဆိုအပ်ပေ၏ "

ပကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန် ခိုး တော်အနန္တနှင့် ပြည့်စုံတော်မူပေသော၊ တနည်းအားဖြင့်သော် ဤလောက၏ အမိုက်မှောင်ကို သစ္စာလေးပါး အမှန်တရားဖြင့် အရှိန်အဟုန်ကြီးမားလှစွာ ဖြိုခွင်းတိုက်ဖျက်တော်မူခဲ့ပေသော၊ အနန္တကျေးဇူးတော်ရှင် ဗုဒ္ဓမြတ်စွာဘုရားသည်၊ သမ္မာကမ္မန္တ မဂ္ဂင်အခြင်းအရာကို ပဥ္စဝဂ္ဂီငါးဦးတို့အား ဤသို့လျှင်ဟောကြားတော်မူခဲ့ပေသည်။

နေရာဌာနကား – မိဂဒါဝုန် တော၊ အချိန်ကား – ညချမ်းဆည်းဆာအချိန်၊ ဟောကြားတော်မူရင်း တရားကိုယ်မှာကား၊

ဗုဒ္ဓမြတ်စွာ၏ ပထမဦးဆုံးသော 'ဓမ္မစကြာ' တရားတော်ပင် ဖြစ်ပေသည်။

## ပတ်ဝန်းကျင်နှင့် ဆင်းသွင်သဏ္ဌာန်

စင်စစ်အားဖြင့်ကား ဤဓမ္မစကြာတရားတော် ဟောကြားစဉ်အခါကာလမှာ ယနေ့ခေတ် မျက်မြင်ထင်ရှားပင် မဟုတ်စေကာမူ၊ အချိန်အခါနှင့် ပတ်ဝန်းကျင်ကို တွေးခေါ် ဆင်ခြင်ကြည့်ရသောအားဖြင့် ပကတိ ကြည်နူး ချမ်းမြေ့ဘွယ်သာ ဖြစ်နေခဲ့ပေသည်။

ဗုဒ္ဓမြတ်စွာဘုရားကလည်း သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ်ဖြစ်မြောက်တော်မူဦးစအခါ၊ ရာသီဥတုကလည်း တောပန်း-တောင်ပန်းတို့ပွင့်လန်းဝေစည်ရာ ဝါဆိုလပြည့်၊ တရားဟောသည့်အချိန်ကလည်း နေဝင်လုနီး ညချမ်းဆည်းဆာချိန်ဖြစ်နေလေရာ—

ဘဝပေါင်းများစွာ ပါရမီတော်များ ဖြည့်ကျင့်ဆည်းပူးလာခဲ့ရသောအားဖြင့်ရှင်း....။

ကိလေသာအပေါင်း ကုန်ဆုံးချုပ်ငြိမ်းပြီး ဖြစ်သောအားဖြင့်ရှင်း....။

သစ္စာလေးပါး အမှန်တရားကို ထင်ရှား ကုန်စင်သိမြင်တော်မူပြီးသော အားဖြင့်ရှင်း....။

လောကသုံးပါး၌ နိုင်းရာမမြင်၊ ယှဉ်ရာမရှိ၊ ပကတိသော သန့်စင်ကြည်လင်ခြင်းဖြင့် ထွန်းလင်းတင့်တယ်နေမည့် ဗုဒ္ဓမြတ်စွာဘုရား၏ ဆင်းသွင်သဏ္ဌာန်တော်....။

ထို့နောက်–

' ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိ တေန နသေ ဝိတဗ္ဗာ '

အစရှိသော ဓမ္မစကြာတရားဦးကို ဟောကြားအပ်သော မြတ်စွာဘုရား ( အင်္ဂလိပ်ပါးနှင့် မြည့်စုံသည့် ) အသံတော်တို့သည် မှောင်ရိပ်ပျိုးစဖြစ်သော မိဂဒါဝုန်တော၏ သာယာခြင်း၊ ငြိမ်းချမ်းခြင်းနှင့် အဘယ်၍–အဘယ်မျှ လိုက်ဖက်တင့်တယ် ကြည်နူးဘွယ်ဖြစ်နေမည်မှာ စိတ်ကူးမျှဖြင့်ပင် ကောင်းစွာ သိမြင်နိုင်လောက်ပေသည်။

## ပုဂ္ဂိုလ်တဦး၏အတွေး

ဤနေရာ၌ မြတ်စွာဘုရား၏ တရားတော်ဆိုသည်နှင့် ပတ်သက်၍ ခေတ်ပညာတတ် မာ့က် ( စ် ) ဝါဒီတဦး၏ တွေးခေါ်သင်မြင်မှုဘရပ်ကို ဆက်စပ်ဖော်ပြလိုပေသေးသည်။

' မြတ်စွာဘုရား တရားဟောတဲ့အခါမှာ အသံကောင်းတယ်ဆိုတာကတော့ ထားပါတော့၊ အကြောင်းအရာအနေနဲ့ကတော့ ဟောသမျှစကားပိုဒ်တိုင်းမှာ ရှစ်လုံး - ရှစ်လုံးစီ အညီ အမျှ ရှိတယ်။ အသံနိမ့်မြင့် – ဆင်းတက် ကဗျာဆံတယ် ဆိုတာဟာ နဂိုဘုရားဟောခဲ့ရင်း ဖြစ်နိုင်ပါ့မလား.... '

' အမှန်တော့ ဘုရားက သူ ဟောသမျှ – ပြောသမျှတွေမှာ ရှစ်လုံးတပိုဒ် အညီအမျှစီရှိရမယ်လို့ တမင်တကူးတကန့် စီစဉ်နေမှာ မဟုတ်ပါဘူး။ ကြုံသလို - ဖြစ်သလို ဟောလိုက်မှာပါဘဲ။ နောက်ပိုင်းကျမှသာ အဋ္ဌကထာဋီကာဆရာကြီးတွေက ရှစ်လုံးစီ

ရှစ်လုံးစီလဲ အညီအမျှရှိလေအောင် အသံကလဲ နိမ့်မြင့် ဆင်း တက် ဆိုကောင်း - ရွတ်ကောင်းဖြစ်လေအောင် ပြုပြင်ဖန်တီး ထားကြတာ ဖြစ်ပါလိမ့်မယ်'

ဤအယူအဆနှင့် ပတ်သက်၍ စာရေးသူက သူ့အား အလှယ်ဆုံး - အနီးဆုံး အထောက်အထားဖြင့် ပြန်လည် အဖြေ ပေးခဲ့သည်။

မြတ်စွာဘုရားအပေါ်တွင် သဒ္ဓါတရား ခေါင်းပါး ကင်းမဲ့နေသူတဦးအား အာဂမယုတ္တိ ကျမ်းဂန် အဆိုအညွှန်းများဖြင့် ဖြေရှင်း၍ အကြောင်းထူးမည် မဟုတ်သော ကြောင့် လည်း တကြောင်း၊ လောကမျက်မြင် သိလွယ်ရာဖြစ်၍လည်းတကြောင်း သဘာဝယုတ္တိသဘော အနီးစပ်ဆုံး - အသိလွယ်ဆုံးသော အထောက်အထားတခုဖြင့်ပင် ပြန်လည်တင်ပြခဲ့ရသည်။

'အဲဒါနဲ့ပတ်သက်လို့ အသိလွယ်ဆုံး အထောက် အထားတခု တော့ ရှိပါတယ်။ ဆရာကြီးက ခေတ်ပညာတတ်တဦးဖြစ်ရုံသာ မဟုတ်သေးဘူး။ လူကြီး - လူ ကောင်း ပ ည ာ တ တ်၊ အပေါင်း အသင်းတွေကလဲ များပြီးသားဆိုတော့ နိုင်ငံရေးတရားဟော တာဘဲဖြစ်ဖြစ်၊ စာပေဟောဥ်ကျေးမှု ဗဟုသုတပညာပေးဟောတာ ဘဲ ဖြစ်ဖြစ်၊ အဲဒီလိုဟောပြောပွဲတွေကို အတော်များများတွေ့ဘူး ကြုံဘူးခဲ့ပါလိမ့်မယ်'

'ဟာ...၊ ကြုံဘူးပါသော်ကော....၊ ကျုပ်တို့ ငယ်ငယ်က ကျောင်းသားခေါင်းဆောင် ( ကို... ) တို့များဆို တရားဟော စကားပြော သိပ်ကောင်းတာပေါ့။ ပီးတော့ လူကြီးပိုင်းထဲက ဦး....တို့ဆိုလဲ တရားဟောကောင်းတာဘဲ'

'ဟုတ်ကဲ့ - နောက်တခု ဇာတ်မင်းသား ဦးဖိုးစိန်ကြီးတို့ သီချင်းဆိုကောင်းတယ်....၊ စကားပြောကောင်းတယ်....၊ ဘယ်လောက်များ စကားပြောကောင်းသလဲဆိုရင် စကားထဲမှာကို စည်းဝါးသဘောပါနေတယ်ဆိုတာကိုလဲ ဆရာကြီး ကြားခဲ့ - သိခဲ့ဘူးမှာပေါ့နော်'

'ဒါကတော့ ကျုပ် ကိုယ်တိုင်ကိုဘဲ ဦးဖိုးစိန်ကြီးကိုသုံးလေးခါ ကြည့်ခဲ့ရဘူးပါတယ်'

'ကဲ - ဒီတော့ တိုတိုဘဲ ပြောကြပါစို့ - ဆရာကြီးရယ်...။ ဒီနေ့ခေတ် သာမန်လူသား တရားဟော စကားပြောကောင်းသူတွေဟာ စာရွက်စာတန်းနဲ့ ရေးထားပြီးသား မဟုတ်သည့် တိုင်အောင် အများပရိသတ်ရှေ့မှာ နားထောင်ချင်စဖွယ်ဖြစ်အောင် စိတ်ဝင်စားလောက်အောင် လေယူ - လေသိမ်း အထိန်း အငြဲ့ အဆွဲ့အငင် အဖြတ် အတောက်တွေနဲ့ စည်းကမ်းတကျ အကြောင်းအကျိုးဆက်စပ်မှေအာင် ဟောတတ် ပြောတတ်တယ်ဆိုရင်....'

စာရေးသူက ဤမျှဖြင့်ပင် စကားဖြတ်လိုက်သည်။ ကိုယ့်သက် ကြီးကဲသူ ဖြစ်၍ အားနာခြင်းလည်း ရှိပေသည်။ ပုဂ္ဂိုလ်ကြီးထံမှ တစုံတရာ စောဒက မထွက်လာ၊ တွေးတောစဉ်းစားဟန်ဖြင့်သာ တဖက်သို့လှည့်ပြီး ငေးနေသည်။

မိမိနှင့် သဘောချင်း တူသည် - မတူသည်ကို အပထား၍ ဗုဒ္ဓမြတ်စွာဘုရားအပေါ် (ဤစကားကို အကြောင်းပြု၍) တွေးခေါ်စဉ်းစားဖော်ရလျှင်ပင် ဝမ်းမြောက်လှပါချေပြီ။

ဤကား - ဓမ္မစကြာတရားတော်နှင့် စပ်လျဉ်း၍ အကြောင်းအားလျော်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာရသော သဒ္ဒါစေတနာ သဘောဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာ၏ ပထမဦးဆုံးသော တရားတော် ' ဓမ္မစကြာ ' ကို စာပေအတတ်ဖြင့် ပျံ့ပြော ရိုကျိုး ရှိခိုးပူဇော်ရခြင်းလည်း ဖြစ်ပေသည်။

## ( ၄ ) သမ္မာကမ္မန္တ

### ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သောကာယကံမှု

မဂ္ဂင်ရှစ်ပါးအနက် ဤ လေးခုမြောက်ဖြစ်သောသမ္မာကမ္မန္တ မဂ္ဂင်၏ ထူးခြားချက်မှာ၊ ကိုယ်တိုင်လက်တွေ့ ပြုလုပ်အပ်သော ကာယကံမှုနှင့် တိုက်ရိုက်စပ်လျဉ်းနေခြင်း ဖြစ်သည်။

**ထိုကာယကံမှုတွင်လည်း -**

၁။ ပါဏာတိပါတာ - ဝိရတိ၊ ပိုးမွှားကြက်ငှက်မှအစပြုသော သတ္တဝါတို့၏ အသက်ခန္ဓာကို သတ်ဖြတ်ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ အဒိန္နာဒါန - ဝိရတိ၊ သူတပါးတို့၏ သက်ရှိ သက်မဲ့ မည်သည့်ပစ္စည်းမဆို ခိုးဝှက် လုယက် ယူခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ ကာမေသုမိစ္ဆာစာရ-ဝိရတိ၊ မိဘ မောင် အကို ညီမ အမ အစရှိသော အုပ်ထိန်းခြင်း ( ၂၀ ) နှင့် မကင်းသော စေ့စပ်ကြောင်းလမ်းထားပြီး ဖြစ်သော လင်ရှိမယား ဖြစ်သော မိန်းမတို့၌ ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်

ကြည်ခြင်း၊ သူတပါးယောကျ်ား ( လင်သား ) တို့ နှင့် ပြစ်မှားကျူးလွန်ခြင်း၊ မိမိယောကျ်ားမှတပါး အခြားသူတို့နှင့် ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြည်ခြင်း၊ အရက်သေစာ သောက်စားမှု၊ လောင်းကစားမှုတို့မှ ရှောင်ကြည်ခြင်းဟူ၍ သုံးမျိုးသုံးစား ကွဲပြားခြားနားသွားပြန်ပေသည်။

## သူတပါးအသက်မှ ရှောင်ကြည်ခြင်း

ဤပါဏာတိပါတ သိက္ခာပုဒ်မှာ သာမန်အားဖြင့် ကားသတ်ဖြတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြည်မှု၊ မပြုလုပ်မှုဟူ၍ သိမှတ်နားလည်ဖွယ်ဖြစ်သည်။ စင်စစ် ကြောင်းကျိုးဆက်စပ်မှု အားဖြင့်သော်၊ သူတပါးအသက်ကို မသတ်ဖြတ်ခြင်းဟူသည်၊ သီးခံခြင်း၊ စောင့်စည်းခြင်း၊ ခိုးခြံခြင်း၊သနားကြင်နာခြင်းဟူသော အကျိုးတရားများကိုပါ သက်ရောက်ဖြစ်ထွန်းလာစေနိုင်သည်။

မိမိကို ကိုက်ခဲဆိပါးလာသော ခြင်ကောင်၊ ကြမ်းပိုး ( ဂျပိုး )မှအစ ကြက် ငှက် ကျွဲ နွားဟူသောအသားစားတိရစ္ဆာန်များအထိ၊ သတ်ဖြတ်နိုင်ခွင့် ရှိပါလျက် မသတ်ဖြတ်သည့် အခါ၊ ပထမဦးဆုံး သီးခံနိုင်ခြင်း အလေ့အကျင့် ဖြစ်မြောက်လာသည်။

စောင့်စည်းခြင်းသဘောဆိုသည်မှာကား၊ အသက်ရှိသည်ချင်း၊ ကိုယ်ချင်းစာနာမှု၊ မိမိကိုယ်တိုင်၏ အာသာဆန္ဒကို ထိန်းချုပ်နိုင်မှု ဖြစ်သည်။ ခိုးခြံခြင်းမှာကား၊ ခံစားမှုအာရုံ ခေါင်းပါးလျော့နည်းခြင်း သဘောသို့ပင် သက်ရောက် ဝင်ဆန့်လာသည်။

မိမိ၏ အစာအာဟာရ ( ရသတဏှာ ) အတွက် ကြက်သား ဟင်း စားချင်လှပါသည်။ ဝက်သားဟင်း စားချင်လှပါသည် ဟူ၍ တောင့်တောင့်တတ-စွဲစွဲလမ်းလမ်းမရှိ။ ကြုံရာ - ရရာနှင့်ပင် စားသောက်မှီဝဲပါမည် ခြိုးခြံထားသောအခါ ရသာတဏှာတွင် တပ်မက်စွဲလမ်းမှု ခေါင်းပါးလျော့နည်းသွားသည်။

သနားကြင်နာခြင်းမှာကား မေတ္တာသဘော ဖြစ်ပေသည်။ ကြက် ငှက် ဘဲ ဝက် တို့သည်လည်း ငါ ကဲ့သို့ပင် သက်ရှိသတ္တဝါ များဖြစ်ကြသည်။ ငါမသေချင်သလိုပင် သူတို့လည်း သေချင် ကြမည်မဟုတ်။ ထို့ကြောင့် ငါ့အတွက်ဖြင့်ကား သူတို့အသက် မသေပါစေနှင့်တော့ဟူ၍ ကိုယ်ချင်းစာတရားပွားများနေသည့် အခါ၊ သတ္တဝါအားလုံးတို့အပေါ်၌ပင်လျှင် မေတ္တာထားတတ် ထားနိုင်လာပေသည်။

## တေမိမင်းသားနှင့်ကင်ပလင်းရွက်

တေမိမင်းသားသည် သုနန္ဒရထားမှူး နန်းတော်သို့ပြန်ကာ ခမည်းတော် - မယ်တော်များကို သွားရောက် ခေါ်ငင်နေစဉ် အခါ၌ ကံပျင်းရွက် ( ကင်ပလင်း )ရွက်ကိုသာ အစာအာဟာရ အဖြစ် မှီဝဲစားသောက်နေခဲ့၏။

ခမည်းတော် - မယ်တော်များ ရောက်ရှိလာပြီး တေမိမင်း သား၏ အသားအရေသန့်စင်ကြည်လင်နေပုံကို ထူးဆန်း အံ့ဩ မေးမြန်းကြသည့်အခါ နန်းတော်ထဲတွင်ကဲ့သို့ အမဲသား ငါး များကို မစားရသော်ငြား၊ ကင်ပလင်းရွက်၌ ရောင့်ရဲခြိုးခြံခြင်း

အားဖြင့် စားသုံးမှီဝဲအပ်ခြင်းကြောင့် ဤကဲ့သို့ အသားအရေ အဆင်းအသွင်များ ကြည်လင်သန့်စင်နေရကြောင်း ပြန်ပြော ခဲ့သည်။

## ရုပ်အဆင်းသန့်စင်ကြည်လင်မှု

ဤသည်ကို ထောက်ထားခဲ့လျှင် အစာအာဟာရနှင့် ပတ်သက်၍ ခြိုးခြံသိမ်းဆည်းခြင်း (ရသာတဏှာကို ချုပ်ထိန်းခြင်း) ဟူသည် မြင့်မြတ်ကောင်းမွန်ရုံမျှမဟုတ်သေး။ ရုပ်အဆင်းသန့်စင် ကြည်လင်မှုလည်း ဖြစ်နိုင်ကြောင်း သိမှတ်ဖွယ်ဖြစ်ပေသည်။

ဤ နေရာ၌ အဟာရဇာတ်သဘောကို ဆို လို ရင်း မ ဟု တ်။ မြင့်မြတ်သော စိတ်စေတနာကို အမှီပြု၍ ရုပ်အဆင်းကြည်လင် သန့်စင်ရခြင်းဖြစ်ကြောင်း ဆိုလိုခြင်း ဖြစ်ပေသည်။

ထိုကဲ့သို့ ရုပ်အဆင်းသန့်စင်သည် ဆိုကတည်းကလည်း ရုပ် ဝတ္ထုနှင့် အကြောင်းဆက်စပ်နေသောစိတ်သန္တာန်ပါ အေးချမ်း တည်ငြိမ်လာရမည်သာ ဖြစ်လေသည်။

## သူတပါးတို့၏ပစ္စည်းကို ခိုးဝှက်လုယက်ယူခြင်းမှ ရှောင်ကြဉ်ခြင်း

ဤတွင်လည်းခိုးဝှက်လုယူခြင်း၏အပြစ်၊ ရှောင်ကြဉ်ရခြင်း၏ ကောင်းကျိုးကို တွေ့သိနိုင်သည်။ အဖက်ဖက်မှ ဆင်ခြင်ထောက် ထားဖွယ်ဖြစ်သည်။

သူတပါးပစ္စည်းကို ခိုးဝှက်လုယက်ယူခြင်း ဟူသည်၊ တမလွန်ဘဝ သံသရာ့အပြစ်ကို အပထားဦး၍၊ ယခုမျက်မှောက်ဘဝ၌ပင်လျှင် ယုတ်ညံ့သိမ်ဖျင်းလှသောအမှု ဖြစ်ပေသည်။

သူတပါးပစ္စည်းကို ခိုးဝှက်လုယက်ယူလိုသူသည် မိမိကိုယ်တိုင်၏ ကိုယ်စွမ်း - ကိုယ်စ လုံ့လဝီရိယသဘော ကြံစည် ကြိုးပမ်းမှုသဘောကို အလေးအနက်ပြုနိုင်တော့မည် မဟုတ်ပေ။

ရေသာခိုအချောင်လိုက် ဖြတ်လမ်းလိုက် အခွင့်အရေးသမားမျိုး ဖြစ်သည်။

## မကောင်းသောအခြေအနေ

ဤစိတ်မျိုး၊ ဤအခြေအနေမျိုးကြောင့်ပင် ခိုးဝှက်လုယက်ရန်ကိုသာ ကြံစည်အားထုတ်နေသည့်အခါ တပါးသူတို့ အပေါ်သက်ညှာထောက်ထားရန်လည်း မသိ။ ထိုတပါးသူတို့၏ ပစ္စည်းဥစ္စာကို လိုချင်တပ်မက်နေသော ( လောဘ ) စိတ်၊ လိုချင်တိုင်းမရနိုင်သည့်အခါ မကျေမနပ်ဖြစ်ရသော ( ဒေါသ )စိတ်၊ ရခဲ့လျှင် သုံးရတော့မည် အတွေးဖြင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် ဖြစ်နေသော ( မောဟ ) စိတ်။

ဤသို့လျှင် မကောင်းသောစိတ်။ မကောင်းသော အခြေအနေဖြင့်သာလျှင် ရင်းနှီးပိုးပြွမ်းနေခဲ့ချေသည်။

## တဖက်သား၏ နစ်နာဆုံးရှုံးမှု

စင်စစ်သော်၊ ခိုးဝှက်လုယက်ယူခြင်း ဟူသည် မိမိတွင်မကောင်းမှုဖြင့် ရင်းနှီးနစ်မွန်းရသည်သာ မဟုတ်သေး။ အခိုးခံ

ရသူ၊ အလုခံရသူတွင်လည်း ( တခါတရံ၌ အကြောင်းအား လျော်စွာ ) ရင်ကွဲပက်လက်ဖြစ်ရလောက်အောင် ထိခိုက်ခံစားရ သည်များ ရှိတတ်သေးသည်။

တခါက အဖိုးကြီးတဦးသည် မြေးနှစ်ယောက်ကို ရှင်ပြုပေး လိုမှုဖြင့် သင်္ကန်းပရိက္ခရာနှင့် အခြားပစ္စည်းများ ဝယ်ယူရန် ရန်ကုန်မြို့သို့ ရောက်လာခဲ့၏။

ထို သင်္ကန်းပရိက္ခရာနှင့် အခြားပစ္စည်းများ ဝယ်ရန် ငွေကြေး မှာလည်း အထုပ်ထဲမှ လွယ်လင့်တကူနှိုက်ယူလာရသည် မဟုတ်။ ကွယ်လွန်သွားရှာသူ သမီး၏နားကပ်တရံကို ရောင်းချထုခွဲ၍၎င်း၊ သူကိုယ်တိုင် သုံးနှစ်တာကာလမျှ လုပ်ကိုင်ရှာဖွေခဲ့ရခြင်းဖြင့်၎င်း၊ အသင့်အတန်မျှစုဆောင်းမိခဲ့သော ငွေကြေးဖြစ်၏။ အဖိုးကြီး၏ နားထဲတွင် သမီးဖြစ်သူ သေခါနီး၌ တဖွဖွမှာခဲ့သော (မြေး ကလေးနှစ်ယောက်ကို ရှင်ပြုပေးပါရန်) စကားကိုလည်း စွဲစွဲ လမ်းလမ်းပင် ကြားယောင်နေမိ၏။

မြေးနှစ်ယောက်ကို ရှင်ပြုပေးခဲ့ပြီးလျှင် သူလည်းသေပျော် ပြီ။ သမီးဖြစ်သူအလိုဆန္ဒလည်း ပြည့်ဝပြီ တွေးမိ၏။ ကြည်နူး ဝမ်းမြောက်နေခဲ့၏။

သို့သော်—

အဖော်ခေါ်လာသူ အခြားအဖိုးကြီးတယောက်နှင့် အတူ၊ သင်္ကန်းပရိက္ခရာဆိုင်တဆိုင်အတွင်းရောက်ပြီး လွယ်အိတ်တွင်းမှ ပိုက်ဆံထုပ်ကို နှိုက်ယူသောအခါတွင်ကား၊ မော်တော်ကား ပေါ်တွင် အလစ်သမားနောက်ပါသွားပြီ ဖြစ်သော ငွေထုပ်ကို

အဖိုးကြီးမည်သို့မျှ ရှာမရတော့ပေ။ လွယ်အိတ်တွင်း တနေရာရာ တွင်များ ရှိသေးလို ရှိသေးငြား စမ်းသပ် ရှာဖွေသော်လည်း မရှိတော့ပြီဖြစ်သောငွေထုပ်ကို မည်သို့မျှမတွေ့ရတော့ဖြစ်သည်။

အဖိုးကြီးသည် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာ ရုံမျှမဟုတ်သေး။ နေရာတွင်ပင် ဖြုံးကနဲ လဲကျကာ သတိလစ် မေ့မျောသွားရရှာတော့သည်။

ဤကား စိတ်ကူးယဉ်ဝတ္ထုတိုတပုဒ်မဟုတ်။ ကိုယ်တွေ့ကြုံခဲ့ ရဘူးသောသက်နိုးပရိက္ခရာဆိုင်ရှင်တဦး၏ မြန်လည်ပြောပြချက် ဖြစ်သည်။

မိခင်လူနာအတွက် ဆေးဝယ်လာသူ - သူငယ်တဦးကြုံကြိုက် ရသည်မှာလည်း ထို့အတူပင် ဖြစ်သည်။ သေအံ့ဆဲဆဲမိခင်ကြီး အတွက် ဆေးရှာဖွေဝယ်ရန်ငွေမှာ အလစ်သမား နောက်ပါ သွားခဲ့ရသောအခါ လူငယ်တဦးဖြစ်လျက် မျက်ရည် မဆည်နိုင် သည့်တိုင် စိတ်ထိခိုက်ခဲ့ရပေသည်။

သူဘပါးပစ္စည်းကို ခိုးဝှက်လုယက်ယူခြင်း ဟူသည်၊ ဤရွေ့ ဤမျှလောက်ပင် မကောင်းမှုဖြင့် ရင်းနှီး ပတ်သက်နေသော အခါ ထိုအမှုကိုပြုသူ မရှောင်ကြဉ်သူမှာလည်း အဘယ်သို့လျှင် ကောင်းမြတ်သော စိတ်ဆန္ဒ၊ ကောင်းမြတ်သော အသိပညာရရှိ ဖြစ်ထွန်းနိုင်ပါတော့မည်နည်း။

## အဆုံးအမတော်

ဤသို့လျှင် အဖက်ဖက်မှ မကောင်းစွာသော အခြေအနေ များအရ သမ္မာကမ္မန္တ - ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်

သော ကာယကံမှုဆိုသည်မှာ မဂ္ဂင်ရှစ်ပါး • တရားလမ်းစဉ်၌ အလေးအနက် ထုတ်ဖော်မိန့်ကြားတော်မူခဲ့ရသော ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမပင် ဖြစ်ပေသည်။

အပြန်အလှန် အားဖြင့်သော် ခိုးဝှက်လုယက်ခြင်း ဟူသော မကောင်းမှုကို ရှောင်ကြဉ်ပါမှ သူတပါးတို့၏ ပစ္စည်းဥစ္စာ၌ တရားနှင့်အညီ စောင့်စည်း ထိန်းချုပ်နိုင်သည်။ သို့ပါမှလည်း မတရားသဖြင့်ဖြစ်သော တပ်မက်မှု လောဘ၊ မိမိလိုချင်သည့် အတိုင်း မရနိုင်သဖြင့် လက်ဝယ်မရောက်သေးသဖြင့် မကျေမနပ် ဖြစ်ရသော ဒေါသ။ တပ်မက်မှု မကျေနပ်မှု၌သာ ဝင်စားနစ်မြုပ်နေရသော မောဟဟူသည့် မကောင်းမှုများနှင့် လွတ်ကင်းနိုင်သည်။

သို့ မကောင်းမှုများနှင့်လွတ်ကင်းနေသည့်အခါ စိတ်သန္တာန်မှာလည်း ပကတိဖြူစင်ဖြောင့်မတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ကြည်လင်ခြင်းများ ဖြစ်လာနိုင်သည်။

လောဘကြောင့်လည်း စိတ်မနှောက်၊ ဒေါသကြောင့်လည်း စိတ်မနှောက်၊ မောဟကြောင့်လည်း စိတ်မနှောက်သောသူသည် အမှန်တရားကို တွေ့သိနိုင်ဘို့လည်း အနီးစပ်ဆုံး အခြေအနေ ဖြစ်နေပေသည်။

## ကာမေသုမိစ္ဆာစာရဝိရတိ

မလွန်ကျူးထိုက်သော ကာမဂုဏ်မှု၊ အရက်သေစာသောက်စားမှု၊ လောင်းကစားမှုများမှ ရှောင်ကြဉ်ခြင်း။

မလွန်ကျူးထိုက်သော ကာမဂုဏ်မှုဆိုရာ၌ အရေအတွက် အမျိုးအမည်အားဖြင့်ကား၊ ဦးရေပေါင်း နှစ်ဆယ်ဖြစ်သည်။ မိဘနှစ်ပါးတို့ အုပ်ထိန်းထားသော မိန်းမ၊ အကို အုပ်ထိန်းထားသော မိန်းမ၊ မောင် အုပ်ထိန်းထားသော မိန်းမစသည်ဖြင့် အုပ်ထိန်းခြင်း၊ စောင့်ရှောက်ခြင်း နှစ်ဆယ်အထိ ရှိနေပေသည်။

လောကကြောင်း လူမှုရေးအားဖြင့် ဝေဖန် ပိုင်းခြား ကြည့်ရသော် အုပ်ထိန်းခြင်း နှစ်ဆယ် ( ၂၀ ) ဆိုသည်မှာ အဘယ် အမျိုးသမီး၊ အဘယ်မိန်းမနှင့်မျှ မလွတ်ကင်းနိုင် ဆိုရချိမ့်မည်။

မိဘနှစ်ပါးမရှိခဲ့လျှင် အကိုကြီး အုပ်ထိန်းသည်။ အကိုကြီး မရှိခဲ့လျှင် မောင်ဖြစ်သူ အုပ်ထိန်းသည်။ အစ်မဖြစ်သူ အုပ်ထိန်းသည်။ ကြီးဒေါ် ( ဂျီးဒေါ် ) မိကြီး ( မဂျီး ) အုပ်ထိန်းသည် စသဖြင့် သွေးသားဆွေမျိုး အသိုက်အဝန်းအားလျော်စွာ ဆက်စပ်ပတ်သက်နေသူများ ရှိနေတတ်သောကြောင့် ဖြစ်ပေသည်။

## လောကပါလတရား

ဤနေရာ၌ အထက်ဆိုခဲ့ပြီးအုပ်ထိန်းခြင်းနှစ်ဆယ်ဆိုသည်မှာ သိက္ခာပုဒ်သတ်မှတ်ချက် သဘောထက်၊ လောကပါလ တရား သဘောကို ရှေးရှုရည်ရွယ်ထားရင်းဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

ဤ လောက၌ လူနှင့် တိရစ္ဆာန်သည် ကာမဂုဏ်မှီဝဲမှု၊ စားမှု၊ အိပ်မှုတို့၌ကား အတူတူပင် ဖြစ်ကြ၏။ လူသည်လည်း စားမှု၊ အိပ်မှု၊ ပျော်ပါးမှုနှင့် မကင်း။ တိရစ္ဆာန်တို့သည်လည်း စားမှု၊ အိပ်မှု၊ ပျော်ပါးမှုနှင့် မကင်း။

သို့သော်—

လူတို့တွင်ကား စောင့်စည်းထိန်းချုပ်ရခြင်းများရှိ၏။ အမျိုးသမီး ( မိန်းမ ) ချင်း အတူတူဖြစ်စေကာမူ ဤသူကား အမိဖြစ်သည်။ ဤသူကား အစ်မဖြစ်သည်။ နှမဖြစ်သည်။ ကြီးဒေါ်ဖြစ်သည်။ ဒေါ်လေးဖြစ်သည် စသဖြင့် လောက အားလျော်စွာ စောင့်စည်းထိန်းသိမ်းရသော ရှောင်ကြဉ်ရသော လောကပါလ တရားသဘောရှိ၏။

မိန်းမများမှာလည်း ထို့အတူပင် ဖြစ်၏။

ယောကျ်ားချင်းအတူတူဖြစ်စေကာမူ မိမိလင်ယောကျ်ားမှ တပါး အခြားသူတို့နှင့် မဆက်ဆံရခြင်း၊ သူ တ ပါး လ င် ယောကျ်ားနှင့် မဆက်ဆံရခြင်း စသည်တို့မှာ လောကပါလ တရားသဘောပင် ဖြစ်ပေသည်။

ကောင်းပြီ ...၊ ဤသို့ဆိုလျှင် ထိုထို စောင့်စည်းရခြင်းများ ( လောကပါလတရား ) သည် သိက္ခာပုဒ် ပညတ်ချက် မဟုတ်ရာ ရောက်မနေပါလော ဟု စောဒကတက်ထိုက်၏။ တက်သင့်၏။

လောကနှင့်ဓမ္မ၊ သို့မဟုတ်လောကကြောင်းနှင့် ဓမ္မကြောင်း ဟူသည် အခြေခံသဘောချင်း တူမျှနေသည်မျိုး၊ အပြန်အလှန် ကြောင်းကျိုးဆက်စပ်နေသည်မျိုးလည်း ဖြစ်ပေသည်။

လူ တယောက်သည် ကိုယ်ချင်းစာနာတရား၊ သနားကြင်နာမှုကြောင့် သူတပါးအသက်ကို မသတ်။ တယောက်ကမူ မသတ်ရဆိုသော ပညတ်ချက်ကြောင့်ရင်း၊ ငရဲကြီးမည် စိုး၍ရင်း သူတပါးအသက်ကို မသတ်။

ထိုအတူပင် တယောက်သော သူက နတ်ပြည် - နတ်ရွာ ရောက်နိုင်သည်၊ ဖြစ်လေရာဘဝတိုင်း၌ ကြီးမြင့်ချမ်းသာ ဖြစ်နိုင်သည်ဟူသောအစွဲဖြင့်လှူဒါန်းပေးကမ်းခြင်းပြု၏။ တယောက်သော သူကမူ ထိုကဲ့သို့ အစွဲမရှိ။ ပကတိသော သဒ္ဓါတရား - စားကြပါစေ ...၊ သောက်ကြရပါစေ - ဟူသော ရည်ရွယ်ချက်ဖြင့် ကျွေးမွေးပေးကမ်းခြင်းပြု၏။

ထို သူများသည် ပညတ်ချက်ကို သိခြင်းနှင့် မသိခြင်းသာ ကွာခြားလင့်ကစား၊ ကောင်းကျိုးသက်ရောက် ဖြင်ထွန်းစေမှုတွင်ကား၊ တစုံတရာကွဲပြားခြားနားကြမည်မဟုတ်ပေ။

**ချွင်းချက်တခုကားရှိ၏—**

မသတ်ရဆိုသော ပညတ်ချက်ကြောင့် မသတ်ခြင်း (မိမိစိတ်ဆန္ဒကို ထိန်းချုပ်ခြင်း) သည်ကား၊ သီလစောင့်စည်းမှု သဘော ဖြစ်မြောက်နေ၏။ မိမိအလိုအလျောက်မဟုတ်ဘဲ သိက္ခာပုဒ်ပညတ်ချက်ကို လေးစားလိုက်နာရာ ရောက်နေ၏။

သီးခံခြင်း၊ ဆောက်တည်ခြင်း၊ ကျင့်သုံးခြင်း သဘောများလည်း ဖြစ်မြောက်နေ၏။ ထိုကဲ့သို့ အလေးအနက် ဖြစ်မြောက်နေသည်များမှာကား၊ အလိုအလျောက်(မိမိဆန္ဒအားလျော်စွာ) မသတ်ဖြတ် မညှဉ်းဆဲသူထက် ထူးခြားသာလွန်မှုရှိပေလိမ့်မည်။

## မကောင်းကျိုးသက်ရောက်မှု

မိန်းမများတွင် မိမိလင်ယောကျ်ားမှ တပါးသော သူတို့နှင့် ကာမဂုဏ် လွန်ကျူးခြင်းသည်၊ မကောင်းမှုဖြစ်သည်( ကာမေသုမိစ္ဆာစာရကံထိုက်သည် )ဆိုရာ၌ လောကပါလတရား အားဖြင့်

သော်၊ စောင့်စည်းအပ်သည်ကို ချိုးဖျက်ခြင်းကြောင့် ကံထိုက်သည်ဟု ဆိုရပေလိမ့်မည်။

ကောင်းပြီ....၊ထို မိန်းမသည် လောကပါလတရားကို အဘယ်ပုံ * ချိုးဖျက်ပါသနည်း။

မိဘနှစ်ပါးပေးစား၍ပင် ဖြစ်စေ၊ မိမိတို့ချင်း သင့်မြတ်၍ပင်ဖြစ်စေ၊ လင်ယောကျ်ားအရာသို့ ရောက်နေသူသည် မိန်းမတို့၌ အိမ်ဦးနတ်ဖြစ်၏။ အရှင်သခင်ဖြစ်၏။ စား ဝတ် နေ ရေး အတွက် ကျေးဇူးရှင်ဖြစ်၏။ အစစကိုးကွယ် အားထားရာလည်း ဖြစ်၏။

ထိုထိုဂုဏ်ကျေးဇူးများ အရပင်လျှင် ထိုသူမနှစ်မြို့ဖွယ် ဖြစ်သော စိတ်ဆင်းရဲစေနိုင်ဖွယ်ဖြစ်သော အမှုကို ဖောက်ပြန် ကျူးလွန်မိခြင်းမှာ မကောင်းမှုအရာသို့ သက်ရောက်နိုင်ရခြင်း ဖြစ်ပေသည်။

ဤ သဘောမျိုးဖြင့်ဆိုသော် ကာမေသုမိစ္ဆာစာရကံ ဟူသည် မိန်းမများအနေဖြင့်ချည်း တဖက်သတ်မဟုတ်၊ ယောကျ်ားများဘက်မှလည်း ကံထိုက်စရာရှိ၏။ ထိုက်သင့်၏။

မိမိအပေါ်တွင် အမိကဲ့သို့ရင်း၊ နှမကဲ့သို့ရင်း၊ အစေအပါးကဲ့သို့ရင်း၊ အဆွေခင်ပွန်းကဲ့သို့ရင်း အဖက်ဖက်မှ စေတနာသဒ္ဓါဖြင့် ပြုစုလုပ်ကျွေးနေသော ဇနီးမယားဖြစ်သူအား သက်ညှာထောက်ထားခြင်းမရှိ။ မိမိအလိုဆန္ဒအတိုင်း သာလျှင် အခြား

---

* တဖက်သူတို့အား ဆွဲခေါ်သူ၊ ခေါင်းဆောင်သူ၊ ကောင်းကျိုးပြု စာရေးဆရာကြီး ပီမိုးနင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူးအောက်မေ့သောအားဖြင့် ဤစကားလုံး ‘ အဘယ်ပုံ ’ ကို မြတ်မြတ်နိုးနိုး သုံးနှုန်းပါသည်။

မိန်းမတို့နှင့် ဆက်ဆံခြင်း၊ အတိုင်းထက်အလွန် လိုက်စားခြင်း များမှာ လောကပါလတရားအားဖြင့်သော် အပြစ်ကင်းနိုင်စရာ မရှိပေ။

အချို့သူများအဖို့မူ 'ယောကျ်ားကောင်း မောင်းမတထောင်' ဟူသည်မျိုးမျှ မဟုတ်သေး။ မယားဖြစ်သူ အပေါ်တွင် နည်း အမျိုးမျိုးဖြင့်လည်း စိုးပိုင်ကြသေး၏။ လွှမ်းမိုးနိုင်နင်းကြသေး ၏။ ထိုကဲ့သို့ လွှမ်းမိုးစိုးပိုင်ခံရခြင်း အတွက် မိန်းမဖြစ်သူတွင် ကိုယ်စိတ်နှစ်ပါးပင်ပန်းဆင်းရဲရသည်မှာလည်း အမှန်ပင်ဖြစ်၏။

ဤ အပြုအမူမျိုးများမှာ ( ဘုရားကပင် ပညတ်ခဲ့သည့် တိုင် အောင် ) မိမိအတွက် တဖက်သား ကိုယ်စိတ်နှစ်ပါးဆင်းရဲရစေမှု အားဖြင့်ကား အမှန်ပင် မကောင်းကျိုးသက်ရောက် ပြစ်မှုနှံးရပေ လိမ့်မည်။

စင်စစ် အုပ်ထိန်းခြင်း ( ၂၀ ) နှစ်ဆယ်နှင့် မကင်းသူများ၌ ကျူးလွန်ခဲ့လျှင် ကာမေသုမိစ္ဆာစာရ ကံ ထိုက်သင့်သည် ဆိုခြင်း မှာပင်လျှင် ဤ သဘောကို ရည်ရွယ်၍ ( သက်ရောက် အကျုံး ဝင်မှုအဖြစ် ) ဟောကြားခဲ့ခြင်း ဖြစ်နိုင်သည်။

သိက္ခာပုဒ်သဘောအားဖြင့်ပင် ဖြစ်စေ၊ လောကပါလတရား အားဖြင့်ပင်ဖြစ်စေ၊ တရားမျှတမှု ကြောင်းကျိုးလျော်ကန်မှုဖြင့် သော် ယောကျ်ား ( လင် ) ဖြစ်သူက မိန်းမ ( မယား ) ကို မတရားသဖြင့် လွှမ်းမိုးစိုးပိုင်ခြင်းသည်လည်း မကောင်း။ မယား ဖြစ်သူက လင်ယောကျ်ားကို မတရားသဖြင့် လွှမ်းမိုးစိုးပိုင်ခြင်း သည်လည်း မကောင်း။ နှစ်ဦးလုံးပင်လျှင် အစစ ရိုးသားဖြောင့် မှန်ပါမှသာ အပြစ်ကင်းစင်နိုင်ပေလိမ့်မည်။

ဤကား ကာမေသုမိစ္ဆာစာရကံနှင့် ပတ်သက်၍ လောက ကြောင်း-ဓမ္မကြောင်း အပြန်အလှန် ကြောင်းကျိုး ဆက်စပ် ကြည့်ရခြင်း၊ တွေးခေါ်ဆင်ခြင်ကြည့်ရခြင်း ဖြစ်ပေသည်။

## သေအရက်နှင့် လောင်းကစားမှုမှ ရှောင်ကြဉ်ခြင်း

သေ အရက် သောက်စားမှု၊ အနောက်တိုင်း ယဉ်ကျေးမှု၊ ပေါင်းသင်းဆက်ဆံရေး၊ လောကဝတ် စသည်များဖြင့်ကား၊ ဆင်ခြေပေးနိုင်ကြ၏။ ပေးလည်းပေးနေကြ၏။

သို့သော် သေ အရက်နှင့် ပတ်သက်၍ တူမျှသော ဉပမာတခု ကား ရှိ၏။

သေခြင်းတရားဟူသည် အဘယ်နေရာတွင်မျှ မလွတ်။ အိမ်တွင် နေရင်းလည်း သေရမည်။ လမ်းခရီးသွားလာနေရင်းလည်း သေရမည်။ တစုံတရာလုပ်ကိုင်နေရင်းလည်း သေရမည်ဖြစ်၏။

သို့သော် အိမ်တွင်နေသူထက် လမ်းခရီး သွားလာနေသူက သေရခြင်းနှင့် ပိုပြီးနီးစပ်၏။ ခရီးသွားနေဆဲ မော်တော်ကား မှောက်၍ တိုးမိ-တိုက်မိ၍စသည် ပျက်စီးထိခိုက်နိုင်သောကြောင့် ဖြစ်၏။

ထိုခရီးသွားချင်းအတူတူတွင်လည်း ရေလမ်းခရီးသွားသူက သေဘေးနှင့် ပိုပြီး နီးစပ်နေပြန်၏။ ထိခိုက်ပျက်စီးသည်ချင်း တူလျှင် ရေကြောင်းခရီးတွင်ပျက်စီးရခြင်းမှာ အသက်ရှင်နိုင်ရန် ခဲယဉ်းလှသောကြောင့် ဖြစ်၏။

အရက်သောက်ခြင်းဆိုသည်မှာလည်း ထိုသဘောအတိုင်းပင် ဖြစ်ပေသည်။

## မကောင်းမှု၏ အခြေခံ

အရက်၏ သဘာဝအရ မူးယစ်တွေဝေနေသော အခါ၌ လူကောင်းပကတိထက် အမှားနှင့် ပို၍နီးစပ်၏။ မှားယွင်းနိုင်သော အခြေအနေရှိနေ၏။ 'အရက်မူးနေလို့ ဖြစ်ရတာပါ' ဟူသော စကားကို အများဆုံး ကြားနေရသည်ကပင်လျှင် အရက်ကြောင့် မှားယွင်း လွန်ကျူးမှုဖြစ်တတ်ကြောင်း အထောက်အထားဖြစ်နေပေသည်။

နောက်ဆုံး မည်သည့်အမှားကိုမျှ မကျူးလွန်မိပါ ဆိုရသည့်တိုင်အောင် ငွေကြေးကုန်ကျမှု၊ ထိခိုက်နစ်နာလှသည့်မျိုးလည်း ဖြစ်၏။ အရက်ဖိုးအတွက် စား ဝတ် နေ ရေး အဖက်ဖက်မှ ချို့ငဲ့ကြပ်တည်းဖြစ်ရသည်များမှာ မျက်မြင်ထင်ရှား ဖြစ်နေပေသည်။

## အမှန်တရားဆိတ်သုဉ်းမှု

အရက်သည် စိတ်သဘာဝနှင့်လည်း အများဆုံး ပတ်သက်ဆက်စပ်နေ၏။

လူသားတို့မည်သည် အရက်မသောက်ပါဘဲလျက်ပင် စိတ်ကောင်း – စိတ်မြတ်၊ အမှန်တရားနှင့် ဝေးကွာနေတတ်ပေရာ၊ အရက်သောက်ခြင်းအားဖြင့် စဉ်းစားဆင်ခြင်တုံတရား ခေါင်းပါးကင်းမဲ့စေမည် ဆိုပါက အဘယ်မှာလျှင် အမှန်တရားနှင့် ရင်းနှီးကျွမ်းဝင်နိုင်ပါတော့မည်နည်း။

ရတုကဗျာ အလင်္ကာအရာ၌ တံခွန်စိုက် တော်ခဲ့သော 'နတ်ရှင်နောင်' မင်းသားသည် အနုပညာသဘောမျှ မဟုတ်သေး။ စစ်ရေး - စစ်ရာတွင်လည်း ကျွမ်းကျင်လိမ္မာလှသူဖြစ်၏။ ယောကျ်ားကောင်း စွမ်းရည်ရှင် ဖြစ်၏။

သို့စေငြား အရက်၌ တရားလွန် အစွဲအလမ်း ကြီးခဲ့မိသော အခါ အမှားကြီး မှားခဲ့သည်နှင့်အမျှ နာမည်ပျက် အရှက်ကွဲ ဘဝဇာတ်သိမ်းမလှ ဖြစ်ခဲ့ရလေသည်။

## လောင်းကစားမှု

လောင်းကစားခြင်းမှာလည်း ထို့အတူပင် ဖြစ်၏။

အသက်မွေးဝမ်းကျောင်း လောင်းကစားမှုပါ ဆင်ခြေပေးနိုင်သော်လည်း စိတ်ဓာတ်အသိဉာဏ် ပျက်စီးခြင်းမှာကား အပျော်ကစားသူနှင့် အတူတူပင်ဖြစ်၏။ အပျော်ကစားသူသည်လည်း လောင်းကစားခြင်းအတွက် စိတ်ဓာတ် ပျက်စီး၏။ အသက်မွေးဝမ်းကျောင်းပြုသူသည်လည်း စိတ်ဓာတ်ပျက်စီး၏။

ကောင်းပြီ....၊ လောင်းကစားသူတို့မည်သည် အဘယ်ပုံ စိတ်ဓာတ်ပျက်စီးပါသနည်း။

လောင်းကစားခြင်းဟူသည် အတ္တစွဲ လွန်ကဲတတ်သည်မျိုး ဖြစ်၏။ 'လူတယောက်စိတ်သဘောကို သိချင်ရင် ခရီးအတူသွားကြည့်ပါ - ကစားကြည့်ပါ' ဟူသော အနောက်တိုင်း စကားပုံဆိုထုံးတရပ်ပင် ရှိနေခဲ့၏။

ငွေကြေးပစ္စည်းတစုံတရာနှင့် အလောင်းအစားပြုသူများကို အပထား၊ အပျော်တမ်းကစားသူတဦးတယောက်သည်ပင်လျှင် မိမိ၏အတ္တစွဲအတွက် မဖြောင့်မှန်သော နည်းလမ်းများ (ကောက်ကျစ်စဉ်းလဲမှု) ၌ စိတ်ဝင်စားတတ်ကြ၏။ ကြိုးစားတတ်ကြ၏။

စစ်တုရင် ကစားသမားတဦးကို တွေ့ဘူး၏။

ထိုသူသည် ထမင်းကိုပင် အချိန်မှန်မစားနိုင်၊ စစ်တုရင် ကစားနေဆဲတွင်လည်း မိမိအနိုင်ရနိုင်မှုအတွက် အမျိုးမျိုးကြိုး စား၏။ မိမိဘက်မှ ငြင်းခုံခြင်း၊ တဖက်လူကို စွပ်စွဲခြင်းများ ပြုလုပ်လေ့ရှိ၏။

ညအိပ်ရာဝင်သည့် အခါတွင်လည်း၊ ခြင်ထောင် အမိုး၌ စစ်တုရင်ကွက်များကိုသာ မြင်နေမိခြင်းဖြင့် တခါတရံ၌ နံနက် ပိုင်း နှစ်နာရီ - သုံးနာရီထိုးမှပင် အိပ်ပျော်သွားတတ်ကြောင်း သိရ၏။

ငွေကြေးပစ္စည်း တစုံတရာ မပါဝင် ကစားပွဲ၌ပင် ဤရွေ့ ဤမျှ စိတ်ဝင်စား စွဲလမ်းနေသူသည် အကယ်၍များ အလောင်း အစားနှင့် ဆိုခဲ့ချေသော် သူ၏စိတ်ဓာတ် အကြံဉာဏ်မှန်သမျှကို ထိုကစားပွဲ၌ အဘယ်ရွေ့ - အဘယ်မျှ အသုံးချနစ်မွန်းစေမည် ကို ကောင်းစွာ သိနားလည်နိုင်ပေသည်။

## အကြံဉာဏ်ကို အလွဲသုံးစားမှု

လောင်းကစားမှုအတွက် စိတ်ဓာတ်ပျက်စီးခြင်း ဟူသည် ဤမျှလောက်ဖြင့်ပင် သဘောပေါက် ဆင်ခြင်နိုင်ဖွယ်ဖြစ်သည်။ ဆိုလိုရင်းမှာ ကြင်နာသူသည် လောင်းကစားမှုတွင် စိတ်ဝင်စား နစ်မြုပ်နေသောအခါ ရှိရှိသမျှ အကြံဉာဏ် အစွမ်းသတ္တိများမှာ ထိုကစားပွဲတွင်သာ နစ်မွန်း ဆုံးပါးသွားရသည်။

'တထောင်တန် စိတ်အလုပ်ကို တကျပ်တန် လက်အလုပ်နှင့် သဲလှယ်ပစ်သည်' ဆိုသကဲ့သို့ ဖြစ်သည်။

ရှေးရှေးကမူ 'ကြွေပစ်ခြင်းသည်၊ လာဘ်တိတ်သည်' ဟု ဆိုစမှတ်ပြုခဲ့ကြ၏။ အမှတ်မထင်အားဖြင့်သော်၊ ကြွေပစ်ခြင်း အမှုကို ကိုယ်စောင့်နတ် အစရှိသည့်၊ အိမ်စောင့်နတ်၊ ရွာစောင့် နတ် ( မမြင်ရသည့်ပုဂ္ဂိုလ်များ ) များက မကြိုက် မနှစ်သက်၍ ထိုသူများ၏ ငွေကြေးအခွင့်အရေးတို့ကို ပိတ်ပင် ဟန့်တားထား သည်ဟု ( ထိုသည်ကို ပြောဆိုခြင်းဟု ) တွေး ထင် ယူ ဆ ဖွယ် ဖြစ်၏ ။အမှန်ကား မည်သည့်နတ်ကမှပိတ်ပင်ဖမ်းစားထားခြင်း မဟုတ်။ ကြွေပစ်ကစားသူများသည် ထို ကစားပွဲ၌သာ အချိန် ကုန်နေသဖြင့် အခြားကြီးပွားရေး၊ စီးပွားရေးများကို အား မထုတ်နိုင်တော့ကြောင်း တင်စား ဆိုညွှန်းထားခြင်း ဖြစ်လေ၏။

## မကောင်းကျိုးများစွာ

ဤကား - ကစားပွဲနှင့် ပတ်သက်၍ အချိန်ကုန်ရခြင်း၊ အကြံ ဉာဏ်တုံးခြင်းသဘောမျှ ဖြစ်သေးသည်။ ငွေကြေးပစ္စည်း အထူ အသည်ဖြင့် အလောင်းအစား ကစားသည့်အခါတွင်ကား....

၁။ မိမိသာ အနိုင်ရယူလိုသော တပ်မက်မှု။

၂။ အနိုင်ရနိုင်အောင် ကြိုးစားအားထုတ်ခြင်း၊ ကောက် ကျစ်စဉ်းလဲမှု။

၃။ မျှော်လင့်သည့်အတိုင်း မဖြစ်လာသည့်အခါ မ ကျေ မနပ် - စိတ်မချမ်းသာ ဖြစ်ရမှု။

၄။ ငြင်းခုံခြင်းမှစတင်ကာ တဦးနှင့်တဦး ရန်ဖြစ်မှု။

၅။ ကစားပွဲအတွက် ငွေကို ရသည့်နည်းဖြင့် ရှာဖွေမှု - စဲ သည့် မကောင်းမှု - မကောင်းကျိုးများ ( အနည်းနှင့် အများ ) ဖြစ်ထွန်းပေါ်ပေါက်လာရချေတော့သည်။

ကစားနေရင်း ရန်ဖြစ်ကာ သွေးထွက်သံယို ဖြစ်ရခြင်း၊ ကစားပွဲနိုင်ငွေအတွက် သတ်ဖြတ်လုယက်ယူမှုကိုခံရခြင်းစသည် များလည်း ရှိတတ်သေးသည်။ ဤသို့ မဖြစ် သည့်တိုင် အောင် သူတပါး၏ ငွေကြေးကို တပ်မက်နေမှု၊ မိမိအနိုင်ရလေအောင် ကောက်ကျစ်စဉ်းလဲမှု ဆိုကတည်းက ထို လောင်းကစားပွဲသည် မည်သည့်ကောင်းကျိုးတရားမျှမရှိကြောင်းကောင်းစွာ ထင်ရှား နေပေသည်။

ဤမျှဆိုလျှင် သမ္မာကမ္မန္တ ' ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်သော ကာယကံမှု ' ဆိုရာ၌ အထက်ဆိုခဲ့ပြီး သေအရက် နှင့် လောင်းကစားမှုများကို အဘယ့်ကြောင့် ရှောင်ကြဉ်ထိုက် ကြောင်း ကောင်းစွာသိသာနေပေပြီ။

အရက်သေစာ သောက်စားမှုး ယစ် မှု နှင့် လောင်းကစာ မှု ဟူသည် မကောင်းမှုသာ ဖြစ်ကြောင်းကို နည်း အ မျိုး မျိုး ဖြင့် သိထားကြပြီးလည်းဖြစ်ပေသည်။ ထို့ကြောင့်ပင် မဂ္ဂင်ရှစ်ပါး - တရားလမ်းစဉ်အားလျှော်စွာ ကောင်းသောအမှုဖြင့် မြည့်စုံလို သူ၊အသိပညာ - မြင့်မြတ်ဖြောင့်မှန်လိုသူသည် သေအရက်စသည့် မူးယစ်စေတတ်သည်တို့မှရင်း၊ လောင်းကစားခြင်းများမှရင်း၊ ဝေးစွာရှောင်ကြဉ်ရပေလိမ့်မည်။

## ၅။ သမ္မာအာဇီဝ

## ဖြူစင်ဖြောင့်မတ် ကောင်းမြတ်စင်ကြယ်သော အသက်မွေးမှု

ဤ ငါးခုမြောက် သမ္မာအာဇီဝ – မဂ္ဂင်တွင်လည်း ဆင့်ပွား ကွဲပြား မှု သုံးပါးရှိသည်။

၁။ ဒုစ္စရိတ မိစ္ဆာဇီဝ - ဝိရတိ - မကောင်းမှုဖြင့်အသက်မွေး ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ အနေသန မိစ္ဆာဇီဝ ဝိရတိ–ရသေ့ - ရဟန်းတို့နှင့် မအပ် စပ်သည့် အသက်မွေးမှုမှ ရှောင်ကြဉ်ခြင်း။

၃။ ကုဟနာဒိ မိစ္ဆာဇီဝ ဝိရတိ - အခြင်းအရာငါးပါးတို့ဖြင့် အသက်မွေးမှုမှ ရှောင်ကြဉ်ခြင်း–ဟူ၍ သုံးမျိုး သုံးပါး ဖြစ်သည်။

## ( ၁ ) ဒုစ္စရိတ မိစ္ဆာဇီဝ ဝိရတိ

သူတပါးအသက်ကို သတ်ခြင်းစသည့် ကာယကံမှု သုံးပါးတို့ ဖြင့်၎င်း၊ မဟုတ်မမှန် လိမ်လည်ပြောဆိုခြင်းစသည့် ဝစီကံမှု လေးပါးတို့ဖြင့်၎င်း၊ အသက်မွေးဝမ်းကျောင်း ပြုခြင်းသည် မကောင်းသော အသက်မွေးခြင်း ဖြစ်၏။

ထိုထို ကံအမှုများအနက်၊ သူ့ အသက်ကို သတ်ခြင်းဖြင့် အသက်မွေးခြင်း၊ သူ့ ဥစ္စာကို ခိုးဝှက်လုယက်ခြင်းဖြင့် အသက်

မွေးခြင်းဟူသော ကံအမှုတပါးပါးဖြင့် အသက်မွေးခြင်းသည်လည်း မကောင်းသော အသက်မွေးမှုပင် ဖြစ်၏။

မရောင်းချအပ်သော ကုန် ငါးပါး * ကို ရောင်းချ၍ အသက်မွေးခြင်းသည်လည်း မကောင်းသော အသက်မွေးခြင်း ( မပြုကောင်းသော အသက်မွေးမှု ) ပင် ဖြစ်၏။

ထိုကဲ့သို့ အသက်မွေးမှုမှ ရှောင်ကြဉ်ခြင်းသည် ဒုစ္စရိတမိစ္ဆာဇီဝ ဝိရတိပင် ဖြစ်ပေ၏။

## ( ၂ ) အနေသနမိစ္ဆာဇီဝ ဝိရတိ

ရသေ့ - ရဟန်းများအဖို့ လူတို့အား သစ်သီးပေးခြင်း၊ ပန်းပေးခြင်း စသည့် ( ၂၁ ) နှစ်ဆယ့်တပါးသော အနေသနမှုတို့ဖြင့် အသက်မွေးခြင်း၊ လှူဘွယ် ဝတ္ထု ပစ္စည်း လာဘ် လာဘ ရရှိပေါများစေခြင်းသည် အနေသန မိစ္ဆာဇီဝ မည်၏။

ထို မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းသည် အနေသန မိစ္ဆာဇီဝ ဝိရတိ မည်ပေ၏။

## ( ၃ ) ကုဟနာဒိ မိစ္ဆာဇီဝ ဝိရတိ

(က) သီလမရှိဘဲလျက် ရှိဟန် ဆောင်ခြင်း၊ ဂုဏ်ထူးဝိသေသ မရှိပါဘဲလျက် ရှိဟန်ဆောင်ခြင်းစသည်ဖြင့် မိမိအား တပါးသူတို့က အထင်ကြီးလေအောင်

---

* သေအရက်၊ လက်နက်။ အဆိပ်။ သက်ရှိ ( လူ ) သတ္တဝါ။ အသေးချိန် တိုးပွားမှုကို ရည်ရွယ်အပ်သော အသား။

စိတ်ပါဝင်စား ထူးခြားဆန်းကြယ်မှု ရှိလေအောင် ကြံစည်ပြုလုပ်ကာ လာဘ် လာဘ ပေါများစေရန် ကြိုးစားခြင်းသည် ကုဟန - မည်၏။

( ခ ) ဝတ္ထု ပစ္စည်း အလှူခံမှု လာဘ် လာဘ ရရှိစေရန် အမှု၌ နှုတ်သွက် - လျှာသွက် ပြောဆိုတောင်းခံရဲခြင်းသည် လပန - မည်၏။

( ဂ ) မိမိအား ဝတ္ထု ပစ္စည်း လှူဒါန်း ပေးကမ်း စေရန် စကားရိပ် - စကားစ ပြောဆိုခြင်း၊ တပါးသူက မိမိ၏ အလိုဆန္ဒကို သိနားလည်စေခြင်းသည် နိမိတ္တ- မည်၏။

( ဃ ) မလှူဘဲ မနေနိုင်အောင်၊ မပေးကမ်းဘဲ မနေနိုင် အောင်၊ ဖြားယောင်းဆွဲဆောင်သည့် သဘောမျိုး ( စကားခေါ်ခြင်း ) ပြောဆိုခြင်းသည် နိပ္ပေသန- မည်၏။

( င ) တဦးသူက ပေးလှူလိုက်သော တကျပ်တန် ဝတ္ထု ပစ္စည်းကို အခြားသူတဦးအား တဆင့် ပြန်ပေး၍ ထိုသူ့ထံမှ တဆယ်တန်ပစ္စည်းရလေအောင် ပြော ဆိုပြုလုပ်ခြင်းသည် လာဘေန လာဘနိဇိဂီသန - မည်၏။

ထို အပြုအမူငါးမျိုးမှ ရှောင်ကြဉ်ခြင်းသည် ကုဟနာဒိမိစ္ဆာဇီဝ ဝိရတိ - မည်ပေ၏။

## ( ၄ ) တိရစ္ဆာနဝိဇ္ဇာမိစ္ဆာဇီဝဝိရတိ

ဗေဒင်ဟောခြင်း၊ ခါတ်ဆင် - ခါတ်ရိုက် ယတြာချေ၊ အဆောင်- လက်ဖွဲ့၊ ဈေးခေါ်၊ မျက်နှာပွင့် ( လူချစ် လူခင် များစေခြင်း ) လက္ခဏာဟောခြင်းစသည်တို့သည် ရသေ့ ရဟန်းတို့၌ ပရိယတ္တိဓမ္မ ( ကျင့်ကြံအားထုတ်မှု ) နှင့် ဆန့် ကျင် ဘက် ဖြစ်၏။ မလျော်ကန် မလျောက်ပတ်သည်မျိုး ဖြစ်၏။

ထိုကြောင့် ထိုအပြုအမူမျိုးဖြင့် အသက်မွေးခြင်း၊ ကျော် စောထင်ရှားဖြစ်စေခြင်း၊ လာဘ် လာဘ ပေါများစေခြင်းသည် ရသေ့ - ရဟန်းတို့၌ တိရစ္ဆာန ဝိဇ္ဇာ မိစ္ဆာ ဇီဝ - မည်၏။

ထို မိစ္ဆာ ဇီဝမှ ရှောင်ကြဉ်ခြင်းသည်ကား 'တိရစ္ဆာန ဝိဇ္ဇာ မိစ္ဆာ ဇီဝ ဝိရတိ' မည်ပေ၏။

ဤကား ' သမ္မာအာဇီဝ - ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်သော အသက်မွေးမှု 'ဆိုင်ရာ၊ မပြုကောင်း - မပြုထိုက် ရှောင်ကြဉ်ထိုက်သော အခြင်းအရာများ ဖြစ်ပေသည်။ သိ နား လည်လွယ်သည်များဖြစ်၍ အထူးတလည် ချဲ့ထွင်ဖော်ပြနေရန် မလိုအပ်တော့သလောက် ဖြစ်သည်။

သို့သော် ဤ ' သမ္မာအာဇီဝ - ဖြူစင်ဖြောင့်မတ်ကောင်းမြတ် စင်ကြယ်သော အသက်မွေးမှု ' ဆိုသည်မှာ လောကကြောင်း၊ လူမှုရေးနှင့် ( အသက်ရှင်ရပ်တည်နေမှု ) တိုက်ရိုက် ဆက်စပ်နေ သောကြောင့် ဘဝအတွေ့အကြုံ သိသင့်မှတ်ထိုက်သည် များကို သင့်တန်သမျှ စပ်လျဉ်းဖော်ပြလိုပေသေးသည်။

## လူ့ဘဝ အချက်အခြာ

လူ့ဘဝ၌အသက်မွေးမှုဆိုသည်မှာ အလေးအနက် အရေးကြီးလှသော အခြင်းအရာတရပ်ဖြစ်၏။ မစားရမဖြစ်၊ မဝတ်ရမဖြစ်၊ နေစရာမရှိမဖြစ်ဆိုသည့် စား ဝတ် နေ့ရေး အတွက်လည်း ငွေကြေးနှင့် လိုအပ်သည်တို့ကို ရှာဖွေဖန်တီးကြရ၏။ ဆွေမျိုးမိတ်သင်္ဂဟ အများတာဝန် လှူဒါန်းပေးကမ်းရန်၊ ကျန်းမာရေးကောင်းမွန်ရန်၊ အနေအထိုင်ကောင်းစေရန် စသည်များအတွက်လည်း ငွေကြေးနှင့် လိုအပ်သည်များကို ရှာဖွေ ဖန်တီးကြရကုန်၏။

ဤသို့ရှာဖွေဖန်တီးရာ၌ အပြစ်ကင်းသောရှာဖွေခြင်း၊ အပြစ်မကင်းသော ရှာဖွေခြင်းဟူ၍အကြောင်းအားလျော်စွာ ကွဲပြားခြားနားသွားသည်။ မိမိလည်း အပြစ်ကင်း – ကုသိုလ်ရ။ သူတပါးလည်း ကောင်းကျိုးဖြစ်ထွန်းစေသည့် အသက်မွေး မှု မျိုးလည်း ရှိသေး၏။

## စေတနာရှေ့ရှုချက်

အခြေခံလိုအပ်ရင်းမှာကား – စေတနာရှေ့ရှုချက် ဖြစ်သည်။ မြင့်မြတ်သောစေတနာကောင်းဖြင့် ရှေ့ရှုပြုလုပ်အပ်သည့် အခါ တာဝန်ဝတ္တရားသဘောမျှမဟုတ်၊ ကုသိုလ်ကောင်းမှု သဘောသည်လည်း ရောနှောပေါင်းစည်းသွားသည်။

ဤ သဘောအတွက် ကျောင်းဆရာနှင့် ဆေး ဘက် ဆိုင် ရာပညာသည် အမှုထမ်းများကို သုံးသပ်ဆင်ခြင်ကြည့်နိုင်ပေသည်။

ကျောင်းဆရာအဖြစ်ဖြင့်အသက်မွေးသူသည်သာမန်အားဖြင့် ကား၊ လခစား အမှုထမ်းတဦးမျှ ဖြစ်၏။ သူ သင်ကြားတတ်မြောက်ထားသော ပညာရပ်ဖြင့် သက်ဆိုင်ရာတာဝန်ဝတ္တရားကို ထမ်းရွက်နေသူဆိုနိုင်၏။

သို့သော် လုပ်ငန်းပိုင်းဆိုင်ရာစေတနာသဘောအားဖြင့်ကား ကျောင်းသားလူငယ်များ၏ ကိုယ်ကျင့်တရား ကောင်းမွန်ရေး၊ ပညာတတ်မြောက်ရေးသည် သူ့ အပေါ်တွင် အ လေး အ နက် တည်နေလျက် ရှိ၏။ ဆက်စပ် ပတ်သက် နေ၏။ သူ စေတနာ ကောင်းလျှင် ကောင်းသလောက် လူငယ်များကို ထိန်းကျောင်း ပြုပြင် ညွှန်ကြားပြသပေးနိုင်သော အခြေအနေ ရှိနေပေသည်။

## ဆေးပညာသည် အမှုထမ်းများ

ဆေးဝါးကုသမှုဆိုင်ရာ ပညာသည် အမှုထမ်း များသည် လည်း ထို့အတူပင် ဖြစ်၏။

လူနာတဦးအပေါ် တာဝန် ဝတ္တရား သဘောမျှ မဟုတ်၊ မြင့်မြတ်သော စေတနာရောစွက်လာသည့်အခါ၊ ကုသခြင်း၊ ပြုစုခြင်း၊ ညွှန်ကြားခြင်းတွင် အလေးအနက် ဖြစ်လာရပေသည်။ လူနာတွင်လည်း အသက်ချမ်းသာ၊ ကိုယ့်တွင်လည်း ကောင်းမှုကုသိုလ်ဖြစ်ထွန်းသွားရပေသည်။

ဤ သဘော မျိုး အတိုင်း ပင် လျှင် အခြားအခြားသော အသက်မွေးမှု အတတ်ပညာလုပ်ငန်းအသီးသီး၌လည်း မြင့်မြတ်သော စေတနာကောင်း လိုအပ်နေသည်သာ ဖြစ်၏။ စေတနာ

ကောင်းလျှင် ကောင်းသလောက် အကျိုးသက်ရောက်မှု ထူးခြားနိုင်သည်သာ ဖြစ်၏။

ဤသည်နှင့် ပတ်သက်၍ကား 'စာရေးဆရာအနုပညာသည်' များကို အထောက်အထားပြုရပေလိမ့်မည်။

## စာပေမှုနှင့် အနုပညာ

စာရေးဆရာအနုပညာသည်တဦးသည် စေတနာကောင်း ရှေ့ရှုထက်သန်လာသည့် အခါ ကျော်စောထင်ရှားမှုသည်လည်း အဓိကမဟုတ်။ ငွေကြေးများပြားမှုသည်လည်း အဓိကမဟုတ်။ လူကြိုက်များမှုသည်လည်း အဓိကမဟုတ်။

လူကြိုက်များခြင်း – မများခြင်း၊ ကျော်စောခြင်း–မကျော်စောခြင်း၊ ငွေကြေး မြောက်များစွာ ရခြင်း · မရခြင်း ထက် စာဖတ်သူတွင် ကောင်းကျိုး ဖြစ်ထွန်းစေခြင်းသည်သာ လိုအပ်ရင်း ဖြစ်၏။ စာဖတ်သူနောက်မှ 'မျှော' လိုက်ခြင်းထက် အမှန်စင်စစ်ရောက်သင့်ရာ – ဖြစ်သင့်ရာကို 'ဆွဲ' ခေါ်ခြင်းသည်သာ အဓိက * ( ပဓာန ) ဖြစ်၏။ တာဝန်ပိုင်း ဖြစ်၏။

## ယုံကြည်ရည်သန်မှုသည်သာလိုအပ်ရင်း

ကောင်းပြီ....၊စာရေးဆရာအနုပညာသည်များအဖို့၊ပရိသတ်ကို ဤသို့ဆွဲခေါ်၍ ဖြစ်နိုင်ပါမည်လော 'အချိုကြိုက်သူကို အချဉ်ကျွေးလျှင် ရင်လေးဘို့သာ ရှိတော့သည်' မဟုတ်ပါလော ဟု၊ ဇာတ်သဘင်သဘောနှင့် စောဒကတက်မည် ဆိုငြားအံ့–

---

* အဓိက အများသုံး အကျင့်ပါနေသော စကား 'လွန်ကဲခြင်း' ပဓာန အမှန်သုံး 'လိုအပ်ရင်း'

စာရေးဆရာ အနုပညာသည်တို့မည်သည်၊ ယုံကြည်ရည်သန်မှု ( ယုံကြည်ချက်နှင့် စေတနာသဘော ) က ပထမ၊ အနုပညာ တန်ဆာဆင်မှုက ဒုတိယဖြစ်၏။ မိမိယုံကြည်ရာ - ဖြစ်စေချင်ရာ ကို ထုတ်ဖော်ဆိုညွှန်းရာ ( ဆွဲခေါ်ရာ ) မိမိဆွဲခေါ်သလောက် ပရိသတ်လိုက်ပါလာနိုင်ဘို့မှာ အနုပညာတန်ဆာဆင်တတ်မှု လို အပ်၏။ သိမ်းသွင်းဆွဲဆောင်နိုင်စွမ်းရှိရမည် ဖြစ်၏။

ထို့ကြောင့်လည်း စာရေးဆရာ အနုပညာသည်ဟူသည် ကိုယ့် လုပ်ငန်းကိုယ် ကျွမ်းကျင်ပိုင်နိုင်ဘို့ လိုအပ်၏။ ရှေ့ရှုချက်စေတနာ မည်မျှကောင်းစေ၊ "စကားပြေကိုစကားရှုပ်ကြီး" ဖြစ်အောင် ရေးခဲ့လျှင်လည်း မိမိဆွဲခေါ်လိုရာကို မည်သူမျှ လိုက်ပါနိုင်ကြ မည် မဟုတ်။

အနုပညာသည်ပါဆိုပြီး အသံသဘော နိမ့် မြင့် တက် ကျ ဟန်ပန်မှင်မောင်းကိုမျှ မကျွမ်းကျင်လျှင်လည်း ပရိသတ်ကို ဆွဲ ခေါ်ဘို့ဝေးစွ အနားမျှပင် ကပ်နိုင်ကြမည်မဟုတ်။

ကောင်းပြီ....၊ ဤသို့လည်း ကျွမ်းကျင် ပိုင်နိုင်ပြီ ထားပါ တော့။ သို့သော် အများပရိသတ်ကိုယ်တိုင်ကိုက မလိုက်နိုင်သော အခြေအနေ၊ မမှီနိုင်သော အဆင့်အတန်းမျိုး ဖြစ်နေပါသည်။ ထို့ကြောင့် ကိုယ့် ယုံကြည်ချက်၊ တဖက်သတ်အမြင်ဖြင့်ချည်းဆိုခဲ့ ချေသော်၊ အများပရိသတ်နှင့် အံ ဝ င် ဂွ င် ကျ မ ဖြစ် နိုင် ပါ။ စေတနာပင် ကောင်းသော်ငြား များရာစုပရိသတ်နှင့် ကျွမ်းဝင် ရင်းနှီးမဖြစ်နိုင်ပါ။ လူကြိုက်မများနိုင်ပါ။ ဆိုပြန်ငြားအံ့—

ဤ စာဒက – ဤ အဆိုနှင့် ပတ်သက်၍ကား၊ ယနေ့ခေတ် အမြင်တွင် အလွန့်အလွန် 'ဟောင်း' နေသလောက်၊ အမှန်

စင်စစ် အလွန့်အလွန်ကောင်းမြတ်လှပေသော ‘ လောကနီတိ ထဲမှ အဆိုအညွှန်းတရပ်ကို ဆက်စပ်ဆင်ခြင်ဖွယ်အဖြစ် ကြား ညှပ်တင်ပြရပေဦးမည်။

## တင့်တယ်ခြင်း

> “ အခြေလေးချောင်းရှိသော တိရစ္ဆာန်သတ္တဝါ တို့ မည်သည် ဆူဖြိုး ( ဝခြင်း ) မှသာ တင့် တယ်၏။ အမြိုက်တရားကို ရှာကြံ ကျင့်သုံးနေ သော သူတော်ကောင်း ရသေ့ – ရဟန်း တို့ မည်သည်ကား၊ ပိန်ကြုံမှသာ တင့်တယ်ကုန်၏။ ထို့ အတူပင်လျှင် အမျိုးကောင်းသား တို့ မည် သည်ကား ကောင်းမြတ်သောကိုယ်ကျင့်တရား နှင့် အတတ်ပညာ – အသိပညာ ရှိမှသာ တင့် တယ်ကုန်၏ ”

## စာရေးဆရာအနုပညာသည်တို့၏ တင့်တယ်ခြင်း

စင်စစ်စာရေးဆရာ အနုပညာသည်တို့သည်လည်း ထို့အတူ ပင်ဖြစ်၏။ လူကြိုက်များခြင်း – မများခြင်း၊ ကျော်စောခြင်း – မကျော်စောခြင်းထက် မိမိပရိသတ်အား အမှန်တရားကို ညွှန်ပြ နိုင်ခြင်း၊ ကောင်းကျိုးပြုစွမ်းနိုင်ခြင်းသည်ပင်လျှင် စာရေးဆရာ အနုပညာသည်တို့၏ တင့်တယ်ခြင်း ( ဂုဏ်သိက္ခာ ) ဖြစ် လေ တော့သည်။

မကျော်စောသည့်အတွက် မထင်ရှားခြင်း၊ လူကြိုက်မများ ( အများကြိုက် ဖျော်ဖြေမှုမဟုတ်သဖြင့် ) သဖြင့် ငွေကြေးချို့ငဲ့

ခြင်းစသည်တို့မှာကား၊ စာရေးဆရာအနုပညာသည်တို့ အတွက် လိုအပ်ရင်းအကြောင်းမဟုတ်ပေ။

ရသေ့ – ရဟန်းတို့မည်သည် ပိန်ကြုံမှ တင့်တယ်သည်ဆိုသကဲ့သို့ပင်၊ တာဝန်သိ စေတနာကောင်းစာရေးဆရာ စာပေသမားတို့မှာလည်း ဆင်းရဲချို့ငဲ့ခြင်းသည်ပင်လျှင် လိုက်ဖက်တင့်တယ်မှုပမာ ဖြစ်ရှိနေခဲ့ပေသည်။

## တာဝန်ကြီးလေးလှသူများ

အထူးအားဖြင့်ကား....၊ အသက်မွေးသည်ချင်းတူလျှင် ( အတတ်ပညာအလုပ်အကိုင်တခုဖြင့် ရှာဖွေစားသောက်သည်ချင်းတူလျှင် ) စာရေးဆရာတို့၏ အသက်မွေးမှုမှာ အခြားသူများနှင့် မတူ။ အလေးအနက်ကွဲပြားခြားနားနေခဲ့၏။ တာဝန်ကြီးလေးလှသည်လည်း ဖြစ်ပေ၏။

'ဗူးတရာအပေါက်ကိုသာပိတ်၍ရနိုင်သည်။ပါးစပ်တပေါက်ကို ပိတ်၍ မရနိုင်'ဆိုသော စကားပုံဆိုထုံးတရပ်ရှိ၏။

စာရေးဆရာကား ထို့ထက်ဆိုး၏။ ထို့ထက်အတိုင်းအတာကြီးမား၏။

စာရေးဆရာတို့မည်သည် စာပေဟူသော အက္ခရာသင်္ကေတနည်းအားဖြင့် စကားပြောသူများဖြစ်ကြလေရာ၊ သူတို့ပြောလိုက်သောစကားသည် ရင်ကွက် မြို့ရွာ နယ်ပယ်မျှ မဟုတ်သေး။ တပြည်ထောင်လုံးသို့တိုင် ပြန့်ပွားသွား၏။ လူပေါင်းများစွာထံ တိုက်ရိုက်ရောက်ရှိသွား၏။ ပုံနှိပ်စာအုပ်မပျောက်ကွယ်သေးသမျှ

သူတို့စကား • သူတို့အာဘော် မဆိတ်သုဉ်းနိုင်သည် မျိုးလည်း ဖြစ်၏။

ထို့ကြောင့်ပင် သူတို့ပြောလိုက်သောစကား( စာပေ )သည် အကယ်၍များ ချွတ်ချော် မှားယွင်းခဲ့ပါမူ၊ ဖတ်ရှုရသမျှ လူ အပေါင်းတို့မကောင်းကျိုးသက်ရောက်ရချေတော့သည်။ ယူဆ တွေးခေါ်ယုံကြည်ဆိုးဖြတ်မှု လွဲမှားရချေတော့သည်။

ဤနေရာ၌ 'လှတော'ရွာသားများ၏ အလင်္ကာဥာဏ်မျိုး ဖြင့်( ဟာသ ရသ သဘော )စပ်လျဉ်း ဆိုရပါမူ စာရေးဆရာ များ ချွတ်ချော်မှားယွင်းမှုမှာ' အာဠာဝကဘီလူး 'ကိုအရက်ကိုး မောင်းတိုက်၊ ဂျက်လေယာဉ်ပျံပေါ် တင်ပြီး စကြ ဝဠာအနှံ့ ဟိုက်ဒရိုဂျင်ဗုံးအကြဲခိုင်းရသည်သို့ပင် ဖြစ်ပေတော့သည်။

## နိုင်းယှဉ်ဆင်ခြင်ဖွယ်

စာပေသမားအနုပညာသည် ဟူ သည် ဤသဘော - ဤ အတိုင်းအတာကို ကောင်းစွာ သိ နားလည်သည်နှင့် အမျ၊ ရေး သမျ၊ ထုတ်ဖော်တင်စားသမျှတွင် ကောင်းမြတ်သော စေတနာ ယှဉ်စပ်ခဲ့လျှင် အသက်မွေးရသည်ချင်း အတူတူ အကုသိုလ်မှုနှင့် ကင်းလွတ်နိုင်ပေလိမ့်မည်။ ထို့ထက် စေတနာ မှန်မြတ်ခဲ့လျှင် မိမိစာပေ - မိမိကြိုးပမ်းမှုအတွက် လူသားတို့အား အမှန်တရား ပေးစွမ်းဖြစ်မြောက်စေနိုင်ပေလိမ့်မည်။

'ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သောအသက်မွေးမှု' ဆိုရာ၌ ဤစာပေသမား အနုပညာသည်တို့၏ အခြင်းအရာ သဘောသဘာဝကို နှိုင်းယှဉ်စံပြုနိုင်သည်။

ငါ စားရပြီးစတမ်း၊ ငါ စီးပွားဖြစ်ပြီးစတမ်း၊ ငါ ကျော်စောထင်ရှားလျှင် ပြီးစတမ်းဆိုသည့်မျိုးအစား 'အ ကု သို လ် ကင်းခြင်းသည်သာလျှင် လူအများတို့၌ အမှန်တရား ဖြစ်ထွန်းစေခြင်း၊ ငြိမ်းအေးချမ်းသာစေခြင်းသည်သာလျှင် ငါ၏အသက်မွေးဝမ်းကျောင်းဖြစ်ပါစေ' ဆိုခဲ့ချေသော်။

**လောကပါလတရားနှင့်လည်းကောင်း—**

အနန္တကျေးဇူးတော်ရှင် ဗုဒ္ဓမြတ်စွာဘုရား၏ မဂ္ဂင်ရှစ်ပါး - တရားလမ်းစဉ်မှ 'သမ္မာအာဇီဝ - ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သော အသက်မွေးမှု' ဆိုသည်နှင့်ရင်း၊ ကောင်းစွာ ညီညွတ်ပြည့်စုံနိုင်ပေလိမ့်မည်။

## ( ၆ ) သမ္မာဝါယာမ

### ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သော လုံ့လဝီရိယမှု

ဤသမ္မာဝါယာမ မဂ္ဂင်၌ 'လုံ့လဝီရိယ' မှု ဆိုသည်ကို ပထမဦးစွာ မြန်မာမှု - မြန်မာ့စကားအဖြစ် ပြောင်းလဲသုံးနှုန်းလိုသည်။ ပါဠိဘာသာ 'ဝီရိယ' ဟူသည်ကို အခြေခံ သဘောသိထားကြပြီးဖြစ်လင့်ကစား အစစထုတ်ဖော် ဆိုညွှန်းရာ၌ ပိုပြီးလျော်ကန်တည့်ကျလေအောင် 'ကြိုးပမ်းအားထုတ်မှု' ဟူ၍ ပြောင်းလဲသုံးနှုန်းလိုပေသည်။

## ကြိုးစားနှင့် ကြိုးပမ်း

မြန်မာစာ – မြန်မာမှုတွင် ကြိုးစားနှင့် ကြိုးပမ်းသည် တူသယောင်ဖြင့် ခြားနားသည့်သဘောလည်းရှိသည်။ ‘ ကြိုးစား ’ ဆိုသည်ကား တဦးတယောက်ချင်း၏ နိုးကြားတက်ကြွမှုသဘော ‘ ကြိုးပမ်း ’ဆိုသည်ကား အများတို့၏ အများအတွက် ရည်သန်မြှော်ကိုးသည့်သဘော၊ နောက် ‘ ကြိုးပမ်း ’ ဟူသည် ကောင်းမြတ်ခြင်း အဓိပ္ပာယ်ကိုလည်း ဆောင်စွမ်းသည်။

| | | |
|---|---|---|
| မြန်မာ့လွတ်လပ်ရေး | — | ကြိုးပမ်းမှု |
| စာတတ်မြောက်ရေး | — | ။ |
| ငြိမ်းချမ်းသာယာရေး | — | ။ |
| လမ်းပန်းဆက်သွယ်ရေး | — | ။ |
| ရေရရှိရေး | — | ။ |

ဤအသုံးအနှုန်း - အဆိုအညွှန်းများကို ပထမဦးစွာထုတ်ပြခြင်းကား မဂ္ဂင်ရှစ်ပါးမှ ‘ သမ္မာဝါယာမ ’ ၏ ကောင်းမြတ်စွာသော သဘောအဓိပ္ပာယ်ကို အလေးအနက် ထင်ရှား ထွန်းပစေလို၍လည်း ဖြစ်ပေသည်။

## ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သော ကြိုးပမ်းအားထုတ်မှု

မဂ္ဂင်ရှစ်ပါး – တရားလမ်းစဉ်၌၊ ဗုဒ္ဓမြတ်စွာဘုရားဟောကြားဆုံးမ * တော်မူအပ်သောကြိုးပမ်းအားထုတ်မှုမှာ သဘော

* ဟောကြား – ဝါဒ။ ဆုံးမ – သာသနာ။

အားဖြင့် နှစ်မျိုး၊ အမျိုးအမည်အရေအတွက်အားဖြင့် လေးမျိုး လေးပါးဖြစ်သည်။

သဘော အားဖြင့် နှစ်မျိုး ဆိုသည်မှာ ကုသိုလ်မှု၌ ဥပ္ပန္န - အနုပ္ပန္နဟု ရှိသကဲ့သို့ အကုသိုလ်မှု၌လည်း ဥပ္ပန္န - အနုပ္ပန္န ဟူ၍ နှစ်မျိုးနှစ်စားရှိနေခြင်းပင် ဖြစ်၏။

## ဥပ္ပန္နကုသိုလ်

သီလ ဝိသုဒ္ဓိ၊ စိတ္တ ဝိသုဒ္ဓိ၊ ဒိဋ္ဌိ ဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါ မဂ္ဂ ဉာဏ ဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ၊ လောကုတ္တရာ ဉာဏ ဒဿန ဝိသုဒ္ဓိ * ဟူသော ဝိသုဒ္ဓိ ( ၇ ) ခုနစ်ပါးတို့တွင် အကြင် ဝိသုဒ္ဓိတရား ( တပါးပါးသော စင်ကြယ်ခြင်း ) သည် ယခုသက်ရှိထင်ရှားဘဝ မိမိကိုယ်တွင် ဖြစ်မြောက်ဖူးသည်၊ တည်နေခဲ့ဘူးသည်ရှိသော် ထိုသို့ဖြစ်မြောက် တည်နေခဲ့ခြင်းအမှုသည် မိမိ၌ 'ဥပ္ပန္နကုသိုလ်'မည်၏။

## အနုပ္ပန္နကုသိုလ်

အကြင် ဝိသုဒ္ဓိတရားသည် ယခုဘဝ၌ မိမိသန္တာန်မှာ မဖြစ်ဖူးသေး၊ မရဘူးသေး၊ ထို ဝိသုဒ္ဓိတရားသည် မိမိ၌ အနုပ္ပန္နကုသိုလ် မည်၏။

---

* သီလ၏စင်ကြယ်ခြင်း၊ စိတ်၏စင်ကြယ်ခြင်း၊ အယူဝါဒ၏ စင်ကြယ်ခြင်း စသော။

## ဥပ္ပန္နအကုသိုလ်

ဒုစရိုက်ဆယ်ပါး * တို့တွင် အကြင်ဒုစရိုက်တရားသည် ယခုဘဝ၌ မိမိသန္တာန်မှာ ဖြစ်ဖူးသည်ဟူ၍ သိရ၏။ ဖြစ်ဆဲဟူ၍ သိရ၏။ ထိုဒုစရိုက်တရားသည် မိမိမှာ ဥပ္ပန္နအကုသိုလ်မည်၏။

## အနုပ္ပန္နအကုသိုလ်

အကြင်ဒုစရိုက်တရားသည် ယခုဘဝ၌ မိမိသန္တာန်မှာ ဖြစ်ဖူးသည်လည်းမဟုတ်၊ ဖြစ်ဆဲလည်းမဟုတ်၊ ရှေ့၌ကား ဖြစ်လတ္တံ့သော အခြေအနေ၌တည်နေ၏။ ဖြစ်မည်ဆိုလျှင် ဖြစ်နိုင်သော အလားအလာရှိ၏။ ဤသည်ကား အနုပ္ပန္နအကုသိုလ်မည်၏။

## လေးမျိုးလေးပါး

ဖြစ်မြောက်ရရှိခဲ့ပြီး ကုသိုလ်၊ နောင်ဖြစ်မြောက်ရရှိအံ့သော ကုသိုလ်ဟူ၍ ကုသိုလ်အမှု၌နှစ်ပါး၊ ဖြစ်မြောက်ခဲ့ပြီးအကုသိုလ်၊

---

* ဒုစရိုက်ဆယ်ပါး - ( ၁ ) ပါဏာတိပါတ - လူ၊ တိရစ္ဆာန် စသော သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်း။ ( ၂ ) အဒိန္နာဒါန - သူတပါးတို့၏ သက်ရှိသက်မဲ့ပစ္စည်းဥစ္စာကို ခိုးဝှက်လုယက်၊ ဖျက် ဆီး ခြင်း၊ ( ၃ ) ကာမေသုမိစ္ဆာစာရ - သူ့ဘပါးယောား၊ မိမိလင်မှ တပါးသော ယောကျ်ားတို့၌၊ကာမဂုဏ်လွန်ကျူးခြင်း။ ( ၄ ) မုသာဝါဒ-မဟုတ်မမှန်သောစကားကိုပြောဆိုခြင်း။ ( ၅ ) ပိသုဏာဝါစာ - သူနှစ်ဦးတို့အကြား၌ ဂုန်းတိုက်စကားပြေ ဆိုခြင်း။ ( ၆ ) ဖရုသဝါစာ - သူတပါးတို့အား ထိပါးပုတ်ခတ်ဆဲရေးခြင်း။ ( ၇ ) သမ္ဖပ္ပလာပ - အကျိုးမရှိ၊ ယုတ်ညံ့သောစကားကို ပြောဆိုခြင်း။ ( ၈ ) အဘိဇ္ဈာ - သူတပါး၏ ပစ္စည်းဥစ္စာကို လိုချင်ဘ မကတောင့်တခြင်း။ ( ၉ ) ဗျာပါဒ- သူတပါးတို့၏ အသက်ခန္ဓာ စည်းစိမ်ဥစ္စာ ပျက်စီးစေမှုကို လိုလား တောင့်တခြင်း။ ( ၁၀ ) မိစ္ဆာဒိဋ္ဌိ - အလှူပေး၍အကျိုးမရှိ၊ ကံ-ကံ၏ အကျိုးတရားမရှိဟု ယူဆယုံကြည်ခြင်း။

နောင် ဖြစ်နိုင်သေးသော အကုသိုလ်ဟူ၍ အကုသိုလ်မှု၌နှစ်ပါး၊ အားလုံးပေါင်း လေးမျိုး - လေးပါးဖြစ်၏။

## ကြိုးပမ်းအားထုတ်ခြင်း

ဤကဲ့သို့ ကုသိုလ် - အကုသိုလ် ( ကောင်းမှု - မကောင်းမှု ) ဟူ၍ ရှိနေရာ၌ —

( ၁ ) ကောင်းမှုကုသိုလ်မဖြစ်ဖူးသေး၊ မရရှိသေးသော အကုသိုလ်တို့ကို ယခု သက်ရှိထင်ရှား ( ရပ်တည်နေဆဲ ) ဘဝ၌ပင်လျှင် ရရှိဖြစ်မြောက်လေအောင်၊ မရရအောင်၊ မဖြစ်ဖြစ်အောင် စိတ်အား ထက်သန်စွာ ကြိုးပမ်းအားထုတ်ခြင်း တပါး-

( ၂ ) ယခုဘဝ၌ပင်လျှင် ကျင့်သုံးဆောက်တည်နေအပ်သော ငါးပါးသီလ - အာဇီဝဋ္ဌမကသီလဟူသော သီလဝိသုဒ္ဓိတရားတို့ကို အမြဲအစဉ် အခိုင်အကျည်ဖြစ်စေရုံသာမက၊ နောင် နိဗ္ဗာန်ရသည့် တိုင်အောင်လည်း အမြဲအစဉ် အခိုင်အကျည်တည်လေအောင် တည်စေခြင်း အတွက်၊ မဂ္ဂင်ရှစ်ပါးကို လိုက်နာ ကျင့်သုံးခြင်း ဟူသော ကြိုးပမ်းအားထုတ်ခြင်း တပါး။

.သိန်း – 20

ဤသည်တို့ကား ကုသိုလ်ကောင်းမှုနှင့် ပတ်သက်၍ ကြိုးပမ်းအားထုတ်မှု နှစ်မျိုးပင် ဖြစ်ပေသည်။

## မကောင်းမှုအကုသိုလ်

( ၁ ) ယခုဘဝတွင် မိမိသန္တာန်မှာ ဖြစ်ဖူးကုန်သော (ဖြစ်ဖူးခဲ့သော) ဒုစရိုက်တရားတို့ကို ဤဘဝမှစ၍ နောင်ဘဝအဆက်ဆက်တို့၌ မိမိသန္တာန်မှာ တရံတဆစ်မျှ တဖန် ဖြစ်ပေါ်ခြင်း မရှိရလေအောင် (မဖြစ်နိုင်တော့စေရန်) မဂ္ဂင်ရှစ်ပါးကို အားထုတ်ခြင်း (ကောင်းစွာသော ကြိုးပမ်းအားထုတ်မှု) တပါး။

( ၂ ) ယခုဘဝတွင် နောက်နောက်ကသော်မှဖြစ်ခဲ့စဖူး၊ ရှေးအဖို့တွင်မူ အကြောင်း ကြုံ ကြိုက် လာလျှင် 'ဖြစ်ကောင်း ဖြစ်နိုင်သေးသည့်' အကုသိုလ်မှုတို့ကို နောင် အနုပါဒိသေသ - နိဗ္ဗာန် သို့ ရောက်သည့်တိုင်အောင် လုံးဝမဖြစ်မြောက်စေရန် မဖြစ်ရတော့လေအောင် အားထုတ်ခြင်း ( ကောင်းစွာသော ကြိုးပမ်းအားထုတ်မှု ) တပါး။

ဤသည်တို့ကား အကုသိုလ်မှုကို တားဆီးခြင်း၊ ရှောင်ကြဉ်ခြင်း၊ ကြိုးပမ်းအားထုတ်မှု ဖြစ်ပေသည်။

## နေ့ာင်ဖြစ်ကောင်းဖြစ်နိုင်သည့်

ဤ ချင်းချက်စကားနှင့်စပ်လျဉ်း၍ရှင်းလင်းဆိုညွှန်းရန်များ ရှိနေသည်။ နောက်နောက်ကလည်း မဖြစ်ခဲ့။ ယခုလောလော ဆယ်တွင်လည်း မဖြစ်။ သို့သော် နောင်တွင် ( ရှေ့အဖို့တွင် ) ကား 'ဖြစ်ကောင်းဖြစ်နိုင်သည့်အခြေအနေ' ဆိုသည်မှာ ဓမ္မ ကြောင်းနှင့်လည်း ပတ်သက်သည်။ လောကသဘာဝ၊ လူ့ သဘာဝနှင့်လည်း ပတ်သက်သည်။

ဓမ္မကြောင်းဆိုသည်မှာ အရိယာသူတော်စင် မဟုတ်သေးသူ တို့၌ အကုသိုလ်မှုနှင့် လုံးဝ မလွတ်ကင်းနိုင်သေးသည်ကို ဆိုလို ခြင်း ဖြစ်သည်။

လောကသဘာဝ - လူ့သဘာဝ ဆိုသည်မှာကား လူသည် လောကအတွေ့အကြုံပေါ်တွင် မူတည်၍ ဖောက်ပြန်ပျက်စီး၊မှား ယွင်းတတ်သည်ကို ဆိုလိုခြင်း ဖြစ်ပေသည်။

## အကြောင်းနှစ်မျိုး

အချို့သူများသည်ငယ်စဉ်ကတည်းကပင် ရိုးသားဖြောင့်မတ် တည်ငြိမ်စွာ နေထိုင်လာခဲ့ကြ၏။ ကောင်း ဆိုး မှား မှန် ဝေဖန် ပိုင်းခြားနိုင်စွမ်းရှိသည်ဟူ၍လည်း ယူဆယုံကြည်ဖွယ်ဖြစ်၏။

သို့သော် ငွေကြေး တန်ခိုး အာဏာ အယူဝါဒ၊ မိန်းမ အပျော်အပါးစသည်များနှင့် ပတ်သက်ပြီး အကြီးအကျယ်

ဖောက်ပြန်ပျက်စီးသွားတတ်ကြ၏။ နဂိုသဘာဝနှင့် အခြားနား ကြီး ခြားနားသွားတတ်ကြ၏။

ဤသို့ဖြစ်ရခြင်းမှာ အကြောင်းနှစ်ရပ်ရှိပေသည်။

လူတယောက် ရိုးသားဖြောင့်မတ်သည် ဆို ရာ ၌ ဖောက်ပြန် စရာရှိပါလျက် ရှောင်ကြဉ်ထိန်းချုပ်ထား၍ ရိုး သား ခြင်း နှင့် ဖောက်ပြန်စရာမရှိ၊ အခြေအနေ မကြုံကြိုက်၍ ရိုးသားနေခြင်း အကြောင်းများပင် ဖြစ်လေသည်။

ထိန်းချုပ်ထား၍ ရိုးသားသူသည် ဖောက် ပြန် ပျက်စီး စရာ ရှိသော်သည်း တစုံတရာဖောက်ပြန်ပြောင်းလဲခြင်းမရှိ။ မိမိကိုယ် မိမိ ကောင်းစွာ စောင့်ရှောက် ဆောက်တည်ထား၏။ ဆောက် တည်နိုင်စွမ်းရှိ၏။

ဖောက်ပြန်စရာနှင့် မတွေ့ကြုံရသဖြင့်၊ အခြေအနေ မဖန်တီး သဖြင့် ရိုးသားဖြောင့်မတ်သူမှာကား အသိတရား ခိုင် ကျည် မြဲမြံ သူမဟုတ်။ ရေမစိုစွတ်သဖြင့် အစိုင်အခဲ ဖြစ်နေသော မြေ ကြီး ပမာ၊ အခိုက်အတန့်ဖြစ်တည်နေခြင်းမျှ ဖြစ်လေသည်။

ထိုကြောင့်ပင် ရေနှင့်တူသော မကောင်းမှုဖြင့် ကြုံကြိုက် ထိ တွေ့ရသည့်အခါ၊ မြေကြီးခဲရေပျော်သွားရသလိုပင် ဖောက်ပြန် ပျက်စီးသွားရခြင်း ဖြစ်လေသည်။

အကုသိုလ်မှုမှာလည်း ထိုအတူပင် ဖြစ်သည်။

နောက်နောက်က ရှောင်ကြဉ် ကင်းရှင်းခဲ့သည့် တိုင်အောင် အခြေအနေကြုံကြိုက်လာသည့်အခါ အကုသိုလ်မှုကို ပြုဖြစ် လုပ် ဖြစ် သွားတတ်သည်။

## ယုံကြည်မှုလွဲမှားစေခြင်း

ဘိန်းချခြင်း (ဘိန်းအရောင်းအဝယ်) အရက်ရောင်းခြင်း၊ ကြက်ဘဲသား၊ ငါး မွေးခြင်း မဖြောင့်မမှန် ရောင်းဝယ်ခြင်း စသည်ဖြင့် အခြားသူများ ချမ်းသာကြွယ်ဝနေသည့်အခါ ထိုသူများကလည်း တိုက်တွန်းဆွဲဆောင်ကြသည့်အခါ နောက်နောက်က မလုပ်ခဲ့ဘူးသည့်တိုင် အားကျနှစ်သက် ဖြစ်သွားရချေသည်။

ပို၍ဆိုးသည်မှာကား ထိုအလုပ်မျိုးကို စတင် လုပ်ကိုင်စဉ်၌ နောက်နောက်က အကြောင်း ကံအားလျော်စွာ အရောင်းအဝယ် ဖွံ့ဖြိုး အကျိုးအမြတ်ရရှိတတ်ခြင်းပင် ဖြစ်ပေသည်။

ထိုအခါ၌ အကုသိုလ်မှုကြောင့် ယခုလို အမြတ်အစွန်း ငွေရလွယ်ခြင်း ဖြစ်သည်။ ချမ်းသာလွယ်ခြင်း ဖြစ်သည် ဆိုကာ အစွဲအလမ်းကြီးသွားတတ်ပြန်သည်။ ယုံကြည်မှု ခိုင်မြဲသွားတတ်ပြန်သည်။

ဤသည်ကား လူသာမန်တို့မည်သည် အကြောင်းတိုက်ဆိုင်လာသည့်အခါ အကုသိုလ်မှု၌ စူးစိုက်ဝင်စားတတ်ကြသည့် [စူးစိုက်ဝင်စားနိုင်သည့်] အခြေခံ သဘော သဘာဝပင် ဖြစ်ပေသည်။

## လိုအပ်မှု

ထို့ကြောင့်ပင် 'သမ္မာဝါယာမ – ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သော ကြိုးပမ်းအားထုတ်မှု' ဆိုရာ၌ အကုသိုလ်မှု

ကို နောင်အခါတွင်လည်း မဖြစ်ရလေအောင် ( မပြုလုပ်မိလေအောင် ) အထူးသဖြင့် ကြိုးပမ်းအားထုတ်ရခြင်း ဖြစ်သည်။

ဤနေရာ၌ ကျေးဇူးရှင် ဆရာကြီး ပီမိုးနင်း၏ လူ့သဘောလူ့သဘာဝအဆိုအညွှန်း [ စာရေးဆရာကောင်းတို့၏ တာဝန်ပိုင်း ] တရပ်ကို ဆက်စပ်ဖော်ပြရပေဦးမည်။

## ပျက်စီးခြင်း

ကိုယ်ကျင့်တရား ပျက်စီးသွားသည် ဆိုခြင်းမှာ တောင်ပေါ်ကနေ တောင်အောက်ကို ခုန်ချလိုက်သလို တောင်ပေါ်မှသည် တောင်အောက်မြေပြန့်ကို ရောက်သွားရသလို အထင်အရှား ပြောင်းလဲ ခြားနားသွားမှသာ ပျက်စီးသည် ဆိုရခြင်းမျိုးမဟုတ်၊ ပျက်စီးသည်ဟု သိမှတ်ရခြင်းမျိုးမဟုတ်။

ညစဉ်ဘုရားရှိခိုးပြီးမှသာ အိပ်တတ်သူသည် ဘုရားရှိမခိုးဘဲ အိပ်ရာသို့ ဝင်လိုက်ခြင်းသည်လည်း ပျက်စီးခြင်းပင် ဖြစ်၏။ အရက်သေစာနှင့် အပျော်အပါးတွင် တခါတရံမြဲစမ်း [ မြီးစမ်း ] ကြည့်သည့် သဘောမျိုး ပြုလိုက်ခြင်းသည်လည်း ပျက်စီးခြင်းပင် ဖြစ်၏။ ဒါလောက်ကလေးကတော့ အဖိုးမတန်ပါဘူးဟု မသိအောင် [ ခိုး ] ယူလိုက်ခြင်းသည်လည်း ပျက်စီးခြင်းပင် ဖြစ်၏။

စင်စစ်မှာကား ကိုယ်ကျင့်တရားပျက်စီးခြင်း ဟူသည် ဤကဲ့သို့ တစတစ တဖြေးဖြေးခြင်း ပျက်စီးရာမှပင် နောက်ဆုံး၌ တောင်ပေါ်မလူ – တောင်အောက်သို့ ရောက်လာသည့်ပမာ အသိအသာခြားခြားနားနားကြီး ပျက်စီးသွားရခြင်း ဖြစ်လေသည်။

ဤကား – လောကသဘော၊ လူ့သဘောနှင့် ပတ်သက်၍ ကျေးဇူးရှင် ဆရာကြီး – ပီမိုးနင်း၏ အဆိုအမိန့် အတွေးအခေါ် တရပ်ဖြစ်သည်။ နဂိုမူရင်းကားမဟုတ်၊ ဆရာကြီး၏ စာများကို အလွတ်ရသလို ဖြစ်နေသည့်အတွက် မှတ်မိနေသည့် အကြောင်း အရာကို အနီးစပ်ဆုံး ပြန်ရေးလိုက်ခြင်း ဖြစ်ပေသည်။

## ကြောင်းကျိုးလျော်ကန်ခြင်း

ဤသဘောကို သုံးသပ်ဆင်ခြင်ကြည့်လျှင်လည်း မကောင်းမှု၏ သဘာဝ၊ သို့မဟုတ် လူသားတို့၏ ဖောက်ပြန်ပျက်စီးတတ်ခြင်း သဘောကို ကောင်းစွာ သိနားလည်နိုင်လေသည်။ ထို့ကြောင့်ပင် မဂ္ဂင်ရှစ်ပါး – တရားလမ်းစဉ်အားလျော်စွာ ဆောက်တည်ကျင့်သုံးရာ၌လည်း–

(က) ဖြစ်ခဲ့ပြီး – ဖြစ်ခဲ့ဘူးသော အကုသိုလ်မှုကို နောက်ထပ် မဖြစ်ရလေအောင်–

(ခ) မဖြစ်ဖူးသေးသော အကုသိုလ်မှုကိုလည်း နောင်အခါလုံးဝ မဖြစ်ရလေအောင် ကြိုးပမ်းအားထုတ်ရမည်ဆိုခြင်းမှာ အပြစ်ကင်းစင်မှု ကောင်းကျိုး

ဖြစ်ထွန်းမှုသဘောအားဖြင့် ကြောင်းကျိုးသဘာဝ ကျနလျော်ကန်လှလေသည်။

## ကောင်းကျိုးတရား

"သမ္မာ - ဝါယာမ - ဖြူစင်ဖြောင့်မတ် ကောင်းမြတ် စင်ကြယ်သော ကြိုးပမ်းအားထုတ်မှု" ဟူသည် လောကကြောင်း လူမှုရေးတွင်လည်း အရေးအနက် ဆက်စပ်အကြုံးဝင်နေသည်သာ ဖြစ်လေသည်။

အကြင်သူတဦးတယောက်သည် [အနိမ့်ဆုံးအဆင့်အဖြစ်ဖြင့်] မဂ်ဖိုလ်နိဗ္ဗာန်ကိုပင် မရည်ရွယ်သည့် တိုင်အောင် [မဂ်ဖိုလ်နိဗ္ဗာန်၏ ချမ်းသာခြင်းကို မသိတတ်သည့်တိုင်အောင်] အရာရာတိုင်း၌ ကောင်းမြတ်စွာသော ကြိုးပမ်းအားထုတ်မှု၊ ရိုးဖြောင့်မှန်ကန်စွာသောကြိုးပမ်းအားထုတ်မှုရှိခဲ့သော်အကျိုးတရားသက်ရောက် ဖြစ်ထွန်းမှုမှာလည်း ကောင်းမြတ်ခြင်းသာ ဖြစ်မြောက်ရလေသည်။

## ကိုယ်တွေ့မျက်မြင်

ဤကဲ့သို့ကောင်းစွာသော ကြိုးပမ်းအားထုတ်မှုကြောင့်၊ ကောင်းမြတ်သော အကျိုးတရားဖြစ်ထွန်းတွေ့ကြုံရခြင်းများမှာ ရှေးရှေးဇာတ်ဝတ္ထုကြောင်းများကို အပထားဦး၍၊ ယခုမျက်မြင်ထင်ရှား လောက၌ပင်လျှင် အလေးအနက် သိနားလည်နိုင်သည်။

လူ့လောကနှင့် လူသားတို့ ကောင်းကျိုးအတွက် စိတ်စေတနာ မှန်မြတ်စွာဖြင့် ကြိုးပမ်းအားထုတ်ခဲ့ကြပေကုန်သော–

[က] စာပေပညာရှင်များ၊

[ခ] ဆေးဝါးသုတေသန ပညာရှင်များ၊

[ဂ] သိပ္ပံပညာရှင်များ

[ဃ] အတွေးအခေါ်ပညာရှင်များ၊

[င] ယဉ်ကျေးမှု အနုပညာရှင်များ၊

[စ] နိုင်ငံရေးခေါင်းဆောင်များ .... စသည့် တို့သည် မိမိတို့၏ စေတနာကောင်းမြင့်မြတ်သော ကြိုးပမ်းအားထုတ်မှုများ အားလျော်စွာပင် လူသားတို့၏ အလေးအနက် ရှိသေလေးမြတ်ခြင်းကို ခံယူရရှိနေကြရခြင်းမှာ၊ ကမ္ဘာ့နိုင်ငံအသီးသီး၌ပင် မျက်မြင်ထင်ရှား ဖြစ်နေပေသည်။

## ကောင်းသောအဆက်အစပ်များ

“ သမ္မာ - ဝါယာမ၊ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သော ကြိုးပမ်းအားထုတ်ခြင်း ”တွင် ‘ ကွဲကူးရေပါ ’ ဆိုသည့်မျိုး အခြားကောင်းမှု ကောင်းကျိုးများ ရောနှောသက်ဝင် ဖြစ်မြောက်လာရခြင်းလည်း ရှိသေးသည်။

လောကကြောင်း ကောင်းသော ကြိုးပမ်းအားထုတ်မှုပင်ဖြစ်စေ၊ လောကုတ္တရာကြောင်း ကောင်းသော ကြိုးပမ်းအားထုတ်မှုပင်ဖြစ်စေ၊ မိမိ၏ အာရုံက သန့်စင် မှန်မြတ် နေသော

အခါ၊ မေတ္တာသဘောသည်လည်း အလိုအလျောက် ကျွမ်းဝင်နေပြီး ဖြစ်သည်။

ကောင်းသောအမှုအားလျော်စွာ၊ ကောင်းသော စိတ်ခေတ်ယှဉ်စပ်လာရခြင်း ဖြစ်သည်။ ကောင်းသောစိတ်ခေတ်ဆိုကတည်းကလည်း၊ မကောင်းမှု ကင်းကွာခြင်း၊ သီလသဘောသက်ဝင်လာရပြန်သည်။

ဒါနမှုဆိုသည်မှာလည်း ထို့ အတူပင် ဖြစ်သည်။

လူ အများကောင်းကျိုးအတွက်၊ စာ သင် ကျောင်း ကြီးဆောက်လုပ်လှူဒါန်းသည်၊ ရေတွင်း - ရေကန်တူးသည်၊ တံတားဆောက်သည်၊ လမ်းဖို့သည်၊လမ်းဖောက်သည် ဆိုရာ၌ ဝိုင်းဝန်းကူညီကြသူများ အားပေး ကြည့်ရှု လာကြသူများအား ကျွေးမွေးလှူဒါန်းရန်မှာ ကာယကံရှင် ကြိုးပမ်း အားထုတ်သူ အဖို့သဒ္ဓါတရား ထက်သန်ပြင်းပြဖွယ်သာ ဖြစ်နေပေသည်။

ဤ သဘောသည် ယနေ့ခေတ်၊ ယနေ့ အခါတွင်ကား ...၊ လက်တွေ့ချက်မြင် အဆင်အရှားပင်လျှင် ကြုံကြိုက်နေရချေသေး၏။ ကြားသိနေရချေသေး၏။

## အလားအလာကောင်း

ယနေ့ခေတ်၌ အလှူအတန်း ပြုသူများသည် ရှေးရှေးကလိုလှူရုံ၊ ကျွေးမွေးညှော်ခံရုံမျှမဟုတ်၊ ညဘက်အချိန်၌ တရားပွဲများကျင်းပခြင်း၊ အဆောက်အဦ တစုံတရာ အတွက် ငွေအား - လှူ

အား ပါဝင်ကူညီခြင်း၊ သွေးလှူခြင်းစသည်များကိုပါ တွဲဖက်ပြုလုပ်လာကြ၏။ သဒ္ဓါတရားထက်သန်လာကြ၏။

ဤကား - တပြည်ထောင်လုံး အ တိုင်း အ တာ အ နေ ဖြင့် ကောင်းမြတ်လှသော အလား အလာ (ကြိုးပမ်းအားထုတ်မှု) မျှ မဟုတ်သေး။ တခုသော ကောင်းမှုကို အမှီပြု၍ အခြား ကောင်းမှုများပါ (ကျဲကူး - ရေပါသဘောမျိုး) ဆက်စပ် သက်ဝင်လာရခြင်းပင် ဖြစ်ပေ၏။

ထို့ကြောင့် သမ္မာ ဝါယာမ,မဂ္ဂင်ဆိုရာ၌—

ရဟန်းတို့....၊ မှန်စွာအားထုတ်ခြင်းဟူသည်အဘယ်ပါနည်း။ [အဘယ်သို့ပါနည်း] ရဟန်းတို့....၊ ဤ သာ သနာ တော်၌ ရဟန်းသည် မိမိမှာ မဖြစ်ဖူးသေးသော အယုတ်အညံ့ အကုသိုလ်တရားတို့၏ ဝါ - တရားတို့ကို မဖြစ်ရန်၊ မဖြစ်စေရန် အ တွက် အားထုတ်လိုခြင်းကို ဖြစ်စေ၏။ အားထုတ်၏။ လုံ့ လ ပြု ၏ ။ စိတ်ကို အားပေး၏။ ကြိုးစား၏။

မိမိမှာ ဖြစ်ဖူးသော အယုတ်အညံ့ အကုသိုလ် တ ရား တို့ကို ပယ်ရန်၊ မဖြစ်စေရန်အတွက် အားထုတ်လိုခြင်းကို ဖြစ်စေ၏။ အားထုတ်၏။ လုံ့လပြု၏။ စိတ်ကို အားပေး၏။ ကြိုးစား၏။

မိမိမှာ မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့၏ ဝါ - တရားတို့ကို ဖြစ်ရန်၊ ဖြစ်စေရန်အတွက် အားထုတ်လိုခြင်းကို ဖြစ်စေ၏။ ကြိုးစား၏။

မိမိမှာ ဖြစ်ဖူးသော ကုသိုလ်တရားတို့၏ တည်တန့်ရန်၊ မမေ့ပျောက်ရန်၊ တိုးချဲဖြစ်ရန်၊ ပြန့်ပွားရန်၊ ပွားစေမှု ဘာဝနာပြည့်

စေရန်အတွက် အားထုတ်လိုခြင်းကို ဖြစ်စေ၏။ အားထုတ်၏။ လုံ့လပြု၏။ စိတ်ကို အားပေး၏။ ကြိုးစား၏။

ရဟန်းတို့….၊ ဤအားထုတ်ခြင်းကို မှန်စွာ အား ထုတ် ခြင်း ဟူ၍ ခေါ်ဆိုအပ်ပေ၏။ ပဥ္စဝဂ္ဂီငါးဦးတို့အား ဗုဒ္ဓ မြတ် စွာ ဘုရားက ဤကဲ့သို့ပင် ထုတ်ဖော်ဟောကြားတော်မူခဲ့ပေသည်။

ကြားနာမှတ်ဖူး၊ သိဘူးတွေ့ကြုံဆိုသကဲ့သို့ပင် ဗုဒ္ဓဘာသာဝင် သူတော်စင်များအဖို့ ဤ၍ - ဤမျှဆိုပါလျှင်လည်း အနန္တကျေးဇူးတော်ရှင် - ဗုဒ္ဓမြတ်စွာဘုရား ဟောကြားဆုံးမလိုရင်းကို ကောင်းစွာ သိတန်ပါချေပြီ။

“ ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ ”ဆိုရာ၌ မကျဉ်း မကျယ် အလယ်အလတ် လျှောက်ပတ်လျော်ကန်မှုကိုလည်း ‘ ငဲ့ ’ရသေးသဖြင့် ‘ သမ္မာ - ဝါယာမ ’ ကို - ဤတွင် တခန်းရပ်ကာ ‘ သမ္မာ - သတိ ’ မဂ္ဂင်ကို ဆက်လက်တင်ပြပါဦးအံ့ .. ။

## ( ၇ ) သမ္မာသတိ

### ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သော မမေ့မလျော့မှု

ဤ သမ္မာသတိမဂ္ဂင်ကို ကျေးဇူးရှင်လယ်တီဆရာတော်ဘုရား ဟောကြားညွှန်ပြတော်မူအပ်သည်မှာကား ဤသို့ဖြစ်ပေသည်။

သမ္မာသတိလေးပါး၌ သတ္တဝါတို့၏ ပကတိ စိတ်သည်၊ ရပ်တည်မရ၊ လွင့်ပါးပြေးသွား၍ နေ၏။ ကမ္မဋ္ဌာန်းအာရုံ၌ မိမိတို့စိတ်ကို တည်ငြိမ်စွာထားခြင်းငှာ အစိုးမရကြကုန်။ စိတ်ကို အစိုးမရကြကုန်သော်၊ သူရူး - သူနှမ်းတို့နှင့် တူကုန်၏။

ထို သူရူး-သူနှမ်းတို့သည် စိတ်ကိုအစိုးမရကြကုန်သည့်အတွက် တစုံတခုသော လူ့ အ ရေး - လူ့ အရာတို့၌ လူ့ရာ မဝင်ကုန်။ ထို့ အတူ ဘာဝနာကိစ္စ၌ မိမိတို့စိတ်ကိုတည်ငြိမ်စွာထားခြင်းငှာ အစိုးမရကြကုန်သော ရှင် လူ အပေါင်းတို့သည် တစုံတခုသော ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်း၍ စမ်းလျှင် သူရူး - သူနှမ်းနှင့် အလားတူ ဖြစ်၍ နေကြကုန်၏။

ကမ္မဋ္ဌာန်းအာရုံနှင့် တွေ့ကြုံလျှင် မိမိတို့ စိတ်ကို မိမိတို့ အစိုးမရရှိနေကြသည်ကို သိကြကုန်၏။ ထို့ကြောင့် ရပ်တည်မရ၊ လှုပ်ရှား လွင့်ပါးပြေးသွား၍ နေသော စိတ်ရူး - စိတ်နှောက်တို့ကို ပယ်ဖျောက်၍ အလိုရှိရာ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို တည်ငြိမ်စွာ ထားနိုင်ခြင်းငှာ၊ လေးပါးသော သတိပဋ္ဌာန်တရားတို့ကို အားထုတ်ကြရကုန်သတည်း။

ထို လေးပါးသော သတိပဋ္ဌာန်တရားတို့တွင် —

( ၁ ) ကာယာနုပဿနာ သတိပဋ္ဌာန် .... ဆိုသည်ကား၊ မိမိ၏ ရူပကာယခန္ဓာကိုယ်၌ မိမိစိတ်ကို သမ္မာသတိတည်းဟူသော ကြိုးလွန်ဖြင့် အကြပ်အတည်း ဖွဲ့ချည်၍ ထားခြင်းတည်း။ ထွက်သက် - ဝင်သက်စသော တခုတခုသော ရူပကာယကို စွဲမြဲစွာ ရှုခြင်းကို ဆိုလိုသည်။

ထိုသို့ထားဖန်များ၍ သုံးလ - လေးလ စသည်ရှိလတ်သော် စိတ်ရှေး - စိတ်နောက်သည် ပျောက်ငြိမ်း၏။ တနေ့တနေ့လျှင် တနာရီတန်သည် – နှစ်နာရီ၊ သုံးနာရီ၊ လေးနာရီ၊ ငါးနာရီ၊ ခြောက်နာရီတန်သည်၊ ထွက်သက် - ဝင်သက် စသော မိမိရူပကာယခန္ဓာကိုယ်၌ မိမိ၏စိတ်ကို တည်ငြိမ်စွာ ထားနိုင်၏။

ထို အခါ အလိုရှိရာ ကမ္မဋ္ဌာန်းအာရုံ၌ တည်ငြိမ်စွာ ထားခြင်းငှာ မိမိစိတ်ကို မိမိအစိုးရ၏။

၂ ) ဝေဒနာနုပဿနာသတိပဋ္ဌာန် .... ဆိုသည်ကား၊ မိမိသန္တာန်မှာ အလှည့်အလည်အားဖြင့် မပြတ်မစဲဖြစ်၍နေသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ စသော ဝေဒနာကာယခန္ဓာကိုယ်၌၊ မိမိစိတ်ကို သမ္မာသတိတည်းဟူသော ကြိုးလွန်ဖြင့် အကြပ်အတည်းဖွဲ့ချည်၍ ထားခြင်းတည်း။

ထိုသို့ထားဖန်များလတ်သော်၊ စိတ်ရှေး – စိတ်နောက်ပျောက်ငြိမ်း၏။ ထိုအခါ အလိုရှိရာကမ္မဋ္ဌာန်းအာရုံ၌ တည်ငြိမ်စွာ ထားခြင်းငှာ မိမိစိတ်ကို မိမိအစိုးရ၏။

( ၃ ) စိတ္တာနုပဿနာသတိပဋ္ဌာန် .... ဆိုသည်ကား၊ မိမိသန္တာန်မှာ အလှည့်အလည်အားဖြင့် မပြတ်မစဲဖြစ်၍ နေသော လောဘနှင့် ယှဉ်သောစိတ်၊ ဒေါသနှင့် ယှဉ်သောစိတ် စသော စိတ်အမျိုးမျိုးတို့၌ မိမိစိတ်ကို သမ္မာသတိတည်းဟူသော ကြိုးလွန်ဖြင့် အကြပ်အတည်းဖွဲ့ချည်၍ ထားခြင်းတည်း။

ထိုသို့ထားဖန်များလတ်သော်၊ စိတ်ရှေး – စိတ်နောက်သည် ပျောက်ငြိမ်း၏။ ထိုအခါ အလိုရှိသော ကမ္မဋ္ဌာန်းအာရုံ၌တည်ငြိမ်စွာထားခြင်းငှာ မိမိစိတ်ကို မိမိအစိုးရ၏။

( ၄ ) ဓမ္မာနုပဿနာသတိပဋ္ဌာန် .... ဆိုသည်ကား၊ မိမိသန္တာန်၌ ရှိနေသော ကာမစ္ဆန္ဒ ဗျာပါဒ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ အစရှိသော တရားတို့၌ မိမိစိတ်ကို သမ္မာသတိတည်းဟူသော ကြိုးလွန်ဖြင့် အကြပ်အတည်း ဖွဲ့ချည်၍ ထားခြင်းတည်း။

ထိုသို့ထားဖန်များလတ်သော်၊ စိတ်ရူး-စိတ်နောက်သည် ပျောက်ငြိမ်း၏။ ထိုအခါ အလိုရှိရာ ကမ္မဋ္ဌာန်းအာရုံ၌ တည်ငြိမ်စွာ ထားခြင်းငှာ မိမိစိတ်ကို မိမိအစိုးရ၏။

## ကြိုးလွန်ဖြင့် ဖွဲ့ထား

မိမိကိုယ်ခန္ဓာကို၊ ရူပကာယမျိုး၊ ဝေဒနာကာယမျိုး၊ စိတ္တကာယမျိုး၊ ဓမ္မကာယမျိုးဟု လေးပုံ-လေးစုပြု၍ ထားပြီးလျှင် ပိုင်းခြားရာ နာရီအတွင်း၌ မိမိခန္ဓာကိုယ်မှအပ အာရုံသို့ မိမိစိတ်ကို မထွက်မသွားစေမူ၍ ထိုလေးပါးသော အဇ္ဈတ္တကာယတို့၌ သာလျှင် သတိတည်းဟူသော ကြိုးလွန်ဖြင့်ဖွဲ့ထား၍ ဘဝ အဆက်ဆက်တို့က အစဉ်ပါလာသော စိတ်ရူး-စိတ်နောက်၊ စိတ်ပူ စိတ်လောင်တွေကို ပျောက်ငြိမ်းအောင် ပြုမှုကို သတိပဋ္ဌာန်အလုပ်ဆိုသည်။

တနေ့တနေ့တွင် ညအခါ၌ နှစ်နာရီတန်သည်၊ သုံးနာရီတန်သည်၊ အချိန်ကို ပိုင်းခြား၍ အားထုတ်ရမည်။

**ကြားဖြတ်အမှာ။** ။ ဤကား - ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၏ 'မဂ္ဂင်္ဂဒီပနီ' ကျမ်းလာ သမ္မာသတိ မဂ္ဂင်အဖွင့် ဖြစ်လေသည်။

ဘာသာရေးစာပေ အခြေခံရင့်ကျက်ပြီး
သူများ အတွက် ဆရာတော်၏ မူရင်း
အတိုင်း တသီးတသန့် ထည့်သွင်းဖော်ပြ
ထားရခြင်း ဖြစ်သည်။

ဤနေရာ၌ ယခုဆိုခဲ့ပြီးစကားနှင့် စပ်လျဉ်း၍ စာဖတ်သူ မေ့မိတ်ဆွေများအား ရင်းနှီးချစ်ကြည်စွာ အစီရင်ခံ လိုပေသေးသည်။

ဤ 'ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ' ၌ စာရေးသူ၏ ရည်ရွယ်ရင်းမှာ နိဒါန်းပိုင်းတွင် ကြိုတင်ဖော်ပြခဲ့ပြီး အတိုင်း 'ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ၊ သို့မဟုတ် ဗုဒ္ဓတရား၏ မှန်မြတ် ဖြောင့်မှန်လှစွာသော အဖြစ်ကို များရာစု ပရိသတ်များ [ ဘာသာရေးနှင့် အလှမ်းဝေးနေသူ ညီငယ်၊ နှမငယ်၊ တူ၊ တူမငယ်များ ] အနီးစပ်ဆုံး အလွယ်ဆုံးနည်းဖြင့် သိနားလည်နိုင်ကြစေရန် ဖြစ်ပေသည်။

သို့သော် ဘာသာရေးစာပေ ဆိုသည်မှာ သဒ္ဒါတရားရှိရုံမျှဖြင့်လည်း ပြီးပြည့်စုံနိုင်သည်မျိုး မဟုတ်သောကြောင့် အချို့နေရာများ၌ ကျေးဇူးရှင်ဆရာတော် အရှင်မြတ်များကို ပင်အားထားမှီခိုရပေသည်။

ယခု သမ္မာသတိမဂ္ဂင်တွင်လည်း ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကဲ့သို့ပင်လျှင်၊ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရား၏ အဆိုအမိန့်ကို ( အားထားမှီခိုခြင်းဖြင့် ) ဆက်လက်ဖော်ပြရပေဦးမည်။

# သမ္မာသတိမဂ္ဂင်

## [ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားအဖွင့် ]

‘ ရဟန်းတို့….၊ မှန်စွာအမှတ်ရခြင်းဟူသည်အဘယ်ပါနည်း၊ ( အဘယ်သို့ပါနည်း )၊ရဟန်းတို့ ..၊ ဤ သာသနာတော်၌ [ ဩ ] ရဟန်းသည်၊ မမြဲဆင်းရဲ - အစိုးလဲမရ၊ မလှပ မတင့်တယ်သော ရုပ် အပေါင်းကိုယ်၌၊ မမြဲဆင်းရဲ - အစိုးလဲမရ၊ မလှပ မတင့်တယ်သော ရုပ် အပေါင်းမျှဟု ရှုမြင်လျက် [ နေ၏။ ] ထိုသို့ ရှုမြင်နိုင်ရန် ပြင်းထန်သော လုံ့လရှိသည်ဖြစ်၍ အမှတ်ရလျက် မှန်စွာသိသည်ဖြစ်၍ ရုပ် အပေါင်းဟူသော လောက၌၊ ဝါ- ခန္ဓာငါးပါးဟူသော လောက၌၊ အမှန်အတိုင်း မသိလျှင် ဖြစ်နိုင်သော အဘိဇ္ဈာနှင့် ဒေါမနဿကို၊ ဝါ-လောဘနှင့် ဒေါသကို အမှန်အတိုင်း ရှုမြင်သောအားဖြင့် ပယ်ဖျောက်၍ နေ၏။

‘ ခံစားမှုဝေဒနာတို့၌ မမြဲဆင်းရဲ - အစိုးလဲမရ၊ ခံစားမှုမျှဟု ရှုမြင်လျက် [ နေ၏။ ] ကြံသိမှု စိတ်၌၊ မမြဲဆင်းရဲ - အစိုးလဲမရ၊ ကြံသိမှု သဘောမျှဟု ရှုမြင်လျက် [ နေ၏။ ] မြင်ကာမျှ၊ ကြားကာမျှအစရှိသောသဘောတရားတို့၌၊ မမြဲဆင်းရဲ - အစိုးလဲမရ၊ သဘောတရားမျှဟု ရှုမြင်လျက် [ နေ၏။ ] ထိုသို့ ရှုမြင်နိုင်ရန် ပြင်းထန်သော လုံ့လရှိသည်ဖြစ်၍ အမှတ်ရလျက် မှန်စွာသိသည်ဖြစ်၍ ( ဝေဒနာဟူသော လောက၊ စိတ် ဟူသော လောက၊ သဘောတရားဟူသော ) လောက၌၊ ဝါ-ခန္ဓာငါး ပါးဟူသော လောက၌ အမှန်အတိုင်းမသိလျှင် ဖြစ်နိုင်သော

အဘိဇ္ဈာနှင့် ဒေါမနဿကို ဝါ - လောဘနှင့် ဒေါသကို အမှန်အတိုင်း ရှုမြင်သောအားဖြင့် ပယ်ဖျောက်၍ နေ၏။

'ရဟန်းတို့…၊ မှန်စွာ သိနိုင်အောင် အမှတ်ရသော ဤသဘောကို မှန်စွာ အမှတ်ရခြင်းဟူ၍ ခေါ်ဆိုအပ်ပေ၏။'

## မဂ္ဂင်ရှစ်ပါး အကျယ်ဟော, မဟာဝေဖန်ချက်

အဲဒါဟာ သမ္မာသတိမဂ္ဂင်ကို အကျယ်ဖွင့်ပြတဲ့ မြတ်စွာဘုရား စကားတော်ပါဘဲ။ ယခုလက်ရှိ ဓမ္မစကြာသုတ်တရားတော်ထဲမှာ မဂ္ဂင်ရှစ်ပါးကို ခေါင်းစဉ်မျှသာ တွေ့ရတယ်။ ဒီ ဓမ္မစကြာတရားကို ပထမစပြီး မြတ်စွာဘုရားဟောတော်မူစဉ်တုန်းက တရားထူးကို သိမြင်ကြမည့် အရှင်ကောဏ္ဍညနှင့်တကွ ဗြဟ္မာတွေ၊ နတ်တွေဟာ 'သမ္မာသတိ' ဆိုတဲ့ ဒီစကားလုံးကလေး ကြားရုံမျှဖြင့်ပင် 'ကာယ ဝေဒနာ စိတ္တ ဓမ္မကို မှန်စွာ အမှတ်ပြေးသိတဲ့ သတိပဋ္ဌာန်လေးပါးကို ဆိုဘယ်လို့ သိနားလည်သွားကြပါ သလား ။

'ကိုယ်အမူအရာတွေ၊ ခံစားမှုတွေ၊ စိတ်ကူး ကြံသိမှုတွေ၊ သဘောတရားတွေကို ဖြစ်တိုင်း - ဖြစ်တိုင်း လိုက်ပြီး မှတ်ရတာကို 'သမ္မာသတိ' ခေါ်တယ်။ အဲ့ဒီ ကိုယ်အမူအရာ စသည်တွေ ဖြစ်တိုင်း - ဖြစ်တိုင်း အမှတ်ရပြီး အဲ့ဒီသမ္မာသတိကို ပွားစေရမယ်' လို့ကော သိနားလည်သွားကြပါသလား .. ။

အဲ့ဒါစဉ်းစားစရာဘဲ၊ အဲ့ဒီလိုမသိရင် နားမလည်ရင်တော့ အဲ့ဒီသမ္မာသတိကို ပွားစေရန် မစွမ်းနိုင်ကြပေဘူး။ အဲ့ဒီသမ္မာသတိမဖြစ်ရင် အရိယမဂ်ဖိုလ်တရားထူးကို မရနိုင်ကြပေဘူး။

## မှတ်ဖွယ် နှစ်မျိုး

ဒါကြောင့် အဲ့ဒီတုန်းက အရှင်ကောဏ္ဍညနှင့် ဗြဟ္မာတွေ၊ နတ်တွေဟာ တရားဦးကို နာပြီး ကျွတ်တမ်းဝင်ကြမည့် ပါရမီထူးရှိသူများဖြစ်သောကြောင့် သမ္မာသတိဆိုတဲ့ စကားလုံးကို ကြားရရုံနဲ့ 'ဖြစ်တိုင်း-ဖြစ်တိုင်းသော ကိုယ်အမူအရာစသည်ကို ရှုမှတ်လျက် သမ္မာသတိမဂ္ဂင်ကို ပွားစေရမယ်' ဆိုတာ သိနားလည်ကြပြီး အဲ့ဒီအတိုင်း ဖြစ်ပွားစေကြတဲ့အတွက် တရားထူးကို ရသွားကြတယ်လို့ ဒီလိုရင်လဲ မှတ်ယူရမယ်။

သို့မဟုတ် အဲ့ဒီတုန်းက မဂ္ဂင်ရှစ်ပါးကိုလဲ အများနားလည်လောက်အောင် ဖွင့်ပြဟောကြားခဲ့တယ်။ သတိပဋ္ဌာန်လေးပါးပွားများပုံကိုလဲ အများနားလည်လောက်အောင် ဖွင့်ပြဟောကြားခဲ့တယ်။ ဒါပေမဲ့ အဲ့ဒီအကျယ်ဖွင့်ပြချက်တွေက အခြားသုတ်တွေမှာ အသီးအခြားရှိနေတဲ့ အတွက်၊ ပထမသံဂါယနာတင်တဲ့အခါမှာ ဒီ ဓမ္မစက္ကပဝတ္တနသုတ်၌ မဂ္ဂင်ရှစ်ပါးကို ဒီနေရာမှာရော၊ နောက် မဂ္ဂ သစ္စာ ဒေသနာရာမှာရောခေါင်းစဉ်အမည်မျှသာ အကျဉ်းချုံးပြီး သံဂါယနာတင်ခဲ့ဘယ်လို့ ဒီလိုရင်လဲ မှတ်ယူရမယ်။

## သတိပဋ္ဌာနသုတ်

ဒီလိုအကျဉ်းချုံးပြီး သံဂါယနာတင်တဲ့ အခြားသုတ်ရှိပါရဲ့လားလို့ မေးရင်၊ ရှိပါတယ်လို့ ဖြေနိုင်ပါတယ်။ ဘယ်သုတ်လဲဆိုရင် မူလပဏ္ဏာသမှာ 'သတိပဋ္ဌာနသုတ်' ဆိုတာပါဘဲ။ အဲဒီသုတ်ဟာ မဟာသတိပဋ္ဌာနသုတ်ကို အကျဉ်းချုံးပြီး ပထမပိုင်းမျှကိုသာ မူလက သံဂါယနာတင်ခဲ့ပါတယ်။ ဒါပေမဲ့ ယခုဆဋ္ဌသံဂါယနာကျတော့ နောက်ပိုင်းပါ ဖြည့်စွက်ပြီး သံဂါယနာတင်ထားပါတယ်။

သို့သော်လဲ အဲဒီနောက်ပိုင်း အဖွင့်ကတော့ မူလပဏ္ဏာသအဋ္ဌကထာမှာ မရှိပါဘူး။ ဒီပြင်လဲ အခြား နိကာယ်က သုတ်ရှည်တွေကို ဥဒ္ဒနိကာယ်ထဲမှာ ချုံးပြီး သံဂါယနာတင်ထားတာတွေ ရှိပါတယ်။ ဒါကြောင့် ဒီနေရာမှာလဲ အကျယ်ဖွင့်ပြချက်တွေကို ပထမသံဂါယနာတင်စဉ်က ချွင်းချန်ပြီး အဘိုချုံးသံဂါယနာတင်ခဲ့ဘယ်လို့ ဆိုနိုင်ပါတယ်။

## ဖွင့်ပြတော်မူခဲ့သည်

အဲဒီလိုဆိုရင်တော့ မဂ္ဂင်ရှစ်ပါးခေါင်းစဉ် အမည်မျှ ကလေးဖြင့် အကျယ် အနက်တွေကို ဘယ်လို သိနိုင်ကြပါလိမ့် မလဲလို့ စဉ်းစားစရာမလိုတော့ဘူး။ ယခုနေအခါမှာဆိုရင် ယခုဘုန်းကြီးရွတ်ဆိုဟောပြတဲ့ သတိပဋ္ဌာန်လေးပါး အကြောင်းကိုလဲ သိကြပါလျက် အဲဒီအကျဉ်းချုပ် ဥဒ္ဒေသစကား၏ အကျယ်ဖြစ်တဲ့ မဟာသတိပဋ္ဌာန်သုတ်ကြီးကိုလဲ တွေ့နေကြပါလျက် အဲဒီသုတ်၏

အဋ္ဌကထာ အဖွင့်တွေကိုလဲ တွေ့နေကြပါလျက် 'သမ္မာသတိ မဂ္ဂင်ကို ဘယ်လိုပွားစေရမယ်' လို့ တိတိကျကျ နားလည်တဲ့ ပုဂ္ဂိုလ်က အနည်းသားဘဲ။

ဒါကြောင့် ဟိုတုန်းကလဲ အများနားလည်အောင် မြတ်စွာဘုရားက ဖွင့်ပြဟောကြားခဲ့တယ်လို့ဘဲ ဘုန်းကြီးက သဘောကျပါတယ်။

## သတိပဋ္ဌာန်လေးပါး

ဒီ နေရာမှာ **သမ္မာသတိမဂ္ဂင်** ဆိုတာ **သတိပဋ္ဌာန်လေးပါး** ဘဲလို့ ခိုင်ခိုင်မြဲမြဲမှတ်ထားကြရမယ်။ သမ္မာသတိမဂ္ဂင်ကို သတိပဋ္ဌာန်လေးပါးလို့ဆိုတော့ အဲ့ဒီသမ္မာသတိမဂ္ဂင်ကို ဘယ်လိုပွားစေရမလဲဆိုရင် ခုတင်က ရှုတ်ဆိုပြခဲ့တဲ့အဖွင့်ပါဠိဖြင့်လဲ အတော်အတန် ထင်ရှားနေပါပြီ။

အဲ့ဒီပါဠိဟာလဲ မဟာသတိပဋ္ဌာနသုတ်က ဥဒ္ဒေသ အကျဉ်းစကားနှင့် ထပ်တူပါဘဲ။ ဒါကြောင့် အဲ့ ဒီ အကျဉ်း စကားလောက်နဲ့ ကောင်း ကောင်း နားမလည်သေးရင် အကျယ်ပြထားတဲ့ မဟာသတိပဋ္ဌာနသုတ်ကြီးကို လေးလေးနက်နက် ကြည့်ရှုလေ့လာရုံဘဲ။

## ရှုမှတ်မှု

အဲ့ဒီလို လေ့လာကြည့်ရှုရင် ကာယာနုပဿနာ အလိုအားဖြင့် ဝင်လေ - ထွက်လေဆိုတဲ့အာနာပါနကိုရင်လဲရှုရမယ်။ သို့မဟုတ်

ဆံပင် မွေးညှင်းစသော ၃၂-ကောဋ္ဌာသကိုရင်လဲ ရှုရမယ်။ အဲ့ဒီနှစ်ပါးကိုတော့ သမထကမ္မဋ္ဌာန်းလို့ အဋ္ဌကထာက ဆိုပါတယ်။

ကျန်တဲ့သတိပဋ္ဌာန် ၁၉-ပိုင်းကိုတော့ ဝိပဿနာကမ္မဋ္ဌာန်းလို့လဲဆိုပါတယ်။ ဥပစာရကမ္မဋ္ဌာန်းလို့လဲ ဆိုပါတယ်။ ဥပစာရကမ္မဋ္ဌာန်းဆိုတော့ အပ္ပနာစျာန်သမာဓိကိုမရစေနိုင်ဘူး။ ဥပစာရသမာဓိလောက်သာ ရစေနိုင်တယ်လို့ ဆိုပါတယ်။

## ဝိပဿနာသတိဖြစ်စေချင်ရင်

ဒါကြောင့် ဝိပဿနာသမ္မာသတိမဂ္ဂင်ကို ဖြစ်စေချင်ရင်တော့ အဲ့ဒီကျန်တဲ့ ၁၉-ပိုင်းထဲက အလိုရှိရာကို ရှုရုံပါဘဲ။ ဣရိယာပထပိုင်းအရ ( ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ စသည်နှင့်အညီ ) သွားဆဲမှာ သွားရုပ်ကို ရှုရမယ်။ ရပ်ဆဲ၊ ထိုင်ဆဲ၊ လဲလျောင်းဆဲမှာ ရပ်ရုပ် ထိုင်ရုပ် လျောင်းရုပ်များကို ရှုရမယ်။ ( ယထာ ယထာ ဝါ ပန စသည်နှင့်အညီ ) ထိုင်ဆဲ စသည်မှာ အခြားကိုယ်အမူအရာ အသေးစိတ်များရှိရင် အဲ့ဒါတွေကိုလဲ ရှုရမယ်။

အဲ့ဒီမှာ 'ဂစ္ဆာမီတိ ဝါ ဂစ္ဆန္တော' စသည်ဖြင့် ပစ္စုပ္ပန်ကို ရှုရန်ပြထားတာကို အထူးသတိပြုကြရမယ်။ အဘိဓမ္မာကျမ်းဂန်ထဲက ပြထားတဲ့ ရုပ်တွေကို ကျက်မှတ်ပြီး ကြံတွေးရှုရုံမျှဖြင့် ကာယာနုပဿနာ သတိပဋ္ဌာန်မဖြစ်ဖူးဆိုတာလဲသေသေချာချာ မှတ်ထားကြရမယ်။

နောက်ပြီးတော့ သမ္ပဇာနပိုင်း အရအားဖြင့် သွားခြင်း၊ ပြန်ခြင်း။ တဲ့တဲ့ကြည့်ခြင်း၊ စောင်းငဲ့ကြည့်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်းစသော ကိုယ်အမူအရာများကိုလဲ ရှုရမယ်။

## ဝိပဿနာခဏိကသမာဓိရှင်းပြချက်

ဓာတု မနသိကာရပိုင်း အရအားဖြင့် ထင်ရှားပေါ်လာတဲ့ ဓာတ်ကြီးလေးပါးကိုလဲ ရှုရမယ်။ အဲဒီလိုရှုလို့ နီဝရဏကင်းတဲ့ အခါ ဥပစာရသမာဓိဖြစ်ကြောင်း ဝိသုဒ္ဓိမဂ်မှာ အထင် အရှား ပြဆိုထားတာကိုလဲအထူးသတိပြုကြရမယ်။

အဲဒါဟာ မည်သည့် အပ္ပနာသမာဓိ၏ အနီးဥ္မျဖြစ်တာ မဟုတ်တဲ့အတွက် ဥပစာရသမာဓိအစစ်မဟုတ်ကြောင်း၊ ဥပစာရသမာဓိအစစ်နှင့် နီဝရဏကင်းပုံချင်း၊ စိတ်တည်ကြည်ပုံချင်း တူညီတဲ့အတွက် သဒိသူပစာအားဖြင့် ဥပစာရသမာဓိခေါ်တဲ့ အကြောင်း၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ ( ပ - ၄၃၆ ) မှာ ပြဆိုထားတယ်။

အဲဒါကို ဝိပဿနာအနေနဲ့ဆိုရင်၊ ဝိပဿနာခဏိကသမာဓိလို့ ခေါ်ရမှာဘဲ၊ဒါကြောင့် ဘုန်းကြီးတို့က ဝိပဿနာခဏိကသမာဓိ လို့လဲ ဖော်ပြနေပါတယ်။ အဲဒါကို ဟချိုကသဘောမပေါက်တဲ့ အတွက် ခဏိကသမာဓိဖြင့် ဝိပဿနာမဖြစ်နိုင်ကြောင်း၊ အကယ်၍ ဖြစ်နိုင်ပါလျှင် စာသင်သားတွေမှာ ဝိပဿနာဉာဏ်တွေ ဖြစ်နိုင်ဖွယ်ရှိကြောင်း အပြစ်ပြပြီး ပြောဆိုနေတယ်။

## ကျက်မှတ်မှုမျှဖြင့် မဖြစ်နိုင်

စာသင်သားတွေ၏ သမာဓိဟာ၊ နီဝရဏ ကင်းလောက်အောင် အားရှိရင် မဟာသတိပဋ္ဌာနသုတ်နှင့်အညီ ဖြစ်ဆဲ ရုပ်နာမ်ကို ရှုမှတ်နေတာလဲ ဟုတ်ရင်၊ ဝိပဿနာဉာဏ် ဖြစ်နိုင်ပါတယ်လို့ဘဲ ဘုန်းကြီးတို့က လက်ခံနိုင်ပါတယ်။

ဒါပေမဲ့ ကျက်မှတ် လေ့လာထားတဲ့ သရုပ်သဘောတွေကို ရွတ်ဆိုဆင်ခြင်နေတဲ့ သမာဓိမျှဖြင့် နီဝရဏလဲ မကင်းကြောင်း၊ ဖြစ်ဆဲရုပ် နာမ်ကို ရှုနေတာလဲ မဟုတ်ကြောင်း ထင်ရှားနေပါတယ်။ ဒါကြောင့် အဲဒီလို အပြစ်မြင်ပြီး ပြောနေတဲ့ ပုဂ္ဂိုလ်ဟာ ဝိပဿနာလုပ်ငန်းအစစ်ကို နားမလည်လို့ ပြောနေတာပါဘဲ။

## ဝိပဿနာဉာဏ်

ဝိသုဒ္ဓိမဂ် (ပ-၂၈၁) မှာ ဝိပဿနာခဏိက သမာဓိကို **ခဏိကစိတ္တေကဂ္ဂတာ** လို့ ပြဆိုထားပါတယ်။ ယင်း၏ အဖွင့်ဋီကာ၌ **ခဏမတ္တဋ္ဌိတိကောသမာဓိ** စသည်ဖြင့် ပြထားပါတယ်။ အဲဒီအဋ္ဌကထာဋီကာများကိုလဲ အမှီပြုပြီးတော့ ဘုန်းကြီးက သဒ္ဓိသုပစာ ဥပစာရသမာဓိကို **ဝိပဿနာခဏိကသမာဓိ** လို့မှုချ အမည်ဖြင့် ပြဆိုထားခြင်းဖြစ်ပါတယ်။ အဲဒီအချက်တွေကို သဘောပေါက်ရင်တော့ ရှင်းနေမှာပါဘဲ။

ယခုပြောခဲ့တဲ့အတိုင်း ဣရိယာပထပိုင်း သမ္ပဇညပိုင်း ဓာတုမနသိကာရပိုင်းတို့ အလိုအားဖြင့် ဖြစ်ဆဲ ရုပ် အပေါင်းကို ရှုနေရင် ဝိပဿနာခဏိကသမာဓိလို့ ခေါ်ထိုက်တဲ့ ဥပစာရသမာဓိလဲ

ဖြစ်ပါတယ်။ အဲ့ဒီသမာဓိနှင့် တပေါင်းတည်း ဝိပဿနာ သမ္မာဒိဋ္ဌိခေါ်တဲ့ ဝိပဿနာဉာဏ်လဲ ဖြစ်ပါတယ်။

အဲ့ဒါတွေဟာ ကာယာနုပဿနာသတိပဋ္ဌာန်ဆိုတဲ့ သမ္မာသတိမဂ္ဂင်နဲ့ သမ္မာသမာဓိမဂ္ဂင်၊ သမ္မာဒိဋ္ဌိမဂ္ဂင်တွေဘဲ။ အဲ့ဒီစကားထဲမှာ ဓာတုမနသိကာရပိုင်းအလိုအားဖြင့် ရှု၍ ဥပစာရသမာဓိဖြစ်တယ်ဆိုတာကတော့ ဝိသုဒ္ဓိမဂ်မှာ စတုဓာတုဝဝတ္ထာန်ဆိုတဲ့ အမည်နဲ့ ပြထားတဲ့ ကမ္မဋ္ဌာန်းဖြစ်တဲ့အတွက် ဘာမျှ သံသယဖြစ်ဖွယ် မရှိပါဘူး။

နောက်ပြီးတော့ ဣရိယာပထပိုင်း သမ္ပဇဉ်ပိုင်းတို့ အလိုအားဖြင့် ရှု၍ ဥပစာရသမာဓိဖြစ်တယ်ဆိုတာကိုလဲ သတိပဋ္ဌာနသုတ်အဖွင့် အဋ္ဌကထာမှာ အဲ့ဒါတွေကို ဥပစာရကမ္မဋ္ဌာန်း ဖြစ်ကြောင်း အထင်အရှားပြဆိုထားတဲ့အတွက် ဘာမျှသံသယဖြစ်ဖွယ် မရှိပါဘူး။

## ဘုရားဟောနှင့်အညီ

နောက်ပြီးတော့ ဝေဒနာနုပဿနာပိုင်း စသည်တို့အလိုအားဖြင့် ဖြစ်ဆဲဝေဒနာများ၊ စိတ်နှင့် သဘာဝတရားများကို ရှုလျက်လဲ ဥပစာရသမာဓိနှင့် ဝိပဿနာဉာဏ်များ ဖြစ်နိုင်ပါတယ်။

ဒါကြောင့် ဝိသုဒ္ဓိမဂ် ဒိဋ္ဌိဝိသုဒ္ဓိ အခန်းအစနား၌ ဝိပဿနာသက်သက်ကစပြီး ရှုတဲ့ပုဂ္ဂိုလ်မှာ၊ ဓာတ်လေးပါးရှုပုံကို ပြပြီးတော့ ဓာတ် (၁၈) တဆယ့်ရှစ်ပါးရှုပုံ၊ အာယတန (၁၂) တဆယ့်နှစ်ပါးရှုပုံ၊ ခန္ဓာငါးပါးရှုပုံ၊ ရုပ်နာမ် နှစ်ပါး ရှုပုံများ

ကိုလဲ ပြထားပါတယ်။ အဲဒါဟာ မဟာသတိပဋ္ဌာနသုတ်စသော ဘုရားဟော ဒေသနာတော်များနှင့်အညီ ပြဆိုထားခြင်းပင် ဖြစ်ပါတယ်။

## သမ္မာသတိ မဂ္ဂင်

ယခုပြဆိုခဲ့တဲ့ စကားများဖြင့် ဘုရားဟောသုတ္တန်ဒေသနာတော်များနှင့်အညီ သမ္မာသတိမဂ္ဂင်ဖြစ်အောင် ပွားပုံကို နားလည်လောက်ပါပြီ။ အဲဒီလို နားလည်ရင်တော့ ဖြစ်ဆဲ ကာယ ဝေဒနာ စိတ် သဘောတရားများကို မရှုဘဲ ကျမ်းဂန် များက ပြဆိုထားတာ ကျက်မှတ်ပြီး စဉ်းစားဆင်ခြင်လျက်ရှုနေခြင်းဖြင့် သမ္မာသတိမဂ္ဂင်အစစ် ဖြစ်မဖြစ်ကိုလဲ ဆုံးဖြတ်နိုင်မှာပါဘဲ။

သမ္မာသတိမဂ္ဂင်အစစ်မဖြစ်ရင် ဝိပဿနာသမ္မာဒိဋ္ဌိမဂ္ဂင်အစစ် လဲ မဖြင်ဖူးဆိုတာ ထင်ရှားနေပါတယ်။ အဲဒါသာပြီး ခိုင်မြဲအောင် မဟာသတိပဋ္ဌာနသုတ်အဖွင့် အဋ္ဌကထာစကားတပိုဒ်ကို လဲ ထုတ်ပြပါဦးမယ်။

## အဋ္ဌကထာ အဆို

ယသ္မာ ပန ကာယ ဝေဒနာ စိတ္တ ဓမ္မေသု
ကဉ္စိ ဓမ္မံ အနာမသိတွာ ဘာဝနာ နာမ နတ္ထိ၊
တသ္မာ တေပိ ဣမိနာဝ မဂ္ဂေန သောကပရိဒေဝ
သမတိက္ကန္တာတိ ဝေဒိတဗ္ဗာ။ ။

[ သုတ်မဟာဝါအဋ္ဌကထာ - ၃၃၉ ]

> တကယ်ဖြစ်ပေါ်နေဆဲ ကာယ ဝေဒနာ စိတ် သဘောတရားတို့တွင် တစုံတခုသောတရားကိုမျှ မသုံးသပ် မရှုမှတ်မူ၍ ဝိပဿနာပညာ အရိယ မဂ် ပညာကို ပွားစေခြင်းမည်သည် အကြောင်းကြောင့် မရှိပေ။ လို့ကြောင့် (တရားနာရင်း အရိယ မဂ် ဖိုလ် တရားထူးကို ရသွားကြသည်ဟု ဆိုသော) ထို သန္တာတိအမတ်ကြီးနှင့် ပဋာစာရာ ထေရီမတို့သည်လည်း ဤ သတိပဋ္ဌာန်လေးပါးဟူသော အကျင့်ဖြင့်သာလျှင် စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်းတို့ကိုကျော်လွန်သွားကြသည် ဟူ၍ သိအပ် သိထိုက် ကုန်၏ - တဲ့။

ဒီ အဋ္ဌကထာအဆိုကတော့ အလွန်ပဲ ပြတ်သားရှင်းလင်းပါတယ်။ တရားနာနေရင်း အရိယ မဂ် ဖိုလ် တရားထူးကို ရသွားကြတယ်ဆိုတာလဲ ဒီ သတိပဋ္ဌာန်လမ်းဖြင့်သာလျှင် ဖြစ်ဆဲ ကိုယ်ရုပ် ဖြစ်စေ၊ ဝေဒနာဖြစ်စေ၊ စိတ် ဖြစ်စေ၊ သဘောတရားဖြစ်စေ တပါးပါးကို ရှုသိပြီး တရားထူးကို ရသွားကြတာပါ။ နာကြားရုံမျှနဲ့ မဟုတ်ပါဘူးတဲ့။

ဘာကြောင့်လဲဆိုတော့ သတိပဋ္ဌာန်၏ အာရုံရှုကွက် ဖြစ်တဲ့ ကာယ ဝေဒနာ စိတ် သဘောတရားဆိုတဲ့ ဒီ လေးခုထဲက တခုခုကိုမျှ မရှုဘဲ ဝိပဿနာပညာလဲ ဖြစ်ရိုးမရှိ။ အရိယမဂ်ပညာလဲ ဖြစ်ရိုးမရှိ။ ဒါ့ကြောင့် ပါဘဲတဲ့။

## သမ္မာဒိဋ္ဌိမဂ္ဂင်အစစ်

ဒါကြောင့် ကိုယ်ထဲမှာ တကယ်ဖြစ်ပေါ်နေဆဲ ရုပ်နာမ်ကို မရှုပါဘဲ၊ ကျက်မှတ် လေ့လာပြီးတော့ သရုပ်ခွဲ ဆင်ခြင်ရုံမျှဖြင့် ဝိပဿနာဉာဏ် အရိယမဂ်ဉာဏ်ဆိုတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်အစစ်မဖြစ်ဖူးဆိုတာ အလွန်ရှင်းလင်းနေပါတယ်။

ဒီနေရာမှာ သမ္မာသတိ မှန်စွာ အမှတ်ရခြင်းလို့ ဆိုပေမဲ့ အမှတ်ရရုံနဲ့တော့ ကိစ္စမပြီးဘူး၊ အမှတ်ရပြီး အမှန်အတိုင်းသိမှ ကိစ္စပြီးတယ်။ ဒါကြောင့် ခုတင်က ရွတ်ပြခဲ့တဲ့ သတိပဋ္ဌာန် ဥဒ္ဒေသစကားထဲမှာ [ သမ္ပဇာနော သတိမာ ] လို့ ဆိုထားတယ်။ အကျယ်ဖွင့်ပြရာကျတော့ ပဇာနာတိ အပြားအားဖြင့် သိသည်လို့လဲ ပြတယ်။ သမုဒယဓမ္မာနုပဿီ စသည်ဖြင့် အဖြစ်အပျက် ဖြစ်ကြောင်း - ပျက်ကြောင်းကို ရှုမြင်သည်လို့လဲ ပြထားတယ်။

ဒါကြောင့် ဘုန်းကြီးက ဆောင်ပုဒ်တွေကို ဒီလိုစီထားတယ်။

“သတိမဂ္ဂင်၊ ဖြစ်စေချင်၊ ရှု မြင် သိရမည်၊
ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာ သိရမည်၊
စိတ် အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာ သိရမည်၊
ကောင်း ဆိုး လတ်ပါ၊ ဝေဒနာ၊ ပေါ်တာ
သိရမည်၊ သဘောတရား၊ ထင်ပေါ်ငြား၊ ပိုင်း
ခြားသိရမည်”တဲ့၊ အဲ့ဒါတွေကို ဆိုကြရမယ်။

## သတိမဂ္ဂင်၊ ဖြစ်စေချင်၊ ရှုမြင်သိရမည်

[ ၁ ] ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာ သိရမည်။

[ ၂ ] စိတ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာ သိရမည်။

[ ၃ ] ကောင်း ဆိုး လတ်ပါ၊ ဝေဒနာ၊ ပေါ်တာ သိရမည်။

[ ၄ ] သဘောဘရား၊ ထင်ပေါ်ငြား၊ ပိုင်းခြားသိရမည်။

( အဲ့ဒီမှာ ကောင်း ဆိုး လတ်ပါ ဆိုတာက အကောင်း အဆိုး အလတ်စားဆိုတဲ့ ဝေဒနာသုံးပါးကို ထင်ရှား ပေါ်ရာ ပေါ်ရာ ရှုရ - သိရမယ်လို့ ဆိုလိုပါတယ်။ )

သမ္မာသတိ မဂ္ဂင်အတွက် ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရား ဖွင့်ပြအပ်သည်မှာ ဤတွင် ဆုံးခန်းတိုင်ခဲ့ပေပြီ။ ဆရာတော် ဖွင့်ပြအပ်သည့်အတိုင်းလည်း ဓမ္မမိတ်ဆွေများ ကောင်းစွာ သိနားလည်နိုင်ကြမည်သာ ဖြစ်ပေသည်။

သို့သော် ဆရာတော်၏ ဤအဖွင့်နှင့် စပ်လျဉ်း၍ အခြားသိမှတ်ဖွယ်တခုကိုလည်း ထပ်မံတင်ပြလိုပေသေးသည်။

ဆရာတော်၏ ဟောကြားညွှန်ပြမှုနှင့် သဘောအယူအဆ အဆိုအမိန့်ချင်း တူမျှနေသည့်အပြင် ဓမ္မမိတ်ဆွေများ အမှန်စင်စစ် သိမှတ်ထိုက်လှသောကြောင့်လည်း ဖြစ်ပေသည်။

## ဥာဏ်နှစ်မျိုး

၁။ နက်နဲသိမ်မွေ့သော ပရမတ္ထဓမ္မတို့၌ စုံစမ်းသော ဥာဏ် မှန်းဆသော ဥာဏ်မျိုးသည် အနုမာနဥာဏ်မည်၏။

၂။ သဘောမှန်သို့ ထိအောင် စူးစိုက်သော ဥာဏ်သည်၊ ပဋိဝေဓဥာဏ်မည်၏။

'အနုမာန - မျက်မှန်းဆ' ဆိုသော စကားအတိုင်း ဟုတ် တန်ကောင်း၏ဟု မှန်းဆသော ဥာဏ်မျိုးသည် သမာဓိဘာဝနာ ပညာဘာဝနာများကို မပွားဘူးသော ပကတိလူတို့၏ ဥာဏ် မည်၏။

ထို အနုမာနဥာဏ်မျိုးသည် ပရမတ္ထဓမ္မတို့၏ သဘာဝသို့ ထိအောင် စူးစိုက်နိုင်သော ဥာဏ်မျိုးမဟုတ်ချေ။ ပဋိဝေဓဥာဏ် မျိုးသည် သမာဓိဘာဝနာ ပညာဘာဝနာတို့ကို ပွားများ၍ ဥာဏ်ပညာကြီးထွားသော ပုဂ္ဂိုလ်မြတ်တို့၏ ဥာဏ်မျိုးဖြစ်ပေ သည်။

ထို ပဋိဝေဓဥာဏ်မျိုးမှသာလျှင် ပရမတ္ထဓမ္မတို့၏ သဘာဝသို့ တိုင်အောင် စူးစိုက်ထိုးထွင်းနိုင်သည်။

## ပဋိဝေဓဥာဏ်

ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝ ဟူသော အမှတ်သညာ လက်ရိုး ကြီးများကို ပယ်ရှား၍ တရားသဘောသက်သက် ခွတ်သဘော သက်သက်သို့ ထိခိုက်အောင် စူးစိုက်သော ပဋိဝေဓဥာဏ်မျိုးမှ သာလျှင် စိတ် စေတသိက် ရုပ် နိဗ္ဗာန် တည်းဟူသော ပရမတ္ထ သဘောမှန် သဘောစစ်တို့ကို ထိထိရောက်ရောက်သိမြင်နိုင်သည်။

ပရမတ္ထတရားတို့မည်သည်မှာ သို့ကလောက် သိမ်မွေ့နူးညံ့ကြကုန်သည်။ ထိုပရမတ္ထတရားတို့သည် ပုဂ္ဂိုလ်သတ္တဝါ အတ္တဇီဝ အထင်အမှတ်များကို တခဏမျှ မပယ်ရှားနိုင်ကြကုန်သော ပကတိလူသာမန်တို့၏ ပကတိဉာဏ်မျိုးဖြင့် သိမြင်နိုင်သော အရာမဟုတ်ကြကုန်။

သမာဓိဘာဝနာ ပညာဘာဝနာများကို ပွားများအားထုတ်ခြင်း အလေ့မရှိသော သူတို့၏ သာမန်ဉာဏ်ဖြင့် သိမြင်နိုင်သော အရာတို့လည်း မဟုတ်ကြကုန်၊ ပဋိဝေဓဉာဏ်၏အရာသာဖြစ်ကြကုန်သည်။

## ဉာဏဘာဝနာ

အနုမာနဉာဏ်ဖြင့် အဖန်ဖန် လေ့လာအားထုတ်သောအခါ ဉာဏဘာဝနာကိစ္စဖြစ်၏။ ထိုဉာဏဘာဝနာ ရင့်သန်လာသောအခါ ပဋိဝေဓဉာဏ်အဖြစ်သို့ ရောက်၏။ ပဋိဝေဓဉာဏ်ပေါက်ရောက်တော်မူကြကုန်ပြီးသော အရိယာပုဂ္ဂိုလ် အရှင်မြတ်တို့ ဟောကြားတော်မူအပ်သော တရားတို့၌ ဉာဏဘာဝနာနည်းလမ်းတို့သည် လွန်စွာ များကုန်၏။

ထိုဉာဏဘာဝနာ နည်းလမ်းအတိုင်း အနုမာနဉာဏ်ဖြင့် ကြံဆပါလျှင် ပဋိဝေဓဉာဏ်နှင့် အလားတူစွာပင်လျှင် ပရမတ္ထမွေတို့ကို ထိထိရောက်ရောက် စူးရှ သိမြင်နိုင်၏။ ဤနည်းအတိုင်း အနုမာနဉာဏ်ဖြင့် အဖန်ဖန် လေ့ကျင့်သော အခါ ပဋိဝေဓဉာဏ်သို့ရောက်၍ ပရမတ္ထဓမ္မတို့ကို လုလု မိမိ ထိထိရောက်ရောက်ကြီး သိမြင်နိုင်ကြကုန်သည်။

## လူသာမန်တို့၏ ဉာဏ်

ပဋိဝေဓဉာဏ် ပေါက်ရောက်တော်မူကြကုန်ပြီး သော အရိယာပုဂ္ဂိုလ်မြတ်ကြီးတို့ ဟောကြားတော်မူအပ်သော ဉာဏ ဘာဝနာ ဒေသနာ နည်းလမ်းများကိုလည်း မကြားစဘူး၊ ထို ကျမ်းဂန်မျိုးများကိုလည်းမကြည့်စဘူး၊ သမာဓိဘာဝနာ ပညာ ဘာဝနာများကိုလည်း မပွားစဘူး၊ ထိုကဲ့သို့သော ပကတိလူ သာမန်တို့၏ ဉာဏ်မျိုးဖြင့် ကြံဆပါမူကား၊ ပရမတ္ထဓမ္မသို့ မခိုက်ဘဲ ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝနယ် အတွင်း၌သာလျှင် မျက်စိလည်၍ နေမည်အမှန်တည်း။

( သာမန် လူစား ပကတိလူများတို့၏ အနုမာနဉာဏ်သည် ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝနယ်က မထွက်နိုင်။ ပရမတ္ထဓမ္မကို ထိခိုက်နိုင်မည်ဝေးစွဆိုလိုသည်။ )

## ပရမတ္ထဓမ္မသို့ မဆိုက်ရောက်နိုင်

ထို သာမညဖြစ်သော ပကတိလူတို့သည် အဘိဓမ္မာစကား၊ ပရမတ္ထစကားကို ဖွာဖွာလောင်သောင် တဖောင်ဖောင်ပြောနေ ကြကုန်သော်လည်း ထိုပကတိလူစားတို့၏ ဉာဏ်သည် ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝနယ်သို့သာလျှင် အစဉ်လျှောက်၍ နေလိမ့် မည်။

ဥပမာအားဖြင့် ဗူးတောင်းကို ရေ၌နှစ်လေရာ၊ မနစ်ပဲ ပေါ်၍နေသကဲ့သို့ ပကတိလူဘို့၏ ဉာဏ်သည် ပရမတ္ထဓမ္မသို့ ထိခိုက်အောင် ကြံဆပါသော်လည်း ပရမတ္ထဓမ္မသို့ စူးစိုက်ခြင်း

မရှိဘဲ ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝတွေ အပေါ်မှာ သာလျှင် ပေါ်လောကြီးပေါ်၍ နေလိမ့်မည် ဖြစ်သတည်း။

ဤကား **ယမိုက်အဖြေကျမ်းမှ** ကောက်နှုတ်တင်ပြချက် ဖြစ်လေသည်။ **ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည်** ယမိုက်အဖြေကျမ်းကို ပါဠိဘာသာဖြင့် ရေးပြုထားခဲ့ရာ၌ ' လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး 'က မြန်မာဘာသာသို့တဆင့် ပြန်ဆိုရေးသားသည်။

သမ္မာသတိမဂ္ဂင်အဖွင့်၌ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားဟောကြားညွှန်ပြတော်မူအပ်သည်နှင့် သဘောချင်းဆက်စပ်သက်ဝင်နေသောကြောင့် ယခုကဲ့သို့ ထပ်ဆင့် တင်ပြလိုက်ရခြင်း ဖြစ်လေသည်။

ဤသို့လျှင် သမ္မာသတိမဂ္ဂင်အဖွင့်ပြီးသည့်နောက် နောက်ဆုံးမဂ္ဂင်တပါးဖြစ်သော သမ္မာသမာဓိမဂ္ဂင်ကို ဆက်ရပေဦးမည်။

## ( ၈ ) သမ္မာသမာဓိ

## ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သော စိတ်တည်ကြည်မှု

သမ္မာသမာဓိ လေးပါး၌ လောက၌ စာပေကျမ်း ၈ နှ် သင်ကြားမှုမှာ သင်ပုန်းကြီးသည် အစအဦးဖြစ်၏။ အစအဦး ဖြစ်သော သင်ပုန်းကြီးကြေသည်မှ အထက်စာကို သင်ကြား၍ ဖြစ်သည်။

ထို့အတူ ဘာဝနာအလုပ်မှာလည်း သတိပဋ္ဌာန်သည် အစ အဦးဖြစ်၏။ သတိပဋ္ဌာန်အလုပ်နေရာကျ၍ စိတ်ရှူး-စိတ်နောက် ပျောက်ငြိမ်းမှ အထက်အထက်ဖြစ်သော ဘာဝနာ ကမ္မဋ္ဌာန်း အမှုများကို တည်ကြည်စွာ အားထုတ်နိုင်သည်။

ထို့ကြောင့် သတိပဋ္ဌာန်အလုပ်နေရာကျ၍ မိမိကိုယ်ခန္ဓာအစု တို့၌ တနေ့လျှင် တနာရီ - နှစ်နာရီ - သုံးနာရီ စသည်ဖြင့် မိမိစိတ် ကို တည်ငြိမ်စွာ ထားနိုင်ကြသော အခါ၌ သင်ပုန်းကြီးကြေ လည်ပြီးသောအခါ မင်္ဂလာသုတ် - နမက္ကာရ၊ ပရိတ်ကြီး၊ သဒ္ဒါ သင်္ဂြိုဟ်စသည်များကို ဆက်၍ သင်ကြားရသကဲ့သို့ စိတ္တဝိသုဒ္ဓိ ဘာဝနာဟု ဆိုအပ်သော သမထစျာန် သမာဓိ လေးပါးကို အားထုတ်ရာ သတည်း။

ထိုလေးပါးတို့တွင်—

၁။ **ပထမစျာန်သမာဓိ** — ဆိုသည်ကား၊ ကသိုဏ်းဆယ် ပါး၊ အသုဘဆယ်ပါး၊ ကေသာ လောမာ စသော ဒွတ္တိံသာကာယတပါး၊ အာနာပါန တပါး၊ မေတ္တာ ကရုဏာ မုဒိတာဟူသော ဗြဟ္မဝိဟာရ သုံးပါး၊ ဤ နှစ်ဆယ့်ငါးပါးသော ကမ္မဋ္ဌာန်းတို့တွင် တခုခုသော ကမ္မဋ္ဌာန်း၌ ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ အပ္ပနာ ဘာဝနာတည်းဟူသော ဘာဝနာအစဉ်အားဖြင့် လွန် မင်းစွာ အားထုတ်၍ ရှေးဦးစွာရအပ်သော ပထမစျာန် သမာဓိကို ဆိုသတည်း။

ယခုကာလ၌ စိတ်ရှုး - စိတ်နောက် ပျောက်ငြိမ်းရုံမျှ အားထုတ်သော အာနာပါနအလုပ်သည် ပထမစျာန် သမာဓိ အလုပ်၌ အတွင်းဝင်၏။ *

ဤကား - ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ အကျဉ်းချုပ် ဖွင့်ဆိုမှု ဖြစ်သည်။ ကျေးဇူးရှင်မဟာစည်ဆရာ တော်ဘုရား ဖွင့်ပြအပ်သည်မှာကား - ဤသို့ဖြစ်လေသည်။

"ရဟန်းတို့ ...၊ မှန်စွာစူးစိုက်တည်ကြည်ခြင်းသည် အဘယ် ပါနည်း။ ဤ သာသနာတော်က [၌] ရဟန်းသည် လိုချင်မှု တို့မှ ကင်းဆိတ်သည့်ပြင် အခြားအကုသိုလ်တရားတို့မှလဲ ကင်း ဆိတ်၍သာလျှင် ကြံမှု - ဆင်ခြင်မှုနှင့်တကွဖြစ်သော အကုသိုလ် စိတ်ကူး ကင်းဆိတ်လို့ဖြစ်သည့် ပီတိသုခလဲရှိသော ပထမစျာန်သို့ ရောက်၍ - နေ၏" စသည်ဖြင့် စျာန်လေးပါး သမာဓိကို သမ္မာသမာဓိမဂ္ဂင်လို့ ခေါ်ဆိုအပ်ကြောင်း ဖွင့်ပြတော်မူ ပါတယ်။

စျာန်ဆိုတာ အခြားတပါးအာရုံဆီကို စိတ်မသွားတော့ဘဲ သူ့အာရုံမှာသာ စူးစိုက်သက်ဝင်ပြီး တည်ငြိမ်နေတဲ့ သဘောပါ ဘဲ။ အဲ့ဒီစျာန်က သုတ္တန်နည်းအရ လေးမျိုးရှိတယ်။

၁။ အာရုံပေါ်အောင်ကြံတဲ့ဝိတက်၊ ပေါ်လာတဲ့ အာရုံကို အဖန်ဖန်ဆင်ခြင်သုံးသပ်တဲ့ ဝိစာရ၊ နှစ်သိမ့်ဝမ်း

* အာနာပါနအလုပ်သည် သမာဓိအလုပ်သာမဟုတ်၊ သတိပဋ္ဌာန် အလုပ် လည်းဖြစ်သည်ဟုဆိုသည်။

မြောက်တဲ့ ပီတိ၊ စိတ်ရွှင်လန်း ချမ်းသာတဲ့ သုခစုံးစိုက် တည်ငြိမ်တဲ့ ဧကဂ္ဂတာခေါ် သမာဓိဆိုတဲ့ ဒီစျာန်အင်္ဂါ ငါးပါးအပေါင်းကို ပထမစျာန်ခေါ်တယ်။

၂။ ဝိတက် ဝိစာရကင်းပြီး ပီတိသုခ ဧကဂ္ဂတာဆိုတဲ့ ဒီစျာန် အင်္ဂါ သုံးပါးအပေါင်းကို ဒုတိယ စျာန် ခေါ်တယ်။

၃။ ပီတိမပါဘဲ သုခ ဧကဂ္ဂတာဆိုတဲ့ ဒီစျာန်အင်္ဂါနှစ်ပါး အပေါင်းကို တတိယစျာန် ခေါ်တယ်။

၄။ သုခမပါဘဲ ဥပေက္ခာနဲ့ ဧကဂ္ဂတာဆိုတဲ့ ဒီစျာန်အင်္ဂါ နှစ်ပါးအပေါင်းကို စတုတ္ထစျာန် ခေါ်တယ်။

ဒီစျာန်လေးပါးက ရူပါဝစရ အရူပါဝစရခေါ်တဲ့ လောကီ စျာန်လဲ ရှိတယ်။ အရိယမဂ်စိတ်နဲ့ယှဉ်တဲ့ လောကုတ္တရာစျာန်လဲ ရှိတယ်။ အဲ့ဒီလောကီ – လောကုတ္တရာနှစ်မျိုးထဲမှာ လောကုတ္တရာ စျာန်သမာဓိကတော့ အရိယ သမ္မာ သမာဓိ မဂ္ဂင် အစစ်ပဲ၊ လောကီစျာန်သမာဓိကတော့ ဝိပဿနာ၏ အခြေခံဖြစ်ရင် သမ္မာ သမာဓိမဂ္ဂင် စာရင်းဝင်တယ်။

## စျာန်မရဘဲ ဝိပဿနာမရှုကောင်းဘူးတဲ့

ဒီဖွင့်ပြပုံကို အကြောင်းပြုပြီးတော့ တချို့က 'စျာန်သမာဓိ ကို ရမှ စိတ္တဝိသုဒ္ဓိ ပြည့်စုံပြီးတော့ ဝိပဿနာ ရှုကောင်းတယ်။ စျာန်သမာဓိကို မရရင် စိတ္တဝိသုဒ္ဓိ မပြည့်စုံတဲ့အတွက် ဝိပဿနာ

ရှုလို့ မဖြစ်နိုင်ဘူး ’ လို့ ဒီလို ပြောဆိုနေကြတာလဲ အနည်းငယ် ရှိတယ်။

ဒါကတော့ တဖက်သတ်ကျလွန်းတဲ့ အယူအစွဲပါဘဲ။ ဈာန်၏ အနီးကပ်ဖြစ်တဲ့ ဉပစာရသမာဓိလောက်ရရင်၊ နီဝရဏ ကိလေသာတွေ ကင်းနေတဲ့အတွက် အဲ့ဒီဉပစာရသမာဓိဖြင့်လဲ စိတ္တဝိသုဒ္ဓိပြည့်စုံပြီး ဝိပဿနာရှုကောင်းကြောင်း၊ ထိုသို့ရှုခြင်းဖြင့် အရဟတ္တဖိုလ်အထိရောက်နိုင် – ရနိုင်ကြောင်း၊ ရောက်ဖူး – ရဘူးသူတွေလဲ များစွာရှိကြောင်း ဝိသုဒ္ဓိမဂ်ကျမ်းစသည်မှာ အထင်အရှားပြဆိုထားချက်တွေ ရှိနေပါတယ်။

ဘုရားဟော သုတ္တန်ပါဠိတော်များမှာလဲ ‘ဉပစာရ သမာဓ်လောက်သာ ရနိုင်တဲ့ ဣရိယာပထပိုင်းရှုနည်း’ စသည်ဖြင့်ပင် အရဟတ္တမဂ် ဖိုလ် အထိ ရောက်နိုင်ကြောင်း ( မဟာသတိပဋ္ဌာနသုတ် စသည်မှာ ) အထင်အရှား ဟောတော်မူခဲ့ပါတယ်။ အင်္ဂုတ္တရပါဠိ [ ဒု - ၂၇၅ ] အနုဿတိဋ္ဌာနသုတ်၌ ဘုရားဂုဏ် စသည်ကို ရှုဆင်ခြင်၍ ဖြစ်သော သမာဓိ အခြေခံဖြင့်ပင် [ ဧဝမိဓေကစ္စေ သတ္တာ ဝိသုဇ္ဈန္တိ ] ဟု ရဟန္တာ အထိ ဖြစ်နိုင်ကြောင်း ဟောတော်မူပါတယ်။

သမ္မောဒနီပိုင်းအဖွင့် အဋ္ဌကထာတို့၌လဲ ဘုရားဂုဏ်၊သံဃာ့ဂုဏ်လျှင် အာရုံရှိတဲ့ပီတိကို ဖြစ်စေပြီးလျှင် ယင်းပီတိကိုပင် ကုန်သွားသည် - ပျက်သွားသည်ဟု သုံးသပ်လျက် အရဟတ္တဖိုလ်သို့ ရောက်နိုင်ကြောင်း အတိအကျပြဆိုထားပါတယ်။

## ဥက္ကဋ္ဌနည်းဖြင့် ပြတော်မူခြင်း

နောက်ပြီးတော့ မြတ်စွာဘုရားဟောတဲ့တရားကို နာနေရင်း သိန်း သန်း ကုဋေမျှားစွာ မဂ် ဖိုလ် တရားကို ရကြတယ် ဆိုရာမှာ ဈာန်ရတဲ့ ပုဂ္ဂိုလ်တွေချည်း မဖြစ်နိုင်ပါဘူး။ အများအားဖြင့် ဈာန်မရတဲ့ပုဂ္ဂိုလ်တွေဘဲဖြစ်ဖွယ်ရှိပါတယ်။ အဲ့ဒီပုဂ္ဂိုလ်တွေမှာ စိတ္တဝိသုဒ္ဓိပြည့်စုံပုံကို [ ကာလစိတ္တေ မုဒုစိတ္တေ ဝိနီဝရဏစိတ္တေ ဥဒဂ္ဂစိတ္တေ ပသန္နစိတ္တေ ] ခန့် ကျဉ်း နူး ညံ့ နီဝရဏ ကင်းလျက် တက်ကြွကြည်လင်တဲ့စိတ်ရှိကြကြောင်းဖြင့် ပြ ပြီး တော့၊ အဲ့ဒီ အခါ မြတ်စွာဘုရားက သာမုက္ကံသိက ကိုယ်တိုင်ထုတ်ပြသင့်တဲ့ စတုသစ္စကထာကို ဟောတော်မူသဖြင့် ယင်း ပုဂ္ဂိုလ်တို့တရားထူး ရသွားကြကြောင်းကို အထင်အရှား ပြဆိုထားပါတယ်။

ဒါ့ကြောင့် သမ္မာသတိကို ဈာန်လေးပါးဖြင့် ဝေဘန်ပြ တော်မူတာကို ဥက္ကဋ္ဌနည်းဖြင့် ပြတော်မူခြင်းဖြစ်တယ်လို့ ယူပြီး တော့ သြမကနည်းအားဖြင့် အခြားပါဠိ အဋ္ဌကထာတို့၌ ပြတဲ့ ဥပစာရသမာဓိကိုလဲ စိတ္တဝိသုဒ္ဓိကို ပြီးစေတဲ့ သမ္မာသတိမဂ္ဂင်ပင် ဖြစ်တယ်လို့သာ ယူသင့်ပါတယ်။

အဲ့ဒီဥပစာရ ဈာန်ဟာလဲ နီဝရဏတွေကို ကင်းစေခြင်း အားဖြင့် ပထမဈာန်နှင့် တူပါတယ်။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါငါးပါးရှိခြင်းအားဖြင့်လဲတူပါတယ်။ ဒါကြောင့် ဥပစာရသမာဓိအစစ် - အတုနှစ်ပါးလုံးကိုပင် ပထမ

ချာန်ထဲ၌ ဩမကနည်းအားဖြင့် မြတ်စွာဘုရားက ထည့်သွင်း၍ ဟောတော်မူခဲ့တယ်လို့ ယူရပါတယ်။

## သမထချာန်၊ ဝိပဿနာချာန်

ချာန်ဆိုတာ အာရုံကို စူးစူးစိုက်စိုက်ကပ်၍ ရှုတဲ့သဘောပဲ၊ ထွက်သက် - ဝင်သက်အစရှိတဲ့ သမထနိမိတ်အာရုံကို စူးစိုက်ပြီး ရှုတာက သမထချာန်ပဲ၊ ရုပ်နာမ် တို့၏ သဘောလက္ခဏာ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို ရှုပြီး သိတာက ဝိပဿနာ ချာန်ပါပဲ။

အဲဒါကို တိုတိုနဲ့ မှတ်ရအောင် ဆောင်ပုဒ်များ စီထားတယ်။

'စူးစိုက်သမှု၊ ကပ်၍ရှု၊ ချာန်ဟုခေါ်ဝေါ်သည်၊
သမထချာန်၊ ဝိပဿ်ချာန်၊ နှစ်တန်ကွဲပြားသည်၊
တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထချာန်ခေါ်သည်၊
လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿ်ချာန်ခေါ်
သည်၊ ခဏိကဥပစာ၊ အပ္ပနာ၊ သုံးဖြာ သမာဓိ
ကွဲပြားသည် 'တဲ့။ အဲဒါတွေကို ဆိုကြရမယ်။

( ၁ ) စူးစိုက်သမှု ကပ်၍ရှု ချာန်ဟု ခေါ်ဝေါ်သည်။
( ၂ ) သမထချာန် ဝိပဿ်ချာန် နှစ်တန် ကွဲပြားသည်။
( ၃ ) တည်ငြိမ်ရုံမျှ ရှုနေက သမထချာန် ခေါ်သည်။

( ၄ ) လက္ခဏာသုံးရပ် ရှုသိမှတ် ဝိပဿနာချန်ခေါ်သည်။
( ၅ ) ခဏိက ဥပစာ အပ္ပနာ သုံးဖြာသမာဓိကွဲပြားသည်။

နောက်ဆုံး ဆောင်ပုဒ်အရ သမာဓိသုံးပါးထဲက ခဏိက သမာဓိဆိုတာ. သမထ ကမ္မဋ္ဌာန်းအာရုံကို ရှုခါစဥ် ဥပစာရ သမာဓိမဖြစ်သေးမီက အတော်အတန် စိတ်တည်ငြိမ်တဲ့ သမာဓိနဲ့ ဝိပဿနာသမာဓိကို ဆိုတာပါဘဲ။

အဲဒီနှစ်ပါးထဲမှာလဲ ဝိပဿနာသမာဓိ ကတော့ နီဝရဏ ကိလေသာတွေကို ကင်းငြိမ်းစေခြင်းဖြင့် ဥပစာရ သမာဓိနှင့် လက္ခဏာတူတဲ့အတွက် အဲဒါကို ဥပစာရသမာဓိလို့လဲ ခေါ်ပါတယ်။ အဲဒီအကြောင်းကို ခုတင်က [စာမျက်နှာ ၁၆၆] မှာ ပြောခဲ့ပြီးပါပြီ။

အဲဒီဝိပဿနာခဏိက သမာဓိဟာ အထူးအားကောင်းတဲ့ အခါ အပ္ပနာသမာဓိသို့ပင် စိတ်ကိုကောင်းကောင်းကြီး တည်ငြိမ်အောင် ထားနိုင်ကြောင်း သတိပဋ္ဌာန် ယောဂီတွေမှာ ကိုယ်တွေ့အားဖြင့်ပင် ထင်ရှားနေပါတယ်၊

ဒါကြောင့်ဝိသုဒ္ဓိမဂ်မဟာဋီကာ [ပထမတွဲစာမျက်နှာ ၃၄၂] ၌ 'ခဏိကစိတ္တေကဂ္ဂတာဟူသည်မှာ ဖြစ်ခိုက် - ဖြစ်ခိုက် ခဏမျှ တည်သော ဝိပဿနာသမာဓိ၏ မှန်ပေ၏။ ယင်း ဝိပဿနာ ခဏိကသမာဓိသည် ရှုသိအပ်သော ရုပ်နာမ်အာရုံ၌ အပြတ်

အခြားမရှိဘဲ တမျိုးတည်းသော တည်ကြည်ပုံ အခြင်းအရာ အားဖြင့် တစင်တည်းဖြစ်နေလျှင် ဆန့်ကျင်ဘက် ကိလေသာက မလွှမ်းမိုးနိုင်သည်ဖြစ်၍ အပ္ပနာစျာန် ရောက်နေသကဲ့သို့ စိတ်ကို မလှုပ်ရှားအောင် ထားနိုင်ပေ၏’လို့ ပြဆိုထားပါတယ်။

## သမ္မာ သမာဓိမဂ္ဂင်

ဒါကြောင့် မဂ်ရောက် - ဖိုလ်ရောက် ဝိပဿနာ ဘာဝနာ အလုပ်ကို အားထုတ်လိုတဲ့ပုဂ္ဂိုလ်ဟာ စွမ်းနိုင်ပါမူ စျာန်လေး ပါးထဲက တပါးဖြစ်စေ၊ နှစ်ပါး သုံးပါး လေးပါးလုံး ဖြစ်စေ၊ ရအောင် အားထုတ်ရမယ်။ ရပြီးတော့ နိုင်နင်းအောင်လဲ လေ့လာရမယ်။

စျာန်ရအောင် အားမထုတ်နိုင်ရင် စျာန်၏အနီး ဥပစာရ သမာဓိရအောင် အားထုတ်ရမယ်။ မဟာဘုတ်လေးပါးအစရှိတဲ့ ရုပ်နာမ်ကစပြီး ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်ဆိုရင်တော့ ဥပစာရသမာဓိ လိုပင် နီဝရဏတွေကို ငြိမ်းစေနိုင်တဲ့ ဝိပဿနာခဏိက သမာဓိ ပြည့်စုံစေရမယ်။ အဲ့ဒီခဏိကသမာဓိကောင်းကောင်း ပြည့်စုံတဲ့ အခါမှာ ရှုမှတ်တိုင်း - ရှုမှတ်တိုင်း ရုပ်နာမ်နှစ်ပါးကို ခွဲခြားပြီး သိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်မှစပြီး ဝိပဿနာဉာဏ်တွေ အစဉ် အတိုင်းဖြစ်ပေါ်လာပါလိမ့်မယ်။ ဒါကြောင့် အဲ့ဒီ ဝိပဿနာ ခဏိက သမာဓိနှင့် ဥပစာရသမာဓိတို့ကိုလဲ သမ္မာသမာဓိမဂ္ဂင်လို့ မှတ်ကြရမယ်။

## သီလ သမာဓိ ပညာ

မဂ္ဂင်ရှစ်ပါးကို ဗုဒ္ဓဝါဒအဖြစ် အစဉ်အတိုင်းဆိုညွှန်းဖော်ပြခဲ့ရာ၌ ဤသမ္မာသမာဓိမဂ္ဂင်မှာ နောက်ဆုံး ရှစ်ခုမြောက် မဂ္ဂင်ဖြစ်ပေသည်။

ဤမဂ္ဂင်ရှစ်ပါးတွင် ပထမဦးဆုံး သမ္မာဒိဋ္ဌိမဂ္ဂင်မှနောက်ဆုံး သမ္မာသမာဓိမဂ္ဂင်သို့တိုင် ဟောကြား ဆုံးမထားသည် များကို သိရခြင်းအားဖြင့် မည်သို့ ထူးခြားသည်၊ မည်သို့ဖြောင့်မှန်လေးနက်သည်များကိုလည်း ကောင်းစွာတွေးခေါ် ဆင်ခြင်နိုင်ကြဖွယ် ဖြစ်ပေသည်။

အခြေခံအချုပ်သဘောအားဖြင့်ကား ဤမဂ္ဂင်ရှစ်ပါးတွင် 'သီလ - သမာဓိ - ပညာ' ဟူ၍ သုံးမျိုး - သုံးစား ကွဲပြား ခြားနားနေသည်။

၁။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ မဂ္ဂင်များမှာ သီလပိုင်းဆိုင်ရာ သီလသဘောဖြစ်သည်။

၂။ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ မဂ္ဂင်များမှာ သမာဓိပိုင်းဆိုင်ရာ သမာဓိသဘောဖြစ်သည်။

၃။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မဂ္ဂင်များမှာကား ပညာပိုင်းဆိုင်ရာ ပညာသဘောဖြစ်သည်။

သီလ သမာဓိ ပညာဟူသော သာသနာတော် သုံးပါးဟူ၍လည်း ဆိုနိုင်ပေသည်။ ဤတွင် သီလပိုင်းဆိုင်ရာ မဂ္ဂင်သုံးပါးကို ပေါင်းရုံးဝေဖန် ကြည့်လိုက်လျှင် အာဇီဝဋ္ဌမက သီလ ဖြစ်မြောက်လာသည်။

## ဖြစ်မြောက်ပုံမှာကား

**သမ္မာဝါစာမဂ္ဂင်တွင် ပါဝင်သော**

၁။ မုသာဝါဒါ ဝေရမဏီ

၂။ ပိသုဏာဝါစာ ဝေရမဏီ

၃။ ဖရုသဝါစာ ဝေရမဏီ

၄။ သမ္ဖပ္ပလာပါ ဝေရမဏီ

ဤရှောင်ကြဉ်ထိန်းသိမ်းမှု လေးပါးသည် သီလတရားများ ဖြစ်နေသည်။

**သမ္မာကမ္မန္တမဂ္ဂင်တွင် ပါဝင်သော**

၁။ ပါဏာတိပါတာ ဝေရမဏီ

၂။ အဒိန္နာဒါနာ ဝေရမဏီ

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ

ဤရှောင်ကြဉ်ထိန်းသိမ်းမှု သုံးပါးသည်လည်း သီလတရားပင် ဖြစ်နေသည်။ နောက် သမ္မာအာဇီဝမဂ္ဂင်တွင် ပါဝင်သော (သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှု) မှာလည်း သီလတရားပင် ဖြစ်နေပြန်သည်။ ထို့ကြောင့် အားလုံး ပေါင်းရုံးလိုက်သောအခါ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဟူသော မဂ္ဂင်သုံးပါးအစု (သီလက္ခန္ဓမဂ္ဂင်) သည် 'အာဇီဝဋ္ဌမက သီလ' ဖြစ်မြောက်နေခဲ့ရလေသည်။

ဤနေရာ၌ 'အာဇီဝဋ္ဌမက သီလ' ဆိုသည်ကို အမျိုးအမည် အရေအတွက်နှင့်တကွ ဖော်ပြဘို့ လိုပေလိမ့်ဦးမည်။

## အာဇီဝဋ္ဌမက သီလနှင့် ခံယူဆောက်တည်ပုံ

၁။ လူ တိရစ္ဆာန်စသည့် သူတပါးတို့၏ အသက်ကို သတ်ဖြတ် ညှဉ်းဆဲမှုမှ ရှောင်ကြဉ်ခြင်း။

၂။ သူတပါးတို့၏ သက်ရှိ - သက်မဲ့ပစ္စည်းကို ခိုးဝှက်လုယက်ယူမှုမှ ရှောင်ကြဉ်ခြင်း။

၃။ ယင်မျိုးငါးပါးနှင့်တကွသော ကာမေသုမိစ္ဆာစာရအမှုမှ ရှောင်ကြဉ်ခြင်း။

၄။ မဟုတ်မမှန် လိမ် လည် လုပ်ကြံပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း။

၅။ သူ နှစ်ယောက်တို့အကြား၌ ချစ်ခင်မှုပျက်ပြားလေအောင်

ယုံကြည်မှု လွဲမှားလေအောင် လုပ်ကြံ လည်ဆယ်၍ ဂုန်းတိုက်စကားပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း။

၆။ သူတပါးတို့အား ဆဲ ဆို ငေါက် ငန်းကြမ်းတန်း ရိုင်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း။

၇။ မည်သည့်ကောင်းမြတ်မှုနှင့်မျှ မစပ်လျဉ်း၊ စင်စစ် ယုတ်ညံ့ သိမ်ဖျင်းစွာသော စကားကို ပြောဆိုအားထုတ်မှုမှ ရှောင်ကြဉ်ခြင်း။

၈။ မကောင်းသော အသက်မွေးမှု (သတ်ခြင်း ခိုးခြင်း အရက်သေစာရောင်းခြင်း စသည်)မှ ရှောင်ကြဉ်ခြင်း။

ဤ ရှောင်ကြဉ် ဆောက်တည်မှု ရှစ်ပါးသည် အာဇီဝဋ္ဌမက သီလပင် ဖြစ်လေတော့သည်။ ထို သီလကို ခံယူဆောက်ဘည်ပုံမှာကား၊ မိမိတို့အလိုအလျောက် တိုင်တည်မိဋ္ဌာန်ပြီး ဆောက်တည်လျှင်လည်း ဖြစ်နိုင်သည်။

" ငါသည် ယနေ့မှအစပြု၍ အသက်ရှည်သမျှကာလပတ်လုံး သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်ပါ၏။ ကြဉ်ရှောင်ပါတော့အံ့။ "

ဤ နည်းမျိုးအတိုင်းပင်လျှင် ကျန် သီလများ၌လည်း အစဉ်အတိုင်း တိုင်တည်မိဋ္ဌာန်သွားရမည် ဖြစ်သည်။

## သက္ကာယဒိဋ္ဌိကို ဖြိုဖျက်ရန်

တရားကိုယ် သဘောအားဖြင့်ကား၊ ဤ သီလက္ခန္ဓမဂ္ဂင်အစုသည် သက္ကာယဒိဋ္ဌိ၏ သုံးခုမြောက် အဆောက်အဦကို ပယ်ဖျောက်ရှင်းလင်းပစ်ရန်ပင် ဖြစ်လေသည်။

ကိုယ်ဖြင့် ပြုအပ်သော ပြုမှားမိသော မကောင်းမှုသုံးပါး၊ နှုတ်ဖြင့် ပြုအပ် ပြုမှားမိသော မကောင်းမှု လေးပါးတို့ကို တိုက်ဖျက် သုတ်သင်ပစ်ရန် တရားအစုအပေါင်းတခုဖြစ်သည်။

ဤတရားအစုအပေါင်းဖြင့် တိုက်ဖျက် သုတ်သင်ပစ်မှသာလျှင် ကိုယ် နှုတ် နှစ်ပါးဖြင့် ပြုမှားမိချေသော မကောင်းမှုတို့ ပျောက်ပျက်ကင်းစင်နိုင်မည် ဖြစ်သည်။

## သမာဓိက္ခန္ဓ မဂ္ဂင်

သမ္မာဝါယာမ - သမ္မာသတိ - သမ္မာသမာဓိ ဟူသော သမာဓိက္ခန္ဓမဂ္ဂင်သည်ကား၊ သက္ကာယဒိဋ္ဌိနှစ်ခုမြောက်ဖြစ်သော အဆောက်အဦ ( အယူမှား - အစွဲမှား ) ကို တိုက်ဖျက်သုတ်သင်ပစ်ရန် ဖြစ်သည်။

စိတ်ဖြင့် ပြစ်မှားမိသော အလွဲအမှား စွဲလမ်းထင်မှတ်မိလေသော မကောင်းမှုသုံးပါး ( အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ ) တို့ကို ဤ သမာဓိက္ခန္ဓမဂ္ဂင်အစုဖြင့် ဖြိုးခွင်းတိုက်ဖျက်ပစ်မှသာ အလုံးစုံ ပျက်ပြယ်ကင်းရှင်းနိုင်သည်။ အာနာပါနကမ္မဋ္ဌာန်းစသည့် ဘာခုခု တနည်းနည်းသော ကမ္မဋ္ဌာန်းမျိုးဖြင့် အယူမှား - အစွဲမှားကို ထိန်းကျောင်း ပြုပြင်၊ အမှန်အတိုင်း သိမြင်တတ်လေအောင် ကြိုးပမ်းအားထုတ်ရမည် ဆိုလိုခြင်းပင် ဖြစ်လေသည်။

ဤနေရာ၌ သမာဓိက္ခန္ဓာမဂ္ဂင်နှင့်စပ်လျဉ်း၍ ကျေးဇူးရှင်

လယ်တီဆရာတော်ဘုရား ညွှန်ကြားဆိုးမထားပုံကို ဖော်ပြရပေဦးမည်။

## သမာဓိက္ခန္ဓမဂ္ဂင် ထူထောင်ပုံ

### ကမ္မဋ္ဌာန်းအလုပ်

သီလက္ခန္ဓမဂ္ဂင်သုံးပါးကို ခံယူထူထောင်၍ လုံခြုံစွာ စောင့်ထိန်းသဖြင့် သီလဝိသုဒ္ဓိဘုံ၌ ကောင်းစွာ တည်သော သူအားသက္ကာယဒိဋ္ဌိ၏ အပွားအစီး ဖြစ်ကုန်သော မိစ္ဆာဇီဝနှင့် တကွကုန်သော ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ ဤဒုစရိုက် ခုနစ်ပါးတို့သည် ကင်းရှင်းကုန်၏။ ဒိဋ္ဌိ၏ တတိယဘုံကြီးသည် ထကြွသောင်းကျန်းခြင်းမရှိ ငြိမ်ဝပ်လေ၏။

ထို အခါ၌ ဒိဋ္ဌိ၏ ဒုတိယဘုံဟု ဆိုအပ်သော မနောဒုစရိုက်သုံးပါးတို့ကို ပယ်သတ်ခြင်းအကျိုးငှာ၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဟုဆိုအပ်သော သမာဓိက္ခန္ဓမဂ္ဂင်သုံးပါးတို့ကို ထူထောင်ရမည်။

သမာဓိက္ခန္ဓမဂ္ဂင်သုံးပါး ထူထောင်မှုဆိုသည်ကား၊ ကသိုဏ်းဆယ်ပါးအစရှိသော ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် တခုခုသော ကမ္မဋ္ဌာန်းအလုပ်ကို ထူထောင်မှုပေတည်း။

## အာနာပါနအလုပ်

ဤအရာ၌ အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို အနည်းငယ် ပြဆိုပေအံ့။ ဃရာဝါသ သမ္ဗာဓ၌ နေကြရကုန်သော လူတို့သည် နေ့အဖို့၌ အခွင့်မရကြကုန်သည်ရှိသော်၊ ညဥ့်အဖို့၌ မအိပ်မီ ၁-နာရီခန့်၊ ၂-နာရီခန့် နံနက်၌ အိပ်ရာမှ မထမီ တနာရီမျှသော်လည်း အာနာပါနအလုပ်ကို စွဲမြဲကြရကုန်၏။

အားထုတ်ပုံကား " သဗ္ဗကာယ ပဋိသံဝေဒီ အဿသိဿာမီတိ၊ သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမီတိ "ဟူသော ပါဠိတော်မြတ်နှင့်အညီ ပိုင်းခြားသော နာရီအတွင်း၌ မိမိစိတ်ကို ထွက်သက် - ဝင်သက်အာရုံမှတပါး အခြားသို့ မထွက်စေမူ၍ ထိုနာရီအတွင်းမှာ ထွက်သက် - ဝင်သက် အာရုံ၌သာ မိမိစိတ်ကို တည်မြဲမြံစွာနေအောင် ကာယိက ဝီရိယ စေတသိကဝီရိယ နှစ်ပါးနှင့် အားထုတ်၍ ရှုကြရမည်။

## ဝီရိယနှစ်ပါး

ကာယိက ဝီရိယဆိုသည်ကား၊ ပိုင်းခြားသော နာရီမှာတနေ့တရက်မျှ မပျက်မကွက်စေရအောင် ထကြွလုံ့လဝီရိယကို ပြုမှုတည်း။

စေတသိကဝီရိယဆိုသည်ကား၊ ထွက်သက် - ဝင်သက်တည်းဟူသော အာရုံမှ အခြားတပါးသော အာရုံသို့ စိတ်ကို မထွက်စေရအောင် ကြောင့်ကြစိုက်ထုတ်ခြင်း၊ ငိုက်မျည်းမှု၊ မှိုင်ငေးမှု၊ မေ့မောမှုမရှိစေရအောင် မိမိစိတ်ကို ထွက်သက် - ဝင်သက်တည်းဟူသော အာရုံ၌ အတွင်စေ့ဆော်ခြင်းကို ဆိုသတည်း။

## စိတ်အမှတ်ပြုမှုမြဲစေ

နှာခေါင်းဝ၌ မိမိစိတ်ကို အခိုင်အမြဲစိုက်ထား၍ ထိုအရပ်၌ ထွက်သက်လေ ခတ်လာသောအခါ 'ထွက်သက်' ဟူ၍၊ ဝင်သက်လေခတ်လာသောအခါ 'ဝင်သက်'ဟူ၍ စိတ်အမှတ်ပြုမှု မြဲစေရမည်။ ထိုသို့အားထုတ်သော ကာယိကဝီရိယ၊စေတသိက ဝီရိယ ၂-ပါးသည် 'သမ္မာဝါယာမ-မဂ္ဂင်'မည်၏။

ထိုသို့အားထုတ်၍ လခွဲ၊ ၁-လ၊ ၂-လစသည်ရှိလတ်သော် ထွက်သက်-ဝင်သက်၌ သတိတရားသည် ခိုင်စွာတည်၏။ ထို သတိတရားသည်'သမ္မာသတိမဂ္ဂင်'မည်၏။ ထွက်သက်-ဝင်သက် အာရုံ၌ စိတ်၏တည်ငြိမ်ခြင်း သမာဓိတရားသည် တိုးပွား၍ လာ၏။ ထိုသမာဓိတရားသည် 'သမ္မာသမာဓိမဂ္ဂင်' မည်၏။ သမာဓိက္ခန္ဓမဂ္ဂင်သုံးပါး ထူထောင်မိ၏။ စိတ်ရှုး-စိတ်နောက် သည် တနေ့တခြား ပျောက်ကင်း၍ သွား၏။

## စိတ်ရှုး-စိတ်နောက်ပျောက်စေမှု

ကမ္မဋ္ဌာန်းအာရုံနှင့် တွေ့ကြုံလျှင် မိမိတို့စိတ်ကို အစိုးမရ မှုသည်၊ လူတိုင်းမှာပင် သိမြင်ထင်ရှားလျက်ရှိကြ၏။ လောက၌ စိတ်ကို အစိုးမရကြသော သူရှုး-သူနှမ်းများသည် လောက အရေးအရာတို့၌ အသုံးမကျဖြစ်၏။

ထို့အတူ လောက၌ လူကောင်း-သူကောင်းဆိုရသောသူတို့ သည် ကမ္မဋ္ဌာန်းမှု၌ကား စိတ်ကိုအစိုးမရကြသော သူရှုး-သူနှမ်း

အရာ၌ပင် တည်ကြဲရကုန်၏။ ကမ္မဋ္ဌာန်းမှုနှင့် တွေ့ကြုံလျှင် အသုံး မကျ ရှိနေကြကုန်၏။

ထိုကြောင့် ထိုစိတ်ရှူး - စိတ်နောက်တို့ကို ပျောက်ကင်းကြစေခြင်းငှာ၊ ဤသမာဓိက္ခန္ဓမဂ္ဂင်သုံးပါးကို အားထုတ်ကြရကုန်သတည်း။

## စိတ်ရှူးပျောက်နိုင်ပုံ

ဥပစာရဘာဝနာ - အပ္ပနာ ဘာဝနာ များသို့ မပေါက် မရောက်ကြကုန်သော်လည်း၊ တနေ့ - တနေ့လျှင် တနာရီအတွင်း နှစ်နာရီအတွင်းမှာ အာနာပါနအာရုံ၌ မိမိစိတ်ကို တည်ငြိမ်စွာ နေအောင် ထားနိုင်ကြလျှင်ပင် အလိုရှိရာ ကမ္မဋ္ဌာန်းမှု၌ စိတ်ကို ထားခြင်းငှာ လွယ်ကြကုန်တော့သည်။

သမာဓိက္ခန္ဓမဂ္ဂင်သုံးပါးထူထောင်၍ စိတ္တ ဝိသုဒ္ဓိ ဘုံ၌ တည်သော သူအား သက္ကာယဒိဋ္ဌိ၏ အစီးအပွား ဖြစ်ကုန်သော 'အဘိဇ္ဈာ - ဗျာပါဒ - မိစ္ဆာဒိဋ္ဌိ' ဟူသော မနောဒုစရိုက်သုံးပါး တို့သည် ကင်းကွာကုန်၏။ ဒိဋ္ဌိ၏ မနောကံ ဟူသော ဒုတိယဘုံ ကြီးသည် ထကြွလှုပ်ရှားခြင်းမရှိ ငြိမ်ဝပ်လေ၏။ နီဝရဏတရား တို့ကြောင့်ဖြစ်သော စိတ်ရှူး - စိတ်နောက်သည် ပျောက်ငြိမ်း လေ၏။

ဤကား = သမာဓိက္ခန္ဓမဂ္ဂင်သုံးပါးထူထောင်ပုံတည်း။

## ပညာက္ခန္ဓထူထောင်ရာကာလ

သီလက္ခန္ဓမဂ္ဂင်သုံးပါးတို့သည် ခံယူ ဆောက်တည်မိလျှင်ပင် ထိုပုဂ္ဂိုလ်၌ တည်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ထိုခဏမှစ၍ မကျူး လွန်သမျှ ကာလပတ်လုံး သီလဝိသုဒ္ဓိနှင့် ပြည့်စုံသောသူမည်၏။ ခံယူဆောက်တည်သောနေ့၌ပင်လျှင် သမာဓိက္ခန္ဓမဂ္ဂင်အလုပ်ကို အားထုတ်ထိုက်၏။

သမာဓိက္ခန္ဓမဂ္ဂင်သုံးပါးတို့သည်လည်း လုံ့လဝီရိယ ကောင်း လှသော သူတို့မှာ ငါးရက် - ဆယ်ရက်မျှနှင့်ပင် စိတ်ရှူး - စိတ် နောက်ပျောက်၍ ထွက်သက် - ဝင်သက်အာရုံ၌ စိတ်၏ တည် ကြည်ခြင်းသို့ ရောက်ကြကုန်သဖြင့် ငါးရက် - ဆယ်ရက်ပင် ထို ပုဂ္ဂိုလ်၌ တည်ကုန်၏။

ထိုပုဂ္ဂိုလ်သည် ထိုအခါမှစ၍ စိတ္တဝိသုဒ္ဓိ တစိတ်နှင့်ပြည့်စုံ သောသူမည်၏။

ထိုအခါမှစ၍ပင်လျှင် ပညာက္ခန္ဓမဂ္ဂင်အလုပ်ကို အားထုတ် ထိုက်၏။

## ပညာက္ခန္ဓ မဂ္ဂင်ထူထောင်ပုံ
## အစမှစ၍ တည်ထောင်မှု

ဤသို့လျှင် သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိတို့၌ ကောင်းစွာတည် သောသူသည် သက္ကာယဒိဋ္ဌိ၏ ပထမဘုံကြီးကို တူးဖြိုဖျက်ဆီး ခြင်းငှာ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဟူသော ပညာက္ခန္ဓမဂ္ဂင်တရား နှစ်ပါးကို ထူထောင်ရာ၏။

ပညာဘာဝနာမဂ္ဂင်တရားနှစ်ပါးထူထောင်မှုဆိုသည်ကား—

၁။ ဒိဋ္ဌိဝိသုဒ္ဓိ

၂။ ကင်္ခါဝိတရဏဝိသုဒ္ဓိ

၃။ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ

၄။ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိ

၅။ လောကုတ္တရာ ဉာဏဒဿနဝိသုဒ္ဓိဟု ဆိုအပ်သော ပညာဝိသုဒ္ဓိငါးပါးတို့ကို အစမှစ၍ တည်ထောင်မှု တည်း။

တည်ထောင်ပုံကို အကျဉ်းအားဖြင့် ပြဆိုအံ့။ မိမိတို့ခန္ဓာကိုယ် တခုလုံး၌—

မာမှု - နူးညံ့မှု နှစ်ပါးသည် 'ပထဝီဓာတ်' မည်၏။

ဖွဲ့စေးမှု - ယိုစီးမှုနှစ်ပါးသည် 'အာပေါဓာတ်' မည်၏။

ပူနွေးမှု - ချမ်းအေးမှု နှစ်ပါးသည် 'တေဇောဓာတ်' မည်၏။

ထောက်ကန်မှု - လှုပ်ရှားမှုနှစ်ပါးသည် 'ဝါယောဓာတ်' မည်၏။

## ဓာတ်လေးပါးအစု

ဦးခေါင်းအင်္ဂါတခုလုံးသည် ဓာတ်လေးပါး အစုအခဲသာ ဖြစ်၏။ အလုံးစုံသော ကိုယ်အင်္ဂါ၊ အလုံးစုံသော ခြေအင်္ဂါ၊

လက်အင်္ဂါဟူသမျှသည် ဓာတ်လေးပါးအစုသာဖြစ်၏။ အလုံးစုံသော ဆံပင် မွေးညှင်း ခြေသည်း လက်သည်း စသည်တို့သည်လည်း၊ ဓာတ်လေးပါးအစုအခဲချည်းဖြစ်ကြ၏။

## ခက်မာ ဖွဲ့စေး - ပူအေး ထောက်ကန်

### ဓာတ်လေးပါးအစဉ်

ခက်မာ၌ ခက်မာ နူးညံ့ နှစ်ပါးကို ယူ။

ဖွဲ့စေး၌ ဖွဲ့စေးယိုစီး နှစ်ပါးကို ယူ။

ပူအေး၌ ထက်သော တေဇော နုံ့သော တေဇော နှစ်ပါးကို ယူ။

ထောက်ကန်၌ ထောက်ကန် လှုပ်ရှား နှစ်ပါးကို ယူ။

၁။ ခက်မာမှုကား၊ ထက်သန်သော ပထဝီတည်း။ နူးညံ့မှုကား၊ နုံ့သော ပထဝီတည်း။

၂။ ဖွဲ့စေးမှုကား၊ နုံ့သော အာပေါတည်း။ ယိုစီးမှုကား၊ ထက်သော အာပေါတည်း။

၃။ ပူနွေးမှုကား၊ ထက်သော တေဇောတည်း။ အေးချမ်းမှုကား၊ နုံ့သော တေဇောတည်း။

၄။ ထောက်ကန်မှုကား၊ နုံ့သော ဝါယောတည်း။ လှုပ်ရှားမှုကား၊ ထက်သော ဝါယောတည်း။

## ( ၁ ) ခက်မာ-နူးညံ့

ပကတိသောချိပ်ခဲ၌ထက်သော ပထဝီမျိုး( မြေဓာတ် )တည်ရှိ၏။ ခက်မာမှု ထင်ရှား၏။ မီးထိသောအခါ၌ ခက်မာသော ပထဝီမျိုးသည် အစဉ်အတိုင်း ချုပ်ပျောက်၏။ နူးညံ့သော ပထဝီမျိုးသည် အစဉ်အတိုင်းဖြစ်ပေါ်၏။ တဖန် မီးနှင့် ကင်းကွာပြန်သောအခါ နူးညံ့သော ပထဝီ အစဉ်အတိုင်း ချုပ်ပျောက်၏။ ခက်မာသော ပထဝီမျိုး အစဉ်အတိုင်းဖြစ်ပေါ်၏။

## ( ၂ ) ဖွဲ့စေး ယိုစီး

ထိုပကတိသော ချိပ်ခဲ၌ နို့သော အာပေါမျိုး တည်ရှိ၏။ ဖွဲ့စေးမှုထင်ရှား၏။ မီးထိသောအခါ ဖွဲ့စေးသော အာပေါမျိုး အစဉ်အတိုင်း ချုပ်ပျောက်၏။ ယိုစီးသော အာပေါမျိုး အစဉ်အတိုင်းဖြစ်ပေါ်၏။ တဖန် မီးနှင့် ကင်းကွာပြန်သော အခါ ယိုစီးသော အာပေါမျိုး အစဉ်အတိုင်း ချုပ်ပျောက်၏။ ဖွဲ့စေးသော အာပေါမျိုး အစဉ်အတိုင်းဖြစ်ပေါ်၏။

## ( ၃ ) အေးချမ်း-ပူနွေး

ထိုပကတိသော ချိပ်ခဲ၌ နို့သော တေဇောမျိုး တည်ရှိ၏။ အေးချမ်းမှု ထင်ရှား၏။ မီးထိသောအခါ အေးချမ်းသော တေဇောမျိုး အစဉ်အတိုင်း ချုပ်ပျောက်၏။ နွေးသော-ပူသော တေဇောမျိုး အစဉ်အတိုင်း ဖြစ်ပေါ်၏။ တဖန် မီးနှင့်ကင်းကွာပြန်သောအခါ နွေးသော-ပူသော တေဇောမျိုး အစဉ်အတိုင်း

ချုပ်ပျောက်၏။ အေးချမ်းသော ဝေဒနာမျိုး အစဉ်အတိုင်း ဖြစ်ပေါ်၏။

## ( ၄ ) ထောက်ကန် လှုပ်ရှား

ထို ပကတိသော ချိပ်ခဲ၍ နို့သော ဝါယောမျိုး တည့်ရှိ၏။ ထောက်ကန်မှု ထင်ရှား၏။ မီးထိသောအခါ ထောက်ကန်သော ဝါယောမျိုး အစဉ်အတိုင်း ချုပ်ပျောက်၏။ လှုပ်ရှားသော ဝါယောမျိုး ဖြစ်ပေါ်၏။ တဖန် မီးနှင့် ကင်းကွာပြန်သောအခါ လှုပ်ရှားသော ဝါယောမျိုး ချုပ်ပျောက်၏။ ထောက်ကန်သော ဝါယောမျိုး ဖြစ်ပေါ်၏။

**ဖြစ်ပေါ်မှုစုသည် 'ဥဒယ' မည်၏။ ချုပ်ပျောက်မှုစုသည် 'ဝယ' မည်၏။ ဥဒယဗ္ဗယဖြစ်၏။**

ဤကား - ဝိပဿနာအရာ၌ ဖြစ်မှု - ချုပ်မှု ခေါ်သော 'ဥဒယဗ္ဗယ' သဘောကို ကြံဖန်နိုင်ကြစေခြင်း [ ဆင်ခြင်သိသာနိုင်စေခြင်း ] ငှာ ချိပ်ခဲ၍ ထင်ရှားလှစွာသော ဓာတ်တို့၏ ဖြစ်မှု ပျက်မှုကို စံပြုရန် ဖော်ပြသော စကားရပ်တည်း။

## အနိစ္စ - ဒုက္ခ - အနတ္တ

ထို အတူ ဓာတ်လေးပါးတို့၌ မှီကြကုန်သော မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ တွေ့ထိမှု၊ သိမှု ဟူသော နာမ်တရားတို့သည်လည်း ထိုထိုဓာတ်လေးပါး ချုပ် - ပျက်ရာသို့ ပါကြလေကုန်၏။ ထို့ကြောင့် ဝိညာဏ်ခြောက်ပါးတို့နှင့် တကွသော ဓာတ်လေးပါးတို့သည်—

၁။ ခိုင်မြဲသော သဘောမရှိကြကုန်သောကြောင့် 'အနိစ္စ' တို့သာတည်း။

၂။ ဖြစ်ခြင်း - ပျက်ခြင်းဘေးနှင့် အမြဲ ယှဉ်သောကြောင့် 'ဒုက္ခ' တို့သာတည်း။

၃။ အနှစ်သာရမျိုး မဟုတ်ကြကုန်သောကြောင့် 'အနတ္တ' တို့သာတည်း။

[ ဤကား - ဦးခေါင်းအင်္ဂါမှစ၍ ကိုယ်အင်္ဂါ အရပ်ရပ်တို့၌ ပညာကန္ခမဂ္ဂင် ထူထောင်ပုံဘည်း။ ]

## ဦးခေါင်း၌ သက္ကာယဒိဋ္ဌိ ဖြစ်ပုံ

## ဦးခေါင်းအင်္ဂါ - ခေတ်လေးဖြာ

ဦးခေါင်းအင်္ဂါရှိ ခေတ်လေးပါးတို့၌ သက္ကာယဒိဋ္ဌိ ဖြစ်ပုံ၊ သမ္မာဒိဋ္ဌိဖြစ်ပုံကို ပြဆိုပေအံ့။ ဦးခေါင်မှာ ဆံပင်အင်္ဂါ၊ မွေးညှင်းအင်္ဂါ၊ အရိုးအင်္ဂါတို့၌ ခက်မာမှု အပြည့်ရှိ၏။

အရေအင်္ဂါ အသားအင်္ဂါ အသွေးအင်္ဂါ ဦးနှောက်အင်္ဂါတို့၌ နူးညံ့မှု အပြည့်ရှိ၏။ ၎င်း ခက်မာမှု - နူးညံ့မှုနှစ်ပါးသည် ပထဝီခေတ်မည်၏။ ဦးခေါင်းအင်္ဂါ တခုလုံးသည် ထို ပထဝီ နှစ်မျိုး ပြည့်လျက် ရှိ၏။

အာပေါလည်း ပြည့်လျက် ရှိ၏။ တေဇောလည်းပြည့်လျက် ရှိ၏။ ဝါယောလည်း ပြည့်လျက် ရှိ၏။ ပထဝီသည် ဦးခေါင်း

မဟုတ်။ အာပေါ - တေဇော - ဝါယောသည်ဦးခေါင်းမဟုတ်။ ဓာတ်လေးပါးမှ အလွတ်၊ ဦးခေါင်းဟူ၍ အသီးအခြားလည်း မရှိ။

## သိ မှတ် ဆင် ခြင်

အကြင်သူတို့သည် ဓာတ်လေးပါးကို ပိုင်းပိုင်းခြားခြားမသိကြကုန်။ ထို သူတို့သည် ခက်မာမှုစသည်တို့ကို ထိုထိုဓာတ်ဟူ၍ မသိကြကုန်။ ဦးခေါင်းဟူ၍သာ သိကြကုန်၏။ ဦးခေါင်းဟူ၍သာ မှတ်ကြကုန်၏။ ဦးခေါင်းဟူ၍သာ ထင်ကြကုန်၏။ ဦးခေါင်း ဟူ၍သာ မြင်ကြကုန်၏။ ဤသို့ 'ဦးခေါင်း' ဟူ၍ သိမှုသည်ကား၊ စိတ်၏ဖောက်ပြန်မှုတည်း။

ဦးခေါင်းဟူ၍မှတ်မှုသည်ကား၊သညာ၏ဖောက်ပြန်မှုတည်း၊ ဦးခေါင်းဟူ၍ အထင်ကြီးမှုသည်ကား မာန၏ အထင်ကြီးမှုတည်း။ ဦးခေါင်းဟူ၍ မြင်မှုကား၊ ဒိဋ္ဌိ၏ ဖောက်ပြန်မှုဘည်း။

ဓာတ်လေးပါးတို့ကို ဦးခေါင်းဟူ၍ 'သိမှု မှတ်မှု ထင်မှု မြင်မှု' သည် ဓာတ်လေးပါးတို့ကို 'နိစ္စ' ဟူ၍ 'အတ္တ' ဟူ၍ သိမှု မှတ်မှု ထင်မှု မြင်မှုပေတည်း။ ထို့ကြောင့် ထိုအမှုစုသည် အနိစ္စ - အနတ္တ ဖြစ်သော ဓာတ်လေးပါးကို နိစ္စ - အတ္တ ဟူ၍ ဖောက်ပြန်သော သိ မှတ် ထင် မြင်မှု ဖြစ်လေသတည်း။

## မှောက်မှားမှု

ဓာတ်လေးပါးသည် တနာရီအတွင်းမှာပင် အခါတရာမက ချုပ်ပျက်ခြင်းရှိသည့် တရားမျိုး ဖြစ်ခြင်းကြောင့် 'ခဃဋ္ဌေန

အနိစ္စံ၊ အသာရကဋ္ဌေန အနတ္တာ’ ဟူသည်နှင့်အညီ အနိစ္စတရားမျိုး၊ အနတ္တတရားမျိုးသာ အမှန်ဖြစ်၏။

ထိုကြောင့် ခေတ်လေးပါးကို ဦးခေါင်းဟူ၍ သိမှတ် ထင်မြင်မှုသည် အနိစ္စကို နိစ္စ ဟူ၍ အနတ္တကို အတ္တဟူ၍ ဖောက်ပြန်မှောက်မှားမှု ဖြစ်လေသတည်း။

## ကောင်းစွာ ထင်မြင်မှု

ခက်မာမှုသည် ပထဝီခေတ်ပေတည်း။ ဦးခေါင်းမဟုတ်။ ဆံပင်မဟုတ်။ မွေးညှင်းမဟုတ်။ သွားမဟုတ်။ အရေမဟုတ်။ အသားမဟုတ်။ အကြောမဟုတ်။ အရိုးမဟုတ်။ ဦးနှောက်မဟုတ်။

ဖွဲ့စေးမှုသည် ‘ အာပေါခေတ် ’ပေတည်း။

ပူမှု - အေးမှုသည် ‘ ဘေဇောခေတ် ’ပေတည်း။

ထောက်ကန်မှု – လှုပ်ရှားမှုသည် ‘ ဝါယောခေတ် ’ပေတည်း။

သဘောအားဖြင့် ဦးခေါင်းဟူ၍ မရှိ။ ဆံပင် မွေးညှင်း သွား အရေ အသား အကြော အရိုး ဦးနှောက်ဟူ၍ မရှိဟု၊ စိတ်၌ ကောင်းစွာ ထင်မြင်မှုသည် သမ္မာဒိဋ္ဌိတည်း။ ဝါ- ဖြူစင်ဖြောင့်မတ် - ကောင်းမြတ်စင်ကြယ်သော ဉာဏ်အမြင်ပေတည်း။

## မြားတံနှင့်မြားတံချိန်သောလက်

ခေတ်လေးပါးတို့ကို ခြားနားစွာ ထင်မြင်ခြင်း ငှာ- ယုတ္တိနည်းလမ်းတို့ကို ကြံဖန်မှု (သုံးသပ်ဆင်ခြင်မှု) သည် ‘သမ္မာသင်္ကပ္ပ’ မည်၏။ ‘သမ္မာဒိဋ္ဌိ’ သည် မြားနှင့်တူ၏။ သမ္မာသင်္ကပ္ပသည် မြားကို စက်ကွင်း၌ ဖြောင့်မတ်စွာ ဝင်စေခြင်းငှာ၊ ချိန်ရွယ်သော လက်နှင့် တူ၏။ ဤကား - အကျဉ်းအားဖြင့် သမ္မာဒိဋ္ဌိ - သမ္မာသင်္ကပ္ပ ဟူသော ပညာက္ခန္ဓမဂ္ဂင် ၂ - ပါး တို့ကို ထူထောင်ပုံတည်း။

## စွဲမြဲကြရမည်

ဤသို့လျှင် ဦးခေါင်းအင်္ဂါမှစ၍ တကိုယ်လုံး၌ ခေတ်ကြီးလေးပါးနှင့် မြင်မှု - ကြားမှု အစရှိသော ဝိညာဏ်ခေတ်တို့၏ ပွက်ပွက်ဆူသော အိုးတွင်း၌ ရေပွက်ငယ်တို့ကဲ့သို့ ခဏမစဲ ဖြစ်ပေါ်မှု - ပျက်ဆုံးမှု ဥဒယဗ္ဗယအချက် အနိစ္စ လက္ခဏာ - အနတ္တလက္ခဏာ ၂ - ပါးကို ရှုမှု - ကြံဖန်မှုဟူသော ‘ပညာက္ခန္ဓမဂ္ဂင်’ နှစ်ပါး ထူထောင်မိသည်ရှိသော် အဆင့်ဆင့် အထင်အမြင် တိုးပွား၍ သွားစေခြင်းငှာ၊ အသက်ထက်ဆုံး စွဲမြဲကြရမည်။

## လုပ်ငန်းတဖက်-ရှုမှုတဖက်

တောင်သူလယ်ယာလုပ်သော သူတို့မှာ၊ တောင်သူလယ်ယာလုပ်ကိုင်မှုတဖက်၊ ဦးခေါင်းစသော ကိုယ်အင်္ဂါတို့၌ ခေတ်သဘာဝတို့၏ ‘ဥဒယဗ္ဗယ’ ကို ရှုမှုက တဖက်၊ ဤသို့ အလုပ်နှစ်ခု ဖက်တွဲ၍ အားထုတ်ကြရမည်။

## ဘုံစဉ်ခံအဖြစ်သို့

စွဲမြဲဖန်များလတ်သော် ခေတ်အစုတို့၏ ဖြစ်မှု-ပျက်မှုကို အလင်းမြင်သော သမ္မာဒိဋ္ဌိဉာဏ်အမြင်သည်၊တကိုယ်လုံးအလင်း ပေါက်၏။ တကိုယ်လုံး၌ သက္ကာယဒိဋ္ဌိ၏ ပထမ ဘုံကြီး သည် ကွယ်ပျောက်၏။ အနမတဂ္ဂ သံသရာက အ၊ ဥ်အမြဲတည်ထောင်၍ လာခဲ့သော သက္ကာယဒိဋ္ဌိပထမဘုံကြီးသည် ချုပ်ငြိမ်း၏။

တကိုယ်လုံးသည် သမ္မာဒိဋ္ဌိ နိုင်ငံကြီး ဖြစ်၏။ ဒုစရိုက် ဆယ်ပါးတို့သည် အကြွင်းမဲ့ချုပ်ငြိမ်းကုန်၏။ သုစရိုက်ဆယ်ပါး ဘို့သည် အစဉ်အမြဲဘည်ကုန်၏။ အပါယ် သံ သရာ ကြီး သည် အကြွင်းမဲ့ချုပ်ငြိမ်း၏။ လူ့ဘဝ-နတ်ဘဝ-ဗြဟ္မာ့ဘဝ ဟူသော သုဂတိသံသရာသည်သာလျှင် ကျန်ရှိ၏။ ဘုံစဉ်စံ အရိယာ အဖြစ်သို့ ရောက်၏။

## မဂ္ဂင်ရှစ်ဖြာဗုဒ္ဓဝါဒ

ဤကား မဂ္ဂင်ရှစ်ပါးအတွက် ကျေးဇူးရှင်လယ်တီဆရာတော် ဘုရား၏ ဖွင့်ပြချက်နိဂုံးပိုင်း ဖြစ်လေသည်။

သမ္မာဒိဋ္ဌိဉာဏ်အမြင်ပေါက်သဖြင့် ဘုံစဉ်စံအရိယာအဖြစ်သို့ ရောက်ရသည် ဆိုခြင်းမှာ စင်စစ်အားဖြင့်ကား၊ မဂ္ဂင်ရှစ်ဖြာ ( ဗုဒ္ဓဝါဒ ) ကိုကျင့်သုံးအားထုတ်ရခြင်း၏ အကျိုးတရားသက် ရောက်မှု ဖြစ်သည်။

တနည်းအားဖြင့်သော် မဂ္ဂင်ရှစ်ပါး၏ ဂုဏ်ကျေးဇူးပင် ဖြစ် ပေတော့သည်။

ထို့ကြောင့်လည်း 'ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ' ဆိုရာ၌ မဂ္ဂင်ရှစ်ပါး – တရားလမ်းစဉ်ကို ဗုဒ္ဓဝါဒ အဖြစ်ရည်သန်ရွယ်ကိုးကာ ပထမဦးဆုံး သမ္မာဒိဋ္ဌိမဂ္ဂင်မှသည် နောက်ဆုံး သမ္မာသမာဓိမဂ္ဂင်သို့တိုင် အစဉ်အတိုင်း ထုတ်ဖော်ဆိုညွှန်းလာခဲ့ရပေသည်။

သို့ - ဆိုညွှန်းခဲ့ရာ၌ ဓမ္မမိတ်ဆွေများလည်း သိလွယ်လေအောင် တရားတော်နှင့်လည်း ညီညွတ်တည့်ကျလေအောင် ကြိုးပမ်းအားထုတ်ရသည်မှာ သာမန်လုပ်ငန်းမျှ မဟုတ်ပါပေ။

စာရေးဆရာ စာပေသမားဟူသည် ( တနေရာတွင် စပ်လျဉ်းဖော်ပြခဲ့ပြီးအတိုင်း ) ရေးသမျှ ပြောသမျှ တာဝန်ရှိနေပြီး အပေါ်တွင် ဗုဒ္ဓမြတ်စွာဘုရားနှင့် တိုက်ရိုက် ပတ်သက်နေပြန်သောအခါ အထူးသဖြင့် ပိုကဲပြီး တာဝန်ကြီးလေးနေခဲ့ရပေသည်။

ထို့ကြောင့် –

မိမိလက်လှမ်းမှီ စွမ်းနိုင်သည်များ၌ ( ပင်ကိုယ်ဝါသနာအတိုင်း ) ရေးသားသုံးနှုန်းဟန် ရှင်းနိုင်သမျှ ရှင်းလေအောင် ချောမောနိုင်သမျှ ချောမောလေအောင် ကြိုးပမ်းအားထုတ်ခဲ့သလို –

မိမိလက်လှမ်းမမှီ မကျွမ်းကျင် မပိုင်နိုင်သည်များ၌လည်း ကျေးဇူးရှင်ဆရာတော် အရှင်မြတ်များကို အလေးအနက်အားထားမှီခိုခဲ့ရပေသည်။

ယခုကား မဂ္ဂင်ရှစ်ပါးပြည့်စုံခဲ့ပြီ ဖြစ်လေရာ၊ စာရေးသူ၏ ကြိုးပမ်းအားထုတ်မှု အောင်မြင်သင့်သလောက် အောင်မြင်ပြီ

ဆိုရပေလိမ့်မည်။ ဗုဒ္ဓဝါဒဟူသည် အဘယ်သို့ဖြစ်ကြောင်း သိမှတ်ဆင်ခြင်နိုင်ဖွယ်လည်း ဖြစ်ပေသည်။

ဤမဂ္ဂင်ရှစ်ပါး - တရားလမ်းစဉ်နှင့် ပတ်သက်၍ ထပ်မံချဲ့ထွင်ပြီး ဆိုညွှန်းနေရန်ကား လိုအပ်တော့မည် မထင်ပေ။

ကျေးဇူးရှင်ဆရာတော်နှစ်ပါး ဟောကြားဖွင့်ပြတော်မူအပ်သည့်အားလျော်စွာ မဂ္ဂင်ရှစ်ပါး၏ ဂုဏ်ကျေးဇူး၊ မဂ္ဂင်ရှစ်ပါး၏ အခြင်းအရာကို မိမိတို့ အတိုင်းအတာ ပါရမီခွတ်ခံအားလျော်စွာ သိမြင်ဆင်ခြင်နိုင်ကြဖွယ်သာ ဖြစ်ပေသည်။

သိမြင်ဆင်ခြင်နိုင်သလောက် လိုက်နာကျင့်ကြံ ကြိုးပမ်းအားထုတ်ခဲ့လျှင်လည်း လောကကြောင်းရော - ဓမ္မကြောင်းပါ အတိုင်းထက် အလွန် ပိုကဲပြီး ကောင်းမြတ်လှသည်သာ ဖြစ်ပေတော့သည်။

## ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်များ

ဤနေရာ၌ ယခုထုတ်ဖော်ဆိုညွှန်းခဲ့ပြီး 'မဂ္ဂင်ရှစ်ဖြာ - ဗုဒ္ဓဝါဒနှင့်' နှင့် စပ်လျဉ်း၍ ဤစာရေးသူ သတိရ ဆင်ခြင်လာမိသော အကြောင်းတရပ်ကား ရှိ၏။ ထိုအကြောင်းမှာကား ဗုဒ္ဓမြတ်စွာဘုရား၏ ဉာဏ်တော်အမျိုးမျိုးနှင့် ထိုထိုဉာဏ်တော်များ၏ ထူးခြားဆန်းကြယ်မှု၊ ထိုဉာဏ်တော်များ ဖြစ်ထွန်းပေါ်ပေါက်လာရခြင်း အကြောင်းပင် ဖြစ်ပေသည်။

'မဂ္ဂင်ရှစ်ဖြာ - ဗုဒ္ဓဝါဒ' ဆိုရာ၌ ထိုမဂ္ဂင်ရှစ်ပါးကို ထုတ်ဖော်ဟောကြားခြင်းမှအစ၊ အခြား - အခြား များစွာသော

တရားတော်များကို ထုတ်ဖော်ဟောကြားနိုင်စွမ်းသော ဉာဏ်တော်များနှင့်လည်း အနကြောင်း - အကျိုးဆက်စပ်နေပေသည်။

ထိုထိုဉာဏ်တော်များအကြောင်းကို သိရလျှင် ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ပညာသိသဘောမျိုး အလေးအနက် သိမြင်ကြည်ညိုနိုင်ဖွယ်လည်း ဖြစ်ပေသည်။

အပြန်အလှန် အကြောင်းကျိုးဆက်စပ်မှု သဘောအားဖြင့်ကား မဂ္ဂင်ရှစ်ပါးအစရှိသော တရားတော်များကို ဟောကြားနိုင်စွမ်းခြင်းအဖြစ်ကြောင့်လည်း မြတ်စွာဘုရား၏ဉာဏ်တော်ကို အလေးအနက်ချီးကျူးကြည်ညိုရချေသည်။

သို့ - ချီးကျူးကြည်ညိုရခြင်းကြောင့်လည်း ထိုထိုဉာဏ်တော်များအကြောင်းကို အတိအကျ - အပြည့်အစုံ သိနားလည်ချင်ဖွယ်ဖြစ်လာခဲ့ရသည်။ သိထိုက် နားလည်ထိုက်ဖြစ်လာခဲ့ရပေသည်။

ထို့ကြောင့် —

ပုဗ္ဗေနိဝါသာနုဿတိ အစရှိသော ဗုဒ္ဓမြတ်စွာဘုရား၏ ဉာဏ်တော်များအကြောင်းကို မကျဉ်းမကျယ် - အလယ်အလတ်မျှ စပ်လျဉ်းဖော်ပြလိုပေသေးသည်။

## ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်

* မြတ်စွာဘုရားသည် ' အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ

* သဗ္ဗညုတဉာဏ်တော်ကို မရသေးသဖြင့် ဗုဒ္ဓမြတ်စွာဘုရားစင်စစ်အဖြစ်သို့ကား မရောက်သေး။ သို့သော်အချိန်ပိုင်းမျှ ကွာခြားမှုဖြစ်၍ မြတ်စွာဘုရားဟူ၍ပင် သုံးနှုန်းပါသည်။

ပစ္စယာ ဝိညာဏံ’ အစရှိသော ပဋိစ္စသမုပ္ပာဒ်တရားသဘောကို ဆင်ခြင်တော်မူပြီးသည့်နောက် ပထမချောင်းမှသည် စတုတ္ထချောင်း သို့တိုင် ရောက်ရှိဝင်စားနေတော်မူ၏။

ဤသို့ စတုတ္ထနည်းအားဖြင့် ရူပါဝစရ စတုတ္ထချောင်းသို့ ကပ်၍ နေသဖြင့် စိတ်သည် ကောင်းစွာလျှင် တည်ကြည် စင်ကြယ်အပ် သည်ရှိသော် ရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ တတ်သော ဉာဏ်ကို ရစေခြင်းငှာ၊ စိတ်တော်ကို ညွှတ်စေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် တပါးမက များလှစွာသော ရှေးရှေးဘဝမှ ခန္ဓာအစဉ်တို့ကို အမှန်တိုင်း ဆင်ခြင်အောက်မေ့ နိုင်စွမ်းတော်မူ၏။

ဤမည်သော ဘဝ၌ ဤသို့အမည်ရှိ၏။ ဤသို့အနွယ်ရှိ၏။ ဤသို့အဆင်းရှိ၏။ ဤသို့အစာအဟာရရှိ၏ စသည်ဖြင့် ဘဝ ပေါင်း များစွာ၊ အဖြစ်ပေါင်းများစွာတို့ကို ကောင်းစွာသိမြင် ဆင်ခြင်တော်မူမိ၏။

နောက်ဆုံး တုတိတာနတ်ပြည် ‘ သေတကေတု ’ နတ်သား ဘဝမှသည်၊ ‘ သိဒ္ဓတ္ထ ’ မင်းသားအဖြစ်သို့ ရောက်လာသည်ထိ လွန်ခဲ့ပြီး အဖြစ်အပျက်များ အားလုံးကို ပြန်လည်သိမြင်တော် မူခဲ့၏။ ဤသို့ဖြင့်ပင် ရှေးရှေးခန္ဓာအစဉ်ကို သိမြင်တော်မူနိုင် ခြင်းတည်းဟူသော ‘ပုဗ္ဗေနိဝါသာနုဿတိ’ ဉာဏ်တော်ကိုမြတ်စွာ ဘုရားသည် ညဉ့်ဦးယာမ်အချိန်ပိုင်း၌ ကောင်းစွာရရှိတော်မူအပ် ပေ၏။

## ဒိဗ္ဗစက္ခုဉာဏ်တော်

ဤ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရပြီးသော် မြတ်စွာဘုရား (အလောင်းတော်) အား ဤသို့အကြံဖြစ်၏။

"အဘယ်အကြောင်းတရားမရှိသော် အိုခြင်း - သေခြင်း မဖြစ်သနည်း"

"အဘယ်တရား၏ ချုပ်ခြင်းကြောင့် အိုခြင်း - သေခြင်း ချုပ်အပ်သနည်း"

ဤသို့ဖြင့်လျှင် မြတ်စွာဘုရား (အလောင်းတော်) သည် 'အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော' အစရှိသည့် ပဋိစ္စသမုပ္ပါဒ် ပဋိလောမနည်းကို စီးဖြန်းဆင်ခြင်တော်မူပြီးနောက် စိတ်၏တည်ငြိမ် စင်ကြယ်မှုအားလျော်စွာ သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိစွမ်းနိုင်ရန် ရှေးရှုအားထုတ်တော်မူပြန်၏။

ထိုအခါ၌ ဘုရားလောင်းသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏အမြင်ကို လွန်သော နတ်၌ဖြစ်သော မျက်စိဖြင့် စုတေသော သတ္တဝါတို့ကို မြင်တော်မူ၏။ ပဋိသန္ဓေနေသော သတ္တဝါတို့ကို မြင်တော်မူ၏။ ယုတ်ကုန်သော သတ္တဝါ၊ မြတ်ကုန်သော သတ္တဝါတို့ကို သိတော်မူ၏။ အဆင်းလှကုန်သော သတ္တဝါ၊ အဆင်းမလှကုန်သော သတ္တဝါတို့ကိုလည်း အကြား အားဖြင့် သိမြင်တော်မူ၏။

ကောင်းသောလားရာဂတိရှိသူ -- မကောင်းသောလားရာဂတိ

ရှိသူ၊ ကံအားလျော်စွာ လားရကုန်သူ အားလုံးတို့ကိုလည်း သိမြင်တော်မူအပ်ပေ၏။

" အချင်းတို့..၊ ဤသတ္တဝါတို့သည် ကာယဒုစရိုက် သုံးပါးနှင့် ပြည့်စုံကုန်၏။ ဝစီဒုစရိုက် လေးပါးနှင့် ပြည့်စုံကုန်၏။ မနောဒုစရိုက်သုံးပါးတို့နှင့် ပြည့်စုံကုန်၏။ အရိယာ သူတော်ကောင်းတို့ကို စွပ်စွဲကဲ့ရဲ့တတ်ကုန်၏။ မှားသော အယူရှိကုန်၏။ ယုတ်မာသေ ပါဏာတိပါတ်အစရှိသော အမှုကို စွဲလမ်း တတ်ကုန်၏။

" ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်သည်မှ စုတိစိတ် ၏ အထက်၌ မကောင်းသော သူတို့၏ လားရာဖြစ်သော အစုတ်စုဘ် အတွင်းတွင်းကျရာဖြစ်သော ချမ်းသာကင်းသော ငရဲသို့သာလျှင် ဖြစ်ရကုန်၏။ "

" အချင်းတို့...၊ ဤ သတ္တဝါတို့သည် ကာယသုစရိုက် သုံးပါးတို့နှင့် ပြည့်စုံကုန်၏။ ဝစီသုစရိုက်လေးပါးနှင့် ပြည့်စုံကုန်၏။ မနောသုစရိုက်သုံးပါးနှင့်ပြည့်စုံကုန်၏။ ကောင်းသော အယူရှိကုန်၏။ ကာယသုစရိုက်အစရှိသော ကောင်းသောအမှုကို ဆောက်တည်ကုန်၏။ အရိယာ သူတော်ကောင်းတို့အား မစွပ်စွဲ တတ်ကုန်။

" ထိုသတ္တဝါတို့သည် ခန္ဓာကိုယ် ပျက်သည်မှ စုတိစိတ်၏ အထက်၌ ကောင်းသော သူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ လားရကုန်၏။ "

ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ အမြင်ကို

လွန်သော နတ်မျက်စိဖြင့်၊ စုတေသော သတ္တဝါတို့ကို မြင်တော်မူ၏။ ပဋိသန္ဓေနေဆဲဖြစ်သော သတ္တဝါတို့ကို မြင်တော်မူ၏။ ယုတ်ကုန်သော၊ မြတ်ကုန်သော၊ အဆင်းလှကုန်သော၊ မလှကုန်သော၊ ကောင်းသော အလားရှိကုန်သော၊ မကောင်းသော အလားရှိကုန်သော၊ ကံအားလျော်စွာလားရကုန်သော သတ္တဝါ အလုံးစုံတို့ကို သိတော်မူ၏။

ဤသို့ဖြင့်လျှင် မြတ်စွာဘုရား (အလောင်းတော်) သည် နှစ်ခုမြောက်ဖြစ်သော 'ဒိဗ္ဗစက္ခုဉာဏ်' ကို သန်ခေါင်ယံ အချိန်၌ ရအပ်တော်မူပြန်ပေ၏။

## အာသဝက္ခယဉာဏ်တော်

မိုးသောက်ယံ၌ မြတ်စွာဘုရား (အလောင်းတော်) သည် ဥပါဒါန်တရားလေးပါးတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့၌ အဖြစ်အပျက်ကို ရှုတော်မူ၏။

" ရုပ်သည် ဤသို့သဘောရှိ၏။ ရုပ်၏ဖြစ်ခြင်းသည် ဤသို့တည်း။ ရုပ်၏ ချုပ်ခြင်းသည် ဤသို့တည်း။ "

" ဝေဒနာသည် ဤသို့သဘောရှိ၏။ ဝေဒနာ၏ ဖြစ်ခြင်းသည် ဤသို့တည်း။ ဝေဒနာ၏ ချုပ်ခြင်းသည် ဤသို့တည်း။ "

ဤသို့သော ဥပါဒါနက္ခန္ဓာငါးပါးတို့၌ အဖြစ် - အပျက်ကို ရှု၍ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ - ပဋိလုံအားဖြင့် စီးဖြန်းဆင်ခြင်

တော်မူ၏။ ထိုနောက် စတုတ္ထနည်းအားဖြင့် ရူပါဝစရစျာန်လေးပါးသို့ ကပ်၍ နေတော်မူ၏။

ဤသို့ဖြင့် ရူပါဝစရစျာန်သမာဓိအားလျော်စွာ စိတ်သည် ကောင်းစွာတည်ကြည်စင်ကြယ် ငြိမ်သက်ခြင်း ဖြစ်အပ်သည် ရှိသော် အာသဝေါတရားတို့ကို ကုန်စေတတ်သော ဉာဏ်အလို့ငှာ စိတ်ကို ရှေးရှုညွတ်စေ၏။

## ထိုအခါ၌ဘုရားလောင်းသည်

၁။ ဤလောကီစိတ် ကောသိတိ လောဘကြဉ်သော စေတသိက် ကေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ဤအလုံးစုံသည် 'ဒုက္ခသစ္စာ' မည်၏ဟု ထိုးထွင်း၍ သိတော်မူ၏။

၂။ ဤလောကသည်ကား ဒုက္ခ၏ အကြောင်းဖြစ်သော 'သမုဒယသစ္စာ' မည်၏ဟု ထိုးထွင်း၍ သိတော်မူ၏။

၃။ ဤနိဗ္ဗာန်သည်ကား ဒုက္ခ၏ချုပ်ရာဖြစ်သော 'နိရောဓသစ္စာ' မည်၏ဟု ထိုးထွင်း၍ သိတော်မူ၏။

၄။ မဂ်လေးခု၌ ယှဉ်သော 'သမ္မာဒိဋ္ဌိ - သမ္မာသင်္ကပ္ပ - သမ္မာဝါစာ - သမ္မာကမ္မန္တ - သမ္မာအာဇီဝ - သမ္မာဝါယာမ - သမ္မာသတိ - သမ္မာသမာဓိ တည်းဟူသော မဂ္ဂင်ရှစ်ပါးသည် ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာ မည်၏ဟု ထိုးထွင်း၍ သိတော်မူ၏။

တရားကိုယ်အားဖြင့် လောဘ၊ ဒိဋ္ဌိ၊ အဝိဇ္ဇာ ၁ သုံးပါးသည် အာသဝမည်၏ဟု ထိုးထွင်း၍ သိတော်မူ၏။

လောဘသည်အာသဝေါတရားလေးပါးတို့၏ဖြစ်ကြောင်းဟု ထိုးထွင်း၍ သိတော်မူ၏။

နိဗ္ဗာန်သည်ကား အာသဝေါလေးပါးတို့၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော အကျင့်ဟု ထိုးထွင်း၍ သိတော်မူ၏။

## ဘုရားအဖြစ်သို့ရောက်တော်မူခြင်း

ဤသို့သိတော်မူသော၊ဤသို့မြင်တော်မူသော ဘုရားလောင်းအား ကာမာသဝမှ စိတ်သည် လွတ်၏ဟု အဟုတ်အဟုတ် ထိုးထွင်း၍ သိတော်မူ၏။ ဘဝါသဝမှ စိတ်သည် လွတ်၏။ ဒိဋ္ဌာသဝမှ စိတ်သည် လွတ်၏။ အဝိဇ္ဇာသဝမှ စိတ်သည် လွတ်၏။

သို့လျှင် အာသဝေါတရားလေးပါးမှ လွတ်ပြီးသောအခါ၌ 'ငါသည်အာသဝေါတရားလေးပါးတို့မှ လွတ်ပြီးသည်ဖြစ်၏'ဟု အသိဉာဏ် ဖြစ်တော်မူ၏။

"ငါ့အား ပဋိသန္ဓေနေခြင်းသည် - ကုန်ပြီ။ မဂ်တည်း ဟူသောအကျင့်ကို ငါသည် သုံးအပ်ပြီ။ ပြုအပ်သော မဂ်ကိစ္စကို ပြုအပ်ပြီ။ တပါးသော မဂ်ကိစ္စကို ပြုဘွယ်အလို့ငှာ မရှိပြီ" ဟု ထိုးထွင်း၍ သိတော်မူ၏။

ဤသို့လျှင် ဆိုအပ်ပြီးသော နည်းအားဖြင့် အာသဝေါတရားတို့၏ ကုန်ခြင်းကို ပြုတတ်သော 'အာသဝက္ခယ' ဉာဏ်ကို နေ အရုဏ်တက်လုဆဲဆဲ - အရုဏ်မတက်မီ ရှေ့အဖို့၌ ရတော်မူ

သဖြင့် 'သစ္စာလေးပါး' တရားတို့ကို မဖောက်မပြန် မိမိအလိုလို ကိုယ်တော်တိုင် ကောင်းစွာ သိတော်မူတတ်သော 'ဘုရား' အဖြစ်သို့ ရောက်တော်မူ၏။

## ဘုရားရှင်တို့၏ဂုဏ်အင်္ဂါများ
## အာသဝက္ခယဉာဏ်ကို ရတော်မူသည်နှင့် တပြိုင်နက် တချက်တည်း

သဗ္ဗညုတဉာဏ်၊ မဟာဝဇီရဉာဏ်၊ ကရုဏာသမာပတ္တိဉာဏ်၊ ဝိဇ္ဇာပဋိသမ္ဘိဒါဉာဏ်၊ ဝေသာရဇ္ဇဉာဏ်၊ ဆအသာဓာရဏဉာဏ်၊ အဘိညာဉ်ခြောက်ပါး၊ ဒသဗလဉာဏ်၊ နဝဂုဏ်ကိုးပါး၊ အစိန္တေယျလေးပါး၊ ဥဒ္ဒသဗုဒ္ဓဉာဏ်၊ အဋ္ဌာရသဗုဒ္ဓဓမ္မဉာဏ်၊ စတုစတ္တာလီသဉာဏ်၊ ပညာသုဒယဗ္ဗယဉာဏ်၊ တေသတ္တိဉာဏ်၊ သတ္တသတ္တတိဉာဏ်၊ သုံးဆယ့် နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ဗျာမတာ အပြားသုံးဆယ် - ခြောက်သွယ်သောရောင်ခြည်တော်....

ဤသို့အစရှိသော ဘုရားရှင် - ကျေးဇူးတော်၊ ဂုဏ်တော်အပေါင်းတို့သည် အရဟတ်မဂ်မိ ဘုရားအဖြစ်သို့ ရောက်တော်မူသည်နှင့် တပြိုင်နက် - တချက်တည်း ပြည့်စုံတော်မူအပ်ပေ၏။

**အကျဉ်းချုပ်မှတ်ချက်။** အရှင်ဂေါတမ မြတ်စွာဘုရားသည် ဘိုးတော် အဥ္စနမင်းကြီးနှင့် အရှင်ဒေဝီလရသေ့တို့ တိုင်ပင်၍

ဖြိုထ ားအင်သော ကောဇာသက္ကရာဇ် ၁၀၃ – ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညဉ့် မိုးသောက်ယံ အရုဏ်မတက်မီ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

## တထာဂတ–ဥဒါန ဒီပနီအလို

ဤ ဗုဒ္ဓမြတ်စွာဘုရား၏ ဉာဏ်တော်များနှင့် ပတ်သက်၍ ကျေးဇူးရှင်-ဒိုင်ယင်းဆရာတော် ဘုရားကြီးသည် 'တထာဂတ ဥဒါန ဒီပနီတွင် 'ဒသဗလ' ဉာဏ်တော် ဆယ်ပါးအထိ ဖွင့်ပြထားတော်မူသည်။

ပထမဦးစွာ အလောင်းတော်ဘဝမှသည် ဗုဒ္ဓမြတ်စွာဘုရား ဖြစ်မြောက်တော်မူသည့်တိုင် အစဉ်အတိုင်း ပြလာခဲ့ပြီးနောက် ထိုမြတ်စွာဘုရားသခင်၏ ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု အစရှိသော ဉာဏ်တော်များအကြောင်းကို ဆက်လက်ဖော်ပြပြန်သည်။

ဤသို့ဖော်ပြထားခြင်းမှာ

(က) မြတ်စွာဘုရားအဖြစ်ရောက်ရှိရန်အတွက် အလောင်းတော်ဘဝတွင် အမျိုးမျိုး-အဖုံဖုံ ဖြည့်ကျင့်ဆည်းပူးလာခဲ့ရသော ပါရမီတော်များ။

(ခ) ထိုပါရမီတော်များ အားလျော်စွာ မြတ်စွာဘုရား အဖြစ်သို့ ဆိုက်ရောက်တော်မူခဲ့ရပုံ။

(ဂ) မြတ်စွာဘုရားအဖြစ်သို့ဆိုက်ရောက်တော်မူခြင်းဖြင့် ရရှိသိမြင် ပြည့်စုံတော်မူအပ်သော ဉာဏ်တော်များ

ဟူ၍ တခုနှင့်တခု ကြောင်းကျိုး ဆက်စပ်နေပေသည်။

## တရားတော်များနှင့် ဉာဏ်တော်

ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာတွင်လည်း ဤသဘောမျိုးကဲ့သို့ပင် မြတ်စွာဘုရားဟောကြားတော်မူအပ်သော 'မဂ္ဂင်ရှစ်ပါး' တရားတော်များနှင့် ဉာဏ်တော် အသီးသီး ဆက်စပ် နေပုံကို သိသာနိုင်ခြင်းငှာ 'ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်'မှစ၍ အထူးတလည် ထုတ်ဖော်ဆိုညွှန်းရခြင်း ဖြစ်သည်။

ယခုတဖန် 'သဗ္ဗညုတဉာဏ်တော်'၏ အခြင်းအရာကို ဆက်လက်ဖော်ပြလိုပေသည်။

## သဗ္ဗညုတဉာဏ်တော်

သဗ္ဗညုတဉာဏ်ဟူသည်ကား - အဆုံးမရှိသော လောကဓာတ်တို့၌ အဆုံးမရှိသော သတ္တဝါ သင်္ခါရ တရားလျှင် အာရုံရှိသော သဟိတ်ကာမာဝစရကြိယာ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်နှင့်သော်၎င်း၊ သဟိတ်ကာမာဝစရကြိယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်နှင့်သော်၎င်း ယှဉ်သော မြတ်စွာဘုရား အဇ္ဈတ္တသန္တာန်၌ ဖြစ်သောဉာဏ်သည် သဗ္ဗညုတဉာဏ်မည်၏။

ထိုအကြောင်းကို ဤသို့အဋ္ဌကထာတို့၌ လာသော ပါဠိအဓိပ္ပာယ်ဖြင့် သိအပ်၏။

## သင်္ခတ - အသင်္ခတ, တရား

၁။ အလုံးစုံသော သင်္ခတ, အသင်္ခတ တရားတို့ကို အကြွင်းမရှိ သိဘတ်သော ဉာဏ်သည် သဗ္ဗညုတဉာဏ်မည်၏။ ထိုသို့ သိခြင်း၌ ပိတ်ပင်ခြင်းမရှိသော ဉာဏ်သည် အနာဝရဏဉာဏ်မည်၏။ စက္ခုသည်၎င်း၊ ရူပါရုံသည်၎င်း ဤအလုံးစုံသည်ရှိ၏။ ထို အလုံးစုံကို၎င်း၊ ဃာနကို၎င်း၊ ဂန္ဓာရုံကို၎င်း၊ ဇိဝှာကို၎င်း၊ ရသာရုံကို၎င်း၊ ကာယကို၎င်း၊ ဖောဋ္ဌဗ္ဗာရုံကို၎င်း၊ မနကို၎င်း၊ ဓမ္မာရုံတို့ကို၎င်း၊ ဤအလုံးစုံကို သိတတ်သော ဉာဏ်သည် သဗ္ဗညုတဉာဏ်မည်၏။ ထိုသိခြင်း၌ ပိတ်ပင်ခြင်း မရှိသော ကြောင့် အနာဝရဏဉာဏ်မည်၏။

## အနိစ္စ - ဒုက္ခ - အနတ္တ သဘော

၂။ ရုပ်၏အနိစ္စ၊ အမြဲမရှိသော သဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို၎င်း၊ ဝေဒနာ - သညာ - သင်္ခါရ - ဝိညာဉ် တို့၏ အနိစ္စသဘော - ဒုက္ခသဘော - အနတ္တသဘောကို၎င်း၊ ထို အလုံးစုံကို သိဘတ်သောကြောင့် သဗ္ဗညုတဉာဏ်မည်၏။ ထိုသို့သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့်လည်း အနာဝရဏ ဉာဏ်မည်၏။

## အမြဲမရှိသောသဘော

၃။ အကြင်မျှလောက်စက္ခု၏ အမြဲမရှိသော သဘောသည် ရှိ၏။ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန တို့၏ အမြဲမရှိသော သဘောသည် ရှိ၏။ ဇရာ - မရဏ၏ အမြဲမရှိသော သဘောသည်

ရှိ၏။ ထိုမျှလောက် အလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ်မည်၏ ထိုသို့သိခြင်း၌ ပိတ်ပင်ခြင်း မရှိသော ကြောင့် အနာဝရဏဉာဏ်မည်၏။

## သိအပ်-ပိုင်းခြားအပ်-ပယ်အပ်သောတရား

၄။ အကြင်မျှလောက် သိအပ်သောတရား၏ သိအပ်သော အနက်၊ အကြင်မျှလောက် ပိုင်းခြားအပ်သောတရား၏ ပိုင်းခြားအပ်သောအနက်၊ အကြင်မျှလောက် ပယ်အပ်သော တရား၏ ပယ်အပ်သောအနက်၊ အကြင်မျှလောက် ပွားစေအပ် သော မဂ္ဂသစ္စာ၏ ပွားစေအပ်သောအနက်၊ အကြင်မျှလောက် မျက်မှောက်ပြုအပ်သော နိရောဓသစ္စာ၏ မျက် မှောက် ပြု အပ် သော အနက်သည် ရှိ၏။ ထိုအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ်မည်၏။ ထိုသို့သိခြင်း၌ ပိတ်ပင်ခြင်း မရှိသော ကြောင့် အနာဝရဏဉာဏ်မည်၏။

## ခန္ဓာအာယတနတို့၏အနက်

၅။ အကြင်မျှလောက်ခန္ဓာတို့၏အစုဟူသော အနက်သည် ရှိ၏။ ဓာတ်တို့၏ သဘောကို ဆောင်တတ်သော အနက်သည် ရှိ၏။ အာယတနတို့၏ သံသရာဝဋ်ကို ရှည်စွာ ဖြစ်စေတတ်သော အနက်သည် ရှိ၏။ သင်္ခတ တရားဟုဆိုအပ်သော ရုပ် နာမ်တို့၏ ပြုပြင်အပ်သော အနက်သည် အကြင်မျှလောက် အသင်္ခတ တရားဟု ဆိုအပ်သော နိဗ္ဗာန်၏ မပြုမပြင်အပ်သော အနက် သည် ရှိ၏။ ထို အလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ်

မည်၏။ထိုသို့သိခြင်း၌ ပိတ်ပင်ခြင်းမရှိသောကြောင့် အနာဝရဏ ဉာဏ်မည်၏။

## သံသရာဝဋ်၌ အကြုံးဝင်သောတရား

၆။ အကြင်မျှလောက် ကုန်သော ကုသိုလ်-အကုသိုလ် အဗျာကတ တရား၊ ရူပါဝစရတရား၊ အရူပါဝစရ တရား၊ သံသရာဝဋ်၌ အကြုံးဝင်သော တရားတို့သည် ရှိကုန်၏။ ထို အလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ်မည်၏။ ထိုသို့ သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏ ဉာဏ် မည်၏။

## သစ္စာလေးပါး၏အနက်

၇။ အကြင်မျှလောက် ဒုက္ခသစ္စာ၏ ဒုက္ခအနက်၊ သမုဒယ သစ္စာ၏ သမုဒယအနက်၊ နိရောဓသစ္စာ၏ နိရောဓ အနက်၊ မဂ္ဂသစ္စာ၏ မဂ္ဂအနက်သည် ရှိ၏။ ထို အလုံးစုံကို သိတတ်သော ကြောင့် သဗ္ဗညုတဉာဏ်မည်၏။ ထိုသို့ သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ်မည်၏။

## ပဋိသမ္ဘိဒါလေးပါး

၈။ အကြင်မျှသော အတ္ထပဋိသမ္ဘိဒါ၌၊ ဓမ္မပဋိသမ္ဘိဒါ၌၊ နိရုတ္တိပဋိသမ္ဘိဒါ၌၊ ပဋိဘာနပဋိသမ္ဘိဒါ၌ ဉာဏ်သည် ရှိ၏။ အကြင်မျှလောက် ခပ်သိမ်းသော ဝေနေယျတို့အား သဒ္ဓါအစ ရှိသော ဣန္ဒြေရင့်သည် - မရင့်သည်ကို ပိုင်းခြားခြင်း၌ ဉာဏ်

သည် ရှိ၏။ ထိုအသုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတ ဉာဏ်မည်၏။ ထိုသို့သိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

## သတ္တဝါတို့၏ အလိုဆန္ဒ

၉။ အကြင်မျှလောက် သတ္တဝါတို့၏ အလိုဖြစ်ခြင်း၌ ( သတ္တဝါတို့၌ ဖြစ်ပေါ်အပ်သော အလိုဆန္ဒ ) သိတတ်သော ဉာဏ်သည် ရှိ၏။ အစုံ-အစုံသော ပြာဋိဟာ ပြုခြင်း၌ ဉာဏ်သည် ရှိ၏။ ထိုအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတ ဉာဏ်မည်၏။ ထိုသိခြင်း၌ ပိတ်ပင်ခြင်း မရှိသောကြောင့် အနာဝရဏဉာဏ်မည်၏။

## လောက အခြင်းအရာ

၁၀။ အကြင်မျှလောက် နတ်နှင့်တကွသော လောက၏ မြင်ခြင်း၊ ကြားခြင်း၊ တွေ့ဆခြင်း၊ သိခြင်း၊ ရောက်ခြင်း၊ ရှာမှီးခြင်းသည်ရှိ၏။ မာရ်နှင့်တကွသော လောက၏၊ ဗြဟ္မာနှင့်တကွသော လောက၏၊ ရဟန်း-ပုဏ္ဏားနှင့်တကွ ဖြစ်သော သတ္တဝါတို့၏ မြင်ခြင်း၊ ကြားခြင်း၊ တွေ့ဆခြင်း၊ သိခြင်း၊ ရောက်ခြင်း၊ ရှာမှီခြင်း၊ နှလုံးဖြင့် လေ့ကျက်ခြင်းသည်ရှိ၏။

ထိုအလုံးစုံကိုသိတတ်သောကြောင့် သဗ္ဗညုတဉာဏ်မည်၏။ ထိုသိခြင်း၌ ပိတ်ပင်ခြင်းမရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

## သမန္တစက္ခု

၁၁။ ထိုသဗ္ဗညုတဉာဏ်အား တစုံတခုကို မမြင်ခြင်းမည်သည်မရှိ။ မသိအပ်သော တရားမည်သည် မရှိ။ အကြင်သိအပ်သော တရားသည် ရှိ၏။ ထိုအလုံးစုံကို သိတတ်၏။ ထို့ကြောင့် မြတ်စွာဘုရားကို ' သမန္တစက္ခု ' ဟူ၍ ဆိုအပ်၏။ ပိတ်ပင်ခြင်း မရှိသော အနက်ကြောင့်လည်း သမန္တစက္ခု မည်၏။

## ဗုဒ္ဓဉာဏ်တဆယ်လေးပါး

၁၂။ တဆယ့်လေးပါးကုန်သော ဗုဒ္ဓဉာဏ်တို့သည် ရှိကုန်၏။ တဆယ့်လေးပါးဟူသော်ကား ဒုက္ခသစ္စာ၌ ဉာဏ်သည် ဗုဒ္ဓဉာဏ်မည်၏။ သမုဒယသစ္စာ၌ နိရောဓသစ္စာ၌ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော မဂ္ဂသစ္စာ၌ ဉာဏ်သည် ဗုဒ္ဓဉာဏ်မည်၏။

အတ္ထပဋိသမ္ဘိဒါ၌ ဉာဏ်သည်၊ ဓမ္မပဋိသမ္ဘိဒါ၌ ဉာဏ်သည်၊ နိရုတ္တိပဋိသမ္ဘိဒါ၌ ဉာဏ်သည်၊ ပဋိဘာနပဋိသမ္ဘိဒါ၌ဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။

ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသယာနုသယဉာဏ်၊ ယမကပါဋိဟိရဉာဏ်၊ မဟာကရုဏာသမာပတ္တိဉာဏ်၊ သဗ္ဗညုတဉာဏ်၊ အနာဝရဏဉာဏ်သည် ဗုဒ္ဓဉာဏ်မည်၏။ ဤသို့လျှင် တဆယ့်လေးပါတည်း။

ထိုတဆယ့်လေးပါးတို့တွင် အစမှ ရှစ်ပါးသော ဉာဏ်တို့သည်၊ သာဝကတို့နှင့် ဆက်ဆံကုန်၏။ နောက် - ဉာဏ်ခြောက်

ပါးတို့သည်ကား သာဝကတို့နှင့် မဆက်ဆံကုန်။ ဤ အလုံး စုံ သော ဗုဒ္ဓဉာဏ်တို့သည်လည်း မြတ်စွာဘုရားအား သဗ္ဗညုတ ဉာဏ်တော်မည်၏။ ထို သဗ္ဗညုဉာဏ်နှင့် တူသော ဖြစ်ခြင်းရှိ သောကြောင့်၊ သဗ္ဗညုတဉာဏ်နှင့်တကွ အနာဝရဏဉာဏ်သည် ပြီး၏။

## အနာဝရဏဉာဏ်

ခမ္မတာအားဖြင့် အနာဝရဏဉာဏ်ဟုသီးခြားမရှိ။တခုသော ဉာဏ်ကိုသာလျှင် (တခုသော ဉာဏ်သည်ပင်လျှင်) အလုံးစုံကို သိတတ်သော အခြင်းအရာ၊ ပိတ်ပင်ခြင်းမရှိ။ သိ တ တ် သေ ာ အခြင်းအရာ၊ ဤသို့နှစ်ပါးသောအခြင်းအရာ၏အပြားအားဖြင့် သဗ္ဗညုတဉာဏ် - အနာဝရဏဉာဏ်ဟူ၍ နှစ် ပါး အ မည် ဖြင့် ဆိုအပ်၏။

## အာသဝေါတရားတို့၏ကုန်ခြင်း

ဤ သဗ္ဗညုတဉာဏ်တော်၏အကြောင်းကား၊ အာသဝေါ တရားတို့၏ ကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ်နှင့်ယှဉ်သော ဉာဏ်တည်း။

ထို့ကြောင့်—

သဗ္ဗညုံတဉာဏံ အရဟတ္တမဂ္ဂ ဉာဏံ ပဒဋ္ဌာနံ

သဗ္ဗညုတဉာဏ်သည် အရဟတ္တမဂ်လျှင် နီး စွ ာ သေ ာ အကြောင်းရှိ၏။

အရဟတ္တမဂ်ဉာဏ်သည် သစ္စာလေးပါးကို ဖုံးလွှမ်းတတ်သော၊ မောဟအစရှိသော ဝါသနာနှင့်တကွဖြစ်သော ကိလေသာကို ပယ်၍ သစ္စာလေးပါးတရားကို ထင်ရှားသိစေ၏။ အလုံးစုံသော ဉေယျတရားအပေါင်းတို့၌ အရဟတ္တမဂ်ဉာဏ်ကို ရသည်နှင့်တပြိုင်နက် အလင်းကို ပြု၏။ သဗ္ဗညုတဉာဏ် အစရှိသော ဘုရားကျေးဇူး အပေါင်းကိုလည်း မြတ်စွာဘုရားအား ရစေ၏။ ဘုရားဟူသော အမည်ကိုလည်း ပြု၏။

ထို့ကြောင့် ကျမ်းဂန်တို့၌—

'ဗုဒ္ဓေါတိ‌စေတံ နာမံ န မာတရာကတံ၊ နပိတရာ ကတံ၊ န ဘာတရာ ကတံ' စသည်ဖြင့်—

ဘုရားဟူသော ဤအမည်ကို မဟာမာယာမယ်တော်သည် မပြုအပ်၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မပြုအပ်၊ အစ်ကိုသည်လည်း မပြုအပ်၊ နှမသည်လည်း မပြုအပ်၊ အဆွေခင်ပွန်းတို့သည်လည်း မပြုအပ်၊ ရဟန်း-ပုဏ္ဏားတို့သည်လည်း မပြုအပ်၊ နတ်တို့သည်လည်း မပြုအပ်။

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံကုန်သောဘုရားရှင်တို့အား ဗောဓိပင်၏ အရင်း၌ သဗ္ဗညုဉာဏ်ကို ရသည်နှင့် မျက်မှောက်ပြုအပ်သော အကြောင်း ဘုရားဟူသော အမည်ပညတ်သည် ရှိ၏။ ဤ ဗုဒ္ဓဟူသော အမည်ကို အရဟတ္တမဂ်ဉာဏ်သည် ပြုအပ်၏။ ဟူ၍လာရှိသည်။

သဗ္ဗညုတဉာဏ်ဟူသည်ကား၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ထွန်းလင်းစေပြီးသော ဉေယျတရား အလုံးစုံကို သိ၏။ သဗ္ဗညုတ

ဉာဏ်ကို ရသဖြင့် သမ္မာသမ္ဗုဒ္ဓဟူသော အမည်နာမပညတ်သည် ဖြစ်၏။

## မဟာကရုဏာသမာပတ္တိ-မဟာဝဇိရ-ပဋိသမ္ဘိဒါ ဉာဏ်တော်သုံးပါး

မဟာကရုဏာသမာပတ္တိဉာဏ်ဟူသည်ကား၊ ကာမာဝစရ သောဘနကြိယာသောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်နှင့် ယှဉ်သော ဉာဏ်တော်တည်း။ ဤမဟာကရုဏာသမာပတ္တိဉာဏ်သည် များစွာကုန်သော အခြင်းအရာတို့ဖြင့် မြင်ကုန်သော မြတ်စွာဘုရားတို့အား သတ္တဝါတို့အား များမြတ်သော သနားခြင်းသည် သက်၏။ အဘယ်ကဲ့သို့ သက်သနည်း ဟူမူကား—

လောကအပေါင်းသည် မီးတဆယ့်တပါးတို့ဖြင့် ပြောင်ပြောင်လောင်၏ဟူ၍ရှင်း၊ လောကအပေါင်းသည် မကောင်းသဖြင့် ယှဉ်အပ်၏ဟူ၍ရှင်း၊ လောကအပေါင်းသည် အများအားဖြင့်ဖြစ်၏ဟူ၍ရှင်း၊ လောကအပေါင်းသည် မကောင်းသော ခရီး၌ သွား၏ဟူ၍ရှင်း၊ လောကကို ကပ်၍ ဆောင်အပ်၏ ဟူ၍ရှင်း၊ လောကသည် ကိုးကွယ်ရာမရှိ။ အလွန်သက်၏ ဟူ၍ရှင်း၊ လောကသည် အလုံးစုံကို စွန့်၍ သွားရအံ့ဟူ၍ရှင်း၊ လောကသည် မာန်တက်၏။ ရောင့်ရဲခြင်းမရှိ။ တဏှာ၏ကျွန် တည်းဟူ၍ရှင်း၊ လောကသည် ကိုးကွယ်ရာမရှိ၊ ပုန်းအောင်းရာ မရှိ၊ ဆည်းကပ်လည်းလျောင်းရာမရှိ၊ လောကသည် ပျံ့လွင့်၏၊ ငြိမ်သက်ခြင်းမရှိဟူ၍ရှင်း မြင်ကုန်သော မြတ်စွာဘုရားတို့အား

( မြတ်စွာဘုရားတို့သည် ) သတ္တဝါတို့အား သနားခြင်းကရုဏာသက်၏။ ( သက်တော်မူကြကုန်၏ )။

ထိုမှတပါး—

လောကအပေါင်းသည် တဏှာဟူသော ဆူးငြောင့်နှင့် တကွဖြစ်၏။ များစွာသော ငြောင့်တို့ဖြင့် စူး၏။ ငါမှတပါးသော ငြောင့်တို့ကို ထုတ်တတ်သော တစုံတယောက်သောသူသည် မရှိ။

လောက အပေါင်းသည် အဝိဇ္ဇာတည် ဟူသော အမိုက်ဖြင့် ပိတ်ပင်၏။ ကိလေသာတည်းဟူသော ချိုင့်၌ လှောင်အပ်၏။ ငါမှတပါး - ထိုလောကအား အလင်းကို ပြတတ်သော တစုံတယောက်သော သူသည် မရှိ။

လောကအပေါင်းသည် အဝိဇ္ဇာကြောင့် ဖြစ်၏။ အမိုက်သဖွယ်ဖြစ်၏။ ထက်ဝန်းကျင်မှ မြေးရစ်၏။ ယက်ကန်းချည်မြင်ထွေးရှုပ်သကဲ့သို့ ဖြစ်၏။ နှောင့်ယှက်သော အထုံးသဖွယ်ဖြစ်၏။ ဖြူဆန်မြက် - သမန်းမြက်သဖွယ်ဖြစ်၏။ မကောင်းသော သူတို့၏ လားရာဖြစ်သော ဖရိုဖရဲပျက်စီးသော ခြေလက် အင်္ဂါကြီးငယ်ရှိသည်ဖြစ်၍ ကျရာဖြစ်သော အပါယ်လေးပါးဟု ဆိုအပ်သော သံသရာကို မလွန်နိုင်ဟူ၍ မြင်ကုန်သော မြတ်စွာဘုရားတို့သည် သတ္တဝါတို့အား သနားခြင်း ကရုဏာ သက်တော်မူကြကုန်၏။

ထိုမှတပါး —

လောကအပေါင်းသည် အဝိဇ္ဇာဖြင့် ပွဲ၏။ ငြောင့် တံ ကျင်သဖွယ်ဖြစ်၏။ ကိလေသာတည်းဟူသော ငြောင့်သဖွယ်ဖြစ်၏။

ရာဂ၊ ဒေါသ၊ မောဟ တည်းဟူသော အထုံး - အဖွဲ့ဖြင့် ထုံးဖွဲ့၏။ ငါမှ တပါးသော အထုံး - အဖွဲ့ကို ဖြေတတ်သော တစုံတယောက်သောသူသည် မရှိဟူ၍ မြင်ကုန်သော မြတ်စွာဘုရားတို့သည် သတ္တဝါတို့အား သနားခြင်းကရုဏာ သက်တော်မူကြကုန်၏။

ထို မှတပါး—

လောကအပေါင်းသည် ကြီးစွာသော သံသရာ၌ ကျင်လည်၏။ ထို သံသရာ၌ ကျင်လည်အံ့သော လောကကို ငါမှတပါး လွတ်စေတတ်သောသူသည်မရှိ။ လောကအပေါင်းသည် ကြီးစွာသော ခရီးခဲ၌ ( ပင်ပန်းဆင်းရဲစွာသော ခရီးကြမ်း၌ ) တပြောင်းပြန်ပြန်လည်၏။ ငါမှတပါး လောကကို ထို ခရီးခဲမှ ထုတ်တတ်သော သူသည်မရှိ။

လောကအပေါင်းသည် ( ကို ) သေခြင်းဖြင့် နှိပ်စက်၏။ ရာဂ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တည်းဟူသော မီးတို့ဖြင့် ပြောင်ပြောင်တောက်၏။ ငါမှတပါး ထို မီးကို ငြိမ်းစေတတ်သော တပါးသောသူသည် မရှိဟူ၍ မြင်ကုန်သော မြတ်စွာဘုရားတို့ သည် လောက၌ရှိ သတ္တဝါအပေါင်းတို့အား သနားကရုဏာသက်တော်မူကြကုန်၏။

ဤကဲ့သို့ - သတ္တဝါအပေါင်းတို့အား သနားကရုဏာသက်ရောက်တော်မူအပ်သောကြောင့်ပင် —

## ဤလောက

ငါသည်ကား၊ သံသရာမှ ကူးမြောက်ပြီ၊ လောကသည် မကူးမြောက်သေး။ ငါသည်ကား၊ သံသရာမှလွတ်ပြီ။ လောကသည် -မလွတ်သေး။ ငါသည်ကား သစ္စာလေးပါးတို့ကိုသိပြီ။ လောကသည်မသိသေး။ ငါသည်ကား၊ ယဉ်ကျေးပြီ။ လောကသည် မယဉ်ကျေးသေး။ ငါသည်ကား ကိလေသာမှ ငြိမ်းသော စိတ် ရှိပြီ။ လောကသည် ကိလေသာမှ မငြိမ်းသေး။

သံသရာမှ လွတ်ပြီးသော ငါသည် လောကကို လွတ်စိမ့်သော ငှာ စွမ်းနိုင်၏။ ယဉ်ကျေးပြီးသော ငါသည် လောကကို ယဉ်ကျေးစိမ့်သောငှာ စွမ်းနိုင်၏။ သက်သာရာရပြီးသော ငါသည် လောကကို သက်သာရာရစိမ့်သောငှာ စွမ်းနိုင်၏။ ထက်ဝန်းကျင်မှ ငြိမ်းပြီးသော ငါသည် လောကကို ထက်ဝန်း ကျင်မှ ငြိမ်းစိမ့်သောငှာ စွမ်းနိုင်၏။

ထိုသို့မြင်ကုန်သော မြတ်စွာဘုရားတို့အား သတ္တဝါတို့၌ များမြတ်သော ကရုဏာတော်သည် သက်၏။ ဤသည်လျှင် **မဟာကရုဏာသမာပတ္တိဉာဏ်တော်တည်း။**

## မဟာဝဇိရဉာဏ်

မဟာဝဇိရဉာဏ် ဟူသည်ကား၊ မြတ်စွာဘုရားသည် နေ့တိုင်း - နေ့တိုင်းနံနက်အခါ၌၎င်း၊ ညချမ်းအခါ၌၎င်း။ ကုဋေ တသန်းနှစ်သိန်းသော မဟာကရုဏာသမာပတ်ကို ဝင်စားတော်

မူ၏။ ထိုမျှလောက်သာလျှင်ဖြစ်သော (ဆိုသည်နှင့် အညီအမျှဖြစ်သော) ဖလသမာပတ်ကို ဝင်စားတော်မူ၏။

ဤသို့လျှင် နံနက် မဟာ က ရုဏာ သ မာ ပတ်၊ ည မဟာကရုဏာသမာပတ်၊ နံနက် ဖလသမာပတ်ကို ပေါင်း၍ တနေ့-တနေ့၌ ကုဋေနှစ်သန်းလေးသိန်းသော သမာပတ်တို့ကို ဝင်စားတော်မူ၏။ ဤ သမာပတ်တို့၌ ဖြစ်သော ဉာဏ်သည် **မဟာဝဇိရဉာဏ်တော်မည်၏။**

**ဝိဇ္ဇာသုံးပါး**ဟူသော်ကား၊ ပုဗ္ဗေ နိ ဝါ သာ နုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်ဟူ၍သုံးပါးတည်း။ ထိုဝိဇ္ဇာသုံးပါးတို့၏ သရုပ်ကို 'ပထမ ယာမ်၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူ၏။ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၏။ မိုးသောက်ယာမ်၌ အာသဝက္ခယဉာဏ်ကို ရတော်မူ၏' ဟူသော ပြဆိုခဲ့ပြီးနည်းဖြင့် သိအပ်၏။

## ပဋိသမ္ဘိဒါဉာဏ်

ပဋိသမ္ဘိဒါဉာဏ်လေးပါးသော်ကား၊ အတ္ထပဋိသမ္ဘိဒါဉာဏ်၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ဟူ၍ လေးပါးတည်း။ ထို လေးပါးတို့တွင်—

၁။ ခပ်သိမ်းကုန်သော ပစ္စုပ္ပန်တရားသည်၎င်း၊ ဝိပါက်ဆတ္တိံသသည်၎င်း၊ ကြိယာဝိသသည်၎င်း၊ နိဗ္ဗာန်သည်၎င်း၊ ပါဠိတော်၏ အနက်သည်၎င်း၊ ဤ ငါးပါးကို

ခွဲခြမ်း၍သိသောဉာဏ်သည်၊ **အတ္ထပဋိသမ္ဘိဒါဉာဏ်**မည်၏။

၂။ အကျိုးကို ဖြစ်စေတတ်သော အကြောင်းဟု ဆိုအပ်သော အရိယမဂ်လေးပါးသည်၎င်း၊ လောကီကုသိုလ်-အကုသိုလ်သည်၎င်း၊ ဤငါးပါးတို့ကို ခွဲခြမ်း၍သိသော ဉာဏ်သည် **ဓမ္မပဋိသမ္ဘိဒါဉာဏ်**မည်၏။

၃။ ထို အကျိုး ငါးပါး၌၎င်း၊ အကြောင်း ငါးပါး၌၎င်း၊ အကြွင်းသဘောကို အသိး ထုတ် ခြင်း သည် ရှိ၏။ ထိုသဘောကို **အသိးထုတ်ခြင်း** ( သီးခြားဝေဖန်ပိုင်းခြားခြင်း ) ၌ ခွဲခြမ်း၍ သိတတ်သော ဉာဏ်သည် **နိရုတ္တိပဋိသမ္ဘိဒါဉာဏ်**မည်၏။

၄။ ထို ပဋိသမ္ဘိဒါသုံးပါးတို့၌ဖြစ်သောဉာဏ်ကို အာရုံပြု၍ သုံးပါးအပြားရှိသော ပဋိသမ္ဘိဒါဉာဏ်ကို ဆောင်ခြင်းသော ပုဂ္ဂိုလ်အား ထိုဉာဏ်တို့၌ ခွဲခြမ်း၍ သိတတ်သော အကြွင်ဉာဏ်သည် ရှိ၏။ ထို ဉာဏ်သည် **ပဋိဘာနပဋိသမ္ဘိဒါဉာဏ်**မည်၏။

ဤသည်လျှင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတည်း။

## အသာဓာရဏဉာဏ်တော်ခြောက်ပါး

အသာဓာရဏဉာဏ်တော်ခြောက်ပါးဟူသော်ကား၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသယာနုသယဉာဏ်၊ ယမကပဋိဟာရိယဉာဏ်၊ မဟာကရုဏာသမာပတ္တိဉာဏ်၊ သဗ္ဗညုတဉာဏ်၊ အနာဝရဏဉာဏ်ဟူ၍ ခြောက်ပါးတည်း။

ဤ ခြောက်ပါးသော ဉာဏ်တော်တို့သည် မြတ်စွာ ဘုရား တို့အားသာ ဖြစ်ကုန်၏။ အဂ္ဂသာဝက, မဟာသာဝက, ရဟန္တာ တို့အား မဖြစ်ကုန်။ ထို့ကြောင့် အ သာ ဓာ ရ ဏ ဉာဏ် တော် ခြောက်ပါးမည်၏။

ထိုခြောက်ပါးတို့တွင်—

၁။ ဣန္ဒြိယပရောပရိယတ္တိဉာဏ်ဟူသည်ကား၊ ဤ သူ သ ည် နုံ့သော (အားနည်းသော) သဒ္ဓါ ဣန္ဒြေရှိ၏။ ဤသူ သည် အလတ်ဖြစ်သော သဒ္ဓါဣန္ဒြေရှိ၏။ ဤသူသည် ထက်သော သဒ္ဓါဣန္ဒြေရှိ၏။ ဤသို့ဣန္ဒြေထူးပြားသော အဖြစ်ကို သိသော ဉာဏ် သည် ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်မည်၏။

ဤ သုံးပါးတို့တွင် မြတ်စွာဘုရားသည် ထက်သော ဣန္ဒြေ ရှိသူကို အကျဉ်းအားဖြင့် ဆုံးမတော်မူ၏။ အ လတ် ဖြစ် သော ဣန္ဒြေရှိသူကို အကျဉ်းဖြင့်၎င်း၊ အကျယ်ဖြင့်၎င်း ဆုံးမတော် မူ၏။ နုံ့သော ဣန္ဒြေရှိသူကို အကျယ်အားဖြင့် ဆုံး မ တော် မူ၏။

ကြားဖြတ်အမှာ။ လိုရင်း အကျဉ်းချုပ်ကို သိလွယ်စေရန်တွက် အခြားသဘောတူ အချက် အလက် များကို ချန်ထားခဲ့ပါသည်။

၂။ အာသယာနုသယဉာဏ်ဟူသည်ကား၊ သ တ္တ ဝါ တို့ ၏ အလိုအဇ္ဈာသယကို သိသော ဉာဏ်တည်း။

၃။ ပါဠိဟာရိယဉာဏ်ဟူသည်ကား၊ ဣဒ္ဓိပါဠိဟာရိယ ဉာဏ်၊ အာဒေသနာပါဠိဟာရိယဉာဏ်၊ အနုသာသနီ ဟာဠိပါရိယဉာဏ်ဟူ၍ သုံးပါးပြား၏။

ထို သုံးပါးတို့တွင်—

( ၁ ) ဣဒ္ဓိပါဠိဟာရိယဉာဏ်ဟူသည်ကား။ အချို့သော တန်ခိုးနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် တပါးမက များသော အံ့ပြားရှိသော တန်ခိုးအာနုဘော်ကို ခံစား၏။ တယောက်သာဖြစ်လျက် များစွာသော ကိုယ်ကို ဖန်ဆင်း၏။ များစွာဖြစ်ပြီး၍ တယောက် သာ ဖြစ်ပြန်၏။ မျက်မှောက်၌ ထင် ရှား ဖြစ် စေ သလို မျက်ကွယ်၌လည်း ဖြစ်ပြန်၏။ ( ရုတ်တရက် ပေါ်လာပြီး - ရုတ်တရက် ပြန်ပျောက်သွားခြင်း ) ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ဖြင့် ကောင်းစွာ ဖြစ်၏။ ( ဗြဟ္မာ့ပြည်သို့တိုင် ရောက်နိုင်စွမ်း၏။ ) ဤသည်လျှင် ဣဒ္ဓိပါဠိဟာရိယ ဉာဏ်တည်း။

( ၂ ) အာဒေသနာပါဠိဟာရိယဉာဏ် ဟူ သည် ကား ၊ အချို့သော သူသည် နိမိတ်ဖြင့် ညွှန်၏ ။ သင်၏ စိတ်သည် ဤသို့ကြံစည်နေ၏။ ဤ သို့ ဖြစ် နေ ၏။ ဤသို့ထိတွေ့ခံစားနေရ၏ဟူ၍ ညွှန်ပြ ပြော ဆို ၏။ ထိုသို့ပြောဆိုသည့်အတိုင်းလည်း ကေန်ဖြစ်မြောက် ကုန်၏။

အချို့သော သူသည်ကား၊ နိမိတ်ဖြင့် မညွှန်။ တစုံတခုသော

အကြောင်းကြောင့် သင်၏စိတ်သည် ဤသို့ဖြစ်၏။ ထိုမှတပါး မည်သို့မည်သို့လည်းဖြစ်သေး၏။ သင်၏စိတ်သည် ဤသို့ - ထိုသို့ ဖြစ်ပေသည်ဟူ၍ ပြောဆို၏။ ပြောဆိုသည့်အတိုင်းလည်း စင်စစ် ဟုတ်မှန်နေ၏။

အချို့သောသူသည်ကား - ဤသို့မဟုတ်။ အထူးသဖြင့်ကြံစည် အပ်သော သုံးသပ်ဝေဖန်အပ်သော ( တစုံတရာကိုအထူးတလည် ကြံစည်တွေးတော ဆင်ခြင်ခြင်း ) စိတ် သဘောကို ထုတ်ဖော် ပြောဆို၏။ ပြောဆိုသည့်အတိုင်းလည်း စင်စစ်ဟုတ်မှန်နေ၏။

အချို့သော သူသည်ကား၊ ဝိတက် - ဝိစာရမရှိသော သမာဓိ ကို မသုံးသပ်သော သူ၏စိတ်ဖြင့် သူ၏ စိတ်ဓာတ်ကို ပိုင်းခြား၍ သိ၏။ ဤကြောင်း အခြင်းဖြင့် ဤ အရှင်၏ မနော သင်္ခါရ သည် လောကမည်၏။ အကြောင်းအခြင်းဖြင့် ဤ စိတ်၏ အခြားမဲ့၌ ဤသို့သဘောရှိသော အကြံကိုကြံလတ္တံ့ - ဟု သိ၏။ ထုတ်ဖော် ပြောဆို၏။ ပြောဆိုသည့်အတိုင်းလည်း စင်စစ် ဟုတ်မှန်၏၊ ဤသို့သူ့စိတ်ကို သိတတ်သော ဉာဏ်ကို အာဒေသနာပါဋိဟာ ရိယဉာဏ်ဟူ၍ ဆိုအပ်၏။

( ၃ ) အနုသာသနီပါဋိဟာရိယ ဉာဏ် ဟူသည်ကား၊ ဤ လောက၌ အချို့သော သူသည် ဤသို့ဆုံးမ၏။

' ဤသို့ကြံကုန်လော့ - ဤသို့မကြံကုန်လင့် '

' ဤသို့နှလုံးသွင်းကုန်လော့ - ဤသို့နှလုံးမသွင်းကုန်လင့် '

' ဤအမှုကို စွန့်ကုန်လော့ - ဤအမှုကို ကပ်၍နေကုန်လော့ '

ဤသို့ဆုံးမခြင်းသည်အနုသာသနီပါဋိဟာရိယဉာဏ်မည်၏။

ဤပါဋိဟာရိယဉာဏ် သုံးပါးနှင့်လည်း မြတ်စွာဘုရားအား ပြည့်စုံတော်မူ၏။

## အဘိညာဉ် ခြောက်ပါး

## ဝိဇ္ဇာ ရှစ်ပါး - ဝေသာရဇ္ဇဉာဏ်တော် လေးပါး

အဘိညာဉ် ခြောက်ပါး ဟူသည်ကား၊ ဣဒ္ဓိဝိဓအဘိညာဉ်၊ ဒိဗ္ဗသောတ အဘိညာဉ်၊ ပရစိတ္တဝိဇာနနအဘိညာဉ်၊ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ဒိဗ္ဗစက္ခုအဘိညာဉ်၊ အာသဝက္ခယ အဘိညာဉ်ဟူ၍ ခြောက်ပါးတည်း။

**ထို ခြောက်ပါးတို့တွင် —**

၁။ အထူးထူး-အပြားပြား များစွာသော ဆန်းကြယ်မှုတို့ကို ဖန်ဆင်းတော်မူနိုင်စွမ်းသည့်ဉာဏ်သည် 'ဣဒ္ဓိဝိဓ အဘိညာဉ်'မည်၏။

၂။ မည်သည့်နေရာမှ အသံကိုပင်ဖြစ်စေ ကြားသိနိုင်စွမ်းသည့် ဉာဏ်သည် 'ဒိဗ္ဗသောတအဘိညာဉ်'မည်၏။

၃။ သူတပါးတို့၏ စိတ်ဆန္ဒ-အကြံအစည်ကို သိစွမ်းနိုင်ခြင်းသည်ကား 'ပရစိတ္တဝိဇာနနအဘိညာဉ်'မည်၏။

၄။ ရှေးရှေးဘဝ၊ ဖြစ်ခဲ့ဘူး-ဖြစ်ခဲ့ပြီးသည်တို့ကို ပြန်လည်သိစွမ်းနိုင်ခြင်းဉာဏ်သည်ကား 'ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်'မည်၏။

၅။ မည်သည့်**အတား**အဆီး အကာအကွယ်ကိုပင် ဖြစ်စေ၊

ထွင်းဖောက်သိမြင်နိုင်စွမ်းသော ဉာဏ်သည်ကား ‘ ဒိဗ္ဗစက္ခု အဘိညာဉ် ’မည်၏။

၆။ အာသဝေါတရားလေးပါးတို့၏ ကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ္ဂဉာဏ်သည်ကား ‘ အာ သ ဝ က္ခ ယ အဘိညာဉ် ’မည်၏။

မြတ်စွာဘုရားသည် ဤအဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံတော်မူ၏။ ဝိဇ္ဇာရှစ်ပါးနှင့်လည်း ပြည့်စုံတော်မူပေ၏။

## ဝိဇ္ဇာရှစ်ပါး

ဝိဇ္ဇာရှစ်ပါးဟူသော်ကား၊ ယခင် အဘိညာဉ်ခြောက်ပါးတွင် ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်နှစ်ပါးကို ထည့်၍ ရှစ်ပါးဖြစ်သတည်း။

၁။ မြတ်စွာဘုရားသည်သဗ္ဗညုတဉာဏ်တော်ဖြင့်ဝိပဿနာရှု၏။ ဤ သဗ္ဗညုတဉာဏ်သည်ပင် ဝိ ပ ဿ န ာ ဉာဏ် မည်၏။ သေက္ခခုနစ်ယောက် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ကာမာဝစရစိတ်ဖြင့် ဝိပဿနာရှုကုန်၏။

၂။ မနောမယိဒ္ဓိဉာဏ် ဟူသည်ကား ထိုရူပါဝစရစတုတ္ထဈာန်ကို ရသောပုဂ္ဂိုလ်သည် ဤကိုယ်မှ တပါးသော ကိုယ်ကို ဖန်ဆင်း၍ ရုပ်ရှိသော ကိုယ်သည် စိတ်ဖြင့် ပြီး၏။ ဤသို့အစရှိသော အဘိညာဉ်သည် မနောမယိဒ္ဓိဉာဏ်မည်၏။

## စတုဝေသာရဇ္ဇဉာဏ် လေးပါး

စတုဝေသာရဇ္ဇဉာဏ်ဟူသည်ကား....

**ပထမဝေသာရဇ္ဇ**

၁။ သစ္စာလေးပါးတရားတို့ကို ကောင်းစွာသိပြီး၍ ဝန်ခံပြီးသော မြတ်စွာဘုရားအား၊ စင်စစ်လျှင် ထိုသစ္စာလေးတရား၌ ရဟန်း၊ ပုဏ္ဏား၊ နတ်၊ သိကြား၊ ဗြဟ္မာစသည့် တစုံတယောက်သောသူသည် ဆန့်ကျင်ဝေဖန်ဆန်းစစ်ခြင်းပြုအံ့သော အကြောင်း လုံးဝမရှိ။ ထိုသို့မရှိခြင်း - မရှိနိုင်ခြင်းကြောင့်ပင်လျှင် မြတ်စွာဘုရားသည် ပရိသတ် လေးပါးတို့၏ အလယ်၌ ရဲရင့်စွာနေတော်မူ၏။

**ဒုတိယဝေသာရဇ္ဇ**

၂။ ကုန်ပြီးသော အာသဝေါရှိပြီ (အာသဝေါတရားတို့ကုန်အပ်ပြီ) ဟူ၍ ဝန်ခံတော်မူသော ရှင်ပင်ဘုရား....၊ ဤအာသဝေါတရားတို့သည် ရှင်ပင်ဘုရား၌ စင်စစ်မကုန်သေးပါဟူ၍ စွပ်စွဲပြောဆိုအံ့သော ရဟန်း၊ ပုဏ္ဏား၊ နတ်၊ သိကြား၊ ဗြဟ္မာ, စသည်တို့သည် တစုံတယောက်မျှမရှိနိုင်ခြင်း - မရှိခြင်းအဖြစ်ကြောင့်လည်း မြတ်စွာဘုရားသည် ပရိသတ်လေးပါးတို့၏ အလယ်၌ ရဲရင့်စွာ နေတော်မူအပ်၏။

**တတိယဝေသာရဇ္ဇ**

၃။ မြတ်စွာဘုရားသည် မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်

ကုန်သော အကြောင်တရားတို့ကို ဟောအပ်၏။ ထိုတရား အတိုင်း လိုက်နာကျင့်သုံးသော ရဟန်းအား ထိုထို အကျင့်သည် မဂ် ဖိုလ် အန္တရာယ်ကို ကွယ်ကာ တားဆီး ရာ တရားမဟုတ်ဟူ၍ ပြောဆိုအံ့သောသူ မည်သည် လည်း တစုံတယောက်မျှ မရှိနိုင်။ ထို သို့ မ ရှိ နိုင် - မရှိ ခြင်း အဖြစ်ကြောင့်လည်း မြတ်စွာဘုရားသည် ပရိသတ် လေးပါးတို့၏ အလယ်၌ ကောင်းစွာ ရဲရင့်တော်မူအပ် သည် ဖြစ်၏။

စတုတ္ထဝေသာရဇ္ဇ

၄။ အကြောင်ကိလေသာတို့ကို စွန့်ခြင်းငှာ သံသ ရာ မှ ထွက် မြောက်စေတတ်ကုန်သော အကြောင်တရားတို့ကို ဟော အပ်ကုန်၏။ ထိုတရားတို့သည် သံသရာမှ မထွက်မြောက် စေတတ်ကုန်။ ထို တရားတို့ကို ကျင့် သော သူ အား ကောင်းစွာ ဆင်းရဲစေခြင်းငှာ ဖြစ်၏ဟူ၍ ထိုသံသရာမှ ထွက်မြောက်ကြောင်း ဖြစ်သောတရား၌ စင်စစ်လျှင် ငါ့ကို ရဟန်း၊ ပုဏ္ဏား၊ နတ်၊ မာရ်၊ ဗြဟ္မာ, စ သည့် တစုံတယောက်သော သူသည် အကြောင်းနှင့် တကွ စောဒနာပြုလတ္တံ့ ဟူ၍၊ " ချစ်သား - ရဟန်းတို့....၊ ထို အကြောင်းကို ငါ မြင်တော်မမူ၊ ချစ်သား - ရဟန်းတို့၊ ထို စောဒနာတတ်သော အကြောင်းကို မမြင်သော ငါသည် ဘေးတကာတို့၏ ကုန်ဆုံးခြင်းသို့ ရောက်၍ ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းသည်ဖြစ်၍ ပရိသတ် လေးပါးတို့၏ အလယ်၌ ရဲရင့်သည်ဖြစ်၍ နေ၏။"

၎င်းဝေသာရဇ္ဇလေးပါးနှင့်လည်း မြတ်စွာဘုရားသည် ပြည့်စုံတော်မူ၏။

**ကြားဖြတ်အမှာ။** ၎င်းစတုတ္ထဝေသာရဇ္ဇ၌ ကျေးဇူးရှင် ဒီပဲယင်းဆရာတော်ဘုရားကြီး၏ မူရင်းသဘောကို သိနိုင်စေရန်၊ နဂို ရေးသားပါရှိရင်း အတိုင်း ဖော်ပြ ထားသည်။

ယနေ့ခေတ် စကားပြေရေးဟန် အဖြောင့်နည်း အားဖြင့်ဆိုလျှင် ၎င်းသို့ဖြစ်နိုင်ပေသည်။

၄။ ချစ်သား - ရဟန်းတို့....၊ ငါဘုရားသည် သတ္တဝါ အပေါင်းတို့အား ကိလေသာကို စွန့်နိုင်စေခြင်း ငှာ၊ သံသရာမှ ထွက်မြောက်ကြောင်းဖြစ်သော တရားတို့ကို ဟောကြားညွှန်ပြအပ်ပေ၏။

သို့သော် - ထိုငါဘုရားဟောကြားအပ်သော တရားတော် တို့သည် သံသရာမှ ထွက်မြောက်ကြောင်းမဟုတ်။ ထိုတရားတို့ကို လိုက်နာကျင့်သုံး ကြိုးပမ်းအားထုတ်သူသည် ဧင်စစ် ဆင်းရဲစေ ခြင်းငှာသာလျှင် ဖြစ်ပေလတ္တံ့ဟူ၍ စွပ်စွဲပြောဆို ဝေဖန်အပ် သော သူသည် နတ်၊ သိကြား၊ ဗြဟ္မာစသည်တို့၌ မည်သူ တဦး တယောက်ကိုမျှ ငါဘုရားမြင်တော် မူပေ။ ဧင်စစ် ထိုကဲ့သို့ စွပ်စွဲပြောဆိုရန် အကြောင်းသည်လည်း လုံးဝမရှိခဲ့ပေ။

" ချစ်သား -- ရဟန်းတို့....၊ ငါဘုရားဟောကြားအပ်သော သံသရာမှ ထွက်မြောက်ကြောင်းတရား၌ သို့လျှင် မည်သူ တဦး

တယောက်မျှ စွပ်စွဲဝေဖန် ဆန့်ကျင်စရာ အကြောင်းမရှိသော ကြောင့်လည်း ငါဘုရားသည် ပရိသတ်လေးပါးတို့၏ အလယ်၌ ကောင်းစွာရဲရင့်တော်မူအပ်ပေ၏။

ဤကား စာဖတ်သူများ အလွယ်ဆုံးနည်း၊ အသိမြန်စေခြင်း ငှာ၊ ခေတ်ရေးဟန်ဖြင့် အဖြောင့်သဘော တင်ပြလိုက်ရခြင်း ဖြစ်သည်။ ရှေးမူ - ရှေးဟန်ကို ပြုပြင်ပြောင်းလဲသည့် သဘော မဟုတ်ပေ။ မြန်မာစကားပြေနည်းနှင့် ပါဠိဘာသာမြန်နည်း သည် အကြောင်းအားလျော်စွာ ကွဲပြားခြားနားခြင်းသဘောကို သိသာနိုင်စေရန်လည်း ဖြစ်ပေသည်။

## ဒသဗလဉာဏ်တော်ဆယ်ပါး

### ၁။ ဌာနာ - ဌာန ကောသလ္လဉာဏ် —

ဒသဗလဉာဏ် ဟူသော်ကား၊ ဌာနာဌာနကောသလ္လဉာဏ်၊ သမ္ဗတ္တဂါမိနိပဋိပဒါဉာဏ်၊ အနေကဓာတုနာနာဓာတုဉာဏ်၊ နာနာဓိမုတ္တိကဉာဏ်၊ ဝိပါကဝေဒတ္တာဉာဏ်၊ ကိလေသဝေါဒါနဝုဋ္ဌာန ဉာဏ် ဣန္ဒြိယပရောပရိယဝေမတ္တတာဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် ဟူ၍ ဆယ်ပါးတည်း။

ထို ဆယ်ပါးတို့တွင်—

၁။ ဌာနာဌာနကောသလ္လဉာဏ်ဟူသည်ကား၊ ဆယ်ပါး သော ဉာဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ အဆုံးအမတော်သည် သုံးပါးအပြားရှိ၏။ ဤအမှုကို

သင့်တို့အား အစီးအပွားအလို့ငှာ၊ ချမ်းသာခြင်းငှာ ဖြစ်လတ္တံ့ဟူ၍ ဆုံးမတော်မူ၏။ ထိုအခြင်းဖြင့် ဆုံးမ အပ်သော၊ အဖန်တလဲလဲ ဆုံးမအပ်သော တပည့်သား သည် သီလက္ခန္ဓာကို ဖြည့်သည်ဖြစ်၍ လောကုတ္တရာဘုံ သို့ ရောက်လတ္တံ့။ ဤသို့သော အကြောင်းသည်ရှိ၏။

ဤသို့ဆိုအပ်ပြီးသော အကြောင်းဟုတ်သည်- မဟုတ်သည်၌ ပိုင်းခြားသောအားဖြင့် သိတတ်သော အကြွင် ဉာဏ်သည်ရှိ၏။ ထိုဉာဏ်သည် 'ဌာနာဌာနကောသလ္လဉာဏ်' မည်၏။

## ၂။ သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်

သတ္တဝါတို့သည် ကုန်တတ်သောသဘောရှိကုန်၏။ ပျက်တတ် သောသဘောရှိကုန်၏။ ချုပ်တတ်သော သဘောရှိကုန်၏။ အချို့ သောသတ္တဝါတို့သည် နတ်ရွာသို့ လားရကုန်၏။ အချို့သော သတ္တဝါတို့သည် အပါယ်သို့ လားရကုန်၏။

အကြွင်သူတို့သည် ကံကုန်ခြင်းကို ပြုကုန်၏။ ထိုသူတို့သည် မဂ်ကိုပွားစေ၍ အရဟတ္တဖိုလ်ကို ဖြစ်စေ၍ တဏှာနှင့်သယ၏ ပြတ်ခြင်းကြောင့်၊ အာသဝေါတရား ဖြစ်ခြင်းအကြောင်းမှ ကင်းသည်ဖြစ်၍ ငြိမ်းပြီးသောဆီမီးသည် တဖန်မထွန်းလင်း သကဲ့သို့ ပရိနိဗ္ဗာန်ပြုကုန်၏။

ထိုကောင်းမှု- မကောင်းမှုနှစ်ပါးတို့တွင် အကြွင်ဘဝသို့ ရောက်ကြောင်းဖြစ်သော အကျင့်သည်ရှိ၏။ ထိုအကျင့်သည် 'သဗ္ဗတ္ထဂါမိနီပဋိပဒါ' မည်၏။ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်

သော အကျင့်သည် ရှိ၏။ ထို အကျင့်သည် 'အတ္တဂါမိနီပဋိပဒါ'မည်၏။

ဤ အကျင့်၌ အကြောင်းအားဖြင့်၊ အရာအားဖြင့် ပိုင်းခြားသောအားဖြင့် သိတတ်သော အကြင်ဉာဏ်သည် ရှိ၏။ ထို ဉာဏ်သည် 'အတ္တဂါမိနီပဋိပဒါဉာဏ်'မည်၏။

## ၃။ အနေကဓာတု-နာနာဓာတုဉာဏ်

အထက်ဆိုခဲ့ပြီး သဗ္ဗတ္ထဂါမိနီပဋိပဒါသည် အနေကဓာတုလောကမည်၏။ အတ္တဂါမိနီပဋိပဒါသည် နာနာဓာတုလောကမည်၏။ ထို နှစ်ပါးတို့တွင် –

(၁) အနေကဓာတုလောကဟူသည် စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်မှသည် အသင်္ခတဓာတ်၊ နိဗ္ဗာန်ဓာတ်တိုင်အောင်သော ဓာတ်ပေါင်းများစွာတို့ကို ခေါ်ဆိုခြင်း ဖြစ်၏။

(၂) နာနာဓာတုလောက ဆိုသည်မှာကား၊ စက္ခုဓာတ်သည်တပါး၊ ရူပဓာတ်သည်တပါး၊ စက္ခုဝိညာဏဓာတ်သည် တပါး၊ ဤသို့ဖြင့် လျှင် နိဗ္ဗာန်ဓာတ်တိုင်အောင်သော ဓာတ်အလုံးစုံသည် နာနာဓာတုလောကမည်၏။

ဤ အနေကဓာတု နာနာဓာတုလောကနှစ်ပါး၌အကြောင်းအားဖြင့် အရာအားဖြင့် ပိုင်းခြားသောအားဖြင့် သိတတ်သော အကြင်ဉာဏ်သည်ရှိ၏။ ထို ဉာဏ်သည် အနေကဓာတု၊ နာနာဓာတုဉာဏ်မည်၏။

## ၄။ နာနာဓိမုတ္တိကတာဉာဏ်

အထက်ဆိုခဲ့ပြီး အနေကဓာတု - နာနာဓာတုလောက အားဖြင့် အကြင် - အကြင်သို့ သဘောရှိသော ဓာတ်ကို သတ္တဝါတို့သည် နှလုံးသွင်းကုန်၏။ ထိုသို့သော ဓာတ်ကိုသာလျှင် ဆောင်ရွက်ကုန်၏။ နှလုံးသွင်းကုန်၏။

အချို့သူတို့သည် ရူပါရုံကို နှလုံးသွင်းကုန်၏။ အချို့သူတို့သည် သဒ္ဒါရုံကို နှလုံးသွင်းကုန်၏။ ဤသို့အမျိုးမျိုးသော နှလုံးသွင်းခြင်း ( ဆင်ခြင်အားထုတ်ခြင်း ) ၌ အကြောင်းအားဖြင့် - အရာအားဖြင့် ပိုင်းခြားသောအားဖြင့် ‘ ဤသည်လျှင် ကျွတ်ထိုက်သော ဝေနေယျတည်း။ ဤသူသည် ဝေနေယျမဟုတ်။ ဤသူသည် နတ်ရွာသို့ လားအံ့သော သူတည်း။ ဤသူသည် အပါယ်လေးပါးသို့ လားအံ့သော သူတည်း ’ဟူ၍ အကြင် သိတတ်သော ဉာဏ်သည် ရှိ၏။ ထိုဉာဏ်သည် နာနာဓိမုတ္တကတာဉာဏ်မည်၏။

## ၅။ ဝိပါကဝေမတ္တတာဉာဏ်

အချို့သော သူတို့သည် လောဘ၏ အစွမ်းဖြင့်၊ အချို့သော သူတို့သည် ဒေါသ၏ အစွမ်းဖြင့်၊ အချို့သော သူတို့သည် မောဟ၏အစွမ်းဖြင့် ကံကို ပြုကုန်၏။ ဤကံသည် မည်းသော ကံမည်၏။ မည်းသော အကျိုးရှိ၏။

အကြင် ကံ ကို သဒ္ဓါ၏ အစွမ်းအားဖြင့်၊ ဝီရိယ၏ အစွမ်းအားဖြင့်၊ ပညာ၏ အစွမ်းအားဖြင့် ပြု၏။ ထိုကံသည် မမည်း

မဖြူသော ကံ မည်၏။ မမည်းမဖြူသော အကျိုးရှိ၏။ ထို ကံ သည် မြတ်သော ကံ မည်၏။ ကုသိုလ် ကံ - အကုသိုလ် ကံ ကုန် ခြင်းငှာ ဖြစ်တတ်၏။ စွဲလမ်းအပ်သော ကံ သည်ကား လေး ပါးတည်း။ လေးပါးဟူသော်ကား—

၁။ ပစ္စုပ္ပန် မျက်မှောက်၌ ချမ်းသာ၍ နောင်ဘဝ၌ ဆင်းရဲစေသော ကံ။

၂။ ပစ္စုပ္ပန် မျက်မှောက်၌ ဆင်းရဲ၍ နောင်ဘဝ၌ ချမ်း သာစေသော ကံ။

၃။ ပစ္စုပ္ပန်ဘဝ၌လည်း ဆင်းရဲ၊ နောင် ဘဝ၌ လည်း ဆင်းရဲစေသော ကံ။

၄။ ပစ္စုပ္ပန်ဘဝ၌လည်း ချမ်းသာ၊ နောင် ဘဝ၌လည်း ချမ်းသာစေသောကံ ဟူ၍ လေးမျိုး - လေးပါးကွဲပြား နေအပ်၏။ သို့ - ကွဲပြား ခြားနားနေရာ၌—

## ကံသုံးမျိုး

မုဒု၊ မဇ္ဈ၊ အဓိမတ္တအဖြစ်သည် ရှိ၏။ ထို သုံး ပါး တို့ တွင် မုဒုကား - အာနေဉ္ဇာဘိသင်္ခါရမှ ကြွင်းသော လောကီကုသိုလ် သင်္ခါရတည်း။ အဓိမတ္တကား - လောကုတ္တရာ ကုသိုလ်သင်္ခါရ တည်း။ ဤ သင်္ခါရတို့ကို အကြောင်းအားဖြင့် ပိုင်း ခြား၍ သိတတ်သော အကြင်ဉာဏ်သည်လည်း ရှိ၏။

ဤ ကံ သည် မျက်မှောက်၌ ခံစားအပ်သော အကျိုးရှိ၏။ ဤ ကံ သည် ဒုတိယဘဝ၌ ခံစားအပ်သော အကျိုးရှိ၏။

ဤ ကံ သည် တတိယဘဝမှစ၍ နိဗ္ဗာန်ရောက်အောင် ခံစားအပ်သော အကျိုးရှိ၏။

ဤ ကံ သည် အသုရကာယ်ဘုံ၌ ခံစားအပ်သော အကျိုးရှိ၏။ ဤ ကံ သည် ငရဲဘုံ၌ ခံစားအပ်သော အကျိုးရှိ၏။

ဤသို့သော အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဖြစ် သော ကံ တရားတို့ကို ( ကံ တရားတို့၏ အစွမ်းကို ) အကြောင်းအားဖြင့် သိတတ်သော ဉာဏ်သည်လည်း ရှိ၏။ ထို ဉာဏ်သည် ' အကျိုး ၏ ထူးပြားသော အဖြစ်ကို သိတတ်သော ဝိပါကဝေမတ္တတာ ဉာဏ် 'မည်၏။

## ၆။ ကိလေသဝေါဒါနဉာဏ်

ဤသို့လျှင် ဆိုခဲ့ပြီးအားလျော်စွာ စွဲ လမ်း ပြု လုပ် အပ် ကုန် သော ကံ တရားတို့၌ ဤ ကံ သည်ကား ညစ်ညူးသော ကံ တည်း။ ဤ ကံ သည်ကား ဖြူစင်သော ကံ တည်း။ ဤ ကံ သည် ကား ကိလေသာမှ ထွက်မြောက်ကြောင်း ဖြစ်သော ကံ တည်း။

ဤသို့ကား ညစ်ညူး၏။ ဤသို့ကား ဖြူစင်၏။ ဤသို့ကား ကိလေသာမှ ထ ၏။ ဤသို့ သိတတ်သော ဉာဏ်သည် ' အနာဝရဏဉာဏ် 'မည်၏။ ဤသို့အစရှိသည်ဖြင့် သိ တ တ် သော ဉာဏ်သည် ' ခပ်သိမ်းသော စျာန်၊ ဝိမောက္ခ, သမာဓိ - သမာပတ္တိတို့၏ ညစ်ညူးခြင်း၊ ဖြူစင်ထမြောက်ခြင်း၌ သိတတ်သော ဉာဏ် 'မည်၏။

( ခုနစ်ခုမြောက် - လူန္ဒြိယပရောပရိယတ္တိ ဉာဏ်၊
ရှစ်ခုမြောက် - ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်၊
ကိုးခုမြောက် – ဒိဗ္ဗစက္ခုဉာဏ်တို့မှာ ရှေ့တွင်
ပြဆိုခဲ့ပြီး ဖြစ်သည်။ )

သဗ္ဗညုတဉာဏ်၏နီးစွာသော အာသဝက္ခယဉာဏ်တော်နှင့် တကွ ဆယ်ပါးသော ဉာဏ်သည် ဒသဗလ ဉာဏ်မည်၏ ။ မြတ်စွာဘုရားသည် ဤ ဒသဗလဉာဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

**အမှာ။** ဤ မြတ်စွာဘုရားသခင်၏ ဉာဏ်တော်များကို ဖော်ပြရာ၌ စာဖတ်သူများ သိလွယ်စေ၊ ရှင်းလင်းစေရန် အတွက် နဂိုမူရင်းအတိုင်းမဟုတ်ပဲ လျော်ကန်သလို ကောက်နှုတ်ဆက်စပ် ပြထားပါသည်။ မူရင်းအပြည့်အစုံ၊ ရှေးမူ – ရှေးဟန် အတိုင်း ဖတ်ရှုလိုပါက၊ ကျေးဇူးရှင် ဒီပဲယင်း ဆရာတော်ဘုရားကြီး၏ ‘ တထာဂတဥဒါနဒီပနီ ’ ပထမတွဲကို ရှာဖွေဖတ်ရှုကြစေလိုပါကြောင်း။

## အာဝေဏိက ဗုဒ္ဓ ဓမ္မ တဆယ့်ရှစ်ပါး

ရဟန္တာ သာဝကတို့နှင့် မဆက်ဆံသော၊ သီးခြားဖြစ်သော မြတ်စွာဘုရားသခင်၏ အာဝေဏိက ဂုဏ်တော် တဆယ့်နှစ်ပါး တို့သည်ကား—

၁။ မြတ်စွာဘုရားအား အတိတ်ကာလ၌ ပိတ်ပင်ခြင်း မရှိသော ဉာဏ်တော်နှင့် ပြည့်စုံ၏။

၂။ အနာဂတ်ကာလ၌ မပိတ်ပင်သော ဉာဏ်တော်နှင့် ပြည့်စုံ၏။

၃။ ပစ္စုပ္ပန်ကာလ၌ မပိတ်ပင်သော ဉာဏ်တော်နှင့် ပြည့်စုံ၏။

၄။ ဤသုံးပါးသော တရားနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား အလုံးစုံသော ကာယကံ (ကိုယ်လက် လှုပ်ရှားမှု) သည် ဉာဏ်တော်လျှင် ရှေ့သွားရှိ၏။ ဉာဏ်တော်သို့ အစဉ်လိုက်၏။

၅။ အလုံးစုံသော ဝစီကံသည် ဉာဏ်တော်လျှင် ရှေ့သွားရှိ၏။ ဉာဏ်တော်သို့ အစဉ်လိုက်၏။

၆။ အလုံးစုံသော မနောကံသည် ဉာဏ်တော်လျှင် ရှေ့သွားရှိ၏။ ဉာဏ်တော်သို့ အစဉ်လိုက်၏။

၇။ ဤဂုဏ်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ဆန္ဒ၏ယုတ်လျော့သော အဖြစ်သည်မရှိ။

၈။ တရားဟောခြင်း၏ ယုတ်လျော့သော အဖြစ်သည် မရှိ။

၉။ လုံ့လ၏ ယုတ်လျော့သော အဖြစ်သည် မရှိ။

၁၀။ ပညာ၏ ယုတ်လျော့သော အဖြစ်သည် မရှိ။

၁၁။ ဝိမုတ္တိဉာဏ်၏ ယုတ်လျော့သော အဖြစ်သည် မရှိ။

၁၂။ ဝိမုတ္တိညာဏဒဿနဉာဏ်၏ ယုတ်လျော့သော အဖြစ်သည် မရှိ။

၁၃။ ဤဂုဏ်တဆယ်နှစ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား မြူးတူးလိုသဖြင့် ပြုခြင်းသည် မရှိ။

၁၄။ အဆောတလျင်ပြုခြင်းသည် မရှိ။

၁၅။ ဉာဏ်ဖြင့် မတွေးဆခြင်းသည် မရှိ။

၁၆။ လျင်စွာပြုခြင်းသည် မရှိ။

၁၇။ အကျိုးမရှိသော စိတ်၏ဖြစ်ခြင်းမည်သည် မရှိ။

၁၈။ မသိသော အညာကုပေက္ခာမည်သည် မရှိ။

မြတ်စွာဘုရားသည် ဤ ၁၈ - ပါးသော အာဝေဏိက ဗုဒ္ဓမမှ ဂုဏ်တို့နှင့်လည်း ပြည့်စုံတော်မူအပ်ပေ၏။

## အကြောင်းအားလျော်စွာ

'ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ' အမည်ရှိ ဤစာအုပ်၌ စာဖတ်သူများ သိကြပြီးအတိုင်း ပထမဦးစွာ ဗုဒ္ဓဝါဒ သဘော (အခြင်းအရာ) ကို ထုတ်ဖော်ဆိုညွှန်းခဲ့သည်။

ထိုသဘောကို ဆိုညွှန်းသည့်အခါ ဗုဒ္ဓ မြတ်စွာဘုရား၏ ဉာဏ်တော်များအကြောင်းမှာလည်း ကြောင်းကျိုး ဆက်စပ်မှုအားလျော်စွာ သက်ဝင်ဆက်စပ်လာခဲ့ရပေသည်။ ထို့ကြောင့်လည်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်မှသည် ယခုအာဝေဏိက ဂုဏ်တော်အထိ အစဉ်အားလျော်စွာ ထုတ်ဖော်တင်ပြလာခဲ့ရခြင်းဖြစ်သည်။

ဤသို့တင်ပြခဲ့ရာ၌ ထိုတင်ပြခဲ့ပြီးသည်တို့မှာ ချွင်းချက်မရှိ ပြည့်စုံလုံလောက်ပြီဟုကား - မဆိုသာချေ။

မြတ်စွာဘုရားသခင်၏ ဉာဏ်တော်ဆိုသည်မှာ လိုက်၍မမှီနိုင်လောက်အောင် သိမ်မွေ့နက်နဲနေခဲ့ပြီး အပေါ်တွင် စာဖတ်သူများ ဝန်မလေးစေခြင်းငှာ လျှော်ကန်သလို ခြုံးထားရသည်များလည်း ရှိနေသောကြောင့် ဖြစ်ပေသည်။

သို့သော် လုံးဝမသိရခြင်းနှင့်စာလျှင် ဤ၍ - ဤမျှသိရခြင်းသည်ပင် ကောင်းကျိုးတရားဖြစ်သဖြင့် စာမျက်နှာအခြေအနေ စာဖတ်သူအခြေအနေနှင့် လျှော်ကန်သမျှ ထုတ်ဖော်တင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

## ဗုဒ္ဓဝါဒ

'ဗုဒ္ဓဝါဒ' ဆိုရာ၌လည်း သမ္မာဒိဋ္ဌိမဂ္ဂင်မှသည် နောက်ဆုံးသမ္မာသမာဓိမဂ္ဂင်အထိ အခြင်းအရာ ဂုဏ်ကျေးဇူးများကို ဖော်ပြခဲ့ပြီးဖြစ်၍ 'ဗုဒ္ဓဝါဒ' ဟူသည်မည်သို့ဖြစ်ကြောင်း၊မည်သို့လေးမြတ်ယုံကြည်ဖွယ်ဖြစ်ကြောင်း ကောင်းစွာ သိမြင် ဆင်ခြင်နိုင်ကြပေလိမ့်မည်။

'ဗုဒ္ဓဝါဒ' ဟူသည် ဤသို့ပါတကားဟု သိရရုံမျှမကသေး။ သိသည့်အတိုင်း လိုက်နာကျင့်သုံးနိုင်ကြလျှင်လည်း အထူးသဖြင့် ကောင်းမြတ်လှသည်သာ ဖြစ်ပေတော့သည်။

စင်စစ်သော် 'ဗုဒ္ဓဝါဒ' ဆိုရာ၌ 'ဗောဓိပက္ခိယတရား - သုံးဆယ့်ခုနစ်ပါး' ကိုပါ ခေါင်းစည်းဆိုညွှန်းခဲ့လျှင် သိမှတ်ဆင်ခြင်

မှုပိုပြီး ပြည့်စုံတိကျနိုင်သည်။ သို့သော် စာမူအနေအထား အာလွန်ကျယ်ပြန့်နေမည်ဖြစ်၍တကြောင်း၊ မဂ္ဂင်ရှစ်ပါးသည်ပင် လျှင် ဗောဓိပက္ခိယတရားထည်းတွင် အပါအဝင်ဖြစ်နေ၍ တကြောင်း၊ ဤမဂ္ဂင်ရှစ်ပါး တရားသမ်းစဉ်ပင် 'ဗုဒ္ဓဝါဒ' အဖြစ် ပထမဦးစွာ ထုတ်ဖော်ဆိုညွှန်းလိုက်ရပေသည်။

## အသိနှင့် အကျင့်

အမှန်အားဖြင့်ကား၊ သိခြင်းနှင့် လိုက်နာကျင့်သုံးခြင်း ( ရှိခြင်း ) သည် အဘူဘာကွ - တွဲဖက်ရသည့်ချီးလည်း ဖြစ်ပေသည်။ သိရုံသာ - သိပြီး မရှိခဲ့လျှင် (မလိုက်နာ မကျင့်သုံးခဲ့လျှင်) ကောင်းကျိုးတရားကို မခံစားရ။ ရှိရုံသာ - ရှိပြီးမသိခဲ့လျှင်လည်း အမှန်တရားမဖြစ်နိုင်။ ကြိုးပမ်းအားထုတ်ရကျိုး မနပ်နိုင်။

တနည်းအားဖြင့်ဆိုသော်၊ သိခြင်းသည် ဝိဇ္ဇာ။ ရှိခြင်းသည် စရဏ။ ဝိဇ္ဇာချည်းသက်သက် ဆိုလျှင်လည်း လိုရာခရီးသို့ မရောက်နိုင်။ စရဏချည်း သက်သက်ဆိုလျှင်လည်း ရောက်သင့်ရာကို မရောက် - အတိမ်းအစောင်း - အလွဲအမှားဖြစ်နိုင်သည်။

ထို့ကြောင့်ပင် ဤဝိဇ္ဇာ စရဏသဘောနှင့် ပတ်သက်၍ ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက အတိအလင်း ညွှန်ကြား ဆုံးမတော်မူခဲ့သည်။

## ဝိဇ္ဇာနှင့် စရဏ

သီလ၊ သမာဓိသည် စရဏမျိုးတည်း။ ပညာသည် ဝိဇ္ဇာ

မျိုးဘည်း။ ဝိဇ္ဇာ – စရဏ နှစ်ပါးဖြစ်၏။ ဝိဇ္ဇာသည် လူသတ္တဝါ တို့၌ မျက်စိနှင့် တူ၏။ စရဏသည် ခြေ လက် နှင့် တူ၏။ ဝိဇ္ဇာ သည် ငှက်တို့၌ မျက်စိနှင့် တူ၏။ စရဏသည် အတောင် နှင့် တူ၏။

သီလ၊ သမာဓိနှင့် ပြည့်စုံ၍ ဝိဇ္ဇာဉာဏ် ချို့တဲ့သော သူတို့ သည် ခြေလက် အင်္ဂါပြည့်စုံ၍ (ပြည့်စုံသော်လည်း) မျက်စိ နှစ်ဖက်ချို့တဲ့သောသူနှင့် တူကုန်၏။ ဝိဇ္ဇာဉာဏ်နှင့် ပြည့် စုံ၍ စရဏတရား အားနည်းလှသော သူတို့သည် မျက်စိအင်္ဂါပြည့်စုံ ၍ (ပြည့်စုံသော်လည်း) ခြေအင်္ဂါ၊ လက်အင်္ဂါ ချို့တဲ့သော သူနှင့် တူကုန်၏။

ဝိဇ္ဇာ - စရဏနှစ်ပါးနှင့် ပြည့်စုံသူတို့သည် ခြေအင်္ဂါ၊ လက် အင်္ဂါ၊ မျက်စိအင်္ဂါအလုံးစုံနှင့် ပြည့်စုံသော လူကောင်း – သူ ကောင်း ပကတိနှင့် တူကုန်၏။ ဝိဇ္ဇာ – စရဏ နှစ်ပါးတို့မှ ချို့တဲ့ သော သူတို့သည် ခြေအင်္ဂါ၊ လက်အင်္ဂါ၊ မျက်စိအင်္ဂါ အ ကုန် ချို့တဲ့၍ အသက်ရှိသည် ဟူ၍ မပြောစလောက်သော သူနှင့် တူကုန်၏။

## စရဏသာ ပြည့်စုံကျိုး

ဤ ဘုရားသာသနာ တွင်း၌ ယခုရှိနေကြကုန်သော သူ အပေါင်းတို့တွင် အကြင်သူတို့သည် သီလ၊ သမာဓိဟူသော စရဏနှင့် ပြည့်စုံကြကုန်၏။ ရုပ် နာမ် ခန္ဓာတို့၌ ဉာဏ်၏ ကျက် စားခြင်းဟူသော ဝိဇ္ဇာမျိုး (ကား) မရှိကြကုန်။ ထို သူတို့သည် စရဏတရား အားကောင်းလှသည့် အတွက် နောက် ဘုရား

သာသနာကို တွေ့ကြုံကြရာ၏။ တွေ့ကြုံကြကုန်သော်လည်း ဝိဇ္ဇာမျိုးမရှိသည့်အတွက် နောက်ဘုရား တရားကို (နောက်ဘုရား၏ တရားဒေသနာကိုပင် ကြားနာကြုံကြိုက်ကြရစေကာမူ) ကြားနာသော်လည်း သစ္စာဉာဏ်အလင်း မပေါက်နိုင်ကြကုန်။

ငါတို့ဘုရားလက်ထက်၌ 'လာဠုဒါယိမထေရ်၊ ဥပနန္ဒမထေရ်၊ ဆဗ္ဗဂ္ဂီဟောင်း၊ ကောသလမင်းကြီး' စသည်တို့ကဲ့သို့တည်း။ ထိုသူတို့သည် ဒါန၊ သီလ၊ စရဏနှင့် ပြည့်စုံခဲ့ကြသည့်အတွက် အသက်ထက်ဆုံး မြတ်စွာဘုရားနှင့် ပေါင်းဖက်တွေ့ဆုံကြရကုန်၏။ (သို့သော်) ရှေးဘုရားသာသနာက ဝိဇ္ဇာမျိုး မပါခဲ့သည့်အတွက် ငါတို့ဘုရားတရားတော်ကို အခါခါကြားနာကြကုန်သော်လည်း အသက်ထက်ဆုံး 'ကျွဲပါးစောင်းတီး' နှင့် (သာ) ပြီးရှာကြကုန်၏။

## ဝိဇ္ဇာသာ ပြည့်စုံ ကျိုး

အကြင်သူတို့သည် ရုပ်နာမ် ခန္ဓာတို့၌ ဉာဏ်၏ ကျက်စားခြင်းဟူသော ဝိဇ္ဇာမျိုးနှင့် ပြည့်စုံကြကုန်၏။ ဒါနမှု - နိစ္စ၊ သီလမှု - ဥပေါသထ၊ သီလမှုဟူသော စရဏတရား (မှုကား) နည်းပါးကြကုန်၏။

ထိုသူတို့သည် ဝိဇ္ဇာမျိုး ရှိကြသည့်အတွက် နောက်ဘုရားတရားကိုကြားနာခွင့်ရကြပါကုန်မူကား သစ္စာဉာဏ်အလင်းသို့ ပေါက်ရောက်နိုင်ကြကုန်ရာ၏။ စရဏတရားနည်းပါးကြကုန်သည့်အတွက် နောက်ဘုရားနှင့် တွေ့ကြုံကြနိုင်ရန် အခွင့်မူကား အလွန်ခဲယဉ်းလှကုန်၏။

## နောက်ဘုရား သာသနာ

အဘယ့်ကြောင့်နည်းဟူမူ၊ ဤဘုရားသာသနာနှင့် နောက်ဘုရားသာသနာသည် အန္တရကပ်ကြီး တကပ်ကွာခြားလျက်ရှိ၏။ ကာမဘုံ၌ဖြစ်ခဲ့မူ၊ ဘဝပေါင်း အကုဋေမက ဆက်လက် ကြင်လည်ရလိမ့်ဦးမည်။

ယခုဘဝမှစ၍ နောက်ဘုရားလက်ထက်တိုင်အောင် အန္တရကပ်ကြီးတကပ်ပတ်လုံး အကုဋေမကသော ဘဝတို့၌ လူ့ရပ်-နတ်ရွာ သုဂတိဘုံမှချည်း ဆက်လက်ကြင်လည်၍ သွားနိုင်မှ နောက်ဘုရားကို တွေ့နိုင်မည်။ စင်ကြား၌ အပါယ်သို့ တချက်စောင်း၍ သွားခဲ့လျှင် နောက်ဘုရားကို တွေ့နိုင်တော့မည်မဟုတ်။

## အပါယ်ဘေးနှင့် လွတ်ကင်းအောင်

အပါယ်မည်သည် တကြိမ်ကျခဲ့လျှင် ဘဝအသချေ်သွားတတ်ချေသည်။ ယခုဘဝ၌ ဒါနမှုနည်းပါး၍ ကာယကံမသုံးခြံမှု၊ ဝစီကံသောင်းကျန်း၊ မနောကံ ညစ်နွမ်း၍ စရဏတရားနည်းပါးသော သူတို့သည် သေသည့်အခြားမဲ့၌ အပါယ်ကျမှုအားကြီးလျက် ရှိနေကြကုန်၏။

အခန့်တော်၍ သုဂတိဘဝသို့ပင် ရောက်ကြပါကုန်သော်လည်း ဒါနဟူသော စရဏတရားနည်းပါးခဲ့သည့် အတွက် ဖြစ်လေရာဘုံဘဝတို့၌ နေ-ဥစ္စာ ချို့တဲ့မှုနှင့် ကိုယ်မချမ်းသာ၊ စိတ်မချမ်းသာ အသက်မွေး ကြမ်းတမ်းမှု အပါယ်လမ်းတမျိုး

နိစ္စ - သီလ - ဥပေါသထသီလ ဟူသော စရဏတရား နည်းပါး ခဲ့သည့်အတွက် တွေ့ရှိသော သူတို့နှင့် ခိုက်ရန် ဒေါသ - ဝိဝါဒ ကြီးပွား အနာရောဂါများပြားမှု အပါယ်လမ်းတမျိုး။

ဤသို့သော အပြစ်ဒေါသ တို့သည် ဘဝတိုင်း တွေ့ကြုံ၍ အထုံ - ဝါသနာ အစဉ်ပါသဖြင့် သုဂတိဘုံမှာ များစွာ ဆက်လက် ခွင့်မရကြကုန်မူ၍ အပါယ်သို့သာ မကြာမီ ကျရောက်ကြ လေကုန်ရာသောကြောင့် ဒါန - သီလဟူသော စရဏတရား နည်းပါးသူတို့သည် နောက် ဘုရားနှင့် တွေ့ကြုံရန် အခွင့် အလွန် နည်းပါးလျက် ရှိကြလေသတည်း။

## လိုရင်းအချုပ်ကား

ဝိဇ္ဇာမျိုး၊ စရဏမျိုး - တရားနှစ်ပါးနှင့် ပြည့်စုံသူမှ နောက် ဘဝ၌ ကျွတ်နိုင်သည် ဝိဇ္ဇာမျိုးသာ ပါရှိ၍ ဒါန - သီလ ဟူသော စရဏမျိုး နည်းပါးခဲ့ပြန်လျှင် နောက်ဘုရားသာသနာ နှင့်ပင် တွေ့ကြုံခွင့်မရှိ။ စရဏမျိုးသာ ပါရှိ၍ ဝိဇ္ဇာမျိုးမရှိပြန် လျှင် နောက်ဘုရား သာသနာနှင့် တွေ့ကြုံသော်လည်း မကျွတ်ရ။

ထို့ကြောင့် ယခုအခါ၌ နောက်ဘုရားသာသနာကို မြော်လင့် ကြကုန်သော ပဒပရမပုဂ္ဂိုလ်တို့သည် ဤသာသနာ၌ ဒါန - သီလ၊ သမထ - ဘာဝနာ ဟူသော စရဏမျိုးတို့ကို အားထုတ် ဆည်းပူးကြ၍ ဝိဇ္ဇာမျိုးမှာလည်း ယုတ်စွအဆုံး ဓာတ်ကြီး လေးခုမျှကိုသော်လည်း သေ့လာစွဲမြဲကြ၍ နောက်ဘုရား

သာသနာနှင့် တွေ့နိုင်ကြရန်။ တွေ့ပြန်လျှင်လည်း ကျွတ်နိုင်ကြရန်။ ဝိဇ္ဇာ--စရဏမျိုး နှစ်ပါးတို့ကို ယောကျ်ား-မိန်းမ မဆို ကြိုးစားအားထုတ်ကြကုန်ရာသည်။

## သိခြင်းနှင့် ရှိခြင်း

ဤမျှဆိုလျှင် သိခြင်းနှင့် ရှိခြင်းပင် ခေါ်သည်ဖြစ်စေ၊ ဝိဇ္ဇာနှင့် စရဏပင် ခေါ်သည်ဖြစ်စေ၊ အသိတရားနှင့် လိုက်နာကျင့်သုံးခြင်း၏ ထူးခြားမှု-ကွဲပြားမှုကို ကောင်းစွာ သိနားလည် ဆင်ခြင်ဆုံးဖြတ်နိုင်ပေပြီ။

သိရုံဖြင့်လည်း-မပြီး၊ လိုက်နာကျင့်သုံးမှ လိုရာခရီး သို့ ရောက်နိုင်သည်။

လိုက်နာကျင့်သုံးရုံဖြင့်ချည်း မပြည့်စုံ၊ အသိတရားရှိမှ၊ အသိမှန်မှ ကောင်းမြတ်နိုင်သည်။

ဤကဲ့သို့ နှစ်မျိုး–နှစ်နည်း၊ အပြန်–အလှန် ဝေဖန် သိမြင်နိုင်ခွင့်ရသည့်အခါ မည်သည့်အခြင်းအရာ၌ပင်ဖြစ်စေ၊ ဖြောင့်မန်ကောင်းမြတ်သော အကျိုးတရားကို ရရှိခံစားနိုင်စွမ်း ရှိလာအပ်ပေသည်။

# ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ

'ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ' ဆိုသည်တွင်လည်း ထို့အတူသာ ဖြစ်သည်။

'ဗုဒ္ဓဝါဒ'ကို သိရပြီးနောက်၊ 'ဗုဒ္ဓသာသနာ'ကိုလည်း သဘောအားလျော်စွာ၊ ဂုဏ်ကျေးဇူး အားလျော်စွာ သိနားလည်တတ်ဖို့လိုသည်။ သိထိုက်သည်။ 'ဗုဒ္ဓဝါဒ'ကို သိနားလည်သည်နှင့်အမျှ 'ဗုဒ္ဓသာသနာ'ကို ရှိသေလိုက်နာ ကျင့်သုံးအားထုတ်ခြင်း ရှိပါမှလည်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော် (ညွှန်ကြားဆုံးမမှု) သည် ကြာရှည် လေးမြင့် ခိုင်ကျည်တည်တန့်နိုင်မည်။ တိုးတက်ပြန့်ပွားနိုင်မည်။ လောကကြောင်း ဓမ္မကြောင်း နှစ်ဖြာသော ကောင်းကျိုးကို ရရှိခံစားကြရပေလိမ့်မည်။

ကောင်းပြီ - ဤသို့ဆိုလျှင် 'ဗုဒ္ဓသာသနာ'ဟူသည် အဘယ်သို့ဖြစ်ပါသနည်း။ အဘယ်အခြင်းအရာ၊ သဘော - သဘာဝကို 'ဗုဒ္ဓသာသနာ'ဟူ၍ ခေါ်ဆို သိမှတ်အပ်ပါသနည်း။

# ဗုဒ္ဓသာသနာ

ဗုဒ္ဓသာသနာဆိုရာ၌၊ ဗုဒ္ဓဘာသာဝင်များ သိထားကြပြီး သာသနာတော်မှာ၊ ပရိယတ္တိ - ပဋိပတ္တိ - ပဋိ ဝေဓ ၊ ဟူသော သာသနာသုံးရပ်ဖြစ်သည်။

(၁) မြတ်စွာဘုရား ဟောကြား ညွှန်ပြတော်မူအပ်သည်များ ( ပိဋကတ်သုံးပုံ ) ကို သင်အံ့လေ့ကျက်ခြင်း သာသနာ။

(၂) သင်အံ့လေ့ကျက်ရသည့်အတိုင်း ကျင့်ကြံ အားထုတ်ခြင်း၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက် - ထောက်ပံ့ခြင်း သာသနာ။

(၃) ထိုထို ကျင့်ကြံအားထုတ်မှု၊ လှူဒါန်း ပေးကမ်းမှု အားလျော်စွာ ကောင်းမြတ်သော အကျိုးတရားများ ဖြစ်မြောက်ရရှိစေမှု သာသနာဟူ၍ သုံးမျိုး - ပါးသုံးရှိနေခဲ့ပေသည်။

ဤ သာသနာတော် သုံးရပ်နှင့် စပ်လျဉ်း၍ ပုဂံ ခေတ် တွင် ရဟန္တာ - ရှင်အရဟံက အနော်ရထာမင်းစောအား ထုတ်ဖော် မိန့်ကြားအပ်သော စကားမှာ မှတ်သားဖွယ် ကောင်းသည့်ပြင်၊ သာသနာတော်၏ သဘော - သဘာဝကိုလည်း ထင်ရှားဖော်ပြ နေပေသည်။

" ဘုရားရှင် သာသနာတော်သုံးပါးတွင် ပရိယတ္တိသာသနာ ရှိမှ ပဋိပတ္တိသာသနာ ဖြစ်နိုင်သည်။ ပဋိပတ္တိ သာသနာ ဖြစ်မှ ပဋိဝေဓသာသနာဖြစ်နိုင်သည်။ ပရိယတ္တိသာသနာ ဟူသော ပိဋကသုံးပုံလည်း မစုံချေသေး။ ဤ ပြည်တွင် ဘုရားရှင် သရီရဓာတ်တော် - မွေတော်လည်း မရှိချေ သေး။ မွေတော် – ဓာတ်တော် ပိဋကတ်ကျမ်းဂန်ရှိသော ပြည်ရွာတိုင်းကားသို့ လက်ဆောင်ပဏ္ဏာနှင့် တောင်းစေ ၍ ရသည်ဖြစ်မှ သာသနာတော် အရှည်တည်ထွန်းမည် "

ဤကား - ဗုဒ္ဓမြတ်စွာဘုရား၏ သာ သ နာ တော် သုံး ရပ် ( သို့မဟုတ် ) ကြောင်းကျိုးဆက်စပ်တည်နေမှု သ ဘော ဖြစ် သည်။ ယနေ့ မျက်မှောက်ခေတ်တွင်လည်း မြတ် စွာ ဘု ရား ၏ သာသနာတော်သည် ဤ ကြောင်းကျိုးဆက်စပ်မှု အားလျော် စွာပင် ဖြစ်တည် ထင်ရှားနေခဲ့သည်။

ပရိယတ္တိသာသနာတော်ကို ပြုစုချီးမြှောက် နေ တော်မူ ကြ သော သံဃာတော် အရှင်မြတ်များ၊ ပဋိပတ္တိသာသနာတော်ကို လိုက်နာကျင့်သုံး ကြိုးပမ်းအားထုတ်နေ တော် မူ ကြကုန် သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်၊ သူတော်ကောင်းများ၊ ထိုထိုကျင့်သုံး.

အားထုတ်မှု အားလျော်စွာ ဖြစ်မြောက် ရရှိအင်သော ပဋိဝေဓသာသနာတော် အကျိုးတရားများစသည်ဖြင့် သာသနာတော်၏ အခြင်းအရာကို ကောင်းစွာတွေ့မြင်သိရှိနေရပေသည်။

## အခြေခံသဘော

ဤသို့ကြောင်းကျိုးဆက်ဇပ်မှုဖြင့် မဟုတ်ပဲ၊ အလုံးစုံ - ခြုံလွှမ်း သိနားလည်ရခြင်း တရပ်လည်း ရှိသေးသည်။ ဗုဒ္ဓသာသနာတော်ဟူသည် အဘယ်သို့ဖြစ်ကြောင်းကို အကျဉ်းချုပ်အခြေခံ သိမှတ်ချင်သူများအဖို့ လွယ်ကူရာ - လွယ်ကူကြောင်းဟုလည်း ဆိုနိုင်သည်။

သဗ္ဗပါပဿ အ ကရဏံ
ကုသလဿ ဥပသမ္ပဒါ
သစိတ္တ ပရိယော ဒါပနံ
ဧတံ ဗုဒ္ဓါန သာသနံ

'အလုံးစုံသော မကောင်းမှုတို့ကိုမပြုခြင်းသည်၎င်း၊ ကုသိုလ်ကောင်းမှုဟူသမျှဖြင့် ပြည့်စုံစေခြင်းသည်၎င်း၊ မိမိစိတ်ကို ဖြူစင်ဖြောင့်မတ်စွာ ထိန်းသိမ်းစောင့်ရှောက်အပ်ခြင်းသည်၎င်း၊ ဤ - ဆောက်တည် ကျင့်သုံးမှုသုံးပါးသည်ကား၊ မြတ်စွာဘုရားရှင်တို့၏ အစဉ်အလာဖြစ်သော အဆုံးအမ ( သာသနာ ) တော်ပေတည်း'

## သာသနာတော်ဟူသည်

ဤမျှဆိုလျှင် ဗုဒ္ဓမြတ်စွာဘုရားတို့၏ သာသနာတော်ဟူသည် အဘယ်သို့ဖြစ်ကြောင်း ကောင်းစွာ သိနားလည်နိုင်သည်။

အကုသိုလ်မှု ဆိုရာ၌ မည်သည့်အပြုအမူသည် အကုသိုလ်ဖြစ်ကြောင်း၊ ကုသိုလ်ကောင်းမှု ဆိုရာ၌လည်း မည်သည့် အပြုအမူသည် ကုသိုလ်ကောင်းမှုဖြစ်ကြောင်း ရှေ့ပိုင်း ( မဂ္ဂင်ရှစ်ပါး ) တွင်လည်း ထုတ်ဖော်သိသာစေခဲ့ပြီး ဖြစ်ပေသည်။

## ကောင်းကျိုးနှစ်ဖြာ

အချုပ်သဘောအားဖြင့်ကား၊ ဗုဒ္ဓသာသနာတော် ဟူသည် ဖြစ်မြောက်ကြုံကြိုက်နေဆဲ ( သက်ရှိထင်ရှားဘဝ ) တွင်လည်း အပြစ်ကင်းသော နေထိုင်ရပ်တည်မှုကို ညွှန်ပြသည်။ နောင်တမလွန်ဘဝတွင်လည်း နတ်ပြည် - နတ်ရွာစသော ချမ်းသာသုခများကို ဖြစ်ထွန်းပေါက်ရောက်စေသည်။

ဝိပဿနာနည်းကို ကျင့်သုံးအားထုတ်ခြင်းဖြင့်လည်း၊ သောတာပန်၊ သကဒါဂါမ် အစရှိသော အမြိုက်နိဗ္ဗာန်သို့တိုင် ဆိုက်ရောက်ပေါက်မြောက်ကာ၊ သံသရာ ဝဋ္ဋဆင်းရဲနှင့် လုံးဝလွတ်ကင်းသွားရပေသည်။

ဤသည်ပင်လျှင် ဗုဒ္ဓသာသနာတော်၏ အဆုံးမရှိနိုင်သော မြင့်မြတ်ဖြောင့်မှန်ခြင်း ( ဂုဏ်ကျေးဇူး ) ဖြစ်လေတော့သည်။

## သာသနာတော်၏ ငြိမ်းအေးချမ်းသာခြင်း

စင်စစ် ‘ ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာတော် ’၏ ငြိမ်းအေး ချမ်းမြေ့ခြင်းဆိုသည်မှာလည်း၊ ဇာတ်၊ နိပါတ်၊ ဝတ္ထုကြောင်း အထောက်အထား များစွာဖြစ်သည်။ ထိုထိုဝတ္ထုကြောင်းများကို အပထားဦး၍ တရားတော်၏ ဂုဏ်ကို ဆင်ခြင်ကြည့်လျှင်ပင်၊

“ ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာတော် ’၏ ပကတိသော အေးငြိမ်း ချမ်းသာခြင်းကို ပေ့ါသိနိုင်ပေသည်။

## ကြားနာရုံပင် အပူစင်၍

ရှင်တော်ဘုရား၏ တရားတော်သည်—

၁။ နာကြားရခြင်းတည်းဟူသော အစ၏ကောင်းခြင်း၊

၂။ ကျင့်ကြံအားထုတ်ခြင်း တည်းဟူသော အလယ်၏ ကောင်းခြင်း၊

၃။ ကျင့်ကြံပြီးသောအခါ တရားထူးကို သိမြင်၍ ဒုက္ခခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်ကို ရခြင်းတည်းဟူသော အဆုံး၏ ကောင်းခြင်းများနှင့် ပြည့်စုံရကား၊ မကျင့်နိုင်သေးစေကာမူ ကြားနာရုံမျှဖြင့် ( ပင် ) ဟုန်း ကနဲ ထနေသော ကိလေသာ မီးပူကြီးများကို ငြိမ်းစေနိုင်ပါသည်။

## ကိလေသာမီး ၁၀-ပါး

၁။ လောဘ — လိုချင်တောင့်တမှု - မီး
၂။ ဒေါသ — စိတ်ဆိုးမှု - မီး
၃။ မောဟ — မသိမလိမ္မာမှု - မီး
၄။ မာန် — ထောင်လွှားတက်ကြွမှု - မီး
၅။ ဒိဋ္ဌိ — အယူလွဲမှားမှု - မီး
၆။ ဝိစိကိစ္ဆာ — ဘုရား၊ တရား၊ သံဃာ၊ ကံ ကံ၏ အကျိုးများ၌ ယုံမှားမှု - မီး

၇။ ထိန် — အိပ်ချင်အားကြီးထိုင်းမှိုင်းမှု - မိုး

၈။ ဥဒ္ဓစ္စ — ပျံ့လွင့်မှု၊ မတည်ကြည်မှု - မိုး

၉။ အဟိရိက — အကုသိုလ် ဒုစရိုက်ကို မရှက်မှု - မိုး

၁၀။ အနောတ္တပ္ပ — ဒုစရိုက်မှ မကြောက်လန့်မှု - မိုး။

ဤကိလေသာဆယ်ပါး မိုးပူကြီးများသည် ငါတို့ ပုထုဇဉ်များ သန္တာန်၌ လောင်မှန်းမသိ လောင်ကျွမ်းလျက်ရှိရာ၊ တခါ တခါ သိသိသာသာ - အပြင်းအထန်လောင်ကျွမ်းကာမှ ဩော်-တယ်ပူတဲ့ ' မိုးပါတကား ' ဟု အထင်အရှား သိကြရလေသည်။

ဤကိလေသာ မိုးပူများကို တရားတော်က ကြားနာရုံမျှဖြင့် အေးငြိမ်းအောင် ငြိမ်းနိုင်ပါပေသည်။ ဤကား ကြားနာမှုဟူသော အစ၏ ကောင်းခြင်းပေတည်း။

## ကျင့်လျှင်ချမ်းသာ

များစွာသော လူအပေါင်းတို့က ' ဘုရားရှင်၏ တရားတော်လာအတိုင်း စောင့်စည်းကျင့်ကြံနေရလျှင် စိတ်ကျဉ်းကြပ်၍ ဆင်းရဲနေလိမ့်မည်။ ဘုရားရှင်၏ အလိုတော်နှင့် ဆန့်ကျင်နေသော လောကီအာရုံများကို လိုက်စားနေရမှသာ ပျော်ရွှင်ဖွယ်ရှိသည် ' ဟု မှတ်ထင်နေတတ်ကြသည်။

ဥပမာ ညဉ့်အခါ၌မီးထွန်းထားလျှင် မီးရောင်ကို ရွှေတောင်ထင်၍ ဝင်ရောက်တိုးဝှေ့တတ်သော ' ပိုးပရမ် ' ကောင်များနှင့် တူလှချေ၏။

## ချမ်းသာစစ်မဟုတ်

စင်စစ်မှာ ထိုထင်ကြသည့်အတိုင်းမဟုတ်၊ ဘုရားရှင်အလိုတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သော လောကီအာရုံကို လိုက်စားမှုကြောင့် ယခုဘဝမှာပင် လူချင်းမတူ၊ သူချင်းမမျှ နှလုံးမထူနိုင်အောင် အောက်ကျသွားရသူတွေကို မြင်ကြရလှလေပြီ။

ပါးနပ်လှ၍ ဤဘဝ၌ လူတွင်ကျယ်ဖြစ်နေစေကာမူ၊နောင်သံသရာဝယ် လူပါး-လူလယ်လုပ်၍ ရတော့မည်မဟုတ်။ မုချဆိုးဝါးသော ဒုက္ခကြီးနှင့် တွေ့ကြရတော့မည်။

## လက်တွေ့ချမ်းသာမှု

ဘုရားရှင်အလိုတော်ကျ တရားများကို လိုက်နာကျင့်သုံးကြလျက် နေထိုင်ပါမူ၊ လွန်စွာချမ်းသာပေမည်။ သား - သမီးနှင့်ဘက္က တအိမ်သားလုံး သူတော်ကောင်းချည်း ဖြစ်ခဲ့လျှင် မည်မျှချမ်းသာလိမ့်မည်နည်း။

ထို့ထက် အလွန် စိတ်တူ-သဘောတူ ပါရမီဖြည့်မှုကိုသာလိုရင်းထားလျက် တရားဘက်ကို လိုက်စား၍ အေးအေးဆေးဆေးနေထိုင်ကြပါလျှင် မည်မျှချမ်းသာလိမ့်မည်ကို ဆင်ခြင်တွေးဆ၍ ကြည့်ကြပါကုန်လော။

## ဥဒယဘဒ္ဒဇာတ်တော်

ဘုရားရှင်နှင့် ယသော်ဓရာလောင်းလျာနှစ်ပါး သည်၊ ဥဒယဘဒ္ဒ' မင်းသား 'ဥဒယဘဒ္ဒါ' မင်းသမီးဟူသော အမည်

ဖြင့် ' သုရုန္ဓန 'ပြည်ကြီးကို အုပ်ချုပ်လျက် မင်း မိဖုရားပြုလုပ်ခဲ့ ဘူးကြလေသည်။

သို့သော် အသိ - အလိမ္မာတွင် အထွတ်အထိပ်သို့ ရောက်ပြီး သော ပါရမီရှင်ကြီးများ ဖြစ်ကြသည့်အတိုင်း မင်း မိဖုရား အဖြစ်မျိုးဖြင့် နေထိုင်သော်လည်း လောကီ လူ့ကိစ္စ - လူ့ အာရုံများ၌ စိတ် မညွတ်ကြဘဲ၊ တခုတည်းသော နန်း ဆောင် မှာပင် ဖြူဖြူ - စင်စင် စံတော်မူကြသတဲ့။

ထိုကဲ့သို့ စံနေစဉ် နောင်ရေး - နောင်တာကို တွေး၍ တနေ့ သ၌ မင်း မိဖုရားနှစ်ပါးတွင် အလျင်နတ်ရွာစံသူက ' ရောက်ရာ ဘဝမှ လာ၍ ပြောကြစတမ်း ' ဟု ( အချင်းချင်း မခွဲလိုသော ကြောင့် ) ကတိစကား သစ္စာထားကြလေသည်။

ထိုသို့ကတိထားပြီးနောက် ဘုရင်မင်းမြတ်က ရှေးဦး စွာ နတ်ရွာစံနှင့်၍ တာဝတိံသာ နတ်ပြည်ဝယ် သိကြားမင်း ဖြစ်လေသည်။

## ကျင့်ကြံမှုနှင့်အညီ

ထို့နောက်အတော်ကြာမှ သတိရသဖြင့် မိဖုရားအထံသို့လာ၍ နတ်ပြည်၌ သိကြားမင်းဖြစ်ကြောင်း ကိုယ် နှုတ် စိတ် များကို စောင့်စည်း၍ စွန့်ကြဲလှူဒါန်းနေပါလျှင် အတူတကွ ဖြစ်ဖို့ရန် ရှိကြောင်းနှင့်တကွ၊ သံဝေဂတရား စကားများကို ပြောဆို ဆုံးမ၍ နတ်ပြည်သို့ ပြန်ကြွသွားလေ၏။

မိဖုရားလည်း ဆုံးမသည့်အတိုင်း လိုက်နာ၍ ကံ ကုန်သည့်

အခါ သိကြားမင်း၏ အထံတော်၌ မိဖုရားပင် ဖြစ်လေသည်။ ဤကား 'ကျင့်ကြံမှု'ဟူသော အလယ်၏ ကောင်းခြင်းတည်း။

## ကျင့်ပြီးခါလည်း-စခန်းသင့်အောင်

အစွမ်းကုန် ကျင့်ပြီးသည့် အခါ၌လည်း ကိလေသာမီးမှာ ဘာခါဘည်း ချုပ်ငြိမ်းသဖြင့် ထီးနန်း စည်းစိမ်မက သာလွန်ငြိမ်းချမ်းသော နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင် ရွှေဉာဏ်တော်ဖြင့် ချိန်၍ ဟောတော်မူထားကော၊ ဟောတော်မူသည့်အတိုင်း ကျင့်လျှင် နိဗ္ဗာန်ကို ကေန်ရနိုင်ပေသည်။

ဤကား 'ကျင့်ပြီးခြင်း'ဟူသော အဆုံး၏ ကောင်းခြင်းတည်း။

## တိုက်တွန်းချက်

ယခုအခါ၌ အသိ-အလိမ္မာနှောက်ကျ၍ ဥစ္စာစည်းစိမ် ဂုဏ်သိရေးတွ ပျက်ပြီးကာမှရင်း၊ အကုသိုလ် ဒုစရိုက်တွေ တင်းကြပ်အောင် ပြည့်နေမှရင်း၊ နောင်တရ၍ အထိုက်အလိုက် လိမ္မာသူတွေရှိကြ၏။ တကယ်တန်း ဒုက္ခနှင့် တွေ့ကြုံရသောအခါ ဘယ်လိုဖြေရမှန်းမသိ၍ စိတ်နှောက်ကိုယ်ပါကြံမိကြံရာကြံလျက် အသက်ဆုံးအောင် စီမံရှာသူတွေကိုလည်း အများပင် ကြားရဘူးလေပြီ။

ထိုသို့ အကြံဆိုးပေါ်လာလျှင် ဆရာကောင်းထံ ချဉ်းကပ်၍ တရားကို နာပါတော့လား။ ဘုရားရှင်၏ တရားတော်သည် သေချာစွာ သဘောကျလျှင် ယခုဘဝ၌ တွေ့ကြုံကြရိုး ဒုက္ခမီး

မျိုးကိုလည်း ငြိမ်းစေနိုင်၊ သံသရာ၌ တွေ့ရမည့် ဒုက္ခမီးကိုလည်း မှချငြိမ်းစေနိုင်ပါသည်။

## တရားရစေမှု

ထိုတရားတွေကို နားလည်ဘို့ရာလည်း ရဟန်းတော်များ စာသင်သလို ၁၀ - နှစ်၊ အနှစ် ၂၀ - မျှ လေ့လာနေကြရမည် မဟုတ်ပါ။ တရားလမ်းကြောင်းသက်သက်ကို ဟောပြောပြသ သော ပညာရှိ သူတော်ကောင်း၊ ယုံကြည်စိတ်ချရသော ဆရာ သမား၊ ဘတ်သိနားလည်သော မိခင် - ဘခင်၊ အိမ်ရှင် - အိမ် သူ၏စကားကို လိုက်နာမှု၊ တရားလမ်းမှန်ရေးထားသော ပညာရှိ တို့၏ စာများကို စိတ်ပါ - လက်ပါ ကြည့်ရှုမှုဖြင့် သူတော် ကောင်း ပညာရှိကလေးများ ဖြစ်နိုင်ပါသည်။

ထို့ကြောင့် ' မိုးကုန်မှ - ထွန်ချခြင်း၊ မျက်စိကန်းမှ - ယက် ကန်းသင်ခြင်း၊ နေဝင်မှ - စပါးလှန်းခြင်း၊ သူခိုးပြေးမှ - ထိုးကွင်း ထ၍ လူမိုက်နောက်မှ - အကြံရခြင်း ' မျိုး မဖြစ်စေဘဲ၊ ဗုဒ္ဓ ဘာသာတရား၌ သိထိုက်သော လိုရင်းအချက်များကို လက်မလွန် ခင် ( အချိန်မနှောင်းခင် ) စောစောက ကြိုတင်၍ သိရှိ နား လည်အောင် ကြိုးစားကြဘို့ရန် အထူးတိုက်တွန်းပါသည်။

## အရှင်ဇနကာဘိဝံသ၊ ရတနာ့ဂုဏ်ရည်

' ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာတော်၏ အနှစ်သာရ မှန် မြတ်ဖြောင့်မှန်လှခြင်းနှင့် ပတ်သက်၍ ကျေးဇူးရှင် ' အရှင်ဇနကာဘိဝံသ ' ဆရာတော်ဘုရားက ဤအတိုင်း ပင် မိန့်မှာတော်မူခဲ့လေသည်။ '

ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်၍ သိထိုက်သမျှ အကြောင်းခြင်းရာ ရှိသမျှ ပြည့်စုံအောင် ရေးသားရလျှင် အလွန်ပင် ကျယ်ပြန့်လှမည်ဖြစ်သည်။ ဆရာတော်အရှင်သူမြတ်တို့ ရေးသားခဲ့ကြပြီးလည်း ဖြစ်ပေသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာတော်၏ အနှစ်သာရပိုင်း (ဂုဏ်ကျေးဇူး) ကို ဤမျှဖြင့် ရပ်တံ့ကာ၊ ထိုဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံသို့ မည်သို့-မည်ပုံ ရောက်ရှိလာခဲ့ကြောင်း၊ ခေတ်အဆက်ဆက်တွင် အခြေအနေအားလျော်စွာ သင်္ဂါယနာတင်ခဲ့ကြောင်း စသည်များကို ဆက်လက်ဖော်ပြလိုပေသေးသည်။

# ဗုဒ္ဓသာသနာတော်နှင့်သင်္ဂါယနာ

ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သုံးလအကြာတွင် ပထမဦးဆုံးအကြိမ်အဖြစ် သင်္ဂါယနာစတင်ဆောင်ရွက်ခဲ့ကြသည်။ ( သင်္ဂါယနာ တင်ခဲ့ကြသည်။ ) ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် အဇာတသတ်အမှူပြု၍ ဖြစ်သည်။ သင်္ဂါယနာတင်ရခြင်းအကြောင်းမှာကား - ဤသို့ဖြစ်လေသည်။

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ ပုထုဇဉ်ရဟန်းများ ငိုကြွေးကြသည်တွင် သုဘဒ္ဒရဟန်းကြီးက "အချင်းတို့...၊ အဘယ့်ကြောင့် ငိုကြွေးကြကုန် သနည်း....၊ ရဟန်းကြီးဂေါတမ, မရှိလျှင် ငါတို့ကျင့်ချင်သလိုကျင့်၍ကြိုက်သလိုနေရဘို့သာ ရှိတော့သည် မဟုတ်ပါလော" ဟူ၍ သူ့အသိသူ့ဆန္ဒအလျောက် ရုတ်ချည်းဝင်ရောက်ပြောဆိုလိုက်သည်။

ထို စကားကို ရဟန္တာအရှင် မဟာကဿပကြားရသည့်အခါ

"ယနေ့ပင်လည်း ရွှေအဆင်းနှင့်တူသော ခန္ဓာတော်ရှိသေးလျက် ဆင်းရဲငိုကြွေးစွာ ပြီးစေတော်မူ သော

( အလေးအနက် ကျင့်ကြံအားထုတ်ရသော ) သာသနာ
တော်၌ ဘေးရန်အမှိုက် ဆူးငြောင့်ဖြစ်ခဲ့၏ တကား....၊
ဤသူယုတ်သည် မိမိနှင့် သဘောတူ သူတပါးကို
အပေါင်းအဖော်ရ၍ ကြီးပွားလတ်သော် သာသနာ
တော်မြတ်ကို ဆုတ်ယုတ်စေနိုင်ဘိယောင် တကား....”
ဟူ၍ တရားနှင့် ယှဉ်သော ထိတ်လန့်ခြင်းသဘော ဖြစ်တော်မူ၏။

ထိုနောက် အရှင်မဟာကဿပသည် ဤသို့လည်း ထပ်မံဆင်ခြင်မိပြန်၏။

“ သဗ္ဗညုဘုရား နိဗ္ဗာန်လားသော်လည်း ဟောကြားတော်မူခဲ့သော တရားတော်ထင်ရှားရှိသေး၏ တကား ...၊ တရားတော်မြတ် မြဲမြံစွာ တည်အောင် သင်္ဂါယနာတင်သော်၊ ဤ သူ ယု တ်ကဲ့သို့သော * ဝိသဘာဂတို့ဖြင့် သာသနာတော် မကွယ်မပတည်ထွန်းရာသည် မဟုတ်လော၊ သာသနာတော်မြတ် တည်ထွန်းအောင် ပြုလုပ်မည်ကို ရည်မှတ်၍ ကိုယ်တော် သပ္ပာယ်တော်မူသော ဒုကုဋ်တော်ကို သနားတော်မူခြင်း စသည်ဖြင့် ( မြတ်စွာဘုရားသခင်သည် ငါ့အား မိမိ၏ သက်နိုးကိုပင် ပေးသနားတော်မူခြင်းဖြင့် ) သဗ္ဗညုဘုရား၊ ငါ့ကို ချီးမြှောက်တော်မူသည် မဟုတ်လော....”

ဤသို့ဖြင့်ပင် အရှင်မဟာကဿပရဟန်းကြီးသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော် မူပြီးနောက် သုံးလအကြာ ဝါခေါင်လပြည့်ကျော် ငါးရက်နေ့တွင် အရှင်ဥပါလိ၊ အရှင်

---

* ဝိသဘာဂ သဘောချင်းမတူသူ။

အာနန္ဒာ၊ အရှင်ဥပါလိတို့ပါဝင်သော ရဟန္တာကြီး ငါးရာတို့နှင့် အတူ ပထမဆုံးသော သင်္ဂါယနာတင်ပွဲကြီးကို စတင်ကျင်းပ တော်မူခဲ့လေသည်။

## ဒုတိယသင်္ဂါယနာ

ပထမဆုံး သင်္ဂါယနာတင်ပြီးနောက် နှစ်ပေါင်း တရာကြာ မြင့်သည့်အခါ ဒုတိယအကြိမ်မြောက် သင်္ဂါယနာတင်ပွဲ ကျင်းပ ရသည်။ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းများကို အကြောင်းပြု၍ ဖြစ်သည်။

ဝဇ္ဇီတိုင်းသား ရဟန်းများသည် ထိုအခါ၌ 'အဓမ္မဝတ္ထု ဆယ်ပါး' ဟူသော အယူအဆချွတ်ချော်တိမ်းပါးမှု ဖြစ်ပေါ် လာကြလေရကား၊ ထိုယူဆယုံကြည်မှု၏ဘေးအန္တရာယ်ကြောင့် ပင်လျှင် ဒုတိယအကြိမ်မြောက် ဖြစ်သော သင်္ဂါယနာတင်ပွဲကို ဆင်နွှဲကျင်းပခဲ့ရ၏။

ထိုဒုတိယသင်္ဂါယနာ၌၊ 'ရှင်ယသမထေရ်' အမှူးရှိသော ရဟန္တာခုနစ်ရာတို့ စုပေါင်း တင်ခဲ့ကြ၏။ သင်္ဂါယနာ တင်ပွဲကို အကူအညီပေးကာ စောင်မချီးမြှောက်သူကား၊ ဝေသာလီပြည့် ရှင် 'ကာလာသောက' ဘုရင်မင်းမြတ် ဖြစ်ပေ၏။

## တတိယ သင်္ဂါယနာ

တတိယသင်္ဂါယနာတင်ရခြင်း အကြောင်းမှာကား၊ ရှင်ယောင် - ရဟန်းယောင်၊ တိတ္ထိခြောက်သောင်းတို့ကို

အကြောင်းပြု၍ ဖြစ်သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူအပ်သည်ကား ၂၃၇ - နှစ် ရှိလေပြီ။

ထိုအချိန်ကာလတွင် ရဟန်းတု - ရဟန်းယောင် ဖြစ်သော တိတ္ထိခြောက်သောင်းတို့သည် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်ထည်းသို့ ဝင်ရောက်ကာ - ရောထွေး ယှက်တင် ပြုကြကုန်သည်။ ဘုရားရှင်သာသနာတော်တွင် 'နိဗ္ဗာန' သာမဏေကို အကြောင်းပြု၍ ရဟန်း - သံဃာတို့အား လှူဒါန်း ပူဇော်မှုများပြားလှသည့်အခါ တိတ္ထိတို့သည် ထိုလှူဒါန်းပူဇော်မှု (လာဘ်လာဘ) ကို ငဲ့ကွက် မက်မောခြင်းဖြင့် ရဟန်းစစ် - သံဃာစစ်ဖြစ်လေဟန် ရောထွေး ယှက်တင် ပြုလာကြခြင်းဖြစ်သည်။

ထို ရဟန်းယောင်များအတွက် ရဟန်း - သံဃာစစ် များက ဥပုသ်မပြုကြသည့်အခါ သိရိဓမ္မာသောက မင်းကြီးက အမတ်တယောက်အား သံဃာတော်များထံ စေလွှတ်၍ ဥပုသ်ပြုရန် ဆောင်ရွက်ကြိုးပမ်းစေသည်။

ထိုအမတ်၏ မလိမ္မာမှုဖြင့် ရဟန်းကောင်းများ ဘေးသင့်ရသည့်အခါ သိရိဓမ္မာသောကမင်းကြီး မိမိကိုယ်မိမိ သံသယဖြစ်ရသည်။ အမတ်မလိမ္မာ၏ အပြုအမူအတွက် မိမိတွင် အပြစ်ရှိလေမည်လောဟု တွေးတောကြောင့်ကြမိခြင်း ဖြစ်သည်။

ထို ကြောင့်ကြမှုအတွက် ရဟန်းရှင် မောဂ္ဂလိပုတ္တတိဿမထေရ်ကို လျှောက်ထားမေးမြန်းသည်။နောက် ရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏ သွန်သင်ဆုံးမမှုအား လျော်စွာ ပင် တိတ္ထိတို့၏ အနှောက်အယှက်ကို ကင်းစင်စေသည်။ ရှင်မောဂ္ဂလိပုတ္တတိဿ

အမှူးရှိသော ရဟန္တာကြီးတထောင်တို့ဖြင့်လည်း အာသောကာရုံကျောင်းတော်၌ ကိုးလတိုင်တိုင် သင်္ဂါယနာ တင်တော်မူခဲ့သည်။

## ကိုးတိုင်း - ကိုးဌာနတွင်သာသနာပြုခြင်း

အစဉ်အတိုင်းဆိုလျှင် တတိယသင်္ဂါယနာတင်ခြင်း နောက်၌ စတုတ္ထသင်္ဂါယနာတင်ခြင်းအကြောင်း ဆက်လက်ဖော်ပြရန် ဖြစ်သည်။

သို့သော်စတုတ္ထသင်္ဂါယနာဟူသည် သီဟိုဠ်ကျွန်း၌ မြတ်စွာဘုရား၏ ပိဋကတ်သုံးပုံတို့ကို ပေရွက်ပေါ်တွင် ရေးသားပြုစုထားပြီးကာမှ စီစဉ်ဆောင်ရွက်မှုဖြစ်သဖြင့် ထိုကာလ မတိုင်မီ ကိုးတိုင်း - ကိုးဌာနသို့ သာသနာပြုစေလွှတ်ခြင်း အကြောင်းကို ဦးစွာဖော်ပြရပေဦးမည်။

## မထေရ်မြတ်၏အမြော်အမြင်

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်သည်တတိယသင်္ဂါယနာတင်ပြီးသည့်အခါ နောင်အနာဂတ်ကာလ၌ မြတ်စွာဘုရား၏ သာသနာတော်သည် မည်သည့်အရပ်၊ မည်သည့် တိုင်းပြည်တွင် အရှည်သဖြင့် တည်တံ့နိုင်ပါမည်နည်းဟု ဆင်ခြင် ကြည့်တော်မူ၏။

ထိုအခါ သာသနာတော်မြတ်သည် ပစ္စန္တရာဇ်တိုင်း ( တိုင်းကြီး - ပြည်ကြီးမဟုတ်သောအရပ် )တို့၌ကောင်းစွာတည်လတ္တံ့သည်ကို သိမြင် ဆင်ခြင်တော်မူမိ၏။

သို့ဖြင့် ထို ထိုပစ္စန္တရာဇ်တိုင်းများသို့ ဤသို့လျှင် သာသနာပြု ပုဂ္ဂိုလ်များ စေလွှတ်ဆောင်ရွက်တော်မူ၏။

## သာသနာပြုပုဂ္ဂိုလ်များ

၁။ မဇ္ဈန္တိကမထေရ်ကို ကသ္မီရဂန္ဓာရတိုင်းသို့ စေလွှတ်တော်မူသည်။

၂။ မဟာရေဝတမထေရ်ကို မဟိံသကတိုင်းသို့ -

၃။ ရက္ခိတမထေရ်ကို နဝဝါသီတိုင်းသို့ -

၄။ ယောနကဓမ္မရက္ခိတမထေရ်ကို အပရန္တတိုင်းသို့ -

၅။ မဟာဓမ္မရက္ခိတမထေရ်ကို မဟာရဋ္ဌတိုင်းသို့ -

၆။ မဟာရက္ခိတမထေရ်ကို ယောနကတိုင်းသို့ -

၇။ မဇ္ဈိမ, မထေရ်ကို ဟိမဝန္တာ၌ တည်သော စိန့်တိုင်းငါးရပ်သို့ -

၈။ သောဏ - ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘူမိတိုင်းသို့ -

၉။ အရှင်မဟိန္ဒမထေရ်ကို သီဟဠတမ္ဗပဏ္ဏိမည်သော သီဟိုဠ်ကျွန်းသို့ဟူ၍ နေရာ - ဌာနခွဲခြားသတ်မှတ်ကာ စီစဉ်စေလွှတ်တော်မူအပ်ပေ၏။

## မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာတော်

ဤကဲ့သို့ ကိုးတိုင်း - ကိုးဌာန ခွဲခြားစေလွှတ်ခဲ့ရာ၌ အပရန္တတိုင်းနှင့် သုနာပရန္တတိုင်းဆိုသည်များမှာ မြန်မာနိုင်ငံတော်ကို ပင် ခေါ်ဆိုခြင်းဖြစ်ကြောင်း ( စာဟောင်း - ပေဟောင်းများ အရ ) သိရသည်။

သုဝဏ္ဏဘူမိတိုင်း ဆိုသည်မှာလည်း မြန်မာနိုင်ငံတော်ထည်း၊ တွင်ပင် အပါအဝင်ဖြစ်သည်။ အပရန္တတိုင်း သုဝဏ္ဏဘူမိတိုင်း ယောနကတိုင်း ဤသုံးရပ်သည် အာဒိစ္စဝံသ မြန်မာ့ ဦးစွန်း တွန်းရာလက်နက်နိုင်ငံများဖြစ်ကြောင်း ဆိုညွှန်းသည်။

သုဝဏ္ဏဘူမိကို တမျိုးတနည်းခေါ်ဆိုအပ်သည်ကား 'ရာမညတိုင်း' ဖြစ်သည်။

ကုသိမ်, မဏ္ဍလ၊ ဟံသာဝတီမဏ္ဍလ၊ မုတ္တမ မဏ္ဍလဆိုရာ၌ ကုသိမ မဏ္ဍလ ဆိုသည်ကား - ပုသိမ်၊ မြောင်းမြ၊ ကျုံပျော် (ခဲပေါင်) စသော ရာမညတိုင်းအတွင်းမှ မြို့ရွာဒေသများ၊ ဟံသာဝတီမဏ္ဍလဆိုသည်ကား တိဂုံ၊ ဒလ၊ ဥက္ကလာပ စသော၊ မြို့ရွာဒေသများ၊ မုတ္တမ မဏ္ဍလ ဆိုသည်ကား၊ သထုံ၊ မုတ္တမ, စသော မြို့ရွာ ဒေသများဖြစ်ကြောင်း ဆိုညွှန်းသည်။

ထိုထို မြို့ရွာ ဒေသ တိုင်း ခရိုင်များအပါအဝင် မြန်မာနိုင်ငံ တဝှန်းလုံးကိုကား 'သုနာပရန်တမ္ဗဒီပတိုင်း မရမ္မမဏ္ဍလ' ဟူ၍ ခေါ်ဆိုကြောင်း သိရသည်။

## သာသနာတော်စတင်ရောက်ရှိခြင်း

ဗုဒ္ဓသာသနာ မြန်မာနိုင်ငံသို့စတင်ရောက်ရှိလာခြင်းမှာကား၊ သုနာပရန္တတိုင်းမှ ဝါဏိဇ္ဇဂါမရွာသား 'စူဠပုဏ္ဏ - မဟာပုဏ္ဏ' ဟူသော ကုန်သည် ညီအကိုကို အကြောင်းပြု၍ ဖြစ်သည်။ မြတ်စွာဘုရားသခင် ဝါတော်နှစ်ဆယ်ကျော် အခါကာလ ကတည်းကပင် မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာ ရောက်ရှိ တည်နေစ

ပြုကာ မြတ်စွာဘုရားကိုယ်တော်တိုင်လည်း အကြိမ်ကြိမ် ကြွရောက်တော်မူလာသည်။

စူဠပုဏ်-မဟာပုဏ် ညီနောင်နှင့်တကွ၊ သစ္စဗန်-ဣသိဒိန္န စသူတို့ကို ဟောကြား ဆုံးမတော်မူကြောင်းလည်း သိရသည်။ လက်လေးသစ်ခန့်မျှကိုပင် အဖိုးတသိန်းထိုက်သော စန္ဒကူးနီ ကျောင်း (ကုန်သည်ညီနောင်တို့ ဆောက်လုပ်လှူဒါန်း အပ်သော) ၌ သီတင်းသုံးနေတော်မူသည်ဟု ဆိုသည်။ *

## တဖုဿနှင့် ဘလ္လိက

ဗုဒ္ဓဘာသာမြန်မာလူမျိုးများ-အသိများ နေကြပြီး (ရင်း နှီးပြီး) ဖြစ်သော တဖုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်ဆို သည်မှာလည်း စင်စစ်အားဖြင့်ကား (သုဝဏ္ဏဘုမ္မိတိုင်း အသိ တဉ္ဇနပေါက္ခရဝတီ မြို့သားဆိုရစေကာမူ) မြန်မာနိုင်ငံတွင် အပါအဝင် သထုံမြို့နယ်သားများ ဖြစ်နေကြပြန်သည်။

ဤနေရာ၌ 'ရှေးဖြစ်ဟောင်း-အောင်းမေ့ဖွယ်' ဆိုသည့် မျိုး ပြန်လည်စဉ်းစားစရာတရပ်ပေါ်လာသည်။

ဗုဒ္ဓသာသနာ အလွန်ထွန်းလင်းတောက်ပစဉ် ရှေးရှေးအခါ များက ယခုသီရိလင်္ကာခေါ် သီဟိုဠ်ကျွန်းနှင့် မြန်မာနိုင်ငံသည် သာသနာရေးကို အကြောင်းပြု၍ အိမ်ရှေ့-အိမ်နောက်ပမာ အကြိမ်ကြိမ် ကူးသန်းသွားလာမှု (ဆက်ဆံမှု) ရှိခဲ့ကြသည်မှာ လမ်းခရီး ရေမြေအနေအထားအရလည်း ဖြစ်ပေလိမ့်မည်။

---

* လယ်ကိုင်းကျောင်းတော်ရာကို ဆိုဟန်ရှိသည်။

သုဝဏ္ဏဘူမိခေါ် ယခုသထုံမြို့နှင့် ဟံသာဝတီ ပဲခူးမြို့များသည်၊ ထိုစဉ်ခေတ်အခါကသော် ရေမြေအနေအထားအရ ပင်လယ်ဆိပ်ကမ်းမြို့များ ဖြစ်ခဲ့ဟန် ရှိသည်။ သီဟိုဠ်ကျွန်းနှင့် သထုံ၊ ဟံသာဝတီသည် တိုက်ရိုက် သင်္ဘောဆိပ်များ ဖြစ်ကာ သွားလာဝင်ထွက်မှု လွယ်ကူဟန် ရှိနေခဲ့ပေသည်။

တနည်းအားဖြင့်ကား၊ ယူဆယုံကြည်မှု ခေတ်ကာလ အချိန်အခါနှင့်လည်း ဆက်စပ်နေသည်ဟု ဆိုနိုင်သည်။

ထိုခေတ် - ထိုအချိန်ကာလကား၊ သီဟိုဠ်သည်ရင်း၊ မြန်မာနိုင်ငံသည်ရင်း၊ ဗုဒ္ဓသာသနာ (ဘာသာရေး) ၌သာ စိတ်ဝင်စား - စူးစိုက်မှုရှိနေသော အချိန်အခါဖြစ်သည်။ ထို့ကြောင့်ပင် ဂျာမဏီ၊ အီတလီ၊ အင်္ဂလန်၊ ပြင်သစ် စသော ဥရောပတိုက် အနောက်နိုင်ငံများကို စိတ်ဝင်စားရမှန်း မသိ၊ မသိသည့် အလျောက်လည်း ထိုနိုင်ငံများ၏ လူမှုရေး (စက်မှု - လက်မှု အတတ်ပညာများ) တိုးတက်ပြောင်းလဲမှုတို့ အမှတ်မပြု - ဂရုမစိုက်နိုင် ဖြစ်ခဲ့ဟန် ရှိသည်။

## မတည်မြဲခြင်းသဘော

သီဟိုဠ်က မြန်မာနိုင်ငံကို သုနာပရန္တတိုင်းအဖြစ် ဇမ္ဗူဒိပ်အဖြစ် စိတ်ဝင်စားမှုရှိသလို မြန်မာနိုင်ငံကလည်း သီဟိုဠ်ကို သာသနာ့ရင်းမြစ်၊ ဘာသာရေး အချက်အခြာ ဌာနကြီးအဖြစ် လေးစားမြတ်နိုးမှု ရှိနေခဲ့သည်။

ဤကား တရားသဘောဖြင့်ပင်လျှင် ဆင်ခြင်နိုင်းယှဉ် (နှိုင်းရှည့်) ဖွယ် ဖြစ်နေခဲ့လေသည်။

လူမှုရေး (စက်မှု - လက်မှု သိပ္ပံပညာရပ်များ) ခွဲ့ထွင်တန်ဆာဆင်မှုထက်၊ ဘာသာရေး တွေးခေါ် ကျင့်ကြံမှုကိုသာ ဦးစားပေး - အလေးပြုအပ်သောအခါ သီဟိုဠ် (ဗုဒ္ဓသာသနာ ထွန်းကားအခြေစိုက်ရာဒေသ) သည် မြန်မာနိုင်ငံအဖို့ လေးစားမြတ်နိုးစရာ တိုင်း - နိုင်ငံတခု ဖြစ်နေခဲ့ရချေသည်။

ယခုမူ ထိုသို့မဟုတ်တော့ပြီ။ လူမှုရေး ခွဲ့ထွင် တန်ဆာဆင်မှုများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ ဥရောပတိုက် အနောက်နိုင်ငံများသည်သာလျှင် စိတ်ဝင်စားဖွယ် - အားကျဖွယ်၊ အတုယူဖွယ်များ ဖြစ်လာခဲ့ရပေသည်။

အနောက်နိုင်ငံများ၌ လူနေမှုအဆင့်အတန်း ဘယ်လို မြင့်သည်။ ကူးသန်းသွားလာရေး ဘယ်လို လွယ်ကူသည်။ လူသုံးပစ္စည်းများ ဘယ်လိုထူးခြားဆန်းကြယ်သည် စသဖြင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုများကို ဦးစားပေးအလေးပြုလာကြသည်။

ဤသည်ကား အခြေအနေ အချိန်အခါအားလျော်စွာ ရွေ့လျားပြောင်းလဲမှုမျှမဟုတ်သေး။ တိုင်း - နိုင်ငံ လူမျိုးတမျိုး၏ နိမ့်မြင့် တက်ကျ မတည်မြဲခြင်း သဘောဟူ၍လည်း ဆင်ခြင်ယူဆဖွယ် ဖြစ်နေခဲ့ပေသည်။

ရှိစေတော့၊ လူမှုရေး တိုးတက်ဆန်းကြယ်မှု (ရုပ်ပိုင်း ဆိုင်ရာ သဘော) ဘာသာရေး တွေးခေါ်ကျင့်ကြံမှု (စိတ်ပိုင်းဆိုင်ရာ သဘော) တို့၏ ခြားနားမှု၊ ကောင်းဆိုး မှားမှန် ဝေဖန်ပိုင်းခြားမှုများကို ဤမျှဖြင့် တခန်းရပ်ပြီးနောက် မူလဆိုခဲ့ရင်း

ဖြစ်သည့် မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာအကြောင်းကို ပြန်ကောက်ရပေဦးမည်။

## ပထမဦးဆုံးဗုဒ္ဓသာသနာ

မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် ဗုဒ္ဓသာသနာ ရောက်ရှိလာခဲ့ခြင်းမှာ ရှေ့တွင် ဆိုခဲ့ပြီးအတိုင်း 'တပုဿ-ဘလ္လိက' ကုန်သည် ညီနောင်နှစ်ဦးတို့ကို အကြောင်းပြု၍ဖြစ်သည်။

မြတ်စွာဘုရားသခင်သည် ထိုကုန်သည် ညီနောင် နှစ်ဦးဆောက်လုပ်လှူဒါန်းအပ်သော 'စန္ဒကူးနံ့' ကျောင်းတော်၌ ကြွရောက်သီတင်းသုံးတော်မူသည်။ သစ္စဗန္ဓရသေ့ ဝါဏိဇ္ဇဂါမရွာရှိ သိဒ္ဓိန္ဒသူဌေးသား မဟာပုဏ္ဏစသည်တို့ကိုလည်း အရိယာအဖြစ်သို့တိုင် ရောက်စေတော်မူခဲ့သည်။ *

သာသနာတော် တည်ဦးစအခါဖြစ်၍ အခိုင်အကျည်တည်တံ့မှုကား မရချေသေး။ ဗုဒ္ဓသာသနာ၌ သက်ဝင်ယုံကြည် လက်ခံကျင့်သုံးစ အခြေအနေမျှဖြစ်သည်။ ထို့ကြောင့်ပင်လည်း အရှင်မောဂ္ဂလိပုတ္တတိဿလက်ထက် သာသနာပြုပုဂ္ဂိုလ်များ စေလွှတ်ရာ၌ 'သုဝဏ္ဏဘူမိ - တမ္ပဒီပ ပရမ္မဏ္ဍလ' ဟု ဆိုအပ်သော မြန်မာနိုင်ငံသို့ သာသနာပြုပုဂ္ဂိုလ် တကူးတကန့်စေလွှတ်ရခြင်း ဖြစ်သည်။

---

* ဤအကြောင်းခြင်းရာများနှင့် ပတ်သက်၍ 'မင်းဘူး - ရွှေစက်တော်' စသည့်သမိုင်းများ ရှိနေခဲ့ပြီး ဖြစ်သည်။

## အခြေအနေကောင်း

ဤသို့စေလွှတ်ရာ၌လည်း မြန်မာနိုင်ငံအဖို့ အခြေအနေကောင်း ဖြစ်နေသောအကြောင်းတရပ်ရှိသည်။

သုနာပရန္တတိုင်း၊ သုဝဏ္ဏဘူမိတိုင်း၊ ယောနကတိုင်း ဆိုသည်များမှာ ထိုခေတ်-ထိုအခါ အနေဖြင့်သာ တသီးတခြားသဖွယ်ဖြစ်နေခဲ့သော်လည်း စင်စစ်အားဖြင့်ကား (ယနေ့ခေတ် သိနေကြပြီးအတိုင်း)မြန်မာနိုင်ငံနယ်နိမိတ်ထည်းတွင်ပင် ပါဝင်ဆက်စပ်နေခဲ့ခြင်း ဖြစ်သည်။

သုဝဏ္ဏဘူမိတိုင်းဆိုသည်ကား သထုံ၊ မုတ္တမ၊ ယောနကတိုင်းဆိုသည်ကား ရှမ်းပြည်တခွင်၊ ရှမ်းပြည် အဝန်းအဝိုင်း ဖြစ်နေသောအခါ ဗုဒ္ဓသာသနာတော်သည်တနေရာနှင့်တနေရာဆက်စပ်ပျံ့နှံ့မှု လွယ်ကူသည့် အခြေအနေမျိုး ဖြစ်သွားခဲ့သည်။

ထို့ကြောင့်လည်း ရခိုင်အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတဝှန်းလုံး၌ပင် ဗုဒ္ဓသာသနာတော် ကောင်းစွာ စည်ပင်ပြန့်ပွားခြင်း ခိုင်ကျည်တည်တံ့ခဲ့ခြင်း ဖြစ်သည်ဆိုက လွဲမှားနိုင်အံ့မထင်ပေ။

## ဒုတိယအကြိမ် ဗုဒ္ဓသာသနာ

ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် ရောက်ရှိပြန့်ပွားလာသည် ဆိုခြင်းမှာကား၊အထက်တွင် စပ်လျဉ်းဆိုညွှန်းခဲ့ပြီး သာသနာပြုပုဂ္ဂိုလ်များ ရောက်ရှိပျိုးထောင် လာသည်ကို ဆိုလိုခြင်းပင် ဖြစ်သည်။

## အဂ္ဂိက္ခန္ဓောပမသုတ်

ဤကဲ့သို့ရောက်ရှိလာရာ၌ အရှင်ယောနကဓမ္မရက္ခိတ မထေရ် အမှူးရှိသော သာသနာပြု ရဟန်းတော် ငါးပါးတို့သည် မြန်မာ နိုင်ငံသူ - နိုင်ငံသားတို့အား အဂ္ဂိက္ခန္ဓောပမသုတ်တော်ကို (သုတ်တော်ဖြင့်) ဟောကြား၍ ဗုဒ္ဓသာသနာကို သက်ဝင် ကြည်ညိုမှု ဖြစ်စေသည်ဟု သိရသည်။

အဂ္ဂိက္ခန္ဓောပမသုတ်ဟူသည်ကား၊ ရဟန်းတို့၏ အမူအကျင့် ကောင်းသည် - မကောင်းသည်၌ အကျိုး အပြစ်ကို ဝေဖန် ပိုင်းခြားပြသော သုတ်တော်ဖြစ်သည်။ မီးပုံကြီး ဥပမာ ရှိသော သုတ်ဟု ဆိုလိုသည်။ တနည်းအားဖြင့်ကား၊ ရဟန်းကောင်း တို့၏ ဂုဏ်သိက္ခာကို သိသာထင်ရှားစေအပ်သော သုတ်တော် ဖြစ်သည်။

## ဟောကြားရခြင်း အကြောင်း

သာသနာပြုပုဂ္ဂိုလ်များ ဤသုတ်တော်ကို ဟောကြား ဆိုညွှန်းရခြင်းမှာလည်း ခိုင်လုံသောအကြောင်းရှိသည်။

သာသနာသက္ကရာဇ် ၂၃၅ - ခုနှစ်၊ သိရိဓမ္မာသောက မင်း ကြီးသက်သက်၊ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် စီစဉ်စေလွှတ် တော်မူအပ်သော ထိုကိုးတိုင်း-ကိုးဌာနသာသနာပြုပုဂ္ဂိုလ်များ ရောက်ရှိလာချိန်၌ သုနာပရန္တတိုင်းခေါ် မြန်မာနိုင်ငံ၌ ရဟန်း အမည်ခံပုဂ္ဂိုလ်များ အထိုက်အလျောက်ရှိနှင့်ပြီး ဖြစ်နေလေပြီ။

သို့သော် မြတ်စွာဘုရား ဝိနည်း ဒေသနာတော်နှင့် အညီ ကောင်းစွာ ကျင့်ကြံအားထုတ်နေတော်မူကြသည် ဟူ၍ကား၊ တထစ်ချ မဆိုသာ။ သာသနာတော်တည်ဦးစ အလေး အနက် ခိုင်ကျည်တည်ငြိမ်ခြင်း မရှိနိုင်သေးစဉ်အခါဖြစ်၍ သန့်ရှင်းရန်၊ စင်ကြယ်ရန် လိုအပ်နေသေးခိုက် ဖြစ်သည်။

အထူးအားဖြင့်ကား၊ ထိုအချိန် - ထိုကာလ၌ အရည်းကြီး ခေါ် ရဟန်းယောင်များ ပေါ်ပေါက်နေပြီးလည်းဖြစ်သည်။

ထို့ကြောင့်ပင် ရဟန်းကောင်း - ရဟန်းစစ်တို့၏ ဂုဏ်သိက္ခာ သန့်ရှင်းစင်ကြယ်မှုကို နိုင်ငံသူ - နိုင်ငံသားများ ကောင်းစွာ သိနားလည်နိုင်စိမ့်သောငှာ၊ ရဟန်းကောင်း - ရဟန်း ယောင် ဝေဖန်ခွဲခြားတတ်စိမ့်သောငှာ၊ ထိုအင်္ဂုက္ခန္ဓောပမသုတ်တော်ကို ဟောကြားကာ သာသနာပြုရခြင်း ဖြစ်သည်ဟု သိရပေသည်။

## တတိယအကြိမ်သာသနာ

တတိယအကြိမ် ဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားခြင်းမှာကား၊ အနော်ရထာမင်းစောလက်ထက်ဖြစ်သည်။ ထိုအချိန် - ထိုကာလ၌ သုဝဏ္ဏဘုမ္မိတိုင်းခေါ် သထုံပြည်တွင်ကား၊ ဗုဒ္ဓသာသနာ တော်သည် ကောင်းစွာ ထွန်းကားတည်ရှိပြီး ဖြစ်နေလေပြီ။

ရှင်မောဂ္ဂလိပုတ္တတိဿ စေလွှတ်အပ်သော သာသနာပြုပုဂ္ဂိုလ် ရှင်သောဏ၊ ရှင်ဥတ္တရတို့၏ အဆက်အနွယ် စျာန်သမာပတ်ရပြီး အရှင်အနော်မဒဿီအမှူးရှိသော ရဟန်းများသည် ဗုဒ္ဓသာသနာ တော်ဝယ် ကောင်းစွာဆောက်တည် ကျင့်သုံး နေကြကုန်သည်။

ပုဏ္ဏဂါမဟူသော ပုဂံပြည်တွင်ကား၊ အရည်းကြီး ရဟန်းများသာ ထွန်းကားပေါပေါက်နေဆဲဖြစ်သည်။ ဗုဒ္ဓသာသနာတော်လည်း မထွန်းကားလေသေး။ ရဟန်းစစ် - သံဃာစစ်များလည်း မရှိလေသေး။

ထို့ကြောင့်လည်း ပုဂံပြည်၌ သမုဒ္ဒရာဇ်မင်းမှစ၍ နော်ရထာမင်းစောတိုင်အောင်သော မင်း အဆက်ဆက် တို့သည် ပင်လျှင် အရည်းကြီးရဟန်း ( အကြီးအမှူးသုံးကျိပ် နောက်လိုက်တပည့်ခြောက်သောင်း ) တို့၏ အဆိုအညွှန်း အဆုံးအမ၌ ယူမှားမိကြကုန်၏။ မယုံသင့်သည်ကို ယုံကာ၊ မပြုသင့်သည်တို့ကို ပြုမှားမိကြကုန်၏။

မယုံသင့်သည်ကို ယုံမှားမိခြင်း ဆိုသည်မှာကား - ဤသို့တည်း။

## မယုံကြည်ထိုက်သော အခြင်းအရာ

အရည်းကြီးရဟန်းတို့သည်—

၁။ သူ့အသက်ကို သတ်မိသော သူသည် ဤပရိတ်ကို ရွတ်သော် ကမ္မပထမှ ( အပြစ်မှ ) လွတ်၏ဟူ၍ရင်း -

၂။ မိဘကို သတ်မိသော သူသည် ဤပရိတ်ကို ရွတ်သော် ပဉ္စာနန္တရိယကံမှ လွတ်၏ဟူ၍ရင်း၊ ဤသို့စသော မဟုတ်မမှန် အယူဝါဒများကို ဟောကြားညွှန်ပြကြကုန်၏။

ထို့နောက်—

## မပြုသင့်သော အမှု

ထိမ်းမြား လက်ထပ်ခြင်း ပြုတော့မည့် သတို့သမီးသည် အရည်းကြီးရဟန်းတို့နှင့် ပထမဦးစွာ ပေါင်းဖော်ပြီးမှ ( ပန်းဦး လွှတ်ပြီးမှ ) သာလျှင် သားကောင်း - သမီးကောင်း ရနိုင်သည်၊ ကြီးပွားချမ်းသာဖြစ်စေသည်ဟူ၍လည်း ဟောပြော ဆိုညွှန်း ထားကြကုန်ပြန်၏။

သို့ဖြင့်ပင်လျှင် နော်ရထာမင်းစောအလျင်က ' မင်း ' များ သည် အရည်းကြီးများ အဆိုအတိုင်း ပန်းဦးမပေးလေသော သတို့သမီးအား ကြီးစွာသောမင်းပြစ် - မင်းဒဏ်ခံရစေသည်အထိ မပြုသင့်သော အမှုများကို ပြုမှားခဲ့ကြကုန်ချေ၏။

## ရဟန္တာ - ရှင်အရဟံ

နော်ရထာမင်းစော ကိုယ်တိုင်မှာကား - ပါရမီရင့်သူ ဖြစ်၍ ထိုအယူ ထိုအကျင့်ကို လုံးဝနှစ်သက်တော်မမူ၊ ကြားသိရချိန်မှ စိတ်နှလုံးပြင်းစွာ ချောက်ချားတော်မူမိသည်။ စက်ဆုပ်ရွံမုန်း တော် မူမိသည်။ ထိုအချိန် ထိုအခါ တွင်း၌ပင် လျှင် ရဟန္တာ ရှင်အရဟံသည် နော်ရထာမင်းစော စံနေတော်မူရာ ပုဏ္ဏဂါမ* ဟူသော ပုဂံပြည်သို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။

ရှင်အရဟံ - ဆိုက်ရောက်လာခဲ့ရခြင်းအကြောင်းမှာမူ ဤသို့ ဖြစ်လေသည်။

---

* ပုဏ္ဏဂါမ— ရတနာသုံးပါးနှင့် ပြည့်စုံသော တိုင်းပြည်၊ အနော်ရထာ လက်ထက်တွင်သည်။

နော်ရထာ မင်းစောသည် သာသနာတော်နှစ် - ၁၅၆၁ သက္ကရာဇ် ၃၇၉ တွင် ပုဂံပြည်၌ 'မင်း' ဖြစ်တော်မူ၏။ ထိုအခါ ပုဂံပြည်၌ ရဟန်း သံဃာတော် အယောင်ဆောင် အရည်းကြီး တို့သည် သုံးသောင်းမျှလောက်ပင် ရှိနေကြကုန်၏။

သို့ ရှိနှင့်နေကြရာ၌ အရည်းကြီး တို့သည် "မုတ်ဆိတ် မွေး ဘရပျစ်၊ ဆံကေသာ လက် လေး သစ် ၊ မဲ နှစ် သည့် စီဝရီ နှင့် တာတေလန် အကျင့်ဆိုးသော ရှင်သိုးတကာထက်ခေါင်ကြီး" ဟူသော ဦးပုည စာဆိုအတိုင်းပင် သင်ပြင်အားဖြင့် မနှစ်မြို့ဖွယ် ဖြစ်ရုံမျှ မဟုတ်သေး၊ အထက်ဆိုညွှန်းခဲ့ပြီး အကျင့် အကြံ များ အရလည်း၊ နော်ရထာ မင်းစော သည် - အရည်း ကြီး များကို နှစ်သက်ကြည်ညိုခြင်း မရှိနိုင်ဖြစ်နေခဲ့လေသည်။

သို့ဖြင့်ပင် ထို အရည်း ကြီး များ ကို ပြည်သူတို့ နှင့် အတူ ကိုး ကွယ် ခြင်း - လှူဒါန်း ပူဇော်ခြင်း မပြုဘဲ အလွတ် အကင်း သာလျှင် နေတော်မူခဲ့သည်။

ထိုအခါ အကြံအဖန်စိတ်ကူးဉာဏ်ကောင်းသောအရည်းကြီး တဦးသည် မိမိတို့ ကျင့်သုံး ပြုမူ နေကျ - စရိုက် သဘာဝ များ အတိုင်း ပကတိ လျှော်ညီ ညွတ် လေ အောင် ကျမ်း စာ ထုပ် ပြုလုပ်ကာ သရေခေတ္တရာပြည်မှ သခွတ်ပင်ကြီး တပင်အတွင်း ထည့်သွင်းထားခဲ့သည်။ ကျမ်း စာ ထုပ် ထည့် သွင်း ထား သော သစ်ခေါင်းသည် အခွံ အသား ထပ်မံ တိုးပွား လာစေနိုင်အောင် လည်း၊ မြေကြီးနှင့် ရေကို ဂရုတစိုက် မှမ်းမံ ဖန်တီး ပေး ခဲ့ လေသည်။

သုံးနှစ်မျှ ကြာသွားသည်။

သခွတ်ပင်ကြီး၏ သစ်ခေါင်းသည်လည်း နဂို ပကတိ အတိုင်း စေ့စပ်သိပ်သည်းသွားခဲ့သည်။ သဘာဝအားလျော်စွာ ရှင်သန် ဖွံ့ဖြိုးနေသော သစ်ပင် ပကတိသဖွယ်ဖြစ်သည်။

## အိမ်မက်ရ-ကျမ်းစာထုပ်

ထိုအခါဥာဏ်ကြီးရှင်အရည်းသည် နော်ရထာမင်းစောအား ဤသို့လျှင် အသိပေး အကြောင်းကြားလာ၏။

"အကျွန်ုပ်တို့၌ ကျမ်းဂန်စာပေ အထင်အရှား မရှိ၍ အားလုံးကပင် တောင့်တ နေကြ သည်တွင် ယခု အ ခါ ဘေး လောင်း တော် ဒွတ္တပေါင် မင်းကြီး၏ မြို့တော် သရေခေတ္တရာဝယ်၊ ထို ကျမ်းစာ ရှိနေကြောင်း သိရ ပါသည်။ မြို့လယ်မှ သခွတ်ပင်ကြီးအတွင်း၌ထိုကျမ်းစာ ရှိနေသည်ဟု နတ်များက အိပ်မက်ပေးလာခြင်း ဖြစ်ပါ သည်။ အ ကျွ နုပ် တို့ သည် ထို ကျ မ် း စ ာ ကို ရှ ာ ဖွေ ထုတ်ယူကာ ကျမ်းစာတွင်ပါသည့်အတိုင်း သင် ကြ ား ကျင့်ကြံရမည်ဟူ၍လည်းမှာထားခဲ့ပါသည်။"

နော်ရထာမင်းစောသည် ထိုစကားအတွက် ဝမ်း မြ ောက် ဝမ်းသာဖြင့် ကိုယ်တော်တိုင် ရသေ့ပြည်တွင်း( သရေခေတ္တရာ ) သို့ ရောက်အောင် စစ်သည် ဗိုလ်ပါအပေါင်းနှင့် ကြွ ချီ တေ ာ် မူသည်။ မြို့လယ်တွင် လုံးပတ် သုံးဆယ့် နှစ်တောင် ရှိသော သခွတ်ပင်ကြီးကို ရှာဖွေတွေ့ရှိသည်။

အရည်းကြီး၏ စကားအတိုင်းပင် ထိုသခွတ်ပင်ကြီးအတွင်းမှ ကျမ်းစာထုပ်ကိုလည်း မျက်မြင်ကိုယ်တွေ့ ဖြစ်ရသည်။ သို့သော် ကျမ်းစာကို ဖတ်ရှုကြည့်ရသည့်အခါ မဟုတ်မမှန် မနှစ်မသက်ဖွယ် အကြောင်းခြင်းရာများ ဖြစ်နေသဖြင့် ထိုနေရာတွင်ပင် ကျမ်းစာထုပ်ကို မီးရှို့ပစ်စေသည်။ ထိုနေရာမှာ နောင်ကာလ၌ ပင်လျှင် " မီးတိုက်ကုန်း "အမည်တွင်ခဲ့သည်ဟု ဆိုသည်။

သထုံပြည်တွင် ရှိနေသော ရဟန္တာရှင်အရဟံသည် ထိုသတင်းစကားကို တဆင့်ကြားရသော အားဖြင့် စုံစမ်း ထောက်လှမ်းသည့်သဘောမျိုး သရေခေတ္တရာ ပြည်သို့ ကြွရောက်လာခဲ့သည်။ ထိုစဉ်မှာပင် မုဆိုးတဦးနှင့် တွေ့ဆုံမိရာမှ တဆင့် နော်ရထာမင်းစောအထံ ရောက်ရကာ ပုဂံပြည်သို့တိုင် ဆက်လက်ရောက်ရှိခဲ့ရခြင်း ဖြစ်လေသည်။

## ဗုဒ္ဓသာသနာ-တည်ထွန်းရေး

ရဟန္တာရှင်အရဟံနှင့်တွေ့ဆုံမိသည့်အခါ နော်ရထာမင်းစောသည် ရှင်အရဟံ၏ သွင်ပြင်နှင့် ကိုယ်ဟန် အမူအရာ အရေးရင်း၊ တရားဆွေးနွေး နာကြားရခြင်းဖြင့်၎င်း၊ ဗုဒ္ဓသာသနာ၏ သာသနာ့ဝန်ထမ်း ရဟန်းကောင်းရဟန်းစစ်(သူတော်ကောင်း) ဖြစ်ကြောင်း ကောင်းစွာ အကဲခတ် စူးစမ်းမိသည်။

သို့ဖြင့် ဒကာရင်း - ဆရာရင်းအဖြစ် သွန်သင်ဆုံးမပါရန် လျှောက်ထားရာမှတဆင့် ပုဂံပြည်တွင်ဗုဒ္ဓသာသနာတော်ဖြစ်တည် ပြန့်ပွားရေးကိုပါ ဆက်လက်လျှောက်ထားသည်။

ရဟန္တာ ရှင်အရဟံက ဤသို့မိန့်တော်မူသည်။

" ဘုရားရှင် သာသနာသုံးပါးတွင် ပရိယတ္တိသာသနာရှိမှ ပဋိပတ္တိသာသနာဖြစ်နိုင်သည်။ ပဋိပတ္တိသာသနာဖြစ်မှ ပဋိဝေဓသာသနာဖြစ်နိုင်သည်။ ပရိယတ္တိဟူသော ပိဋကတ်သုံးပုံလည်း မစုံချေသေး။ ဤပြည်တွင် ဘုရားရှင် သရီရဓာတ်တော်-မွေတော်လည်း မရှိချေသေး။ မွေတော်၊ ဓာတ်တော်၊ ပိဋကတ်၊ ကျမ်းဂန်ရှိသော ပြည်-ရွာတိုင်းကားသို့ လက်ဆောင်ပဏ္ဏာနှင့် တောင်းစေ၍ ရသည်ဖြစ်မှ သာသနာတော် အရှည်တည်တွန့်မည် "

နော်ရထာမင်းစောက ပြန်လည်မေးလျှောက်သည်။

" အဘယ်တိုင်းပြည်မှာ တောင်းသော် ရပါအံ့နည်း "

" သုဝဏ္ဏဘုမ္မိတိုင်း သထုံပြည်မှာ ပိဋကတ်သုံးပုံကို တစ်ခေါ်၍ အစုံသုံးဆယ်ရှိသည်။ မွေတော်-ဓာတ်တော်လည်း များစွာပင် ရှိချေသည် "

ထိုအခါ နော်ရထာမင်းစောသည် ဝမ်းမြောက်ခြင်း ကြီးစွာဖြင့် အမတ်တို့အား လက်ဆောင်ပဏ္ဏာအများ စီရင်စေသည်။ နောက် အမတ်လိမ္မာတယောက်ကို သထုံပြည့်ရှင် မနုဟာမင်းအား လက်ဆောင်ပဏ္ဏာများကမ်းလှမ်းသည်နှင့်အတူ ယဉ်ကျေးပြေပြစ်စွာသော စကားဖြင့် ဘုရားရှင်၏ ပိဋကတ်တော်၊ ဓာတ်တော်၊ မွေတော်များ တောင်းယူပါချေဟု၊ သေချာစွာ သွန်သင်မှာထားပြီး သထုံပြည် မနုဟာမင်းအထံ စေလိုက်၏။

အမတ်လိမ္မာလည်း မင်းကြီးမှာတော်မူလိုက်သောအတိုင်းပင်

ယဉ်ကျေးချောင်စွာသော စကားဖြင့် မနုဟာမင်းအထံတွင် ဓာတ်တော်၊ မွေတော်၊ ပိဋကတ်တော်များ တောင်းခံ၏။

သို့သော် သထုံမင်း မနုဟာကား မတန်ရာကို တောင်းပလေသည်ဟူသော သဘောထားမျိုးဖြင့် "ပိဋကတ်တော်၊ ဓာတ်တော်၊ မွေတော်ဟူသည် အရိုင်းတို့၏ အရာလော"ဟူ၍ မချေမင်ဆိုလိုက်ဘိ၏။

## ပုဂံပြည်နှင့်ဗုဒ္ဓသာသနာတော်

စေလွှတ်ခြင်းခံရသော အမတ်ထံမှတဆင့် ထိုစကားကို နော်ရထာမင်းစော ကြားသိရလေသော်၊ အမျက်ပြင်းစွာထွက်၍ စစ်သည် ဗိုလ်ပါများစွာတို့ဖြင့် သထုံပြည်ကို မရမနေတိုက်ခိုက် သိမ်းပိုက်တော်မူ၏။

ပိဋကတ်တော်နှင့် မွေတော် - ဓာတ်တော်များကို သထုံမင်း၏ လက်ရှိ ဆင်ဖြူ ၃၂ - စီးဖြင့် ဆင်ကာ ပုဂံသို့ ပင့်ဆောင်လာခဲ့၏။ ကျမ်းတတ် - စာတတ် သံဃာတော်များကိုလည်း တပါတည်း ပင့်ဆောင်တော်မူခဲ့၏။ မနုဟာဘုရင်ကိုလည်း ပုဂံသို့ အရောက် ခေါ်ဆောင်လာခဲ့၏။

ယင်းသို့ ပိဋကတ်တော်များ လက်ဝယ်ရောက်ရှိလာချိန်မှစ၍လည်း၊ ပုဂံပြည်တွင် ပိဋကတ်ကျမ်းဂန်များကို အထူးဂရုစိုက်၍ သင်ကြားပို့ချပေးစေ၏။ ဓာတ်တော် - မွေတော်များကိုလည်း ပတ္တမြားကြုတ်ဖြင့် ထည့်၍ ခေါင်းရင်းတော်တွင် ထားကာ မပြတ်ကိုးကွယ်တော်မူ၏။

## စတုတ္ထအကြိမ်သာသနာတော်

သထုံပြည်မှ ပိဋကတ်တော်၊ ဓာတ်တော် - မွေတော်များ ရောက်ရှိလာပြီးနောက်၊ နော်ရထာမင်းစောသည် သီဟိုဠ်ကျွန်းမှ ပိဋကတ်တော်နှင့် စွယ်တော်များကိုလည်း ထပ်မံတောင်းယူ ပင့်ဆောင်ခဲ့သေး၏။

ထိုသီဟိုဠ်ကျွန်းမှ ရလာသော ပိဋကတ်တော်နှင့် သထုံမှ ပိဋကတ်တော်များကို ရှင်အရဟံတိုက်ဆိုင်တည်းဖြတ်ရာ၌ နှစ်မူလုံးသည်ပင်လျှင် ပိုခြင်း - လိုခြင်းမရှိ မှန်ကန်ညီညွတ် နေသည်ဆို၏။ ထိုအခါ၌ နော်ရထာမင်းစောသည် ရှင်အရဟံတိုက်ဆိုင်တည်းဖြတ်ထားသော မူအတိုင်း မူပေါင်းများစွာ ထပ်မံရေးကူး (ပြုစု) စေကာ ပုဂံပြည်တပြည်လုံး၌ပင်လျှင် ဗုဒ္ဓသာသနာ အထူးသဖြင့် ထွန်းကားပြန့်ပွားစေခဲ့ကြောင်း သိရလေသည်။

## ငါးကြိမ်မြောက် သာသနာတော်

ငါးကြိမ်မြောက်သာသနာတော်ကား၊ ပုဂံပြည် - နရပတိစည်သူမင်းကြီးလက်ထက်ဖြစ်သည်။ ရာမညတိုင်းသား ဥတ္တရာဇီဝဆိုသော မထေရ်သည် သာသနာနှစ် ၁၇၁၄၊ သက္ကရာဇ် ၅၃၂ - ခုနှစ်အခါကာလတွင် နရပတိစည်သူမင်းကြီး အကိုးကွယ်ခံမင်းဆရာအဖြစ်သို့ ရောက်၏။

ထိုမထေရ်သည် သုဝဏ္ဏဘူမိသထုံပြည် သာသနာပြု အရှင်သောဏ၊ အရှင်ဥတ္တရတို့၏သာသနာအဆက်အနွယ်ကို ယူဆောင်ခဲ့၍ ပုဂံပြည်ဝယ် သာသနာပြုစု၏။ သီဟိုဠ်သို့ ကူး၍လည်း

အရှင်မဟိန္ဒ၏ အဆက်အနွယ် မဟာဝိဟာရဂိုဏ်း သံဃာတို့နှင့် အတူတကွ ကံကြီး - ကံငယ် ( ရဟန်းကိစ္စ ) ရွက် ဆောင် တော်မူ၏။

## ● မြောက်ကြိမ်မြောက် သာသနာတော်

မြောက်ကြိမ်မြောက် သာသနာတော်ကား၊ ထိုဥတ္တရာဇီဝမထေရ်ကို အကြောင်းပြု၍ပင်လျှင် စည်ပင်ပြန့်ပွားခဲ့ခြင်း ဖြစ်သည်။ ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်သို့ ကူး ပြီး သော အခါ မိမိနှင့်အတူပါလာသူ အသက်နှစ်ဆယ်ပြည့် ဆပ္ပဒ သာမဏေကို သီဟိုဠ်သံဃာများဖြင့် ပဉ္စင်းခံပေးခဲ့၏။ဆပ္ပဒ - ဆယ်ဝါမြောက်သည်အထိ စာပေကျမ်းဂန်သင်ကြားစေပြီးမှ ပုဂံပြည်သို့ ပြန်ခဲ့၏။

ပိဋကတ်အာဂုံဆောင် ကျမ်းတတ် - စာတတ် 'သီဝလိ - ဘာမလိန္ဒ - အာနန္ဒာ - ရာဟုလာ' ဟူသော ရဟန်းလေးပါးတို့ကိုလည်း ပင့်ဆောင်လာခဲ့၏။ နရပတိစည်သူမင်း ကြီး လည်း အရှင်ဆပ္ပဒအပါအဝင် ထိုအရှင်ငါးပါးတို့ကို အလွန်ပင် ကြည်ညိုမြတ်နိုးတော်မူ၏။

များစွာသော သာမဏေတို့ကိုလည်း ပဉ္စင်းခံစေ၏။ ထိုရဟန်း - သံဃာတော်များမှ အစဉ် အဆက် ထွန်းကား ပြန့်ပွား အပ်သော ဂိုဏ်း သံဃာတို့ကား အရေအတွက် များ စွာ ဖြစ်ခဲ့လေသည်။

# ခုနစ်ကြိမ်မြောက်သာသနာတော်

ခုနစ်ကြိမ်မြောက် သာသနာတော်ဆက်ကား မိုးညှင်း မင်းတရား လက်ထက်တော်အခါတွင် ဖြစ်သည်။ နရပတိစည်သူမင်းကြီး၏ သမီးတော် 'ကြောင်တော်သည့်'နှင့် အလောင်းစည်သူမင်းကြီး၏ မြစ်တော်'အနန္တ သူရိယ'တို့မှ ဆင်းသက်သော ပုဂံမင်းများ အနွယ်တော် မိုးညှင်းမင်းတရားသည် သက္ကရာဇ် ၇၈၈-ခုနှစ်တွင် အင်းဝမြို့ကြီး၌ မင်းအဖြစ်သို့ ရောက်တော်မူ၏။

" သိရိသုဓမ္မ ရာဇာဓိပတိ "ဟူသော ဘွဲ့အမည် ခံတော်မူ၏။ ထို မိုးညှင်း မင်းတရား လက်ထက် သက္ကရာဇ် ၇၉၁-ခုနှစ် တွင် သီဟိုဠ်ကျွန်းမှ ' သိရိသဒ္ဓမ္မာလင်္ကာရ သိရိသီဟဠ မဟာသာမိ ' ဟူသော မထေရ်နှစ်ပါးတို့သည် သရီရဓာတ် တော် ငါး ဆူ ကို ပင့်ဆောင်၍ သီဟိုဠ်ကျွန်းမှသည် ပုသိမ်သင်္ဘောဆိပ်သို့ ရောက်ရှိလာခဲ့၏။

တလိုင်းမင်းဗညားရန်က ဆိုင်းငံ့ ဟန့်တား ထားသော်လည်း နေတော်မမူသဖြင့် ပြည်မြို့သို့တိုင်အောင် လှေဖြင့် လိုက်၍ ပို့ပေးရ၏။ ထိုအကြောင်းကို မိုးညှင်းမင်းတရား ကြား တော် မူ လျှင် လှော်ကားကြော့လှေ ၄၀ - နှင့် ပြ ည် မြို့ အ ထိ လ ာ ရော က် ကြိုဆိုသည်၊ မိဖုရား မောင်းမမိဿံ မှူးတော်မတ်တော်များစွာ တို့ဖြင့် စည်ကား သိုက်မြိုက်စွာ ကြိုဆိုတော်မူခြင်း ဖြ စ် သ ည်။ အင်းဝသို့ရောက်လျှင် ရောက်ခြင်း မြေလျှင် ကြီးစွာ လှူ သည်။

သာသနာတော်ကို ချီးမြှောက်မည် ဟူ၍ သရီရဓာတ်တော် ငါးဆူကို ပင့်ဆောင်ရောက်လာသည့်အခိုက် မြေကြီးလျှင်ပဲ့တင်ထပ်မျှ နိမိတ်ပြသည့်အရာသည် သာသနာတော် ရှည်မြင့်စွာ ထွန်းလင်း စည်ပင်တော်မူမည့်အကြောင်းပင် ဖြစ်တော့သည်ဟု မင်းတရားကြီးကိုယ်တော်တိုင် နိမိတ်ဖတ်တော်မူ၏။

## မထေရ်မြတ်နှစ်ပါး - ကျေးဇူး

ထို့ကြောင့် သက္ကရာဇ် ၇၈၂-ခုနှစ်တွင် ထိုဓာတ်တော်ငါးဆူကို ဌာပနာသွင်း၍ စစ်ကိုင်းကြီး မြို့အနောက် သာယာလှစွာသော မြေအပြင်ဝယ် စေတီ တည်ထားတော်မူ၏။ ရတနာစေတီဟူ၍ သမုတ်တော်မူ၏။ ဆင် ရုပ် အ များရှိသောကြောင့် 'ဆင်များရှင်' ဟူ၍လည်း ခေါ်ဝေါ်ကြ၏။

ကြက်သရေသုံးတိုက်နှင့် ပြတင်းပေါက် ခုနစ်ဆယ့်ရှစ်ခါး ပါရှိသော ဥမင်ရွှေကျောင်းကိုလည်း 'သီဟိုဠ်ရောက်ကြီး - သီဟိုဠ်ရောက်ငယ်' ခေါ် ထိုမထေရ်နှစ်ပါးအား တင်လှူတော်မူ၏။ ထို့နောက် အရှင်သီဟိုဠ်ရောက်ကြီး သည် မိမိနေရာ ကျောင်းနှင့် မနီးမဝေးမှ တောင်ထိပ်တွင် သိမ်သမုတ်တော်မူ၏။ ကိုယ့်တပည့်ရင်းကိုမျှ မသွင်းဘဲ လဇ္ဇီပေသလ ဗဟုသုတ သိက္ခာကာမဟု ယုံကြည်ရသော မထေရ်သုံးပါးကိုသွင်း၍ မိမိအပါ အဝင် သံဃာလေးပါးချည်းသာ ( သံဃာ လေး ပါး ဖြင့် ) သိမ်သမုတ်တော်မူ၏။

ဤသို့လျှင် သီဟိုဠ်ရောက်ကြီး - သီဟိုဠ်ရောက်ငယ် ဟူသော အထက်ဆိုခဲ့ပြီး မထေရ်နှစ်ပါးတို့သည် သိမ်သမုတ်ခြင်း ပိဋက

ကျမ်းဂန်ပို့ချခြင်း အစရှိသဖြင့် မြန်မာတိုင်းနိုင်ငံ၌ ဗုဒ္ဓသာသနာတော်မြတ် စည်ပင်သန့်ရှင်း ထွန်းလင်းပြန့်ပွားလေအောင် ပြုစုရွက်ဆောင်တော်မူကြသည်ကို ရည်၍-

> “ အခြေရမြောက်၊ ကြံ့ကြံ့ထောက်လျက်၊ ပြန်ရောက်သီဟိုဠ်၊ ကျေးဇူးဟိုသည်၊ ပုဂ္ဂိုလ်မည်သီး၊ ထေရ်ဘုန်းကြီး ၀ယ် မှီးခဲ့မလွှတ်၊ ကြွင်းမဲ့တတ်သား၊ သူမြတ်တို့ထံ ထုံးစံရမိ၊ အပြည့်ကျိလျက်၊ သု-စိ-ပု-ဘား စကား လေးခွန်း ကြိုးတန်းလက်သုံး နှစ်လုံးမူစွာ၊ စာနာလေ့ လွှန်သိမ်မွေ့သော် တနေ့တပါး တက်ပွား လေလေ ”

စသဖြင့် သာသနာပြု မထေရ်နှစ်ပါးတို့၏ ဂုဏ်ကျေးဇူးကို ရှေးသူဟောင်းတို့ ချီးကျူးမှတ်တမ်းတင်ထားခဲ့ကြကုန်၏။

## ရှစ်ကြိမ်မြောက် သာသနာတော်

မြန်မာနိုင်ငံတွင် ရှစ်ကြိမ်မြောက် ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားခဲ့ခြင်းသည်ကား ထူပါရုံဒါယကာ - နရပတိကြီး လက်ထက်တော်အခါတွင်ဖြစ်၏။

နရပတိမင်းသည် မင်းအဖြစ်သို့ မရောက်ရသေးမီ ပြည်မြို့စား ဘဝကပင်သျှင် ဘောင်ဘီလူး ပရက္ကမအနွယ် - ရှင်သာရဒဿီ၏ တပည့်ဖြစ်သော “ ရှင်သဒ္ဓမ္မဋ္ဌိတိ ” ကို ဆရာအဖြစ် ကိုးကွယ် ဆည်းကပ်ခဲ့ရင်းဖြစ်၏။

နောက် - သက္ကရာဇ် ၈၀၄-ခုနှစ်တွင် ရတနာပူရ အင်းဝမြို့ကြီး၌ မင်းအဖြစ်သို့ ရောက်တော်မူသောအခါ ကိုးကွယ်ခဲ့ရင်း

ဆရာတော် ရှင် သဒ္ဓမ္မဇ္ဈောတိကို သာသနာပိုင်အဖြစ် ခန့်အပ်တော်မူ၏။

ရှင်သဒ္ဓမ္မဇ္ဈောတိ၏တပည့် - ရှင်အရိယဝံသနှင့် ရှင်မဟာသာမိတို့သည်သီဟိုဠ်သို့ကူး၍ သိက္ခာယူမည် တိုင်ပင်ကြ၏။ သွားမည့်ဆဲဆဲတွင် ရှင်အရိယဝံသ မကျန်းမာ၍ -

"ငါမလိုက်နိုင်ပြီ၊ ငါ့ရှင်သာ ကူးပါလေ၊ ထိုသို့ရောက်လျှင် ထိုက သိက္ခာမထပ်ခဲ့ပါနှင့် ( သီဟိုဠ်သို့ ရောက်လျှင် သီဟိုဠ်က 'သီဟိုဠ်တွင်' သိက္ခာမထပ်ခဲ့ပါနှင့် ) သိက္ခာတင်မည့် သံဃာကိုသာ ရအောင် ပင့်ဆောင်ခဲ့ပါ၊ သည်သို့ရောက်မှ အတူသိက္ခာထပ်ပါရစေ" ချိန်းဆို မှာထားလိုက်၏။

ရှင်မဟာသာမိလည်း အဖော်သံဃာသုံးပါးနှင့်အတူ သီဟိုဠ်သို့ ရောက်ပြီးနောက် သီဟိုဠ်မင်းသားတဦး စွန့်ပစ်သောပုဆိုးကို ပံ့သုကူ သင်္ကန်းအဖြစ် ကောက်ယူသည်တွင် သီဟိုဠ်သားတို့က အစောင့်အရှောက် ရှိလျက် "ကောက်သင့်အံ့လော" ဆိုကြကုန်၏။

ရှင်မဟာသာမိက "အစောင့်တို့ကား သင်းချိုင်းကိုသာ စောင့်သည်၊ ပုဆိုးကိုမူ စွန့်ပစ်လေပြီးသည် မဟုတ်လော" ဆိုပြီးမှ မင်းဖြစ်သူကို စွန့် - မစွန့် ထပ်မံမေးသည်တွင် မင်းက စွန့်လေပြီးဖြစ်ကြောင်း ပြန်ပြော၏။

ဤတွင် ဝိနည်းကို စောင့်သိ ရိုသေခြင်းနှင့် ပတ်သက်၍ အရှင်မဟာသာမိအား သီဟိုဠ်မင်းက အလွန် သဒ္ဓါကြည်ညိုလှ

သောကြောင့် ပစ္စည်းလေးပါး ထောက်ပံ့ လှူဒါန်းကာ သီဟိုဠ်တွင် သီတင်းသုံးပါရန် ပန်ကြား၏။

ရှင်မဟာသာမိက " ငါကား - သီဟိုဠ်တွင်နေရန် လာခဲ့ခြင်း မဟုတ်၊ သီဟိုဠ်သာသနာကို ယူမည်ဟုသာ လာခဲ့သည်။ ငါ့ ယောက်ဖ တော်စပ်သော ရှင်အရိယဝံသနှင့်လည်း ကတိစကား အချိန်းအချက် ရှိခဲ့သည်။ ဇမ္ဗူဒိပ်တွင်မှ သာသနာယူရန် ဖြစ်ပါသည်။ ထို့ကြောင့် သိက္ခာပေးမည့် ဥပဇ္ဈာယ်နှင့် တကွ ဂိုဏ်းသံဃာကိုသာ ပေးပါလေ " ဆို၏။

သီဟိုဠ်မင်းလည်း ရှင်မဟာသာမိ ဆိုတိုင်းပင် ပြည့်စုံညီညွတ် လေအောင် စီစဉ် ဆောင်ရွက်ပေးလိုက်၏။

## အရှင်နှစ်ပါးကို အကြောင်းပြု၍

ရှင်မဟာသာမိ သီဟိုဠ်မှပြန်ရောက်သောအခါ ရှင်သဒ္ဓမ္မဇောတိ လွန်နှင့်၍ ရှင်အရိယဝံသ သာသနာပိုင်ဖြစ်နေ၏။ ရှင်မဟာသာမိ နှင့် သီဟိုဠ်မှ လိုက်ပါလာသော ရှင် သဒ္ဓမ္မစာရီ တို့သည်လည်း တသီးတခြား တကျောင်းစီ သီတင်း သုံးနေထိုင်တော်မူကြ၏။

သီဟိုဠ်ဆရာနှင့် ရှင်မဟာသာမိတို့ အထံတွင် ပရိယတ္တိပညာ ဆည်းပူး လာကြသည်ကား များလှစွာ၏။ ယင်းသို့ဖြင့်ပင် ဗုဒ္ဓ မြတ်စွာဘုရား၏ သာသနာတော်သည် ထုပါရုံဒါယကာ နရပတိမင်းကြီး လက်ထက်တော်တွင် သီဟိုဠ်အရှင် သဒ္ဓမ္မစာရီနှင့် ရှင်မဟာသာမိတို့ကို အကြောင်းပြု၍ ရှစ်ကြိမ်မြောက် သာသ

နာတော်ဆက် အဖြစ် များစွာပင် စည်ပင်ပြန့်ပွားခဲ့ပြန်လေသည်။

## ကိုးကြိမ်မြောက်သာသနာတော်

ကိုးကြိမ်မြောက် သာသနာတော်ဆက်ကား တောင်ငူဘုရင်မဟာသိရိဇေယျသူရမင်း လက်ထက်တော်အခါဖြစ်သည်။

မင်းကြီးညိုခေါ် မဟာသိရိဇေယျသူရဘုရင်သည် သက္ကရာဇ် ၈၇၂-ခုနှစ်တွင် ဇေယျဝဍ္ဎနတိုင်း ကေတုမတီ တောင်ငူပြည်၌ မင်းအဖြစ်သို့ ရောက်တော်မူ၏။ ထိုမင်းလက်ထက် သက္ကရာဇ် ၈၉၂-ခုနှစ်တွင် မဟာပရက္ကမ မည်သော သီဟိုဠ်ဘုန်းကြီးတပါးသည် သီဟိုဠ်မှသည်ကေတုမတီ တောင်ငူပြည်သို့ ရောက်လာ၏။

ဘုရင် မဟာသိရိ ဇေယျ သူရသည် ထို သီဟိုဠ်ရောက် ရဟန်းတော်အား ဒွါရဝတီမြို့တောင်အရပ်တွင် ကျောင်းကြီး ဆောက်လုပ်၍လှူဒါန်းတော်မူသည်။ ထိုကျောင်းတိုက်အတွင်းတွင်လည်း သိမ်သမုတ်၍ ကိုယ်တော်လေး ကြေးစင်ဖြင့် ( ဘုရင့်ကိုယ်အလေးချိန်နှင့် ညီမျှသော ကြေးသတ္တုကောင်းဖြင့် ) ဘုရားရှင်ရုပ်ထုတော် သွန်းလုပ် လှူဒါန်းသည်။ မဟာပရက္ကမရဟန်းတော်သည်လည်း 'သီဟိုဠ်ရောက်ကြီး' ဟူ၍ ကျော်စော ထင်ရှားလှသည်။

ထိုမဟာသိရိဇေယျ သူရမင်းနှင့် သီဟိုဠ်ရောက် အရှင်မဟာပရက္ကမတို့ လက်ထက်၌ တောင်ငူ မြို့တွင် သေရည်သေရက်သောက်စားမှုနှင့် ပတ်သက်၍ အငြင်းအခုံကြီးစွာ ဖြစ်ကြသည်။

ထန်း - အုန်း စသည်တို့၏ အရည်ကို အရက်အဖြစ်သို့ မရောက် သေးမီ သောက်အပ်၏ - ဆိုသူလည်း ရှိသည်။ အရက်မဖြစ်သေး စေကာမူ သေအရက်ဖြစ်စေတတ်သော အရည်ဖြစ်သည့်အတွက် ပထမဦး - အရည်ဘဝ၌ပင်လျှင် မသောက်အပ်ဟု ( ပါဠိတော် အထောက်အထားဖြင့် ) ဆိုသူများလည်း ရှိကြသည်။

ထိုငြင်းခုံမှုနှင့် ပတ်သက်၍ 'အရှင်မဟာပရက္ကမ' က သေရည်အရက်အဖြစ်သို့ မရောက်သေးမီ အုန်းရည် ထန်းရည် စပ်စေ အခြေအနေ၌ သောက်အပ်၏ဟူ၍ ဆုံးဖြတ်တော်မူသည်။ 'သုရာဝိနိစ္ဆယ' ကျမ်းအမည် တွင်သည်။

ဤသို့ဖြင့် ကေတုမတီ တောင်ငူပြည်ရှင် ဘုရင် သီရိဇေယျ သူရနှင့် သီဟိုဠ်ရောက်ကြီး မဟာပရက္ကမအရှင်တို့ကို အကြောင်း ပြု၍ ဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံ၌ ကိုးကြိမ်မြောက် အဖြစ် စည်ပင်ထွန်းလင်းတော် မူအပ်ပြန်ပေသည်။

## စတုတ္ထသင်္ဂါယနာ

ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော် မြန်မာပြည်သို့ ရောက်ရှိ ပြန့်ပွားလာခဲ့ပုံကို ဖော်ပြပြီးဖြစ်၍ ဦးစွာ ဆိုခဲ့ရင်းဖြစ်သည့် သင်္ဂါယနာ တင်တော်မူခြင်းများအကြောင်း ပြန်ကောက်ရပေ ဦးမည်။

သီရိဓမ္မာသောက မင်းကြီးလက်ထက်၊ ရဟန္တာ အရှင် မောဂ္ဂလိပုတ္တတိဿ အမှူးရှိသော တတိယသင်္ဂါယနာတင်ပွဲ ပြီး

သည့်နောက် စတုတ္ထသင်္ဂါယနာ တင်ခဲ့ခြင်းမှာ သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းလက်ထက်ဘော်တွင် ဖြစ်သည်။

ဤအကြိမ်တွင်ကား သင်္ဂါယနာတင်ခြင်း ဆိုရာ၌စကားမှု ယခင်က သင်္ဂါယနာတင်ပွဲများကဲ့သို့ သံဃာတော် အများ စုပေါင်းရွတ်ဆိုခြင်း ( ညှိနှိုင်းခြင်း )သက်သက်မဟုတ်၊ မြတ်စွာ ဘုရား၏ ပိဋကတ်တော်အားလုံးကို ပေရွက်ပေါ်တွင် ရေးတင် မှတ်သားထားခြင်းဖြစ်သည်။

ရေးမှတ်ထားရခြင်း အကြောင်းမှာကား ဤသို့ဖြစ်လေ သည်။

## ကျက်မှတ်နိုင်ရန်မလွယ်၍

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ပိဋကတ်တော်များကို နှုတ်ရအာဂုံကျက်မှတ်ထားသည့်နည်းဖြင့် သာ အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည်။ ထိုသို့ကျက်မှတ် ထိန်းသိမ်းသင်ကြားလာခဲ့ကြသည်မှာလည်း နှစ်ပေါင်းလေးရာ ကျော်ပင် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

သီဟိုဠ်မင်း ၁၈-ဆက်မြောက် သဒ္ဓါတိဿမင်း၏ သား ဝဋ္ဋဂါမဏိမင်းလက်ထက် သာသနာတော်နှစ် ၄၅၀-ရောက် လာသောအခါ၊ နောင်တွင် ပိဋကတ်တော်များကို ယခုကဲ့သို့ နှုတ်ရအာဂုံကျက်မှတ်ထားရန် မလွယ်တော့ကြောင်း တွေးတော သတိရမိလာခဲ့ကြသည်။

အချိန်ကာလ ရှည်လျားသည်နှင့်အမျှ၊ လူတို့၏ သတိ ပညာ

သမာဓိ ချွတ်သွင်း ပျက်ပြယ် ဖြစ်ချိမ့်မည်ကို ကြိုတင်တွေးမြင် သာမိခြင်း ဖြစ်သည်။

သို့ဖြင့်ပင် သာသနာဘော် အစဉ်အဆက် ဆင်းသက် ရွက် ဆောင်တော်မူသာခဲ့ကြသော ရဟန္တာကြီး ငါးရာတို့သည် ဝဋ္ဋဂါမဏိမင်းကြီး၏ ကူညီအားပေးမှုကိုခံယူ၍ 'အာလောက' မည်သောလိုဏ်ဂူ၌ အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံတို့ကို ပေထက်တင်ကာ ရေးမှတ်တော်မူခဲ့ကြရခြင်းဖြစ်သည်။

သံဃာတော်အများ စုပေါင်းရွက်ဆိုညှိနှိုင်းသည်နှင့် အတူတူ ပင်ဖြစ်သောကြောင့် ထိုပေထက်အက္ခရာတင်ခြင်းအမှုသည်ပင် လျှင် စတုတ္ထသင်္ဂါယနာ မည်ခဲ့လေသည်။

**စကားစပ်။** ။ မြတ်စွာဘုရား၏ပိဋကတ်တော်များကို ဤသို့လျှင် ပေထက် အက္ခရာတင်တော်မူခဲ့ခြင်းကြောင့်ပင် ဗုဒ္ဓသာသနာတော်သည် ယနေ့အထိ ရှည်မြင့် ခိုင်ကျည်ခဲ့ရပေသည်၊ 'နှုတ်တရာ-စာတလုံး' ဆိုသည့်ပမာ၊ နောင်အနာဂတ်အရေးကို ကြိုတင်တွေးမြင်တော်မူခဲ့ကြသော ရဟန္တာကြီးတို့၏ ဂုဏ်ကျေးဇူးကို ဤစာရေးရင်းမှပင်လျှင် အနူးအညွတ် ပျပ်ဝပ်ရှိကျိုးရှိခိုးဦးခိုက်အပ်ပါ၏။

**စာရေးသူ။**

# ပဌမသင်္ဂါယနာ

[ပဌမသင်္ဂါယနာတင်ခြင်းမှာ မင်းတုံးမင်းကြီး လက်ထက်တော်တွင်၎င်း ဖြစ်သည်။ မင်းတုံးမင်းကြီးကား - ရတနာသုံးပါး၌ အလေးအနက် သဒ္ဓါကြည်ညိုရင်း ရှိပြီးသော မင်းကောင်း-မင်းမြတ်ဖြစ်သည်။

ဤကဲ့သို့ ကြည်ညိုရင်း ရှိခဲ့ပြီး အပေါ်တွင် ပိဋကတ်တော်၌ မူကွဲ - နည်းကွဲများ ရှိနေခြင်းကြောင့်၎င်း၊ ပေထက် - အက္ခရာထက် ခိုင်ကျည်တည်တံ့နိုင်စွမ်းသော ကျောက်ထက်အက္ခရာဝင် လိုခြင်းကြောင့်၎င်း၊ မူကွဲ - နည်းကွဲ များကို အားလုံး ညှိနှိုင်း သုတ်သင် ပြင်ဆင် တည်းဖြတ်သော ပဌမအကြိမ်မြောက် သင်္ဂါယနာတင်တော်မူခြင်းဖြစ်သည်။]

ထို[သင်္ဂါယနာတင်ပွဲတွင် အကြီးအမှူး]အဖြစ် ဆောင်ရွက် ကြပ်မတ်တော်မူသည် [မှာကား၊ ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘုရားကြီးဆရာတော်ဖြစ်သည်။]

ထိုကျေးဇူးရှင် ဘုရားကြီးဆရာတော် အမှူးရှိသော [ဆရာတော် - သံဃာတော်အရှင်မြတ် (၂၄၀၀) တို့သည် သာသနာတော်နှစ် ၂၄၁၇ - တွင် အစအဦးပြုကာ သင်္ဂါယနာတင်ခဲ့ကြသည်မှာ ၁၂ - နှစ်ကြာမှ အားလုံး ပြီးပြတ်သည်ဟု ဆိုသည်။]

[ကျောက်ထက်အက္ခရာတင်ထားအပ်သော ထိုပဌမအကြိမ်မြောက် သင်္ဂါယနာ စာမူ (ကျောက်စာတော်) များကို ယနေ့ အထိ တွေ့မြင်ကြည်ညိုနေရသေးခြင်းမှာကား၊ ဗုဒ္ဓဘာသာဝင်

များအတွက် တန်ဘိုးမဖြတ်နိုင်သော ရတနာသားပါးပင် ဖြစ်ပါ ပေသည်။]

## ဆဋ္ဌသင်္ဂါယနာ

ခြောက်ကြိမ်မြောက် ဆဋ္ဌသင်္ဂါယနာကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုလက်ထက် တွင် ဆင်ယင်ကျင်းပခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်တော်များမှာ ပုံနှိပ်မှု အချို့၌ အကြောင်းအမျိုးမျိုးအရ မှားယွင်းချွတ်ချော်နေခဲ့သည်။ ထိုထို ချွတ်ချော်မှုများကို စာသင် - စာချ ပိဋကတ်အရာ၌ ကျွမ်းကျင် လိမ္မာတော်မူကြကုန်သော ဆရာတော် - သံဃာတော် အရှင် မြတ်များက ကောင်းစွာသတိပြု ဂရုမူခဲ့မိကြသည်။

အထူးအားဖြင့်သော်ကား၊ မလွတ်လပ်သေးမီ ခေတ်တွင် လူမျိုးခြားများက စီးပွားရေးအရ အကြီးအကျယ်ရိုက်နှိပ်ဖြန့်ချိ ခဲ့သော ဗုဒ္ဓဘာသာစာပေများမှာ များစွာပင် မှား ယွင်း ချွတ် ချော်ခဲ့သည်။ ဝမ်းနည်းဘွယ်ကောင်းလှသည်ကား၊ ဗုဒ္ဓဘာသာ အများစု ( တောနေလူတန်းစား ) တို့မှာ 'ဆယ် စောင် တွဲ - ဆယ့်နှစ်စောင်တွဲ - မြန်မာသင်ပုန်းကြီး' စသည်တို့ဖြင့်ပင် ဗုဒ္ဓ ဘာသာ အခေါ်ခံခဲ့ကြရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတော် လွတ်လပ်ရေး ရရှိပြီးသောအခါ ဆရာ တော်အရှင်သူမြတ်တို့သည် ထိုချွတ်ယွင်းချက်များကို ပြုပြင် သုတ်သင်ရန် များစွာပင် လိုလားတောင့်တတော် မူခဲ့ကြသည်။

သင်္ဂါယနာတင်ကာ သုတ်သင်ပြင်ဆင်ပြီး ပိဋကတ်တော်များကို လည်း ကမ္ဘာတဝှန်းလုံးသို့ ပြန့်ပွားသွားစေလိုသည်။

သို့ဖြင့်ပင် ဗုဒ္ဓသာသနာတော်၌ ဦးစွာကပင် သဒ္ဓါတရား ထက်သန်နေပြီးဖြစ်သည့် နိုင်ငံတော်အစိုးရနှင့် တကွသော ပြည်သူတို့၏ အားပေးကူညီမှုကို ခံယူကာ ခြောက်ကြိမ်မြောက် သင်္ဂါယနာပွဲကြီးကို ဆင်နွှဲကျင်းပခဲ့ကြခြင်း ဖြစ်သည်။

သို့ ကျင်းပခဲ့ရာ၌ သင်္ဂါယနာမဟာဂမ္ဘီရသဘင် စတင် ဖွင့်လှစ်ခြင်း အခမ်းအနားကို သိရီမင်္ဂလာ ကမ္ဘာအေး ကုန်းပေါ်ရှိ လိုဏ်ဂူတော်ကြီးတွင် ၁၃၁၆ - ခုနှစ်၊ ကဆုန်လပြည့်နေ့မှစ၍ သုံးရက်တိုင်တိုင် ဆင်ယင်ကျင်းပခဲ့သည်။

ထေရဝါဒ - ငါးနိုင်ငံအပါအဝင် ဗုဒ္ဓဘာသာ နိုင်ငံပေါင်း ၂၅ - နိုင်ငံမှ ဆရာတော် - သံဃာတော် အရှင်မြတ်များ ၂၅၀၀ - ပါဝင်သည်။ ရဟန်းပုဂ္ဂိုလ် - လူပုဂ္ဂိုလ်၊ ကိုယ်စားလှယ်တော်ကြီးများလည်း ပါဝင်သည်။

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရညောင်ရမ်းဆရာတော် ဘုရားကြီးအမှူးပြုသော သင်္ဂီတိကာရက သံဃာတော် ၅၀၀ တို့က ၁၃၁၆ - ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ - ရက်နေ့တွင် ဝိနည်းပိဋကတ်တော်ကို ပဌမဦးဆုံးသင်္ဂါယနာတင်ခဲ့ကြသည်။ ဝါဆိုလဆန်း ၈-ရက်နေ့၌ ပြီးဆုံးခဲ့သည်။

ဒုတိယ၊ တတိယ၊ စတုတ္ထ သန္နိပါတများကိုလည်း အစီအစဉ် အတိုင်းပင် ဆက်လက်တင်တော်မူခဲ့ကြသည်။ ၁၃၁၈ - ခုနှစ်၊ ကဆုန်လပြည့်နေ့ (သာသနာတော် ၂၅၀၀ - ပြည့်မြောက်

သော နေ့ ) တွင်ကား၊ ပဋ္ဌမသန္နိပါတ အပါအဝင်၊ သင်္ဂါယနာ မဟာဓမ္မသဘင်ကြီးသည်လုံးဝဥဿုံပြီးဆုံးအောင်မြင်ခဲ့ကြောင်း သိရသည်။

[ဤ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးမှ ထင်ရှား သိသာ ပေါ်ထွန်းလာသော ဂုဏ်ကျေးဇူး တရပ်သည်ကား၊ ပုဒ်ပါဠိ အက္ခရာကျနသေချာလှစွာသော ပိဋကတ်တော် မြန်မာပြန်ပုံနှိပ် မှုများပင် ဖြစ်လေသည်။]

## ပရိယတ္တိသာသနာတော်

စင်စစ်အားဖြင့်ကား၊ ဤ ပိဋကတ်တော် မြန်မာပြန်များမှာ ပရိယတ္တိသာသနာတော် စည်ပင်ပြန့်ပွားရေးနှင့် အလေးအနက် ဆက်စပ်နေခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်၊ မြတ်စွာ ဘုရားလက်ထက်မှ အကြောင်းခြင်းရာများကို မြန်မာဘာသာ တတ်သူတိုင်း လေ့လာဆည်းပူးနိုင်ခွင့် ရှိနေခြင်းကြောင့်ပင် ဖြစ် ပေသည်။

သင်္ဂါယနာတင်ထားပြီး မူများဖြစ်၍ အဖက်ဖက်မှ ကျန မှန်ကန်နေပြီးတွင် မြန်မာဘာသာသက်သက် ဆိုသော အခါ 'ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာတော်' ကို ဖြောင့်မှန်စွာလည်း သိနိုင် သည်။ သိလွယ်သော အခြေအနေမျိုးလည်း ဖြစ်နေသည်။

ထို့ကြောင့်ပင် ပရိယတ္တိသာသနာတော်နှင့် အလေး အနက် ဆက်စပ်နေခဲ့သော ဤ ပိဋကတ်တော် မြန်မာပြန် ( သင်္ဂါယနာ တင် မူ ) များနှင့် ပတ်သက်၍ သိသင့် - မှတ်ထိုက်သည် များကို အကြောင်းအားလျော်စွာ ထုတ်နှုတ် ဖော်ပြလိုပေသေးသည်။

ဖတ်ရသူများအဖို့တွင် ပိဋကတ်တော် များ၏ ဂုဏ်ကျေးဇူးနှင့် တကွ၊ မြန်မာဘာသာပြန်ဆိုရခြင်း လုပ်ငန်းစဉ်သဘောကိုလည်း (ပရိယတ္တိသာသနာတော်အဖြစ်ဖြင့်) သိနားလည်နိုင်ကြစေရန် ဖြစ်ပေသည်။

## ပိဋကတ်တော် မြန်မာပြန်နိဒါန်း

ဘုန်းတော်ခြောက်ပါးသခင်' အစိန္တေယျ အာနုဘာဝ' မကြံစည်နိုင်သော တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ 'သမုက္ကံသိက' ကိုယ်တော်တိုင်ထုတ်ဆောင် ဟောကြားတော်မူအပ်သော ပဋိတော်မှုသည်—

'ဓမ္မဂမ္ဘီရ' - အကြောင်း၏ နက်နဲခြင်း၊

'အတ္ထဂမ္ဘီရ' - အကျိုး၏ နက်နဲခြင်း၊

'ဒေသနာဂမ္ဘီရ' - ပညတ်တင်ထား ဟောကြားပုံ၏ နက်နဲခြင်း၊

'ပဋိဝေဓဂမ္ဘီရ' - ထိုးထွင်းသိမြင်သော အသိဉာဏ်၏ နက်နဲခြင်းဟု ဆိုအပ်သော ဂမ္ဘီရ လေးပါး၊

'သဒ္ဒဂမ္ဘီရ' - သဒ္ဒါ၏ နက်နဲခြင်း၊

'အတ္ထဂမ္ဘီရ' - အနက်၏ နက်နဲခြင်း၊

'သဒ္ဒတ္ထဂမ္ဘီရ' - သဒ္ဒါအနက်နှစ်ပါးစုံ၏ နက်နဲခြင်း၊

'အဓိပ္ပါယ ဂမ္ဘီရ' - အဓိပ္ပါယ်၏ နက်နဲခြင်းဟု ဆိုအပ်

သော ဂမ္ဘီရလေးပါးတည်းဟူသော အစိန္တေယျ ‘ မကြံစည်နိုင်သော ဂုဏ် ’ နှင့် ပြည့်စုံတော်မူပေ၏။ ဤသို့လျှင် အစိန္တေယျအာနုဘာဝဂုဏ်နှင့် ပြည့်စုံတော်မူသော ဒေသက ‘ တရားဟောပုဂ္ဂိုလ် ’ဖြစ်သော ဘုရားရှင်၏ ဒေသေတဗ္ဗမေ့ ‘ ဟောအပ်သောတရား ’ ဖြစ်သော—

နာနာနယဝိစိတြပါဠိတော်မှေကို ယထာဘူတ ‘ ဟုတ်တိုင်းမှန်စွာ ’ ယထာသဘာဝ ‘ သဘောအားလျော်စွာ ’ ဒေ သ က အာဘော်ကျအောင် လုလုပိုင်ပိုင် သိရှိနိုင်ရန်မှာ လွယ်ကူသော အရာမဟုတ်ပါပေ။

ထိုသို့မလွယ်ကူသည့် အားလျော်စွာ ထိုထိုပါဠိတော်များ၏ အဖွင့်ဖြစ်သော အဋ္ဌကထာဋီကာ ဒီပနီ အလီလီ အစုစု အနုမဓုတခန်း လက်သန်း ယောဇနာ အဖြာဖြာသော ဂန္ထိကျမ်းတို့ကို အပန်းတကြီးပင် ဆင့်ကာ - ဆင့်ကာ နှောင်လာ - နောက်သားတို့အတွက် ဖွင့်ဆိုရေးသားတော်မူခဲ့ကြပေသည်။

ပါဠိတော်မှေနှင့်ဘကွ ဖွင့်ဆို ရေးသားတော် မူခဲ့ကြသော အဖွင့်သံဝဏ္ဏနာ အဖြာဖြာသော ကျမ်းတို့မှာလည်း အနန္တကမ္ဘာတို့၌ သေဋ္ဌဘာသာ ‘ အမြတ်ဆုံးသောဘာသာ ’ မူလဘာသာ ‘ အမြစ်အရင်းဖြစ်သောဘာသာ ဟု ခေါ်ဆိုအပ်သော ပါဠိမာဂဓဘာသာဖြင့်သာ အစဉ်မပြတ် တည်ရှိခဲ့ကြသဖြင့် မိမိတို့ ဒေသအလိုက် ဘာသာ အသီးသီးရှိနေကြသော သူတို့မှာ မိမိတို့ချိုးရိုးဘာသာဖြင့် အားပါးတရ သဘာဝကျကျ သိရှိနိုင်ခွင့်ကို စင်စစ် မရရှိခဲ့ကြချေ။

ဘုရားရှင် ကရုဏာရှေ့ထားလျက် ဟောကြားတော်မူအပ်သော ပိဋကတ်သုံးပုံ ပါဠိတော်ဓမ္မတို့မှာ 'အရဟတ္တေန ဒေသနာယ ကူဋံဂဏှိ' ဟူသော ဓမ္မပဒအဋ္ဌကထာမိန့်ဆိုချက်နှင့်အညီ ဝိမုတ္တိ - ဝိမုတ္တိဉာဏဒဿန - အနုပါဒိသေသနိဗ္ဗာန် မျက်မှောက်ပြုရေးကိုသာ ရည်ရွယ်ချက်ထားရင်းရှိသည်ကားမှန်၏။

သို့ရာတွင် ထိုဝိမုတ္တိ - ဝိမုတ္တိဉာဏဒဿန - အနုပါဒိသေသနိဗ္ဗာန်မျက်မှောက်ပြုရေး၌ များစွာ အထောက်အပံ့ ဖြစ်သော ကျန်းမာရေး၊ ချမ်းသာရေး၊ ကြီးပွားရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေး၊ နေထိုင်စားသောက်ရေး၊ အသိတရားလုံလောက်ရေး၊ လိမ္မာရေးခြားရေး အစရှိသည့် မျက်မှောက်ဘဝကောင်းစားရေးပေါင်း များစွာတို့ မည်သည်လည်း ထိုပိဋကတ်တော်တည်းဟူသော ပါဠိဓမ္မ၌ပင် အပြည့်အစုံပါဝင်ပြီးဖြစ်သဖြင့် မည်သူမဆို လောက၏ လုံလောက်သော အကျိုးတရားများကို ရရှိခံစားလိုပါက ဘုရားဟော ပိဋကတတော်ကိုသည်း မျက်နှာလွှဲထားသင့်သည် မဟုတ်ပေ။

## ပါဠိဘာသာအတွက်အခက်အခဲ

သို့သော်လည်း ယင်းဘုရားဟော ပိဋကတ်တော်များမှာ ပါဠိဘာသာဖြင့်သာ တည်ရှိနေသောကြောင့် ပါဠိဘာသာကို မတတ်မြောက်သော ပြည်ထောင်စုမြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်လူများစုအဖို့မှာကား ပိဋကတ်တော်က ညွှန်ပြထားသော လောကကောင်းစားရေးနှင့် လောကနှင့် မဆက်စပ်သော ဘဝလွတ်မြောက်ရေးများအတွက် ပါဠိထတ် ပုဂ္ဂိုလ်တို့၏ တဆင့်

ဟောပြောချက်မျှဖြင့်သာ တင်းတိမ်ရောင့်ရဲလျက် သိသင့်သမျှ ကိုပင် စုံလင်စွာ မသိရဘဲ ရှိနေခဲ့လေသည်။

## သိလွယ်စေမှု-အာရုံပြု

သို့ဖြစ်၍ ဘုရားဟော ပိဋကတ်တော် အရသာများကို လွယ်ကူစွာ သုံးဆောင်ခံစားနိုင်ကြစေရန်ငှင်း၊ ပါဠိမာဂဓ ပိဋကတ် ကျမ်းဂန်များကို သင်ယူလေ့လာပို့ချရာတွင် လွယ်ကူစွာ သင်ယူ ပို့ချနားလည်နိုင်ကြစေရန်ငှင်း ရည်သန်၍ ရှေးရှေး ဆရာ ကြီး များသည် မြန်မာပြန်မှီရာ နိဿရည်း ခေါ် နိဿယကျမ်းများကို မိမိတို့ရိုးရာ ဒေသဘာသာဖြင့် ရေးသား ပြန်ဆိုတော်မူခဲ့ကြပေ သည်။ ရှေးရှေးဆရာကြီးများ၏ ကျေးဇူးသည်ကား အထူး ကြီး မားလှပေစွ။

## ပါဠိဘာသာမှမြန်မာဘာသာသို့ပြန်ဆိုနည်း

ထိုထို နိဿယ ဘာသာပြန်တို့မှာ -

(၁) ပါဠိတချက် အနက်တချက်ဖြင့် ပြန်ဆိုနည်း

(၂) ပါဠိမဖက် မြန်မာသက်သက်ဖြင့် ပြန်ဆိုနည်း

ဟူ၍ နှစ်မျိုးရှိခဲ့ရာ ပထမနည်းသည် ထိုထိုပါဠိ၊ အဋ္ဌကထာ ဋီကာ နိဿယ ကျမ်းမျိုးပင် ဖြစ်၍၊ ဒုတိယ နည်းမှာမူ ငါး ရာ့ ငါးဆယ် ဇာတ်ဝတ္ထု၊ ဇာတ်ကြီးဆယ်ဘွဲ့ဝတ္ထု၊ မိလိန္ဒပဉှာ ဝတ္ထု စသောကျမ်းမျိုးပင်ဖြစ်သည်။

ထိုနည်းတွင်ပါဠိတချက် အနက်တချက် ပြန်ဆိုသော ပထမ နည်းမှာ “ဗာလ-လူမိုက်၊ ပဏ္ဍိတ-ပညာရှိ” ဟု နှုတ်တွင်

တက်၍ အဘိဓာန် ကျမ်းကြီးတစောင်ကို အာဂုမ်ဆောင်ကျက်၍ ထားသကဲ့သို့ ပါဠိမာဂဓဘာသာကို သင်ယူရာ၌ အလွန်ကျေးဇူး များခဲ့ရကား ရဟန်းသာမဏေများ ယနေ့ထက်တိုင် သင်ယူချပို့ လေ့လာ နေကြဆဲပင် ဖြစ်သည်။ ထိုသင်ယူချပို့နည်း ဖြင့်ပင် ပါဠိပိဋကတ် ကျမ်းဂန်များကို တတ်မြောက် လိမ္မာတော် မူခဲ့ကြလေသည်။

သီဟိုဠ် ယိုးဒယား ကမ္ဘောဒီးယား စသော ဗုဒ္ဓဘာသာဝင် နိုင်ငံများ၌လည်း မိမိတို့ရိုးရာ ဒေသဘာသာ ဖြင့်ပင် ပိဋကတ် ကျမ်းဂန်များကို သင်ယူပို့ချ လေ့လာခြင်းဖြင့် တတ်မြောက် လိမ္မာတော် မူခဲ့ကြလေသည်။

ဒုတိယ နည်းမှာ သင်ယူ ပို့ချရာ၌ အသုံးနည်း၍ အများ အားဖြင့် ပါဠိမာဂဓဘာသာကို မတတ်မြောက် မကျွမ်းကျင် ကြသော လူပုဂ္ဂိုလ်များ ကြည့်စာ အဖြစ်ဖြင့် အသုံးပြုခဲ့ကြ လေသည်။

## ဘာသာပြန်နည်းတမျိုး

ဘာသာတပါးမှ ဘာသာတပါးသို့ပြန်ဆိုရာ၌ -

(၁) တိုက်ရိုက်ပြန်ဆိုနည်း

(၂) ဆီလျော်အောင် ပြန်ဆိုနည်း

ဟူ၍ နှစ်မျိုးရှိပြန်ရာ ပထမနည်းမှာ နိဿယ ပြန်ဆိုနည်း ဖြစ်၍ (ပါဠိကိုဖြုတ်ထားသော ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထု ပြန်နည်းမျိုးလည်းပါဝင်သည်) ဒုတိယနည်းမှာကား သံဝေဂ ဝတ္ထု၊ မာလာလင်္ကာရဝတ္ထု စသည်နှင့် ပါဠိ အဋ္ဌကထာဋီကာ

တို့မှ ဆီလျော်အောင် အဓိပ္ပာယ်ကိုယူ၍ ကိုးကားရေးသားထားသော ထိုထို ဒီပနီပကာသနီ စသော စကားပြေ ကျမ်းမျိုးပင် ဖြစ်သည်။

## မြန်မာဂတိသို့လိုက်၍ပြန်ဆိုသင့်ခြင်း

ဘာသာပြန်ဆိုသည်ကား ဘာသာ တပါးမှ တပါးသို့ရင်း၊ ဝေါဟာရ တပါးမှ တပါးသို့ရင်း ပြောင်းလဲ ပြန်ဆိုရေးသားထားခြင်းမျိုးပင်ဖြစ်လေသည်။ ဘာသာတမျိုးမျိုး၌ ၎င်းတို့၏ ဓလေ့ထုံးစံ အသုံးအနှုန်း ဝေါဟာရ တမျိုးစီ ရှိကြမြဲဖြစ်ရာ ပါဠိမှာ ပါဠိဂတိ၊ မြန်မာမှာ မြန်မာအသွား အင်္ဂလိပ်မှာ အင်္ဂလိပ်အသုံး စသည်ဖြင့် ကိုယ့်ဂတိနှင့်ကိုယ် သူ့အလိုလိုပင် ဝေါဟာရသိဒ္ဓိ ရှိပြီးဖြစ်နေတော့၏။

ထို့ကြောင့် ပါဠိကို မြန်မာအသွားသော်ရင်း၊ မြန်မာကို ပါဠိအသွားသော်ရင်း ပြန်ဆို ရေးသားပါလျှင် အဆီအငေါ် မတည့် ဖြစ်ပေမည်။

## လျော်ကန်လိုက်ဖက်စေမှု

ဥပမာ ဆိုသော် ' စီဝရေန တံ အစ္ဆာဒေဿာမိ ' ဟူသော ပါဠိတော်ကို ပါဠိဂတိသို့ လိုက်၍ " ထို ရဟန်းကို သင်္ကန်းဖြင့် ဖုံးလွှမ်းအံ့ " ဟုပြန်ဆိုလျှင် ဓာတ်ပစ္စည်း ဝိဘတ်နှင့် သဒ္ဒါ၏ အနက်အရ ပါဠိအချိုးအစား ကျမည် ဖြစ်သော်လည်း မြန်မာ့ နားတွင်ကား ထွေးလုံးရစ်ပတ်သာ ဖြစ်နေ၍ " ထိုရဟန်းအား သင်္ကန်း လှူအံ့၊ သင်္ကန်းလှူမည် " ဟု မြန်မာအသွား ကျကျ

ပြန်ဆိုမှသာ အလွယ်တကူ နားလည်နိုင်ကြလိမ့်မည် ဖြစ်သကဲ့သို့ တည်း။

ထို့ကြောင့် ဘာသာပြန်ဆိုရာ၌ မူရင်းဘာသာ အသုံးအနှုန်းသို့ မလိုက်ဘဲ ပြောင်းလဲ ပြန်ဆိုရမည့် ဘာသာ အသုံးအနှုန်း အတိုင်းသာ ဘာသာပြန်ဆိုဘို့ရန်မှာ အရေးအကြီးဆုံးပင် ဖြစ်သည်ဟု ကျိုတင်သတိချပ်ထားသင့်ပါသည်။

## ဤဘာသာပြန်ကို ပြန်ဆိုရခြင်း

ရှေးရှေးဆရာကြီးများသည် မြန်မာဘာသာပြန် အမျိုးမျိုးတို့ကို ပြန်ဆိုရေးသားကြပြီး ဖြစ်၍ ဤ ဘာသာပြန်ကို ပြန်ဆိုရေးသားဘို့ လိုပါသေးသလော ဟု စောကြော မေးမြန်းဖွယ် ရှိလေသည်။ ပြန်ဆိုရိုး ရှိသည်မှာ မှန်ပေသည်။ သို့ရှိပြီး သော်လည်း ရှေးကျသော ပေါရာဏအသုံးအနှုန်းတို့ဖြင့် ပြန်ဆို ထားခြင်းကြောင့် ကျေနပ်ရောင့်ရဲခြင်း မရှိသေး၍ ဤ ဘာသာ ပြန်ကို ထပ်မံ၍ ပြန်ဆိုရခြင်းဖြစ်သည်ဟု တိုတိုပင် ဖြေဆိုရ ပေမည်။ ထိုစကား မှန်ပေသည်၊ ဝေါဟာရ အသုံးအနှုန်းတို့ မည်သည် –

“ဝေါဟာရဝိသယောသဒ္ဒေါ၊ဘူတာဘူတတ္တဝါစကော၊ လောက သင်္ကေတ သာဗျတ္တော၊ သဒ္ဒေါ နေကန္တ ထူတိကော”

ဟု သဒ္ဒတ္ထ ဘေဒစိန္တာဆရာ ဆိုသည့်အတိုင်း ပုံသေကားချ တနေရာတည်းဖြင့် တည်နေရိုး မရှိခဲ့ပေ။ အစဉ်အမြဲပြောင်းလဲ ဖောက်ပြန် ရွေ့လျောလှုပ်ရှား၍သာ နေရိုးဓမ္မတာ ဖြစ်ပေသည်။

ရှေးခေတ်အခါက ခေါ်ဝေါ်သုံးစွဲခဲ့သော စကားအသုံးအနှုန်းများမှာ ရှေးခေတ် လူများအတွက် လွယ်ကူစွာ နားလည်သဘောပေါက်ခဲ့ကြသော်လည်း ယခုခေတ် လူများအတွက်မှာ မူကား စကားထူး စကားဆန်းဖြစ်ပြီး နားလည်သဘော ပေါက်ဖို့လွယ်ကူခြင်း မရှိခဲ့ချေ။

ထို့ကြောင့်ပင် ( ဥပ္ပဋ္ဌိပါဠိယော ကျီတကျုုအားဖြင့် ပါမင်္ဂဦးညွှတ် ) ဟု ပြန်ဆိုထားသော ရှေးခေတ် ဘာသာပြန်နိဿယများကို ယခုခေတ် လူတို့အနေနှင့် နားလည်သဘောပေါက်ဖို့ရန် မလွယ်ကူကြောင်း အကဲခတ်နိုင်ကြပေသည်။ ထို့ကြောင့်လည်း ' ရှေးခေတ် နိဿယကြီး များကို အသုံး အနှုန်းဖြင့် ပြန် လည်ရေးသားကြရန် အချိန်တန်ပြီ ' ဟု ဆရာ့ ဆရာကြီးများ အကြံဖြစ်ခဲ့ဘူးကြလေပြီ။ သို့ဖြစ်၍ ဋီကာကျော် ခေါ် အဘိဓမ္မတ္ထဝိဘာဝနီ ကျမ်းပြုဆရာသည် -

ပေါရာဏေဟိ အနေကာပိ၊ ကတာ ယာ ပန ဝဏ္ဏနာ။
န တာ ဟိ သက္ကာ သဗ္ဗတ္ထ၊ အတ္ထော ဝိညာတဝေ ဣဓ။
တသ္မာ လီန ပ ဒါ နေတ္တ၊ သာဓိပ္ပါယ မ ဟာ ပ ယံ။
ဝိဘာဝေန္တော သမာသေန၊ ရစ ယိ ဿ ာမိ ဝ ဏ္ဏ နံ။

ရှေးဆရာကြီးတို့သည် အဘိဓမ္မတ္ထ သင်္ဂဟ ကျမ်း ၏ အ ဖွင့် ဋီကာကျမ်းများစွာတို့ကို ရေးသားခဲ့ကြ သော်လည်း ထိုဋီကာကျမ်းတို့ဖြင့် ဤ အဘိဓမ္မတ္ထ သင်္ဂဟကျမ်း၏ အနက် အဓိပ္ပာယ်တို့ကို လွယ်ကူစွာ သိရန် မစွမ်းနိုင်ခဲ့။ ထို့ကြောင့်ပင် ဤ အဘိဓမ္မတ္ထ သင်္ဂဟကျမ်း၌ ကွယ်ဝှက်သော ပုဒ်တို့၏ အနက်အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှားစွာ ဖော်ပြ၍ အ ကျဉ်း ချုပ် အ ား ဖြင့်

ဋီကာသစ် ( ဋီကာကျော် ) ကို ရေးသားမည်" ဟု မိန့်ဆိုခဲ့ရသည် မဟုတ်ပါလော။

ဤသို့သော အကြောင်းတို့ကို ထောက်ထား၍ ခေတ်အားလျော်စွာ ပိဋကတ် အရသာများကို သုံးဆောင် ခံစားနိုင်ကြစေရန် ဤ ဘာသာပြန်ကို ပြန်ဆို ရေးသားရခြင်း ဖြစ်လေသည်။

## ရွှေ့ရှုဦးတည်မှု

ဤကား ပိဋကတ်တော် မြန်မာပြန် မှုများနှင့် ပတ်သက်၍ ဘာသာပြန်အဖွဲ့၏ သဘောထားခံယူချက် ( ရှေ့ရှုဦးတည်မှု ) နှင့် လုပ်ငန်းသဘောစဉ် ဖြစ်လေသည်။ ထို့နောက် မြန်မာဘာသာပြန်ဆိုမှုနှင့် ပတ်သက်၍လည်း ယခုကဲ့သို့ ကြိုးပမ်း အားထုတ်ထားကြောင်း သိရပြန်သေးသည်။

ဤ နိဒါန်း စာမျက်နှာ ( က - ဘိ )တွင် ဖော်ပြခဲ့ပြီးသော ဘာသာပြန်နည်း အမျိုးမျိုးတို့တွင် ပိဋကတ်တော် မြန်မာပြန်ဌာနက ပြန်ဆိုသော ဤ ဘာသာပြန်ကား တိုက်ရိုက် ပြန်ဆိုနည်း မြန်မာသက်သက် ပြန်ဆိုနည်းမျိုးပင် ဖြစ်သည်။ သို့ပြန်ဆိုရာ၌ -

( ၁ ) ပါဠိတော်၏ သဘောအဓိပ္ပာယ်ကို ထိရောက်စေခြင်း

( ၂ ) မြန်မာအသွားနှင့် နီးကပ်နိုင်သမျှ နီးကပ်စေခြင်း

( ၃ ) ဝေါဟာရ ကျဉ်း၍ အဓိပ္ပာယ် ပေါ်လွင်စေခြင်း

( ၄ ) စကားအသုံးအနှုန်း ထယ်ဝါခန့်ငြားစေခြင်း

ဟူသော အချက်များကို အမိကထား၍ ပြန်ဆိုခဲ့လေသည်။ ဤနည်းဖြင့် ဘာသာပြန်ဆိုလာခဲ့ကြရာပြီးစီးသမျှသော ပိဋကတ်တော် မြန်မာပြန်များကို ထပ်မံ သုံးသပ်ပြင်ဆင်တော် မူနိုင်ကြစေရန် ကျေးဇူးရှင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ၊ ဆဋ္ဌ သံဂါယနာ မဟာနာယက ညောင်ရမ်း ဆရာတော်ကြီးကြီးမှူးတော်မူသော (ပြည်ထောင်စု မြန်မာနိုင်ငံတော် အရပ်ရပ်ရှိ ပိဋကတ္တယ ဆောက ပိဋကတ္တယပါရဂူ ဓမ္မာစရိယ ဆရာတော်တို့ပါဝင်သည့်)ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃ အဖွဲ့သို့ တင်သွင်းခဲ့လေသည်။

အဆိုပါ ဝန်ဆောင် သံဃအဖွဲ့ဝင် ဆရာတော်ဘုရားတို့ကလည်း ဤ ပိဋကတ်တော် မြန်မာပြန်များကို အကြောင်းအားလျော်စွာ သံဂါယနာပင် တင်နိုင်ကြရန် ရည်သန်တော်မူကြပြီးလျှင် "စာကောင်းစေလိုလျှင် အကြိမ်ကြိမ်တည်းဖြတ်ပြင်ဆင်ရမည်" ဟူသော ထုံးအရ မြန်မာပြန် ပဋိဝိသောဓက အဖွဲ့အား(အကူအညီပေးသော ဝေါဟာရ စီစဉ်ရေး အဖွဲ့နှင့် မြန်မာပြန် ပဋိဝိသောဓကအဖွဲ့ ခေါ် တဖန် ပြန်လည် ပြန်ဆင်သော) စာပြင်အဖွဲ့ကို အသီးသီး ဖွဲ့စည်းစေပြီး၍ တဖန်ပြင်ဆင်တော် မူခဲ့ကြသည်။

ထိုမြန်မာပြန် ပဋိဝိသောဓကအဖွဲ့ဝင် ဆရာတော်များ သုတ်သင်ပြင်ဆင်ပြီးမှုကိုပင် အဆုံးသတ် ပြင်ဆင်သောသဘောဖြင့် ပိဋကတ်တော် မြန်မာပြန် 'ဩသာနသောဓေယျပတ္တပါဠိဋ္ဌကာအဖွဲ့' ကိုလည်း ပါဠိ မြန်မာ နှစ်ဘာသာ ကျွမ်းကျင်၍ ပြင်ဆင်ရေးဘက်က အားထားလောက်သော ဆရာတော်များကို

ရွေးကောက် ဖွဲ့စည်းစေပြီးလျှင် အဆုံးသတ် ပြင်ဆင်တော်မူခဲ့ကြသည်။

## သိလွယ်ဖြောင့်မှန်

ထိုသို့ သြသာန အဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့က အဆုံးသတ် ပြင်ဆင်တော်မူကြရာ၌ ကာလရှည်ဝေး၍ ယခုခေတ် သိဘို့ရန် မလွယ်ကူသော ပေါရာဏ စကား အသုံးအနှုန်းများကို နည်းနိုင်သမျှ နည်းပါးစေလျက် -

(၁) အသိလွယ်ကူခြင်း

(၂) အများသုံးဖြစ်ခြင်း

(၃) အသင့်လျော်ဆုံးဖြစ်ခြင်း

တို့ကို အလေးထား၍ စဉ်းစား လက်ခံခဲ့ကြလေသည်။ ဝေါဟာရ အသုံးအနှုန်းမှာလည်း မယဉ်ကျေးခြင်း(နားမသာ) သုတိမသာခြင်း၊ စကား သိမ်ဖျင်း သေးနုတ်ခြင်း တို့ကို အထူးသတိပြု၍ ရှောင်ရှားခဲ့ကြသည်။ လိုအပ်သော မြန်မာသတ်ပုံ သတ်ညွှန်းဘက် ကလည်း ပြည့်စုံ လုံလောက်ခြင်း ရှိစေရန် စာမျက်နှာ ( ကား ) တွင် ဖော်ပြထားသော ရဟန်းပုဂ္ဂိုလ် -- ၆ - ပါး၊ လူပုဂ္ဂိုလ် ၉ - ဦးတို့ ပါဝင်သည့် သတ်ပုံ သတ်ညွှန်း ကော်မီတီ၏ ကူညီမှုကို လက်ခံ သုံးသပ်တော်မူခဲ့ကြသည်။

## ပုံနှိပ်မှုကောင်း-ဖြစ်စေကြောင်း

ပိဋကတ် ပါဠိတော်များကို ဆဋ္ဌသံဂါယနာ တင်ရန် အဖွဲ့ အသီးသီးတို့က အထပ်ထပ်ပြင်ဆင်သည့် နည်းတူ ဤပိဋကတ်

တော် မြန်မာပြန်စာမူကိုလည်း ထိုထို အဖွဲ့ အသီးသီး တို့က အထပ်ထပ် အလီလီ ပြင်ဆင်ပြီးမှ သာလျှင် စက်တင် ပုံနှိပ်ခြင်း ပြုလုပ်ကြလေသည်။

## ဘုရားရှင်ရည်ရွယ်တော်မူရင်းနှင့်အညီ

ပန်းဝတ်ရည်ကို စားသုံးကြမည့် ပျားပိတုန်းတို့ အလား သဗ္ဗညုတ မြတ်စွာဘုရား ဟောကြားတော်မူအပ်သည့် တရား ဒေသနာတည်းဟူသော ပိဋကတ်တော် အရသာကို မြိန်ရှက်စွာ စားသုံးလိုကြသည့် မာဂဓ ဘာသာ ပါဠိစကား၌ ကျွမ်းကျင် သက်ဝင် နိုင်စွမ်း မရှိကြသော နိုင်ငံတော်သူ - နိုင်ငံတော်သား ဗုဒ္ဓဘာသာဝင် သူတော်စင်အများတို့သည် -

ကံ အားလျော်စွာ အနှစ်တထောင် ကြာမှ တကြိမ် သာ ပွင့်သော အာတာဝတီ နတ်ပန်းကဲ့သို့ရင်း၊ ကမ္ဘာဦး အခါက ကမ္ဘာသူ ကမ္ဘာသားတို့၏ အာသာဆန္ဒ အားလျော်စွာ ကမ္ဘာသူ ကမ္ဘာသားတို့၏ အာသာဆန္ဒကို ပြည့်စေသော အားဖြင့် ဖြစ်ထွန်း ပေါ်ပေါက်လာသော နေလနက္ခတ်တာရာတို့ကဲ့သို့ရင်း-

နိုင်ငံတော်သူ - နိုင်ငံတော်သားတို့၏ ကုသိုလ်ကံနှင့် အာသာ ဆန္ဒ အားလျော်စွာ အကြိမ်ကြိမ် အဖန်ဖန် ကြံစည်ကြိုးကုတ် တီထွင်စီရင် ရေးသား ပြန်ဆိုသဖြင့် အလွန် ခဲယဉ်း ငြိုငြင်စွာ ဖြစ်ထွန်းပေါ်ပေါက် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်လာသော ဤ ပိဋကတ် မြန်မာပြန်တို့ကို - လိုလိုချင်ချင် အာသာထန်မြင်း ကြည့်ရှုမှတ်သားလေ့လာသွားခြင်းဖြင့် ပိဋကတ်တော် အရသာ များကိုလွယ်လွယ်ကူကူမပင်မပန်းချမ်းချမ်းသာသာအားပါးတရ

သုံးဆောင် ခံစား နိုင်ကြ၍ သဗ္ဗညု မြတ်စွာဘုရား ရည်ရွယ်တော်မူရင်း ဖြစ်သော အမတမြည် နိဗ္ဗာန်နန်းသို့ မကြာမတင်တက်လှမ်းနိုင်ကြပါစေသတည်း။ ။

## ပရိယတ္တိသာသနာတော်

'ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ' ဤနေရာ ဤကဏ္ဍတွင်အထက်ပါ " ဆဋ္ဌသံဂါယနာတင် - သီလက္ခန္ဓဝဂ် ပါဠိတော် မြန်မာပြန်နိဒါန်း " ကို ကောက်နုတ် ဖော်ပြရသည်မှာ ဦးစွာဆိုညွှန်းခဲ့ပြီးအတိုင်း လျော်ကန် လိုအပ်လှသောကြောင့် ဖြစ်လေသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်တော်များကို သံဂါယနာတင်သည် ဆိုရာ၌၊ ပရိယတ္တိ သာ သ နာ တော် ၏ ဂု ဏ် ကျေး ဇူး သာသနာတော် အရှည်သဖြင့် ခိုင်ကျည် တည်တံ့ရေး အတွက် အလေးအနက် ကြိုးပမ်း အား ထု တ် ရ ခြ င်း ဖြ စ် ကြော င်း ကောင်းစွာ သိသာ ထင်ရှားခဲ့ပြီး ဖြစ်ပေသည်။

ထိုသံဂါယနာတင်ပြီး ပိဋကတ်တော် များကိုပင် မြန် မာဘာသာသို့ တဆင့် တတန် ပြန်ဆိုရေးသား ပုံနှိပ် ဖြန့်ချိ ရခြင်းဆိုသည်မှာကား ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာတော် ပိုပြီး တိုးတက်ပြန့်ပွားစေရန် သိမြင် နားလည်နိုင်ကြစေရန် ဖြစ်ပေသည်။

အပြန်အလှန်နည်း အားဖြင့်သော် ပိဋကတ်တော်ဟူသည် - ဗုဒ္ဓ မြတ်စွာဘုရား၏ ပရိယတ္တိ သာသနာ ဖြစ်နေသောကြောင့် သံဂါယနာတင်ခြင်း ထွန်းကားသည်ထက် ထွန်းကားခြင်း ဖြစ်စေရန် အလေးအနက် ကြိုးပမ်း အားထုတ်ကြရခြင်းဖြစ်သည်။

ယင်းသို့ ကြိုးပမ်း အားထုတ်ခြင်း ပြုရလေအောင် ထူးမြတ်စွာသော ဂုဏ်ကျေးဇူး ကောင်းကျိုးချမ်းသာတို့၏ တည်ရာဖြစ်သောကြောင့်လည်း ဗုဒ္ဓမြတ်စွာဘုရား၏ ပိဋကတ်တော် ( ပရိယတ္တိ သာသနာ ) ကူသည် ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာအဖြစ် အလေးအနက် ရှိသေလေးစား မှတ်သားကျင့်ကြံဘွယ်ဖြစ်ကြောင်း ကောင်းစွာ ထင်ရှားနေခဲ့ပြီး ဖြစ်ပေသည်။

## ဗုဒ္ဓဝါဒ-ဗုဒ္ဓသာသနာ
## နိဂုံးချုပ်-နှုတ်ခွန်းဆက်

'ဗုဒ္ဓဝါဒ – ဗုဒ္ဓသာသနာ' ကိုရေးသားပြုစုရာ၌ ဤအသိ - ဤ ယုံကြည်မှုဖြင့်ပင်လျှင် သဒ္ဓါတရား ထက်သန်စွာ ရေးပြုတင်ပြခဲ့ခြင်း ဖြစ်လေသည်။ တနည်းအားဖြင့်သော် ဗုဒ္ဓမြတ်စွာဘုရား သခင်၏ သာသနာတော်နှင့်ပတ်သက်၍၊ မိမိစွမ်းနိုင်သမျှ အင်အားရှိသမျှ တာဝန်ထမ်းရွက် ကြိုးပမ်းအားထုတ်ခြင်းလည်း ဖြစ်ပေသည်။

ဗုဒ္ဓဝါဒ – ဗုဒ္ဓသာသနာအဖြစ် သတ်မှတ် ဆိုညွှန်းအပ်သည်များ၌ ကျမ်းတတ် - စာမြင် - ပညာရှင်များ ကိုယ်တိုင်လက်တွေ့ ကျင့်သုံး အားထုတ် နေတော်မူကြကုန်သော သူတော်ကောင်းများနှင့် တစိတ် တဒေသ ကွဲလွဲခြားနားမှုမျိုးကား ရှိကောင်း ရှိပေလိမ့်မည်။

ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာတွင် စင်စစ် ရှေးရှုရည်ရွယ်ရင်းမှာကား - ကျမ်းပေါင်းများစွာကို ရှာဖွေလေ့လာရန် အချိန်မရ

နိုင်သူများ၊ ဗုဒ္ဓဝါဒ-ဗုဒ္ဓသာသနာဆိုသည်ကို မြန်မာစကားပြေ သက်သက် အတို အကျဉ်းနည်းဖြင့် လိုရင်းသဘော အမြန်ဆုံး သိချင်သူများ ဗုဒ္ဓဝါဒ-ဗုဒ္ဓသာသနာတော် ဂုဏ်ကျေးဇူးထူးမြတ် စွာသော အဖြစ်ကို ဗဟုသုတသဘောမျှဖြစ်စေ၊ မသိနားမလည် ဖြစ်နေရသူများအဖို့ လွယ်သင့်တကူ သိနားလည် ကျင့်ကြံ အားထုတ် နိုင်ကြစေရန် ဖြစ်ပေသည်။

## လယ်တီဆရာတော်၏ဆုံးမစာ

ဤစေတနာ သဒ္ဓါတရားနှင့် ပတ်သက်၍ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၏ ဩဝါဒ ဆုံးမစာကိုလည်း စာအုပ် နောက်ပိုင်းတွင် သီးသန့် ထည့်သွင်း ဖော်ပြထားပါသည်။ ထို ဆုံးမစာမှာ တခါတရံမျှ မတွေ့မြင် - မကြားသိရသေးသည့် အသစ်အဆန်းကား မဟုတ်၊ ဗုဒ္ဓဘာသာဝင်များ အနည်းနှင့်အများ သိကြပြီး တွေ့ဘူးကြပြီး 'ဆုံးမဩဝါဒ' ပင် ဖြစ်ပါသည်။

သို့သော် -

"ဆိုပိမ့်မည်သာ....၊ စွေ့စွေ့နာလော့၊ ဂင်္ဂါဝါဠု၊ သဲစုမက ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ကြုံကြိုက်ပါလျက်" ဆိုသည် အရ၊ ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာတော်နှင့် တိုက်ရိုက်ဆက်စပ် သိသွတ်နေသောကြောင့်ရင်း၊တင်စားသုံးနှုန်း ဖော်ပြပုံကလည်း မြန်မာစာ - မြန်မာမှု အနုပညာ အလင်္ကာရသအဖြစ် လေးစား မြတ်နိုးထိုက်လှသောကြောင့်ရင်း၊ မတွေ့ရ - မသိရဘူးသေးသူ

များ ရှိခဲ့လျှင် တွေ့မြင်လေ့လာနိုင်ခွင့် ရစေလိုသောကြောင့်ရင်း ဤစာ အပြီးသတ် နောက်ဆုံးပိုင်းတွင် တသီးတသန့်ထည့်သွင်း ဖော်ပြထားရခြင်း ဖြစ်ပါသည်။

စာဖတ်သူအပေါင်း - သူတော်ကောင်းတို့သည် ဤ စာအုပ် 'ဗုဒ္ဓဝါဒ - ဗုဒ္ဓသာသနာ' တွင် ပါရှိဖော်ပြထားသည်များအရ ရင်း၊ ထိုကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၏ 'သြဝါဒ - ဆုံးမစာ' အရရင်း -

* မျက်မှောက်လောက ဤဘဝတွင်လည်း မဂ္ဂင်ရှစ်ပါး တရား လမ်းစဉ်နှင့် ညီစွာ ဆောက်တည် ကျင့်သုံးနိုင်ကြပါစေကုန် သတည်း။

* ထို ကျင့်သုံးမှု အားလျော်စွာလည်း ဗုဒ္ဓဝါဒ -ဗုဒ္ဓသာသနာ တော်၏ အထွတ်အထိပ် နိဗ္ဗာန်ချမ်းသာကို ကေန်မုချ ရရှိ ဆိုက်ရောက် နိုင်ကြပါစေကုန်သတည်း။ ။

ဗုဒ္ဓ ကျေးဇူး၊ ဂုဏ်အထူးကို
ညွှတ်နူးကောင်ရော်၊ ရှိပူဇော်လျက်

ဦးကောင်းထွန်း၊

၁၃၄၀ ခုနှစ်၊ နယုန်လဆန်း (၆) ရက်
(၂၆ ၆-၁၉၇၈)

# ကျေးဇူးရှင်

## လယ်တီဆရာတော်ဘုရား၏ - ဆုံးမစာ

ဆိုပိမ့်မည်ဘာ၊ စေ့စေ့နာလော့၊ ဂင်္ဂါသဲမျှ၊ ပွင့်ကုန်ကြသား၊ ဘုရားသာသနာ၊ ခေတ်အခါဝယ်၊ လူ့ရွာနတ်၌၊ နင်ကြုံကြိုက်လည်း၊ အမိုက်မဖျွ၊ အလိုက်နေ၍၊ အခြေမကြီး၊ အချည်းနှီးလျှင်၊ ယီးတီးယောင်တောင်၊ ခု-တိုင်အောင်တည့်၊ သန်းခေါင်လကွယ်၊ တောအုပ်လယ်၌၊ ရှစ်နယ်ပတ်ကုန်း၊ အပြည့်ဖုံးသည်၊ မိုးလုံး-တိမ်တိုက်၊ လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက်၊ နင်ကား-ရာထောင်၊ မက မှောင်၏။

လူ့ဘောင်လူ့ရွာ၊ သာသနာ၌၊ ကြမ္ဘာဘော်၍၊ ယခုတွေ့လည်း၊ အလေ့မလွှဲ၊ အများနဲ့ (နည်း) လျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စရွှင်၏။ မျက်မြင်လောက၊ ဤဘဝကား၊ ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏၊ သေမင်းအစာ၊ နင့်ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင့်ပူး၍၊ အရူးပြင်ပြင်၊ နင့်ကိုယ် ထင်၏။

နင်နှင့် မဆိုင်၊ နင်ပိုင် မဟုတ်၊ နင့် ရုပ် နင့် နာမ်၊ နင့်သဏ္ဌာန်ကို၊ နင့် ဉာဏ်မစူး၊ အပေါ်ဖြူး၍၊ မူးမူးမေ့မေ့၊ အများလေ့ဖြင့်၊ နေ့ရက်အပုံ၊ လွန်ခဲ့တုံပြီ။ အာရုံဝတ္ထု၊ မီးစာစုကို၊ မှုမှုရရ၊ နင် အားကျသည်း၊ မြေသေမင်း၊ သူ့တပ်နင်းက၊ မငြင်းဆန်သာ၊ နင့် ခန္ဓာသည် ပြာပုံအပြီး၊ ဖြစ်လုနီးပြီ။ ယီးတီးယားတား၊ သေ၍သွားလည်း၊ တရားမကြွယ်၊ အသုပ်ငယ်လျက်၊ အပါယ်စခန်း၊ သွားမြဲလမ်း၌၊ တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊ တငြင်ငြိုငြို၊ ဆင်းရဲ ပိုလျက်၊ ထိုထိုဘဝ၊ အနန္တလျှင်၊ အစ မဆုံး၊ အများထုံးတည့်၊ အနှုန်းမပျက်၊ အောက်နရက်ဝယ်၊ တသက်နွယ်နွယ်၊ အမြစ်တွယ်သို့၊ အပါယ်ထိုထို၊ ဥဒဟိုသည်၊ နင်လိုလူမိုက် သွားလမ်းတည်း....။

# ဝေါဟာရ - အညွှန်း


ရှင်သာရိပုတ္တရာ
( ဥပတိဿပရိဗိုဇ် ) ၁၀
ရှင်အဿဇိ ၁၀
ဆင်တဲဆရာတော် ၁၄
လယ်တီပဏ္ဍိတ - ဦးမောင်ကြီး ၁၇
အညတရဥက္ကဋ္ဌကိုတာဘိက္ခု
( အနုပုဗ္ဗသဘွေးသား ) ၃၉
အင်္ဂတိဘုရင် ၇၀
ဗိဇကလုသင် ၇၂
နာရဒဗြဟ္မာကြီး ၇၅
မောင်လှိုင် ( ရွှေနေ ) ၈၂
ဦးဖေ ( သီရိစတုရင်္ဂဗလ ) ၈၃
ကျည့်ကန်ကိုရင်ကြီး၊ ကျီးသဲ
လေးထပ်ဆရာတော် ၈၉
ကားလ်ဂျင်စကီ ၁၄၀
မြိထရိုဗန်ဇမာရိဗ် ၁၄၁
ကျော်သန်း - ချည်ထည် ၁၄၂
အဲလဗတ် - အိုင်စတိုင် ၁၅၁
ရွှေဥဒေါင်း ၁၅၁
လေးတစ်ဗစ်တီး ၁၅၂
မင်းဘူး - ဦးဩဘာသ ၂၃၀
မဟာဇနက ၂၃၁
လောသကတ်ဿမထေရ် ၂၄၂
ဆရာကြီး - ရွှေဥဒေါင်း ၂၅၅
ဒစ်ကင်း၊ စကော့၊ သက္ကရေး၊
တောလ်စတွိုင် ၂၆၁
ဦးဖိုးစိန် ၂၇၀
တေမိယမင်း ၂၇၃
သုနန္ဒ ရထားမှူး ၂၇၃
ဆရာကြီး - မိမိုးနှင်း ၃၁၀
သန္တတိအမတ်ကြီး၊ ပဋာစာရီ ၃၃၁
သုဒ္ဓေါဒနမင်းကြီး ၃၈၃
အရှင်ဇနကာဘိဝံသ ၄၂၄
အဇာတသတ်၊ သုဘဒ္ဒရဟန်း၊
ရှင်မဟာကဿပ ၄၂၆
အရှင်ဥပါလိ ၄၂၇
အရှင်အာနန္ဒာ၊
အရှင်အနုရုဒ္ဓါ ၄၂၈
ရှင်ယသ ၄၂၈

# ဝေါဟာရ - အညွှန်း


အိပ်[ချ]ဂျီဲ[လ်] ၁၅၉
စမ္မေယျ - နဂါးမင်း ၂၀၁
ဥပရိုမ်ဖုရား ၂၀၁
အသဃကဘုရင် ၂၀၁
သင်္ကြာဘုမ်ိတိုင်း၊
ယောနကတိုင်း ၄၃၂
ကုသိမမဏ္ဍလ၊ ဟံသာဝတီ
မဏ္ဍလ၊ မုတ္တမ မဏ္ဍလ၊
ပုသိမ်၊ မြောင်းမြ၊ ကျုံ
ပျော် [ခဲပေါင်] တိုက်ုံ၊
ဒလ၊ ဥက္ကလာပ၊ သထုံ၊
မုတ္တမ ၄၃၂
သုနာပရန္တတိုင်း၊ ဝါကိုဇ္ဇ
ဂါမရွာ၊ စူဠပုဏ္ဏ၊ မဟာ
ပုဏ္ဏ ၄၃၂
သစ္စဗန်၊ ကုသိဒ္ဒိန္နု၊ တဖုဿ၊
ဘလ္လိက ၄၃၃
သုနာပရန္တတမ္ပဒီပမရမ္မမဏ္ဍလ ၄၃၆
အဂ္ဂိကွန္ဓေနာပမသုတ် ၄၃၈
ရှင်သောဏ၊ရှင်ဥတ္တရ၊ အရှင်
အနောမဒဿီ ၄၃၉
ပုဏ္ဏဂါမ - ပုဂံပြည် ၄၄၀
နောင်ရထာမင်းစော၊
ရှင်အရဟံ ၄၄၁
ကာလာသောကမင်း ၄၂၈
နိဂြောဓသာမဏေ၊ သိရိဓမ္မာ
သောက၊ရှင်မောဂ္ဂလိပုတ္တ
တိဿ ၄၂၉
အပရန္တတိုင်း၊သုနာပရန္တတိုင်း ၄၃၁
ရတနာစေတီ၊ ဆင်များရှင်၊
သီဟိုဠ်ရောက်ကြီး၊သီဟိုဠ်
ရောက်ငယ် ၄၅၀
နရပတိဘုရင်၊ ရှင်သဒ္ဓမ္မဇ္ဈိတိ ၄၅၁
ရှင်အရိယဝံသ၊ရှင်မဟာသာမိ ၄၅၂
မဟာသိရိဇေယျသူရမင်း၊
အရှင်မဟာပဏ္ဍိတ ၄၅၄
မင်းတုန်းမင်း၊ ဘုရားကြီး
ဆရာတော် ၄၅၇
ဝန်ကြီးချုပ် - ဦးနု ၄၅၆
ညောင်ရမ်းဆရာတော်ဘုရား ၄၆